www.burmeseclassic.com

ဦးနေဝင်း တက္ကသိုလ်စတက်တဲ့အချိန်ကစပြီး ရာထူးမှ နုတ်ထွက်တဲ့အချိန်ထိ
မြန်မာ့နိုင်ငံရေးမှာ သူဘယ်လောက်ထိ ဇာတ်လမ်းရှုပ်ခဲ့သလဲဆိုတာကို
အတွင်းကျကျဖော်ပြထားသည့်စာအုပ်



ပြည်သူပိုင်သိမ်းယူခြင်းခံခဲ့ရသည့် ကြေးမုံသတင်းစာကို စတင်တည်ထောင်ခဲ့သူ
ကြေးမုံဦးသောင်း
(အောင်ဗလ)

# ဗိုလ်နေဝင်း
## ဇာတ်လမ်းရှုပ်သမျှ

www.burmeseclassic.com

www.burmeseclassic.com

AUG 2014

# ဗိုလ်နေဝင်း ဇာတ်လမ်းရှုပ်သမျှ

ကြေးမုံ ဦးသောင်း
(အောင်ဗလ)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ▪ ပထမအကြိမ်
Morris Publishing
3212 East Highway 30,
Kearney, NE 68847
▪ ဒုတိယအကြိမ်၊ ၂၀၁၄ ခု၊ မေလ
အဖြူရောင်စာပေ
မျက်နှာဖုံး ▪ ဒေါ်တင်တင်ဝင်း
ထုတ်ဝေသူ ▪ ဦးစိုးသူရ (အဖြူရောင်စာပေ)
အတွင်းပုံနှိပ် ▪ ကာလာကင်း
ကွန်ပျူတာ ▪ ကြယ်စင်သစ်
အုပ်ရေ ▪ ၁၀၀၀
တန်ဖိုး ▪ ၃၀၀၀ ကျပ်

**ဖြန့်ချိရေး**

မနွေးနွေး (အဖြူရောင်စာပေ)
အမှတ် (၁၁၂)၊ ၅ လွှာ၊ သမိုင်း (၄)လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၂၁၀ ၂၇၀၈၁

ဦးသောင်း၊ ကြေးမုံ ၉၂၃.၂
ဗိုလ်နေဝင်း၊ ဇာတ်လမ်းရှုပ်သမျှ၊ ကြေးမုံ ဦးသောင်း၊ ရန်ကုန်- ၂၀၁၄။
စာမျက်နှာ ၃၀၃၊ ၁၂.၅ စင်တီ × ၁၈ စင်တီ
(၁) ဗိုလ်နေဝင်း ဇာတ်လမ်းရှုပ်သမျှ


## မာတိကာ


၁။ ကြေးမုံဦးသောင်း (အောင်ဗလ) ၃
၂။ နိဒါန်း ၅
၃။ သခင် မဟုတ် အင်္ဂလိပ်စုံထောက်သူလျှို ၁၉
၄။ ဂျပန်သို့ လျှို့ဝှက်ခရီး ပုလိပ်မင်းကြီး၏ ကားနှင့်သွားခဲ့၏ ၂၇
၅။ စစ်ပညာသင်စဉ်က စတင်၍ နေရာအရယူပုံ ၃၇
၆။ စိတ်မချရသဖြင့် ဂျပန်တော်လှန်ရေး၌ ဝိုင်းပယ်ခံရ၏ ၄၇
၇။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမှုကြီး၌ တံခါးဖွင့်ပေးခြင်း ၆၀
၈။ ကာကွယ်ရေးဝန်ကြီးရာထူးကို တောင်းဆိုရာ ၇၇
၉။ ဗိုလ်နေဝင်းက ကုန်းချော၍ ဖဆပလကို ခွဲစိတ်ခြင်း ၉၀
၁၀။ မြန်မာ့နည်း မြန်မာ့ဟန်နှင့် စစ်အာဏာသိမ်းပွဲ ၁၀၄
၁၁။ အိမ်စောင့်စစ်အစိုးရ၏ ဖက်ဆစ်ခေတ် ၁၁၉
၁၂။ ရွေးကောက်ပွဲ ကျင်းပပေးရန် ဆုံးဖြတ်ရခြင်း ၁၂၉
၁၃။ မဲပေးသူကို သေနတ်နှင့်ချိန်ရွယ်သော ရွေးကောက်ပွဲ ၁၄၃
၁၄။ ကောက်ကျစ်သော ဝံပုလွေက ချောင်း၍ စောင့်နေခြင်း ၁၅၂
၁၅။ ဝံပုလွေကြီး အားတက်လာလေပြီ ၁၆၁
၁၆။ ခေါင်းဆောင်များ၏ နောက်ဆုံးညစာစားပွဲ ၁၇၅
၁၇။ ဗိုလ်နေဝင်းက အပြီးအပိုင်အာဏာ သိမ်းပိုက်လိုက်ပြီ ၁၈၅
၁၈။ ဆိုရှယ်လစ်လမ်းစဉ်ကို ဖုတ်ပူမီးတိုက်ရှာတော်ပုံ ၁၉၅
၁၉။ တကာသဖျက်မှု၌ ဗိုလ်နေဝင်း သူရဲဘောကြောင်ပုံ ၂၀၈
၂၀။ ပြည်သူပိုင်ပြုရင်း ဗိုလ်နေဝင်းက ငါပိုင်ပြုပုံ ၂၂၁
၂၁။ တပါတီအာဏာရှင်စနစ်နှင့် မဟာမိတ်ရှာတော်ပုံ ၂၃၃
၂၂။ ဗိုလ်နေဝင်း၏ နိုင်ငံရေး ကလိန်ခြံဇာတ်ပွဲကြီး ၂၄၃
၂၃။ ဗိုလ်နေဝင်း၏ ဖြတ်ထုတ်သတ်လမ်းစဉ် ၂၅၉
၂၄။ ဗိုလ်နေဝင်း၏ အကြီးဆုံးသော ရာဇဝတ်မှု ၂၇၀
၂၅။ ဦးနေဝင်း၏ နောက်ဆုံးနေ့မှ ဆက်ရန်ရှိသေးသည် ၂၈၅
၂၆။ နိဂုံး ၂၉၃


www.burmeseclassic.com

www.burmeseclassic.com

သို့
သားစိုးထင် နှင့် နောင်လာနောက်သားများအတွက်

ကျေးဇူးတင်ပါသည်။

မှိုင်ြမ်းပြုံစာအုပ်များ ငှားရမ်းသော-
Founders Memorial Library, NIU, Dekalb, IL 60115
တည်းဖြတ်ကူညီသော ဒေါ်တင်တင်ဝင်း





## ကြေးမုံဦးသောင်း (အောင်ဟလ)

အမည်ရင်းမှာ ဦးသောင်း ဖြစ်သည်။ အဖ ဦးသာဖန်၊ အမိ ဒေါ်အုပ် ဖြစ်၏။ ၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်တွင် ညောင်ဦးမြို့၌ မွေးဖွားသည်။ သားချင်း (၃)ယောက်တွင် အငယ်ဆုံး ဖြစ်၏။

၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ် ဥပစာတန်း စာမေးပွဲဝင်ရန် စာရင်းပေးပြီးမှ စာမေးပွဲ မဖြေဖြစ်ခဲ့ချေ။

ဒေါ်မြမြစိန် (အညှာပန်း)နှင့် ၁၉၅၃ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီး (၃)ယောက် ရရှိခဲ့သည်။ သူ ထောင်မှ လွတ်သော ၁၉၆၇ တွင် ကွာရှင်းခဲ့သည်။

၁၉၇၁ ခုနှစ်တွင် ဒေါ်တင်တင်ဝင်းနှင့် လက်ထပ်ခဲ့ပြီး သား (၂)ယောက် ထွန်းကားခဲ့သည်။

၁၉၄၇ ခုနှစ်တွင် နေ့စားသတင်းထောက်မှ အယ်ဒီတာချုပ်အဆင့်အထိ ဗမာ့ခေတ်သတင်းစာတိုက်တွင် အ လုပ်လုပ်ခဲ့သည်။ ၁၉၅၆ တွင် ဗမာ့ခေတ်မှထွက်၍ ၁၉၅၇ တွင် ကြေးမုံသတင်းစာကို တည်ထောင်ထုတ်ဝေသည်။

၁၉၆၄ ခုနှစ်တွင် နိုင်ငံရေး အကျဉ်းသားအဖြစ် အဖမ်းခံရကာ အင်းစိန်ထောင်တွင် (၃)နှစ်ခံခဲ့ရသည်။ ကြေးမုံသတင်းစာလည်း ပြည်သူပိုင် အသိမ်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှ လွတ်လျှင် သတင်းနှင့် စာနယ်ဇင်း ကော်ပီရေးရှင်း၌ အလုပ်ခန့်ထားခြင်း ခံရသည်။ အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ဒုညွှန်ကြားရေးမှူးအဖြစ် ၁၉၇၇ ထိ လုပ်ကိုင်ခဲ့ပြီး ထိုနှစ် ဇူလိုင်လတွင် အမေရိကန်သို့ မိသားစုနှင့်အတူ ထွက်ခွာခဲ့သည်။

အမေရိကန်တွင် ၁၉၇၇ မှ ၂၀၀၈ ထိ နေထိုင်ခဲ့သည်။ မဂ္ဂရိုယန် သတင်းစာ၊ ကွန်တီနင်တယ်ဂရမ်ဖစ်၊ အင်တာကွန်တီနင်တယ် ပုံနှိပ်တိုက်တို့၌ အလုပ်လုပ်ရင်း တစ်ဖက်၌ အင်္ဂလိပ်–မြန်မာစာတန်း ဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာသံတော်ဆင့် အသံထွက်သတင်းစာကိုလည်း ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အစစ်ရရေး၊ သတင်းစာ စာနယ်ဇင်း လွတ်လပ်ခွင့်ရှိရေး၊ လူ့အခြေခံ အခွင့်အရေးများ ပြည့်စုံရေးတို့အတွက် တက္ကသိုလ်များ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများသို့ တက်ရောက်၍ အင်္ဂလိပ်စာတမ်း၊ မြန်မာစာတမ်းများ တင်သွင်းဖတ်ကြားခဲ့သည်။ အာရှအက်ဖ်အေတွင် အကြံပေးအရာရှိ ဆောင်းပါးရှင်အဖြစ်လည်းကောင်း၊ ဘီဘီစီ၊ ဗီအိုအေ အစရှိသော မြန်မာပိုင်း ရေဒီယိုအစီအစဉ်များ၌လည်းကောင်း ဝေဖန်အကြံပြု ဆွေးနွေးခြင်း၊ ဖတ်ကြားခြင်းများ ပြုခဲ့သည်။

မြန်မာနိုင်ငံ၏ပြင်ပ နိုင်ငံတကာတွင် ဖွဲ့စည်းတည်ထောင် လှုပ်ရှားကြသော မီဒီယာ၊ သတင်းဂျာနယ်၊ စာစောင် မဂ္ဂဇင်းပေါင်းစုံတွင် မြန်မာနိုင်ငံအတွက် လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်၊ သတင်းစာ လွတ်လပ်ခွင့်၊ လူ့အခြေခံ အခွင့်များ ရရှိရေးတို့အတွက် ရေးသား လှုံ့ဆော်သော ဆောင်းပါး ရာပေါင်းများစွာ ရေးသားပုံနှိပ်ခြင်းဖြင့် သတင်းစာတာဝန် ကျေခဲ့သည်။

သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် "အိုင်ပီအိုင်"က ချီးမြှင့်သော "ကမ္ဘာ့ သတင်းစာ လွတ်လပ်ရေးသူရဲကောင်းဆု"ကို ရရှိခဲ့သည်။ စာအုပ် (၃၁)အုပ်ကို ပြည်တွင်းပြည်ပတို့၌ ပုံနှိပ်ထုတ်ဝေခဲ့၏။

အမေရိကန်နိုင်ငံ၊ ဖလောရီဒါပြည်နယ်၊ ဖို့လော်ဒါဒေးလ်မြို့၊ ဖလော်ရီဒါမက်ဒီကယ်စင်တာဆေးရုံ၌ ၂၀၀၈ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် အဆုပ်အအေးမိရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဇနီး ဒေါ်တင်တင်ဝင်း၊ သားသမီး ငါးယောက်၊ မြေးလေးယောက် ကျန်ရစ်ခဲ့ပါသည်။

■



## နိဒါန်း

"လူမင်းတပါး၊ ချွတ်ယွင်းမှားက၊ တရားလက်လွှတ်၊
မေ့တတ်ကုန်မူ၊ တိုင်းသူပြည်သား၊ အများရှိသမျှ၊
လောကတိမ်းစောင်း၊ အကြောင်းဆင့်ဆင့်…"

ပုဂံဝန်ထောက်မင်း ဦးတင်သည် ရာဇောဝါဒလင်္ကာကို ဖော်ညွှန်း၍ မင်းဆိုးလျှင် ပြည်သူတို့အဆင့်ဆင့် နာကြရပုံကိုရေးကာ မြန်မာ့သမိုင်းတွင် တရုတ်ပြေးမင်း၊ ဟံသာဝတီပါ မင်းနှင့် မဒရပ်ပါ သီပေါမင်းတို့သည် အညံ့ဆုံးသော မင်းဆိုးမင်းညစ်များ ဖြစ်ကြသည်ဟု မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းကြီး၌ မှတ်တမ်းတင်ကာ ရေးသားပြုစုခဲ့ပေသည်။

ပညာကျော်ကြီးဦးတင်သည် မြန်မာနိုင်ငံ၏ ခေတ်တခေတ်စောကာ မွေးဖွားလေသဖြင့် ထိုမင်းသုံးပါးထက် ဆိုးရွားသော ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်များ၏ စစ်တပ်မင်းဆက်တို့ကို မမြင်မတွေ့မကြုံရသောကြောင့်သာ သူမီလိုက်သော ခေတ်ကမင်းဆိုးသုံးပါးကို သမိုင်းတင်ခဲ့နိုင်သည်။ နန်းပေါ်က ဆင်းမပေးသော ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်များ၏ မင်းဆက်နှင့် နှိုင်းယှဉ်ပါလျှင် ထိုမင်းသုံးပါးတို့သည် မင်းကောင်းမင်းမွန်များ ဖြစ်ပေသည်ဟု မှတ်တမ်းတင်မိပေမည်။

www.burmeseclassic.com



ဗိုလ်နေဝင်းမင်းဆက်သည် မြန်မာနိုင်ငံ၏ သမိုင်းတွင်သာမက၊ ကမ္ဘာ့သမိုင်းတွင်ပင် နိုင်ငံသားတို့အား ညှဉ်းဆဲနှိပ်စက်မှုစံချိန်တွင် အဆိုးရွားဆုံး၊ ရက်စက်ယုတ်မာမှု အကြီးဆုံးဖြစ်သည်။ ဉာဏ်ပညာ အကင်းမဲ့ဆုံး၊ ကောက်ကျစ်စဉ်းလည်းမှု အကြီးဆုံး၊ ခိုးဝှက်မှု၊ လာဘ်စားမှု၊ လုယက်မှု အကြီးဆုံးသော မင်းဆိုးမင်းညစ်မင်းယုတ်များလည်း ဖြစ်ပေသည်ဟု ကမ္ဘာကမှတ်တမ်းတင်ရသည့် မင်းဆက်ဖြစ်သည်။

ဗုဒ္ဓဝင်မဟာဝင်တို့တွင်လည်း ရှေးအသချေသော ကမ္ဘာ ကမ္ဘာများ၌ပင်လျှင် ဤသို့သော မင်းဆိုးမင်းညစ်မျိုး ပေါ်ထွန်းခဲ့သည်ဟု မတွေ့ရပေ။ တိုင်းပြည်၏ သယံဇာတများကို လုယက်ခိုးဝှက်ပြီး ပြည်သူလူထုအပေါ်ဖိုးစိမ့် စေတနာကရုဏာမရှိပဲ ရက်စက်စွာ ညှဉ်းဆဲရာတွင် ဗိုလ်နေဝင်းစစ်တပ်မင်းဆက်ကဲ့သို့သော မင်းမျိုး ရှေးကမပေါ်ခဲ့ဘူးပေ။ နောင်ခေတ်များတွင်လည်း ဤရွေ့ဤမျှ ဆိုးယုတ်သည့် မင်းများပေါ်နိုင်မည် မဟုတ်အောင် ဆိုးယုတ်သူများ ဖြစ်ကြပေသည်။

"ငါတို့ ငါတို့ကံခေ၊ ဖြစ်ရပြန်သလေ"ဟူသော တို့ဗမာတေးမှ နယ်ချဲ့တို့၏ကျွန်ဘဝကို ညွှန်းခဲ့သောစာပိုဒ်ကို ညီးဆိုရင်း ဗိုလ်နေဝင်းမင်းဆက်ခေတ်တွင် လူဖြစ်လာရသော မြန်မာတို့သည် ကံဆိုးလှချေသည်ဟု ကံကိုသာ ရိုးမယ်ဖွဲ့နေကြရမည့် ဘဝသို့ရောက်ရှိနေကြရှာသည်။ ၁၉၆၂ ခုနှစ်က မြန်မာနိုင်ငံတွင် လူဦးရေ ၁၉ သန်းခန့်သာ ရှိသည်။ ယခု လူဦးရေ ၅၂ သန်းကျော် ရှိနေလေပြီ။ ထိုလူသားအားလုံးတို့သည် နည်းအမျိုးမျိုးနှင့် ညှဉ်းဆဲနှိပ်စက်ထားသဖြင့် စစ်ဗိုလ်များပေးသမျှ စားကာ ခိုင်းရာ လုပ်နေကြရသည့် သိုးကလေးများ ဖြစ်နေကြရရှာသည်။

သက္ကရာဇ် ၁၉၁၁ ခုနှစ် မေလ ၁၁ ရက်နေ့က ပြည်ခရိုင်၊ ပေါက်ခေါင်း၊ပေါင်းတလည်မြို့နေ ဖခင်ဦးဖိုးခနှင့် မိခင်ဒေါ်မိလေးတို့တွင် သားတယောက် ပေါက်ဖွားခဲ့သည်။ မောင်ရှုမောင်ဟု အမည်ပေးကြသည်။

အင်္ဂလိပ် ကဗျာဆရာကြီး တီအက်စ်အီးလျော့က ဧပြီလသည် ရက်စက်ကြမ်းကြုတ်ဆုံးသော လဖြစ်၏ဟု စာဖွဲ့ဖူး၏။ အီရတ်မှ လူသတ်



အာဏာရှင်ဆဒန်ဟူစိန်သည် ဧပြီလ သားဖြစ်သဖြင့် ရက်စက်သည်ဟု ဆိုကြသည်။ မောင်ရှုမောင်သည် မေလတွင် မွေးဖွား၏။ သူ၏ ယုတ်မာရက်စက်မှုတို့မှာ မွေးလမွေးရက်၏ အကျိုးတရားဖြစ်ဟန်မတူ။

ထိုအချိန် ထိုကာလက၊ ပေါက်ခေါင်းပေါင်းတလည်ဒေသသည် မြန်မာနိုင်ငံအရပ်ရပ်မှ လူဆိုးသူဆိုးများ စုဝေးရာမြို့ ဖြစ်ခဲ့သည်။ အမြို့မြို့အရွာရွာတွင်ရှိသော လူဆိုးသူဆိုးများကို အင်္ဂလိပ်အစိုးရက နယ်နှင်ဒဏ်ပေးသောအခါတို့တွင် ပေါက်ခေါင်းသို့ ပို့လေ့ရှိသည်။ ပေါက်ခေါင်းသို့ ရောက်သွားသူများ၊ ပေါက်ခေါင်းမှ ပြန်လာသူများတို့သည် ပိုမိုဆိုးသွမ်းသော လူဆိုးများဖြစ်လာတတ်ကြသည်။

မောင်ရှုမောင်၏ ချက်မြှုပ်ဇာတိမြေသည်၊ မြေခံရေခံ မကောင်း ရေဆိုးမြေဆိုး ဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာတပြည်လုံး ကြိမ်မီးအုံးသို့ ပူပန်ကြောင့်ကျ ဆင်းရဲကြစေသည့် မင်းအဖြစ်သို့ ရောက်ခဲ့ရသည်ဟု ယူဆနိုင်သည်။

ထိုမြေထိုရေမှ ပေါက်ဖွားသူ အထောင်အသောင်းတွင် မောင်ရှုမောင် တဦးတည်းသာ အစွယ်ပြူးသည့် ဘီလူးစရိုက်ကို ကျင့်သုံးသူဖြစ်သဖြင့် ရေမြေကို ရိုးမယ်ဖွဲ့ရန်လည်း မသင့်ပြန်ပေ။ သူ၏ စရိုက်၊ သူ၏ဝသီ၊ သူ၏မနော၊ သူ၏ပြုမူချက်တို့သည် သူ၏မွေးရာပါဗီဇသာ ဖြစ်မည်ဟု ယူဆမှသာ သင့်တော်မည်။ မောင်ရှုမောင်၏ အစ်ကိုနှင့် ညီအရင်းတို့သည် ဗိုလ်နေဝင်းအာဏာရချိန် တလျှောက်လုံးကောင်းရောင်းကောင်းဝယ်နှင့် အသက်မွေးမှု မပြုပဲ ဖဲဒိုင်ခံ၍ ငွေရှာကြသည်။ ညီဖြစ်သူအား ကူးသန်းရောင်းဝယ်မှု သံတမန်ရာထူးကို ပေးအပ်ကာ အင်္ဂလန်ပြည်၊ လန်ဒန်မြို့ မြန်မာသံရုံး၌ အမှုထမ်းစေသောအခါ နာရီမှောင်ခိုလုပ်ငန်း လုပ်ကိုင်သည့် ရာဇဝတ်မှုကို ဖမ်းမိသဖြင့် အင်္ဂလိပ်အစိုးရက တိုင်းပြည်မှ နှင်ထုတ်ခဲ့သည်။ ဤအမှုများကို ထောက်ရှု၍ မိသားစုတစ်ခုလုံး ဗီဇဖောက်ပြန်သောသူများဟု ယူဆနိုင်ပေသည်။

မောင်ရှုမောင်သည် အသိဉာဏ်ကြီးမားသည်၊ မှတ်သားဉာဏ်က

www.burmeseclassic.com



ထူးကဲသည်၊ ကောက်ကျစ်မှုက လွန်ဖြိုးသည်၊ အဆိုးရွားဆုံးသော သူ၏ စရိုက်မှာ အလိုလောဘ မတရားများပြားသဖြင့် လောဘ၏မဟာမိတ်ဖြစ်သည့် ဒေါသနှင့်မောဟတို့အထိ ဖုံးလွှမ်းနေလေသည်။

၁၉၅၈ ခု စက်တင်ဘာလမှ စတင်ပြီး ယနေ့ယခု ဤစာအုပ်ကို စတင်ရေးသားသည့် သက္ကရာဇ် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ စစ်အာဏာရှင်မင်းဆက်ကို တည်ဆောက်နိုင်သည့် အကြောင်းတရားမှာ သူ့၏ထက်မြက်သော ဉာဏ်စွမ်းနှင့်၊ သူနှင့်တကွ သူကမွေးထုတ်သော စစ်ဗိုလ်များတို့ကိုပါ ဖုံးလွှမ်းနေလေ အတိုင်းမသိ ကြီးမားသည့် လောဘ၊ ဒေါသ၊ မောဟ အထုအထည် အစိုင်အခဲတို့၏ အကျိုးတရား ဖြစ်ပေသည်။

စာရေးသူသည် လွန်ခဲ့သော ၁၉၈၈ ခုနှစ်၊ တန်ခူးလမှစတင်ကာ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကို လေ့လာကာ သုတေသနပြုခဲ့သည်။ အမေရိကန်ပိဋကတ်တိုက်များတွင် စာအုပ်စာတမ်း စုံလင်လှသဖြင့် သမိုင်းကို အပြန်ပြန်အလှန်လှန် ကျေညက်စွာ သုံးသပ်ခွင့်ရခဲ့သည်။

မြန်မာ့သမိုင်းနှင့် ပတ်သက်သော စာရွက်စာတမ်း၊ စာအုပ်စာရင်း ဇယားမှန်သမျှတို့ကို ဆွဲလှန်လေ့လာလေတိုင်း ပေါက်ခေါင်းသားဗိုလ်နေဝင်းသည် သူ၏အကျိုးစီးပွားလောဘမီးအတွက် ပြည်ထောင်စုကြီးတခုလုံးကို မီးတင်ရှို့ခဲ့သည်တို့ကို ဖော်ထုတ်ကြသဖြင့် နိုင်ငံသားတို့ကို တောက်လောင်ပူပန်စေသော သူ၏ရန်မီးတောက်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

"မြန်မာနိုင်ငံသည်၊ ပါလီမန်ဒီမိုကရေစီစနစ်ကို လက်ခံသည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။ ထိုအခြေခံဥပဒေသည် နိုင်ငံသားတိုင်းအား ညီမျှသော အခွင့်အရေးများကို ခံစားရရှိစေသည်။ နိုင်ငံသားတိုင်း၏ မူလအခွင့်အရေးများကို မထိပါးစေရန် စောင့်ရှောက်ထိန်းသိမ်းပေးသည်။ တရားရုံးများကိုလည်း ရဲရဲရင့်ရင့် လွတ်လပ်စွာ တရားစီရင်ခွင့်ကို ပေးထားသည်။ အချုပ်အားဖြင့်ဆိုရလျှင် ပြည်ထောင်စုအခြေခံဥပဒေသည် တော်လှန်ရေးမှ ပေါက်ဖွားလာ



ခဲ့သော်လည်း တော်လှန်ရေး၏ အပြစ်ဒေါသများမှ ကင်းရှင်း၍ တည်ငြိမ်ခန့်ညားပေသည်"ဟု ဥပဒေပါရဂူ ဒေါက်တာမောင်မောင်က ချီးမွမ်းခန်းဖွင့်သော ဥပဒေကြီးကို အတည်ပြု၍ နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူအားလုံးတို့ ညီညွတ်စွာ နိုင်ငံသစ်တည်ထောင်ခဲ့ကြစဉ်တွင် နိုင်ငံတော်ဥပဒေနှင့်တကွ မြန်မာ့လူ့အဖွဲ့အစည်းတခုလုံးကို ဗိုလ်နေဝင်းက ချေမှုန်းဖျက်ဆီးခဲ့လေသည်။

အခြေခံဥပဒေကို အကြောင်းပြကာ အခြေခံဥပဒေကြီးကို အသက်ပေး၍ ကာကွယ်မည်ဟု စစ်တပ်နှင့်ခြိမ်းခြောက်၍ အာဏာသိမ်းခဲ့သည်။ ဥပဒေကြီး၏ အာနိသင်အရ၊ ထိုအာဏာသိမ်းပွဲမှ ပြန်ဆင်းပေးရသောအခါ မကြာလင့်သော ကာလတာအတွင်း၌ အခြေခံဥပဒေကို ဖျက်သိမ်းရန်အတွက် အာဏာသိမ်းပြန်သည်။

ဗိုလ်နေဝင်းသည် ဤသို့နိုင်ငံကို ခလောက်ဆန်အောင် လှုပ်ရှားကာ အာဏာကိုရယူနိုင်ခဲ့သော်လည်း နိုင်ငံ၏လွတ်လပ်ရေး တိုက်ပွဲများတွင် ပါဝင်သူအဖြစ် နိုင်ငံရေးအစဉ်အလာရှိသူမဟုတ်။ ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် တို့ဗမာသခင် အစည်းအရုံးခေတ်တွင် နိုင်ငံရေးလောကတွင်းသို့ ဝင်လာဟန် ယူဆရေးသားကြစေကာမူ အင်္ဂလိပ်နယ်ချဲ့တို့ကို တိုက်ခိုက်သော မည်သည့်နိုင်ငံရေးတိုက်ပွဲတွင်မှ ပါဝင်ခဲ့သူမဟုတ်သည်မှာ အမှန်ပဲဖြစ်သည်။

သခင်အမည်ကို စစ်ပြီးခေတ်တွင် သူက အသုံးပြုသော်လည်း တို့ဗမာအစည်းအရုံး သခင်အဖွဲ့နှစ်ခုတို့အနက် မည်သည့်အဖွဲ့တွင်မှ အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်၍ စာရင်းသွင်းဝင်ရောက်ခြင်းမရှိခဲ့သည်ကို မှတ်တမ်းများက ထုတ်ဖော်ကြပေသည်။

ထိုထက်ဆိုးသည်မှာ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေး တိုက်ပွဲတို့တွင် ပါဝင်ခြင်းမရှိသည်သာမက အင်္ဂလိပ်အစိုးရ၏ သူလျှိုအဖြစ် အင်္ဂလိပ်အစိုးရ၏ အကျိုးအတွက် လျှို့ဝှက်စုံထောက်တာဝန်ကို ထမ်းဆောင်ခြင်း၊ ဂျပန်ကင်ပေတိုင် စုံထောက်အဖွဲ့၏ သူလျှိုဖြစ်ခဲ့ခြင်းတို့ကြောင့် နယ်ချဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖက်သား ဖြစ်နေသည်ကိုလည်း သက်သေခံအချက်အလက်များ တွေ့ရှိရပြန်သည်။

အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်းအား ဂဠုန်ဦးစောက လုပ်ကြံစဉ်ကလည်း သူ၏ရာထူးအာဏာ ထက်မြက်ရေးအတွက်၊ တနည်းတလမ်း ပူးပေါင်းကူညီသည်ဟူသော သက်သေသာဓကများကိုလည်း မြင်တွေ့ခဲ့ရပြန်ပေသည်။

ညီညာနေသော တိုင်းပြည်တွင် တပ်မတော်နှင့် နိုင်ငံရေး ခေါင်းဆောင်များတို့ တစိတ်တဝမ်းတည်း ညီညွတ်နေခိုက်တွင် ဗိုလ်နေဝင်းက မိမိဝန်ကြီးတဦးအဖြစ် ရာထူးကိုရယူလိုသဖြင့် ပါလီမန်အစိုးရ ဝန်ကြီးချုပ်ထံ ရာထူးတောင်းရာမှ တပ်တွင်းသဘောကွဲလွဲမှု ဖြစ်ရသည်။ သူ၏ လှုပ်ရှားမှုကြောင့် တပ်မတော်တွင်းရှိ လက်ဝဲဝါဒီများ တောခိုခဲ့ကြရာမှ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရသည်။ ပြည်တွင်းစစ်မီးတောက်ကို စတင်မီးမွှေးသူမှာ ဗိုလ်နေဝင်းဖြစ်သည်။ ဆက်လက်၍ ဓာတ်ဆီလောင်းသူမှာလည်း သူပင်။

ပြည်တွင်းစစ်ဖြစ်ပွားသော အခါတွင်လည်း "ကျုပ်ရဲ့တပ်ကခင်ပျားတို့ နိုင်ငံရေးသမားဝန်ကြီးတွေကို ကာကွယ်ပေးဖို့ ဖွဲ့ထားတာမဟုတ်ဘူး"ဟု ဦးကျော်ငြိမ်းနှင့် ဝန်ကြီးများကို အကြိမ်ကြိမ် ကြိမ်းမောင်းကာ မိမိအား ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ခန့်ထားခြင်း မပြုလျှင် သူပုန်များကို တိုက်ခိုက်မည်မဟုတ်ဟု အကျပ်ကိုင်၍ တောင်းဆိုခဲ့သဖြင့် ဝန်ကြီးချုပ်ဦးနုက လူထုမဲနှင့် တင်မြှောက်သူမဟုတ်သည့် ဗိုလ်နေဝင်းအား ဒုတိယဝန်ကြီးချုပ်ရာထူး တိုးပေးခဲ့ရသည်။

ဖဆပလ အဖွဲ့ချုပ်ကြီး ကွဲပျက်ရသည်မှာလည်း ဗိုလ်နေဝင်းက ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်အင်အားစုနှင့် ကူးလူးဆက်ဆံပြီး တဖက်မှ ဦးနုထံ အထွင့်မှားအမြင်မှားစေမည့် သတင်းများကို နှစ်ကိုယ်ကြား သတင်းပေးသဖြင့် ကွဲခဲ့ရသည်။

ရှင်သန်ကြီးထွားနေသော ပါလီမန်ဒီမိုကရေစီစနစ်ကို မပျက်မခြင်း အမျိုးမျိုးအဖုံဖုံ ဖျက်ဆီးကာ မိမိ၏အကျိုးစီးပွားအတွက် စစ်အာဏာရှင်



စနစ်ထူထောင်ခဲ့သူ ဖြစ်သည်။

သမိုင်းကို လှန်လှောလေ့လာလေလေ နိုင်ငံတွင် ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် မကောင်းသော ဖြစ်ရပ်အားလုံးတို့သည် ဗိုလ်နေဝင်း၏ လက်ရာများ ဖြစ်နေသည်ကို တွေ့ရလေလေ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်နေဝင်း ဓာတ်လမ်းရှုပ်လေသမျှကို ဤစာအုပ်၌ သက်သေသက္ခာယနှင့် မှတ်တမ်းရေးထိုးကာ ယနေ့လူငယ်များနှင့် နောင်တခေတ် မြန်မာများ သိရှိနိုင်ရန် ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

ဦးနေဝင်းသည် စာရေးသူအား ထောင်သွင်း၍ ဖမ်းဆီးနှိပ်စက်ခဲ့စေကာမူ ထောင်မှလွှတ်ပေးချိန်တွင် သူကောင်းပြုခဲ့သဖြင့် တနည်းအားဖြင့် ကျေးဇူးရှင်တဦး ဖြစ်ပေသည်။ မိမိတဦးတည်း၏ အကျိုးစီးပွားကို ဆောင်စေကာမူ သန်းပေါင်းများစွာသော နိုင်ငံသားတို့၏ အကျိုးစီးပွားကို ချေမှုဖျက်ဆီးကြောင်းကို ခိုင်မာစွာ သိရှိရသဖြင့် ဤစာအုပ်ကို ပြုစုခဲ့ပေသည်။ စာရေးသူ မေတ္တာပို့တိုင်း သူ့ထံရည်စူး၍ ဩဝါဒသမေတ္တာပို့သလေ့ ရှိသည်မှာ အမှန်ဖြစ်သဖြင့် ကိုယ်ရေးဒေါသကင်းစင်စွာ ပြုစုသော သုတေသနစာတမ်းသာ ဖြစ်ပေသည်။

ဤစာအုပ်ကို ရေးသားရာတွင် (၁) မိမိကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဗိုလ်နေဝင်းနှင့် သိရှိရင်းနှီးခဲ့ရစဉ်က လေ့လာချက်များ၊ သူ့အား မကြာခဏ တွေ့စဉ်က ပြောကြားချက်များ (၂) ဗိုလ်ကြည်ဝင်း စသော ထိုခေတ်က ထိပ်သီးစစ်ဗိုလ် မိတ်ဆွေကြီးများ၏ ပြောကြားချက်များ (၃) ယနေ့တိုင် တရုတ်ပြည်၌ အနားယူနေသူ ဗိုလ်မှူးချုပ်ကျော်ဇောအား သတင်းကွန်ခြာမှတဆင့် ဆက်သွယ်မေးမြန်း ရရှိချက်များ (၄) သက်သေသက္ခာရ ခိုင်လုံစွာ မပြနိုင်စေကာမူ ပတ်ဝန်းကျင် အချက်အလက် သက်သေများအရ မှန်ကန်သည်ဟု ယူဆရသည့် အချက်အလက်များနှင့် (၅) ရရှိနိုင်သမျှ မြန်မာ၊ အင်္ဂလိပ်နှင့် ဂျပန်ဘာသာပြန်သော စာအုပ်စာတမ်းများအပြင် အထူးသဖြင့် ဗိုလ်နေဝင်း၏ ပြောချက်များကို အတိအကျ မှတ်တမ်းတင်ထားသော ဒေါက်တာမောင်မောင်၏ မြန်မာပြည်နိုင်ငံရေးသမိုင်းနှင့် ဗိုလ်ချုပ်ကြီးနေဝင်း

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ပါ အချက်အလက်များကို မှီငြမ်းပြုကာ ရေးသားပေသည်။

ဆရာမောင်မောင်၏ စာအုပ်ကို မှီငြမ်းပြုသည်ဟု ဆိုစေကာမူ ထိုစာအုပ်ပါ အချက်အလက်များကို အမှန်အဖြစ် မှီငြမ်းသည်မဟုတ်ဘဲ စာအုပ်ထဲတွင် မမှန်မကန် ရေးသားသည့် အချက်အလက်များကိုယူ၍ မမှန်ကြောင်းသက်သေထူကာ အမှန်ကိုပြင်ဆင် တင်ပြမည်ဖြစ်ပေသည်။

ဥပမာအားဖြင့် ဆရာမောင်မောင်၏ စာအုပ်တွင် ဗိုလ်နေဝင်းသည် အလွန်တရာ နူးညံ့သိမ်မွေ့သူ၊ ညင်သာသူ၊ လက်အောက်ငယ်သား ရဲဘော်များကို အထူးသက်ညှာသူအဖြစ် ကြိမ်ဖန်များစွာ သရုပ်ဖော်ရေးသား ခဲ့လေသည်။ ဤအချက်သည် မှားသည်။ ဗိုလ်နေဝင်းသည် အမျက်ဒေါသ ကြီးမားသည်။ ဒေါသကို မထိန်းနိုင်သဖြင့် မကြာခဏ လက်လွန်ကိုယ်လွန် ဖြစ်ခဲ့သည်။ နိုင်သူကို ထိုးကြိတ်လေ့ရှိသည်။

"စစ်ဗိုလ်တွေရာထူး ဘယ်လောက်မြင့်ပေစေ ဗိုလ်ချုပ်ကြီးက စိတ်မထင်လျှင် လူရှေ့မရှောင် သူရှေ့မရှောင် ပါးကိုရိုက်လေ့ရှိတော့၊ သူ့ရှေ့မှာ ပြောမှားဆိုမှား မရှိအောင် အထူးသတိထားရတယ်"ဟု စစ်ဗိုလ်ကြီးတဦးက ပြောဖူးသည်။

မြို့မကျောင်းအုပ်ကြီး ဦးဘလွင်၏သား အမေရိကန်သံရုံးမှ ပြန်ကြားရေးအရာရှိ ဦးကျော်ငြိမ်းသည် ဗိုလ်နေဝင်းတက်သော သံရုံးညစာခံပွဲများတွင် ဗိုလ်နေဝင်းနှင့် အဝေးဆုံးနေရာသို့ ရောက်အောင် ရှောင်ဖယ် ရှောင်ဖယ်နေသည်ကို သတိပြုမိသဖြင့် မေးမိသည်။ "ဂျပန်ခေတ်က ကားပြင်ဆိုင်မှာ ဆုံဖူးတယ်။ စစ်ဗိုလ်ကြီးဖြစ်နေပြီပေါ့။ သူလာတဲ့အချိန်မှာ သူ့ရဲ့ကားကို ပြင်တဲ့စက်ဆရာက ကားစက်စမ်းထွက်နေလို့ သူခဏစောင့်နေရတယ်။ စက်ဆရာလည်း ပြန်လာရော ကားပေါ်ကဆွဲချပြီး၊ ဘယ်ပြန်ညာပြန်ရိုက်တာကြောင့် မြေကြီးက မထနိုင်ရှာဘူး။ အဲဒီကတည်းက သူ့မျက်နှာကို မကြည့်ရဲ မကြည့်ချင်တာမို့ သူနဲ့ဝေးနိုင်သမျှ ဝေးအောင် ရှောင်မိတာပါ"ဟု ဖြေရှာသည်။

စာရေးသူ မျက်မြင်ကိုယ်တွေ့မှာ ၁၉၅၇ ခုနှစ်က လင်ကြီးလက်ရှိ



ဖြစ်သော ဒေါ်ခင်မေသန်းနှင့် လက်ထပ်စဉ်က သတင်းထောက်တစုနှင့် သတင်းအရ ဆေးရုံကြီးတွင်ရှိသော ဒေါက်တာဘသန်း၏ အိမ်အနီးသို့ သွားခဲ့မိသည်။ သတို့သား ဗိုလ်နေဝင်းနှင့် သတို့သမီး ဒေါ်ခင်မေသန်းတို့ အိမ်ဝင်းမှထွက်လာသောအခါ နေရှင်းသတင်းစာ သတင်းထောက် လာဇရိုးက "ကောင်းချီးပေးပါတယ် ဗိုလ်ချုပ်"ဟု ပြုံးရွှင်စွာ နှုတ်ဆက်၍ သတင်းဓာတ်ပုံ ရိုက်လေသည်။ ဗိုလ်ချုပ်က ဒေါ်ခင်မေသန်းအားဆွဲ၍ ကားတွင်းသို့ သွင်းလိုက်ပြီး လာဇရိုးထံသို့ အမြန်ပြန်လာသည်။ ထို့နောက် လာဇရိုး၏ ကင်မရာကို လုယူ၏။ ဖလင်ကိုဖွင့်၍ နေရောင်ပြကာ ဖျက်ဆီးပြီးမှ ရိုက်ခွဲလိုက်လေသည်။ အံ့အားသင့်နေသည့် လာဇရိုးအား လည်ပင်းကို ညှစ်၍ဆွဲပြီး ပါးများကို ပြင်းထန်စွာ ရိုက်နှက်သည်။ လာဇရိုးခမြာမှာ ရက်သတ္တပတ်ခန့် ဆေးကုရရှာသည်။

ဗိုလ်နေဝင်း လက်သံပြင်းသည်ကို ဝန်ကြီးချုပ်ဦးနုလည်း မြင်ဖူးသည်။ ရန်ကုန်အလုံ၌ ကရင်ဗမာ ပြဿနာဖြစ်စဉ်က ကြက်သူခိုးတဦးကိုစွတွင် "ဗိုလ်နေဝင်းလည်း ဒေါသဖြစ်ဖြစ်နဲ့ ကြက်သူခိုးကို ဆုံးမလိုက်တာ အတော်နာတယ်"ဟု စနေသားစာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

ဒေါက်တာမောင်မောင်က ဗိုလ်ချုပ်ကြီးမှာ များစွာ သိမ်မွေ့နူးညံ့ကြောင်း အကြိမ်ဖန်များစွာ စာဖွဲ့စေကာမူ ဗိုလ်နေဝင်း၏ ဒေါသသည် ကမ္ဘာကသိသော ကမ္ဘာကျော်ဒေါသ ဖြစ်သည်။ ၁၉၇၂ ခု နာတာလူး ပွဲတော်၏ သာယာလှပသော ညဦးယံတွင် ဖြစ်ပွားခဲ့သည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အမြတ်အစွန်း ရရှိရေးအတွက် စီးပွားရေးဆန်သော လုပ်ငန်းများကို လုပ်ဆောင်ရမည်ဟု ဦးနေဝင်းက အမိန့်ပေးခဲ့သဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာန ကော်ပိုရေးရှင်း အမှတ် (၂၀) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းက နာတာလူးကပွဲသဘင်ကို အင်းယားလိတ် ဟိုတယ်တွင် ကျင်းပခဲ့သည်။ ထိုစဉ်က ဟိုတယ်ကြီးမှာ ကျီးနှင့် ဖုတ်ဖုတ် ချောက်ကပ်နေကာ တည်းခိုမည့်သူမရှိသဖြင့် အမြတ်အစွန်း အနည်းငယ် ရရှိရန် စီစဉ်သည်။ ဝင်ကြေးမှာ စုံတွဲတစ်တွဲ ၅၀ိ၊ အရက်ရောင်းသည်။

www.burmeseclassic.com



ညဥ့်စာရောင်းသည်။ ဆိုရှယ်လစ်ခေတ်ကြီးတွင် ပွဲလမ်းများ ရှားပါးသဖြင့် အင်းယားလိတ်ဟိုတယ်မှ နာတာလူးပွဲမှာ စည်ကားလှသည်။

ဘင်ခရာဆိုင်း တငြိမ့်ငြိမ့်တွင် ရွှေနဂါးက ဘောက်ဖတ်ကိုချီသည့် အလား၊ အဖိုက အမကို တွဲကာပွေ့ကာ၊ အမက အဖိုကို ပွေ့၍ဖက်၍၊ တငြိမ့်ငြိမ့် ကပြနေကြသည်မှာ သာယာလှတော့သည်။

ထိုစဉ်ခိုက်တွင် ဒုံးရိုက်ကာ မောင်းနှင်လာသော ဂျစ်ကားတစင်းသည် ဟိုတယ်တံခါးထိပ်သို့ ဝုန်းခနဲဆိုက်ရောက်လာသည်။ ကားပေါ်မှ စပို့ရှပ် အင်္ကျီအဖြူ၊ ဘောင်းဘီအတိုအဖြူကို ဝတ်ဆင်ထားသော သမ္မတကြီး ဦးနေဝင်း ခုန်ဆင်းလာသည်။ ဝတ်စုံဖြူ ဝတ်စေကာမူ မျက်နှာမှာ ရဲရဲနီကာ နီနီရဲနေ၏။

ထိုဂျစ်ကား၏နောက်မှ ဂျစ်ကားနှစ်စီးလိုက်လာသည်။ ဗိုလ်ကြီးအဆင့် စစ်စုံထောက်တဦးနှင့် လက်နက်ကိုင်စစ်သား ၆ ဦး ဆင်းလာကြသည်။ သူတို့တတွေသည် အကြောင်းဥသံကို သိရှာသူများ မဟုတ်၊ သမ္မတကြီး၏ အသက်အန္တရာယ် လုံခြုံရေးအတွက် သမ္မတကြီးသွားလေရာ လိုက်လာရသူများ ဖြစ်ကြသည်။

ဦးနေဝင်းတွင် အမြဲပါလေ့ရှိသည့်အတိုင်း ခါးတွင်သေနတ်ထိုးထားသည်။ သူက သေနတ်ကိုမထုတ်ဘဲ ကပွဲခန်းမသို့ ဝင်ရောက်ကာ တီးဝိုင်းမှ ဘင်ကြီးကို ခြေထောက်နှင့်ကန်ကာ ဖောက်ခွဲလိုက်သည်။ ဘင်ကြီး ပေါက်ကွဲသွားစေကာမူ နှဲခယာမှုတ်သူက ဆက်လက်၍ မှုတ်နေသဖြင့် ဦးနေဝင်းက နှဲခယာကိုဆွဲကာ ချိုးလိုက်သည်တွင် တီးဝိုင်းရပ်သွားသည်။ မည်သူမည်ဝါဟု မသိရှာသော တီးဝိုင်းသားတို့နှင့် ရှေ့တန်းတွင် ကနေကြသော စုံတွဲများမှ ယောကျ်ားသားများက ဦးနေဝင်းကို ဝိုင်းကြသည်။ အားလုံးကားမူးနေကြပြီဖြစ်ရာ ဦးနေဝင်းအား ထိုးသူက ထိုးသည်။ ခြေနှင့် ကန်ကျောက်လိုက်သူလည်း ရှိသည်။ ဦးနေဝင်းက ကန်သဖြင့် နိုင်ငံခြားသံအရာရှိတဦးမှာ ခွေလဲသွား၏။

ရန်းရင်းဆန်ခတ် ကြာမြင့်စွာ မဖြစ်လိုက်ရဘဲ နောက်ကားများမှ



စစ်ဗိုလ်နှင့်စစ်သားများ ဝင်လာကာ သမ္မတကြီးကိုဝိုင်း၍ အကာအကွယ်ပေးကြသည်။ ရန်ပြုသူတို့အား ပြန်လည် ထိုးကျိတ်ကြသည်။ စစ်သားများကို တွေ့မြင်မှ ပရိသတ်က နောက်သို့ဆုတ်သွားခိုက် သက်တော်စောင့်များက သမ္မတကြီးကို ပြန်ခေါ်သွားကြရသည်။

ဦးနေဝင်း၏သမီးတော်တပါး ကပွဲသို့ သွားသဖြင့် အရှက်နှင့်အမျက်ရောနှောထွက်လေသောကြောင့် ဘင်ဖောက်ရသည်ဟု သတင်းတစက ဆိုသည်။ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ သမ္မတကြီး၏ ဒေါသသည် ကမ္ဘာကျော်သွားသည်။ အမေရိကန်တိုင်း(မ်)သတင်းဂျာနယ်က ထိုသတင်းကို ဖော်ပြရာတွင် Newinian Anger ဟု ဝေါဟာရသစ်နှင့် ဖော်ပြသဖြင့် အောက်စဖို့ဒ်အဘိဓာန်၌ စာလုံးသစ်တလုံး တိုးခဲ့လေသည်။

မိမိအပြစ်ကို တသက်လုံး ဝန်ခံလေ့မရှိသူ ဦးနေဝင်းက ဘင်ဖောက်ပွဲဖြစ်ရသည်မှာ ကုန်သွယ်ရေးဝန်ကြီး၏ အပြစ်ဖြစ်သည်ဟု တရားခံရှာကာ ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီးစန်ဝင်းအား ရာထူးမှဖြုတ်ချခဲ့သည်။

ဒေါက်တာမောင်မောင်သည် မြန်မာ့သမိုင်းကို မှန်ကန်မျှတစွာ ပြုစုနိုင်ခဲ့သော မဟာပညာကျော်ဖြစ်သည်။ ဗိုလ်နေဝင်း၏သမိုင်းကို ရေးသောအခါတွင်မူ ဗိုလ်နေဝင်း စိတ်ကောင်းရှိကြောင်း၊ မိန်းမသနာဝါသနာမပါကင်းရှင်းကြောင်း စသည်ဖြင့် မဟုတ်မမှန်သည့် အချက်များကို ရေးသားသည်မှာ ဗိုလ်နေဝင်းအား များစွာ ကြောက်ရွံ့သော ငယ်ကြောက်ဖြစ်သောကြောင့် ဗိုလ်နေဝင်းပြောသမျှကို ရေးရရှာဟန်တူပေသည်။ မည်မျှ ကြောက်သနည်းဟုမူ...။

၁၉၆၃ ခုနှစ်က တော်လှန်ရေးအစိုးရသည် တောတွင်းရှိ လက်နက်ကိုင်သူပုန်များအား ဖိတ်ခေါ်၍ ငြိမ်းချမ်းရေးဆွေးနွေးရာမှ ပျက်သွားသောအခါ မြို့ပေါ်ရှိ လက်ဝဲဝါဒီဟု ယူဆသူမှန်သမျှကို ဖမ်းဆီးလေသည်။ နိုဝင်ဘာ ၁၃ ရက်နေ့ညတွင် ကြေးမုံအယ်ဒီတာ ဦးခင်မောင်ရီနှင့် စာရေးသူ၏ အတွင်းရေးမှူး ဦးစိုးနိုင်ကို စတင်ဖမ်းဆီးသည်။ တဆက်တည်း လာရောက်ဖမ်းဆီးမည်မှာ သေချာသဖြင့် စာရေးသူသည် ညီတော်တဦး

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ သွားရောက်၍ ရှောင်တိမ်းခဲ့သဖြင့် လွတ်နေခဲ့သည်။

စစ်စုံထောက်များကလည်း စာရေးသူ ဆွေမျိုးညာတိမှန်သမျှ အိမ်တို့ကို စောင့်ကြည့်နေသဖြင့် ဝင်ဒါမီယာ စစ်ဗိုလ်ရပ်ကွက်၌ အိမ်ငယ်တလုံးငှားကာ တောမှဆေးကုလာသူတဦးအဖြစ် ပုန်းရှောင်နေခဲ့သည်။ လေးလခန့် လုံခြုံစွာ ပုန်းအောင်းနေနိုင်သောအခါ ဗိုလ်နေဝင်းက တာဝန်ကျ စစ်စုံထောက်များကို ဆဲဆိုကြိမ်းမောင်းသည်ဟု သတင်းရသည်။ အစိုးရနှင့် စစ်တပ်နာမည်ပျက်သဖြင့် ဒေါသူပုန်ထနေလေသည်။ အကယ်၍ စာရေးသူ နိုင်ငံခြားသို့ ထွက်ပြေးလျှင် ပို၍အရှက်ကွဲလေမည်။ ဖမ်း၍လည်း မမိနိုင်သဖြင့် ဗိုလ်နေဝင်းက စာရေးသူထံသို့ လက်ကမ်းကာ လွတ်ငြိမ်းချမ်းသာခွင့် ပေးရတော့သည်။

မတ်လထဲတွင် ဆရာဇဝနနှင့် လူထုဦးလှတို့အား အိမ်တော်သို့ ဖိတ်ခေါ်၍ ညစာဖြင့် ဧည့်ခံခဲ့သည်။ ထွေရာလေးပါး စကားပြောကြရင်း ဆရာဇဝနအား "ကိုသိန်း ခင်ဗျားလူက သတင်းစာကို ပစ်ထားတာကြာပြီ သတင်းစာမှာ အမှားတွေ တွေ့ရတယ်။ ဒီတော့ သတင်းစာကို ပြန်ကြည့်ပါစေ၊ သူ့ကို ဖမ်းဖို့ စာရင်းမပါဘဲနဲ့ ရှောင်နေတယ်၊ မဖမ်းချင်ပါဘူး။ သူ ဘယ်မှာ ပုန်းနေတယ်ဆိုတာ သိပါတယ်"ဟုပြောပြီး ပြည်ထဲရေးဝန်ကြီးထံ သွား၍တွေ့ပါစေဟု ပြောကြားသည်။

ထိုဧည့်ခံပွဲတွင် အပိုဧည့်သည်အဖြစ် တဦးတည်းတက်ရောက်သူ ဒေါက်တာမောင်မောင်က စာရေးသူအား ဘေးမဲ့ပေးသည်ကို ကြားရသဖြင့် ဗိုလ်နေဝင်း နောက်ဖေးနောက်ဖီ ထွက်ခိုက် "ကျွန်တော့် ယောက္ခမကြီးကိုလည်း ဖမ်းထားတယ်၊ လွှတ်ပေးဖို့ ဗိုလ်ချုပ်ကြီးကို ပြောပေးကြပါဦး"ဟု ဆရာဇဝနနှင့် ဦးလှအား ပြောရှာလေသည်။ ဗိုလ်နေဝင်း ပြန်လာသောအခါ ဆရာဇဝနနှင့် ဦးလှတို့က စကားစပ်ကာ ဒေါက်တာမောင်မောင်၏ ယောက္ခမကို လွှတ်ပေးရန် ပြောကြလေသည်။

ထိုအခါ ဗိုလ်နေဝင်းက ဒေါက်တာမောင်မောင်အား တအံ့တဩ ကြည့်၍ "ဟ မောင်မောင်ရဲ့ မင်းက နေ့တိုင်းလိုလို ငါနဲ့တွေ့နေတာ



ဘာလို့ မပြောတာလဲ"ဟု မေးသည်။ ဒေါက်တာမောင်မောင်မှာ ဖြေဆိုရန် စကားလုံး မရှိသဖြင့် မဖြေနိုင်ဘဲ ငိုင်နေရှာသည်။

အရက်သောက်ထားသဖြင့် ထွေနေပြီ ဝေနေပြီဖြစ်သူ ဆရာဇဝနက မူးမူးနှင့် "ကြောက်လို့ပေါ့ဗျ ဟဲဟဲ"ဟု ရယ်သွမ်းသွေးမှ အားလုံးဝိုင်းရယ်ကြရင်း ဣန္ဒြေကို ထိန်းခဲ့နိုင်ကြသည်။ ထိုသို့လွန်စွာ ကြောက်ရွံ့သူက ဗိုလ် နေဝင်းပြောသမျှတို့ကို မှတ်သား၍ ပြုစုရသည်ဖြစ်သဖြင့် ထိုစာအုပ်မှာ ဖောင်းတော်ငြိမ့်စိတ်တော်သိ စာအုပ်ကြီးသာ ဖြစ်လာခဲ့ရသည်။

ထိုကြောင့် ဒေါက်တာမောင်မောင်၏ စာအုပ်ကြီးကို မှီးရာတွင် တနည်းအားဖြင့် ရှေးခေတ်ရာဇဝင်ကျမ်းများဖြစ်သော ငါးဆူဒါယကာမင်း အမှားတော်ပုံကျမ်းနှင့် ဟံသာဝတီမင်း အမှားတော်ပုံကျမ်းများကဲ့သို့ မှားခဲ့လေသမျှကို ပြင်ဆင်သည့် အမှားပြင်ဆင်ချက် ရာဇဝင်စာတမ်းစာအုပ် အဖြစ် ပြုစုရမည်ဖြစ်ပါကြောင်း။

**ဦးသောင်း၊**

**ဇန်နဝါရီ - ၁ - ၂၀၀၁**

www.burmeseclassic.com

www.burmeseclassic.com



(၁)

## သခင် မဟုတ် အင်္ဂလိပ်ခံ တောက်သုံးလျှို

မောင်ရှုမောင်တယောက် နိုင်ငံရေးလောကသို့ ဝင်ရောက်လာပုံကို မြစ်ဖျားခံရန်အတွက် သူ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သောနှစ်က စတင်၍ မှတ်တမ်းတင်ရပေမည်။

တက္ကသိုလ်စရိတ်စကမှာ ကြီးမားသဖြင့် မောင်ရှုမောင်သည် မိဘတို့ ထောက်ပံ့မှုအပြင် ဆွေမျိုးများ၏အကူကိုပါယူကာ ကျောင်းတက်ရသည်။ ၁၉၂၉၊ ဇွန်လတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာသည်။ ထိုအချိန်က ဆရာဝန်များသည် ဝင်ငွေကောင်းကြသဖြင့် ငွေမက်သူ မောင်ရှုမောင်သည် ဝင်ငွေကောင်းသော ဆရာဝန်တဦးဖြစ်ရမည်ဟု ဦးတည်ချက်ထားခဲ့သည်။ ဆေးဖက်သို့ လိုက်မည်ဟု ဆုံးဖြတ်ကာ ဥပစာသိပ္ပံတန်းတွင် ပါဏာဗေဒနှင့် အောင်မြင်ရန် အားထုတ်ခဲ့သည်။

သူ တက္ကသိုလ်သို့ရောက်နေချိန်တွင် မြန်မာပြည်တပြည်လုံး နိုင်ငံရေး နိုးကြားပြီဖြစ်ကာ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ စတင်နေလေပြီ။

၁၉၃၀ ပြည့်နှစ်တွင် ဥပဒေတန်းတက်ရန် တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိလာသည့် ကိုနု၊ ၁၉၃၂ ခုနှစ်တွင် ရောက်ရှိလာသော ကိုအောင်ဆန်း၊ ကိုသိန်းဖေ၊ ကိုရာရှစ်၊ ကိုကျော်ငြိမ်း၊ ကိုသိန်းတင် ခေါ် ညိုမြတို့

www.burmeseclassic.com



ခေတ်တွင် ရန်ကုန်တက္ကသိုလ်၌ နယ်ချဲ့ဆန့်ကျင်ရေး၊ တော်လှန်ရေး လှိုင်းဂယက်များ ပြင်းထန်စွာ ထကြွလာခဲ့လေသည်။ နိုင်ငံရေး အစည်းအဝေးများ ဆန္ဒပြပွဲများ စသည်တို့ အမြဲစည်ကား၍ ဆူပွက်နေလေ့ရှိသည်။

ဗြိတိသျှအစိုးရက အိန္ဒိယပြည်၏ အုပ်ချုပ်ရေးအဆင့်အတန်းကို တိုးမြှင့်ပေးရန် စီစဉ်သောအခါ မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်က အိန္ဒိယ၏ ပြည်နယ်တခုအဖြစ် ထားရှိခဲ့သည့်စာရင်းကို ရှင်းရန် လိုလာသည်။ အစိုးရက စုံစမ်းရေးကော်မရှင်ဖွဲ့ကာ စုံစမ်းသည်။ အဖြေမရသဖြင့် လူထုဆန္ဒ ရွေးကောက်ပွဲနှင့် ဆုံးဖြတ်ရန် အင်္ဂလိပ်အစိုးရက စီစဉ်ရသည်။

မြန်မာနိုင်ငံအဖို့ အိန္ဒိယပြည်နှင့် ခွဲမည်လော၊ တွဲနေမည်လော ဟူသော ခွဲရေး၊ တွဲရေး ပြဿနာသည် ဆူပွက်ငြင်းခုံမှု အကြီးဆုံးကိစ္စ ဖြစ်လာသည်။ ဦးဘဖေ၊ ဒေါက်တာဗမော် စသော မင်းတိုင်ပင်အမတ်များ၊ နိုင်ငံရေး ခေါင်းဆောင်များက ရန်ကုန်တက္ကသိုလ် အသင်းတိုက်သို့ လာရောက်ဟောပြောကြသည်။ ကျောင်းသားများက ပြန်လှန်မေးခွန်းထုတ်ကြသည်။ တက္ကသိုလ်တခုလုံး နိုင်ငံရေးဆွေးနွေး ငြင်းခုန်သံများနှင့် ဆူပွက်နေသည်။

ဖြောင်ရှုမောင်သည် ထိုနိုင်ငံရေးလောကတွင် ပါဝင်ခြင်း၊ အစည်းအဝေး တက်ခြင်းမပြုဘဲ ကင်းရှင်းစွာ နေထိုင်ခဲ့သည်။ အခြားကျောင်းသားများ နိုင်ငံရေးနှင့် အလုပ်ရှုပ်နေချိန်များတွင် မိတ်ဆွေများ၏ကားကိုငှားကာ မြို့တွင်းသို့ သွားရောက်လည်ပတ်လေ့ရှိသည်။ တောဒေသမှ တက်လာသူ လူငယ်တဦးအဖို့ ရန်ကုန်မြို့သည် ကြည့်စရာ ရှုစရာ လည်ပတ်စရာ ပျော်စရာများ နေရာအနှံ့တွင် ရှိသည်။ ရန်ကုန်မြို့ရှိ ဟိုတယ်များသည် အရက်ကို အဓိကထားကာ ရောင်းချပြီး လောင်းကစားဒိုင်များလည်း ဖွင့်ထားကြသည်။ ထိုဒိုင်များနှင့် မြင်းပွဲတို့က လောင်းကစား ဝါသနာမျိုးစေ့ရှိသူ ကိုရှုမောင်အား ဖိတ်ခေါ်သဖြင့် ကျောင်းသားဘဝကပင် ပွန်းတီးလာခဲ့သည်။ မူလဓာတ်ခံအရ လောင်းကစားဝါသနာ ကြီးမားလာသည်။ တနည်းအားဖြင့် ရန်ကုန် လူလည်တစ်ယောက် ဖြစ်စပြုလေပြီ။

"ကိုရှုမောင်တယောက်သည် ကျောင်းသားသမဂ္ဂတွင် ကျင်းပ



သော နိုင်ငံရေး ဟောပြောပွဲများ၌ ဟောကြ၊ ပြောကြတာတွေ လေကုန်သည်၊ နားထောင်ရတာ နားညည်း၍ အချိန်ကုန်သည်၊ လည်ပတ်ဘောလုံးကစား၊ စာဖတ်၊ လေ့လာရှုစမ်းရှာဖွေရန်ပင် အချိန်မလောက်"ဟု ဗိုလ်နေဝင်းပြော၍ ဒေါက်တာမောင်မောင်ရေး "မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" စာအုပ်တွင် ရေးသားထားသည်။

ထိုစဉ်က ကျောင်းသားများတို့သည် ဝံသာနုစိတ်ဓာတ်ကို ပြသရန် ပင်နီဖျင်ကြမ်း ဝတ်ဆင်လေ့ရှိကြသည်ကို အသားယူ စတိုင်ထုတ်ကြသည်ဟု ကိုရှုမောင်က ယူဆသည်။ သူသည် အဝတ်အစားကို အမြဲသပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်သည်။ ရန်ကုန် မြင်းပွဲသဘင်မှာ လူကြီးလူကောင်းများ၏ အသင်းဖြစ်သည်။ အပေါ်အင်္ကျီဝတ်ဆင်မှသာ မြင်းပွဲအသင်းသားများ၏ အဆောင်သို့ ဝင်ခွင့်ပေးသည်။ ပင်နီဖျင်ကြမ်း တိုက်ပုံအင်္ကျီကို လက်ခံမည်မဟုတ်ဟု စည်းကမ်း မသတ်မှတ်စေကာမူ ပင်နီကြမ်းကို ဝတ်ဆင်သူ မရှိ။ ပိုးတိုက်ပုံ အင်္ကျီအရှည်နှင့် အဖြူ (သို့မဟုတ်) သက္ကလတ်ကိုသာ ဝတ်ဆင်ကြသည်။

ငယ်စဉ်က ရှိနေခဲ့သော လောင်းကစားဝါသနာသည် ကောလိပ်ကျောင်းသို့ ရောက်ရှိပြီး ရန်ကုန်ရည်ဝကာ မြင်းပွဲနှင့် တွေ့ဆုံကာမှ ကြီးမားလာခဲ့သည်။ ပြည်မြို့အထက်တန်းကျောင်းသားဘဝကမူ ဖဲဝိုင်းများတွင်သာ လောင်းကစားခဲ့ရသည်။ မောင်ရှုမောင်သည် အတန်းထဲတွင် သချာတော်သဖြင့် ဖဲဝိုင်းတို့တွင် ပွဲကြီးပွဲကောင်းများ အနိုင်ရအောင် ရိုက်နိုင်လေ့ရှိသည်။

ဗိုလ်နေဝင်းသည် ဘာသာရေးတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း ပြောနိုင်ဆိုနိုင် ရှိစေသည့် "ကိုယ်ခံ"အသိမှာ သူငယ်တန်းကာလက စခဲ့သည်။ ထို့ခေတ်က ကလေးများ ထုံးစံအတိုင်း ရှင်သူငယ်အရွယ်တွင် ရှင်ပြုကာ သက်နန်းစည်းခဲ့သည်။ ပေါင်းတလည် ရွာဦးကျောင်းတိုက်မှ ဆေးနီဆရာတော်၏ကျောင်းတွင် သင်္ကန်းစည်းသည်။ အသားခပ်ဖြူဖြူ တရုတ်သွေးပါသဖြင့် ဆရာတော်က သျှင်ဝိလာသဟု ဘွဲ့ပေးသည်။ ကိုရင်တင့်တယ်ဟု အဓိပ္ပာယ်ပေါက်၏။ ဆရာတော်သည် အင်းအိုင်ခါးလှည့် လက်ဖွဲ့များနှင့် ဂါထာမန္တရားကို ယုံကြည်သည်။ အင်းကွက်များကို ဟသ်ာ

www.burmeseclassic.com

www.burmeseclassic.com



ပြဒါးနှင့် တကိုယ်လုံး ဆေးထိုးထားသဖြင့် ဆေးနီဆရာတော်ဟု ရွာသားများက ခေါ်ကြသည်။ ဗိုလ်နေဝင်းတယောက် ဗေဒင်ယတြာ ယုံကြည်လုပ်ဆောင်သည်မှာ ကိုရင်ဘဝက စခဲ့ဟန်တူ၏။ ကိုရင်ဘဝက ရှင်ကျင့်ဝတ်ဖောက်ဖျက်မှုများ ကျူးလွန်မိသောကြောင့် သဲဒဏ်ရေဒဏ်ခံရသည်လည်း ရှိ၏ဟု သူက မှတ်တမ်းတင်၏။

ရှင်လူထွက်ပြီး လောကဓာတ်ကျောင်းသို့ ပြောင်းသောအခါ အမျိုးသားကျောင်းတွင် နေခဲ့ရသဖြင့် ဆရာများ ဟောပြောသော မြန်မာ့နိုင်ငံရေးသမိုင်းကို ကြားဖူးနားဝ ရှိခဲ့သည်။ ၁၉၂၀ ခုနှစ် ကျောင်းသားတော်လှန်ရေး သပိတ်ကြီး၏ အကျိုးဆက်အဖြစ် ပေါ်ထွန်းလာသော အမျိုးသားကျောင်းများသည် နယ်ချဲ့ဆန့်ကျင်ရေးကို ဦးစားပေး၍ သင်ပေးလေ့ရှိသည်။

ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ လောင်းကစားမှ အားကစားအထိ ထူးချွန်အဆင့်ရှိသူ ဗိုလ်နေဝင်းသည် စာပေဘက်တွင်မူ အနုပညာနှင့် ဝေးကွာလှမ်းသူ ဖြစ်၏။ “ဗိုလ်ချုပ်ကြီးက ဘယ်စာအုပ်ကိုမှ အစအဆုံး ဖတ်လေ့မရှိပါ။ အစနည်းနည်း အလယ်နည်းနည်း အဆုံးနည်းနည်းသာ ဖတ်ပြီး အဲဒီစာအုပ်အကြောင်းကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တယ်”ဟု စစ်ဗိုလ်ကြီးတဦးက မှတ်မိ၏။ စာအုပ်စာပေ စကားပြောနိုင်သော်လည်း သူသည် မြန်မာစာပေရော၊ အင်္ဂလိပ်စာပေတို့ကိုပါ စိတ်ဝင်စားမှု မရှိ။

မောင်ရှုမောင် ကျောင်းသားဘဝခေတ်၌ တက္ကသိုလ်ပညာတတ်လူငယ်များက စာပေတော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ရှေးစာပေများကို ပြန်ဖော်ပြီး ထိုမှ သစ်ဆန်းသည့်စာပေကို တီထွင်စမ်းသပ်ရေး စာပေလှုပ်ရှားမှုသည် မြန်မာအမျိုးသားတို့ အမျိုးသားစိတ်နိုးကြား၍ မျိုးချစ်စိတ်မွေးမြူရေးကို ဦးတည်လေသည်။ “ခေတ်စမ်းစာပေ”ဟူသော ကဗျာသစ်တခုကို ဆရာကြီးဦးဖေမောင်တင်က ဦးဆောင်၍ လမ်းဖွင့်ပေးသည်။ ကျောင်းသားများသည် စာပေနည်းသစ်ကို လက်တည့်စမ်းကြသည်။ ကဗျာလောကမဂ္ဂဇင်း၊ အိုးဝေ၊ ကျောင်းသားသမဂ္ဂအာဘော်၊ ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း တက္ကသိုလ်ကဗျာ စသည်ဖြင့် စာနယ်ဇင်းတို့တွင် ကျောင်းသားတိုင်းလိုလို လက်တည့်စမ်းကာ ကလောင်သွေးလေ့ရှိကြသည်။ စာကဗျာမရေးသူ ကျောင်းသူကျောင်းသား ရှားလှသည်။

မောင်ရှုမောင်သည်မူ ဆောင်းပါးကဗျာတပုဒ်မှပင် မရေးဖူး၊ မည်သည့်စာစောင်တွင်မှ စာရေးခြင်း မပြုခဲ့သော စာဝေးပေဝေးနေခဲ့သူဖြစ်သည်။ ကျောင်းပညာ သိပ္ပံစာပေကိုသာ အားထုတ်နေခဲ့သူဖြစ်သည်။ သို့သော်လည်း ပါဏဗေဒဘာသာရပ် စာမေးပွဲတွင် ကျဆုံးသည်။ သူသည် ဆေးပညာကို ဆက်လက်သင်ကြားနိုင်ရန် အရည်အသွေး မမီသဖြင့် စိတ်ဓာတ်ကျကာ ၁၉၃၁ ခုနှစ်တွင် ကျောင်းမှထွက်လိုက်ရသည်။

တက္ကသိုလ်မှ ခွာခဲ့ရသောအခါ ရန်ကုန်မြို့ ၁၀၁ လမ်းမှ အိမ်ခန်းတခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အိမ်လခပေးရန် တဦးတည်း မနေနိုင်သဖြင့် မိတ်ဆွေများနှင့် စပ်တူငှားရမ်းရသည်။

မိတ်ဆွေလည်းဟုတ်၊ ဦးလေးလည်း တော်စပ်သော ပြည်မြို့မှ ကိုမောင်ညီနှင့် အရောင်းအဝယ်လုပ်ငန်းတခု တည်ထောင်ရန် အားထုတ်ခဲ့သည်။ ပြည်မြို့နယ်ရှိ မီးသွေးဖုတ်သူများထံမှ မီးသွေးများဝယ်ယူကာ ရန်ကုန်မြို့သို့ သယ်ယူဖြန့်ချိသည်။ ပြည်မြို့ဖက်တွင် အသိမိတ်ဆွေပေါ်များသော်လည်း ငွေရင်းတောင့်တင်းမှု မရှိခြင်းနှင့် ရန်ကုန်ဈေးကွက်တွင် မိတ်နည်းခြင်းတို့ကြောင့် တရုတ်ကုလား လူမျိုးခြားကုန်သည်များကို မပြိုင်နိုင်သဖြင့် လက်မြှောက်ခဲ့ရသည်။

အလုပ်တခုရမှသာ ရန်ကုန်မြို့တွင် နေနိုင်မည်ဖြစ်သဖြင့် အလုပ်ရှာဖွေသောအခါ တက္ကသိုလ်ဥပစာတန်းအထိ ကျောင်းတက်ခဲ့သူ ကိုရှုမောင်အဖို့ စာတိုက်တွင် အောက်တန်းစာရေးအလုပ်ကို လွယ်ကူစွာ ရရှိခဲ့လေသည်။ သူငယ်ချင်းတဦးနှင့် စပ်တူနေထိုင်သည်။

ဗမာပြည်သည်---တို့ပြည်
ဗမာစာသည်---တို့စာ
ဗမာစကားသည်---တို့စကား
တို့ပြည်ကို---ချစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



* တို့စာကို---ချီးမြှင့်ပါ

တို့စကားကို---လေးစားပါ

ထူးခြားသော ဆောင်ပုဒ်နှင့် နိုင်ငံရေးအသင်းတခု ပေါ်ပေါက်လာသည်။ ဤအသင်းသို့ ဝင်ရောက်လိုသူများသည် မိမိကိုယ်မိမိ သခင်အမည် တပ်ကာ ခေါ်ဝေါ်စေကြရမည်ဟု စည်းကမ်းသတ်မှတ်သော တို့ဗမာအစည်းအရုံးကို ၁၉၃၃ ခုနှစ်ခန့်က စတင်ဖွဲ့စည်းခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်လိုသော လူငယ်များသည် တို့ဗမာအစည်းအရုံးသို့ ဝင်လာကြသည်။ အဖွဲ့ဝင်လက်မှတ်များ၌ "သခင်"ဟူသော ဘွဲ့တခုကို အမည်၏ရှေ့မှ ပေးလိုက်သည်။ ကျောင်းသားခေါင်းဆောင် ကိုနုနှင့် ကိုအောင်ဆန်းတို့သည် ဗဟန်း ရေတာရှည်လမ်း၊ အမှတ် ၃၃ တွင်ရှိသော အစည်းအရုံးဌာနချုပ်သို့ သွားရောက်ကာ အသင်းဝင်ကြေးတကျပ်စီပေးကာ စနစ်တကျ ဝင်ကြသည်။ သခင်နု၊ သခင်အောင်ဆန်းဟု အမည်သစ်နှင့် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ခဲ့ရာမှ ခေါင်းဆောင်များ ဖြစ်လာကြသည်။

ကိုရွှေမောင်သည် သခင်အသင်းကို တကြိမ်တခါမှ မှတ်ပုံတင်ခြင်း အသင်းဝင်ခြင်း မပြုခဲ့ပေ။ သူက သခင်တို့ကို ကြည့်မရ၊ မျက်မုန်းကျိုးသည် ဟုပင် ဆိုရပေမည်။ သူ၏မိတ်ဆွေဦးလေးသည် သခင်ညီဘွဲ့ကိုယူကာ တို့ဗမာအစည်းအရုံးသို့ အသင်းဝင်အဖြစ် မှတ်ပုံတင်သည်။ သခင်အသင်းမှ လှုပ်ရှားမိသည့်အတွက် ထောင်ကျပင် ခံရသည်။ အသင်းရန်ပုံငွေ လှူခြင်း၊ ရဲဘော်ရဲဘက်သခင်တို့အား ငွေကြေးကူညီခြင်းကို ကိုရွှေမောင်က သဘော မတူသဖြင့် ဟန့်တားသေးသည်။

သခင်ညီသည် ငွေအားလူအားစိုက်၍ တို့ဗမာအစည်းအရုံးတွင် လုပ်ကိုင်သည်။ ကိုရွှေမောင်ကပင် အစဦး၌ သံသယမကင်း၊ "ခင်ဗျားလူတွေ ခင်ဗျားကို အသုံးချနေနေကြတာပါ။ သတိလည်း ထားပါအုံး၊ တော်တော် ကြာ ငွေကုန်တော့ ခင်ဗျားကို ပစ်သွားကြမှာ"ဟု သခင်ညီအား သတိ ပေးတတ်သည်ဟု ဗိုလ်နေဝင်းပြော ဗိုလ်ချုပ်ကြီးနေဝင်းစာအုပ်၌ ဖော်ပြ ထားသည်။



ကိုရွှေမောင်သည် သခင်အသင်းနှင့် သခင်များအား မျက်မုန်းကျိုးစေ ကာမူ တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်တဦး ဖြစ်လာသော သခင် ဗစိန်ကိုမူ အထူးကြည်ညိုသည်။ သူကိုယ်သူ သခင်တပိုင်းဟု ခေါ်သည်။

သခင်ဗစိန်အား ကျောင်းသားဘဝ တက္ကသိုလ်၌ တွေ့စဉ်ကပင် ကြည်ညိုခဲ့သည်။ သခင်ဗစိန်သည် မိမိယူဆချက်ကို အသံမာမာနှင့် ကျယ် လောင်စွာ ပြောလေ့ရှိသည်။ အမျိုးနှင့်တိုင်းပြည်အတွက် ဖောက်ချဆောင် ရွက်မည်ဆိုကာ ခေါင်းတုံးရိပ်ပြီး ဂန္ဓီစိန်ဟု အမည်သစ်နှင့် တက္ကသိုလ်တွင် လှုပ်ရှားစဉ်ကာလတွင် ကိုရွှေမောင်နှင့် ရင်းနှီးခဲ့ကြသည်။ ကိုရွှေမောင် အထင် အကြီးဆုံးခေါင်းဆောင်မှာ ဂန္ဓီဗစိန်ဖြစ်သည်။

တို့ဗမာ အစည်းအရုံးဝင်သောအခါ ကိုဗစိန်သည် ထင်ရှားသည့် သခင်ခေါင်းဆောင်တဦး ဖြစ်လာသည်။ သို့သော် အပြောအဆို ပက်စက် ခြင်းကို အကြောင်းပြု၍ အစည်းအရုံးအတွင်းတွင် အခြားခေါင်းဆောင်များနှင့် မကျေမလည် ဖြစ်လာသည်။ တို့ဗမာအစည်းအရုံး၏ ၁၉၃၈ ခုနှစ် ပြည်မြို့ ညီလာခံတွင် သခင်ဗစိန်အား အသင်းမှ ထုတ်ပယ်လိုက်ကြသည်။ ဤတွင် သခင်ဗစိန်က သခင်ထွန်းအုပ်နှင့် မဟာမိတ်ဖွဲ့ကာ တို့ဗမာ အစည်းအရုံးသစ် တခုကိုပင် စင်ပြိုင်တည်ထောင်ခဲ့သည်။

သခင်ဗစိန်အား ဖြုတ်ချစဉ်က တင်သွင်းသော စွပ်စွဲချက်တို့မှာ များပြားလှသည်။ "ထောင်ကျစဉ်တွင် အင်္ဂလိပ်အစိုးရနှင့် အပေးအယူ ပြုလုပ်၍ လွတ်လာသည်။ အလုပ်သမား ပြဿနာများကို ဖြေရှင်းရေးတွင် သပိတ်လက်နက်အစား စေ့စပ်ရေးကိုသာ အမြဲလုပ်ဆောင်သည်။ တော် လှန်ရေးသမား မဟုတ်၊ စေ့စပ်ရေးသမားသာ ဖြစ်သည်။ အစည်းအရုံးသို့ ဝင်လာကြသော အင်အားစုအသစ်ဖြစ်သည့် တက္ကသိုလ်ကျောင်းသား ကိုနု၊ ကိုအောင်ဆန်းတို့အပြင် သခင်စိုး၊ သခင်ကျော်စိန် စသည်တို့အား လက်ခံ အားပေးခြင်း မပြု၊ နန်းရင်းဝန် ဒေါက်တာဗမော်နှင့် လျှို့ဝှက်ဆက်သွယ် သည်" စသည်ဖြင့် ယိုးစွပ်ကာ ထုတ်ပယ်ခဲ့သည်။

ထိုပြစ်ချက်များအပြင် အရေးကြီးသည့် စွဲချက်တခု ပါဝင်သည်။ သခင်ဗစိန်သည် ယုဒသန်ကောလိပ် ကျောင်းသားဘဝက အစိုးရ ...ထောက်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့၏ သူလျှိုအဖြစ် လစာတလ ၇၅ ကျပ် ရယူကာ ကျောင်းသားများ၏ နိုင်ငံရေးလှုပ်ရှားမှုတို့ကို ပုလိပ်စုံထောက်အဖွဲ့သို့ သတင်းပို့သည်ဟု ညီလာခံမှတ်တမ်း၌ ခိုင်မာစွာ ဖော်ပြပါရှိခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် မြင်းပွဲသို့ လမ်းပေါက်နေသူ ကိုရှမောင်သည် အမြဲငွေလိုနေသူ ဖြစ်သည်။ သူကြည်ညိုသောသူ၏ ဆရာ သခင်ဗစိန်က ဆက်ပေးသဖြင့် စီအိုင်ဒီစုံထောက်အဖွဲ့၏ သတင်းပေး ကြေးစားသူလျှိုစုံထောက်အဖြစ် ကျောင်းသားများ၊ သခင်များ၏ နိုင်ငံရေး လှုပ်ရှားမှုများကို သတင်းပေး ရောင်းစားသည်ဟု ယူဆကြသည်။ အရေး ကြုံသောအခါ သခင်ဗစိန်ကိုပင် ထောင်သို့ပို့သည်ဟု ခိုင်မာစွာ ယူဆရ ပြန်သည်။ သူကဆရာကို ကာပြန်၍ သခင်ဗစိန်အား သစ္စာဖောက်ကာ သတင်းပေးသဖြင့် သခင်ဗစိန်ဂျပန်သို့ မရောက်ဘဲ ထောင်ထဲသို့ ရောက်ခဲ့ရ သည်။

"စစ်မဖြစ်မီ သခင်ခေတ်တွင် ကိုရှမောင်ကို အင်္ဂလိပ်သတင်းပေး သူလျှိုဟု ထင်မြင်ကြသူတွေအထဲတွင်၊ ကျွန်တော် ဗိုလ်ကျော်ဇောလည်း ထင်မြင်သံသယ ရှိခဲ့သည်။ ဘယ်သူမှ ပြောလို့တော့ မဟုတ်ပါ။ အကြောင်း မှာ ကိုရှမောင်သည် လျှို့ဝှက်ရမည့် ကိစ္စများတွင် အထူးဂရုစိုက်ရန် ကျွန် တော်တို့ကို အကြိမ်ကြိမ် သတိပေးနေခဲ့ဖူးသည်။ သူက လူ အတော် များများကိုလည်း မယုံကြည်စိတ် ကြီးမားလွန်းသည်။ ထို့ကြောင့် ၄င်း ကိုယ်တိုင် သခင်ခေတ်တွင် လျှို့ဝှက်သတင်းပေး လုပ်ခဲ့ဖူးသလားဟု ကျွန် တော် သံသယဝင် လာသည်။ ထိုအကြောင်းကို ၁၉၆၀ ခုနှစ်ကျော်က ကျွန်တော်တို့ စမ်းချောင်းမှာ နေစဉ်က၊ သမီး မရှုယဉ် (လှလှ)အား ပြောခဲ့ဖူးပါသည်"ဟု ဗိုလ်မှူးချုပ်ကျော်ဇော်က ထုတ်ဖော်၏။

■



## (၂)

## ဂျပန်သို့ လျှို့ဝှက်ခရီး ပုလိပ်မင်းကြီး၏ ကားနှင့်သွားခဲ့၏

၁၉၄၀ ခုနှစ်တွင် ကမ္ဘာစစ်မီးကြီး မြန်မာပြည်ဘက်သို့ပါ ကူးစက် လာတော့မည့် အရိပ်အရောင်ကို မြင်ရသောအခါ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင်အားလုံးတို့သည် အမိနိုင်ငံ လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲရန် ပြည်ပမှ အကူအညီကို ရယူရေးလမ်းစ ရှာဖွေကြတော့သည်။

တို့ဗမာအစည်းအရုံး အတွင်းရေးမှူး သခင်အောင်ဆန်းလည်း ပြင်ပမှ အကူကိုရယူပြီး အင်္ဂလိပ်တို့အား လက်နက်နှင့် တော်လှန်နိုင်ရန် အခွင့်အလမ်းရှာသင့်လေပြီဟု ယုံကြည်ချက်နှင့် နိုင်ငံခြားတိုင်းပြည်များသို့ မျှော်ကြည့်ခဲ့သည်။ သူမျှော်ရှုသောနိုင်ငံမှာ ဂျပန်မဟုတ်၊ ကျူးကျော်သူ ဂျပန်များနှင့် ကွန်မင်တန်ဖက်ဆစ် တရုတ်အစိုးရအား တိုက်ခိုက်အောင်မြင်စ ပြုနေသော တရုတ်ပြည်မှ တရုတ်ကွန်မြူနစ်ပါတီဖြစ်သည်။ သခင်အောင် ဆန်းသည် ဂျပန်ဖက်ဆစ်ဝါဒ၏ သရုပ်မှန်ကို ကောင်းစွာသိရှိသော ဖက်ဆစ် ဆန့်ကျင်ရေး ဝါဒီတဦးဖြစ်သည်။

၁၉၄၀ ပြည့်၊ မတ်လတွင် အိန္ဒိယကွန်ဂရက်ပါတီ၏ ညီလာခံကို ရမ်းဂါးမြို့တွင် ကျင်းပသောအခါ မြန်မာခေါင်းဆောင်များကို ဖိတ်ကြားသဖြင့် သခင်အောင်ဆန်းသည် သခင်တင်မောင်၊ သခင်ခင်အောင်၊ သခင်သန်းထွန်း တို့နှင့် တက်ရောက်စဉ်က ပဏ္ဏစ်နေရူး စသော ကွန်ဂရက် ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဆွေးနွေးခဲ့သည်။ အိန္ဒိယ ကွန်မြူနစ်များနှင့်လည်း တွေ့ခဲ့သည်။

"အင်္ဂလိပ်နယ်ချဲ့စနစ်ကို အိန္ဒိယမြန်မာ ပူးတွဲတိုက်ခိုက်ကြမည်"ဟု အားလုံးက ပြောပြောခဲ့သည်။ သို့သော်လည်း ဘဝတူ ကျွန်နိုင်ငံသားအချင်းချင်းတို့ထံမှ လက်နက်အကူ မရနိုင်သည်ကို သတိပြုမိခဲ့၏။

အိန္ဒိယမှအပြန် မေလ ၁၁ ရက်နေ့တွင် ကျင်းပသည့် သခင်လေးမောင်က သဘာပတိ၊ သခင်အောင်ဆန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော တို့ဗမာအစည်းအရုံး၏ နှစ်ပတ်လည်ညီလာခံ၌ တိကျပြတ်သားသော အဆိုတရပ်ကို သခင်နုက တင်သွင်းခဲ့လေသည်။ ဆုံးဖြတ်ချက်မှာ "တို့ဗမာအစည်းအရုံးက အင်္ဂလိပ်အစိုးရကို စစ်ကူပေးမည်မဟုတ်၊ မြန်မာ့လွတ်လပ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မည်"ဟူ၏။

တို့ဗမာအစည်းအရုံး ခေါင်းဆောင်တို့သည် ပြည်တွင်းနိုင်ငံရေးအင်အားစုများ ညီညွတ်ရေးကိုလည်း အားထုတ်ကြသည်။ ငါးပွင့်ဆိုင်အဖွဲ့ဝင်များ၊ ဆင်းရဲသားဝံသာနုအဖွဲ့ဝင်များ၊ အခြားမျိုးချစ်များတို့ ဂျူဗလီခန်းမ ရုံလျှံအောင် တက်ရောက်သော ဇန်နဝါရီလ ၉ ရက်နေ့ အစည်းအဝေးမှ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ခဲ့ကြသည်။ ဒေါက်တာဗမော်က ဥက္ကဋ္ဌ၊ သခင်အောင်ဆန်းက အတွင်းရေးမှူး။

တိုက်တိုက်ဆိုင်ဆိုင် နောက်တနေ့ ဇန်နဝါရီလ ၁၀ ရက်ညနေ့ သန်းခေါင်တွင် ဂျူဗလီခန်းမ၌ပင် မြန်မာ၏ကံကြမ္မာကို ဖန်တီးမည့် အစည်းအဝေးတရပ်ကို ကျင်းပခဲ့သည်။ သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့ ဦးစီးသော "စင်ပြိုင်တို့ဗမာအစည်းအရုံး"ခေါင်းဆောင်များနှင့် ဂျပန်သံရုံး ကိုယ်စားလှယ်တို့ ခန်းမကြီး၏ အောက်အခန်း၌ လျှို့ဝှက်စွာ တွေ့ဆုံစည်းဝေးကြသည်။

သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့ ဦးစီးသော တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များသည် အင်္ဂလိပ်အစိုးရကို တိုက်ခိုက်ရန်အတွက် ဂျပန်စစ်တပ်မှ စစ်လက်နက်အကူရယူရန် ဆုံးဖြတ်ထားကာ ဂျပန်များနှင့် ဆက်သွယ်ခဲ့ကြသည်။ အဆက်အသွယ် ရရှိပြီး မြန်မာ့ လွတ်လပ်ရေးအတွက် ဂျပန်အစိုးရစစ်တပ်က ကူညီပါမည်ဟု ကတိရခဲ့ပြီး ဖြစ်သည်။



ထိုအချိန်က ရန်ကုန်မြို့တွင် ဂျပန်သံရုံးအပြင် စီးပွားရေးအလုပ်ကို ဟန်ပြလုပ်ကိုင်ကာ သူလျှိုလုပ်နေသော ဂျပန်များ ရှိကြသည်။ ယိုမိုရှု သတင်းစာ သတင်းထောက်အဖြစ် ဟန်ဆောင်နေသူ မစွတာမီနာမီ၊ သွားစိုက်ဆရာ ကိုကူဘူးတို့နှင့် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ချစ်တင်၊ သခင်အောင်သန်းတို့ တွေ့ကြကာ မြန်မာလူငယ်များကို ဂျပန်သို့ စေလွှတ်ရေးကို ညှိနှိုင်းကြသည်။ ပထမအဆင့်အဖြစ် သခင်ဗစိန်အား ထိုင်းနိုင်ငံမှတဆင့် ဂျပန်သို့စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

သခင်ဗစိန်အတွက် ခရီးစဉ်ကို လျှို့ဝှက်ရေးဆွဲကြလေသည်။ သခင်ဗစိန်ထိုင်းနိုင်ငံသို့ ရောက်ရှိပါက ဂျပန်သံရုံးနှင့် ဆက်သွယ်ရန် လျှို့ဝှက်စာတစောင်ကို သွားစိုက်ဆရာ ကိုကူဘူးက သခင်ဗစိန်လက်သို့ ထိုညက ပေးအပ်ခဲ့သည်။

ထိုသခင်အုပ်စုတို့သည် မိမိတို့လမ်းစဉ်ကို လက်တွေ့စတင်ရတော့မည်ဖြစ်သဖြင့် တအားတက်မိကြသည်။ သခင်ဗစိန် ဂျပန်သို့ရောက်သည်နှင့် နောက်ထပ် မြန်မာလူငယ်များကို ပို့ကာ စစ်ပညာသင်ကြမည်။ အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်ရတော့မည်ဟု စိတ်ဓာတ်တက်ကြွနေကြသည်။ အရေးကြီးသည်မှာ လျှို့ဝှက်ရေးဖြစ်သည်။ လျှို့ဝှက်ရေးကို အထူးသတိကြီးစွာကျင့်သုံးကြရန် ဆုံးဖြတ်ကြသည်။ ဂျပန်နှင့် ခိုင်မာစွာ ဆက်သွယ်မိပြီဖြစ်သည်ကို သခင်ကိုယ်တော်မှိုင်း၊ သခင်နု၊ သခင်အောင်ဆန်းတို့ ဂိုဏ်းကိုပင် မသိစေရ။

သခင်ဗစိန် ထိုင်းသို့သွားရန် အစီအစဉ်ကို ထိုအစည်းအဝေးတက်သူများမှတပါး မည်သူမှမသိစေရဟု လျှို့ဝှက်ရန် ဆုံးဖြတ်ထားကြသည်။

သခင်ဗစိန်တွင် အထူးစိတ်ချရသော လူယုံတော်တဦးရှိသည်။ ထိုသူမှာ မောင်ရှုမောင်ဖြစ်၏။

မောင်ရှုမောင်သည် စာတိုက်စာရေးအဖြစ် အလုပ်ရရှိသောကြောင့် အစိုးရဝန်ထမ်းတဦး ဖြစ်နေသည်ကို အကြောင်းပြု၍ သခင်ပါတီသို့ စနစ်တကျ မှတ်ပုံတင်ခြင်းမပြု။ အဖွဲ့ဝင် ကတ်ပြားမယူဘဲ ပါတီ၏မိတ်ဆွေအသွင်နှင့် ကူညီနေသည်။ သူက သခင်ဗစိန်အုပ်စုသခင်များကို အားပေးနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုလီမိုလီတာဝန်များကို ယူခဲ့သည်။ အင်္ဂလိပ်အစိုးရခေတ်တလျှောက်လုံး သခင်အမည်မခံခဲ့စေကာမူ သခင်တို့ဖက်မှ လျှို့ဝှက်စုံထောက်အဖြစ် ကူညီခဲ့သည်ဟု သူကပြောသည်။ အင်္ဂလိပ်အရာရှိကြီးများ၏ ကားနံပါတ်များကို ကြည့်ရှုမှတ်သားလေ့ရှိသည်ဟူသော လုပ်ငန်းမှတပါး စုံစမ်းထောက်လှမ်းချက် တစုံတရာကိုမှ သူ၏စာအုပ်တွင် ဖော်ပြခြင်း မပြုခဲ့ပေ။

သခင်ဗစိန်ကို ကြည့်ညိုသဖြင့် သခင်ဗစိန်ကတော် ဒေါ်ခင်ခင်၏ ပုံနှိပ်တိုက်တွင် သခင်သတင်းစာပုံနှိပ်သည်ကို စာပြင်အဖြစ် ကူခဲ့သည်။ သခင်ဗစိန် ဘာသာပြန်သော ကမ္ဘာ့ကွန်မြူနစ်ပါတီ ကြော်ငြာစာတန်းကို ပြင်ရင်း အင်္ဂလိပ်စာမူရင်းကိုပါ ကြိမ်ဖန်များစွာ ဖတ်ရှုလေ့လာသောအခါ ဘဝင်မကျပဲ ကွန်မြူနစ်ဝါဒကို ကြောက်လန့်သွားခဲ့မိသည်ဟု ဗိုလ်ချုပ်ကြီး နေဝင်း စာအုပ်တွင်မှတ်တမ်းတင်ခဲ့၏။

သခင်ဗစိန် ဂျပန်ပြည်သို့သွားရန် ဆုံးဖြတ်ချက် ကျလာသောအခါ သူ့အတွက် လုံခြုံရေးသည် အရေးကြီးလာ၏။ မိမိတို့အစီအစဉ်ကို သခင် ကိုယ်တော်မှိုင်း ဦးစီးသည့် တို့ဗမာအစည်းအရုံးဝင်များ မသိရန်လည်း အရေးကြီးသည်။ ထို့ပြင်သခင်သင်းခွဲ ခေါင်းဆောင်ဖြစ်လာချိန်မှ စတင်ကာ သခင်ဗစိန်အား ပုလိပ်များက အမြဲနောက်ယောင်ခံနေသဖြင့် ပုန်းအောင်း နေရလေ့ရှိသည်။ ယခုပိုမို လုံခြုံအောင် ပုန်းရတော့သည်။

သခင်ဗစိန်၏ လုံခြုံရေးကို လူယုံတော်မောင်ရှုမောင်က တာဝန်ယူခဲ့သည်။ အမြဲခြေရာဖျောက်နေရသူ သခင်ဗစိန်ဆီသို့ ထမင်းပို့ရေးကို သူကပင် တာဝန်ယူသည်။ သခင်ဗစိန်ကြိုက်လှသော ဘီစကွတ်တံဆိပ် ဘရန်ဒီပင် ပြတ်လပ်မှုမရှိစေရန် မောင်ရှုမောင်က ကြိုးစားခဲ့သည်ဟု ဗိုလ်နေဝင်းက ပြောသဖြင့် ဒေါက်တာမောင်မောင်ရေးသော အတ္ထုပ္ပတ္တိ စာအုပ်၌ ဖတ်ရသည်။

လူယုံတော်တဦးတည်း၏ စောင့်ရှောက်မှုနှင့် လျှို့ဝှက်နေထိုင်သူ သခင်ဗစိန်သည် နိုင်ငံကူးလက်မှတ် အတုတခုဝယ်ယူ ရရှိသောအခါ ဓာတ်ပုံကို ပြောင်းလဲ၍ကပ်ကာ မူလအစီအစဉ်အတိုင်း ထိုင်းနိုင်ငံသို့ ထွက်ခဲ့သည်။ လျှို့ဝှက်ရေးကို အထူးကျင့်သုံးရသည်။ အတွင်းလူမိတ်ဆွေများကိုပင်



နှုတ်ဆက်ခြင်းမပြုပဲ မော်လမြိုင်လမ်းမှ သွားရောက်ရန် စွန့်စားခန်း ခရီးရှည်ကြီးကို ထွက်ခဲ့သည်။

ပထမအကြိမ် အားထုတ်သော ထိုဂျပန်ခရီးစဉ်သည် အောင်မြင်မှု မရခဲ့ပေ။ အင်္ဂလိပ်အစိုးရ ပုလိပ်များက တင်ကြိုသိရှိထားသဖြင့် သခင်ဗစိန် အား ထိုင်းမြန်မာနယ်စပ်တနေရာတွင် ဖမ်းဆီးလိုက်သည်။ တော်သေးသည်။ သခင်ဗစိန်က ကိုကူဘူး၏ လျှို့ဝှက်စာကို ပါးစပ်ထဲတွင် ဝါးမျိုလိုက်သဖြင့် အင်္ဂလိပ်တို့ မမိလိုက်ပေ။ ကိုကူဘူးကမူ သခင်ဗစိန်ကိုပင် မယုံနိုင်တော့သဖြင့် မြန်မာနိုင်ငံမှ ချက်ခြင်းရှောင်ပြေးတော့သည်။

အင်္ဂလိပ်အစိုးရက သခင်ဗစိန်အား နိုင်ငံကူးလက်မှတ်အတု ကိုင်ဆောင်မှုနှင့် တရားရုံးသို့တင်၍ ထောင်ဒဏ်တနှစ် အပြစ်ပေးလိုက်သည်။

သခင်ဗစိန်၏ ခရီးစဉ်ကို တိကျတင်းကြပ်စွာ လျှို့ဝှက်ခဲ့ပါလျက် အဖမ်းခံရသည်မှာ အင်္ဂလိပ်အစိုးရ သူလျှိုတဦး ရှိနေသည်ဟု သိသာထင်ရှားသည်။ အစည်းအရုံးခေါင်းဆောင်များနှင့် သခင်ခေါင်းဆောင်များသည် မိမိတို့အဖွဲ့အတွင်းမှ သစ္စာဖောက်သော သူလျှိုမည်သူနည်းဟု အမျိုးမျိုး စုံစမ်းကြသော်လည်း အမှုမပေါ်ခဲ့ပေ။

သခင်ဗစိန်သာမက သူတို့အစုမှ သခင်ချစ်တင်ကိုပါ ဖမ်းဆီးသောအခါ မောင်ရှုမောင်သည် စာတိုက်မှ မိမိကိုင်ရသော ငွေများ၊ စာရင်း စာအုပ်များ၊ သေတ္တာသော့များကို စာတိုက်သို့အပ်နှံခဲ့ပြီးနောက် အလုပ် ထွက်ကာ ပေါင်းတလည်သို့ ပြန်ခဲ့သည်ဟု သူ၏မှတ်တမ်းက ဆိုသည်။

သခင်ဗစိန်တို့သည် ပွဲဦးထွက်အခြေပျက်ပြီး မကြာမီတွင်ပင် ဂျပန်များက သခင်ကိုယ်တော်မှိုင်းနှင့် အဆက်အသွယ် ပြုလုပ်ကြသည်။ ဂျပန်တို့က မြန်မာလူငယ်မျိုးချစ်များကို စစ်ပညာသင်ပေးမည်ဟု ဖိတ်ခေါ်၏။

သခင်ကိုယ်တော်မှိုင်း သခင်အုပ်စုမှ သခင်အောင်ဆန်းသည် တရုတ်ကွန်မြူနစ်များနှင့် ဆက်သွယ်ပြီး လက်နက်အကူအညီ တောင်းရန် အတွက် ဩဂုတ်လဆန်းကပင် တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့လေပြီ။ သို့သော် ကွန်မြူနစ်ရဲဘော်များနှင့် အဆက်အသွယ် မရသဖြင့် အမွိုင်မြို့၌ သောင်တင်နေခဲ့သည်။ သခင်အောင်ဆန်း၏ အကြောင်းကို ကြားသိရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဆရာမှိုင်းက ရန်ကုန်မှစီစဉ်ကာ သခင်အောင်ဆန်းအား ဂျပန်သို့ ပို့လိုက်သည်။ သခင်အောင်ဆန်းသည် ဂျပန်သို့ ရောက်ရှိသွားနှင့်လေပြီ။

၁၉၄၀ ပြည့် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုကျိုမြို့ ဟနေဒါ လေဆိပ်သို့ ရောက်သွားသောအခါ မစ္စတာမီနာမီက ကြိုဆိုသည်။ ဂျပန်မြန်မာအသင်း အတွင်းရေးမှူးမီနာမီသည် ဂျပန်ရေတပ်မှ ဗိုလ်မှူးကြီး ရှုဖုးကီးဖြစ်ပြီး အရပ်သားအဖြစ် တာဝန်ယူနေကြောင်း သိရသည်။

"ဂျပန်ကိုရောက်လျှင်ရောက်ခြင်း ဂျပန်တို့ရဲ့ စရိုက်ကို တွေ့လိုက်ရပါတယ်။ လေဆိပ်မှဟိုတယ်သို့ ရောက်ကြတာနဲ့ မိန်းမပျော်ပါးမလားလို့ မေးပါတယ်။ ရေချိုးမလား မေးသလို အလွယ်တကူ မေးတဲ့အခါမှာ ၁၆ နှစ်ခန့်ရှိတဲ့ ရိုးသားတဲ့ရုပ်ရည်ရှိတဲ့ စားပွဲထိုးမကလေးရဲ့ ရှေ့မှာ မေးပါတယ်။ မိန်းမပျော်တို့ရိပ်သာ ဘယ်မှာလဲလို့ ကလေးမကို မေးတာကိုလည်း မြင်ရတော့ သီလစင်ကြယ်တဲ့ ကျွန်တော်အဖို့ မေးခွန်းကြောင့် တုန်လှုပ်ရပြီး ပင်ပန်းလို့ နားပါရစေလို့ တောင်းပန် ငြင်းပယ်ရပါတယ်။ နောက်တခုက ထမင်းစားပွဲမှာ ကိုးရီးယားအမျိုးသားတဦးကို မြင်တိုင်း လက်နဲ့ဖယ်ရမ်းနှင်ထုတ်ဟန်ပြပြီး မတူမတန်လူသားတယောက်လို သဘောထားနှင့် ဗိုလ်မှူးကြီးက ဆက်ဆံပါတယ်။ ဂျပန်ကျွန်ဘဝက လွတ်လပ်လိုကြတဲ့ ကိုးရီးယားအမျိုးသားများရဲ့ စိတ်ဓာတ်ကိုသိထားတာကြောင့် စိတ်ထိခိုက်ခဲ့ရပါတယ်" ဟု သခင်အောင်ဆန်းက မှတ်တမ်းတင်ခဲ့လေသည်။

ဂျပန်စရိုက်ကို မူလကသိပြီး ဖြစ်သည်ထက် ပိုမိုသိရစေကာမူ လက်နက်ရရှိရေးအတွက် သူတို့နှင့် ဆက်လက်ဆက်ဆံခဲ့ရသည်။

မြန်မာလူငယ်များ စစ်ပညာသင်ကြားရေးနှင့် လက်နက်တပ်ဆင်ပေးရေး အစီအစဉ်ကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်မှာ ၃ လကြာသည်။ ဆွေးနွေးချိန်တွင် ပွင့်လင်းခြင်း၊ တဦးကိုတဦး လေးစားမှု ပြသခြင်း၊ ဝီရိယကြိုးခြင်းတို့ကိုမူ သခင်အောင်ဆန်းက ကျေနပ်ခဲ့ပေသည်။ ဂျပန်တို့ကလည်း မြန်မာ့လွတ်လပ်ရေးအတွက် ဘာမဆိုလုပ်မည်ဟု အကဲခတ်ရသူ သခင်အောင်ဆန်းအား ကျေနပ်ကြသဖြင့် ထိုစစ်ဆင်မှု စီမံကိန်းအတွက် သခင်အောင်ဆန်းအား ခေါင်းဆောင်တင်ရန် သဘောတူကြသည်။ သို့



သော်လည်း သခင်အောင်ဆန်းတို့၏ မှိုင်းအုပ်စုနှင့် မူကွဲနေကြသော ဝင်ပြိုင်တို့ဗမာအစည်းအရုံးမှ လူငယ်များကိုလည်း ခေါ်ဆောင်ကာ ပါဝင်စေမည်ဟု ဂျပန်တို့က တင်ပြသည်။ ဂိုဏ်းဂဏစိတ် ပြင်းထန်မှုမရှိသူ သခင်အောင်ဆန်းက လွယ်ကူစွာ လက်ခံခဲ့သည်။

သခင်အောင်ဆန်းသည် ဂျပန်ကုန်သင်္ဘောတစင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ၁၉၄၁ ခု မတ်လ ၃ ရက်နေ့မှ မတ်လ ၉ ရက်နေ့အထိ တရုတ်တဦးအသွင်ရုပ်ဖျက်ကာ သခင်လူငယ်များကို ရှာဖွေစည်းရုံးခဲ့သည်။ ရန်ကုန်ရဲဘော်များက စုဆောင်းထားသော မျိုးချစ်လူငယ်များကိုပါ ဂျပန်သို့ လျှို့ဝှက်စွာခေါ်ယူရန် စီစဉ်ခဲ့သည်။

ကူလီအသွင်၊ သင်္ဘောသားအတု၊ ငှက်ပျောသီးရောင်းသူပုံစံနှင့် မြန်မာလူငယ် ၄ ဦးဖြစ်သည်။ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗဂျမ်း (ဗိုလ်လရောင်) သခင်အေးမောင် (ဗိုလ်မိုး)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)တို့ကို ဂျပန် ကုန်သင်္ဘောတစင်းပေါ်သို့ ရောက်အောင်တင်နိုင်ခဲ့သည်။ မတ်လ ၉ ရက်နေ့တွင် သင်္ဘောထွက်ခဲ့သည်။ ၁၉၄၁ ခု မတ်လ ၂၇ ရက်နေ့တွင် တိုကျိုသို့ ရောက်ကြသည်။ နောက်လေးနှစ်ကြာသော ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့နှင့် ရန်သူဖြစ်ကြရလေမည်ကို မည်သူမှတွေးတောမှု မပြုမိကြပဲ လူငယ်လေးဦးတို့မှာ မဟာမိတ်ဂျပန်များ လိုက်လံစွာ ကြိုဆိုမှုအတွက် အားတက်ဝမ်းမြောက်ခဲ့ကြရသည်။

သူတို့သည် တိုကျိုတွင် ၁၀ ရက်ခန့် နေထိုင်ကြပြီးနောက် စစ်ပညာ သင်ကြားရန် ဟိုက်နန်ကျွန်းသို့ ခရီးဆက်ခဲ့ကြရသည်။

ဆရာမှိုင်းသခင်တို့၏ တို့ဗမာအစည်းအရုံးမှ ဒုတိယအသုတ် ဖြစ်သော သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်သန်းတင် (ဗိုလ်မြဒင်)၊ သခင်ရွှေ (ဗိုလ်ကျော်ဇော)၊ သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုံ)၊ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊ သခင်စိုး (ဗိုလ်မြင့်အောင်) တို့နှင့် တတိယအသုတ် ကိုလှမောင် (ဗိုလ်ဇေယျ)၊ သခင်စံမြ (ဗိုလ်တောက်ထိန်) သခင် ခင်မောင်ဦး (ဗိုလ်တာရာ)တို့လည်း ဂျပန်ပြည်သို့ ချောမောစွာ သွားရောက်နိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ ခု၊ ဇူလိုင်လ ၁၀ရက်နေ့တွင် နောက်ဆုံးရောက်သော အသုတ်တွင်မှ မှိုင်းသခင်ဖြစ်သူ သခင်စံလှိုင် (ဗိုလ်မှူးအောင်)၊ သခင်မောင်မောင် (ဗိုလ်ညာဏ)၊ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊ ကိုလှ (ဗိုလ်မင်းရောင်) တို့နှင့်အတူ၊ တဖက်တို့ဗမာအစည်းအရုံးမှ သခင်ထွန်းအုပ်၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်ငွေ (ဗိုလ်စောအောင်)၊ သခင်သစ် (ဗိုလ်စောနောင်)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)တို့နှင့်အတူ ယခုမှ သခင်အမည် စတင်ခံယူသူ သခင်ရှုမောင် (ဗိုလ်နေဝင်း)တို့ ပါဝင်လာခဲ့သည်။

သခင်အုပ်စုနှစ်ခုတို့သည် မိမိတို့အစုကိုသာ ဂျပန်ကဖိတ်သည်ဟု ယူဆခဲ့ကြသဖြင့် မမျှော်လင့်ပဲ တဖက်အစုဝင်များကို သင်္ဘောပေါ်တွင် တွေ့ကြရသောကြောင့် အံ့သြမိကြသည်။ ဆရာမှိုင်းအုပ်စုမှ သခင်များ ပါလာသည်ကို "မနာလိုသလို ဖြစ်မိသည်"ဟု ဗိုလ်နေဝင်းက ရေးသားသည်။

အခြားသူတို့အဖို့ ဂျပန်သင်္ဘောပေါ်သို့ တက်ရောက်ရေးမှာ အထူးစွန့်စားရသည်။ အင်္ဂလိပ်အကောက်အရာရှိများနှင့် ပုလိပ်များရိပ်မိခြင်းမရှိအောင် အထူးလျှို့ဝှက်စီစဉ်ကြရသည်။ သခင်လက်သစ် သခင်ရှုမောင်အဖို့ လွယ်ကူသည်။ လျှို့ဝှက်ခရီးဟု ဆိုစေကာမူ စောစောကပင် ဘောင်းဘီ အင်္ကျီနှင့် ဥရောပဝတ်စုံကို ဝယ်၍ ဝတ်ဆင်ကာ လေ့ကျင့်နေခဲ့သည်ဟု သူကပြောဏ်။

၁၉၄၁ ခု၊ ဇူလိုင်လတွင် ဂျပန်သင်္ဘော ကိုရိယုမာရူးသည် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ နောက်ဆုံး ဂျပန်သင်္ဘောဖြစ်နိုင်သည်။ ထိုသင်္ဘောနှင့် မှချလိုက်ဖြစ်အောင် လိုက်မည်။

စောစောက မိတ်ဆွေဖွဲ့ထားသူ ကားဒရိုင်ဘာ ကိုဘချစ်က ကူညီမည်ဟု တာဝန်ယူထားသည်။ ကိုဘချစ်သည် အင်္ဂလိပ်အစိုးရ၏ ထိပ်သီးမျက်နှာဖြူ အရာရှိရန်ကုန်ပုလိပ်မင်းကြီး မစ္စတာပရက်စကော့၏ ဒရိုင်ဘာဖြစ်သည်။ မင်းကြီး၏ ကားသည် ရန်ကုန်မြို့တွင် သွားလိုရာသွားနိုင်သည်။ မည်သည့်ပုလိပ်ကမှ မင်းကြီး၏ကားကို ဖမ်းဆီးခြင်း မပြုဝံ့။

"သခင်ထွန်းခင်နှင့် သခင်ကျော်စိန်တို့ သင်္ဘောပေါ်တက်ကြည့်ကြ



သည်။ သင်္ဘောအစောင့်များက အစီအစဉ်ကို မသိသဖြင့် သူခိုးထင်၍ လိုက်ကြသဖြင့် လွတ်အောင်ပြေးခဲ့ရသော်လည်း ညပိုင်းတွင် သခင်ထွန်းအုပ်က သင်္ဘောကို သမ္ပန်နှင့်ကပ်၍ ကြိုးလှေကားနှင့်တက်ရန် စီစဉ်သည်။ မိုးတဖွဲဖွဲ မှောင်မည်းမည်းတွင် သင်္ဘောကိုရှာမတွေ့၍ ပြန်လာရသည်။ ဂျပန်ကောင်စစ်ဝန် ဟိုးမားက ပို့၍သေချာသော အစီအစဉ်များကို ပြုလုပ်ပေးသည်။ မြန်မာရဲဘော်များက အင်္ကျီအဖြူ ဘောင်းဘီအဖြူ ဝတ်ဆင်၍ လက်တဖက်တွင် ငှက်ပျောသီးတဖီးကို ကိုင်၊ တဖက်တွင် ထီးကိုကိုင်၍ သင်္ဘောသားလိုလို မှင်သေသေ မျက်နှာထားဖြင့် ရှေ့လှေကားမှသာ တက်ပါ၊ နံပါတ်များကိုလည်း ပေးထားသည်။ လှေကားတက်လျှင် ကိုယ့်နံပါတ်ကို အော်၍ တက်ပါ။ သခင်ရှုမောင်၏ နံပါတ်က ၇ ဖြစ်သည်။

သည်တခါ သင်္ဘောရှာ၍ မတွေ့ပဲမရှိစေရန်၊ သခင်ထွန်းအုပ်ကို ကားဖြင့် ဆိပ်ကမ်းအရောက်ပို့ပေးရန် စီစဉ်သည်။ ရန်ကုန် ပုလိပ်မင်းကြီး မစ္စတာပရက်စကော့၏ ကားဖြင့် ဒရိုင်ဘာ ကိုဘချစ်၏ မေတ္တာလက်ဆောင်အဖြစ် ခန့်ခန့်ကြီးသွားရသည်။ သခင်ထွန်းအုပ်သည် တရုတ် ဘိန်းကုန်ကူးသူ သူဌေးတဦးဖြစ်သည်၊ အရေးတကြီး ဝေးရာသို့ပြေးရန် ဖြစ်ပေါ်လာသည်ဟု ကိုဘချစ်အား ပြောထားသည်။ သခင်ထွန်းအုပ်ကိုလည်း စကားမပြောနှင့်၊ ဣန္ဒြေရရ ကားစီးသွားဆိုပြီး မှာထားရသည်"ဟု ဗိုလ်ချုပ်ကြီးနေဝင်း စာအုပ်တွင် ဖော်ပြထားသည်။

ဗိုလ်နေဝင်းပြောသည့်အတိုင်း ဒေါက်တာမောင်မောင်က အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားသည်။ ထိုစာအုပ်သည် စိတ်ကူးဉာဏ်နှင့်ဖွဲ့ဆိုသည့် စာအုပ်ဖြစ်ပါက စာရေးဆရာသည် ရေးဝံ့ရဲမည် မဟုတ်ပေ။ အင်္ဂလိပ်အစိုးရအား လက်နက်နှင့် တော်လှန်မည့် နိုင်ငံရေးခေါင်းဆောင်တဦးကိုဖြစ်စေ၊ ဘိန်းကုန်သည်တဦးကိုဖြစ်စေ မျက်နှာဖြူပုလိပ်မင်းကြီး၏ ကားဒရိုင်ဘာက ပင်လယ်ကူးသင်္ဘောဆိပ်သို့ ပို့ဆောင်ပေးစေသည် ဆိုခြင်းသည် ယုံတမ်းစကားများနှင့် တူနေပေသည်။ စိတ်ကူးယဉ်ဝတ္ထုရေးဆရာများပင် ဤဇာတ်ကွက်ကို စိတ်ကူးရဲမိလေမည်မဟုတ်၊ ဆရာမောင်မောင်က ဗိုလ်နေဝင်း ပြောသည့်အတိုင်း ရေးခဲ့ရဏ်။

www.burmeseclassic.com

www.burmeseclassic.com



ကြွားဝါသည် ဖြစ်နိုင်၏။ သို့မဟုတ် အင်္ဂလိပ်အစိုးရက သူတို့၏ သူလျှိုတဦးကို ဂျပန်သွားလူငယ် နိုင်ငံရေးအဖွဲ့တွင်းသို့ လျှို့ဝှက်ထည့်သွင်းကာ ပို့ဆောင်ခြင်းဖြစ်ပေမည်။ သခင်ဗစိန်ဂျပန်သွားရန် ကြံစည်စဉ်က သတင်းပေးခဲ့သည့် သူလျှိုကို နောက်သွားမည့် အဖွဲ့တွင်နေရာရအောင် ထည့်သွင်းပေးလိုက်သည်သာ ဖြစ်လိမ့်မည်။

"မောင်ရှုမောင် ဂျပန်သို့ လိုက်ပါမှုမှာ အင်္ဂလိပ်အစိုးရ၏ လျှို့ဝှက်သူလျှိုအဖြစ် လိုက်ပါသွားသူဟုလည်း မသင်္ကာဖွယ်ဖြစ်နိုင်ပေသည်"ဟု ရဲဘော်သုံးကျိပ် အဖွဲ့ဝင် ဗိုလ်ကျော်ဇောက ပြောသည်။

နှစ်ဖက်သခင်အဖွဲ့ဝင်လူငယ်များ သင်္ဘောပေါ်ရောက်သည်နှင့် ဂျပန်သင်္ဘောသားများက သင်္ဘောဝမ်းခေါင်းတွင်းသို့ လျင်မြန်စွာ ဆွဲသွင်းကြသည်။ လှေခါးအဆင့်ဆင့် ဆင်းရင်း အောက်ဆုံး ရောက်သွားသည်။ ရန်ကုန်ဆိပ်ကမ်းကိုစောင့်သော ပုလိပ်များ၊ အင်္ဂလိပ်အစိုးရ အကောက်အရာရှိများက သင်္ဘောပေါ်တက်၍ စစ်ဆေးဆဲဖြစ်သဖြင့် ရဲဘော်များမှာ စကားပြောခွင့်ပင် မပေးသောကြောင့် တိတ်ဆိတ်နေကြရသည်။

အခန်းကကျဉ်းပြီး ပြတင်းပေါက် မရှိ၊ လေမရသောကြောင့် သူတို့ခရီးစဉ်၏ ပထမနေ့မှာ အသက်ရှူကျပ်စွာ အနေအထိုင် ခက်လှသည်။ နောက်ပိုင်း ရန်ကုန်က ခွာပြီး မြစ်ဝလွန်မှ လွတ်လပ်သော ပင်လယ်လေအရသာကို တဝကြီး ရှူရှိုက်၍ ခံစားကြရသည်။

တဖက်က သခင်စံလှိုင်၊ အခြားတဖက်မှ သခင်ထွန်းအုပ်တို့ ဦးဆောင်သည့် လူငယ်အဖွဲ့နှစ်ဖွဲ့တို့သည် မမျှော်လင့်ပဲ သင်္ဘောပေါ်တွင် တွေ့ရသဖြင့် ပထမအံ့ဩတုန်လှုပ်မိကြသော်လည်း တဖြည်းဖြည်း နားလည်မှု ရရှိကြသည်။ ဂျပန်စစ်တပ်က သခင်အုပ်စုနှစ်စုလုံးကို ဖိတ်ကြောင်း ထိုအခါမှ သိကြရသည်။ နိုင်ငံအတွက် သွေးစည်းညီညွတ်မှုက အရေးကြီးသည်ဟု စဉ်းစားမိကြပြီး ခရီးစဉ်တလျှောက်လုံး ညီညွတ်စွာ သွားခဲ့ကြသည်။ ပထမဆုံး နိုင်ငံခြားခရီး ဖြစ်သောကြောင့် ပျော်ရွှင်စွာ သွားခဲ့ကြသည်ဟု မှတ်တမ်းတင်ထားလေသည်။

■



(၃)

## စစ်ပညာသင်စဉ်က တောင်၍ နေရာအရယူပုံ

မှိုင်းသခင်များနှင့်အတူ သခင်ရှုမောင် ပါဝင်သည့် သခင်ထွန်းအုပ်ခေါင်းဆောင်သောအဖွဲ့သည် ဂျပန်ပြည်သို့ ၁၉၄၁ ခုနှစ်၊ မေလကုန်တွင် ရောက်ရှိကြသည်။ ထိုအခါတွင် စောစောက ရောက်ရှိနေသည့် လူငယ်နှစ်သုတ်မှာ ဟိုက်နံကျွန်းသို့ ရောက်ရှိကာ စစ်ပညာကိုစတင် သင်ကြားနေကြရလေပြီ။ သူတို့နှင့်အမီ ရောနှောသင်ကြားရန် ချက်ခြင်းပင် ဟိုက်နံကျွန်းသို့ ပို့လိုက်လေသည်။ ပထမနှင့် ဒုတိယအသုတ် သခင်များက နောက်ရောက်လာသူများကို ဝမ်းသာအားရ ဖက်လှဲတကင်း ကြိုဆိုကြသည်။ ကြိုဆိုပွဲကို ညစာစားပွဲနှင့် ကျင်းပကြရာ တို့ဗမာသီချင်းသံများ ဆူညံနေပေသည်ဟု ဂျပန်မှတ်တမ်းတခုက ဆို၏။

မရှေးမနှောင်းတွင်ပင် သခင်ထွန်းအုပ်၏ အဖွဲ့ဝင် သခင်အောင်သန်းနှင့် သခင်သန်းတင်သည် ထိုင်းမှတဆင့် ရောက်ရှိလာကြသည်။ ဂျပန်တွင် ပညာသင်နေသူ ကိုဆောင်းတယောက်လည်း သူသဘောအလျောက် ဝင်လာသောကြောင့် ရဲဘော်သုံးကျိပ်ပြည့်သွား၏။

ဟိုက်နံကျွန်းတွင် လူစုံသည်နှင့် ခေါင်းဆောင်အဆင့် ရွေးကြသည်။ သခင်ရှုမောင်သည် ရောက်လျှင်ရောက်ခြင်း သခင်အောင်ဆန်းအား ဂျပန်

www.burmeseclassic.com



တို့က ခေါင်းဆောင်တင်ထားသည်ကို သိရှိသည်နှင့်တပြိုင်နက် သခင်အောင်ဆန်းကို အထူးရှိသေစွာ ဆက်ဆံပြီး စေခိုင်းသမျှကိစ္စတို့ကို လျင်မြန်စွာ ပြီးစီးအောင် ဆောင်ရွက်ပေးသည်ကို အခြားရဲဘော်များက သတိပြုမိကြသည်။ ဂိုဏ်းဂဏစွဲမရှိသော သခင်အောင်ဆန်းက မျက်စိကျသဖြင့် ဗိုလ်နေဝင်းအား ခေါင်းဆောင်တဦး အဆင့်သို့တင်ပေးခဲ့သည်။

ထိုစဉ်က အရည်အသွေးနှင့် ပညာအခြေခံအရ ခေါင်းဆောင်အဆင့်ရှိသူ ဆယ်ဦးကိုရွေးကြရာ၌ သခင်ရှုမောင်ခေါ် ဗိုလ်နေဝင်း၏ အဆင့်မှာ အဆင့် ၆ တွင်ရှိသည်ဟု အဆင့် ၂၂ ရှိ ဗိုလ်ကျော်ဇောက သမိုင်းမှန်ကူကွက်များစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

| | | |
|---|---|---|
| (၁) | သခင်အောင်ဆန်း | ဗိုလ်တေဇ (စစ်ခေါင်းဆောင်) |
| (၂) | သခင်ထွန်းအုပ် | နိုင်ငံရေးခေါင်းဆောင် |
| (၃) | သခင်လှဖေ | ဗိုလ်လက်ျာ |
| (၄) | သခင်အောင်သန်း | ဗိုလ်စကြာ |
| (၅) | သခင်လှမောင် | ဗိုလ်ဇေယျ |
| (၆) | သခင်ရှုမောင် | ဗိုလ်နေဝင်း |
| (၇) | သခင်ထွန်းရှိန် | ဗိုလ်ရန်နိုင် |
| (၈) | သခင်ဗဂျမ်း | ဗိုလ်လရောင် |
| (၉) | သခင်စံလှိုင် | ဗိုလ်အောင် |
| (၁၀) | သခင်လှမြိုင် | ဗိုလ်ရန်အောင် |

ဗိုလ်နေဝင်းအား အဆင့် ၆ ရွေးချယ်သည်ကိုပင် မကျေနပ်သူများရှိကြသည်။ ယခုမှသခင်အမည်ကို ခံယူလေသူ၊ နိုင်ငံရေးအစဉ်အလာမရှိ၊ မည်သည့်နိုင်ငံရေး လှုပ်ရှားမှုတွင်မှ ပါဝင်ခြင်းမပြုခဲ့သူအား အဆင့်မြင့်စွာ မပေးသင့်ဟု တင်ပြကြသည်။ မှိုင်းသခင်များသာမက ဗစိန်ထွန်းအုပ်သခင်အုပ်စုထဲမှလည်း မကျေနပ်ကြသဖြင့် သခင်ထွန်းအုပ်အား တိုင်တန်းသူများက တိုင်တန်းကြသည်။ သခင်အောင်သန်း (ဗိုလ်စကြာ)ကလည်း ကန့်ကွက်သေးသည်။

သခင်အောင်သန်းက ဗစိန်ထွန်းအုပ်အဖွဲ့တွင် သူကသာ ဝါကြီး



သည်။ ထို့ကြောင့် သခင်ရှုမောင်အား ထိပ်တန်းစစ်ခေါင်းဆောင်မှုအတွက် လျာထားသတ်မှတ်ခြင်းသည် သူ့အားကျော်လွန်ရာ ရောက်သည်ဟု သခင်ထွန်းအုပ်အား တိုင်ကြားခဲ့သည်ဆို၏။ "ဟ အောင်သန်းရေ၊ တို့က နိုင်ငံရေးသမားတွေ စစ်တပ်မှာ ကြာကြာမနေနိုင်ပါဘူး။ တို့နဲ့လည်း မဖြစ်ပါဘူး။ ပြီးတော့လည်း ရှုမောင်ကတော့ ဝေါ်တာ်ချွန်နေတာ မင်းလည်း ဝန်ခံရမှာပဲ၊ သူ့သန်ရာကို သူတွေ့ပြီထင်ရတာပဲ"ဟု သခင်ထွန်းအုပ်က ရှင်းပြကြောင်းကို ဗိုလ်နေဝင်းစာအုပ်တွင် ရေးထား၏။

မှိုင်းသခင်များကလည်း ကန့်ကွက်ကြသည်။ ဗိုလ်နေဝင်းသည် ဂျပန်များအား ကပ်ပေါင်းကာ ရင်းနှီးလွန်းသဖြင့် ရာထူးအဆင့်မြင့်စွာ မပေးသင့်ဟု အကြောင်းပြပြီး မိမိတို့အဖွဲ့အတွင်းတွင် ကန့်ကွက်တိုင်တန်းကြသည်။

ဗိုလ်နေဝင်းကမူ မိမိရရှိထားသည့် အဆင့် ၆ မှ အထက်အဆင့်များသို့ တက်နိုင်ရန်အတွက် ဆက်လက်ကြိုးစားခဲ့သည်။ ထိုသင်တန်းတလျှောက်လုံး ဗိုလ်အောင်ဆန်းအလိုကျ နေထိုင်ပြီး ဗိုလ်အောင်ဆန်းခိုင်းသမျှကို ဖြစ်မြောက်အောင် ကြိုးစားလုပ်ဆောင်လေ့ရှိသဖြင့် အဆင့် ၅ အထိ တက်ခဲ့သည်။ မြန်မာအစုတွင် ခေါင်းဆောင်အလိုကျလုပ်သည်ထက် ဂျပန်ဆရာများနှင့် အရာရှိများအား ပိုမိုရိုကျိုးသူလည်း ဖြစ်သည်။

ဂျပန်သင်တန်းဆရာဖြစ်သူ တပ်စုမှူးအိဇုမိယတတ်စုရိုက မှတ်တမ်းတင်ရာ၌ ထိုစဉ်က သခင်ရှုမောင်အား ပထမတွေ့လျှင်တွေ့ခြင်း "နုနယ်အားပျော့သော လူငယ်တဦးအဖြစ် မြင်မိသည်။ ထို့ကြောင့် အထင်မကြီးမိပေ"ဟု ရေးသားသည်။ နောက်ပိုင်းတွင်မူ မိမိအထင်မှားခဲ့သည်ဟု ရေး၏။ လေ့ကျင့်ပေးရန် သူတာဝန်ကျသော ရဲဘော် ၁၁ ဦးတွင် တဦးဖြစ်သူ သခင်ရှုမောင်သည် "လျင်မြန်သည်၊ နားလည်လွယ်သည် ကျွန်ုပ်တော်ပြောလိုသည်တို့ကို သခင်ရှုမောင်က ကျန်လူများအား ကျွန်တော့်ကိုယ်စား နားလည်အောင် ရှင်းပြပေးနိုင်သည်။ စစ်ပညာကိုလည်း ကောင်းစွာ လေ့ကျင့်နိုင်ပေသည်" ဟုရေးသည်။ ဗိုလ်နေဝင်းသည် သတ်ဖြတ် ရဲသူဖြစ်ကြောင်းကိုလည်း ဂျပန်က အံ့သြချီးကျူးမိသည်ဟု ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဝိုးသဖြင့် လုံ့စွပ်တိုက်ပွဲ သင်တန်းတွင် ကြောက်မက်ဖွယ်ကောင်းအောင် ထိုးသတ်နိုင်သည်။ ဤမျှငယ်ရွယ်နုနယ်သူက ဤနယ်တိုက်ရဲ သတ်ရဲသည်ကို ကျွန်တော်တို့ အံ့ဩမိကြသည်"ဟု ဂျပန်ဘာသာနှင့် ရေးသည့် မိနာမီ၏ မူလစာအုပ်တွင် ဖော်ပြထားသည်။

ဗိုလ်နေဝင်းသည်သာမဟုတ် စစ်ပညာသင်မြန်မာလူငယ်အားလုံးတို့သည် ရဲရင့်ပြီးဖွဲ့ကြီးကြသည်။ ကြိုးစားကြသည်ဟုလည်း သူကရေးသားသည်။ တခါတရံပူပြင်းသော နေအရှိန်ကြောင့် နွေးကွေးကြသည်ကို သတိထားမိသည့် ဆရာများက "ဒီလိုနည်းနဲ့ အင်္ဂလိပ်ကို တိုက်ထုတ်နိုင်မယ်ထင်ကြသလား၊ မင်းတို့က ဒီလောက်နုနေလျှင် ဘယ်လိုလွတ်လပ်ရေးယူကြမှာလဲ"ဟု အော်ဟစ်လျှင် မခံချင်ကြသဖြင့် ကြိုးစားကြသည် စသည်ဖြင့် ရေးသားထား၏။

ထိုစာအုပ်ရေးသူတပ်စုမှူးတတ်စုရှိသည် ရဲဘော်သုံးကျိပ်တို့နှင့်အတူ မြန်မာပြည်တိုက်ပွဲတွင် ပါဝင်ခဲ့ရာ နောက်ပိုင်းတွင် ဗိုလ်ကြီးရာထူးအထိတက်ခဲ့၏။ စစ်ပြီးခေတ်တွင် မြန်မာနိုင်ငံ၏ စစ်လျော်ကြေးမစ်ရှင်တွင် ၁၉၅၆ ခုမှစတင်ပြီး ဆယ်နှစ်ခန့် အမှုထမ်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် စီးပွားရေးကုမ္ပဏီတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ ၁၉၈၁ ခုနှစ်က မြန်မာပြည်မဆလ အစိုးရဝန်ကြီးချုပ် ဦးနေဝင်းက သူ့အား မြန်မာပြည်သို့ ဖိတ်ခေါ်ကာ အောင်ဆန်းတံခွန် ရွှေတံဆိပ်ဆုကြီးပေးခဲ့သည်။

မိနာမိတပ်ဖွဲ့ဟူသည်မှာ ထောက်လှမ်းရေးတပ်ဖွဲ့ဖြစ်သည်။ ဂျပန်စစ်ဗိုလ်ချုပ်များသည် အမေရိကန်ကို တိုက်မည်၊ အာရှကို သိမ်းပိုက်မည်ဟူသော ရည်မှန်းချက်ကို ၁၉၃၀ ပြည့်နှစ်ခန့်က ချမှတ်ကာ အမေရိကန်သို့သာမက အာရှနိုင်ငံများသို့ပါ သူလျှိုများပို့ခဲ့သည်။ ဗိုလ်ကြီးအဆင့်နှင့် စတင်ခဲ့သူ မိနာမိ (သို့မဟုတ်) ဗိုလ်မှူးကြီးစူဇူကီးအား ယိုမိုရီသတင်းစာတိုက်၏ သူ့တင်းထောက် ဟန်ဆောင်ကာ မြန်မာပြည်သို့ ပို့ထားခဲ့သည်။

"ဂျပန်ဘုရင်အား လက်ဆောင်တခု တင်ဆက်မည်၊ ထိုလက်ဆောင်သည် ပန်းသစ်သီးမဟုတ်၊ နိုင်ငံတနိုင်ငံ ဖြစ်ရမည်"ဟု မှတ်တမ်းရေး၍ မြန်မာနိုင်ငံကို ကျွန်ပြုကာ ဂျပန်ဘုရင်အား ပဏ္ဏာတော်အဖြစ်



ဆက်သရန် သံဓိဋ္ဌာန်ပြုထားပြီး သူ၏စီမံကိန်းအတွက် မြန်မာလူငယ်များကို စည်းရုံးရန် အစီအစဉ်ရေးသား ကြံစည်ခဲ့သူဖြစ်သည်။ အစောပိုင်းတွင် သူ၏စီမံကိန်းကို စစ်ရုံးချုပ်က လက်မခံခဲ့သဖြင့် စီမံကိန်းအတွက် ဘဏ္ဍာငွေကို ဂျပန်အရင်းရှင်ကြီးများထံမှ အလှူခံခဲ့ရသည်။

အင်္ဂလိပ်အစိုးရက တရုတ်ဗမာလမ်းကြီးကို ဖောက်လုပ်၍ တရုတ်ပြည်သို့ အမေရိကန်လက်နက်များ ပေးပို့သောအခါ မြန်မာနိုင်ငံကို အမြန်သိမ်းရန် အရေးတကြီး စဉ်းစားကြသည်။ ဤတွင်မှ အင်္ဂလိပ်ကို တိုက်လိုသော မြန်မာမျိုးချစ်လူငယ်များကို သိမ်းသွင်း၍ စစ်ပညာသင်ပေးရန် စီစဉ်သော မိနာမိစီမံကိန်းကို စစ်ရုံးချုပ်က သဘောတူသဖြင့် ဖွဲ့စည်းသော တပ်ဖွဲ့ ဖြစ်သည်။ ဂျပန်တပ်မတော်ကြီး၏ မြန်မာနိုင်ငံ စစ်ဆင်ရေး အသင့်ဖြစ်သောအခါ မိနာမိ ဗိုလ်မှူးကြီးစူဇူကီး ကွပ်ကဲသော မိနာမိရဲဘော်တို့အား အင်ဒိုချိုင်းနားမှတဆင့် ထိုင်းနိုင်ငံသို့ ပို့ခဲ့သည်။

၁၉၄၁ ခု ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဗမာလွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပြီး မြန်မာပြည်တွင်းသို့ ဂျပန်တပ်များနှင့်အတူ ချီတက်စေခဲ့သည်။ အားလုံးတို့ စစ်မြေပြင်ကိုဖြတ်၍ ချီကြရသည်။ ခုခံသော အင်္ဂလိပ်တပ်များကို တိုက်ခိုက်ချီတက်ကြရသည်။ တိုက်ပွဲများဆင်နွှဲကြရ သည်။ ဗိုလ်ရန်နိုင်က နာမည်ကျော်ရွှေတောင်တိုက်ပွဲကို ရဲရဲတော်ဆင်နွှဲခဲ့ သည်။ ထူးကြီးတိုက်ပွဲတွင် ဗိုလ်မိုး၊ ဖာပွန်တွင် ဗိုလ်ညာဏနှင့် ရွှေကျင်တွင် ဗိုလ်စောအောင်တို့ ကျဆုံးခဲ့ရသည်။

စစ်သင်တန်းတွင် သင်ကြားစဉ်က ကင်ပေတိုင် စစ်စုံထောက်တပ်မှ နည်းပြဆရာက ဗိုလ်နေဝင်းကို စစ်စုံထောက်ပညာ သင်ကြားပေးထားသဖြင့် ဂျပန်စစ်ဗိုလ်များက သီးခြားတာဝန်ပေးသည်။ ဗိုလ်နေဝင်းအား စစ်တပ်များ မဝင်မီ မြန်မာနိုင်ငံတွင်းသို့ တင်ကြို၍ လျှို့ဝှက် ဝင်ရောက်စေပြီး တော်လှန်ရန် ပြင်ဆင်နေသူများနှင့် အဆက်အသွယ်ရယူကာ အင်္ဂလိပ်တပ်များကို အနှောင့်အယှက်ပြုရန် ဦးစွာစေလွှတ်ခဲ့လေသည်။

ဗိုလ်နေဝင်း၊ ဗိုလ်တာရာ၊ ဗိုလ်မိုးညို၊ ဗိုလ်လင်းယုံတို့အဖွဲ့တွင် အဖွဲ့ဝင် လေးဦးပါ အစုရှစ်ဦး ရှိသည်။ အသေးစား ပစ္စတိုသေနတ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး ၁၀၀ နှင့် ယမ်းဘီလူးဖောက်ခွဲရန် လက်နက်မျိုးစုံ ပေးလိုက်သည်။ စားစရိတ် အိန္ဒိယရူပီးငွေကျပ် ၃၀၀၀ဝ ပေးလိုက်သည်။ မြန်မာပြည်တွင်း ဝင်မိသောအခါ ဗိုလ်တာရာတို့လေးဦးက ပျဉ်းမနား၊ ပြည်မြို့နှင့် ပဲခူးသို့သွားရန် လူစုခွဲလိုက်ကြသည်။

ဗိုလ်နေဝင်းသည် မြန်မာပြည်တွင်းသို့ စောစီးစွာရောက်ခဲ့သည်။ ရန်ကုန်မြို့တွင်းသို့ မီးရထားစီးကာ ခရီးသည်တဦးအဖြစ် ဝင်နိုင်ခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့က ရန်ကုန်ဘူတာမှအဆင်းတွင် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်း၍ဆင်းခဲ့ရာ၌ အနှောင့်အယှက် မတွေ့ရကြောင်း၊ မြို့တွင်းရှိ အသိမိတ်ဆွေများကို ရှာဖွေရာ အချို့ကိုသာ တွေ့ရကြောင်း၊ မြေအောက် ခေါင်းဆောင်ကိုကျော်ငြိမ်းနှင့်တွေ့မှ မြေအောက်အဖွဲ့ဝင်များနှင့် တွေ့ရကြောင်း သူက မှတ်တမ်းတင်ခဲ့သည်။

အင်္ဂလိပ်ကို နှောင့်ယှက်ရန် စေလွှတ်လိုက်သည်ဆိုသော်လည်း ဗိုလ်နေဝင်းနှင့် အဖွဲ့ဖောက်ခွဲမှုမပြု၊ ကျည်ဆံတတောင့်မပစ်ဘဲ မြေအောက် နိုင်ငံရေးအဖွဲ့များထံ သွားရောက်ဆက်သွယ်၍ ပုန်းရှောင်နေထိုင်ခဲ့သည်။

"ဖေဖော်ဝါရီလကုန်က ဘောက်ထော်ဘက် မြို့ကြီးတမြို့ထဲမှ အိမ်ကြီးတအိမ်သို့ သွားခဲ့သည်။ ထိုအိမ်အပေါ်ထပ်တွင် သခင်ချစ်၊ ဆရာကိုလှမောင်နှင့် ကိုရွှေတုပ်တို့ကို တွေ့ရသည်။ စစ်ရေးအရ ခေါင်းဆောင် ဦးစီးရန် ဂျပန်ပြည်မှ ပြန်ရောက်နေသာ သခင်ရှုမောင်ဆိုသူကိုလည်း တွေ့ရသည်။ သခင်ထွန်းအုပ်ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင် တဦးဖြစ်ကြောင်း၊ စစ်ဘက်ဘွဲ့အမည်မှာ ဗိုလ်နေဝင်းဖြစ်ကြောင်း သိရသည်။ အသားဖြူဖြူ အရပ်အမောင်း ထောင်ထောင်မောင်းမောင်း၊ ဥပဓိရုပ်ကောင်းသူဖြစ်သည်။ စကားပြောရာတွင် အားတက်သရော ပြောနိုင်သည်"ဟု နိုင်ငံရေးလောက၌ မမြင်ဖူးသူ၏အကြောင်းကို သခင်တင်မြ၏ ဘုံဘဝမှာဖြင့် စာအုပ်တွင် ဖော်ပြထားသည်။

ဗိုလ်နေဝင်းသည် မြေအောက်ပြောက်ကြား လှုပ်ရှားမှု ပြုလုပ်နေသော ကိုကျော်ငြိမ်းတို့အစုနှင့် အဖော်လိုက်ကာ အကူအညီပေးသည်ဟု သိရကြောင်း၊ ဗိုလ်နေဝင်းနှင့် ပါလာသည့် သေနတ်ကလေးများမှ တလက်



ဝေပေးကြောင်း၊ မိမိလည်း သေနတ်တလက်ရရှိပြီးနောက် ရေနံချောင်း ပခုက္ကူဒေသသို့သွားရန် သခင်ချစ်က တာဝန်ပေးသဖြင့် လမ်းခွဲခဲ့ကြောင်းနှင့် သခင်တင်မြက ရေးသားသည်။

ရန်ကုန်သို့ ဖေဖော်ဝါရီလ ၂ ရက်နေ့က တစ်လကျော် တင်ကြို ရောက်ခဲ့စေကာမူ အချိန်မရှိသဖြင့် ဗိုလ်နေဝင်းမှာ အင်္ဂလိပ် တိုက်ခိုက်ရေး လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေဟု ဗိုလ်မှူးချုပ်မောင်မောင်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော မြန်မာအမျိုးသားလှုပ်ရှားမှု စာအုပ်တွင် ရေးသားသည်။ ၁၉၄၀ ခု မတ်လ ၈ရက်နေ့ နံနက်အာရုံတက်အချိန်တွင် ဂျပန်တပ်မတော်မှ ဗိုလ်မှူးကြီးဆာကူးမား ကွပ်ကဲသောတပ်များသည် မင်္ဂလာဒုံလေဆိပ်မှ ဝင်လာပြီး ရန်ကုန်မြို့ကို သိမ်းနိုင်ခဲ့သည်။ မရှေးမနှောင်းတွင်ပင် ဗမာ့လွတ်လပ်ရေး တပ်မတော်မှ တပ်အချို့လည်း ရန်ကုန်သို့ရောက်လာကြသောအခါတွင်မှ ဗိုလ်နေဝင်းက တပ်သို့ပြန်ဝင်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာ့လွတ်လပ်ရေး တပ်မတော်သားများ ရန်ကုန်တွင် စုရုံးမိသောအခါ အထက်ဗမာပြည်သို့ ချီတက်ရန် တာဝန်ယူကြရသည်။ ရန်ကုန်ကိုသိမ်းပြီးနောက် အထက်ဗမာပြည်ရှိ အင်္ဂလိပ်တပ်များနှင့် ချန်ကေရှိတ်တရုတ်တပ်များကို တိုက်ခိုက်ရန် ချီတက်လာသော ဂျပန်စစ်တပ်များနှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်များလည်း လိုက်ပါသွားကြရသည်။ ထိုအချိန်တွင် ဗိုလ်နေဝင်းရာထူး တက်ပြန်သည်။ စောစောက အဆင့် ၆ ရှိခဲ့ရာမှ အဆင့် ၅ သို့ တက်ခဲ့လေသည်။ စောစောက ဗိုလ်ဇေယျ၏အောက်တွင်ရှိရာမှ ဗိုလ်ဇေယျနှင့် အဆင့်တူဖြစ်လာသည်။

အထက်ဗမာပြည်သို့ချီသော ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းပုံတွင် ဗိုလ်ချုပ်အောင်ဆန်းက စစ်သေနာပတိ၊ ဗိုလ်မှူးကြီးလက်ျာက ဒုတိယစစ်သေနာပတိ၊ ဗိုလ်မှူးကြီးဇေယျက တပ်မ(၁)မှူး၊ ဗိုလ်မှူးကြီးနေဝင်းက တပ်မ(၂)မှူးအဖြစ် ဦးစီးဖွဲ့ခဲ့သည်။ မြေအောက်တော်လှန်ရေး ခေါင်းဆောင်ကိုကျော်ငြိမ်း၏ ထောက်ခံချက်ဖြင့် အဆင့်တက်ခဲ့ကြောင်း သိရသည်။

အညာဒေသချီသောအချိန်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



သည့် ပြည်သူတို့လွတ်လပ်ရေးကို အသက်ပေး၍ တိုက်ခိုက်သော အဖွဲ့အစည်းအဖြစ်မှ လူထုကိုညှဉ်းဆဲသတ်ဖြတ်သော ဗမာလူထု၏ ရန်သူများအဖြစ်သို့ ဂုဏ်သိက္ခာ နိမ့်ကျသွားလေတော့သည်။

"မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက်သော ဂျပန်စစ်တပ်များနှင့်အတူ ရဲဘော်သုံးကျိပ်ခေါင်းဆောင်လာသော ဘီအိုင်အေ ဗမာ့လွတ်မြောက်ရေး တပ်မတော်လည်း ပါလာခဲ့သည်။ တိုက်ပွဲအချို့တွင် ပါဝင်ဆင်နွှဲခဲ့သည်။ သတ္တိ ပြနိုင်ကြစေကာမူ စစ်ပညာ ကျွမ်းကျင်မှု မပါခဲ့ပေ။ ထိုင်းနိုင်ငံမှ စတင်ပြီး စုဆောင်းခဲ့သော တပ်သားတို့မှာ ချက်ခြင်းပင် အင်အား ၅၀၀၀ ကျော် လာပါသည်။ ကျောင်းသားများ၊ နိုင်ငံရေးသမားများ၊ ဆရာများ စသည်တို့အပြင် လူဆိုးသူဆိုးများလည်း ပါဝင်သဖြင့် များစွာသော ရက်စက်စွာ သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည်"ဟု ဒေါက်တာ မောင်မောင်က အင်္ဂလိပ်ဘာသာဖြင့် ရေးသည့် Burma in the Family of Nations စာအုပ်တွင် ရေးသား ခဲ့သည်။

"ကံမကောင်း အကြောင်းမလှသဖြင့် ကရင်လူမျိုးစုများနှင့် ထိပ်တိုက်တွေ့ခဲ့ကြရပါသည်။ ဂျပန်တို့ လက်အောက်ရောက်ရှိသော မြို့များတွင် ဘီအိုင်အေနှင့် သခင်များပေါင်းကာ ငြိမ်းချမ်းရေးကော်မတီများ ဖွဲ့စည်းပြီး မြို့နယ်များကို အုပ်ချုပ်ကြသည်။ ရပ်ရွာအေးချမ်းရေးအတွက် သူခိုးများ ဓားပြများ၊ လူသတ်သမားများနှင့် (အင်္ဂလိပ် သူလျှိုဟု ယိုးစွပ်သူ) စပိုင်များကို ရက်စက်စွာ ကွပ်မျက်ခဲ့သည်။ ခုံရုံးတင်ကာ စစ်ဆေးစီရင်သည်ဆို စေကာမူ တရားဥပဒေနည်းလမ်းကျသော တရားရုံးများ မဟုတ်ပေ"ဟု လည်း မှတ်တမ်းတင်လေသည်။

ဘီအိုင်အေတို့အကြောင်းကို အသိဆုံးပုဂ္ဂိုလ်တဦးဖြစ်သူ ဗိုလ်နေဝင်းက သူ၏စာအုပ်တွင် "ရှည်လျားသော စစ်ချီခရီးကြီးတွင် ဘီအိုင်အေသည် အင်အား ၂၃၀၀၀ အထိ ရှိလာခဲ့သည်။ တပ်မတော်ကို လူကောင်းများရော လူဆိုးများပါ စိတ်ဝင်စားကြသည်။ ဖိနှိပ်ခံ မကျေမနပ် ဖြစ်နေသူများလည်း ပါဝင်လာသည်။ အာဏာယစ်မူးလာကြသောအခါ စေတနာလွန်ကဲမှုများ၊ အမြင်တိုမှုများတို့ကြောင့် တပ်တို့သည် ခြေလွန်



လက်လွန် ဖြစ်လာကြသည်။ အမှားများကို ကျူးလွန်မိကြသည်။ တရားမျှတမှုကို အခဆောတလျှင် ဆောင်ရွက်ရာတွင် သွေးအေးအေးနှင့် ရက်စက် ကြမ်းကြုတ်မှုများကို ကျူးလွန်မိကြသည်။ အရုပ်အဆိုးဆုံးအမှုမှာ မြစ်ဝ ကျွန်းပေါ်တွင် ဖြစ်ပွားခဲ့သည်" စသဖြင့် ဖြောင့်ချက်ပေးခဲ့ပြီးမှ "သို့ပင် သို့ညားသော်လည်း ဘီအိုင်အေ အုပ်ချုပ်သူများက စည်းကမ်းကို ထိမ်းနိုင် ခဲ့ပေသည်။ တပ်တို့သည် လူထု၏အသက်စည်းစိမ်များကို ကာကွယ်ကာ တရားဥပဒေစိုးမိုးရန် ဆောင်ရွက်သဖြင့် လူထုက ကျေနပ်ခဲ့သည်။ ဘီအိုင် အေသည် ခေါင်းကိုမော့ကာ ဂုဏ်ယူနိုင်ခဲ့ပေသည်"ဟု ဂုဏ်ယူခဲ့ပြန်သည်။

နောက်ဆုံးတွင် ၁၉၄၂ ခု၊ ဇွန်လ ၅ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းက လက်မှတ်ထိုး၍ "ဘီအိုင်အေများ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ကိစ္စကို ဆောင်ရွက်ခြင်းမပြုရ"ဟု အမိန့်ထုတ်ရလေသည်။

သို့သော်လည်း တပ်ဗိုလ်များနှင့် တပ်သားများသည် လူထုအား ညှဉ်းဆဲမှုများ ဆက်လက်ပြုကျင့်နေကြသဖြင့် ဂျပန်တပ်မတော်က ဝင်ရောက် အရေးယူသည်။ ဗမာ့တပ်မတော် တခုလုံးကို ဖျက်သိမ်းစေဟု ဇူလိုင် ၂၄ ရက်နေ့တွင် အမိန့်ထုတ်တော့သည်။

ဘီအိုင်အေတပ်များကို ဖျက်ရာ၌ နာမည်အပျက်ဆုံးဖြစ်သော ဗိုလ်နေဝင်း၏ တပ်ရင်းမှ စတင်ဖျက်ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာကွပ်ကဲသော တပ်တို့သည် သန့်ရှင်းသည့် တပ်များဖြစ်သဖြင့် ယင်းတပ်များကို မဖျက်စေပဲ ဆက်လက်ထားရှိရန် ခွင့်ပြုခဲ့သည်။

ဂျပန်ဖက်ဆစ်စစ်တပ်တို့သည် သူတို့ချီလေသမျှ စစ်မြေပြင်များ တွင် အရပ်သားများကို ရက်စက်စွာ သတ်ဖြတ်ညှဉ်းဆဲမှု အပြုဆုံးဟု ကမ္ဘာက အသိအမှတ်ပြုထား၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ဆိုးရွား ရက်စက်မှုများကို ဂျပန်ဖက်ဆစ်များပင် မကြည့်ရက်နိုင်သဖြင့် ဖျက်သိမ်းရ သည်ကို ထောက်ရှု၍ ရမ်းကားမှု အတိုင်းအတာကို ခန့်မှန်းနိုင်ကြပေသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်၏ သက်တမ်းမှာ ၇ လပင်မပြည့်ဘဲ ၂၃၁ ရက်သားနှင့် စုတေစိတ်ကျရရှာ၏။

တပ်ပျက်ကို တလကြာခန့် ပြန်လည်စိစစ်ပြီး နောက်ထပ်အင်အား

www.burmeseclassic.com

www.burmeseclassic.com



၅၀၀၀ဝခန့်နှင့် မြန်မာ့ကာကွယ်ရေး တပ်မတော်ဟု ၁၉၄၂ ဩဂုတ်လ ၂၆ ရက်နေ့တွင် အသစ်ဖွဲ့စည်းခဲ့သည်။ တဖန် ၁၉၄၅ ခုနှစ်တွင် မြန်မာအမျိုးသား တပ်မတော်ဟု ပြောင်းလဲသည်။ ထိုမှ ဂျပန်တော်လှန်ရေးခေတ်တွင် မြန်မာမျိုးချစ်တပ်မတော်ဟု ပြင်ဆင်ဖွဲ့ခဲ့သည်။

ဗိုလ်နေဝင်းသည် ဂျပန်လက်အောက် တပ်မတော်တွင် အထက်ပိုင်း ရာထူးရရှိရန် အမျိုးမျိုးအားထုတ်သည်။

သို့သော်လည်း လောင်းကစားခြင်း၊ မိန်းမလိုက်စားခြင်း၊ စာရိတ္တချို့ယွင်းမှုတို့ကို ဗိုလ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့က မြင်တွေ့ကြရသောကြောင့် သူ၏ရာထူးမှာ တက်ချီကျချီ ဖြစ်နေခဲ့လေသည်။

■



(၄)

## စိတ်မရှုရသဖြင့် ဂျပန်တော်လှန်ရေး၌ ဝိုင်းပယ်ခံရ၏

၁၉၄၃ ခုနှစ်တွင် ဂျပန်စစ်တပ်က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန်အတွက် စီစဉ်ကြသောအခါ လွတ်လပ်သော နိုင်ငံ၏အစိုးရပုံသဏ္ဍာန်ကို ရေးဆွဲကြရလေသည်။ စစ်မှန်သည့် လွတ်လပ်ရေးမဟုတ်သည်ကို သိရှိကြသော်လည်း ရနိုင်သမျှ အာဏာကို ရေးဆစ်ယူကြရင်း စစ်တပ်အင်အားစုများနှင့် နိုင်ငံရေးအင်အားစုများ ရာထူးခွဲဝေကြလေသည်။ ထိုအခါ မိမိနေရာကောင်း ရရှိရေးအတွက် အကွက်ကောင်းကို စောင့်နေလေ့ရှိသူ ဗိုလ်နေဝင်းသည် သူ၏ဆရာဖြစ်သူ သခင်ဗစိန်နှင့် အဖွဲ့ခေါင်းဆောင် သခင်ထွန်းအုပ်တို့ထံ အပူကပ်ခဲ့သည်။

ရာထူးခွဲဝေပွဲ၌ ဒေါက်တာဗမော်က အဓိပတိအဖြစ် ဦးစီးသဖြင့် သခင်ထွန်းအုပ်တို့ အုပ်စုဝင်များမှာ ဖယ်ရှားခံရသည်။ ဒေါက်တာဗမော်၏ မဟာဗမာတို့နှင့် မှိုင်းသခင်များသာ နေရာအများဆုံး ရကြသည်။ ထိုအကြောင်းပြချက်အရ သခင်ထွန်းအုပ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့အား တွေ့ဆုံ၍ မိမိအဖွဲ့ဝင် ဗိုလ်နေဝင်းအား တပ်မတော်၌ တပ်၏အမြင့်ဆုံး ရာထူးကို ပေးသင့်ကြောင်း တောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရဖွဲ့စည်းပုံ အသစ်အရ ဗိုလ်ချုပ်အောင်ဆန်းအား စစ်ဝန်ကြီး အမည်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ဩဂုတ်လ ၁ ရက် လွတ်လပ်ရေး နေ့မှ စတင်ခန့်ထားခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂိုဏ်းဂဏစိတ် ကင်းရှင်းသူ ဖြစ်သဖြင့် အစိုးရအဖွဲ့မှ ရှောင်ရှားရကာ စက်ာပူအထိ လွင့် သွားသူ သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့၏ မျက်နှာကို ထောက်ထား၍ သူတို့အဖွဲ့ဝင် ဗိုလ်နေဝင်း၏ ရာထူးကို တိုးမြှင့်ပေးခဲ့လေသည်။

ဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီးဌာန စစ်ဝန်ကြီးရုံးတွင် စစ် ဦးစီးချုပ်အဖြစ် ခန့်ထားလိုက်သည်။ ဗိုလ်နေဝင်း၏ စရိုက်ကို သိရှိစပြုလာ သူ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းအား ကြီးမားသော ရာထူးကိုပေး သည်မှာ မိမိ၏မျက်စေ့အောက်တွင် အမြဲရှိနေစေရန်၊ တနည်းအားဖြင့် အမြဲထိန်းနိုင်ရန် နေရာပေးသည် ဖြစ်လေသည်။

လူများအထင်ကြီးမှုကို ဝါဒဖြန့်၍ ရယူရန် အရေးကြီးကြောင်း သိရှိသူဗိုလ်နေဝင်းသည် အဆင့်မြင့်ရာထူးကို ရရှိသည်နှင့် ကိုယ်ရည်သွေး တော့သည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်နေပြည်တော်၊ ပြည်လမ်း၊ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဗဟိုဌာနရုံးသို့ နိပ္ပွန်မြန်မာသတင်းစာ ဆရာများအား ဖိတ်ကြားကာ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။ ထို သတင်းကို မြန်မာသတင်းစာများက ဖော်ပြရာတွင် သူပြောသည်တို့ကို အသေးစိတ် ပြည့်စုံစွာ ဖော်ပြခြင်း မပြုကြသဖြင့် များစွာ စိတ်ဆိုးခဲ့ကာ ချက်ခြင်းပင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ဦးသောင်းညွန့်အား ဆင့်ခေါ်၍ ကြိမ်းမောင်းသည်။ အယ်ဒီတာက ထိုနေ့သတင်းစာ၌ အဓိပတိ ဒေါက်တာဗမော်၏ မိန့်ခွန်းနှင့်လွတ်လပ်ရေးပွဲ သတင်းများကြောင့် နေရာ မရှိသဖြင့် ပြည့်စုံစွာဖော်ပြခြင်း မပြုခဲ့ရပါဟု တောင်းပန်ရသည်။

သူက လက်မခံပဲ သူပြောခဲ့သမျှကို အသေးစိတ် ထပ်မံဖော်ပြ ရမည်ဟု အမိန့်ပေးသဖြင့် ဩဂုတ်လ ၁၀ ရက်နေ့ မြန်မာ့အလင်း သတင်း စာတွင် အပြည့်အစုံ ထပ်မံဖော်ပြပေးရသည်။

အရပ်မြင့်မြင့် တည်ကြည်ခန့်ညား ယောက်ျားပီသ ဗလကောင်း သော ဗိုလ်ချုပ်ကြီးကာနယ်နေဝင်းအား နိပ္ပွန်သတင်းစာ ဓာတ်ပုံဆရာများက



မကြာခဏ ဓာတ်ပုံရိုက်ယူကြောင်းမှ စတင်ဖော်ပြပေးရပြီး ဗိုလ်နေဝင်း ညွှန်ကြားသည့်အတိုင်း "ဗမာ့စစ်ဗိုလ်စစ်သားတွေဟာ နိပ္ပွန်စစ်ဝိဇ္ဇာဆရာကြီး များထံမှ စစ်ပညာကို လေ့လာသင်ကြားထားလို့ နိပ္ပွန်တို့ရဲ့ ဖွဲ့သတ္တိ စိတ်ဓာတ်ဟာ ဗမာစစ်ဗိုလ်စစ်သားတွေကိုလည်း ဖန်တီးပြုပြင်ထားပါတယ်။ နိပ္ပွန်တပ်မတော်များဟာ ခုခံတဲ့ဘက်က မနေပဲ အမြဲတိုက်စစ်ဘက်ကသာ နေခဲ့လို့ နိပ္ပွန်တို့လိုဘဲ ဗမာစစ်တပ်ကြီးလည်း ခံစစ်မဟုတ် တိုက်စစ်ဆင် မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိခဲ့တာမို့ ဗမာ့ကာကွယ်ရေး တပ်မတော်နာမည်မှ ကာကွယ်ရေးဆိုတဲ့ စကားကိုဖြုတ်ပယ် ပြုပြင်ဖို့လိုပါတယ်"စသည်ဖြင့် ဂျပန် စစ်တပ်အား ချီးကျူးဂုဏ်တင်ပြောဆိုချက်တို့ကို ဖော်ပြပေးရလေသည်။

ဂျပန်က ကတိမတည်ပဲ လွတ်လပ်ရေးအတုကိုသာ ပေးသဖြင့် ဒေါသူပုန်ထနေကြသည့် အခြားရဲဘော်သုံးကျိပ်ခေါင်းဆောင်များသည် ဗိုလ်နေဝင်းက ဂျပန်ကို ဂုဏ်မြှင့်ပြောသည်ကို မကျေနပ်သဖြင့် ဗိုလ်ချုပ် အောင်ဆန်းအား တိုင်တန်းကန့်ကွက်ကြသေး၏။ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းအား အရေးမယူပဲ မကျေနပ်သူတို့ကိုသာ ဖြေသိမ့်ခဲ့လေသည်။ အကယ်၍ ဂျပန်စစ်တပ်ကို ဂုဏ်တင်သဖြင့် အရေးယူပါလျှင် ဗိုလ်နေဝင်းက ဂျပန်စစ်တပ်သို့ တိုင်တန်းမည်မှာ သေချာသည်။

နောက်ပိုင်းတွင် ဗိုလ်နေဝင်းက ခြေသွက်လာသည်။ ဗိုလ်ချုပ် အောင်ဆန်းအား ဖယ်ရှားရန် ကြံစည်သည်အထိ ခြေလှမ်းကြဲလာသဖြင့် ၁၉၄၃ ခု နှစ်ဆန်းတွင် စစ်ဦးစီးချုပ်ရာထူးမှဖယ်ကာ ဗိုလ်ဇေယျအား အစားထိုးခန့်ထားလိုက်သည်။ ဗိုလ်နေဝင်းအား တပ်မတော်၏ ရိက္ခာနှင့် ပစ္စည်းထောက်ပံ့ရေး ဌာနကြီးမှူးရာထူးသို့ ရွှေ့လိုက်လေသည်။

ထိုသို့ ရာထူးချခံရသည်ကို ဗိုလ်နေဝင်းက ဆတ်ဆတ်ခါနာကျည်း သည်။ ထို့ကြောင့် မိမိအား တာဝန်ပေးသည့် ရုံးသို့ပင်မတက်တော့ပဲ ထိုစဥ်က မြေနီကုန်းမှ ဦးဟန်ရှိန်၏ ကားပြင်ရုံတခုရှိ ဖဲဝိုင်းများတွင်သာ အချိန်ဖြုန်းနေခဲ့သည်ဟု ဗိုလ်ကျော်ဇော၏ မှတ်တမ်းတွင် ဖော်ပြထား၏။

ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းကိုပင် အန်တုရန်စီစဥ်နိုင်ခဲ့ သည်မှာ ဗမာ့တပ်မတော် ရန်ကုန်ရောက်မှ တပ်တွင်းဝင်လာသူ လူငယ်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ကလေးနှစ်ဦးတို့၏စနက် ဖြစ်သည်။ သူတို့နှစ်ဦးမှာ ဗိုလ်အောင်ကြီးနှင့် ဗိုလ်မောင်မောင်။

ဗိုလ်အောင်ကြီးနှင့် ဗိုလ်မောင်မောင်တို့သည် ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် တက္ကသိုလ်ကျောင်းသား လှုပ်ရှားမှုများကို မီလိုက်သူများ မဟုတ်ကြပေ။ တို့ဗမာအစည်းအရုံးဝင် သခင်များလည်း မဟုတ်ကြ၊ ကိုကျော်ငြိမ်း ခေါင်းဆောင်သော မြေအောက်အဖွဲ့ဝင်များ ဖြစ်ကြသည်။ Underground ဟု အင်္ဂလိပ်ဘာသာဖြင့် အမည်ယူ၍ ကျဉ်းမြောင်းသည့် အုပ်စုကလေး ဖွဲ့ထားသည့် ကျောင်းသားလူငယ်များ ဖြစ်ကြသည်။ ဂျပန်မဝင်မီက ဗမာပြည်အရပ်ရပ်၌ ကျောင်းသားများထံသို့ လျှို့ဝှက်ဝေငှသော ပြောက်ကြားစစ်ဆင်နည်း၊ သေနတ်ပစ်ခတ်နည်း၊ လက်ပစ်ဗုံးခွဲနည်း စတဲ့ စစ်ပညာစာတမ်းများမှာ သူတို့လက်ရာဖြစ်သည်။ ဗမာ့တပ်နှင့် ဂျပန်တပ်များ စစ်ချီလာစဉ်က စောစီးစွာဝင်လာသူ ဗိုလ်နေဝင်းအား ကိုကျော်ငြိမ်းက သူတို့နှင့် မိတ်ဆက်ပေးခဲ့ရာမှ တပ်တွင်းသို့ ဝင်ရောက်လာကြသည်။

အထက်ဗမာပြည်သို့ ချီတက်သော စစ်ဆင်ရေးတွင် သူတို့လည်း ပါဝင်ဆင်နွှဲကြရာတွင် နိုင်ငံရေးအသိနှင့် နယ်ချဲ့ဆန့်ကျင်ရေးဖွဲကို ပြသနိုင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းရော ဗိုလ်နေဝင်းကပါ မျက်စိကျခဲ့သောကြောင့် ကိုယ်ရေးအရာရှိများအဖြစ် ရွေးချယ်ခန့်ထားခဲ့သည်။ ဗိုလ်မောင်မောင်က ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအရာရှိ၊ ဗိုလ်အောင်ကြီးက ဗိုလ်နေဝင်း၏ အပါးတော်မြဲ။

ပြဿနာမှာ သူတို့နှစ်ဦးသည် မြန်မာ့နိုင်ငံရေးဇာတ်စင်ပေါ်သို့တက်၍ တပွဲတလမ်း ကပြလိုကြသည်။ ခေါင်းဆောင်ဖြစ်လိုကြသည်။ နေရာရလိုကြသည်။ ထိုစဉ်က ရှိနေသည့် နိုင်ငံရေးအင်အားစု ခေါင်းဆောင်များတွင် မည်သူကိုမှ မကြိုက်နိုင်ဖြစ်နေသည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်သိန်းဖေ ကွန်မြူနစ်တို့ကို သူတို့ကကြည့်မရ၊ သခင်ဘဝမှ ရဲဘော်သုံးကျိပ်ဖြစ်လာသည့် စစ်ဗိုလ်များကိုလည်း ရာထူးကြောင့် ဖောက်ပြန်နေကြသည်ဟု စွပ်စွဲယူဆနေသည်။ သူတို့၏ အဓိကဆန္ဒမှာ ဂျပန်ကို တမုဟုတ်ခြင်း တော်လှန်ရေးဖြစ်၏။



ဗိုလ်မှူးချုပ်မောင်မောင်၏ မြန်မာအမျိုးသား လှုပ်ရှားမှုအင်္ဂလိပ်ဘာသာစာအုပ်တွင်မူ ရဲဘော်သုံးကျိပ်ဝင် စစ်ဗိုလ်ကြီးများသည် နိုင်ငံ၏အနာဂါတ်ကို စိတ်ဝင်စားစွာ အားထုတ်ခြင်း မပြုကြပဲ ပျက်စီးယိုယွင်းနေကြသည်ကို မြင်တွေ့ရသဖြင့် ဂျပန်ကိုတော်လှန်ရန် အရာရှိငယ်နှစ်ဦးတို့က စတင်လှုပ်ရှားစည်းရုံးခဲ့သည်ဟု ဖော်ပြထားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် မန္တလေးမြို့၌ စုရုံးမိကြစဉ် တပ်ကိုအသစ် ပြုပြင်ဖွဲ့စည်းခြင်း မပြုမီက သခင်သိန်းဖေတို့ အိန္ဒိယသို့ သွားစကာလကပင် သူတို့နှစ်ဦးက ဂျပန်ပြန်ရဲဘော်သုံးကျိပ်တို့အပေါ် စိတ်ပျက်သဖြင့် တပ်တွင်းရှိကျောင်းသားခေါင်းဆောင်ဟောင်းများကိုသာ တိတ်တဆိတ် ဆွေးနွေးစည်းရုံးခဲ့ကြောင်းနှင့် ရေးသားခဲ့၏။

ထိုအရာရှိနှစ်ဦး၏ အမည်ကိုစာအုပ်တွင် ဖော်ပြခြင်းမပြုပဲ၊ မူလမြေအောက် တော်လှန်ရေးအဖွဲ့ဝင် နှစ်ဦးဖြစ်သည်။ တဦးက ဗိုလ်နေဝင်း၏ ရုံးမှုဖြစ်သည်။ ကျန်တဦးက ဗိုလ်အောင်ဆန်း၏ ရုံးမှုဖြစ်သည်ဟုသာ ဖော်ပြသည်။ ထိုစဉ်က ဗိုလ်အောင်ဆန်း၏ ကိုယ်ရေးအရာရှိ ဖြစ်ခဲ့သူ ဗိုလ်မောင်မောင်က သူနှင့်ဗိုလ်အောင်ကြီးတို့ နှစ်ဦးသာလျှင် စောစီးစွာ ဂျပန်ကိုတော်လှန်ရန် သွေးစည်းခဲ့ကြသည်ဟု မှတ်တမ်းဝင်လိုကြောင်း သိသာထင်ရှားစွာ ရေးသားထားသည်။ သူတို့အရာရှိငယ်နှစ်ဦးသည် ၁၉၄၂ ခုနှစ်ကပင် ဂျပန်ကို တော်လှန်ရန် ဆုံးဖြတ်ထားခဲ့ကာ လျှို့ဝှက်စည်းရုံးခဲ့သည်။ ခေါင်းဆောင်မရှိသောကြောင့် အဖွဲ့အစည်းအဖြစ် တိကျစွာဖွဲ့စည်းရန် စောသေးသဖြင့် ဆိုင်းငံ့နေခဲ့သည်ဟု ရေးသားထားသည်။

၁၉၄၃ ခုနှစ်တွင် လွတ်လပ်ရေးရပြီး ကိုအောင်ဆန်း၊ ကိုသန်းထွန်း၊ ကိုနုစသည်တို့က ဝန်ကြီးရာထူးယူကြသည်။ လူကြီးများက ဂျပန်ကို တော်လှန်ရန် ပြောဆိုလှုပ်ရှားခြင်း မပြုသဖြင့် သူတို့နှစ်ဦးက စိတ်ပျက်အားလျော့မိကြောင်းလည်း ရေးသား၏။ ဂျပန်မလာမီကပင် ဂျပန်ကို တော်လှန်ရမည်ဟု စည်းရုံးသော ကွန်မြူနစ်သခင်စိုးက ဂျပန်တော်လှန်ရေး စာတမ်းများနှင့် ဆက်သားလွှတ်ကာ စည်းရုံးကြောင်း၊ သခင်စိုးက တပ်မတော်ကို သူ၏ဘက်သို့ ရောက်ရှိအောင် သိမ်းသွင်းစည်းရုံးနေသည်သာ ဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယူဆသဖြင့် သူတို့နှစ်ဦးက စိုးကြီးကိုလည်း လက်မခံနိုင်ကြောင်းလည်း ရေးသားသည်။

ဂျပန်တော်လှန်ရေးအတွက် တပ်မှ အရာရှိငယ်များ ခိုင်မာစွာ စည်းရုံးနိုင်လျှင် အစိုးရအဖွဲ့အတွင်းသို့ ရောက်ရှိနေသော ဗိုလ်အောင်ဆန်း၊ ကိုကျော်ငြိမ်း စသည်တို့က ခေါင်းဆောင်ပေးလေမည်ဟုယူဆကာ ကိုကျော်ငြိမ်းအား တိုင်ပင်သောအခါ လက်မခံဘဲ ဗိုလ်အောင်ဆန်းကို တိုင်ပင်ဦးမည်ဆိုသဖြင့် စိတ်ပျက်ရကြောင်း၊ သူတို့နှစ်ဦးနှင့် အရာရှိငယ်များက ၁၉၄၃ ခု၊ ဖေဖော်ဝါရီလထဲတွင် ဂျပန်ကို တော်လှန်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ လူကြီးခေါင်းဆောင်လိုသဖြင့် ဗိုလ်နေဝင်းအား တိုင်ပင်သောအခါ ဂျပန်တော်လှန်ရေးကို ဗိုလ်အောင်ဆန်းက ခေါင်းဆောင် မလုပ်လျှင် မိမိလုပ်ဆောင်မည်ဟု သဘောတူကြောင်း ရေးသားထားသည်။

ထိုအတောအတွင်းတွင် ဗိုလ်နေဝင်းသည် တပ်၏ခေါင်းဆောင် နေရာကို လုယူလေမည်ဟု စစ်ဝန်ကြီးဖြစ်သူ ဗိုလ်အောင်ဆန်းက မသင်္ကာ သဖြင့် ဗိုလ်နေဝင်းအား မိမိ၏မျက်စေ့အောက်တွင်ရှိစေရန် စစ်ရုံးချုပ်တွင် တာဝန်ချထားလိုက်သဖြင့် မူလတော်လှန်ရေး အစီအစဉ်ကို ၁၉၄၃ ခု မေလတွင်မှ ဆောင်ရွက်မည်ဟု ရွှေ့ဆိုင်းခဲ့ရကြောင်းလည်း ရေးသားသည်။

ထိုစာအုပ်မှ ထိုအပိုင်းကို ဖတ်ရှုလျှင် ဗိုလ်မောင်မောင်နှင့် ဗိုလ် အောင်ကြီးတို့သည် သူတို့နှစ်ဦးသာ ဂျပန်ကိုတော်လှန်ရန် ဦးစွာပထမ ဆုံးဖြတ်ခဲ့သည်ဟု ဖော်ထုတ်လိုဟန်ရှိစေကာမူ ၁၉၄၂ ခုနှစ်ကပင် တပ်ကို ခွဲရန် အားထုတ်ခဲ့သည်ဟု ယူဆနိုင်ပေသည်။ ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းအား မသင်္ကာဆိုသည်မှာလည်း သူတို့နှစ်ဦး၏ ထင်မြင်ချက်သာ ဖြစ်နေပေသည်။ ဗိုလ်မောင်မောင်သည် ဗိုလ်အောင်ဆန်း၏ အပါးတော်မြဲ ဖြစ်ပါလျက် ဗိုလ်နေဝင်းနှင့် ပတ်သက်၍ ဗိုလ်အောင်ဆန်း၏ အမိန့်တစုံ တရာကိုလည်းကောင်း၊ ပြောဆိုချက်ကိုလည်းကောင်း မှတ်တမ်းမတင်နိုင် ခဲ့ပေ။

ဗိုလ်အောင်ဆန်းက ဂျပန်တော်လှန်ရေးကို အချိန်ကြာမြင့်စွာ ရွှေ့ဆိုင်းနေသည်မှာ သူ၏တပ်မတော်ရဲဘော်များကို မယုံကြည်နိုင်ခြင်းသည်



အဓိကဖြစ်သည်။ "တို့က ဂျပန်ကို တော်လှန်ဖို့ ဒီနေ့ဆုံးဖြတ်လျှင် ဂျပန် စစ်စုံထောက်တွေက မနက်ဖြန်သိမှာ သေချာတယ်"ဟု သူကပြောခဲ့သည်။ ဗိုလ်အောင်ဆန်းသည် အထူးသဖြင့် တပ်၌ဒုတိယနေရာအထိ တင်ပေးထား သော ဗိုလ်နေဝင်းကို မယုံကြည်နိုင်။

ဗိုလ်အောင်ဆန်းသည် ဂျပန်အားတိုက်ရန် ပုန်းနေသော အင်္ဂလိပ် စစ်ဗိုလ်တဦးကို ဂျပန်တို့က ဖမ်းမိသွားသည့် အမှုအတွက် ဗိုလ်နေဝင်းအား ပို၍ မသင်္ကာဖြစ်နေခဲ့သည်။

မြန်မာနိုင်ငံတွင်းသို့ ဂျပန်များ ဝင်လာချိန် အင်္ဂလိပ်တပ်များ ဆုတ်ခွာစဉ်ကပင် တပ်သားအချို့ကို ချန်ထားခဲ့သည်။ လျှို့ဝှက် ပုန်းအောင်း နေထိုင်ကာ ဂျပန်ကို ပြန်တိုက်ရန်ပြင်ဆင်ကြရသည်။ အိန္ဒိယရှိ ဌာနချုပ်သို့ သတင်းပို့ကြရသည်။ ဗိုလ်မှူး ဆီးဂရင်းဆိုသူသည် ၁၉၄၂ ခု အင်္ဂလိပ်တပ် များဆုတ်စဉ်က တောင်ငူဖက်မှ ချောင်ကျသော ကရင်ရွာကလေး၌ အခြေ စိုက်ကာ ကရင်အရပ်သားများကို စည်းရုံး၍ လျှို့ဝှက်စွာ လှုပ်ရှားနေခဲ့ သည်။ သူသည် အိန္ဒိယဌာနချုပ်နှင့် အဆက်အသွယ်ရှိသည်ကို ဗိုလ်စကြာက သတင်းရရှိခဲ့သည်။

ထိုအချိန်က သခင်စိုးကွန်မြူနစ်စခန်းက အင်္ဂလိပ်စစ်စုံထောက် တပ်ရင်း ၁၃၆ နှင့် ဆက်သွယ်ကာ လက်နက်များပင် ရရှိနေပြီဖြစ်သော် လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးကာ တော်လှန်ရေး သဘောတူညီ ချက် မရသေးသဖြင့် သခင်စိုးက တပ်မတော်ခေါင်းဆောင်များကို မယုံသော ကြောင့် သတင်းစုံ မပြောသေးပဲ "ချို"ထားသည်။ ထို့ကြောင့် ဗိုလ်စကြာက တပ်မတော်နှင့် တပ် ၁၃၆ တို့ တိုက်ရိုက်ဆက်သွယ်လိုပါသည်။ တပ်မတော် သည်လည်း ဂျပန်အား ပြန်တိုက်ရန်ပြင်ဆင်နေပါသည်။ မိမိကိုယ်တိုင် အိန္ဒိယသို့သွားလိုပါသည်ဟု ကရင်ခေါင်းဆောင်တဦးထံမှတဆင့် လျှို့ဝှက် ဆက်သွယ်အကြောင်းကြားရာ တပ်မတော်၏ တော်လှန်ရေး ပြင်ဆင်မှု သတင်းသည် အင်္ဂလိပ်စစ်ဌာနချုပ်သို့ ရောက်ရှိကြောင်း အကြောင်းပြန်ချက် ရခဲ့သည်။

ဗိုလ်စကြာသည် မိမိ အင်္ဂလိပ်တပ်နှင့် ဆက်သွယ်မှု ရရှိသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်အောင်ဆန်းနှင့် ဗိုလ်နေဝင်းတို့ နှစ်ဦးကိုသာ လျှို့ဝှက် အစီရင်ခံသည်။ ရက်ပိုင်းအတွင်းတွင် ဗိုလ်စကြာအား အင်္ဂလိပ်နှင့်ဆက်သည်ဟု ဂျပန်တို့ သိရှိသွားကာ မျက်ခြည်မပြတ် စောင့်ကြည့်ကြောင်း သိရသည်။ တပ်မတော် ထိပ်သီး နှစ်ဦးသာသိသော သတင်းကို ဂျပန်စစ်စုံထောက်များ ရရှိသွားသည်ကို ထောက်ရှုက တပ်မတော်၏ အမြုတေတွင် ဂျပန်သူလျှိုရှိသည်မှာ သေချာသည်။ အမှုမှာ မီးခိုးကြွက်လျှောက် လိုက်လာနိုင်သဖြင့် ဗိုလ်ချုပ် အောင်ဆန်းပင် တုန်လှုပ်သွားပြီး ဗိုလ်စကြာကို ကာကွယ်ရန်အတွက် ချက်ခြင်းပင် စစ်သံမှူးရာထူးနှင့် ဂျပန်ပြည်သို့ ပို့လိုက်ရသည်။

ဗိုလ်စကြာ လွတ်သွားစေကာမူ ဂျပန်ကင်ပေတိုင် စစ်စုံထောက်များက အင်္ဂလိပ်စစ်ဗိုလ် ဗိုလ်မှူးဆီးဂရင်းကို ဖမ်းလိုက်နိုင်သည်။ ဗိုလ်မှူးဆီးဂရင်းသည် ၃ နှစ်တိုင် လျှို့ဝှက်နေနိုင်ပါလျက် တပ်မတော်က ဆက်သွယ်သည်ကို လက်ခံမိမှ ဂျပန်များ သိသွားသဖြင့် အဖမ်းခံရသည်။ သေရဲသူ ဗိုလ်မှူးဆီးဂရင်းသည် သတ္တိကြီးစွာနှင့် အဖမ်းခံခဲ့သဖြင့် သူ့အား ဖမ်းဆီးစစ်ဆေးသော ဂျပန်စစ်ဗိုလ်များကပင် လေးစားကြရသည်ဟု မှတ်တမ်းတို့ကဆို၏။ ဆီးဂရင်းသည် ပြဂေါ်ပှအမည်ရှိ ကရင်ရွာသိမ်ကလေးတခု အနီးရှိ တောအုပ်တွင် စခန်းချကာ နေထိုင်သည်ကို ဂျပန်စစ်စုံထောက်များ ရှာဖွေဖမ်းဆီးခြင်း မပြုနိုင်ခဲ့ပေ။

ထိုအခါ ဂျပန်စစ်စုံထောက်များက ကရင်ရွာမှန်သမျှကို ဝိုင်းကာ မသင်္ကာသူများကို ရက်စက်စွာ ညှဉ်းဆဲစစ်ဆေးခဲ့သည်။ သစ္စာရှိသူ ကရင်များက ဖော်ပြောခြင်း မပြုပဲ အသက်အသေခံကြသည်။ တရွာပြီးတရွာ ရွာသားပေါင်းများစွာကို ညှဉ်းဆဲသတ်ဖြတ်နေသဖြင့် ဗိုလ်မှူးဆီးဂရင်းက ပုန်းအောင်းရာမှ ထွက်လာကာ အဖမ်းခံခဲ့သည်။

အရပ် ၆ ပေ ၄ လက်မရှိ ဆီးဂရင်းသည် နေလောင်ထားသော အသားနှင့် ညစ်နွမ်းသော ကရင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ညစ်ပေနေစေကာမူ ထောင်တွင်းသို့ ခေါ်ဆောင်လာကြသောအခါ တည်ငြိမ်သော ဣန္ဒြေနှင့် သိက္ခာကြီးစွာ လိုက်ပါလာသည်။

မိမိသည် ဗိုလ်မှူးဆီးဂရင်းဖြစ်ကြောင်း မိမိနိုင်ငံ၏ အကျိုးအတွက်



စစ်မှုထမ်းသူဖြစ်သဖြင့် မိမိကို ဂျပန်စစ်တပ်က ကွပ်မျက်မည်ကို မည်သို့မှ မပြောလိုကြောင်း၊ သေဒဏ်ကို ခံယူရန် အသင့်ရှိကြောင်း၊ သို့သော် မိမိနှင့်အတူ အဖမ်းခံရသော ကရင်များသည် အပြစ်မရှိသည့် ရွာသားများသာဖြစ်သဖြင့် လွှတ်ပေးပါရန် တောင်းပန်ကြောင်းနှင့် ဂျပန်စစ်ဗိုလ်များကို ခန့်ညားစွာ အစစ်ခံခဲ့သည်ကို ဂျပန်စစ်စုံထောက်များသာမက အင်းစိန်ထောင်တွင်းရှိ အင်္ဂလိပ် အမေရိကန် သုံ့ပန်းများကပါ အံ့သြချီးကျူးကြသည်။

ဗိုလ်မှူးဆီးဂရင်းက ပန်ကြားသော်လည်း အတူဖမ်းလာသော ကရင် ၂၀ အနက် ကရင် ၇ ဦးကိုပါ ၁၉၄၄ ခု၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကြံ့တောသင်္ချိုင်းသို့ ခေါ်ဆောင်ကာ ဂျပန်တို့က သေနတ်နှင့် ကွပ်မျက်ကြသည်။ ဗိုလ်မှူးဆီးဂရင်းက သူ့အား မျက်နှာဖုံး စည်းပေးချိန်အထိ ကရင်တို့အား လွတ်ငြိမ်းခွင့်ပေးရန် တောင်းပန်ရင်း ရဲရုံ့စွာ သေမင်းကို ရင်ဆိုင်သွားခဲ့သည်။ အင်္ဂလိပ်တို့၏ စစ်သမိုင်းစာအုပ်များတွင် ဗိုလ်မှူးဆီးဂရင်းသည် သူရဲကောင်းဖြစ်ကြောင်း၊ ဗမာစစ်တပ်မှ သူလျှိုက ဂျပန်စစ်စုံထောက်တို့အား သတင်းပေးသဖြင့် အသက်ပေးရကြောင်းနှင့် ရေးသားကြ၏။

အင်္ဂလိပ်စစ်ဗိုလ် ပုန်းအောင်းနေသူကို သိရှိဆက်သွယ်သူ ဗိုလ်စကြာသည် ဂျပန်သို့ သတင်းပေးပါက သူပါကွပ်မျက်ခံရမည်ဖြစ်သဖြင့် သူ့ထံမှ ပေါက်ကြားသည်မှာ မဖြစ်နိုင်၊ ဗိုလ်စကြာက ဗိုလ်အောင်ဆန်းနှင့် ဗိုလ်နေဝင်းတို့နှစ်ဦးကိုသာ အစီရင်ခံသည်။ ဆန်း သို့မဟုတ် ဝင်း တဦးဦးသည် ဂျပန်သူလျှို ဖြစ်နေသည်မှာ သိသာထင်ရှားသည်။ ဂျပန်သူလျှို မဟုတ်သူ ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းအား မသင်္ကာနိုင်ပဲ မယုံမကြည် ဖြစ်လာသည်။

ဒေါက်တာမောင်မောင်ရေးသော ဗိုလ်ချုပ်ကြီးနေဝင်း သမိုင်းစာအုပ်တွင် Somehow the Kempetai came to know about this ဟု ဗိုလ်မှူးဆီးဂရင်းအကြောင်းကို တနည်းနည်းနှင့် သိသွားကြသည်ဟု သာမန်အားဖြင့် ဖော်ပြထားလေသည်။ တပ်မတော်ထိပ်သီးပိုင်းမှ ဂျပန်သူလျှို

www.burmeseclassic.com

www.burmeseclassic.com



ရှိလေမည်ဟု ဗိုလ်နေဝင်းက တလုံးတပါဒမှ ရေးသားပြောဆိုမှု ဆွေးနွေးမှု မပြုခဲ့ပေ။

ဗိုလ်အောင်ဆန်းမှာ သူ၏ ဒုတိယအရာရှိကို စိတ်မချတော့သဖြင့် ဂျပန်တော်လှန်ရေးကို ရွှေ့ဆိုင်းနေခဲ့ရပေသည်။ အခြေအနေကို ကြည့်ကာ စောင့်ဆိုင်းရင်း ကရင်-မြန်မာ ချစ်ကြည်ရေး ခိုင်မာရန်သာ အကျိုးတကုတ် လုပ်ဆောင်နေခဲ့သည်။ ဂျပန်ထံမှ လက်နက်များ ပိုမိုရရှိရေးကိုသာ အားထုတ်နေခဲ့လေသည်။

အချိန်အခါကျပြီဟု စိတ်ချမှ ဗိုလ်အောင်ဆန်းက သခင်စိုးအား ဖိတ်ခေါ်၍ ဖက်ဆစ်တိုက်ဖျက်ရေး တပ်ပေါင်းစုကို ဖွဲ့စည်း၍ တော်လှန်ခဲ့သည်။ တပ်မတော်က ဖက်ဆစ်တော်လှန်ရေးကြီးကို လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းရန် နှောင့်နှေးရသည်မှာ ဗိုလ်နေဝင်းအား မယုံနိုင်သဖြင့် ဖြစ်ရသည်။

ဗိုလ်နေဝင်းသည် ဗိုလ်အောင်ဆန်းအား ဖယ်ရှား၍ သခင်စိုးနှင့် ပေါင်းကာ ဂျပန်ကို ဦးစွာတော်လှန်ရန်လည်း ကြံစည်အားထုတ်ခဲ့သေးသည်ကို ဗိုလ်မောင်မောင်၏စာအုပ်တွင် ဖတ်ရှုရသည်။

ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့သည် တပ်မတော်က ဂျပန်ကို တော်လှန်ရန် ဆုံးဖြတ်ပြီး ဗိုလ်အောင်ဆန်းနှင့် ဦးကျော်ငြိမ်းတို့အား တင်ပြရာ နှစ်ဦးစလုံးက စောသေးသည်ဟု လက်မခံပဲ ပယ်ချကြသည်။ ထို့ကြောင့် ဗိုလ်နေဝင်းအား တင်ပြရာ "သူတို့မလုပ်ရဲလျှင် ငါခေါင်းဆောင်မယ်ကွာ" ဟု သူက လက်ခံခဲ့သည်။

ဂျပန်ကို တော်လှန်လိုပါက အင်္ဂလိပ်တို့က လက်နက်ရိက္ခာ အထူး ပေးနေသည့် ကွန်မြူနစ်ပြောက်ကျားများနှင့် ပေါင်းမှဖြစ်မည်ဟု ဆုံးဖြတ်ကြကာ သခင်စိုး၏ စခန်းသို့ ဗိုလ်နေဝင်းအား လိုက်ပို့ကြသည်။ သခင်စိုး စခန်းမှ ပြန်လာချိန်မှ စတင်ကာ ဗိုလ်နေဝင်းသည် သခင်စိုး၏ နိုင်ငံရေး မှိုင်းမိသွားသဖြင့် စိတ်ထိခိုက်ရကြောင်းကို ဗိုလ်မောင်မောင်၏ စာအုပ်တွင် ရေးသားထား၏။ ထိုအချိန်က သခင်စိုးသည် ဂျပန်မဝင်မီကပင် ဂျပန်ကို တိုက်ရမည်ဟု နိုင်ငံရေးလမ်းစဉ် မှန်ကန်သူဖြစ်သဖြင့် မြန်မာ့နိုင်ငံရေး



လောကတွင် ဩဇာအကြီးဆုံး ခေါင်းဆောင်ဖြစ်ခဲ့သည်။ စာကြေပြီး အဟော အပြောကလည်း ကောင်းလှသဖြင့် သခင်စိုး၏ တရားနာမိသူတိုင်း ကွန်မြူနစ်ယောဂီများ ဖြစ်သွားလေ့ရှိသည်။ သို့သော် ဗိုလ်နေဝင်းတယောက် စိုးကြီး၏ တရားကိုနာရာမှ စိုးကြီး၏ မှိုင်းမိသွားသည်ဟု ရေးသားမှုသည် မှန်ကန်ခြင်း မရှိပေ။ ဗိုလ်နေဝင်း၏ ရည်ရွယ်ချက်မှာ ဗိုလ်အောင်ဆန်းမပါပဲ တပ်မတော်က ဂျပန်ကို တော်လှန်နိုင်လျှင် မိမိသည် တပ်၏ ထိပ်ဆုံးခေါင်း ဆောင်ဖြစ်လာလေမည်ဟု တွက်ချက်ကာ စိုးကြီးအား သူ၏ အကျိုးအတွက် အသုံးချရန် မှိုင်းမိဟန်ဆောင်သည်သာ ဖြစ်၏။ ရည်ရွယ်ချက်အရ စိုးကြီးအား ကပ်၍ ပေါင်းသင်းနေသည်သာ ဖြစ်၏။

သခင်စိုးက ဗိုလ်နေဝင်းထက် လူရည်လည်သည်။ ဗိုလ်နေဝင်းက အောင်ဆန်းမပါဘဲ မိမိခေါင်းဆောင်၍ ဂျပန်အား တော်လှန်မည်ဟု တင်ပြသည်ကို လက်မခံဘဲ အောင်ဆန်းသည် တပ်မတော်၏ တဦးတည်းသော ခေါင်းဆောင်ဖြစ်သဖြင့် အောင်ဆန်းကို ခေါ်ပေးပါဟု ဗိုလ်နေဝင်းအား တောင်းဆိုသဖြင့် ဗိုလ်နေဝင်းနှင့် ခွာပြသွားခဲ့ကြသည်။ "ဘာရမလဲကွ၊ သူတို့တပ်ထဲမှာ ဗိုလ်လုတာကို ငါတို့က ဘာလို့ဝင်ပြီး သတ်ထိုးခံရမှာလဲ" ဟု စိုးကြီးက လူရင်းများကို ဖွင့်လှစ်ပြောပြခဲ့၏။

စိုးကြီးက ဗိုလ်အောင်ဆန်းနှင့် တွေ့လိုသည်ဟု စကားကမ်းသည်ကို ဗိုလ်အောင်ဆန်းက လက်ခံကာ ပဲခူးရှိ ဗိုလ်ကျော်ဇော၏ အိမ်သို့ ၁၉၄၄ ခု၊ ဖွန်လတွင် စိုးကြီးအား ဖိတ်ခေါ်ဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေး တပ်ပေါင်းစုကြီးကို ဖွဲ့စည်းခဲ့လေသည်။ ထိုဆွေးနွေးပွဲနှင့် ဖွဲ့စည်းပွဲကို ဗိုလ်နေဝင်း မသိစေရန် အထူးလျှို့ဝှက် ကျင်းပခဲ့ရသည်။

တပ်ပေါင်းစုကြီးက ဂျပန်တော်လှန်ရန် အသေးစိတ်ပြင်ဆင်သော အခါတွင်လည်း ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းအား ဖယ်ရှားထားခဲ့သည်။ ဗိုလ်နေဝင်းက မိမိအား တမင်ဖယ်နေသည်ကို ရိပ်မိသဖြင့် ဗိုလ်အောင်ဆန်း အား လူအများရှေ့တွင် ရန်တွေ့ခဲ့သည်ဟု ဗိုလ်ကျော်ဇော၏ မှတ်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

"ဖက်ဆစ်တော်လှန်ရေးအတွက် နောက်ဆုံးဆွေးနွေး ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်များ ပြုလုပ်ရန် ၁၉၄၅ ခု မတ်လဆန်းတွင် ကန်ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ် စာဖတ်ခန်း၌ တော်လှန်ရေးခေါင်းဆောင်များ သုံးညတိုင် ဆွေးနွေးကြပါသည်။ နောက်ဆုံးညတွင် မြေပုံကြမ်းနှင့် စစ်ခေါင်းဆောင်၊ ကာကွယ်ရေးခေါင်းဆောင်များ တာဝန်တွေ ခွဲခြားသတ်မှတ်ခြင်း ပြီးသွားပြီး အစည်းအဝေး ရုပ်သိမ်းတော့မည်တွင် ကျွန်တော်က ဗိုလ်မှူးကြီးနေဝင်း၏ တိုင်း (၂)တွင် ဖျာပုံခရိုင်အပြင် ဟံသာဝတီခရိုင် ပါဝင်ထည့်သွင်းထားရာ ဟံသာဝတီမှ တပ်မှူးတွေ သူတို့တာဝန် ရှေ့လုပ်ငန်းစဉ်ကို သိလိုသဖြင့် ကျွန်တော့်ထံ ရောက်နေကြသည်။ သူတို့ကို ဗိုလ်မှူးကြီးနေဝင်းနှင့်တွေ့ရန် ဘယ်ကို လွှတ်ရမလဲဟု မေးမိရာ၊ ချက်ခြင်းပင် ဗိုလ်ချုပ်အောင်ဆန်းက မြေပုံကိုကောက်ကိုင်ပြီး "ဟံသာဝတီခရိုင်မှ တွံတေးမြို့နယ်ကိုသာ တိုင်း (၂)အောက်တွင်ထားပြီး ကျန်မြို့နယ်များကို တိုင်း (၄)ပဲခူးတိုင်းအောက်သို့ထားမည်"ဟု နှုတ်မှပြောကာ မြေပုံကို ခဲတံနှင့် ပြင်ပါသည်။

ဤတွင် ဗိုလ်နေဝင်းက ဖျာပေါ်ထိုင်နေရာမှ ရုတ်တရက် ဝုန်းခနဲ မတ်တတ်ရပ်လိုက်ပြီး "ကျွန်တော့်ကို ယုံကြည်မှသာ တာဝန်ပေးပါ၊ မယုံကြည်က တာဝန်မပေးပါနှင့်" သဘောပါသည့် ရန်တွေ့စကားများဖြင့် ဗိုလ်ချုပ်ရဲ့အောင်ဆန်းရော အားလုံးကိုပါ ကြည့်ပြီးပြောပါသည်။ အစည်းဝေးတက်ရောက်သူအားလုံးက အံ့သြကြပြီး ဗိုလ်နေဝင်းကို ကြည့်နေကြပါသည်။ သူက စောစောကတည်းက ရာထူးပြောင်းရွှေ့ချထားခံရတာတွေရော၊ အခြား မကျေနပ်မှုတွေပါ ပြောလိုက်ပုံရသည်။ ဗိုလ်ချုပ်အောင်ဆန်းက ခေတ္တ စိုက်ကြည့်ပြီးနောက် ဘာမှမပြောတော့ပဲ အစည်းအဝေးပြီးပြီဟုသာ ပြောပြီး အခန်းမှ အားလုံးထွက်ကြသည်။

ထိုနေ့ အစည်းဝေးတက်ရောက်သူများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်ဖိုးကွန်း၊ ဗိုလ်နေဝင်း၏ရုံးမှ ဗိုလ်အောင်ကြီး၊ ဗိုလ်အောင်ဆန်း၏ရုံးမှ ဗိုလ်မောင်မောင်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်တင်မြ၊ ဦးကျော်ငြိမ်း၊ သခင်ချစ်နှင့် ကျွန်တော်တို့ ပါဝင်ပါသည်။

နောက်ပိုင်းတွင် စစ်တိုင်းကြီးများ ဖွဲ့သောအခါတွင် ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်တိုင်းကို တိုင်း (၂)အဖြစ် "ကျော်ခေါင်ဗလ"တပ်ဖွဲ့ဟု



တာဝန်ပေးသည့် အစည်းအဝေးတွင်မူ ဗိုလ်အောင်ဆန်းက ဝင်မပြောသဖြင့် ဗိုလ်နေဝင်း နေရာရှိသွားခဲ့သည်။

ဤသည်တို့မှာ ဖက်ဆစ်တော်လှန်ရေးကာလက မျက်မြင်ပါဝင်သူတို့၏မှတ်တမ်းများ ဖြစ်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၅)

## ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမှုကြောင့် တံခါးဖွင့်ပေးခြင်း

ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးသည် အောင်မြင်စွာ ပြီးဆုံးသွားခဲ့လေပြီ။ ရခိုင်ဘက်တွင် ကွန်မြူနစ်ပြောက်ကျားများက စောစီးစွာ တော်လှန်ခဲ့ကြသည်။ တောင်ငူဘက် တော်လှန်ရေးကို သခင်သန်းထွန်းနှင့် သခင်သန်းဖေတို့က ဦးစီးခဲ့သည်။ တပ်မတော်က မတ်လ ၂၇ ရက်နေ့တွင် ကြော်ငြာ၍ ဂျပန်စစ်တပ်အား ပုန်ကန်ရာမှ ပြည်လုံးကျွတ် တော်လှန်ရေးကြီး ဖြစ်ပေါ်ခဲ့လေသည်။

"ကျုပ်တို့ တပ်မတော်နဲ့ ပြောက်ကျားတပ်တွေက တိုက်လိုက်တဲ့အတွက် ဒုတိယဗိုလ်ချုပ်ကြီးတယောက်နဲ့ ဗိုလ်ချုပ်ကြီးတယောက်တို့အပါအဝင် ဂျပန်ပေါင်းနှစ်သောင်းထက် မနည်းကျဆုံးပြီး သုံ့ပန်းသုံးရာကျော်မိခဲ့တယ်။ ဂျပန်စစ်လေယာဉ်ပျံသုံးစင်းကို ဖျက်ခဲ့တယ်။ ဂျပန်တွေ သိမ်းထားတဲ့ စပါးတွေ ပစ္စည်းတွေကို ပြန်ယူပြီး လူထုကို ဝေခဲ့တယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခု ဩဂုတ်လ ဖဆပလနိုင်ငံရေး အစည်းအဝေးတွင် မိန့်ကြားလေသည်။

၁၉၄၅ ခု၊ မေလ ၂ ရက်နေ့က စစ်လေယာဉ်ပျံတစင်း မင်္ဂလာဒုံလေဆိပ်တွင်ဆင်းကာ လေယာဉ်မှူးနှင့်အဖွဲ့က မြို့ထဲဝင်နိုင်ခဲ့သဖြင့် ထိုနေ့တွင် ရန်ကုန်မြို့ကို သိမ်းသည်ဟု အင်္ဂလိပ်တို့က မှတ်တမ်းတင်လေသည်။ ထိုနေ့တွင်မှ အင်္ဂလိပ်တပ်များ ဝင်နိုင်စေကာမူ ဂျပန်တို့သည် ဧပြီလတွင်းကပင် ဆုတ်ခွာသွားကြပြီဖြစ်၏။ ဦးကျော်ငြိမ်းခေါင်းဆောင်သော ပြည်သူ့အရေးတော်ပုံ ပြောက်ကျားများက မြို့ကို ထိန်းသိမ်းထားကြသည်။ မေလ ၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့ကို မေလ ၁ ရက်နေ့တွင် ဗမာ့တပ်မတော်က သိမ်းပိုက်လိုက်ပြီဟု မျက်နှာဖုံးသတင်း ဖော်ပြလိုက်လေသည်။

"ဗမာ့တော်လှန်ရေး တပ်မတော်က ထိန်းသိမ်းစောင့်ရှောက်ထားပြီဖြစ်သဖြင့် ရန်ကုန်မြို့တော်၏ လုံခြုံရေးကို တာဝန်ယူကြောင်း၊ စိုးရိမ်ပူပန်ခြင်းမရှိဘဲ သွားလာနိုင်ကြကြောင်း၊ တော်လှန်ရေးတပ်မတော်သည် ပြည်သူ့တပ်မတော်သာ ဖြစ်ကြောင်း"နှင့် ပြည်သူ့အရေးတော်ပုံပါတီ၏ ကြော်ငြာချက်ကို သတင်းစာ၌ ဖော်ပြထားလေသည်။

ဂျပန်တော်လှန်ရေးတွင် အခြားစစ်တိုင်းမှူးများ၏ တိုက်ပွဲဆင်နွှဲကြပုံ မှတ်တမ်းများ ထွက်လာခဲ့သော်လည်း ဟံသာဝတီတိုင်းမှ "ကျော်ခေါင်ဗလ"ဖက်ဆစ်တော်လှန်ရေးအဖွဲ့၏ တိုက်ပွဲသတင်းများကိုမူ မတွေ့ကြရပေ။ ဗိုလ်နေဝင်းသည် ရန်ကုန်မြို့ကို ဗမာ့တပ်မတော်က သိမ်းပြီးကြောင်း သတင်းပါရှိသည့် မြန်မာ့အလင်းသတင်းစာကို ဖတ်ရသဖြင့် ရန်ကုန်သို့ ဆင်းခဲ့သည်။ မိမိကိုယ်မိမိ ကိုစက်ဖေဟူသော လျှို့ဝှက်အမည်ကို ယူထားသည်။ တိုင်းမှူးဗိုလ်နေဝင်း၏ မှတ်တမ်း၌မူ မိမိသည် မေလ ၆ ရက်နေ့တွင် တပ်ကို ဗိုလ်တင်ဖေထံအပ်ကာ လိုအပ်ပါက တပ်များ မဖျက်ပြီး အင်္ဂလိပ်ကို ဆက်တိုက်ရန်အတွက် ရန်ကုန်သို့ ဆင်းခဲ့သည်ဟု မှတ်တမ်းတင်သည်။

ရန်ကုန်သို့ရောက်လျှင်ရောက်ခြင်း ဂျာနယ်ကျော် ဦးချစ်မောင်၊ ဦးထင်ဖတ် (မောင်ထင်)နှင့် ဦးခင်မောင်လတ်တို့နှင့် တွေ့ဆုံသောအခါ ဦးကျော်ငြိမ်းတို့က ရန်ကုန်ကို သိမ်းထားပြီးကြောင်း၊ မြန်မာ့အလင်းတွင် ပုံနှိပ်ခဲ့ပြီဟု တင်ပြကြသည်။ "ဒါပေမယ့် ရန်ကုန်မြို့တော်ကို တပ်မတော်က သိမ်းကြောင်း ကမ္ဘာကသိရန် အသံလွှင့်ဖို့ လိုပါတယ်။ ဂျပန်တွေ ရှိနေယ်ထင်ပြီး အင်္ဂလိပ်တပ်က ဗုံးကြဲမည်ကို စိုးရိမ်ရသည်"ဟု သူက ပြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဦးချစ်မောင်၊ ဦးထင်ဖတ်နှင့် ဦးခင်မောင်လတ်တို့က အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရေးပေးကြရသည်။ ထိုကြေညာချက်ကို ပုံ-ဗိုလ်မှူးကြီးနေဝင်းဟု လက်မှတ်ထိုးကာ မေလ ၇ ရက်နေ့တွင် အသံလွှင့်စေခဲ့သည်။

ဟံသာဝတီတိုင်းတွင် တာဝန်ကျသော ဗိုလ်နေဝင်းသည် ဂျပန်တော်လှန်ရေးတွင် တစုံတခုသော တိုက်ပွဲကိုမှ ဆင်နွှဲခြင်းမပြုဘဲ ဦးကျော်ငြိမ်းတို့ သိမ်းထားသည့် ရန်ကုန်မြို့ကို သူတယောက်တည်း သိမ်းလေဟန် နာမည်ကောင်းကို ယူခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်အဖို့ ပထမတိုက်ပွဲမှာ အင်္ဂလိပ်တပ်များကို နှင်ထုတ်သော တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲကို ဆင်နွှဲရန် ဗိုလ်နေဝင်းအား မြန်မာပြည်တွင်းသို့ တင်ကြိုစေလွှတ်သော်လည်း သူသည် တိုက်ပွဲ ဆင်နွှဲခြင်း မပြုခဲ့ပေ။ ပြည်သူတို့က စတင်ဆင်နွှဲသော ဂျပန်တော်လှန်ရေးတွင်းသို့ တပ်မတော်က နောက်မှပါဝင်ခဲ့စေကာမူ တပ်မတော်တခုလုံး ရှုပ်ရှုပ်ချုံချုံ တိုက်ခဲ့ကြသည်။ အရေးအကြီးဆုံး တိုက်ပွဲဖြစ်သည်။ တပ်မတော်သမိုင်းတွင် အရေးအကြီးဆုံး တိုက်ပွဲကြီးနှစ်ခု ဖြစ်မှားစဉ်က သေနတ်တချက်မှ မဖောက်ခဲ့ပါပဲနှင့် တပ်မတော် အကြီးအကဲဖြစ်လာခြင်းမှာ မိမိမပြုသော ကောင်းမှုကို မိမိပြုလေဟန် နေရာယူတတ်သဖြင့် ဖြစ်ပေ၏။

နောက်တနေ့တွင် ဗိုလ်နေဝင်းက ဘုရင်ခံအိမ်တော်တွင် တပ်စွဲထားသည့် အင်္ဂလိပ်စစ်တပ်မှ ဗိုလ်မှူးကြီးဟိုဒင်နှင့် ဆွေးနွေးခွင့် ရလေသည်။ ဗမာတပ်များက ဂျပန်ကို တိုက်နေသည်ကို စစ်သေနာပတိ မောင့်ဘက်တန်က မဟာမိတ်အဖြစ် လက်ခံကြောင်းနှင့် ဟိုဒင်က ရှင်းပြသည်။ ယခု ရန်ကုန်မြို့ကို သိမ်းမိပြီဖြစ်သဖြင့် မြန်မာစစ်သားများ လက်နက်ကိုင်၍ သွားလာမှု မပြုစေလိုကြောင်း ပြောသည်။

ဗိုလ်နေဝင်းက မဟာမိတ်တပ်များအား မည်သို့ ကူညီပေးနိုင်ပါမည်နည်းဟု မေးသောအခါ ဗိုလ်မှူးကြီးဟိုဒင်က ရန်ကုန်နှင့် ဒေသအများပွင် ဂျပန် စစ်ဝတ်စုံများ ဝတ်ဆင်ကြသည့် မြန်မာစစ်သားများကို ဂျပန်ဟု အထင်မှား၍ ပြဿနာပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ဝတ်စုံများကို လဲလှယ်ပေးစေလိုကြောင်း ပြောလေသည်။



ထိုအခါ ဗိုလ်နေဝင်းက ဗမာ့တပ်မတော်သားများ စစ်ဝတ်စုံ လဲလှယ်ရေး စရိတ်အတွက် အင်္ဂလိပ်စစ်တပ်က ရူပီးငွေကျပ် နှစ်သန်း ထုတ်ပေးပါဟု တောင်းသည်။

ဟိုဒင်က မိမိတွင် ဤမျှများပြားသော ငွေမပါဟုဆိုသောအခါ ပါသမျှ ပေးနိုင်ပါဟု ဗိုလ်နေဝင်းက တောင်းပြန်သဖြင့် ရူပီးငွေစက္ကူ ၂၀၀၀ (ကျပ်)ကို ပေးအပ်ခဲ့သည်ဟု ဗိုလ်နေဝင်း၏ မှတ်တမ်းတွင် ဖော်ပြထားလေသည်။

ဗိုလ်နေဝင်းသည် ရန်ကုန်မြို့တွင် အတန်ကြာနေထိုင်ပြီး ပဲခူးတိုင်းနှင့် ပတ်ဝန်းကျင်ဒေသများမှ တိုက်ပွဲများ၏ အစီရင်ခံစာများကို ဖတ်ရှုကာ မိမိကိုယ်တိုင် ပါဝင်ဆင်နွှဲသည့်အလား ဌာနချုပ်စခန်းသို့ ကိုစက်ရောင်ဟု လျှို့ဝှက်အမည်ယူထားသည့် ဗိုလ်ချုပ်အောင်ဆန်းထံသို့ မေလ ၁၉ ရက်နေ့တွင် စာရေးအစီရင်ခံသည်။

မိမိတာဝန်ယူရသော ဟံသာဝတီတိုင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုမပြုပဲ ရန်ကုန်သို့ရောက်ရှိနေရသည်မှာ "ရန်ကုန်အခြေအနေကို စိတ်မချရသဖြင့် ကျွန်တော် ဆင်းလာခဲ့ပါသည်"ဟု အစီရင်ခံစာ၌ ဖြေရှင်းရေးသားထားသည်။ တော်လှန်ရေး ဆင်နွှဲရန် တာဝန်ပေးထားသည့် စခန်းမှ ခွာကာ ရန်ကုန်သို့ ဆင်းသည်ကို ဗိုလ်အောင်ဆန်းက လက်မခံ။

ဗိုလ်ချုပ်အောင်ဆန်းသည် မေလ ၁၆ ရက်နေ့တွင် အင်္ဂလိပ်တပ်များကို ကွပ်ကဲသူ ဗိုလ်ချုပ်ကြီးစလင်းနှင့် တွေ့ဆုံပြီး ဗမာ့တပ်မတော်၏ ကဏ္ဍကိုပြော၍ နားလည်မှုရယူပြီးနောက် နိုင်ငံရေးလှုပ်ရှားမှုကို ပြုလုပ်ရန် စတင်ပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံ၏ အနာဂါတ်အုပ်ချုပ်ရေးအတွက် ဗြိတိသျှအစိုးရ၏ မူလမ်းစဉ်အဖြစ် "စက္ကူဖြူစာတမ်း"ကို မေလ ၁၇ ရက်နေ့ ဘိလပ်ပါလီမန် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။ ထိုစာတမ်းအရ စစ်အုပ်ချုပ်ရေးပြီးချိန်တွင် ဘုရင်ခံက အထူးအာဏာကို အသုံးပြုကာ သုံးနှစ် အုပ်ချုပ်မည်။ ထိုနောက်မှ ရွေးကောက်ပွဲ ကျင်းပပြီး မူလ ၉၁ ဌာနအုပ်ချုပ်ရေးကို ပေးမည်ဟုပါရှိရာ ခေတ်နောက်ပြန်ဆွဲသည့် လမ်းစဉ်ဖြစ်သဖြင့် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



များက လက်မခံနိုင်။

ထို့ကြောင့် အင်္ဂလိပ်တပ်များ ဝင်လာပြီးနောက် ဗိုလ်အောင်ဆန်းသည် နိုင်ငံရေးရှုန်းကန်မှုကို ပြင်းထန်စွာ လှုပ်ရှားအားထုတ်လေတော့သည်။

၁၉၄၅ ခု ဩဂုတ် ၁၉ ရက်နေ့၌ ရန်ကုန်မြို့ နေသူရိန်ရုံကြီးတွင် လူထုအစည်းအဝေးကြီး ကျင်းပပြီး ဖဆပလ အဖွဲ့ကြီးကို လူထုတပ်ဦးအဖြစ် ပီပြင်စွာ ဖွဲ့စည်းလိုက်သည်။

နေသူရိန်ညီလာခံ၏ နောက်ပိုင်း၌ ဖဆပလ အဖွဲ့ချုပ်ခေါင်းဆောင်များသည် တပ်မတော်အား အင်္ဂလိပ်အစိုးရက လက်ခံရေးကို ဦးစားပေးကာ စတင်လှုပ်ရှားတောင်းဆိုကြသဖြင့် ယင်းကိစ္စကို ဆွေးနွေးရန် အင်္ဂလိပ်စစ်တပ်၏ ဖိတ်ခေါ်ချက်အရ စက်တင်ဘာလ ၄ ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် သီဟိုဠ်ပြည် ကန္ဒီမြို့သို့ သွားရောက်ကြသည်။ အဖွဲ့ခေါင်းဆောင်ဦးဘဘော၊ အတွင်းရေးမှူး သခင်သန်းထွန်း၊ အဖွဲ့ဝင်ကိုညိုထွန်း၊ စောဘဦးကြီး၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ကျော်ဝင်း၊ ဗိုလ်မောင်မောင်တို့ ပါဝင်ကြ၏။

စစ်သေနာပတိ မောင့်ဘက်တန်က မြန်မာနိုင်ငံအပေါ် ထားရှိသော အင်္ဂလိပ်အစိုးရ၏ သဘောထားကို ရှင်းလင်းပြောပြကာ အစည်းအဝေးကို ဖွင့်လှစ်သည်။ ဗိုလ်ချုပ်ကြီးစလင်းက ဆက်လက်ဆွေးနွေးရာ၌ ဗမာ့မျိုးချစ်တပ်မတော်သည် မူလက ဂျပန်တို့နှင့် မဟာမိတ်ဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင်မှ အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်ပူးပေါင်းကြောင်း ပြောဆိုသောအခါ သခင်သန်းထွန်းက ဗမာ့မျိုးချစ်တပ်မတော်သည် ၁၉၄၂ ခုကပင် အင်္ဂလိပ်တပ်နှင့်ပေါင်းကာ ဂျပန်ကိုတော်လှန်မည့်အကြောင်း ဆက်သား ကိုသိန်းဖေအား အိန္ဒိယသို့ စေလွှတ် အကြောင်းကြားခဲ့ကြောင်းနှင့် ချေပလေသည်။

"ကမ္ဘာ့ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းရန် လိုအပ်သလို မြန်မာ့ပြဿနာကိုလည်း ငြိမ်းချမ်းစွာ ဖြေရှင်းလိုပါသည်"ဟု အစချီကာ ဖဆပလအဖွဲ့ချုပ်၏ မူလမ်းစဉ်ကို ဗိုလ်ချုပ်အောင်ဆန်းက အကျယ် တင်ပြသည်ကို အင်္ဂလိပ်စစ်တပ်မှ အရာရှိကြီးများက ကျေနပ်စွာ



လက်ခံကြလေသည်။ သူတို့ စိုးရိမ်နေခဲ့သော မြန်မာလက်နက်ကိုင် သူပုန်အရေးတော်ပုံ မဖြစ်နိုင်ကြောင်း ကတိပေးသည်ဟု ယူဆကြလေသည်။

ကန္ဒီဆွေးနွေးပွဲမှာ အောင်မြင်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့က ဆွေးနွေးပွဲအပြန်တွင် သတင်းစာများကို ထုတ်ဖော်ပြောလေသည်။ မြန်မာမျိုးချစ် တပ်မတော်သား ၅၂၀၀ နှင့် အရာရှိ ၂၀၀ ကို အင်္ဂလိပ်အစိုးရတပ်များသို့ စီစစ်လက်ခံမည်ဟု သဘောတူညီချက်ရရှိခဲ့သည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဖွဲ့စည်းမည့် မြန်မာတပ်ကို ဦးစီးရန် အင်္ဂလိပ်အစိုးရက လက်ခံမည်ဟု သဘောတူလေသည်။ သို့သော် ထိုတပ်၏ အကြီးအကဲနှင့် အရာရှိများ၊ တပ်သားများသည် ဗြိတိသျှ ဘုရင်၏ သရဖူကို သစ္စာစောင့်ပါမည်ဟု ကတိသစ္စာပြုရန် လိုအပ်ကြောင်း၊ ဗြိတိသျှနေသဟာရ အဖွဲ့ဝင်နိုင်ငံမှန်သမျှတို့တွင် ထိုကဲ့သို့ သစ္စာတော်ခံတပ်များကို ဖွဲ့စည်းကြောင်းနှင့်လည်း မောင့်ဘက်တန်က ပွင့်လင်းစွာ တင်ကြို၍ရှင်းလင်း ပြောလိုက်လေသည်။

ဂျပန်ပြည်တွင် လွတ်တော်၏အပေါ်မှ စစ်တပ်က ဩဇာလွှမ်းမိုးနေသည်မှာ မှန်ကန်သော စနစ်မဟုတ်၊ စစ်တပ်သည် လူထုက ရွေးကောက်တင်မြှောက်သော လွှတ်တော်၏ လက်အောက်ခံ အစိုးရဌာနတခုသာ ဖြစ်သင့်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ကြိမ်ဖန်များစွာ ဟောကြားခဲ့သည်။ စစ်ဗိုလ်ချုပ်မှူးကြီးသည် အစိုးရရုံးတခုမှ ရုံးလုလင်နှင့် တန်းတူရည်တူ အစိုးရအမှုထမ်းသာ ဖြစ်ရမည်ဟူသော ဒီမိုကရေစီစနစ်ကို ယုံကြည်သူ ဗိုလ်ချုပ်အောင်ဆန်းသည် အကယ်၍ အင်္ဂလိပ်စစ်တပ်တွင် ဝင်ရောက်အမှုထမ်းပါလျှင် ဗြိတိသျှပါလီမန်နှင့် ဘုရင်ခံထံ၌ သစ္စာခံရမည်ကို နားလည်တယ်။ ထို့ကြောင့် စောစောကပင် စစ်တပ်မှထွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် အစည်းအဝေးမှ ပြန်လာသည်နှင့် "မိတ်ဆွေကြီးမောင့်ဘက်တန်သို့"ဟု အစချီကာ အရပ်သားတဦး ရေးသားသော စာသွားဖြင့် မိမိသည် စစ်တပ်၌နေမည်မဟုတ် တပ်မှထွက်ကာ အရပ်သားတဦးအဖြစ် အမျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးမည်ဖြစ်ကြောင်း စာရေး၍ကြောင်း

www.burmeseclassic.com



ကြားလိုက်လေသည်။

ကန္တီစာချုပ်အရ ဗမာမျိုးချစ် တပ်မတော်အဖြစ် အမည်ပြောင်းထားသော တပ်ကြီးကို ၁၉၄၅ ခု၊ အောက်တိုဘာလတွင် ဖျက်သိမ်းလိုက်လေသည်။ တပ်သားများ၊ အရာရှိများကို လစာအပြည့်နှင့် ခွင့် ၃ လ ပေးလိုက်သည်။

၁၉၄၆ ခု ဇန်နဝါရီလဆန်းတွင် ကချင်ရိုင်ဖယ်တပ်၊ ချင်း၊ ကရင်ရိုင်ဖယ်တပ်တို့နည်းတူ အင်္ဂလိပ်အစိုးရ၏ ဘားမားရိုင်ဖယ်တပ်အဖြစ် သေနတ်ကိုင်တပ်ရင်း ၃ ၊ ၄ နှင့် ၅ တို့ကို ဖွဲ့စည်းလိုက်သည်။ တပ်သား ၄၇၀၀နှင့် အရာရှိ ၂၀၀တို့ ဝင်ရောက်ကြလေသည်။ တပ်သား ၃၅၀၀ခန့်တို့မှာ အင်္ဂလိပ်စစ်တပ်သို့ မဝင်ဘဲ ပြည်သူ့ရဲဘော်တပ်ဖွဲ့အဖြစ် နိုင်ငံရေးအဖွဲ့တခုကို ဖွဲ့စည်းကာ ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းအား တင်မြှောက်ထားကြသည်။ ထိုအချိန်မတိုင်မီကပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖြစ်ထွန်းလာတော့မည့် တပ်မတော်၏ ရှေ့ရေးအတွက် အမျိုးမျိုးပြင်ဆင်ခဲ့လေသည်။ အနာဂါတ်တပ်မတော်ကို ဗိုလ်လက်ျာအား ဦးစီးစေရန် လိုလားသော်လည်း ထိုအချိန်က ဗိုလ်လက်ျာ၏ ကျန်းမာရေး မကောင်းသဖြင့် လူငယ်လူကောင်းတယောက်ကို ရှာဖွေခဲ့လေသည်။ သခင်ဗဟိန်းအား တပ်ကိုကြီးမှူးရန် တပ်မတော်သို့ပေးပါဟု သခင်သန်းထွန်းထံ တောင်းခဲ့သေးသည်။ ဗိုလ်နေဝင်းကိုမူ သစ္စာရှိသူတဦး မဟုတ်ဟု စိတ်မချခြင်း၊ ဖက်ဆစ်တော်လှန်ရေးတွင် သူတာဝန်ကျသော နယ်ကိုစွန့်ခွာခြင်း၊ ပြည်သူ့ပြောက်ကျား နိုင်ငံရေးခေါင်းဆောင်များနှင့် အဆင်မပြေသဖြင့် အောင်မြင်မှုမရခြင်း၊ အပျော်အပါးလိုက်စားခြင်းနှင့် ဂိုဏ်းခွဲမှုတို့ကို ကျူးလွန်ခြင်းတို့ကြောင့် တပ်မှထုတ်ပယ်ရန်ပင် ဆုံးဖြတ်ခဲ့လေသည်။ ဗိုလ်နေဝင်းအားလည်း ခေါ်ယူဆူပူခဲ့လေသည်။ ထိုအခါ အကင်းပါးသော ဗိုလ်နေဝင်းက ဗိုလ်ချုပ်ပြစ်တင်သမျှ ခေါင်းငုံ့ခံပြီး လိုအပ်သည့် နိုင်ငံရေး လှုပ်ရှားမှုများကို အားတက်သရော လုပ်ဆောင်ပြသသည်။ ဗိုလ်နေဝင်းသည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးစအချိန်တွင် တာဝါလိန်းရှိ အိမ်ကြီးနှစ်လုံးကို သိမ်းယူနေထိုင်ခဲ့လေသည်။ လောင်းဝစ်လမ်း ပြည်သူ့ရဲဘော်ဝင်း၌ နေထိုင်သူ ဗိုလ်အောင်ဆန်းအား



တာဝါလိန်းကုန်းမြင့်ပေါ်မှ အိမ်ကြီးတွင်နေပါဟု ဖိတ်ခေါ်ပြီး သူက တောင်ခြေရှိ အိမ်ငယ်သို့ ပြောင်းရွှေ့နေထိုင်လေသည်။ ဤအကြောင်းများကြောင့် အားနာတတ်သူ ငဲ့ညှာတတ်သူ ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းအား တပ်မှထုတ်ရန် အစီအစဉ်ကို ပြင်ဟန်တူကြောင်း ဗိုလ်ချုပ်ကျော်ဇော ရေးသော သမိုင်းမှန်ကူကွက်များ စာအုပ်တွင် ဖော်ပြထားလေသည်။

ဂန္တီစာချုပ်အရ တပ်မတော်မှ ဗိုလ်များ၊ တပ်သားများ အင်္ဂလိပ်စစ်ဌာနချုပ်သို့သွားကာ ဝင်ခွင့်လျှောက်ထားကြသောအခါ ဗိုလ်နေဝင်းသည် ဦးစွာ သူများထက် စောစီးစွာ လျှောက်လွှာတင်ပါလျက် အမှတ်တစ်ဖြစ်မလာသည်မှ စတင်ကာ မကျေမနပ်ဖြစ်ရပြန်သည်။ စစ်တပ်တွင် မြန်မာ့သေနတ်ကိုင်တပ်မတော်၊ ဘားမားရိုင်ဖယ်၊ မြန်မာကော်မရှင်အတွက် ကိုယ်ပိုင်အမှတ် (ဘီစီ)များ ထွက်လာသောအခါ–

ကြည်း ၃၅၀၁–ဗိုလ်လက်ျာ

ကြည်း ၃၅၀၂–ဗိုလ်နေဝင်း

ကြည်း ၃၅၀၃–ဗိုလ်ဇေယျ

ကြည်း ၃၅၀၄–ဗိုလ်ကျော်ဇောဟု အမှတ်စဉ်ရသဖြင့် အမှတ် (၁)မရသောကြောင့် မခံမရပ်နိုင်အောင် ဖြစ်ခဲ့သည်။ ဤအတိုင်းဆိုလျှင် အင်္ဂလိပ်က ဖွဲ့သော ဗမာ့တပ်မတော်တွင် ဗိုလ်လက်ျာက သူ့အထက်တွင် တည်ရှိနေရန် သေချာနေလေပြီဟု စိတ်ပျက်မိသည်။ ဗိုလ်လက်ျာသည် သူ၏စရိုက်ကို သိသဖြင့် ဂျပန်ခေတ်ကပင် မျက်နှာကြော မတည့်ခဲ့ပေ။ ဗိုလ်လက်ျာအား ဗိုလ်မှူးကြီး အဆင့်နှင့်တပ်၏ စစ်ဆေးရေး အရာရှိကြီးအဖြစ် အင်္ဂလိပ်စစ်ဗိုလ်များက ခန့်ထားလိုက်သဖြင့် ပို၍ ဝမ်းနည်းရပြန်သည်။

ရာထူးတက်ရေးမှာ မြန်မာတပ်ကို ကွပ်ကဲသော အင်္ဂလိပ်စစ်ဗိုလ်များဖြစ်သူ တပ်မှူးအဖြစ် ဒုဗိုလ်မှူးကြီးဘားလန့်၊ ဒုဗိုလ်မှူးကြီးမစ်ချဲလ်နှင့် ဒုဗိုလ်မှူးကြီးစကော့တို့၏ မျက်နှာသာပေးမှု လိုအပ်သည်ကို သိသဖြင့် မိမိဦးစီးရသော တပ်ရင်း (၄)က ကွန်မြူနစ်လှုပ်ရှားမှု နှိမ်နင်းရေး တာဝန်ကို ဖိ၍ လုပ်ဆောင်ခဲ့သည်။ တကြိမ်တွင် အညာဒေသ၌ လူထု ဝော်မှုဖြစ်နေသည်ကို ရန်ကုန်ဘုရင်ခံ၏ အစိုးရထံတင်ပြမည်ဟုဆိုကာ မုံရွာမှစတင်၍

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင် ချီတက်လာသည့် အင်္ဂလိပ်တပ်ကြီးကို ရေနံမြေ ဆိပ်ဖြူမြို့မှ စောင့်ကြိုတားဆီးခဲ့လေသည်။ ကွန်မြူနစ်ခေါင်းဆောင် အလံနီတွန်းစိန်က အလျှော့ မပေးသောအခါ တပ်ရင်း (၄)မှ စစ်သားများက အင်္ဂလိပ်သား များနှင့် စင်ပြိုင်စီတန်း၍ ရင်ဘောင်တန်းချီတက်ကာ လူစုခွဲခဲ့သည်။

ဗိုလ်နေဝင်းသည် ကရင်စစ်ဗိုလ်များကိုလည်း မကျေမနပ် ဖြစ်သေး ၏။ ဗမာ့တပ်မတော်၏ ဒုတိယစစ်ဦးစီးချုပ်ရာထူးကို ဗိုလ်မှူးကြီးစမစ်ဒွန်း (ကြည်း ၅၁၀၆)အား ခန့်ထားပြီး ဗိုလ်မှူးချုပ်ရာထူးနှင့် ဗိုလ်မှူးကြီး စောကြာဒိုး (ကြည်း ၅၁၀၇)က တောင်ပိုင်းတိုင်းမှူးအဖြစ် သူ၏အထက်က နေရာရရှိသည်ကို အထူးမကျေမနပ် ဖြစ်ခဲ့သည်။ ကရင်အရာရှိများသည် စစ်ကြီးမဖြစ်မီကပင် မြန်မာ့ရိုင်ဖယ်တပ်၌ အမှုထမ်းခဲ့ကြသဖြင့် ဗိုလ်မှူး နေဝင်းထက် ရာထူးအဆင့်မြင့်သော အခြားကရင်စစ်ဗိုလ်ကြီးများကလည်း ရှိသေးသဖြင့် မြန်မာများ ရာထူးတက်လမ်းပိတ်ပြီဟု သူကယူဆခဲ့မိသည်။

ထို့ကြောင့် ဗိုလ်နေဝင်းသည် ဗိုလ်မှူးအဆင့်နှင့် တပ်ရင်း (၄)၏ တပ်ရင်းမှူးအဖြစ် လူရင်းများကို သိမ်းသွင်းကာ အားစုနေခဲ့သည်။ ဗိုလ် မောင်မောင်၊ ဗိုလ်အောင်ကြီးနှင့် ဗိုလ်တင်ဖေတို့သည်လည်း တပ်ရင်း(၄) တွင်စုသည်။ ထိုစဉ်က ဘီယာ၊ ရမ်၊ အရက်စုံပေါ်လာသည်။ စနေ၊ တနင်္ဂနွေ နေ့အားများတွင် တပျော်တပါး ဝေငှစားသောက်ကြသည်ဟု ဗိုလ်နေဝင်း၏ မှတ်တမ်းတွင် ဖတ်ရှုရသည်။ ဗိုလ်နေဝင်းသည် ထိုအချိန်က စိတ်ညစ် ညစ်နှင့် အရက်ကိုသာဖိ၍ သောက်နေခဲ့လေသည်။ (ဗိုလ်ချုပ်အောင်ဆန်း မရှိတော့မှ ၁၉၄၇ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်မှ ဗိုလ်မှူးချုပ်ရာထူးနှင့် မြောက်ပိုင်းတိုင်းမှူး ရာထူးကိုရခဲ့၏)

ဗိုလ်နေဝင်းနှင့်ရဲဘက်တသိုက် တပ်ရင်း(၄)တွင် ဒေါသမီးမွှေးနေ ကြချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ်များ၊ ဖဆပလခေါင်းဆောင် များသည် နိုင်ငံရေးလှုပ်ရှားမှုကြီးများကို ဆက်တိုက်လုပ်ဆောင်နေကြသည်။ အင်္ဂလိပ်အစိုးရအား စေ့စပ်ဆွေးနွေးသော ဒီမိုကရေစီတိုက်ပွဲနည်းနှင့် အရေး ဆိုရာမှ ဘုရင်ခံ၏ အတိုင်ပင်ခံ အစိုးရအဖွဲ့ဝန်ကြီး အဖွဲ့ကိုလက်ခံ ဖွဲ့စည်း နိုင်သည်အထိ အောင်မြင်ခဲ့သည်။ ဘုရင်ခံ၏ အစိုးရက မူလ ၁၉၄၃



ခုနှစ်က ဖွဲ့ခဲ့သော ဆာပေါ်ထွန်းအစိုးရကို ဖျက်သိမ်း၍ ဗိုလ်အောင်ဆန်း အစိုးရအဖွဲ့ကို ၁၉၄၆ ခု၊ စက်တင်ဘာ ၂၈ ရက်နေ့တွင် ဖွဲ့ခဲ့လေသည်။

နန်းရင်းဝန်နှင့် ကာကွယ်ရေးဝန်ကြီး ဦးအောင်ဆန်း၊ ပြည်ထဲရေး နှင့် တရားဌာန သခင်မြ၊ ဘဏ္ဍာရေး ဦးတင်ထွဋ်၊ လယ်ယာကျေးလက် ဦးသိန်းဖေ၊ စီးပွားရေး ဦးဘဖေ၊ စက်မှုနှင့်အလုပ်သမား မန်းဘခိုင်၊ ပညာရေးနှင့်စီမံကိန်း ဦးစော၊ ပြန်လည်ထူထောင်ရေး ဆာမောင်ကြီး၊ လူမှုရေး ဦးအောင်ဇံဝေ၊ သယ်ယူပို့ဆောင်ရေး သခင်ပစိန်နှင့် ပြန်ကြားရေး စောဘဦးကြီးတို့ ပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့ပြီးနောက်တွင် နုတ်ထွက်သူ များက နုတ်ထွက်ကြသဖြင့် ဖဆပလ တဖွဲ့တည်း၏ အစိုးရဖြစ်လာခဲ့လေ သည်။

ထိုကာလတွင် ဗိုလ်အောင်ဆန်းက ဗိုလ်နေဝင်းအား ရာထူးတဆင့် တိုးမြှင့်ပေးခဲ့လေသည်။ ၁၉၄၅ ခု၊ ဒီဇင်ဘာလတွင် ဗိုလ်မှူးအဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဖြစ် တိုးတက်ပေးခဲ့လေသည်။ အခြားကရင်စစ် ဗိုလ်ကြီးများကိုလည်း အလားတူ တိုးတက်ပေးခဲ့သောကြောင့် အများကို မြှင့်သည့်ပွဲ ဖြစ်သဖြင့် ဗိုလ်နေဝင်းက ဝမ်းမသာလှပေ။

၁၉၄၇ ခု၊ ဇူလိုင်လတွင် ဗိုလ်လက်ျာအား ကာကွယ်ရေးဝန်ကြီး အဖြစ် ဘုရင်ခံက ခန့်ထားသောအခါ ဗိုလ်နေဝင်းအဖို့ ရာထူးတက်လမ်း ဝေးသည့်ထက် ဝေးသောကြောင့် သူ၏ဘဝတွင် ဒုတိယမြောက်စိတ်အဆင်း ရဲဆုံးအချိန် ဖြစ်ခဲ့ရလေသည်။ ဝင်ငွေကောင်းသော ဆရာဝန်ဖြစ်ရန် အား ထုတ်ခိုက် တက္ကသိုလ်မှ စာမေးပွဲကျစဉ်ကလည်း ကြီးစွာစိတ်ဆင်းရဲခဲ့ရ သည်။ သူ့အဖို့ ဇာတာကျဆင်းသော အချိန်ပိုင်းဟု ဆိုရပေမည်။

ဗိုလ်အောင်ဆန်းအဖို့ ဇာတာအတက်ဆုံး အချိန်ဖြစ်နေ၏။ ပြည်သူ့ တို့ကိုယ်စား ဘိလပ်သို့သွားကာ လွတ်လပ်ရေး အရေးဆိုသဖြင့် လွတ်လပ် ရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော်နိုင်ငံရေးဟူသည်မှာ ရန်များလှ သည်။ သူကနိုင်ငံရေးစစ်မျက်နှာတွင် ဟောပြောလေတိုင်း အင်္ဂလိပ်တို့၏ အရင်းရှင်စနစ်ကို တိုက်ခိုက်ခဲ့သည်။ မြန်မာ့စီးပွားရေးကို စီမံကိန်းနှင့် လုပ် ဆောင်ရန် ရေးဆွဲသောအခါတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲလေသဖြင့် မြန်မာနိုင်ငံကို အခြေစိုက်သော အင်္ဂလိပ်အရင်းရှင်တို့က မလိုလားသောကြောင့် ရန်ပြုကြလေသည်။

မြန်မာနိုင်ငံတွင် အခြေစိုက်ထားသည့် အင်္ဂလိပ်အရင်းရှင်ကြီး တစုတို့သည် မြန်မာပြည်၌ ဆက်လက်နေထိုင်ကာ စီးပွားရေးစားကျက်၌ ဆက်လက်စားသုံးလိုကြသည်။ ထိုအစုတို့သည် ရှေးကာလကပင် အင်္ဂလိပ်အစိုးရက အထက်ဗမာပြည်ကို သိမ်းရန်တိုက်တွန်းခဲ့သဖြင့် တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲဖြင့် သီပေါအားနန်းချ၍ အထက်ဗမာပြည်ကို သိမ်းခဲ့သည့်သမိုင်းရှိသည်။ ယခုခေတ်တွင်မူ အင်္ဂလန်ပြည်ရှိ လေဘာပါတီနှင့် ခေါင်းဆောင်မစ္စတာအက်တလီအပေါ် ဩဇာမညောင်းသဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရမည့် အခြေအနေကို ရင်ဆိုင်နေရသည်။ အကယ်၍ လွတ်လပ်ရေးပေးရပါက အောင်ဆန်းသာ ဝန်ကြီးချုပ်ဖြစ်နေလျှင် ၁၈ ရာစုက စတင်၍ အင်္ဂလိပ်အရင်းရှင်ကြီးများ တည်ဆောက်ထားခဲ့သော စီးပွားရေး လုပ်ငန်းများကို လက်လွှတ်ရတော့မည်မှာ မုချဖြစ်နေသည်။

ထိုကြောင့် မြန်မာ့အရေးကို အထူးစိတ်ဝင်စားသည့် ထိုတစုတို့သည် မြန်မာ့နိုင်ငံရေး ဇာတ်ညွှန်းကို ပြောင်းလဲရန် အပူတပြင်းအားထုတ်စီစဉ်ကြလေသည်။ သူတို့တွင် ငွေအများကြီးရှိသည်။ ရန်ကုန်သိမ်းသော စစ်တပ်၏ သုံးပုံတပုံခန့်သော စစ်ဗိုလ်ကြီးများနှင့် မြန်မာပြည်ဘုရင်ခံ၏ အစိုးရအရာရှိကြီးအများသည် သူတို့၏အတွင်းလူများ ဖြစ်ကြသည်။ သူတို့အစုသည် လန်ဒန်မှနေ၍ ခြယ်လှယ်ဖန်တီးနိုင်သည် သာမက ရန်ကုန်တွင်လည်း လိုအပ်သလို စီစဉ်ရန်အင်အားရှိသည်။ မြန်မာနိုင်ငံ၌ အောင်ဆန်းအာဏာမရစေရေးအတွက် ကြိုးဆအားထုတ်နေသည်။ ထိုအထူးစိတ်ဝင်စားသူတို့ အုပ်စုသည် တခါက အင်္ဂလိပ်တို့၏ မဟာမိတ်နန်းရင်းဝန်ဖြစ်ခဲ့သူ ဂဠုန်ဦးစောကို မျက်စိကျမိကြသည်။

ဦးစောသည် အောင်ဆန်းအား စိတ်နာနေသည်။ အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ပါဝင်ပူးပေါင်းရန် သဘောတူပါလျက် အောင်ဆန်း၏ လူသတ်သမားတစုဟု သူက ယိုးစွပ်သူတို့သည် သူ့ကို လုပ်ကြံကြသည်။ (စက်တင်ဘာလ ၂၆)တွင် ကံကြီးလွန်းလှသဖြင့် မသေခဲ့ရသော်လည်း



အောင်ဆန်းအပေါ် နာကျည်းနေသည်။ ထိုစဉ်က အောင်ဆန်းနှင့် သခင်နုတို့သည် ဆေးရုံသို့ ချက်ခြင်းလာရောက်၍ လူမမာ မေးကြသေးသည်။ ဦးစောအား လုပ်ကြံသော အကြမ်းဖက်ဝါဒ လူသတ်သမားများ မည်သူဖြစ်သည်ကို အောင်ဆန်းပင် မသိဟုဆိုသည်ကို ဦးစောက မယုံကြည်နိုင်ဘဲ အောင်ဆန်းအား ကလဲ့စားချေမည်ဟု ဆုံးဖြတ်ထားသည်။

မြန်မာအဖွဲ့နှင့်အတူ ဘိလပ်သို့လိုက်လာပြီး အောင်ဆန်းပြုသမျှကို ဦးစောက ကန့်ကွက်ခဲ့သည်။ မြန်မာနိုင်ငံရောက်လျှင် အောင်ဆန်းသည် နိုင်ငံကို ရောင်းစားသူဖြစ်သည်ဟု ဟောပြော၍ မျိုးချစ်အဖွဲ့ကို စည်းရုံးမည်ဟု သူက ပြောသည်။ အရက်မူးလွန်သောအခါတွင် လက်သီးနှင့် စားပွဲကိုထုကာ "အောင်ဆန်းသေရမည်"ဟု ကြိမ်းမောင်းလေ့ရှိသည်။ "ဒီလိုကြိမ်းပေမဲ့ အောင်ဆန်းကို သတ်မယ်လို့ ပြောတာမဟုတ်ဘူး၊ အောင်ဆန်းရဲ့ နိုင်ငံရေးလမ်းစဉ် သေရမယ်လို့ ပြောတယ်လို့ ယူဆခဲ့တယ်"ဟု နားနှင့်ကြားလိုက်ရသူ ဘီဘီစီ ဦးအောင်မင်းက မှတ်ချက်ချခဲ့သည်။

သို့သော် ထိုဘိလပ်ဆွေးနွေးပွဲအချိန်တွင်ပင် ဦးစောသည် အထူးစိတ်ဝင်စားသူများ၏ အုပ်စုနှင့် အဆက်အသွယ်ဖြစ်သွားဟန်တူသည်။ ငွေရော လက်နက်ပါ လိုသလောက်ရစေမည်ဟု ကတိပေးကြဟန်တူသည်။ ဦးစောသည် ဘိလပ်ဆွေးနွေးပွဲ ပြန်လာချိန်မှ စတင်ကာ သူ၏အကြံကို အားစိုက်တော့သည်။ အင်္ဂလိပ်စစ်ဗိုလ်များက စစ်လက်နက်ဂိုဒေါင်များမှ လက်နက်မျိုးစုံ ခိုးထုတ်ပေးသည်။

ထိုသို့ ကြံစည်ချိန်တွင် ဦးစောနှင့် အင်္ဂလိပ် အပေါင်းပါတို့သည် ဗိုလ်အောင်ဆန်းကို ဖယ်ရှားပြီးချိန်တွင် တည်ထောင်မည့် အစိုးရသစ်၏ ပုံစံကို လေးနက်စွာ ဆွေးနွေးရေးဆွဲကြရပေမည်။ နိုင်ငံရေးအားဖြင့် အချိန်အနည်းငယ်အတွင်း မျိုးချစ်ပါတီက ဖဆပလကို လွှမ်းမိုးနိုင်ရမည်ဟု ဦးစောက ယုံကြည်သည်။

အရေးကြီးသည်မှာ စစ်တပ်၏ကဏ္ဍ ဖြစ်သည်။ မြန်မာနိုင်ငံ၌ တပ်စွဲထားဆဲဖြစ်သော အင်္ဂလိပ်စစ်တပ်က တိုင်းပြည်တွင် ကြီးမားသော ဆူပူမှု မဖြစ်သရွေ့ ဝင်ရောက်စွက်ဖက်မည်မဟုတ်ဟု ယူဆရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသစ်ဖွဲ့နေသည့် ဘားမားရိုင်ဖယ်တပ်တွင် ဂျပန်နှင့်ပူးပေါင်းပြီးမှ ပြန်၍ တော်လှန်ခဲ့သည့် နိုင်ငံရေးယုံကြည်ချက်ရှိသော အရာရှိများရှိနေသည်။ ထိုပြင်လက်နက်ပုန်းများရှိလေမည်ဟု ယူဆရသည့် ပြည်သူ့ရဲဘော်များကလည်း ရှိသေးသည်။ ဦးစောအစိုးရ ဖွဲ့ခွင့်ရပါက ထိုနိုင်ငံရေး လွှမ်းမိုးနေသော မြန်မာစစ်တပ် အင်အားစုများကို မည်သူက ထိန်းသိမ်းနိုင်မည်နည်း။ မြန်မာစစ်တပ်၏ အကြီးအကဲဖြစ်နေသူ ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ကရင်စစ်အရာရှိကြီးများသည် ရိုးဖြောင့်လွန်းသဖြင့် နိုင်ငံရေး လူသတ်ပွဲကို ထောက်ခံမည့်သူများ မဟုတ်ဟု ယူဆသဖြင့် ဦးစောအစိုးရအဖို့ သူတို့ကိုလည်း ရာထူးမှ ဖယ်ရှားရပေမည်။

ဦးစောကဲ့သို့ ပုဂ္ဂိုလ်ကို ပူးပေါင်းလက်ခံမည့် စစ်ခေါင်းဆောင်သည် ဩဇာရှိရမည်။ ရာထူးအတွက် မည်သည့်အမှုကိုမဆို ပြုရဲသူဖြစ်ရမည်။ စစ် ခေါင်းဆောင်လောင်းရှာသောအခါ လက်ငင်းအားဖြင့် မျက်နှာငယ်နေပြီး ရာထူးနိမ့်ကျ၍ စိတ်မချမ်းမသာဖြစ်နေသူ ဗိုလ်နေဝင်းအား ဦးစောက မျက်စိကျသည်။ ဂဠုန်အစိုးရခေတ်တွင် စစ်တပ်ကို ဦးစီးစေပါက မြန်မာတပ်များအားလုံးကို ထိန်းသိမ်းနိုင်မည်ဟု စဉ်းစားဆုံးဖြတ်မိသည်။ ဗိုလ်နေဝင်းအား ဆက်သွယ်ကြပေမည်။

ဗိုလ်နေဝင်းနှင့် ဦးစော ဆက်သွယ်မှုလမ်းကြောင်းကို ရှာဖွေတွေ့ရှိရန်မှာ မလွယ်ပေ။ သို့သော် စစ်မဖြစ်မီ ဦးစော နန်းရင်းဝန်ဖြစ်စဉ်က စီအိုင်ဒီစုံထောက်ဌာနကို ဦးစောကိုယ်တိုင် ကွပ်ကဲ၍ သခင်များနှင့် မဟာဗမာစသည့် နိုင်ငံရေးအဖွဲ့များ၏ သတင်းများကို ရယူခဲ့သည်။ ဂျပန်သို့ သွားရန် နယ်စပ်သွားသည့် သခင်ဗစိန်အား ဖမ်းဆီးမိအောင် သတင်းပေး နိုင်သည့် အထူးစုံထောက် သတင်းပေး မောင်ရှုမောင်ကို ဦးစော ကောင်းစွာ သိရှိနိုင်သည်။ အင်္ဂလိပ်ကို တိုက်ရန် ဂျပန်သို့ ခိုးထွက်စဉ်က သင်္ဘောဆိပ်သို့ ရန်ကုန်မြို့ပုလိပ်မင်းကြီး၏ကားနှင့် လိုက်ပို့ရန်ပင် စီစဉ်ခဲ့ရသော အင်္ဂလိပ် အရာရှိကြီးများသည် ရန်ကုန်သို့ပြန်၍ ဝင်မိသည်နှင့် မောင်ရှုမောင်အား ဆက်သွယ်ခဲ့ကြမည် ဖြစ်သည်။ လျှို့ဝှက်စုံထောက် သတင်းပေးမောင်ရှုမောင်ကို စောစောကပင် ဆက်သွယ်ထားရှိကြပေမည်။



ဤသို့သော အခြေအနေများကို နောက်ခံပြုကာ လုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ကြသည်။ "လူသတ်သမားတို့သည် ဗမာ့တပ်မတော်တပ်ရင်း (၄)စစ်ဝတ်စုံများ ဝတ်ဆင်ထားကြသည်"ဟု ဇူလိုင် ၁၉ ရက် ၁၆၂၅ နာရီတွင် ဘုရင်ခံ၏ အတွင်းဝန် ဖောင်းလားက ဘိလပ် မြန်မာပြည်ရုံးသို့ ပေးပို့သော ကြေးနန်းတွင် ဖော်ပြထားသည်။ နောက်ပိုင်း အမှုစစ်ဆေးသည့် အခါတွင် လူသတ်သမားတို့ ဝတ်ဆင်သည့် စစ်ဝတ်စုံတံဆိပ်ကို အင်္ဂလိပ်တို့၏ ၁၂ နံပါတ် တပ်မတော်တံဆိပ်ဟု မှတ်တမ်းတင်ပြန်သည်။

လုပ်ကြံမှုကြီးတွင် ဗိုလ်နေဝင်း တိုက်ရိုက်ပါဝင်သည်ဟူသော သက်သေအစအန တစွန်းတစမှ ပေါ်ပေါက်ခြင်း မရှိခဲ့ပေ။

ဗိုလ်မှူးနေဝင်းက ဦးအောင်ဆန်းရှိနေသရွေ့ ကာလပတ်လုံး မိမိအဖို့ ရာထူးတက်လမ်း မရှိခြင်းနှင့် နောင်တနေ့ စစ်တပ်အာဏာ ထက်လာချိန်၌ ဦးစောကို ဖယ်ရှားပြီး ကိုယ်တိုင်အာဏာကို လုယူရန် ရည်ရွယ်ချက်ရှိခြင်းတို့ကြောင့် လုပ်ကြံမှုကြီးတွင် ဝင်ရောက်ကူညီခဲ့၏ဟု ခန့်မှန်း နိုင်ပေသည်။ ပတ်ဝန်းကျင်နိုင်ငံရေး ဖြစ်ရပ်များနှင့် နိုင်ငံရေး အခြေအနေ အပေါ်မူတည်ကာ စဉ်းစားရပေမည်။

လူသတ်သမားတို့က ရုံးပေါက်ဝတွင် ပြည်သူ့ရဲဘော်တဦးကို စတင် ပစ်ခတ်သည်ဟု ဘုရင်ခံ၏အတွင်းရေးမှူး၏ ကြေးနန်းတွင် ဖော်ပြ ထားသော်လည်း ထိုရဲဘော်ဖြူကို မတွေ့ရ။ ဒဏ်ရာရသည်ဆိုသော ထို အစောင့်၏ ထွက်ဆိုချက်ကို အမှုစစ်ဆေးသောအခါ၌ မတွေ့ရတော့ပေ။

ဗိုလ်တထောင် လက်နက်တိုက်မှ ဘရင်းဂန်းသေနတ် ၂၀၀ နှင့် ကျည်ဆံများကို ခိုးထုတ်သွားကြောင်း သတင်းကို ဗမာခေတ်တွင် ဖော်ပြခြင်း မပြုမီ တပတ်ခန့်ကပင် လုပ်ကြံရန် ကြံစည်မှုသတင်းကို ရခဲ့သဖြင့် ကျဆုံးသူ ဝန်ကြီး ဒီးဒုတ်ဦးဘချိုက ဗိုလ်နေဝင်းထံ အကူအညီတောင်းသဖြင့် ဗိုလ်နေဝင်း စိတ်ချယုံကြည်သူ ၂ ဦးကို ဗိုလ်အောင်ဆန်းထံ ပို့ထားခဲ့သည်။ ဗိုလ်မှူးနေဝင်းက ပေးသောသက်တော်စောင့် ၂ဦးဖြစ်သူ ရဲဘော်ဘတုတ် နှင့် ရဲဘော်ရဲမြင့်တို့သည် သေနတ်ပစ် လက်ဖြောင့်ကြသည်။ ခြောက်လုံးပြူး နှင့် ပစ္စတို ၁၀ ချက်ပစ်လျှင် ၈ ချက်သည် ပစ်မှတ်၏ ဗဟိုစက်ဝိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ထိမှန်အောင် ပစ်နိုင်သူများဖြစ်သည်။ ဗိုလ်နေဝင်း ဂျပန်တော်လှန်ရေး တာဝန်ကျစဉ်က ဗိုလ်နေဝင်း၏ သက်တော်စောင့်များအဖြစ် တာဝန်ယူခဲ့ကြသူများ ဖြစ်ကြသည်။ ဦးအောင်ဆန်း၏ လုံခြုံရေးကို ကာကွယ်ရန် တာဝန်ပေးထားသော ထိုအထူးအစောင့်နှစ်ဦးသည် အမြဲတစေ ဦးအောင်ဆန်း၏ လက်တလှမ်းတွင် ရှိရပါလျက် အခင်းဖြစ်ပွားသော ဇူလိုင်လ ၁၉ ရက်နေ့ နံနက်က မရှိကြပဲ ပျောက်ကွယ်နေကြသည်မှာ ဗိုလ်နေဝင်း၏ အစီအစဉ်ဟု မုချယုံကြည်နိုင်သည်။

ထိုနေ့က ရှောင်နေကြသော သက်တော်စောင့် ၂ ဦးသည် လုံးဝ ပျောက်သွားသည်။ ရက်အနည်းငယ်ကြာမှ အလောင်းတွေ့ကြရသည်။ ထိုသူနှစ်ဦးကို အလံနီသူပုန်တို့က သတ်သည်ဟု ပုလိပ်တို့က အမှုဖွင့်တိုင်ချက်ကို မှတ်ယူပြီး အမှုကို ပိတ်လိုက်သည်ဟု ကြည့်မြင်တိုင် ကိုသန်း ရေးသားသည့် ကိုယ်တွေ့သိခဲ့ရသမျှ နိုင်ငံတော်လုပ်ကြံမှုကြီး စာအုပ်တွင် ဖော်ပြထားလေသည်။

ပြည်ထဲရေးဝန်ကြီးအသစ် ဦးမြ (ပျော်ဘွယ်)သည် လုပ်ကြံမှုကြီး ဖြစ်ပွားစဉ်က ဗိုလ်နေဝင်း၏ တပ်ရင်း(၄)ကို စိတ်ချယုံကြည်မှု မရှိပေ။ ဦးစော၏ အိမ်ကိုဝိုင်း၍ ဖမ်းရန်ညွှန်ကြားစဉ်က စစ်တပ်၏အကူကို မယူစေပဲ ဗိုလ်မှူးအေးငွေ (တက္ကသိုလ်မြလေးနွယ်)ကွပ်ကဲသော သောင်းကျန်းမှုနှိမ်နင်းရေးတပ်ရင်း (၁)မှ ရဲဘော်များနှင့် ရန်ကုန်ပုလိပ်များကို ပူးပေါင်းအသုံးပြုကာ ဦးစော၏အိမ်ကိုဝိုင်း၍ ဖမ်းရန် အမိန့်ပေးခဲ့သည်။

ဤသို့သော အချက်အလက်များကို သိရှိသဖြင့် ဖဆပလ ခေါင်းဆောင်သစ် ဖြစ်လာသူ အတွင်းဝန်ဟောင်း ဦးတင်ထွဋ်သည် ဗိုလ်မှူးချုပ်ရာထူးနှင့် စစ်မှုထမ်းစဉ်က လုပ်ကြံမှုကြီးတွင် ဦးစော၏ အပေါင်းပါမည်သူနည်းဟု သဲလွန်စများ ရှာဖွေခဲ့သည်။ နယူးတိုင်းသတင်းစာ၏ အယ်ဒီတာချုပ်လည်းဖြစ်သူ ဦးတင်ထွဋ်က ဦးစောနှင့်ကြံရာပါများအကြောင်းကို သူ၏ သတင်းစာ၌ ဖွင့်လှစ်ရေးသားလိုသည်ဟု အကြောင်းပြကာ သတင်းထောက်ချုပ် ကိုအေးဖေအား သတင်းအစအနများ လိုက်လံစုံစမ်းရန် ညွှန်ကြားခဲ့သည်။



မကြာပါပေ။ ယင်းကဲ့သို့ အမှုဟောင်းကို ပြန်ဖော်ရန် အားထုတ်သဖြင့် ဦးတင်ထွဋ်ပါ လုပ်ကြံခံရကာ အသက်ပေးသွားရရှာသည်။

လုပ်ကြံမှုကြီးကို တရားခံပေါ်အောင် အားထုတ်ခဲ့သူ ဒုရဲချုပ်ဦးထွန်းလှအောင် ရင်ဆိုင်ရသည့် ကံကြမ္မာမှာလည်း ဆန်းကြယ်နေသည်။ ဦးထွန်းလှအောင်က ဦးစောနှင့် အပေါင်းပါများကို ဖမ်းဆီးလာခဲ့သည်။ အင်္ဂလိပ် တရားခံများကိုပါ ဖမ်းနိုင်ခဲ့သည်။ ဦးစောတို့အမှုကို ခုံရုံးသို့တင်စဉ်က တရားလို အစိုးရသက်သေ အမှတ် ၂၆ အဖြစ် အစစ်ခံခဲ့ရသည်။ သူ၏ ထွက်ချက်တို့သည် တရားခံများကို အပြစ်ပေးနိုင်ရန် အရေးပါသော ထွက်ချက်များ ဖြစ်ခဲ့သည်။ အမှုထမ်းကောင်းတဦးဖြစ်သဖြင့် ဆုအဖြစ် အင်္ဂလန်ပြည် မြန်မာသံရုံးသို့ စေလွှတ်ကာ စစ်သံမှူးအဖြစ် သွားရောက် အမှုထမ်းစေခဲ့လေသည်။ (၁၉၄၈ ခု) သို့သော် ၁၉၅၁ ခုနှစ်တွင် ရာထူးသက်တမ်း ပြီးဆုံးသဖြင့် မြန်မာနိုင်ငံသို့ သင်္ဘောနှင့်ပြန်လာသောအခါ သီရိလင်္ကာ (သီဟိုဠ်ကျွန်း)၊ ကိုလံဘိုမြို့တွင် စစ်စုံထောက်အရာရှိများ စောင့်နေပြီး ရန်ကုန်ပြန်ခွင့်မပေးဘဲ မိသားစုတဖွဲ့လုံး၏ နိုင်ငံကူးလက်မှတ်များကို သိမ်းလိုက်သည်။ သံမှူးဟောင်း ဦးထွန်းလှအောင် မိသားစုမှာ မည်သည့်အကြောင်းကြောင့် ဖြစ်သည်ဟု မသိရပဲ သီဟိုဠ်တွင် နိုင်ငံကူးလက်မှတ် မရှိသဖြင့် ၁၉၅၄ ခုနှစ်အထိ သောင်တင်နေခဲ့ရရှာသည်။ ဦးထွန်းလှအောင်အား မြန်မာနိုင်ငံတွင် မရှိစေလိုသည်မှာ ထင်ရှားသည်။

ဤနောက်ခံ နိုင်ငံရေး သတင်းဖြစ်ရပ်များကို မှီငြမ်း၍ လုပ်ကြံမှုကြီးကို ဗမာ့ခေတ်သတင်းစာတွင် အပတ်စဉ် ဆောင်းပါးရေးပြီး စာအုပ်ထုတ်လိုကြောင်း သတင်းထောက်တဦးဖြစ်သော စာရေးသူက အယ်ဒီတာချုပ် ဦးအုန်းခင်ထံ တင်ပြခဲ့သည်။ "ဦးစောနဲ့ ကြံရာပါ ပုဂ္ဂိုလ်ဟာ ဗိုလ်မှူးနေဝင်း ဖြစ်တယ်လို့ သဲလွန်စရှာတဲ့သူ ဦးတင်ထွဋ်နှင့် ဦးထွန်းလှအောင်တို့ ဘာဖြစ်သွားသလဲဆိုတာကို မင်း မမြင်ဘူးလား၊ လုပ်မနေပါနဲ့ကွာ၊ နှုတ်ပိတ်ထားလိုက်ပါ"ဟု ဦးအုန်းခင်က တားမြစ်ခဲ့လေသည်။

ဦးအုန်းခင်က စာရေးသူအား ဆက်၍ပြောသေးသည် "တနေ့ရာမှာ တွေ့တုန်းက နေဝင်းက ငါ့ကို ပြောတယ်ကွ၊ ကိုအုန်းခင်တဲ့ တင်ထွဋ်ကို

www.burmeseclassic.com

www.burmeseclassic.com



သတ်တာ ဘယ်သူလဲဆိုတာ သိရဲ့လားတဲ့၊ ဟဲဟဲ ငါ့ကို ခြောက်တာပေါ့ကွာ၊ ငါမကြောက်တတ်ဘူးဆိုတာ မင်းသိပါတယ်၊ ဒါပေမယ့် မင်းအဖို့တော့ အခုရေးလျှင် အန္တရာယ်ရှိနိုင်တယ်။ မရေးပါနှင့် ဦးကွာ၊ မှတ်စုတွေကိုသာ လုံလုံခြုံခြုံ သိမ်းထားပါ။ တနေ့တခေတ်မှာ မင်းရေးဖို့ အခွင့်အရေး ကြုံပါလိမ့်မယ်"ဟု ပြောခဲ့၏။

■



(၆)

## ကာကွယ်ရေးဝန်ကြီးရာထူးကို တောင်းဆိုရာ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ကျဆုံးသွားပြီးနောက် ချက်ခြင်းပင် ဇူလိုင်လ ၂၀ ရက်နေ့တွင် သခင်နုခေါင်းဆောင်သော ဖဆပလ အစိုးရ တက်လာခဲ့လေသည်။ ဦးစောမှာ သူရည်မှန်းသော ဝန်ကြီးချုပ်ရာထူးကို မရတော့သည်သာမက လုပ်ကြံမှုကြီး၏ တရားခံအဖြစ် အဖမ်းခံရပြီး ကြိုးစင်တင်ခြင်း ခံရသည်။

ဦးစောနှင့် အပေါင်းပါ အင်္ဂလိပ်များအနက် မေဂျာယန်းနှင့် ကပ္ပတိန် ဗီဗြင်တို့ကိုသာ ဖမ်းဆီး၍ ထောင်ဒဏ်ပေးနိုင်ခဲ့သည်။ ကြီးရာပါ အင်္ဂလိပ် အရာရှိကြီးအများသည် အခင်းဖြစ်ပွားသောနေ့ကပင် မြန်မာပြည်မှ စွန့်ခွာပြေးကြလေပြီ။ ပြည်တွင်းမှ ကြံရာပါတို့သည် လက်စလက်နများကို ဖျောက်ဖျက်၍ သတိကြီးစွာနှင့် တိမ်းရှောင်ကြသည်။ ပိပြားစွာနှင့် ဣန္ဒြေမပျက်နေနိုင်ကြသောကြောင့် အဖမ်းအဆီး မခံရဘဲ ရပ်တည်နေနိုင်ခဲ့ကြသည်။ ဗိုလ်နေဝင်းသည် သခင်နုနှင့် ဖဆပလခေါင်းဆောင်များထံသို့ မဆိုင်းမတွ သွားရောက်တွေ့ဆုံသည်။ "နိုင်ငံရေးမှာ ခင်ဗျားတို့ ထိန်းကြပါ။ တပ်ကို ကျွန်တော်တို့ တာဝန်ယူပါမယ်"ဟု ပြောပြ၍ ကတိပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇူလိုင်လ ၂၁ ရက်နေ့တွင် သခင်နုအစိုးရအဖွဲ့ကို တိုးချဲ့ပြီး ဗိုလ်လက်ျာအား ကာကွယ်ရေးဝန်ကြီး ခန့်အပ်ပြန်သည်သာမက ဩဂုတ်လ ၁ ရက်နေ့တွင် ဗိုလ်လက်ျာအား ဒုတိယဝန်ကြီးချုပ်အဖြစ် တိုးမြှင့်၍ အာဏာပေးပြန်သောကြောင့် ဗိုလ်နေဝင်းအဖို့ အောင်ဆန်းလွန်ကာလတွင်လည်း ရာထူးတက်ရန်လမ်းမမြင် ဖြစ်ရပြန်သဖြင့် မကျေမနပ်နှင့် အံကို ခဲနေရပြန်သည်။

ဗိုလ်လက်ျာကမူ ဗိုလ်နေဝင်းအား စိတ်တိုင်းမကျသူ ဖြစ်စေကာမူ ရာထူးတဆင့် တိုးတက်ပေးထိုက်သူ ဖြစ်သည်ဟု ဆုံးဖြတ်ကာ ရာထူးတိုးမြှင့်ပေးခဲ့လေသည်။ ဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးချုပ်ရာထူးသို့ ၁၉၄၇ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က တိုးမြှင့်ပေးခဲ့လေသည်။ သို့သော် ဗိုလ်နေဝင်းသည် သူ့အထက်အဆင့်များတွင် ကရင်စစ်ဗိုလ်ကြီးများ ရှိနေသရွေ့ မကျေနပ်နိုင်။ "ဗိုလ်ချုပ်စမစ်ဒွန်း၊ လေတပ်ဗိုလ်ချုပ်ရှီရှိုး၊ ဘရီဂေးဒီးယား စောကြာဒိုး၊ ဘရီးဂီဒီးယားတင်ထွဋ်၊ မေဂျာဂျင်နရယ်ရာထူးပေးထားသော ရဲချုပ်ဦးထွန်းလှအောင်စသော ပုဂ္ဂိုလ်များက နိုင်ငံတော်လုံခြုံရေးကောင်စီကို ကိုင်နေကြသည်။ သူတို့အား လက်ျာဖက်ယိမ်းယိုင်နေသူများဟု ရဲဘော်တို့ကမြင်သည်"ဟု ဗိုလ်နေဝင်းက သူ၏မှတ်တမ်း၌ ဖွင့်ဟရေးခဲ့သည်။ ထိုစဉ်က သူကိုယ်သူလက်ဝဲသမား တဦးဟန်ဆောင်ချိန် ဖြစ်၏။

တိုင်းပြည်၏ အခြေအနေမှာ မကောင်းလှပေ။ လွတ်လပ်ရေးမရမီကပင် သူပုန်သူကန်များ ထကြွနေခဲ့သည်။ အလံနီကွန်မြူနစ်တို့က လက်နက်ကိုင်တော်လှန်ရေး စတင်နေလေပြီ။ အလံဖြူတို့အား ဖဆပလနှင့်ပူးပေါင်း၍ ဒီမိုကရေစီနိုင်ငံရေး လုပ်ဆောင်ကြရန် ဝန်ကြီးချုပ်က ဖိတ်ခေါ်သော်လည်း ရုရှား၏ဩဇာခံကာ မတ်လ ၂၈ ရက်နေ့မှ စတင်တောခို၍ လက်နက်နှင့်သူပုန်ထကြလေသည်။ ကေအင်ဒီအို ကရင်လက်နက်ကိုင်တို့က တဖုံတိုက်ခိုက်နေကြပြီ။ ပြည်သူ့ရဲဘော်တို့ကလည်း ဇွန် ၂၅ ရက်နေ့တွင် တောခိုကြပြန်သဖြင့် ဖဆပလအစိုးရမှာ ကြီးမားသည့်အခက်အခဲ နိုင်ငံ အကြပ်အတည်းကို ရင်ဆိုင်ရတော့သည်။

ထိုအကြပ်အတည်းကာလတွင် ဗိုလ်နေဝင်းက နိုင်ငံရေးအုပ်စု



တခုကိုဖွဲ့စည်း၍ လှုပ်ရှားခေါင်းဆောင် ပြန်သည်။ နိုင်ငံ၏ နိုင်ငံရေးအင်အားစုများသည် လက်ဝဲလမ်းစဉ်ကို ယုံကြည်ကြသည်။ ထို့ကြောင့် လက်ဝဲညီ ညွတ်ရေးတည်ဆောက်ပြီး တိုင်းပြည်ကို ထိန်းသိမ်းကြမည်ဟု ကွန်မြူနစ်များနှင့် အခြားအဖွဲ့များကို စည်းရုံးသည်။ ထိုအခါ ဗိုလ်နေဝင်းက မိမိသည် လက်ဝဲလမ်းစဉ်ကို ယုံကြည်သူ ဖြစ်ပါသည်ဟု ထုတ်ဖော်၍ လက်ဝဲ ညီညွတ်ရေးအဖွဲ့တွင် ထိပ်ဆုံးမှနေရာကို အရယူကာ လှုပ်ရှားခဲ့သည်။

လက်ဝဲစည်းရုံးရေးကောင်စီကို ၁၉၄၈ ခု ဇူလိုင်လ ၁၆ ရက်နေ့က ဖွဲ့စည်းကြေညာခဲ့သည်။

| | | |
|---|---|---|
| (၁) | ဗိုလ်နေဝင်း | ဥက္ကဋ္ဌ (တပ်မတော်) |
| (၂) | ဗိုလ်ဇစိန် | ဥက္ကဋ္ဌ (တပ်မတော်) |
| (၃) | ဗိုလ်ရဲထွဋ် | ဥက္ကဋ္ဌ (တပ်မတော်) |
| (၄) | ဗိုလ်ထွန်းစိန်(ကရင်) | ဥက္ကဋ္ဌ (တပ်မတော်) |
| (၅) | ဗိုလ်ဇေယျ | ဥက္ကဋ္ဌ (တပ်မတော်) |
| (၆) | ဗိုလ်မှူးအောင် | ပြည်သူ့ရဲဘော် |
| (၇) | ဗိုလ်စိန်မှန် | ပြည်သူ့ရဲဘော် |
| (၈) | ဗိုလ်မင်းခေါင် | ပြည်သူ့ရဲဘော် |
| (၉) | ဗိုလ်လရောင် | ပြည်သူ့ရဲဘော် |
| (၁၀) | ဗိုလ်ညွန့်မောင် | ပြည်သူ့ရဲဘော် |
| (၁၁) | ဗိုလ်အောင်ညွန့် | ပြည်သူ့ရဲဘော် |
| (၁၂) | ဗိုလ်ဖုန်းအောင် | ပြည်သူ့ရဲဘော် |
| (၁၃) | ဦးလှမောင် | ဆိုရှယ်လစ်ပါတီ |
| (၁၄) | ဦးဗဆွေ | ဆိုရှယ်လစ်ပါတီ |
| (၁၅) | ဦးကျော်ငြိမ်း | ဆိုရှယ်လစ်ပါတီ |
| (၁၆) | သခင်တင် | ဆိုရှယ်လစ်ပါတီ |
| (၁၇) | ဗိုလ်အောင်ကြီး | ဆိုရှယ်လစ်ပါတီ |
| (၁၈) | ဗိုလ်သိန်းဒန် | ကွန်မြူနစ်ပါတီ |

www.burmeseclassic.com

www.burmeseclassic.com



(၁၉) ဗိုလ်အောင်မင်း ကွန်မြူနစ်ပါတီ
(၂၀) ဗိုလ်ရန်အောင် ကွန်မြူနစ်ပါတီ
(၂၁) ကိုသိန်းဖေ အတွင်းရေးမှူး

(ဗိုလ်သိန်းဒန်အား ထောင်မှထွက်၍ ဆွေးနွေးစေ၏)

ယင်းအဖွဲ့မှာ ကိုသိန်းဖေ ရေးသားသည့် "ဒီမိုကရေစီ တော်လှန်ရေးအတွက် တမျိုးသားလုံး ညီညွတ်ရေး၏ မဏ္ဍိုင်ဖြစ်သော လက်ဝဲညီညွတ်ရေးမူ"ဟူသည့်စာတမ်းမှ အကောင်အထည် ပေါ်လာခဲ့သည်။ ထိုအဖွဲ့ကို ဝန်ကြီးချုပ် သခင်နုက အားပေးအားမြှောက်ပြုသော်လည်း ကမ္ဘာ့သတင်းစာများက မြန်မာပြည်နီသွားလေပြီဟု ရေးသားပြစ်တင်ကြသဖြင့် နောက်တွန့်သွားခဲ့သည်။ အဖွဲ့၏ မူ ၁၅ ချက် ချမှတ်ရာတွင် ဤအဖွဲ့သည် မာ့က်စ်ဝါဒကို လေ့လာသင်ကြားကြမည်ဟူသော အချက်ကို ဖြုတ်လိုက်ရသည်။ မြန်မာသတင်းစာတို့ကလည်း ထောက်ခံမှု မပြုကြသောကြောင့် မြန်မာလူထုက လက်မခံသဖြင့် ကွန်မြူနစ် ဆန့်ကျင်ရေး စစ်အာဏာရှင် ဝါဒီစစ်တပ်နှင့် နစ်တို့လစ်တို့ ပေါင်းစည်းထားသော သဘာဝ မကျသည့် ထိုအဖွဲ့အစည်းသည် ရက်အနည်းငယ်အတွင်း ကွဲပျက်ကာ လူစုခွဲကြရသည်။

ဗိုလ်နေဝင်းက ထိုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် နေရာယူပြီး ဦးစီးသည်မှာ အကယ်၍ အခြေအနေအရ လက်ဝဲအစိုးရ တက်နိုင်ပါက ထိပ်ပိုင်းမှ နေရာရစေရန် သူက ဦးစွာ ဖျာခင်းခဲ့သည်။ အခြေအနေ မဟန်သဖြင့် နောက်ပြန်ဆုတ်ရသောအခါ ဗိုလ်နေဝင်းသည် လက်ဝဲလမ်းစဉ် တိုက်ခိုက်သူ တဦးအဖြစ် ရပ်တည်ပြန်သည်။

ထိုအပိုင်းကာလတွင် လက်ဝဲညီအုပ်စုကို ခေါင်းဆောင်ရန် တာဝန်ယူခဲ့ခြင်းနှင့် ပတ်သက်၍ ဗိုလ်နေဝင်းက ဖြောင့်ချက်ပေးခဲ့သည်။ ၁၉၅၈-၆၀ အိမ်စောင့်အစိုးရ၏ ဝန်ကြီးချုပ်ရာထူး ရယူထားစဉ်က ပြည်သူ့လွှတ်တော်၌ မိန့်ခွန်းပြောရာတွင် "အဲဒီအချိန်မှာ ဗမာ့တပ်မတော်ထဲကို ကွန်မြူနစ်များက ဝင်ပြီးခွဲပါတယ်။ ကျွန်တော်ပါ အခွဲခံခဲ့ရပါတယ်၊ ခွဲတဲ့သူက ဦးသိန်းဖေမြင့်ပါပဲ"ဟု ဦးသိန်းဖေမြင့်အား လက်ညှိုးထိုး၍ တင်ပြ



ပြောဆိုခဲ့လေသည်။

ဝန်ကြီးရာထူး လိုချင်သဖြင့် မိမိသည် "လက်ဝဲယုံဖြစ်ပါသည်"ဟု အော်ဟစ်၍ ကြိုးစားသော်လည်း လက်ဝဲညီညွတ်ရေး ဓာတ်ခေါင်းကွဲသွားသောအခါ ဗိုလ်နေဝင်းမှာ မူလရာထူးနှင့်ပင် ဒုံရင်းသို့ ပြန်ရောက်သွား၏။ ဝန်ကြီး မဖြစ်မခြင်း မကျေနပ်နိုင်သော ဗိုလ်နေဝင်းသည် တဖက်တွင် ကွန်မြူနစ် သိန်းဖေမြင့်နှင့် ပေါင်းကာ အခြားတဖက်မှ ဦးကျော်ငြိမ်းအား ကပ်၍ သူ့ကိုကာကွယ်ရေးဝန်ကြီးပေးပါဟု တောင်းဆိုရန် ကုလားဖန်ထိုးပြန်သေးသည်။

သူပုန်အရေးတော်ပေါ်သောအခါတွင် ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သူ ဗိုလ်လက်ျာက သူပုန်တို့အား ထိရောက်စွာ တိုက်နိုင်စေရန်အတွက်၊ မိမိတာဝန်ယူနေသော ကာကွယ်ရေးဝန်ကြီးရာထူးကို ဗမာ့တပ်မတော်မှ အရာရှိကြီးတဦးကို လွှဲပြောင်းခန့်ထားရန် အဆိုပြုခဲ့သည်။

ဗိုလ်လက်ျာက ကာကွယ်ရေးဝန်ကြီးခန့်ထားရန် အဆိုပြုသူမှာ တပ်ရင်း(၃)မှ တပ်ရင်းမှူး ဗိုလ်ဇေယျဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျခေါ် သခင်လှမောင်သည် တို့ဗမာအစည်းအရုံး ခေါင်းဆောင်တဦးဖြစ်ခဲ့သည့်အပြင်၊ ၁၉၄၀-၄၁ ခုနှစ်က တက္ကသိုလ် ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။ ဂျပန်စစ်တပ်များ ရန်ကုန်မြို့ကို သိမ်းပြီးနောက် ၁၉၄၂ မတ်လတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်က အထက်ဗမာပြည်ကို ချီတက်တိုက်ခိုက်ကြစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့အောက်မှ တပ်မမှူး (၁) အဖြစ် တပ်မတော်၏ တတိယအဆင့်မှ ခေါင်းဆောင်ခဲ့သည်။ ထိုစဉ်က ကွန်မြူနစ်ပါတီတွင်းသို့ အရောက်မသွားသေးသူ ဗိုလ်ဇေယျသည် စစ်ရေးရော နိုင်ငံရေးပါ ထူးချွန်သူဖြစ်သဖြင့် ကာကွယ်ရေးဝန်ကြီးရာထူးကို ပေးရန် ဗိုလ်လက်ျာက ရွေးချယ်၏။

သတင်းကို သိသောအခါ အကယ်၍သာ ဗိုလ်ဇေယျအား ကာကွယ်ရေးဝန်ကြီးခန့်ပါက မိမိအဖို့ ရာထူးတက်လမ်းသည် ပိုမိုဝေးသွားမည်ဖြစ်သဖြင့် ဗိုလ်နေဝင်းက သိန်းဖေမြင့်နှင့် ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



တို့အား ချဉ်းကပ်ကာ မိမိသာအစိုးရကို သစ္စာရှိမည်ဖြစ်သဖြင့် မိမိကို ကာကွယ်ရေးဝန်ကြီးပေးရန် ဝန်ကြီးချုပ်ထံ တောင်းဆိုပေးပါဟု တောင်းပန်လေသည်။ တဖက်မှလည်း ဗိုလ်ဇေယျအား စည်းရုံးပြန်သေးသည်။ မိမိတို့နှစ်ဦးသည် ကာကွယ်ရေးဝန်ကြီးဖြစ်ထိုက်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ်သခင်နုထံမှ မိမိတို့နှစ်ဦးအနက် တဦးကိုကာကွယ်ရေးဝန်ကြီးခန့်ရန် ပြိုင်တူတောင်းဆိုကြမည်။ ဝန်ကြီးချုပ်က တဦးကိုရွေးချယ်ကာ ဝန်ကြီးခန့်ထားပါက ကျန်တဦးက ပူးပေါင်းဆောင်ရွက်ကြမည်ဟု ညှိလေသည်။ ရိုးသားသော ဗိုလ်ဇေယျက သဘောတူခဲ့သည်။

ထို့ကြောင့် မှုလက ဗိုလ်ဇေယျအား ကာကွယ်ရေးဝန်ကြီး ခန့်ထားရန် အဆိုအစား ဗိုလ်ဇေယျ (သို့မဟုတ်) ဗိုလ်နေဝင်းတို့နှစ်ဦးအနက် တဦးကို ကာကွယ်ရေးဝန်ကြီးခန့်ပါဟု ဝန်ကြီးချုပ်အား တင်ပြသည့်အဆို အဖြစ်သို့ ပြောင်းလဲခဲ့သည်။

ထိုအဆိုကို တင်ပြခြင်းမပြုမီ ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်းက တပ်ရင်း(၄)ကိုသာ အားကိုးရပါသည်။ ဗိုလ်ဇေယျနှင့် နှိုင်းစာပါလျှင် ကာကွယ်ရေးဝန်ကြီးရာထူးကို ဗိုလ်နေဝင်းအား ပေးသင့်ပါသည်ဟု သခင်နုထံကပ်ကာ ကြိုတင်၍ နားသွင်းထားခဲ့သည်။ လျော်ကန်သည်ဟု ဝန်ကြီးချုပ်က ယူဆကာဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီးရာထူးပေးရန် သဘောတူပြီးဖြစ်သည်ဟု မှတ်တမ်းရေးခဲ့သည်။ သို့သော် ဇာတ်ညွှန်း ပြောင်းသွားရပြန်သည်။

ကာကွယ်ရေးဝန်ကြီး ရွေးချယ်မှုညှိနှိုင်းရေးအတွက် အတွင်းလူများနှင့် ဆွေးနွေးရေး အစည်းအဝေး ကျင်းပသောအခါ ဦးကျော်ငြိမ်းနှင့် ဆိုရှယ်လစ်ခေါင်းဆောင်များ တက်ရောက်ကြသည်။ ဦးသိန်းဖေမြင့်လည်း ပါသည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်ဇေယျတို့နှင့်အတူ စစ်ဗိုလ်အချို့လည်း ပါလာကြသည်။ ဝန်ကြီးချုပ်၏ အိမ်အစည်းအဝေးခန်းမတွင် နေရာယူပြီးမှ ဝန်ကြီးချုပ်က အခန်းတွင်းဝင်လာသောအခါ အားလုံးက မတ်တတ်ရပ်၍ ဝန်ကြီးချုပ်အား အရိုအသေပြုကြသည်။

ထိုအခါ ဝန်ကြီးချုပ်အား အလေးပြုသော စစ်ဗိုလ်တဦး၏ ခါး၌



ခြောက်လုံးပြူးထိုးထားသည်ကို သခင်နုက ဖျက်ခနဲ မြင်လိုက်ရ၏။ ထိုအခါ ဦးနုသည် မိမိကို စစ်တပ်က သေနတ်ပြပြီး ကာကွယ်ရေးဝန်ကြီး ရာထူးပေးရမည်ဟု ခြိမ်းခြောက်တောင်းသည်ဟု ထစ်ခနဲယူဆကာ ဝုန်းခနဲ ဒေါသအိုး ကွဲသွားခဲ့မိသည်။ ထိုစစ်ဗိုလ်က တမင်ချိန်းခြောက်ရန် သေနတ်ပြသည် မဟုတ်တန်ပေဟု မိမိ၏စိတ်ကို ချုပ်တီးထိန်းသိမ်းပြီး ဆက်လက်ဆွေးနွေးသည်ဟု သခင်နုက မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ အစည်းအဝေး ထိုင်ကြရာ "ကဲ ပြောကြပါဦး"ဟု သခင်နုက ဗိုလ်နေဝင်းနှင့် ဗိုလ်ဇေယျတို့အား မေးသောအခါ သူတို့နှစ်ဦးက မဖြေဘဲ ဦးသိန်းဖေမြင့်အား လှမ်း၍ကြည့်ကြသည်။ ဦးသိန်းဖေမြင့်က ရင်ကိုကော့ပြီး မတ်တတ်ရပ်၍ "ဝန်ကြီးချုပ် ခင်ဗျား၊ ကာကွယ်ရေးဝန်ကြီးရာထူးကို ဗိုလ်ဇေယျကိုဖြစ်ဖြစ်၊ ဗိုလ်နေဝင်းကိုဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ကြိုက်ရာလူကို ခန့်ပါ"ဟု ပြောသည်။ သခင်နုက ပြုံး၍ နားထောင်ရင်း ဗိုလ်နေဝင်းအား ခန့်မည်ဟု ပြောမည်ပြုနေစဉ် ဦးသိန်းဖေမြင့်က မရပ်သေးဘဲ ဆက်လက်၍ ပြောပြန်သည် "ဝန်ကြီးချုပ် စဉ်းစားဖို့ သုံးရက်အချိန်ပေးပါမည်"ဟု ပြောသောအခါ သခင်နုက မိမိကို ခြိမ်းခြောက်၍ ရာဇသံပေးသည်ဟု ယူဆကာ ဒေါသအိုး ပေါက်ကွဲသွားပြန်တော့သည်။

"ဟေ့ သိန်းဖေ၊ မင်းပြောတဲ့အဆိုကို စဉ်းစားဖို့ သုံးရက်မပြောနဲ့ သုံးမိနစ်တောင် ငါ အချိန်မယူဘူး။ ငါ စဉ်းစားပြီးပြီ၊ ဘယ်သူ့ကိုမှ မခန့်ဘူး၊ မင်းတို့မကျေနပ်ရင် ဟိုစစ်ဗိုလ်ရဲ့ခါးက သေနတ်နဲ့ ငါ့ကို ပစ်သွားကြ"ဟု သခင်နုက ဒေါသနှင့် အဖြေပေးသဖြင့် အစည်းအဝေး ပျက်သွားတော့သည်။

ဗိုလ်နေဝင်းနှင့် ဗိုလ်ဇေယျတို့သည် ဝန်ကြီးရာထူးရရှိရန် ဆက်လက် အားထုတ်ကြသေးသည်။ ဒေါသကုမ္ပဏီရ သခင်နုက မည်သူ့ကိုမှ ကာကွယ်ရေးဝန်ကြီး မခန့်တော့ပြီ။

အကယ်၍သာ ထိုစဉ်က နိုင်ငံရေးအသိရှိသူ ဗိုလ်ဇေယျအား ခန့်လျှင် တပ်၏ညီညွတ်ရေးကို ထိန်းနိုင်သူဖြစ်သဖြင့် ပြည်တွင်းစစ်တွင် တပ်က ပါကောင်းမှပါမည်။ ဇာတ်လမ်းပြောင်းသွားနိုင်သည်။ ဗိုလ်နေဝင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခန့်လျှင်လည်း အနည်းငယ် တည်ငြိမ်နိုင်သည်။

ဗိုလ်နေဝင်းက ဝန်ကြီးရာထူး မရသောကြောင့် ကြီးစွာစိတ်ဆိုးပြီး ခလောက်ဆန်ကာ အမျိုးမျိုးသွေးခွဲသဖြင့် သရက်မြို့ရှိ တပ်မတော်တပ်ရင်း (၁)နှင့် မင်္ဂလာဒုံရှိတပ်ရင်း (၃)တို့မှ အရာရှိများနှင့် တပ်သားများ တောခိုကာ ကွန်မြူနစ်တို့ဖက်သို့ ကူးပြောင်းသွားကြရသည်။ ဗိုလ်ဇေယျတယောက်လည်း တောထဲသို့ ပါသွားတော့သည်။

ဗိုလ်နေဝင်းသည် စတင်တောက်လောင်စပြုသော ပြည်တွင်းစစ်မီးကို ဓာတ်ဆီလောင်းပေးသူဖြစ်သည်။ ဗိုလ်နေဝင်း၏ နိုင်ငံရေးရာထူးလောဘသည် ၁၉၄၈ ခုက စတင်ကာ မြန်မာ့သမိုင်းကို အဆိုးဖက်သို့ ပြောင်းလဲနေစေသည်။

ကာကွယ်ရေးဝန်ကြီးရာထူးကို မျက်နှာငယ်ခံ၍ တောင်းပါလျက် ဝန်ကြီးချုပ်က ဒေါသနှင့် ငြင်းဆန်သည်ကို ဗိုလ်နေဝင်းက တေးထားပြီး ပြည်တွင်းစစ် သက်တမ်းရင့်လာချိန်တွင် အကျပ်ကိုင်၍ တောင်းဆိုပြန်သည်။ ဤတချီတွင် ဗိုလ်နေဝင်း အောင်ပွဲ ရရှိသွားသည်။

ကရင်ကာကွယ်ရေးတပ်များနှင့် ကရင်စစ်သားအချို့ပါ တောခိုပြီး လက်နက်ကိုင် ပုန်ကန်ကြလေရာ "မြန်မာနိုင်ငံ၏ အခြေအနေမှာ အရေးကြီးသော အခြေအနေသို့ ရောက်ရှိလေပြီ"ဟု ၁၉၄၈ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်က ကြေညာရလေသည်။

"စစ်သေနာပတိနှင့် စစ်ဦးစီးချုပ်တွေက ကရင်တွေဖြစ်နေတော့ ကျွန်တော်တို့ ဗမာတပ်တွေက ဘယ်နှယ်လုပ်လို့ တိုက်ရပါမလဲ"ဟု ဗိုလ်နေဝင်းက မကြာခဏ တင်ပြသဖြင့် ၁၉၄၉ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်သေနာပတိကြီး စမစ်ဒွန်းအား ရာထူးမှ အနားပေးလိုက်ရလေသည်။ ထို့ပြင် တပ်မတော်တွင်းရှိ ကရင်အမျိုးသားစစ်မှုထမ်းများကိုလည်း အနားပေးလိုက်ရသည်။

စမစ်ဒွန်း၏နေရာကို ဗိုလ်နေဝင်းအား ပေးလိုက်ရပြီးနောက်၊ တိတိကျကျ နောက်တနေ့တွင် ရန်ကုန်အလုံရပ်ကွက်ရှိ ကရင်အမျိုးသားအိမ်များကို စစ်တပ်က မီးတိုက်သတ်ဖြတ်ရာမှ ကရင်သူပုန်တို့၏ အင်အားပိုမိုကြီးထွားလာပြီး အင်းစိန်မြို့ကို ကရင်များက သိမ်းပိုက်နိုင်ခဲ့လေသည်။



စစ်ကြောင့် ကာကွယ်ရေးစရိတ် တိုးမြှင့်ရသဖြင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လစာ ၃၀ ရာခိုင်နှုန်း လျှော့ယူပြီး အစိုးရဝန်ထမ်းများလစာ ၁၅ ရာခိုင်နှုန်း ယာယီလျှော့ရန် ဆုံးဖြတ်သောကြောင့် အမှုထမ်းပေါင်းစုံသပိတ်ကြီး ပေါ်ပေါက်လာပြန်သည်။ ဗကပတို့အနွယ် အမှုထမ်းအရာထမ်းတို့ တောခိုကြသည်အထိ တိုက်ကြသောကြောင့် အစိုးရစက်ယန္တရားကြီး နှေးကွေးသွားခဲ့ရသည်။

အခြေအနေ ပိုမိုဆိုးရွားလာပြီး မန္တလေးအပါအဝင် နယ်မြို့ကြီးများကိုပါ သူပုန်အမျိုးမျိုးတို့က သိမ်းပိုက်ထားနိုင်ခဲ့သည်။

အရေးထဲ၌ ၁၉၄၉ ခု၊ ဧပြီလတွင် သခင်နု၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ရာထူးမှထွက်စာတင်ကြသည်။ ဦးကျော်ငြိမ်း အပါအဝင် ဆိုရှယ်လစ် ဝန်ကြီးများကလည်း နုတ်ထွက်ကြသည်။ အချို့ဝန်ကြီးများက ကွန်မြူနစ်တို့ဖက်သို့ သံယောဇဉ်ရှိသဖြင့် ထွက်ကြသည်။ အချို့က စစ်တပ်ကို ကြောက်ရွံ့သဖြင့် ထွက်ကြသည်။ ထွက်စာတင်သူ ဝန်ကြီးများက "ဗိုလ်နေဝင်းက ဝန်ကြီးတွေကို ခဏခဏ ကြိမ်းမောင်းပါတယ်၊ သူ့ရဲ့စစ်တပ်ဟာ ဝန်ကြီးတွေ မွေးထားတဲ့ အိမ်စောင့်ခွေးတွေ မဟုတ်ဘူး၊ သူ့ရဲ့တပ်က အသေခံပြီး ဝန်ကြီးတွေကို စောင့်မပေးနိုင်ဘူး။ ဒီတော့ သူပုန်တွေနဲ့ပေါင်းပြီး အစိုးရ ဖွဲ့ကြပေတော့လို့ မာန်မဲပြီး ပြောပါတယ်"ဟု ဝန်ကြီးချုပ်ကို တိုင်တန်းကြသည်။

ထိုအချိန်တွင် ဝန်ကြီးချုပ်ဦးနုအဖို့ ရွေးချယ်ရန် လမ်းနှစ်သွယ်သာ ရှိတော့သည်ကို တွေ့ရလေသည်။ သူပုန်တို့နှင့် ပေါင်းရမည်လော စစ်တပ်ကို ပစားပေးရမည်လော။

ဗိုလ်နေဝင်းပြောသကဲ့သို့ သူပုန်များနှင့်ပေါင်းကာ အစိုးရဖွဲ့ရလျှင် လက်နက်ကိုင်တိုက်သူများကို အညံ့ခံ အရှုံးပေးရသည်သာ ဖြစ်သည်။ သခင်နုသည် ယင်းကဲ့သို့ လက်နက်နှင့် ခြိမ်းခြောက်ပြီး အကြပ်ကိုင်အနိုင်ယူသည်ကို ငုံ့ခံကာ အရှုံးပေးမည့် လူစားမျိုးမဟုတ်၊ မိမိ အသက်

www.burmeseclassic.com

www.burmeseclassic.com



ပေးရသည်ဖြစ်စေ၊ လက်နက်နှင့် အကြပ်ကိုင်မှုကို တုံ့ပြန်တိုက်ခိုက်ရန် သတ္တိကြီးသူဖြစ်သည်ဟု သူ့ကိုယ်သူ ယုံကြည်သည်။ ထို့ကြောင့် သူပုန်ကို အရှုံးမပေး၊ အလျှော့မပေးပဲ ပြန်တိုက်ရန် လမ်းစဉ်ကို သူက ရွေးသည်။ ထို့ကြောင့်ပင် သူပုန်ကို တိုက်ရန်အတွက် စစ်တပ်ကိုမွေးရတော့သည်။

ဗိုလ်နေဝင်းအား ကာကွယ်ရေးဝန်ကြီး ခန့်ရတော့သည်။ ရာထူးမှထွက်သွားသော ဝန်ကြီးများ၏ နေရာတွင် လူမျိုးစုခေါင်းဆောင်များ ဖြည့်စွက်ကာ အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းသောအခါ ဗိုလ်နေဝင်းအား ဗိုလ်ချုပ်ကြီးရာထူးနှင့် ကာကွယ်ရေးဝန်ကြီးရာထူးသာမက ဒုတိယ ဝန်ကြီးချုပ်ရာထူးကိုပါ ပေးရသည်။

ကြီးမြင့်သော အစိုးရရာထူးကို ရရှိသောအခါတွင်မှ ဗိုလ်နေဝင်းက စိတ်ပါလက်ပါ တိုက်ခိုက်သောကြောင့် ကရင်သူပုန်များလက်မှ အင်းစိန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဗိုလ်နေဝင်းက သူပုန်များကိုဖိ၍ တိုက်ရာတွင် ပြင်းထန်စွာ ဖိနှိပ်မှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံသားတဦးကို မသင်္ကာသည်နှင့် ရက်အကန့်အသတ်မရှိ ဖမ်းဆီးထားနိုင်သော ပြည်သူ့ငြိမ်ဝပ်ပိပြားရေး ဥပဒေပုဒ်မ (၅)ကို ပြဋ္ဌာန်းသည်။ ထိုဥပဒေအရ သူပုန်များ၊ သူပုန် အနွယ်များသာမက အခြားခေါင်းထောင်သူမှန်သမျှကို ဖမ်းဆီးခဲ့သည်။ ထိုဥပဒေကြောင့် သူပုန်တို့ အားပျော့သွားသည်။ သို့သော် ပုဒ်မ (၅)နှင့် ဖမ်းထားသူများမှာ များပြားလှသဖြင့် ထောင်များ လျှံသွားခဲ့သည်။

၁၉၅၀ ခုနှစ်က ထောင်တို့တွင် အကျဉ်းသား ၁၁၄၃၅ ဦး ရှိသည့်အနက် ပုဒ်မ (၅)နှင့် ဖမ်းထားသူ၊ အမှုစစ်ဆေးခြင်း မပြီးသေးသူ ၆၁၈၁ ဦး ရှိနေသည်။ ရာဇဝတ်မှုအရ ထောင်ဒဏ်ချထားသူတို့ထက် ပုဒ်မ ၅ အကျဉ်းသားများက ပိုနေခဲ့သည်။ စစ်တပ်နှင့် စစ်တပ်ကို ကပ်ပေါင်းသို့ အာဏာရ ဆိုရှယ်လစ်တို့က မလိုသူမှန်သမျှကို လက်ညှိုးထိုးကာ ဖမ်းကြတော့သည်။ ရခိုင်မှ ရာဇဝတ်ဝန်ထောက်တဦး (R.D.Kirham) ကိုပင် ပုဒ်မ (၅)နှင့် ဖမ်းခဲ့၏။ ကရင်အမျိုးသား စောဘင်ဆင်မှာ ပုဒ်မ (၅)နှင့် ၄ နှစ် ဖမ်းဆီးထားခြင်း ခံခဲ့ရသည်။



ထိုအခါ ဗိုလ်ရန်နိုင် စသော ပုဒ်မ (၅) အကျဉ်းသားတို့က မိမိကို မတရားဖမ်းသည်ကို စစ်ဆေးပါဟု လျှောက်ထားနိုင်သော အခြေခံ ဥပဒေမှ ရှေ့တော်သွင်းစာချွန်တော် အခွင့်အရေးအရ တရားရုံးသို့ လျှောက်ကြလေသည်။ ရဲရင့်သော တရားဝန်ကြီးဦးအေးမောင်က အားလုံးလိုလိုကို လွှတ်ပေးသဖြင့် အဖမ်းအဆီး အားပျော့သွားခဲ့သည်။

ဆိုးရွားသော ထိုဥပဒေကို ပြန်လည်ရုတ်သိမ်းရန်အဆိုကို ၁၉၅၃ ခု၊ အောက်တိုဘာလတွင် လွှတ်တော်အမတ်အချို့က တင်ခဲ့ကြသည်။ အောင်မြင်မှု မရခဲ့သောကြောင့် ယခုထက်တိုင် ဆက်လက် အသက်ဝင်နေသဖြင့် မင်းဆိုးမင်းညစ်တို့သည် အစဉ်တဆက် အသုံးပြုကာ နိုင်ငံသားတို့အား ညှဉ်းဆဲနိုင်ပေသည်။

ဝန်ကြီးချုပ် သခင်နုကလည်း သူပုန်တို့အား သတ္တိကြီးစွာနှင့် တိုက်ခဲ့သူဖြစ်၏။ စစ်တိုက်ရန် မလိုလားသူ သူတပါး၏ အသက်ကို ပုရွက်ဆိတ်ကိုမှ သတ်ဖြတ်ခြင်းမပြုသော သူတော်ကောင်းကြီးဟု အဆိုရှိသော ဦးနုက စစ်မြေပြင်သို့ ကိုယ်တိုင်ထွက်ခဲ့သည်။ သူပုန်တို့၏ အမြောက်သံ၊ ဗုံးသံများ ကြားရသည့် နေရာအထိသွားရောက်၍ စစ်တပ်များ၊ ရဲအဖွဲ့များနှင့် အစိုးရ အမှုထမ်း အရာထမ်းများအား အားပေးကာ ကြံ့ကြံ့ခိုင် ခုခံစေသည်။ ပြန်လည် တိုက်စေသည်။

မန္တလေးမြို့ကို သူပုန်များ သိမ်းထားစဉ်၌ တဖက်ကမ်း စစ်ကိုင်းမြို့သို့သွားကာ ရုံးထိုင်ပြီး အားပေးခဲ့သည်။ လွယ်ကူစွာ သွားနိုင်သည် မဟုတ်ဘဲ၊ ရွှေဘိုလေဆိပ်မှတဆင့် ခက်ခဲစွာ အသက်စွန့်၍ သွားရောက်ခဲ့သည်။ မုံရွာမြို့ကို သူပုန် ဝိုင်းထားစဉ်၌ မုံရွာသို့သွားကာ ရဲအဖွဲ့နှင့် အမှုထမ်း အရာထမ်းများသာမက လူထု၏ စိတ်ဓာတ်ကိုပါ မြှင့်ပေးခဲ့သည်။

အစိုးရအဖွဲ့ခေါင်းဆောင်သခင်နုက မိမိ၏အစိုးရသည် ဗိုလ်နေဝင်းက ကြိမ်းမောင်း စွပ်စွဲသကဲ့သို့ စစ်တပ်အား အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဒရဝမ်ကဲ့သို့ သဘောထားခြင်း မရှိ၊ အရေးကြုံကာ စစ်တပ်နှင့် ပခုံးခြင်းယှဉ်ကာ တိုက်ရဲကြောင်း ဘုန်းစွမ်းနှင့်လူစကို ပြခဲ့ပေသည်။

မြို့များကို သူပုန်တို့ စီးနိုင်သည်မှာ ရဲအဖွဲ့ဝင်နှင့် အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းများက သတ္တိရှိကြသော်လည်း သူပုန်တို့လာသည်ဟု သတင်းရသည်နှင့်တစ်ပြိုင်နက် ကြောက်လန့်တကြား စစ်ဗိုလ်တို့ကမူ ဦးစွာ ထွက်ပြေးလေ့ရှိသောကြောင့် မြို့ရွာများသည် သူပုန်တို့လက်သို့ ရောက်ရှိခဲ့ကြရသည်။

တချိန်တွင် သူပုန်များလာလေမည်ဟု သတင်းအရ စစ်ဗိုလ်က စစ်တပ်ကိုခေါ်ကာ ထွက်ပြေးသဖြင့် ကျောက်ဆည်မြို့မှ မြို့သူမြို့သားများ ကိုးကွယ်ရာမရ ဖြစ်ခဲ့ရသည်။ ရှမ်းပြည်မှပြန်လာသော ဆရာကြီးရွှေဥဒေါင်းသည် မန္တလေးသို့ မပြန်နိုင်ပဲ သောင်တင်နေခဲ့ရသည်။ မန်းသို့ နောက်မှ ပြန်ရောက်သောအခါ သူပုန်သံကြားသည်နှင့် ကာကွယ်မပေးဘဲ ပြေးကြသည့် အစိုးရတပ်များကို ဝေဖန်ကာ လူထုသတင်းစာမှ ခေါင်းကြီးရေးခဲ့သည်။ မကြာမီကပင် မန္တလေးမြို့ကို ကရင်သူပုန် စီးခဲ့သည်။ မြို့ကို စစ်တပ်က ပြန်သိမ်းသောအခါ (၁၉၄၉ ခု ဧပြီ ၂၄) မြန်မာစစ်တပ်က လူထုသတင်းစာတိုက်ကို ဖုံးခွဲကာ ဖျက်ဆီးပြီး ရွှေဥဒေါင်းနှင့် ဦးလှကို ဖမ်းသည်။ "ခင်များတို့က ကျွန်တော်တို့အကြောင်းရေးတာ မကောင်းဘူး"ဟု ပြောဆို ခြိမ်းခြောက်ပြီးမှ ပြန်လွှတ်ပေးသည်။

ပြည်တွင်းစစ်ဦးကာလတွင် ဗိုလ်နေဝင်း၏ စစ်တပ်တို့က လူထုကို အကာအကွယ်မပေးသည်သာမက သူတို့ကနိုင်သူကိုဖိ၍ ညှဉ်းဆဲလေ့ ရှိ၏။

မည်သို့ဆိုစေကာမူ ဗိုလ်နေဝင်း၏ အကြမ်းဖိနှိပ်သောနည်းနှင့် သခင်နု၏ ပြောင်မြောက်သော သတ္တိကြောင့်ဖာတ်ပေါင်းသောအခါ သူပုန်တို့ရှုံးရပြီး တောကြိုအုံကြားသို့ ပြေးကြရလေတော့သည်။

၁၉၄၈ ခုမှ သုံးနှစ်တိုင် တိုက်ခိုက်ကြသော ပြည်တွင်းစစ်၏ အကျိုးဆက်မှာ နိုင်ငံသား ၂၂၀၀၀၊ စစ်တပ်အပါအဝင် အစိုးရဝန်ထမ်း ၅၇၀၀ သေဆုံးခဲ့သည်။ သူပုန်တို့ဖက်မှ လူ ၆၀၀၀ ခန့် ကျဆုံးခဲ့သည်။ ၁၉၅၈ ခု၊ နိုဝင်ဘာမှ ၁၉၆၀ ခု၊ ဧပြီလအတွင်း ၁၇ လတာတွင် သူပုန် ၂၂၇၈ ဦး ကျဆုံးစေခဲ့သည်။ ၂၃၅၁ ဦး ဒဏ်ရာရကာ ၁၃၈၄ ဦးကို ဖမ်းမိပြီး ၄၀၂၂ ဦးတို့ လက်နက်ချကြသည်ဟု အစိုးရက ကြေညာ၏။

ဗိုလ်နေဝင်းသည် ၁၈ လတာမျှ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးရာထူးကို ထမ်းဆောင်ခဲ့စဉ်က လက်နက်ခဲယမ်းမီးကျောက် ဝယ်ယူရန်အတွက် ဘိလပ်သို့သူကိုယ်တိုင် တိုးတိုးတိတ်တိတ် သွားခဲ့လေသည်။ ထိုစဉ်က လန်ဒန်မြို့တွင် လူလည်ဖြစ်နေသူ မြန်မာတဦးနှင့် တွေ့ရှိကာ လန်ဒန်မြို့တော်၏ လှိုင်ဘုံမြနန်းတွင် ရက်အတန်ကြာ ကျက်စားမြူးတူးနေခဲ့သည်။ ပြည့်တန်ဆာများနှင့် အချိန်ကုန်ခဲ့သည်ဟု သိရသည်။ လန်ဒန်တွင် တွေ့ရသည့် အီတလီအမျိုးသမီး ပြည့်တန်ဆာတဦးကို စွဲမက်သဖြင့် ရန်ကုန်သို့ခေါ်ခဲ့ပြီး အင်းယားကန်ဘောင်တွင်ရှိသော ဗိုလ်တင်မောင်ကျွန်း၌ထားရှိကာ ပေါင်းသင်းနေထိုင်ခဲ့သည်။ ကရင်သူပုန်တို့၏ ရေဒီယိုမှ ထိုသတင်းကို ကြိမ်ဖန်များစွာ လွှင့်သဖြင့် ဝန်ကြီးချုပ်ဦးနုက သတိပေးသောကြောင့် ပြန်ပို့လိုက်ရသည်။ သူ့မယားငယ်ထားရာ ကျွန်းကိုမူ လက်မလွှတ်တော့ဘဲ စစ်တပ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင် စစ်လက်နက် ထုတ်လုပ်ရေးစက်ရုံကို ထိုကျွန်း၌ ဆောက်လုပ်ခဲ့လေသည်။



လန်ဒန်တွင် ပျော်ကြစဉ်က ဗိုလ်နေဝင်းတွင် ပါသွားသော လက်နက်ဝယ်ရမည့် နိုင်ငံခြားသုံးငွေများကို လန်ဒန်မိတ်ဆွေက အပျောက်ရိုက်သည်ကို ခံခဲ့ရသည်။ ဗိုလ်နေဝင်းမှာ အစိုးရပိုင် နိုင်ငံခြားသုံးငွေများ ဆုံးရှုံးရသည့်အမှုကို အရေးယူပါက မိမိလော်မာသော အမှုများပါ ပေါ်လေမည် စိုးရွံ့သဖြင့် အရေးမယူနိုင်ဘဲ မခံချိမခံသာ ဖြစ်နေခဲ့သည်။

ထိုမိတ်ဆွေ ရန်ကုန်သို့ လာရောက်လည်ပတ်သောအခါ ကုန်သည်တဦးကို တရားလိုပြုစေ၍ ဖမ်းဆီးပြီး ထောင်ချရန် စီစဉ်ခဲ့သည်၊ ထိုမိတ်ဆွေက ဗိုလ်နေဝင်းထက် လည်သူ ဖြစ်သည်။ အမှုစစ်နေစဉ် အာမခံ ရအောင် လျှောက်ထားပြီး ထိုင်းနယ်စပ်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဗိုလ်နေဝင်း၏ဘဝတွင် ထိုမိတ်ဆွေတဦးတည်းကိုသာ အရှုံးပေးခဲ့ရသည်။ မိမိ၏အကျိုးစီးပွားရေးကို ထိခိုက်ပါလျှင် မည်သူ့ကိုမဆို ကလဲ့စားချေနိုင်သည်။ လက်နက်ဝယ်ရန်ငွေကို အလိမ်ခံရသည့်အမှုမှာ မိမိ၏ ညံ့ဖျင်းမှုနှင့် လော်မာမှုဖြစ်သဖြင့် လူသိမခံဝံ့ပဲ အံကြိတ်၍သာ ခံရရှာသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၇)

## ဗိုလ်နေဝင်းက ကုန်းချော၍ ဖဆပလကို ခွဲခိုက်ခြင်း

ဗိုလ်နေဝင်းသည် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရာထူးကို ရာထူးသက်တမ်း ၁၈ လသာ စံစားလိုက်ရပြီး လူထုက ရွေးကောက်တင်မြှောက်သူမဟုတ်၍ ဆင်းပေးရသဖြင့် လောဘမထိန်းနိုင် မရောင့်ရဲနိုင် ဖြစ်နေခဲ့သည်။ ဒုတိယဝန်ကြီးချုပ်အဆင့်ကိုလည်း မကျေနပ်၊ နိုင်ငံ၏ ထိပ်ဆုံးရာထူးကိုသာ လိုချင်သူဖြစ်သည်။

လက်ငင်း စစ်သေနာပတိချုပ်ရာထူးကို ဆုပ်ကိုင်ထားရင်း တိုင်းပြည်၏ နိုင်ငံရေးအာဏာ ရရှိရေးကို အမျိုးမျိုးကြံဆပြန်သည်။ မြန်မာတမျိုးသားလုံး၏ နိုင်ငံရေးအင်အားစုကြီး စုစည်းထားသော ဖဆပလ အဖွဲ့ချုပ်ကြီးကို ခွဲဖျက်နိုင်မှသာ စစ်သေနာပတိကြီးအဖို့ အာဏာကုန်ရနိုင်မည်ဟူသော အဖြေကို သူ စဉ်းစားမိသည်။

အတတ်တော်တခုတွင် တိုင်းပြည်တပြည်ကို ဖျက်ဆီးလိုသော ပုဏ္ဏားတဦးက မင်းညီ မင်းသားများနှင့် အမတ်များအား တဦးစီ တဦးစီတို့၏ အနားသို့ ချဉ်းကပ်၍ တဦးခြင်း တီးတိုးပြောသည်။ ငါမသိအောင် ထိုသို့ တီးတိုးစကားပြောခြင်းသည် ငါနှင့်သက်ဆိုင်သည့် အမှုကိစ္စသာ ဖြစ်လိမ့်



မည်ဟု တွေးတောပြီး အချင်းချင်း တဦးကိုတဦး မသင်္ကာဖြစ်ကာ အထင်အမြင်လွဲမှား သွေးကွဲကြရာမှ တိုင်းပြည်ပျက်သွားသည်။ "တိုးတိုးပြောတော့ ပြည်ပျက်၊ ပြည်ကြီးပျက်လိုလျှင် တိုးတိုးပြော"ဟူသော ဇာတ်ပွဲ၏ ဆောင်ပုဒ်ကို ဗိုလ်နေဝင်းက အသုံးပြုသည်။

"ဖဆပလကြီး အက်နေသည်၊ ပြန်လည် ညီညွတ်ကြပါ"ဟု သူက အသံကောင်းဟစ်ကာ မေတ္တာရပ်သည်။ ဦးကျော်ငြိမ်း ဦးဗဆွေတို့ ဆိုရှယ်လစ်အုပ်စုနှင့် တီးတိုးအစည်းအဝေး ကျိတ်ဝိုင်းများကို ကျင်းပစဉ်တွင် ညီညွတ်ရေးကို သူကတိုက်တွန်းသည်။ တဖန်ဦးကျော်ငြိမ်းတို့သည် မည်သို့မည်နွယ် သွေးနွေးနေကြပြီဟု ဝန်ကြီးချုပ်၏ လူယုံအတွင်းတော် လူရင်းအဖြစ် သတင်းမှားများကို နှစ်ကိုယ်ကြားသံတော်ဦးတင်သည်။ စစ်ဗိုလ်ချုပ်ကြီးက တိုးတိုးပြောသဖြင့် ပြည်ကြီးပျက်ခဲ့ရသည်။

ဖဆပလအဖွဲ့ချုပ်ကြီး ကွဲပျက်သွားရခြင်းသည် ဖဆပလ ခေါင်းဆောင်များ ပညာအဆင့်အတန်း ခြားနားမှု လူတန်းစားပြဿနာမှ စတင်ခဲ့သည်ဟု ဆိုကြသော်လည်း အခြား အကြောင်းရင်းကြီးများလည်း ရှိပေသေး၏။

ဖဆပလဝန်ကြီးအဖွဲ့မှ ဝန်ကြီးကတော် အချင်းချင်း ဂုဏ်ပြိုင်ကြသည်လည်း အကွဲလမ်းစတခုဖြစ်သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် နိုင်ငံ၏ အကြီးဆုံးသော အခမ်းအနားဖြစ်သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးတွင် ဝိသာခါအဖွဲ့ စသည်ဖြင့် ဆွမ်းကျွေးအဖွဲ့များတွင် မည်သည့်ကတော်က ရှေ့တန်း ထိုင်ရသည်။ မည်သူက နောက်တန်းနေရသည် စသည်ဖြင့် သွေးကွဲသံများ ထွက်လာခဲ့သည်။

အဓိက အကြောင်းကြီးတရပ်မှာ စစ်တပ်က မိမိတို့ရရှိနေသည့် တန်ခိုးအာဏာ ထိန်းသိမ်းရေးအတွက် နိုင်ငံရေးလောကသို့ ဝင်ရောက်စွက်ဖက်မှုများ ဖြစ်သည်။ တောခိုကာ လက်နက်နှင့်ပုန်ကန်နေသော ကွန်မြူနစ် သူပုန်များက မြို့တွင်းလက်ဝဲနိုင်ငံရေးလောကသို့ ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲ၍ အကြောင်းရှာကာ စစ်တပ်က နိုင်ငံရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်။

www.burmeseclassic.com



လွတ်လပ်ရေး ကြေညာချိန်ကပင် လက်နက်ကိုင်သူပုန်များ ထကြွစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဖြစ်နိုင်သော ဒေသများတွင် စတင်ကျင်းပခဲ့လေသည်။ ၁၉၅၁ ခုနှစ်က ကျင်းပသော ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ရှစ်သန်းတို့မှ ၆၀ ရာခိုင်နှုန်း မဲပေးကြသည်။ ဖဆပလ အမတ်လောင်းများက ၆၀ ရာခိုင်နှုန်းမျှသော မဲများကိုရရှိခဲ့သည်။ ယှဉ်ပြိုင်သူမရှိ အရွေးခံရသူများလည်း ရှိခဲ့သည်။

ထို့နောက် ဖဆပလအစိုးရ သက်တမ်းရင့်လာသည်နှင့်အမျှ ဖဆပလ ခေါင်းဆောင်များ အခွင့်အရေးယူမှု၊ ဘက်လိုက်မှုတို့မှ လာဘ်စားမှုများအထိ ကျူးလွန်မိကြသောကြောင့် လူထုက ကြည်ညိုမှု လျော့ပါးလာခဲ့သည်။ အထူးသဖြင့် ဆိုရှယ်လစ်ပါတီဝင် အမတ်လောင်းများကို အကြည်ညို ကင်းမဲ့လာကြသည်။ လူထုနှင့် ကင်းကွာလာသော ထိုအမတ်လောင်းတို့က စစ်တပ်ကို ကပ်ကြသဖြင့် စစ်တပ်က ဝင်ရောက်စွက်ဖက်ကြသည်။

ဆိုရှယ်လစ်အမတ်လောင်းများ အနိုင်မရနိုင်သည့် နယ်မြေတို့ကို ငြိမ်းချမ်းမှုမရှိသေးဟု စစ်တပ်ကကန့်ကွက်သဖြင့် ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရသည်လည်း ရှိသည်။ ဆိုရှယ်လစ်အမတ်လောင်းကို ဆန့်ကျင်၍ ယှဉ်ပြိုင် အရွေးခံမည်ဟု ယူဆရသော နိုင်ငံရေး ခေါင်းဆောင်များကို စစ်တပ်က ပုဒ်မ (၅)နှင့် ဖမ်းထားသော အမှုများလည်း ရှိသည်။ အာဏာလက်ရှိ ဆိုရှယ်လစ်များနှင့် ယှဉ်ပြိုင်အရွေးခံသူများ၊ စည်းရုံးသူများကို စစ်တပ်နှင့် စစ်တပ်၏အရံတပ်များက သတ်ဖြတ်သည်အထိ ရမ်းကားကြသည်။

ထိုအချိန်တွင် စစ်တပ်က ငြိမ်ဝပ်ပိပြားရေး ဥပဒေပုဒ်မ(၅)နှင့် ဖမ်းဆီးခွင့်အာဏာကို ရယူထားသည်။ ဝန်ကြီးချုပ်ဦးနုသည် စစ်တပ်က ဖမ်းထားသောအမှုများကို ဝင်ရောက်စွက်ဖက်လေ့ မရှိ။

ဥပမာ စာရေးဆရာ လူထုဦးလှအား ပုဒ်မ (၅)နှင့် ရက်ရှည်လများ ဖမ်းဆီးထားရာတွင် ဦးလှအကြောင်း ကောင်းစွာသိသူ ဦးနုက "ကိုလှ



လူကောင်းပါကွာ မလုပ်ကြပါနှင့်ကွာ"ဟု တားနိုင်ပါလျက် တုံ့ဏှိသော လုပ်နေမိပြီး မတားခဲ့မိသဖြင့် မိမိသည် ဦးလှ "ခံ"ရမှု၏ တရားခံနံပါတ် (၂)ဖြစ်ပါသည်။ ဦးလှလွတ်လာမှသာ တောင်းပန်ရပါသည်ဟု ဦးလှ နှစ် ၉၀ ပြည့် စာအုပ်တွင် ဦးနုက ရေးခဲ့သည်။

ဆိုရှယ်လစ် အမတ်လောင်းများနှင့် ယှဉ်ပြိုင် အရွေးခံသူတို့အား စစ်တပ်နှင့် စစ်တပ်က ဖွဲ့စည်းထားသည့် လက်နက်ကိုင်တပ်များနှင့် ဝင်ရောက်သတ်ဖြတ်မှု ကျူးလွန်သည်အထိ စွက်ဖက်မှုများ ရှိခဲ့သည်။ ဝန်ကြီးချုပ် ဦးနုသည် ဝင်ရောက်ဟန့်တားမှုများကို ထိရောက်စွာ မပြုနိုင်ဘဲ ကြည့်နေခဲ့ရသည်။

အဓိကပြဿနာတခုမှာ ပြည်တွင်းစစ်ပြီး ငြိမ်းချမ်းရေးလမ်းစဉ် ဖြစ်သည်။ ဝန်ကြီးချုပ်ဦးနုသည်လည်းကောင်း၊ လက်ဝဲလက်ယာခေါင်းဆောင်များသည်လည်းကောင်း၊ လက်နက်ကိုင်သူပုန်များနှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန် လိုလားကြသည်။ ဆိုရှယ်လစ်များ၊ ဗိုလ်နေဝင်းနှင့် သူ၏စစ်တပ်က လက်နက်ကိုင်သူပုန်များနှင့် တွေ့ဆုံဆွေးနွေးလျှင် ကွန်မြူနစ်များ မြေပေါ်သို့ရောက်ပါက စစ်တပ်၏ တန်ခိုးအာဏာများ လျော့ပါးမည်ကို စိုးရွံ့သောကြောင့် လက်မခံပဲ ဆန့်ကျင်နေကြသဖြင့် ကာလကြာမြင့်စွာ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့ကြသည်။

နောက်ဆုံးတွင် သူပုန်တို့နှင့် ဈေးစပ်ရေးကို ပြင်ဆင်ရန် ဝန်ကြီးချုပ် ဦးနုက ဆုံးဖြတ်ခဲ့သည်။ ၁၉၅၅ ခု၊ အောက်တိုဘာ ၁ ရက်မှ စတင်ကာ ၆ လအတွင်း လက်နက်ကိုင်သူပုန်များ လက်နက်ချဝင်ရောက်ရန် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်ကို စစ်တပ်ခေါင်းဆောင်များက လက်မခံလိုကြသော်လည်း နိုင်ငံရေးလောကကို အံတုခြင်း မပြုနိုင်သဖြင့် စောင့်ကြည့်နေခဲ့ကြသည်။

၁၉၅၆ ခုနှစ်၊ ဧပြီလ ရွေးကောက်ပွဲ ကျင်းပသောအခါ စစ်တပ်က ပျက်လုံးပြူးသွားသည်။ ထိုရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းများက မဲစုစုပေါင်း ၁၇ သိန်းကျော် ၁၇၄၃၈၀၆ မဲရရှိပြီး ပမညတအဖွဲ့နှင့် အတိုက်အခံ အမတ်လောင်းများတို့က မဲစုစုပေါင်း ၁၅ သိန်းကျော်

www.burmeseclassic.com

www.burmeseclassic.com



၁၅၃၀၆၃၀ မဲရရှိသည်။ အမတ်နေရာ ဖဆပလက ၁၄၄ နေရာ အရွေးခံရပြီး ပမညတ အမတ် ၄၆ ဦး အရွေးခံရသည်။

စစ်တပ်အဖို့ ပမညတအဖွဲ့ဝင်များနှင့် ပမညတအမတ်များကို ကွန်မြူနစ်များပင် ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ထို့ကြောင့် ပမညတ အမတ်ဦးရေ တိုးတက်လာခြင်းသည် ကွန်မြူနစ်များ အာဏာရစေခြင်း၏ အခြေခံဖြစ်သည်ဟု ယူဆကာ ဆန့်ကျင်ရန် အားထုတ်ကြတော့သည်။ စစ်တပ်နှင့် ဆိုရှယ်လစ်အမတ်တို့ ကျောခြင်းကပ်ကာ ပိုမိုပေါင်းသင်း ထောက်ခံကြသဖြင့် ပိုမိုရင်းနှီးလာကြသည်။

ယင်းသို့ စစ်တပ်က ဆိုရှယ်လစ်ပါတီခေါင်းဆောင်များကို အားပေးအားမြှောက်ပြုလေလေ လူထုနှင့်ဝေးကွာသွားလေလေ ဖြစ်လာခဲ့သည်ကို စစ်ဗိုလ်ကြီးများနှင့် ဆိုရှယ်လစ်ခေါင်းဆောင်များက နားမလည်နိုင်ကြပေ။

ပြည်တွင်းစစ်ကြီးကြောင့် နယ်စွန်နယ်ဖျားအထိ စစ်တပ်များချကာ တပ်စွဲထားသည်မှာ ကွန်မြူနစ်တို့အား တိုက်ခိုက်ရန်နှင့် ရပ်ရွာလူထုကို စောင့်ရှောက်ရန်အတွက် ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သဖြင့် လူထုအကျိုး သယ်ပိုးမှုဖြစ်သည်ဟု စစ်ခေါင်းဆောင်များက ယူဆကြသည်။ လူထု (အထူးသဖြင့် လူမျိုးစုများ)ကမူ မိမိတို့ဒေသတွင် စစ်စခန်းချထားသဖြင့် သမီးကညာမှ ကြက်၊ ဝက်၊ အရက်အထိ ပေးဆက်ရသည်ကို လက်တွေ့ခံကြရသဖြင့် စစ်စခန်းများကို မကျေမနပ် ဖြစ်ကြသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို အားသွန်ဆောင်ရွက်မည်ဟု လမ်းစဉ်ချမှတ်၍ အရွေးခံကြသော ပမညတကို တိုးတက်၍ မဲပေးလာကြသည်။

နိုင်ငံရေးတပ်ပေါင်းစုကြီး ဖြစ်ပါလျက် ထိုရွေးကောက်ပွဲ၌ ပမညတတို့ အင်အားတက်လာရခြင်းကို ဖဆပလအဖွဲ့ချုပ် ခေါင်းဆောင်များ စီစစ်သုံးသပ်ရာတွင်လည်း သဘောကွဲလွဲမှုရှိသည်။ "မြေအောက်ကွန်မြူနစ်များက ပမညတအမတ်များကို ငွေများ ထောက်ပံ့ခြင်း၊ လူထုအား လက်နက်နှင့် ခြောက်လှန့်ခြင်းတို့ကြောင့် ပမညတများ အရွေးခံရသည်"ဟု ဦးကျော်ငြိမ်းက သုံးသပ်သည်။ ဦးနုကမူ "ဖဆပလ ခေါင်းဆောင်များ အာဏာ အလွဲသုံးစားပြုခြင်း၊ လာဘ်စားခြင်း စသည့် မသမာမှုများကြောင့် ဖဆပလ



အဖွဲ့ကြီး အားပျော့ရသည်"ဟု ယူဆသည်။ ထို့ကြောင့် ဖဆပလ သန့်ရှင်းရေးကို ဆောင်ရွက်ရန် အားထုတ်သောအခါ ထိုသန့်ရှင်းရေး အစီအစဉ်ကို ဦးကျော်ငြိမ်းက လက်မခံသဖြင့် အကွဲတော်ပုံ ကြီးထွားရပြန်သည်။

ဝန်ကြီးချုပ်ဦးနုသည် ၁၉၅၆ ခု၊ ဇွန်လ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ဖဆပလ ဥက္ကဋ္ဌအဖြစ် ပါတီသန့်ရှင်းရေးကို လုပ်ဆောင်နေခဲ့သည်။ ဝန်ကြီးချုပ်ရာထူးကို ဦးဗဆွေက တာဝန်ယူပြီး ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စောခွန်ချိုတို့က ဒုတိယဝန်ကြီးချုပ်များအဖြစ် အစိုးရအဖွဲ့ကို တာဝန်ယူခဲ့ကြသည်။ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်စဉ် တနှစ်ပြည့်ပါက ရာထူးကို ပြန်ယူပါဟု အဆိုသွင်းချက်ကို အလုပ်အမှုဆောင် အဖွဲ့က သဘောတူ ဆုံးဖြတ်ထားခဲ့သည်။

ဖဆပလဥက္ကဋ္ဌကြီးဦးနုက ပါတီသန့်ရှင်းရေးကို ဆောင်ရွက်နေသော အချိန်တွင် အစိုးရအာဏာမှာ ကက်ဘိနက်ဝန်ကြီးအဖွဲ့တွင် တည်ရှိမနေဘဲ ဖဆပလအမှုဆောင်အဖွဲ့တွင် တည်ရှိနေသည့်အသွင်ကို ဆောင်နေလေသည်။ ဝန်ကြီးများရုံးထိုင်ရာ အတွင်းဝန်များရုံးထက် ချာချီလမ်းရှိ ဖဆပလ အဖွဲ့ချုပ်ရုံးတွင် ပိုမိုစည်ကားလာသည်။ ပါတီအစည်းအဝေးများ ရှိပါလျှင် ဝန်ကြီးများသည် အတွင်းဝန်များရုံးမှခွာ၍ ပါတီအစည်းအဝေးကို အရေးကြီး အစည်းအဝေးများအဖြစ် တက်ရောက်ကြသည်။ အဖွဲ့ချုပ်၏ အမှုဆောင် အစည်းအဝေးမှာ ဝန်ကြီးအဖွဲ့ အစည်းဝေးများကဲ့သို့ပင် အရေးကြီးသော နိုင်ငံ၏ အရေးကိစ္စများကို ဆွေးနွေးဆုံးဖြတ်နေကြသည်။

ပါတီရေးသာမဟုတ် နိုင်ငံတခုလုံး၏ အရေးကိစ္စများကို စဉ်းစား ဆွေးနွေးကြသောအခါ များစွာကျယ်ပြန့်သဖြင့် အရာရာတွင် တညီတညွတ်တည်း ဆုံးဖြတ်ကြခြင်း မပြုနိုင်ဘဲ အကြောင်းကိစ္စအလျောက် သဘောထားကွဲလွဲမှုများ ရှိလာကြသည်။ အကြောင်းအရာ အမှုကိစ္စတို့အတွက်သာမဟုတ် လူပုဂ္ဂိုလ်ခြင်း သွေးကွဲမှုမှာလည်း တစတစ ထင်ရှားလာသည်။ မူလက ခိုင်မာစွာ သွေးစည်းခဲ့သည့် ဦးနုနှင့် ဦးကျော်ငြိမ်းတို့၏ ဆက်ဆံမှုသည်ပင် တင်းမာလာခဲ့သည်။ တဦးကတဦးကို အပြီးအပြတ် ဖယ်ရှားလေ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု မသက်သာဖြစ်လာကာ စိတ်ဝမ်းကွဲလာခဲ့သည်။

ပါတီအမှုဆောင် အစည်းအဝေးသည် ဝန်ကြီးအဖွဲ့အစည်းအဝေး မဟုတ်သဖြင့် လွတ်လပ်စွာ ဆွေးနွေးနိုင်ကြသောကြောင့် ငြင်းခုံမှုများ ပေါ်ပေါက်လာခဲ့သည်။ ပြင်းထန်စွာ ဝေဖန်ဆွေးနွေး ငြင်းခုံကြရာမှ ရိုက်မောင်း ပုတ်မောင်း ဖြစ်လာသောကြောင့် မကြာခဏ ဘေးမှဝင်ရောက် ဖျန်ဖြေပေးရသည်။ အခန်းထဲ၌ မိမိတို့၏ ဆရာများ ပဋိပက္ခဖြစ်နေကြသည့် အရှိန်ကြောင့် အပြင်ရှိ ငယ်သားခြင်း ရန်ဖြစ်နိုင်ကြသည်ကို စိုးရိမ်ရသဖြင့် ဝန်ကြီးများ၏ လုံခြုံရေး သက်တော်စောင့်များ ဖဆပလဌာနချုပ်တွင်းသို့ ဝင်လျှင် လက်နက်ကိုင်ဆောင်ခြင်း မပြုရဟု ဥက္ကဋ္ဌဦးနုက အမိန့်ထုတ်ရသည်အထိ တင်းမာလာတော့၏။

ဤသို့ဖြစ်ရသည်မှာ မိမိနှင့် ဦးကျော်ငြိမ်းတို့ စိတ်ဝမ်းကွဲပြားမှုကြောင့် ဖြစ်ရသည်ဟု ဦးနုက စဉ်းစားမိသည်။ မိမိ တခါတည်း နိုင်ငံရေးလောကမှ နုတ်ထွက်၍ စာပေလောကသို့ ကူးပြောင်းလျှင် ဦးကျော်ငြိမ်းသာ ခေါင်းဆောင်တဦးအဖြစ် ကျန်ရစ်ပါက ဖဆပလကြီး ပြန်လည် စည်းရုံးနိုင်ပေမည်ဟု တွေးမိကာ၊ တနှစ်ကြာလျှင် မိမိသည် ဖဆပလဥက္ကဋ္ဌအဖြစ်မှပါ ထွက်တော့မည်ဟု ဦးနုက ဇူလိုင်လထဲတွင် ကြေညာသည်။

ထိုအခြေအနေတွင် ဖဆပလကြီး လုံးဝကွဲပျက်စေရန် ဗိုလ်ချုပ်ကြီးနေဝင်းက ဝင်ရောက်၍ တိုးတိုးပြောလမ်းစဉ်နှင့် ခြေထိုးခဲ့လေသည်။

၁၉၅၆ ခု၊ ဒီဇင်ဘာလထဲတွင် ဖဆပလဥက္ကဋ္ဌ ဦးနုသည် သီရိလင်္ကာသို့သွားကာ သာသနာ ၂၅၀၀ ပြည့်ပွဲသို့ တက်ရောက်ခဲ့သည်။ ဦးနု နိုင်ငံခြားသို့ ရောက်ရှိစဉ်တွင် ဗိုလ်ချုပ်နေဝင်း၏ တောင်းဆိုချက်အရ ဝန်ကြီးချုပ်ဦးဗဆွေ၏အိမ်တွင် အစည်းအဝေးတခု ကျင်းပသည်။ အစည်းအဝေးသို့ ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဒုဗိုလ်မှူးကြီးချစ်ခိုင်တို့ပါ စုရုံးတက်ရောက်ကြသည်။ အစိုးရဖက်မှ ဦးဗဆွေအပြင် ဒုတိယဝန်ကြီးချုပ်ဦးကျော်ငြိမ်း၊ ဖဆပလအတွင်းရေးမှူး သခင်ကျော်ဒွန်းတို့အပြင်၊ တရုတ်ပြည် သံအမတ်ကြီး ဦးလှမောင်တို့ တက်ရောက်ကြသည်။



စစ်ရုံးထောက်များ၏ ထောက်လှမ်းချက်အရ အောင်မာယ တရုတ်ဖြူစစ်ဆင်ရေးကို အောင်ပွဲယူခဲ့သူ၊ စစ်ခေါင်းဆောင် ဗိုလ်မှူးချုပ် ကျော်ဇောသည် ဗကပသခင်သန်းထွန်းနှင့် အဆက်အသွယ် ပြုသည်ကို တွေ့ရသဖြင့် ရာထူးမှ ဖယ်ရှားလိုပါသည်ဟု ဗိုလ်ချုပ်ကြီးနေဝင်းက ဝန်ကြီးချုပ် ဦးဗဆွေအား တင်ပြသည်ကို အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

မှုရင်းကိစ္စ ဆွေးနွေးအပြီး အထွေထွေ ရောက်တတ်ရာရာ စကားပြောကြစဉ် ဥက္ကဋ္ဌကြီးဦးနုသည် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် ရာထူးပြန်မယူဘဲ ဖဆပလဥက္ကဋ္ဌအဖြစ် နိုင်ငံကိုခေါင်းဆောင်သင့်သည်ဟု ဆွေးနွေးကြသည်။ ယင်းအကြံကို တရုတ်ပြည်တွင် ဥက္ကဋ္ဌကြီးမော်ကို စံပြု၍ ဦးလှမောင်က စကားစပ်မိသဖြင့် ပြောကြားသည်ဟု ဆိုသည်။ စစ်ဗိုလ်ကြီးများက ထောက်ခံကြသည်။ ဦးဗဆွေက ပြတ်သားသည်။ လက်မခံဘဲ "ဒါက ဦးနုသဘောပါ"ဟု ပြောသဖြင့် ဆုံးဖြတ်ချက်မထွက်ဘဲ စကားစပြတ်သွားခဲ့သည်။

သို့သော် ဦးနုနိုင်ငံခြားမှ ပြန်ရောက်လာသည့် နောက်တနေ့တွင် ဗိုလ်ချုပ်နေဝင်းက သူတဦးတည်း ဦးနုထံသွားရောက်တွေ့ဆုံကာ အတွင်းစကားပြောသည်။ သူတို့တွေက ဦးနုရာထူးပြန်မယူစေရန် ဆုံးဖြတ်နေကြပြီဟု ဆုံးဖြတ်ချက်အသွင်နှင့် အစီရင်ခံလေတော့သည်။ ဦးနုအဖို့ ရာထူးပြန်မယူဘဲ ဖဆပလဥက္ကဋ္ဌအဖြစ် အစိုးရအဖွဲ့ကို အပြစ်မကြီးကိုင်သင့်ကြောင်း သူတို့တွေ ပြောနေကြပါသည်ဟု မိမိက ဦးနုဘက်သားဖြစ်သဖြင့် သဘောမတူဟန်နှင့် သူက တင်ပြသည်။

ဒေါသကုမ္ပာရဦးနု ပေါက်ကွဲရပြန်လေပြီ။ မိမိသည် ဝန်ကြီးချုပ်ရာထူးကို ပြန်မယူလိုသည်သာမက ဖဆပလ ဥက္ကဋ္ဌအဖြစ်မှပါ ထွက်တော့မည်ဟု ကြေညာထားပါလျက် ယခုကဲ့သို့ စစ်သေနာပတိကို စေလွှတ်၍ ဝန်ကြီးချုပ် မလုပ်သင့်ဟု ပြောစေခြင်းသည် အကျပ်ကိုင်သည်ဟု ယူဆပြီး ပန်ကြီးချုပ်ရာထူးကို ပြန်လည်ရယူမည်ဟု ဆုံးဖြတ်လိုက်ပြန်သည်။

နိုင်ငံရေးအင်အားမှာ ဖဆပလအဖွဲ့တွင်ရော လွှတ်တော်တွင်ပါ ဆိုရှယ်လစ်တို့က များပြားသည်။ ယခု စစ်တပ်ကပါ ဆိုရှယ်လစ်တို့

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအတွက် ဝန်ကြီးချုပ် မလုပ်စေလိုကြောင်း ပြောနေပြီဖြစ်ရာ ဦးနုအဖို့ ဝန်ကြီးချုပ် ရာထူးပြန်လည်ရရှိရန် မလွယ်တော့ပြီဟု သူကယူဆသည်။ ဦးနုသည် အရှုံးပေးလေ့ရှိသူ မဟုတ်။

"ဖျက်မည့်သူတွေက များလာတော့ မလွယ်ပေမယ့် ကိုယ်က တပွဲမှ မတိုက်ရဘဲ လက်မြှောက်ပြီး အရှုံးပေးရတဲ့လမ်းစဉ်ကို မကြိုက်ဘူး၊ အစိုးရ ရာထူးကို ပြန်ပြီးလက်ခံဖို့ ဆုံးဖြတ်လိုက်ပြီ"ဟု ဗိုလ်နေဝင်းအား အဖြေပေး လိုက်သည်။ မိမိလက်ချက်နှင့် ဖဆပလကြီးကွဲရန် သေချာပြီဖြစ်သဖြင့် ဗိုလ်နေဝင်းသည် အောင်ပွဲရသွားလေပြီ။

သို့သော် စဉ်အိုးကြီးကို ခွဲသဖြင့် ကွဲသကဲ့သို့ "ခွမ်"ခနဲ အမှုမှ အစိတ်စိတ် အနန ကွဲမသွားသေးသောကြောင့် ဆက်လက်၍ တူနှင့်ထုကာ ခလောက်ဆန်ရပြန်၏။

ဖဆပလအစိုးရသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို ကာကွယ်ပေးနိုင်ခြင်း မရှိသဖြင့် အစိုးရအပေါ် အယုံအကြည် မရှိကြောင်း အဆိုကို ၁၉၅၇ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ အတိုက်အခံအမတ်များ၏ခေါင်းဆောင် တရားဝန်ကြီးဟောင်း ဦးအေးမောင်က တင်သွင်းလေသည်။

ထိုအဆိုက ဖဆပလအစိုးရခေတ်၌ စစ်တပ်က ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို မီးမောင်းထိုး၍ ပြခဲ့လေသည်။ အစိုးရက ထုတ်ပြန်ကြေညာသော စာရင်းဇယားများကို ကိုးကား၍ "၁၉၄၈ ခုမှ ၁၉၅၆ ခုနှစ်အတွင်း တရားခံဖော်ထုတ်နိုင်ခြင်း မရှိသည့် လူသတ်မှုပေါင်း ၆၆၄၄ မှုရှိခဲ့ပြီး ဓားပြမှု ၁၇၀၀၄ မှု၊ ပြန်ပေးမှု ၁၁၅၆ မှု၊ မုဒိမ်းမှု ၆၃၃ မှုရှိခဲ့ကြောင်း"နှင့် တင်သွင်းသောအဆိုကို အမတ်အများက ထောက်ခံဝေဖန်ကြသည်။

ပြည်သူတို့ခံကြရသည့် ထိုအမှုများကို ကျူးလွန်သူတို့မှာ စစ်တပ်ဖြစ်သည်ဟု လက်ညှိုးထိုး၍ တိုက်ရိုက်ပြောဆိုခြင်း မရှိစေကာမူ စစ်တပ်က ဖွဲ့စည်းထားသည့် လက်နက်ကိုင် အရံတပ်များ ဖြစ်သည့် ကာကွယ်ရေးတပ်များ၊ လဲဗျီးတပ်များနှင့် ပြူစောထီးတပ်များက ကျူးလွန်ကြကြောင်း၊ စစ်တပ်တွင် တာဝန်ရှိကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချပြောဆို၍ အဆိုကို



တင်သွင်းခဲ့ကြသည်။ စစ်တပ်နှင့်လည်းကောင်း၊ ထိုလက်နက်ကိုင်အရံတပ်များနှင့်လည်းကောင်း၊ ရင်းနှီးပွန်းတီးသည့် ဆိုရှယ်လစ်ခေါင်းဆောင်များအားလည်း လက်ညှိုးထိုး၍ ဝေဖန်သည်ကို ခံကြရလေသည်။ အဆိုမှာ နိုင်မာသော်လည်း လွှတ်တော်၌ ဖဆပလအမတ်များက အင်အားကြီးမားသဖြင့် ရှုံးနိမ့်ခဲ့ရလေသည်။

လွတ်လပ်ရေးကို တိုက်ယူပေးခဲ့သော ဖဆပလအဖွဲ့ကြီး၏ အစိုးရအဖွဲ့နှင့် စစ်တပ်သည် လူထုကို သတ်ဖြတ်ညှဉ်းပန်းသည့် အဆောက်အအုံဖြစ်နေသည်ကို ထင်ရှားစေသည့် ဤအဆိုကို အကြောင်းပြုကာ ဖဆပလသန့်ရှင်းရေးကို လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ဦးကျော်ငြိမ်းရော ဦးနုကပါ လက်ခံလာကြသည်။ ဖဆပလ သန့်ရှင်းရေးအတွက် ဖဆပလပြည်လုံးကျွတ် ညီလာခံကို ဇန်နဝါရီလ ၂၉ ရက်နေ့မှ စတင်ကာ ကမ္ဘာအေးကုန်းမြေတွင် ၅ ရက်ကြာ ကျင်းပနိုင်ခဲ့သည်။

ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်တင်၊ မြန်မာ့အလင်းဦးတင်၊ ဗိုလ်ခင်မောင်ကလေး၊ သခင်ကျော်ဒွန်းတို့နှင့်တကွ နစ်ဖက်အုပ်စု ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

ဖဆပလ၏ ဝါဒမှာ မာ့က်စ်ဝါဒမဟုတ်၊ နေရှင်ဝါဒလည်း မဟုတ်ပဲ ဆိုရှယ်လစ်ဝါဒဖြစ်သည်ဟု ဥက္ကဋ္ဌ ဦးနုက မိန့်ခွန်းပေးကာ ဖွင့်လှစ်၏။ ညီလာခံမှ (၁) ပြည်တွင်းငြိမ်းချမ်းရေးအဆို (၂) ဒီမိုကရေစီ တည်ဆောက်ရေးနှင့် နိုင်ငံခြားဆက်သွယ်ရေး လမ်းစဉ်အဆို (၃) ပန်းတိုင်နှင့်ကြားကာလ လုပ်ငန်းစဉ်အဆိုတို့ကို ဆုံးဖြတ်ခဲ့လေသည်။

"ဖဆပလ ညီညွတ်ရေးကို ဖျက်ဆီးသည့် မည်သူ့ကိုမဆို မညှာမတာ နှိမ်နင်းမည်"ဟု ဦးဗဆွေက မိန့်ခွန်းပေးခဲ့သည်ကို ဦးနုက ဝမ်းမြောက်ဝမ်းသာကြိုဆိုကာ "ဖဆပလအဖွဲ့ကြီး ညီညွတ်ရေးကို အာဗာနည်စေသည့်သုံးသိန်းနှင့် ညီမျှသော လူစွမ်းကောင်းကြီး သုံးဦးဖြစ်သည့် ဦးကျော်ငြိမ်း၊ ဦးဗဆွေနှင့် သခင်တင်တို့က ဆောင်ရွက်ကြပါ"ဟု ကြေညာ၍ တာဝန်အပ်နှင်းခဲ့သည်။

ယင်းသို့ ပြုကွဲလုလု အခြေအနေမှ ပြန်လည်ညီညွတ်သွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စစ်ဗိုလ်ကြီးများက မကျေမနပ် ဖြစ်ခဲ့ပြန်သည်။ ထို့ပြင် စစ်တပ်က လက်မခံနိုင်သော လမ်းစဉ်တခု ပေါ်ပေါက်လာသည်ကို မြင်တွေ့ကြသဖြင့် ဖဆပလအဖွဲ့ချုပ်ကြီးနှင့် စစ်တပ်တို့ စိတ်ဝမ်းကွဲ သွားခဲ့ပြန်သည်။ အကြောင်းမှာ ကွန်မြူနစ်သူပုန်များအား ဥပဒေတွင်းသို့ ဝင်၍ နိုင်ငံရေးလုပ်ဆောင်ကြရန် ဖဆပလက ဖိတ်ခေါ်မှုဖြစ်၏။

ညီလာခံတွင် ဦးနုက စကားကြီးသုံးခွန်းပြော၍ ကွန်မြူနစ်တို့အား ဖိတ်ခေါ်ခဲ့လေသည်။ "(၁) ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ဘယ်သူ မှားတယ်၊ ဘယ်သူ မှန်တယ်ဆိုတာတွေကို အချီအချ ပြောမနေကြပါနှင့်တော့၊ (၂) ကျွန်တော်တို့ မှားခဲ့တာတွေရှိရင်လည်း သည်းခံဖို့ ကျွန်တော်တို့က တောင်းပန်းပါတယ်။ ခင်ဗျားတို့ မှားတာတွေရှိရင်လည်း ကျွန်တော်တို့က သည်းခံပါ့မယ်။ (၃) ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ ဝါဒနဲ့လမ်းစဉ်တွေမှာ တဖက်တလမ်းဖြစ်နေပေမဲ့ ပြည်ထောင်စုသားတွေ ကောင်းစားဖို့ လုပ်ပေးရမဲ့ လုပ်ငန်းတွေမှာတော့ အတူတူ လက်တွဲပြီးလုပ်ပေးနိုင်မယ့် လုပ်ငန်းတွေက အများကြီး ရှိတယ်။ ဒီလုပ်ငန်းတွေကို စနစ်တကျရှာဖွေပြီး၊ အတူတူ လက်တွဲလုပ်ကြရအောင် အလင်းကိုဝင်ခဲ့ကြပါ"ဟု မိန့်ခွန်းပေးပြီး သူပုန်တို့အား လက်ကမ်းဖိတ်ခေါ်ခဲ့သည်။ အဆိုအဖြစ် အလင်းဝင်လာမည့် သူပုန်များကို လက်ခံမည့် အစီအစဉ်ဖြစ်သည့် ငြိမ်းချမ်းရေးအဆိုကို ဆုံးဖြတ်ခဲ့သည်။

ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်ကြီးများက ဗကပသူပုန်များ အလင်းသို့ ဝင်လာကြပြီးနောက် ရွေးကောက်ပွဲ ဝင်ခွင့်ပြုပါက ကွန်မြူနစ်တို့ အာဏာ ရလာနိုင်သည်။ ထိုအချိန်တွင် မိမိတို့ကို ကွန်မြူနစ်တို့က ကလဲ့စားချေပေမည်ဟု စိုးရွံ့ကြောက်လန့်နေကြသောကြောင့် ကွန်မြူနစ်တို့ကို ဥပဒေအတွင်း ဝင်ရန် ဖိတ်ခေါ်သည့် ဖဆပလအဖွဲ့ချုပ်ကြီးကို ကွဲပျက်သွားရန် နည်းလမ်းရှာလေတော့သည်။

မတ်လတွင် ကျင်းပသော အမျိုးသားကာကွယ်ရေးကောင်စီတွင် ဗိုလ်နေဝင်းက အစီရင်ခံစာ တစောင်တင်သွင်းသည်။ နိုင်ငံတွင် လူဆိုးများ ထကြွနေကြောင်း၊ လူဆိုးများမှာ ဩဇာရှိ နိုင်ငံရေးခေါင်းဆောင်များက အကာအကွယ်ပေးနေသဖြင့် အစိုးရအရာရှိများ ဖမ်းဆီးခြင်း မပြုနိုင်ကြောင်း တင်ပြသည်။

"ရာဇဝတ်မှု ကျူးလွန်သူမှန်သမျှကို ဖမ်းရမည်"ဟု ဝန်ကြီးချုပ်ဦးနုက မူအားဖြင့် အမိန့်ပေးရာ ဆိုရှယ်လစ်ပြည်ထဲရေးဝန်ကြီး သခင်သာခင်က စစ်တပ်အကူအညီနှင့် ရာဇဝတ်မှု ကျော်ဇောသူများကို ဖမ်းဆီးသောအခါ သူ၏ အုပ်စုဖက်မှသူများကို ပို၍ဖမ်းသည်၊ ငါ၏ အုပ်စုဖက်မှသူများကို ပို၍ဖမ်းသည်ဟု အထင်အမြင်လွဲကြကာ ဖဆပလကြီး ထက်ခြမ်းကွဲရတော့၏။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ၁၉၃၂ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အိန္ဒိယမြန်မာခွဲရေးတွဲရေး လမ်းစဉ်သည် အကြီးဆုံးသော အယူအဆ လမ်းစဉ်ကွဲပြားမှုကြီး ဖြစ်ခဲ့သည်။ ယခု တည်မြဲသန့်ရှင်း သွေးကွဲမှုနှင့် နှိုင်းယှဉ်လျှင် ခွဲရေးတွဲရေး ကွဲပြားမှုမှာ ကြက်ပွဲမျှသာ ဖြစ်နေလေသည်။ နိုင်ငံတဝှမ်းလုံး သွေးကွဲသွားကာ ရဟန်းရှင်၊ လူ၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ လူထုလူတန်းစားအားလုံး ကွဲကြလေတော့သည်။ မိသားစု ထမင်းဝိုင်းမှ အစည်းအဝေးကြီးများအထိ ကွဲသည်။ ငြင်းဆန်၍ ကွဲကြသည်။ ရိုက်မောင်းပုတ်မောင်း ကွဲကြသည်၊ ဖဆပလအဖွဲ့ကြီး ကျေမွသွားသည်အထိ ငြင်းထန်သည်။ အင်အားကြီးသော တပ်ဦးကြီးကို ခွဲဖျက်နိုင်သော ဗိုလ်နေဝင်းသည် အစွမ်းထက်လှပါသည်။

ယင်းကဲ့သို့ တနိုင်ငံလုံး လှုပ်ရှားနေခဲ့ရာမှ အင်အားစုကြီးနှစ်ခုတို့သည် နောက်ဆုံးပိတ် တိုက်ပွဲအဖြစ် ပြည်သူ့လွှတ်တော်စင်မြင့်တွင် တိုက်ခိုက်ကြရတော့သည်။

၁၉၅၈ ခု၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့အတွင်းဝန်များရုံးရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကျင်းပသောအခါ အစိုးရရုံးများနှင့် ကျောင်းများပါ တက်ရောက်သူ မရှိသဖြင့် ပိတ်ကြရသည်။ တပြည်လုံး ငြိမ်သက်သွားကြသည်။ ပြန်ကြားရေးဌာနက တိုက်ရိုက် အသံလွှင့်ပေးသဖြင့် ရေဒီယိုများတွင်သာ အားလုံးစုဝေးကြသောကြောင့် ရန်ကုန်တမြို့လုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၁ နာရီတိတိတွင် အစည်းအဝေး စလျှင်စခြင်း ဦးဗဆွေက အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းသည်။ ဝန်ကြီးချုပ်ဦးနု၏ ချို့ယွင်းချက်အဝဝကို တင်ပြကာ အယုံအကြည်မရှိတော့ကြောင်း တင်သွင်းသည်။ ထိုအဆိုကို ဦးကျော်ငြိမ်း၊ သခင်စံမြင့်နှင့် ဦးခင်မောင်လတ်တို့က ထောက်ခံကြပြီး ဦးဖိုးမှုံ၊ ဦးဘငြိမ်း၊ ဝန်ကြီးဒူးဝါးဇော်ရစ်နှင့် သခင်တင်တို့က ကန့်ကွက်ကြသည်။

အယုံအကြည်မရှိ အဆိုကို မဲခွဲကြသောအခါမှ အဖြေထွက်လာခဲ့လေသည်။ မဲများကို ရေတွက်ကြရာ ညနေ ၆ နာရီ ၁၉ မိနစ်ကြာမှ ရေတွက်ပြီး ပြတ်သည်။ ည ၇ နာရီ ၁၂ မိနစ်တွင် မဲစာရင်းကို လွှတ်တော်သို့ တင်ပြသောအခါ သန့်ရှင်းတို့ဖက်မှ မဲ ၁၂၇ မဲရရှိပြီး တည်မြဲတို့ဖက်မှ ၁၁၉ မဲသာရရှိသဖြင့် အဆိုတခုလုံး မဲ ၈ မဲနှင့် ရှုံးနိမ့်သွားခဲ့သည်။ ရာဇဝင်တွင်မည့် ဆုံးဖြတ်ချက်ကြီး ချမှတ်အပြီးတွင် ဦးနုနှင့် သခင်တင်တို့အား ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့က ပြုံးရွှင်စွာ ရယ်မော၍ လက်ဆွဲကာ ကောင်းချီးပေးကြခြင်းဖြင့် နိဂုံးချုပ်ခဲ့ကြပုံကို တိုက်ရိုက် အသံလွှင့်ပေးသောကြောင့် လူထုကြီးမှာ ဒီမိုကရေစီစနစ်၏ရသကို ခံစားရင်း ကြည်နူးကြရသည်။

စင်စစ်အားဖြင့် ထိုအဆုံးအဖြတ်သည် ဆက်လက်တိုက်ခတ်လာမည့် မုန်တိုင်း၏နိဒါန်းသာ ဖြစ်ပေသည်။ ရက်အနည်းငယ်အတွင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဗိုလ်မှူးကြီးကြည်ဝင်းက တစခန်းထတော့သည်။

ဦးဗဆွေနှင့် မယားညီအစ်ကိုတော်စပ်သူ တပ်မတော်မြောက်ပိုင်းတိုင်း၊ တပ်မဟာမှူး ဗိုလ်မှူးကြီးကြည်ဝင်းက လွှတ်တော်တွင် အနိုင်ရသော သန့်ရှင်းတို့က ဖိသဖြင့် "ဦးဗဆွေတို့မှာ လွှတ်တော်တွင် မဲရှုံးမဲသာ ရှုံးရုံမျှနှင့် အပြင်မထွက်ရဲ ဖြစ်နေလေပြီ၊ ထို့ကြောင့် သန့်ရှင်းအစိုးရကို စစ်တပ်က လက်နက်နှင့် ဖြုတ်ချရမည်"ဟု ပွင့်လင်းစွာ ကြေညာလေတော့သည်။

ဗိုလ်မှူးကြီးကြည်ဝင်းသည် လူထုက ရွေးကောက်တင်မြှောက်ထား



သော ဝန်ကြီးချုပ်နှင့်အစိုးရကို စစ်တပ်က လက်နက်နှင့် အာဏာသိမ်းတော့မည်ဟူသော အစီအစဉ်ကို စစ်သေနာပတိကြီး ဗိုလ်ချုပ်ကြီးနေဝင်းအား တွေ့ခွင့်တောင်းကာ ပထမဦးစွာ တင်ပြခဲ့သည်။

ဗိုလ်နေဝင်းက သူရေးသားသည့် ဇာတ်ကွက်ဝင်လာပြီ ဖြစ်သဖြင့် ဗိုလ်ကြည်ဝင်းအား တားဆီးဟန့်တားခြင်း မပြုခဲ့။

ထို့ကြောင့် ဗိုလ်ကြည်ဝင်းသည် တအားတက်ကာ တပ်တောင်တာ ဗိုလ်ထုနှင့်လူစုလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



## (၈)

## မြန်မာ့နည်း မြန်မာ့ဟန်နှင့် စစ်အာဏာသိမ်းပွဲ

ဗိုလ်ကြည်ဝင်းသည် သန့်ရှင်းအစိုးရကို စစ်တပ်က လက်နက်နှင့် အာဏာသိမ်းမည်ဟု ဗိုလ်နေဝင်းအား တင်ပြသောအခါ စစ်သေနာပတိက တားမြစ်ခြင်းမပြုပဲ မီးစိမ်းပြလိုက်ပြီဖြစ်သဖြင့် အညာသို့ အမြန်ပြန်ကာ မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ရွှေ၊ မြောက်ပိုင်းတိုင်းစစ်ဦးစီးမှူး (ပထမတန်း) ဗိုလ်မှူးကြီးချစ်မိုင်တို့နှင့်အတူ ပူးပေါင်း၍ စစ်တပ်က အာဏာသိမ်းရန်အတွက် စစ်သားအင်အား လက်နက်အင်အား စုဆောင်းပြင်ဆင်ကြသည်။ စစ်ဆင်ရေး အစီအစဉ်များ ရေးဆွဲကြသည်။

အစီအစဉ်အရ တပ်သားအင်အားကို ကွပ်ခိုင်တွင် တပ်စွဲကာ စစ်ဆင်ရေးဝင်နေသော အမှတ် (၄)ဗမာ့ လက်နက်ကိုင်တပ်ရင်းနှင့် တနင်္သာရီတိုင်းမှ အမှတ် (၁၀၆)ခြေမြန်တပ်ရင်းကို အသုံးပြုရန် ဆုံးဖြတ်သည်။ တပ်ရင်းမှူး၏ ကြေးနန်းအမိန့်အရ တပ်ရင်း (၄)သည် ကွပ်ခိုင်မှ ချပ်သင်းမြို့သို့ အမြန်ပြောင်းရွှေ့ပြီး မြစ်ကြီးနားရထားနှင့် မန္တလေးသို့ ချီခဲ့ကြသည်။ မန်းတွင်တရက်နားပြီး တပ်သားများ စွဲကိုင်ထားသည့် လက်နက်များကို မြို့တွင်းတိုက်ပွဲတွင် အသုံးပြုသည့် လက်နက်များနှင့် လဲလှယ်တပ်ဆင်ပေးသည်။



တပ်ရင်းမှူးအဖို့ မည်သည့်အတွက်ကြောင့် လမ်းပြောင်း၍ချီကာ လက်နက်လဲရသည်ကို မသိသေးပဲ နောက်တနေ့တွင်မှ တိုင်းမှူးကခေါ်၍ ရန်ကုန်မြေပုံကို ထုတ်ပေးပြီး စက်တင်ဘာ ၂၇ ရက်နေ့အရောက် ရန်ကုန်သို့ ချီရမည်။ မြေပုံ၌ မင်နီများ ဝိုင်းထားသော ဝန်ကြီးချုပ်၏အိမ်နှင့် အခြားဝန်ကြီးများ၏ အိမ်များကို ဝိုင်း၍ဖမ်းဆီးရမည်ဟု တိကျသည့် စစ်ဆင်ရေးကို အသေးစိတ် ညွှန်ကြားသည်။ အစီအစဉ်ကို စစ်ရုံးသို့တင်ပြသည်။

ထိုအာဏာသိမ်း စစ်ဆင်ရေး အစီအစဉ်ကို ဗိုလ်မှူးကြီးမောင်မောင်က ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးခင်ညိုတို့အား အင်းယားလမ်းရှိ သူ၏နေအိမ်သို့ စက်တင်ဘာ ၂၀ ရက်နေ့ညက ဖိတ်ခေါ်ကာ ရှင်းပြသည်။ ၂၁ ရက်နေ့တွင် စစ်ရုံး၌ ဆက်လက်ဆွေးနွေးသောအခါ ဗိုလ်မှူးကြီးမောင်မောင်က "ဗိုလ်အောင်ကြီး ကျွန်တော်ကတော့ Commit ဖြစ်သွားပြီ"ဟု အင်္ဂလိပ်ဘာသာနှင့် သဘောတူကြောင်း ကတိပေးလိုက်ပြီဟု ပြောလေသည်။ ထိုအခါ ဗိုလ်အောင်ကြီးက "ဟာ ကိုမောင်မောင် ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက် ခင်ဗျား Commit ဖြစ်သွားရင်၊ ကျုပ် Commit ဖြစ်တာနဲ့ အတူတူပဲ မဟုတ်ဘူးလား၊ တရှင်းလို လုပ်တာကိုး၊ အဲဒီတော့ ခင်ဗျား Commit ဖြစ်တဲ့နောက် ကျုပ်လည်း Commit ဖြစ်တာနဲ့ အတူတူပေါ့"ဟု ဖြေဆို၍ သဘောတူကြောင်း ကတိပေးခဲ့သည်။ အစီအစဉ်ကို ထိပ်သီးစစ်ဗိုလ်ကြီးအားလုံး သဘောတူကြသည်။ တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်ဘလိုင် တဦးတည်းသာ ကန့်ကွက်ခဲ့သည်။

တနင်္သာရီမှ တပ်ရင်း (၁၀၆)က ရန်ကုန်သို့ချီ၍ အင်းစိန်နယ်မြေကို သိမ်းရန်၊ ခြေမြန်တပ်ရင်း (၁၀၇)နှင့် (၁၀၈)တို့က ရန်ကုန်မြို့ကို တပ်ဖြန့်၍ သိမ်းရန် စီစဉ်တာဝန်ပေးကာ ချီတက်စေခဲ့သဖြင့် စစ်ဆင်ရေးမှာ အသက်ဝင်လာခဲ့လေပြီ။

ဤအာဏာသိမ်း စစ်ဆင်ရေးကို အသေးစိတ်အားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းအား အစီရင်ခံခြင်း မပြုစေကာမူ စစ်ရုံးထောက်များမှတဆင့် အသေးစိတ် သိရှိခဲ့သည်။ မည်သို့မှ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ လက်ပိုက်၍ စောင့်ကြည့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အာဏာသိမ်းတပ်များက မန္တလေးရှိ စစ်ရဲတပ်ကို ကွပ်ကဲသည့် ဗိုလ်မှူးကြီးများကို ဖမ်းဆီးလိုက်သောအခါ စစ်ရဲတပ်တို့အား ဦးစီးသည့် ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်က သိရှိသွားသည်။ ချက်ခြင်းပင် ပြန်ကြားရေးဝန်ကြီး သခင်ပန်းမြိုင်နှင့်အတူ ဗိုလ်ချုပ်ကြီးနေဝင်းအား တွေ့ဆုံကာ အာဏာသိမ်းကြမည့် အစီအစဉ်ကို တားဆီးပေးပါဟု တိုင်ကြားကြသည်။

ထိုအခါ ဗိုလ်နေဝင်းက "သူတို့တတွေ ဒီလောက်လုပ်နိုင်မယ် မထင်ပါဘူး။ စောင့်ကြည့်ပါဦး"ဟု ဖြေလိုက်သည်။ ဤတွင် ဗိုလ်နေဝင်း ဖြောင်လိမ်နေပြီဟု ရိပ်မိသဖြင့် ဗိုလ်မင်းခေါင်က ပြည်ထဲရေးဝန်ကြီးအဖြစ် နယ်တို့၌ရှိသော စစ်ရဲတပ်များကို ရန်ကုန်သို့လာရောက်ကြရန် အမိန့် ထုတ်ရင်း လက်နက်တိုက်မှ လက်နက်များ ထုတ်ယူစေရာ မဖြစ်စလောက် သေနတ်မျိုးစုံ ၁၉၀ နှင့် ကျည်ဆံမျိုးစုံ ၂၃၆၀၀ သာ စုဆောင်းရရှိခဲ့သည်။

ယင်းသို့ ပြည်ထဲရေးဝန်ကြီးက တန်ပြန်စစ်ပြင်သည်ကို သိရှိသော အခါ ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့က ဝန်ကြီးချုပ်အိမ်သို့ ဖုန်းဆက်ကြသည်။ ဦးနုမှာ မန္တလေးသို့ ရောက်နေသဖြင့် အတိုင်ပင်ခံ ဦးအုန်းအား စစ်ရုံးသို့ ဆင့်ခေါ်ကာ "သန့်ရှင်းအစိုးရက စစ်ရဲများကိုသုံး၍ တပ်မတော်ကို ဖြိုခွဲပြီး အာဏာသိမ်းရန် စီစဉ်သည်ကို ရပ်ဆိုင်းပါ"ဟု ကြိမ်းမောင်းကြသည်။ သန့်ရှင်းတို့က တပ်မတော်ကို ရန်ပြုသောကြောင့် တပ်တို့က သည်းမခံနိုင်သဖြင့် လှုပ်ရှားနေသည်ဟုပြော၍ ဦးနုက ရာထူးမှ ထွက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်ခန့်ရန် ဦးနုကို အမြန်ခေါ်ပေးပါ ဟုလည်း အမိန့်ပေးကြသည်။

ဗိုလ်မင်းခေါင်က ဝန်ကြီးဗိုလ်မှူးအောင်နှင့်အတူ စက်တင်ဘာ ၂၃ ရက်နေ့ နံနက်တွင် ဗိုလ်နေဝင်းအား ဒုတိယအကြိမ် တွေ့ပြန်သေးသည်။ ဗိုလ်နေဝင်းက ဤကိစ္စကို မသိပါ၊ ဗိုလ်အောင်ကြီးနှင့် ဗိုလ်မောင်မောင်တို့ သိပါမည်။ သူတို့နှစ်ဦးအား ဝန်ကြီးချုပ်ထံ တင်ပြရန် စေလွှတ်ပါမည်ဟု အဖြေပေးလိုက်သည်။ "တပ်မတော်က အာဏာသိမ်းမယ်ဆိုလျှင် ကျွန်တော့် အနေနှင့် ခေါင်းဆောင်အဖြစ်လည်းကောင်း၊ နောက်လိုက်အဖြစ် လည်း ကောင်း မည်သည့်နည်းနှင့်မှ ပါဝင်မည်မဟုတ်ပါ"ဟုလည်း နိုင်မာသော



ကတိကို ပေးအပ်လိုက်သေးသည်။ စစ်တပ်အာဏာသိမ်းရေး စစ်ဆင်မှုကို ဗိုလ်နေဝင်းကိုယ်တိုင် ပါဝင်သိရှိပါလျက် လိမ်လည်၍ ကတိပေးသည်"ဟု ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးအောင်တို့က သိလိုက်ကြသည်။

ထိုနေ့ ညနေတွင် ဝန်ကြီးချုပ်ဦးနု မန္တလေးမှ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ညနေ ၃ နာရီတွင် ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့က လာရောက်တွေ့ဆုံကြသည်။ "သန့်ရှင်းတို့က ရဲဘော်ဖြူတို့နှင့် ပေါင်းပြီး တပ်မတော်ကို ဖျက်ရန်ကြံစည်သည်။ ဗိုလ်ချုပ်ကြီး နေဝင်းကိုပင် လုပ်ကြံရန် ကြံစည်သဖြင့် တပ်က မခံမရပ်နိုင်သောကြောင့် အုံကြွကာ လှုပ်ရှားနေပါ သည်။ မိမိတို့က ငြိမ်သက်အောင်၊ ပေါက်ကွဲမှု မရှိအောင် ထိန်းနေပါသည်။ တပ်ကိုလည်း လွှန့်ထားရပါသည်။ မည်မျှကြာအောင် ထိန်းနိုင်မည်မသိပါ" ဟု တိုင်တန်းအစီရင်ခံကြသည်။ စစ်ဗိုလ်များ လိမ်လည်ကာ မဟုတ်မဟတ် လုပ်ဇာတ်ခင်းနေကြသည်ကို သိရှိသူ ဦးနုက "အေးလေ၊ ပေါက်ကွဲတဲ့ အခြေအနေသို့ မရောက်သင့်ဘူးပေါ့၊ တို့ဘက်ကလည်း အစွမ်းကုန် ဝိုင်းဝန်းထိန်းသိမ်းပေးပါ့မယ်"ဟု ဖြေခဲ့သည်။

လွန်ခဲ့သော ၂၃ ရက်နေ့ကပင် စစ်တပ်က အင်းစိန်မြို့နယ်မှ အချို့သော သန့်ရှင်းဖဆပလရုံးများကို လက်နက်နှင့်ဝိုင်းကာ သိမ်းပိုက်ထားကြပြီ ဖြစ်၏။ စစ်တပ်က ခရမ်းမြို့နယ်ကို သိမ်းပိုက်ထားပြီဟု ထိုနေ့ နံနက်ထွန်းနေ့စဉ် သတင်းစာတွင် ရဲရဲတွာ ရေးသားဖော်ပြသည်ကို ဦးနုက ဖတ်ရှုသိရှိထားပြီး ဖြစ်သည်။ အာဏာသိမ်းအုပ်စုတွင် မိမိတို့မပါဘဲ မိမိတို့က ထိန်းသိမ်းနေဟန် လိမ်လည်ပြောဆိုကြသည်ကို ဝန်ကြီးချုပ်က ကောင်းစွာ နားလည်သည်။ စစ်ဗိုလ်ကြီးနှစ်ဦးသည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်အတူ အာဏာသိမ်းရန် တကြိတ်တည်း ကြံစည် လုပ်ဆောင်နေ ကြသည်မှာ သိသာထင်ရှားသည်။ ထို့ကြောင့် ဝန်ကြီးချုပ် အဖို့ သူတို့ ပြန်သွားသည်နှင့် "တက်ရပိန့်လော ဆုတ်ပိန့်လော့" လေးနက်စွာ စဉ်းစားရလေတော့၏။

သမိုင်းကို ပြန်၍လှန်ကာ သုံးသပ်ရသည်။ စစ်ကြီးဖြစ်လာသော အခါ အင်္ဂလိပ်နှင့်ပေါင်းရန် ဖက်ဆစ်ဆန့်ကျင်ရေးလမ်းစဉ်ကို ကွန်မြူနစ်

www.burmeseclassic.com

www.burmeseclassic.com



တို့က ချမှတ်စည်းရုံးခဲ့သဖြင့် လူထုကြီး၏ ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့သည်။ နောက်ပိုင်း၌ စစ်တပ်ကပါ ပါဝင်ပူးပေါင်းလာခဲ့သည်။ အင်္ဂလိပ်အစိုးရနှင့် ဈေးစပ်ဆွေးနွေးသောနည်းလမ်းဖြင့် လွတ်လပ်ရေးကို ရယူနိုင်သည်မှာ ဖဆပလအဖွဲ့ချုပ်ဖြစ်သည်။ လက်နက်ကိုင် တိုက်ပွဲအရသာတွေ့နေသည့် ကွန်မြူနစ်တို့က လက်နက်နှင့်အာဏာ လုကြသောကြောင့် စစ်တပ်အင်အားကို တိုးချဲ့ကြရသဖြင့် စစ်တပ်ကမာန ထောင်လွှားလာသည်။ ဖဆပလအတွင်းမှာလည်း အာဏာယစ်မူး၍ မောက်မှားသူများပေါ်ထွန်းလာသောကြောင့် ကွဲအက်သွားသည်။ နိုင်ငံရေးအင်အားစုများအစိတ်စိတ်အမွှာမွှာဖြစ်နေသည်ကို လူထုကထောက်ခံသည့် နိုင်ငံရေးအဖွဲ့က အာဏာထိန်းသိမ်းနိုင်ရန် အထွေထွေ ရွေးကောက်ပွဲကြီးသာ ထွက်ရပ်လမ်းဖြစ်သည်။ လက်နက်ကိုင် ကွန်မြူနစ်သူပုန်များ လက်နက်စွန့်ကာ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြလျှင် မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီခေတ်သစ်တခု ထူထောင်နိုင်ပေသည်။

ဦးနု၏ဖာတ်ညွှန်းကို စစ်တပ်အားကိုးရှိသည့် တည်မြဲတို့က လက်မခံ။ ဗိုလ်ချုပ်နေဝင်းနှင့် သူ၏စစ်တပ်ကတဖန် ပွဲလန့်ခိုက်ဖျာခင်းရန် နိုင်ငံရေးနယ်တွင်းသို့ လက်နက်နှင့် စွက်ဖက်လာလေပြီ။ တရားမျှတသည့် ရွေးကောက်ပွဲမှာ ဖြစ်မြောက်နိုင်ရန် ခက်ခဲနေလေပြီ၊ ပြည်ထဲရေးဝန်ကြီး၏ ခုခံရန် အစီအစဉ်နှင့် စစ်တပ်ကိုတိုက်လျှင် လူထုကနိုင်ငံရေး စိတ်ဓာတ်မြင့်မားဆဲ ဖက်ဆစ်ဆန့်ကျင်ရေးမှုကို ယုံကြည်ဆဲဖြစ်သဖြင့် ရေရှည်ကာလ၌ အနိုင်ရနိုင်သည်။ လူထုနှင့်ကင်းကွာသဖြင့် စစ်တပ်သည် မုချရှုံးရမည်။

သို့သော် (က)နိုင်ငံတခုလုံး သွေးထွက်သံယိုဖြစ်မည် (ခ)ဗိုလ်ချုပ်နေဝင်းနှင့်စစ်တပ်က နိုင်ငံကို ထိန်းနိုင်မည်မဟုတ် (ဂ)နိုင်ငံခြားပယောဂဝင်လာမည် (ဃ)နိုင်ငံခြားကဝင်သဖြင့် ကိုးရီးယားနိုင်ငံနှစ်ခြမ်းကွဲသကဲ့သို့ လူအပေါင်းတို့ ဒုက္ခကြီးစွာရောက်ကြမည်ဟူသော ပေါ်ပေါက်လာမည့် ဂယက်များကို မြင်နိုင်သည်။ နိုင်ငံရေးအခြေအနေကို အလေးအနက် စဉ်းစားပြီးနောက် ဝန်ကြီးချုပ်ဦးနုက သန့်ရှင်းအဖွဲ့ခေါင်းဆောင်များကို ဖိတ်ခေါ်ကာ ရွေးချယ်သင့်သောလမ်းစဉ်ကို တင်ပြသည်။ ဦးနုတင်ပြချက်ကို ခေါင်းဆောင်



များက သဘောတူ လက်ခံကြပြီး အတည်ပြုကြသည်။

စက်တင်ဘာ ၂၅ ရက်နေ့တွင်မှ စစ်တပ်က ရန်ကုန်ကို သိမ်းပိုက်လိုက်ကာ ကင်းပုန်းများ ချထားလိုက်သည်။ မင်္ဂလာဒုံလေဆိပ်ကို သိမ်းသည်သာမက အမြောက်များ ဆင်လိုက်သေးသည်။ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်တွင်းကြီး၊ ကျိုက်လတ်၊ ဘိုကလေး စသောမြို့များကို စစ်တပ်က သိမ်းလိုက်သည်။ သန့်ရှင်းခေါင်းဆောင်များသည် ကိုယ်ပျောက်သွားကြသည်။ ဦးစွာလက်နက်ချထားသော ရဲဘော်ဖြူအချို့နှင့် ပမညတခေါင်းဆောင်များကို စစ်တပ်က ဖမ်းလိုက်သည်။ ပြည်ထဲရေးဝန်ကြီး၏ ဆင့်ခေါ်ချက်အရ ရန်ကုန်သို့ ဆင်းလာသော စစ်ရဲတပ်များကိုလည်း လမ်းခရီးတွင်ပင် စစ်တပ်က ဖမ်းလိုက်သည်။ အင်းစိန်ခရိုင်ဝန်နှင့် ရဲဝန်တို့အား ထိန်းသိမ်းကာ စုံထောက်ရုံးနှင့် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးရုံးတို့ကို သိမ်းလိုက်သည်။

နေရာအနှံ့တွင် စစ်တပ်က လက်ဦးသည်၊ သို့သော် ပါရမီရိပ်သာတနေရာသို့ ရောက်လာသော အမှတ် (၄)ဗမာ့သေနတ်ကိုင်တပ်ရင်း၏ တပ်ခွဲတခုကို အင်းယားဟိုတယ် ဆောက်လုပ်နေသည့် ပြန်လည် ထူထောင်ရေးတပ်သား ၅၀၀ တို့က လက်နက်အနည်းငယ်နှင့် ခုခံပြီး ဝိုင်းထားနိုင်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်အိမ်သို့ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးချုပ်တင်ဖေတို့ လာရောက်ကြသည်။ ဦးနုနှင့် ဒုတိယဝန်ကြီးချုပ် သခင်တင်၊ ဝန်ကြီးဗိုလ်မင်းခေါင်နှင့် ဝန်ကြီးဦးတင်မောင်တို့က လက်ခံဆွေးနွေးသည်။

"ခင်ဗျားတို့၊ မြို့တွင်းမှာ တင့်ကား၊ သံချပ်ကာကား၊ အမြောက်ကြီးတွေနဲ့ ဘာလုပ်ကြတာလဲ"ဟု ဦးနုက စလျှင်စချင်း မေးလေသည်။

"တပ်မတော်က အာဏာသိမ်းလိုက်ပါပြီ၊ အချက်အချာကျတဲ့နေရာတွေမှာ ကပ်စွဲထားပါတယ်။ အဲဒါကြောင့် ဝန်ကြီးတွေ ရုံးမတက်ကြပါနဲ့"ဟု စစ်ဗိုလ်များက အမှန်ကိုဖြေပြီး အမိန့်ပေးတော့သည်။

ဤတွင် ဦးနုက "အာဏာမသိမ်းကြနဲ့၊ စစ်တပ်ရော တိုင်းပြည်ပါ

www.burmeseclassic.com



နာမည်ပျက်မည်၊ လက်ရှိအစိုးရကို လက်မခံနိုင်လျှင် တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါမယ်လို့ စစ်တပ်က ကတိပေးလျှင် စစ်တပ်ကို အာဏာလွှဲပေးမည်၊ လွှတ်တော်ကျင်းပပြီး ဝန်ကြီးချုပ်ရာထူးမှ ထွက်ပေးမည်၊ ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်တင်မြှောက်ဖို့ အဆိုတင်ပေးမယ်”ဟု အခြေခံဥပဒေကို ထိန်းသိမ်းရန် ရှင်းပြလေသည်။

ရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပရန် ပြောသည်ကို မဖြစ်နိုင်ပါ။ ငြိမ်းချမ်းရေး လုပ်ရပါဦးမည်၊ တနှစ်ခွဲကြာမှ ရွေးကောက်ပွဲ ကျင်းပနိုင်ပါမည်ဟု ဗိုလ်မောင်မောင်က ဆိုသဖြင့် “ကျုပ်ကို ဖမ်းလိုက ဖမ်း၊ ထောင်ချလျှင်လည်း အရေးမဟုတ်၊ သုံးလအတွင်း ရွေးကောက်ပွဲကို ကျင်းပပေးမှသာ လက်ခံနိုင်မည်”ဟု ဦးနုက တောင်းဆိုသည်။

နောက်ဆုံးတွင် အာဏာတောင်းရန် စေလွှတ်လိုက်သည့် ဗိုလ်နေဝင်းက ဤလမ်းစဉ်ကို လက်ခံမည်၊ ငြင်းဆိုမည်ဆိုသည်မှာ အရေးကြီးဆုံးဖြစ်သည်ဟု ဦးနုကပြောလေသည်။ ထို့ကြောင့် ယခုဝန်ကြီးချုပ်အဖြစ် တင်ပြသော အခြေခံဥပဒေအရ လွှတ်တော်က ဗိုလ်နေဝင်းအား ဝန်ကြီးချုပ်တင်မြှောက်ရေး အစီအစဉ်ကို ပြန်မေးကြပါဦးဟုပြောသည်။ မှုကို စာဖြင့်ရေးသား၍ “မင်းတို့ ဗိုလ်ချုပ် ကြီးကို မင်းတို့ပဲ ပြန်မေးပါဦး”ဟု ပေးလိုက်လေသည်။ စစ်ဗိုလ်ကြီးသုံးဦးသည် အာဏာသိမ်းခေါင်းဆောင်ဖြစ်သည့် စစ်သေနာပတိကြီးထံ တင်ပြရန် ဦးနု၏စာကို ယူဆောင်ကာ ပြန်သွားကြ၏။

ထိုအချိန်တွင် အာဏာတောင်းပွဲ မအောင်မြင်က ဝန်ကြီးချုပ်၏ အိမ်ကို စတင်ပစ်ခတ်ရန် အမြောက်ကြီးများနှင့် ချိန်ရွယ်ထားပြီးဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ ထိုအခြေခံဥပဒေဘောင်အတွင်းမှ အာဏာလွှဲပြောင်းပေးမည်ဟူသော အစီအစဉ်ကို ရေးသားထားသည့် ဝန်ကြီးချုပ်ဦးနု၏စာကို ဗိုလ်ချုပ်ကြီးနေဝင်းက နှစ်ကြိမ်ပင် ဖတ်ရှုခြင်းမပြုဘဲ ကျေနပ်စွာ လက်ခံလိုက်လေသည်။ ဦးနု၏စာလွှာကို ရရှိပြီး နာရီပင်မဆိုင်းဘဲ မိမိ သဘောတူလက်ခံပါကြောင်း ချက်ခြင်း စာပြန်လိုက်သည်။

စာစောက တပ်တွေအုံကြွနေသဖြင့် ထိန်းနေရပါသည်ဟု ပြော



ဆိုပြီး အမြောက်နှင့်ချိန်ကာ ဝန်ကြီးချုပ်အား ရာဇသံပေး၍ အာဏာတောင်းခဲ့သည့် တပ်မတော်၏ ဦးစီးဗိုလ်ချုပ်ကြီးနေဝင်းက မိမိသည် “ဤမျှကြီးလေးသော တာဝန်ကြီးကို ထမ်းဆောင်ရန် များစွာ ဦးလေးကြောင်း၊ သို့သော် ဝန်ကြီးချုပ် စေတနာကို လေးစားသောကြောင့် ဝန်ကြီးချုပ်က လိုအပ်၍ ဤတာဝန်ကိုထမ်းဆောင်မှ သင့်လျော်မည်ဆိုလျှင် အစွမ်းကုန်ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ သို့သော် မိမိသည် တိုင်းပြည်အုပ်ချုပ်သည့် တာဝန်ကို လုပ်ကိုင်ဖူးခြင်းလည်း မရှိ၊ လုပ်မည်ဟု မည်သည့်အခါကမှ မရည်ရွယ်ခဲ့၊ လုပ်အံ့ဟုလည်း မည်သည့်အခါမှ မစဉ်းစားဖူးပါသဖြင့် မိမိသည် ရိုးသားဖြူစင်စွာ ဤတာဝန်ကို ထမ်းဆောင်ရာတွင် ချွတ်ယွင်းချက်များရှိပါလျှင် ခွင့်လွှတ်နိုင်မည်ဟု ယူဆကြောင်း၊ ခွင့်လွှတ်ရန်လည်း တောင်းပန်ကြောင်း”နှင့် အနူးအညွတ်ရိုကျိုးစွာ ဦးနုထံ စာပြန်လိုက်လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း စာပြန်ချက်အရ ထိုညတွင်းပင် ဝန်ကြီးချုပ် ဦးနုက တိုင်းပြည်အား ဗမာ့အသံမှ ရှင်းပြလိုက်၏။ မိမိသည် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလထဲတွင် ကျင်းပရန် စိတ်ကူးထားကြောင်း၊ သို့သော် လက်ရှိအခြေအနေအရ မည်သည့်နည်းနှင့်မျှ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ မဖြစ်နိုင်ကြောင်း၊ လွတ်လပ်သော ရွေးကောက်ပွဲ မပြုလုပ်နိုင်သမျှ ကာလပတ်လုံး ထိုနိုင်ငံအတွက် ဒီမိုကရေစီ ထိတ်သုဉ်းနေသည်ကို မည်သူမှ မငြင်းနိုင်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို ၁၉၅၉ ခုနှစ် ဧပြီလမကုန်မီ ကျင်းပပေးရန် ဗိုလ်ချုပ်ကြီးနေဝင်းအား ဖိတ်ကြားခဲ့ကြောင်း၊ လက်ခံလိုက်သည့်အတွက် အထူးဝမ်းသာကြောင်း ပြည်သူတရပ်လုံးက ဗိုလ်ချုပ်ကြီးနေဝင်းအား ထောက်ခံကြစေလိုကြောင်း နှိုးဆော်လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက တဖန် မိမိရာထူးယူသည်မှာ ဝန်ကြီးချုပ်၏ တာဝန်ပေးချက်ကို လက်ခံသည်သာ ဖြစ်ကြောင်း၊ တပ်မတော်က နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ကြောင်း ပြန်တမ်းထုတ်သေးသည်။

ဤတွင် သန့်ရှင်းအစိုးရထံမှ အာဏာသိမ်းရန်အတွက် စစ်တပ်က

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်းလူထုအုပ်စုကို ပစ်ခတ်သတ်ဖြတ်မည့် လက်နက်များ တပ်ဆင်ထားသော ကြီးမားသည့် စစ်ဆင်ရေးကြီးမှာ တိုက်ခိုက် သတ်ဖြတ်ရန်အတွက် ပစ်မှတ် "ရန်သူ"မရှိဖြစ်သွားလေတော့သည်။ ဝန်ကြီးချုပ်၏ အိမ်ကိုချိန်ရွယ်ထားသော အမြောက်ကြီးများနှင့် သံချပ်ကာ ယန္တရားတပ်များကိုလည်း တပ်ခေါက်ပြန်ကြရသည်။

အာဏာသိမ်း တပ်မတော်ကြီးဖြစ်သော အမှတ် (၄) ဗမာ့သေနတ်ကိုင် တပ်ရင်းသည်မူ ရန်ကုန်ကိုစီးနင်း၍ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ဖမ်းဆီးရန်အတွက် မန္တလေးမှ အရှိန်ပြင်းစွာ ချီတက်နေသောကြောင့် မည်သူမှ တားဆီးခြင်း မပြုနိုင်ဖြစ်နေခဲ့သည်။ ပဲခူးဒေသကို လွန်လာခဲ့ပြီး ဝက်ထီးကန်ရောက်၍ အမှတ် (၁၀၁)ခြေမြန်တပ်နှင့် ရင်ဆိုင်တွေ့မှ တပ်ရင်းတပ်မှူး ဗိုလ်မှူးကျော်သောင်းက တပ်များပြန်ရုပ်ရန် ညွှန်ကြားနိုင်သဖြင့် လက်မတင်ကလေး ပြီးငြိမ်းသွားခဲ့ရသည်။

သို့စေကာမူ ပြည်သူတို့က ခေါင်းငုံ့၍မခံကြပဲ ဆူပွက်ကြတော့သည်။ "လက်နက်နှင့် အာဏာသိမ်းခြင်းကို ကန့်ကွက်ကြ"ဟူသော စာတမ်းကြီးကို ပမညတအဖွဲ့ကြီးက နာရီမဆိုင်း ထုတ်ပြန်လိုက်သည်။ ဆွေငြိမ်းတို့ ညြဖခ်တပ်မတော်အရာရှိ အချို့တို့သည် ဦးနု နုတ်ထွက်ကာ ဗိုလ်ချုပ်နေဝင်းအစိုးရ ဖွဲ့စည်းရန် အစီအစဉ်ကို ကြိုတင်ပြင်ဆင်၍ တောင်းဆိုကြသဖြင့် တပ်မတော်က လက်နက်နှင့် အာဏာသိမ်းခြင်းသာ ဖြစ်ကြောင်း၊ ကန့်ကွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် (၁)လူထုက ရွေးကောက်တင်မြှောက်ထားသဖြင့် တရားဥပဒေအရ ဖွဲ့စည်းထားသော လက်ရှိ ဦးနုအစိုးရ ဆက်လက်တည်နေရန် (၂)ဦးနုအစိုးရက လူထုအလိုအရ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အပြည့်အဝ ရရှိရေးကို ဆောင်ရွက်ပေးရန် (၃)လက်ရှိလွှတ်တော်ကို ဖျက်သိမ်းရန်နှင့် (၄)တရားဝင်လွှတ်တော်မှ ရွေးကောက်တင်မြှောက်ထားသည့် ဦးနုအစိုးရကပင် ရွေးကောက်ပွဲကျင်းပပေးပါဟု တောင်းဆိုလေသည်။

ပမညတခေါင်းဆောင်များက ဦးနုနှင့်တွေ့ဆုံကြသောအခါ "စစ်တပ်က မြို့ရွာတွေသိမ်းပြီး အာဏာတောင်းသည်ကို လွှဲပြောင်းပေးမည်ဟု



ကြေညာသည်မှာ လိမ်လည်ချက်သာ ဖြစ်ပါသည်။ မိမိတို့နိုင်ငံရေးအင်အားစုများနှင့် တိုင်ပင်သင့်ပါသည်"ဟု ပြင်းထန်စွာ ဝေဖန်ကြလေသည်။

ဦးနုက တိုင်ပင်မှု မပြုနိုင်သည်မှာ မိမိအမှားဖြစ်ကြောင်း၊ သို့သော် အခြေအနေမှာ သန့်ရှင်းခေါင်းဆောင်များကိုပင် တိုင်ပင်ရန် အချိန်မရသဖြင့် ခေါင်းဆောင်ငါးဦးနှင့်သာ တိုင်ပင်ဆုံးဖြတ်ရကြောင်း၊ မိမိ၏ဆောင်ရွက်မှုကို မကျေနပ်၍ မိမိအား သတ်လိုက သတ်နိုင်ကြောင်း၊ ဆုံးဖြတ်ချက်ကို မပြင်နိုင်ကြောင်း၊ လွှတ်တော်တွင် မဲခွဲစဉ်က အနိုင်ရစေကာမူ နုတင်တို့သာ အနိုင်ရခဲ့လျှင် ငါးမိုင်သာ ပိုင်ဆိုင်စေရမည်ဟု ဆွေငြိမ်းတို့၏ ကြိမ်းဝါးချက်အတိုင်း လက်နက်ကိုင်တပ်များ၏ နှိပ်စက်မှုကို ဗိုလ်နေဝင်းက အာဏာပေးမှသာ တားဆီးနိုင်မည်ဖြစ်သဖြင့် ဆုံးဖြတ်ရကြောင်း ရှင်းပြသည်။

ဆက်လက်၍ အခြားနိုင်ငံရေးအသင်းအဖွဲ့များကလည်း ဗိုလ်ချုပ်နေဝင်း အစိုးရသည် စစ်အစိုးရသာဖြစ်သဖြင့် လက်မခံကြောင်း ကန့်ကွက်ကြလေသည်။ လက်နက်ချထားသည့် ပြည်သူ့ရဲဘော်အဖွဲ့ကြီးကလည်း ဒီမိုကရေစီဘောင်တွင်း၌ပင် နေကြမည်။ စစ်တပ်က လက်နက်နှင့်အာဏာသိမ်းသည်ကိုမူ ကန့်ကွက်ကြောင်း ကြေညာ၏။

တက္ကသိုလ်ကျောင်းသား သမဂ္ဂကမူ ပရဂုဏ်တွင် ဆန္ဒပြပွဲ ကျင်းပပြီးနောက် စစ်ရုံး၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့၏ အိမ်နှင့် အမေရိကန်သံရုံးတို့အားဝိုင်းကာ ဆန္ဒပြကြလေသည်။

တည်မြဲအဖွဲ့ကသာ ဦးနုသည် ဖက်ဆစ်ဖြစ်သည်ဟု စွပ်စွဲပြီး ဗိုလ်ချုပ်နေဝင်း အစိုးရကို ထောက်ခံကြောင်း ကြေညာ၏။ ဗိုလ်ချုပ်ကြီးနေဝင်းက မိမိအာဏာယူရသည်မှာ ဝန်ကြီးချုပ်က ဖြူစင်သော စေတနာနှင့်ပေးအပ်သည်ဖြစ်သဖြင့်၊ လေးနက်စွာ ဆင်ခြင်၍ လက်ခံခဲ့ကြောင်း၊ ပြည်သူတို့၏ ယုံကြည်မှုကို လေးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မသမာသူအချို့က အမျိုးမျိုးမတရား စွပ်စွဲနေကြကြောင်း၊ မတရားစွပ်စွဲမှုများကို မပြုလုပ်ရန် တောင်းပန်ကြောင်း၊ တောင်းပန်လို့မရလျှင် တရားဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ကြေညာပြန်သည်။

အင်အားအကြီးဆုံးဖြစ်သော ပမညတအဖွဲ့ချုပ်၏ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဗိုလ်ချုပ်ကြီးနေဝင်းက မျက်နှာစုံညီ တွေ့ဆုံပွဲတွင် "မိမိတို့ တပ်မတော်အား ဆွေပြိုမ်းတပ်မတော်ဟု သမုတ်နေခြင်းမျိုးလောက် နာစရာကောင်းတာ အခြားမရှိပါ၊ တပ်မတော်သည် မည်သည့်နိုင်ငံရေးပါတီ၏ အကျိုးကိုမျှ ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပရန်အစွမ်းကုန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း" ရှင်းပြလေသည်။

ထိုအခါ ဗိုလ်မြသွေးက "ပါလီမန်တွင် ဆွေပြိုမ်းအုပ်စုအာဏာမဲ့လျှင် စစ်တပ်နှင့်အာဏာသိမ်းမည်ဟု ကြေညာကြောင်း၊ ဆွေပြိုမ်းအုပ်စုကို ထောက်ခံသော တပ်မတော်အရာရှိအချို့က လက်နက်များ ပြင်ဆင်ကာ ပြောင်ပြောင်ပင် တရားဟောခဲ့ကြောင်း၊ တပ်မတော်က မြို့ရွာအချို့ကို သိမ်းခဲ့ကြောင်း၊ တဆက်တည်း ဦးနုက ဗိုလ်ချုပ်နေဝင်းအား အာဏာလွှဲပေးမည်ဟု ကြေညာခဲ့ကြောင်း၊ ဤသို့ဖြစ်ပျက်လာသည့်အတွက် လက်နက်နှင့်အာဏာသိမ်းခြင်း ဖြစ်သည်ဟု တွက်ချက်ရန်သာ ရှိကြောင်း"နှင့် မိမိတို့ရပ်တည်ချက်ကို ခိုင်မာစွာ ပြန်ပြောလေသည်။

ဤတွင် ဗိုလ်မှူးကြီးအောင်ကြီးက "ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဦးနုကိုဖမ်းရန် သတင်းများပေါ်ခဲ့သဖြင့် တပ်မတော်က ပြင်ဆင်မှုပြုခဲ့ရကြောင်း၊ အချို့ပြင်ဆင်မှုမှာ လိုအပ်သည်ထက် ပိုသွား၍ ပြန်လည်ရုတ်သိမ်းခဲ့ကြောင်း၊ ဤအခြေအနေတွင် အာဏာလွှဲပြောင်းမှု ဖြစ်သဖြင့် စစ်တပ်က အာဏာသိမ်းသည်ဟု အထင်မှားစရာ အကြောင်းရှိသည်ကို မငြင်းလိုကြောင်း" ဝင်ရောက်ဖြေရှင်းသည်။

ပမညတခေါင်းဆောင်များက အာဏာသိမ်းသည်ဟု မိမိတို့ထင်မြင်ချက်ကို ဆက်လက်တင်ပြနေကြသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းက "တပ်မတော်က အာဏာသိမ်းသည်ဟူသော စကားမှာ တပ်မတော်၏ ဂုဏ်သိက္ခာကို အထူးထိခိုက်စေကြောင်း၊ စစ်တပ်က အာဏာသိမ်းသည်ဟူသောစကားကို အထူးရှောင်ကြဉ်ရန် ပြောလိုကြောင်း"နှင့် ပြောဆိုကာ ဆွေးနွေးပွဲကို ရပ်တန့်ရုပ်သိမ်းလိုက်သည်။

လူထုအဖွဲ့အစည်းများက ဝေဖန်နေခိုက်တွင် ဗိုလ်နေဝင်းက အိမ်စောင့်အစိုးရဖွဲ့စည်းရေးကို သွက်လက်စွာ လုပ်ဆောင်ခဲ့သည်။



ကြားဖြတ်အစိုးရ သို့မဟုတ် အိမ်စောင့်အစိုးရဝန်ကြီးများအဖြစ် (၁) နိုင်ငံတော်တရားဝန်ကြီးချုပ်ဟောင်း ဦးသိန်းမောင် (၂) လွှတ်တော်တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင် (၃) ရန်ကုန်တက္ကသိုလ် သင်္ချာကထိက ဦးကာ (၄) နိုင်ငံတော်ဘဏ် ဥက္ကဋ္ဌဦးကျော်ငြိမ်း (၅)အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူ (၆) ရွေးကောက်ပွဲ မင်းကြီးဟောင်းဦးစံညွန့် (၇) ဓာတုဗေဒဝန် ဦးချစ်သောင်း (၈) အငြိမ်းစား စက်ရှင်တရားသူကြီးနှင့် ကုန်သွယ်မှု ဥက္ကဋ္ဌဟောင်း ဦးဘကြားတို့အား ရွေးချယ်ခန့်ထားခဲ့သည်။

အစိုးရဝန်ကြီးများအဖြစ် မြို့မိမြို့ဖလူကြီးများကို တင်မြှောက်၍ နောက်ပိုင်းမှ စစ်ဗိုလ်ကြီးများက အထူးအရာရှိအဖြစ် အစိုးရ၏မူနှင့် လုပ်ငန်းစဉ်များကို ကွပ်ကဲရန် ပုံစံချခဲ့ကာ ဖွဲ့စည်းရာတွင် ဗိုလ်မှူးကြီးမောင်မောင်က အရေးပါသော ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ယူသည်။ ထိပ်သီးစစ်ဗိုလ်ကြီး ၃၉ ဦးတို့ကို အထူးအရာရှိများအဖြစ် ဝန်ကြီးအဆင့်ရှိသော ရာထူးများကို တာဝန်ယူစေကြသည်။ ဗိုလ်မှူးကြီးဦးထွန်းစိန်က ရန်ကုန် မြို့တော်ဝန်ရာထူးကို ထမ်းဆောင်ရသည်။ အစိုးရဖွဲ့ပြီးသောအခါ စစ်ဗိုလ် ၁၀၀ တို့အား အထူးအရာရှိများအဖြစ် အစိုးရ အုပ်ချုပ်မှု စက်ယန္တရားကြီး အတွင်းသို့ တွဲဖက်ခန့်ထားသေးသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆(၂)အရ လူထုက ရွေးကောက်တင်မြှောက်သူ မဟုတ်သော ပုဂ္ဂိုလ်များကို ဝန်ကြီးခန့်ထားကြောင်း သမ္မတကြီး မန်းဝင်းမောင်က အမိန့်ထုတ်ပြန်ကြေညာရမည်ဖြစ်ပြီး သမ္မတကြီးထံတွင်ပင် ကျမ်းသစ္စာဆိုကြရန် စီစဉ်သောအခါ သမ္မတကြီးက ဥပဒေကို တိကျစွာ ဆောင်ရွက်ရန် ညွှန်ကြားသဖြင့် နှောင့်နှေးရသေး၏။

မေမြို့၌ ရုံးထိုင်နေသော သမ္မတကြီးနှင့် လက်ရှိဝန်ကြီးချုပ်ဦးနုတို့သည် အခြေခံဥပဒေအရ လွှတ်တော်ကျင်းပရေးမှ ကွဲပြားခဲ့သဖြင့် ညှိနှိုင်းရသေးသည်။

အာဏာလွှဲပြောင်းပေးရမည့် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ် ဦးနုက ရာထူးမှနုတ်ထွက်လွှာကို လွှတ်တော်သို့ တင်သွင်းပြီးနောက် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရန်အတွက် ဝန်ကြီးချုပ်ရာထူးကို ဆက်ခံရန် ဗိုလ်ချုပ်ကြီးနေဝင်းအား တိုက်တွန်းခဲ့ကြောင်း၊ ဒီမိုကရေစီမဆိတ်သုဉ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မိန့်ခွန်းပေးသည်။

လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌ မန်းဘဆိုင်က လစ်လပ်သွားသော နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးကို ရွေးကောက်တင်မြှောက်ရန်အတွက် အဆိုတင်ကြပါဟု ဖိတ်ခေါ်သောအခါ ဗိုလ်ချုပ်ကြီးနေဝင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်လိုကြောင်း အဆိုလွှာကို ဦးနုအပါအဝင် အမတ် ၂၅ ဦးတို့က တင်သွင်းကြသည်။

ဦးနုက တင်သွင်းသော အဆိုကို သန့်ရှင်းအမတ်များက ထောက်ခံကြပြီး ဦးဗဆွေတင်သောအဆိုကို ဦးကျော်ငြိမ်းက ထောက်ခံသည်။

ပမညတအဖွဲ့ချုပ်မှ အမတ်များသည် မူအားဖြင့် လူထုက ရွေးကောက်တင်မြှောက်သူ မဟုတ်ပဲ သာမန်အစိုးရဝန်ထမ်းတဦးသာ ဖြစ်သည့် တပ်မတော်စစ်ဦးစီးအရာရှိအား ဝန်ကြီးချုပ်ခန့်ထားသည်ကို လက်မခံနိုင်ကြစေကာမူ အခြေအနေအရ လက်ခံကြရလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ခန့်ထားရန်အဆိုကို ဒေါက်တာဦးအေးမောင်က တင်သွင်းရလေသည်။ ယင်းအဆိုကို မြိတ်မြို့မှ ပမညတအမတ်ဦးအုန်းညွန့်က ထောက်ခံခဲ့သည်။

အမည်တင်သွင်းသူ ၂၅ စောင်စလုံးတို့တွင် ဗိုလ်ချုပ်ကြီးနေဝင်းကိုသာ ဝန်ကြီးချုပ်ခန့်အပ်ရန် အဆိုတင်သွင်းထားသဖြင့် လွှတ်တော်၌ မဲပေးပွဲကျင်းပရန် မလိုတော့သောကြောင့် ထိုပုဂ္ဂိုလ်ကိုသာလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (၁)အရ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံသို့ ပြည်သူ့လွှတ်တော်က အမည်တင်သွင်းမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးက ကြေညာလေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်ရာထူးခန့်ထားခြင်းနှင့် ပတ်သက်၍ ပမညတသဘာပတိတဦးဖြစ်သူ ဦးအောင်သန်းက "အမှန်က ဦးနုက လွှဲမပေးသော်လည်း စစ်တပ်က သိမ်းတော့မည့် ဖြစ်ပါသည်။ ထိုအခြေအနေကိုမြင်သော အကင်းပါးလှသည့် ဦးနုက အသာတကြည် လွှဲပေးလိုက်ခြင်းဖြင့် အခြေခံဥပဒေနှင့် ပါလီမန်ကိုဖျက်ရန် မလိုဘဲ၊ တည်ဆဲဥပဒေအရ ဆက်လက်တည်မြဲပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်အာဏာရှင်ဖြစ်မလာဘဲ ဥပဒေအရ ပါလီမန်က တင်မြှောက်သော ဝန်ကြီးချုပ်ဖြစ်လာပါသည်။ "ဗိုလ်ချုပ်နေဝင်းအစိုးရသည် ပါလီမန်အစိုးရသာ ဖြစ်ပါသည်။ စစ်တပ်က အာဏာသိမ်းခြင်းကိုလည်း အခြားနိုင်ငံများမှာကဲ့သို့ ကူဒီတာဟု မခေါ်နိုင်တော့ပါ"ဟု ဝေဖန်လေသည်။ "စစ်တပ်က အာဏာသိမ်းခြင်းကို မိမိဖြစ်စေလိုသော ပုံစံသို့ရောက်လာအောင် လုပ်ပေးနိုင်သည့် ဦးနု၏ ဉာဏ်စွမ်းကို ချီးကျူးရမည်သာ ဖြစ်ပါသည်"ဟုလည်း ထောမနာပြုလေသည်။



"အဖြစ်မှန်ကတော့ ကူဒီတာ စစ်တပ်က အာဏာသိမ်းခြင်းပဲ"ဟု နိုင်ငံရေးခေါင်းဆောင် ဒေါက်တာဗမော်က ပြတ်သားစွာပြောပြီး "ပြင်သစ်မှာ ဒီဂေါလုပ်တဲ့အတိုင်း သွေးထွက်သံယိုမရှိတဲ့ စစ်တပ်က အာဏာသိမ်းခြင်းမျိုးပဲ၊ ဒါပေမဲ့ ဒီဂေါထက် နည်းနည်းကလေးသာလို့ ဗမာက အဆန်းထွင်လိုက်တဲ့ စစ်တပ်က အာဏာသိမ်းခြင်းတမျိုးပေါ့။ ဦးဗဆွေ၊ ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ ၃ ဦး လက်မှတ်ထိုးပြီးမှ အသေအချာ လုပ်ကြတာပဲ၊ ဒီတချီ စစ်တပ်က ပမညတထက် လက်မြန်သွားတယ်"ဟု ဝေဖန်လေသည်။

နေရှင်းသတင်းစာ အယ်ဒီတာကမူ အယ်ဒီတာအာဘော်မှ "အစိုးရအာဏာလွှဲပြောင်းရေး အစီအစဉ်ကို ဦးနုသာ အမှန်တကယ် စတင်အကြံပြုသည်ဖြစ်ပါက ဦးနုအား နိုင်ငံရေးခေါင်းဆောင်တဦးအဖြစ် သတ်မှတ်ရမည်ဖြစ်ပေသည်။ သို့မဟုတ်ပါက နိုင်ငံရေးလောကတွင် အာဏာသိမ်းခြင်းဟူသော ဝေါဟာရတခုကို အောင်မြင်စွာ ဖယ်ရှားပစ်နိုင်လောက်အောင် ကျွမ်းကျင်လိမ္မာသော သံတမန်အဖြစ် သတ်မှတ်ရပေမည်"ဟု ဝေဖန်ဆန်းစစ်လေသည်။

မည်သို့ဆိုကြစေမူ ဗိုလ်ချုပ်ကြီးနေဝင်းသည် မြန်မာနိုင်ငံပါလီမန်မှ တင်မြှောက်သော ဒုတိယမြောက်ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးနေဝင်းသည် အောက်တိုဘာလ ၃၁ ရက်နေ့ ပါလီမန်သို့ ဝန်ကြီးချုပ်သစ်အဖြစ် တက်ရောက်ကာ မိန့်ခွန်းပေးသည်။

ခြောက်လအတွင်း တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အစိုးရအနေနှင့် မည်သည့်ပါတီ မည်သည့်အဖွဲ့အစည်း၏ အကျိုးကိုမှ ဆောင်ရွက်မည် မဟုတ်ကြောင်း၊ စီးပွားရေးသောင်းကျန်းမှုများကို ထိရောက်စွာ အရေးယူမည် ဖြစ်ကြောင်း၊ နိုင်ငံခြားဆက်ဆံရေးတွင် သီးခြားကြားနေနိုင်ငံခြားရေးဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်းနှင့် မိမိ၏လမ်းစဉ်ကို တင်ပြလေသည်။

ဝန်ကြီးချုပ်ရာထူးကို မိမိလက်ခံသည်မှာ ဒီမိုကရေစီ စနစ်ကျကျ ပါလီမန်က အာဏာပေးအပ်သည်ကို ခေါင်းမရှောင်လိုသဖြင့် လက်ခံရကြောင်း၊ မိမိသည် "ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ပြည်ထောင်စုသားတယောက်အနေနှင့်လည်းကောင်း၊ ဝန်ကြီးချုပ်တယောက်အနေနှင့်လည်းကောင်း၊ စစ်သားတယောက်အနေနှင့်လည်းကောင်း ရောက်ရာအရပ်တွင် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူကြောင်း"နှင့် ခိုင်မာစွာ ကတိပေးကာ နိုင်ငံ၏အမြင့်ဆုံးရာထူးကို သိမ်းပိုက်လိုက်လေတော့သည်။

■



# (၉)

## အိမ်စောင့်စစ်အစိုးရ၏ ဖော်ဆောင်ချက်

ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရသည် အောက်တိုဘာလ ၃၁ ရက်တွင် ဖွဲ့စည်းပြီးနောက် ပထမဆုံးလုပ်ငန်းစဉ်အဖြစ် ငြိမ်ဝပ်ပိပြားရေးကို အားသွန်လုပ်ဆောင်မည်ဟု စီစဉ်သည်။ နိုဝင်ဘာ ၃ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး ညီလာခံကို သုံးရက်ကြာ ကျင်းပရာ အစိုးရဝန်ကြီးများက အတွင်းဝန်များ၊ ရဲအရာရှိကြီးများနှင့် ခရိုင်ဝန်များကိုပါ ဖိတ်ကြား၍ ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲမှ တဆက်တည်း တရားဥပဒေစိုးမိုးရေး အပြင် အမြတ်ကြီးစားများကို နှိမ်နင်း၍ ကုန်ဈေးနှုန်းများ ချပေးရေး၊ မြို့တော်သန့်ရှင်းရေးစသည့် လုပ်ငန်းများကို တစ်ပြိုင်နက် လုပ်ဆောင်အားထုတ်မည်ဟု ဆုံးဖြတ်သည်။

ကုန်ဈေးနှုန်းချပေးရေးလုပ်ငန်းအဖြစ် စီးပွားရေးလုပ်ငန်းရှင် အချို့ကို ဖမ်းဆီးပြီး တဖက်မှ စီးပွားရေးလုပ်ငန်းများကို တပ်မတော်သက်သာချောင်ချိရေးအဖွဲ့က သိမ်းယူသည်။ စစ်သားများ သက်သာချောင်ချိရေးကို အကြောင်းပြပြီး စစ်ဗိုလ်ကြီးများသာ ကွပ်ကဲသည့် စစ်တပ်ပိုင် စီးပွားရေးစနစ်သစ်ကို စတင်တီထွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲကျင်းပရန်အတွက် ငြိမ်ဝပ်ပိပြားရေး လိုအပ်သည်ဟု လမ်းစဉ်ချကာ တောခိုနေကြသော ကွန်မြူနစ်သူပုန်များ နှိမ်နင်းမှု စစ်ဆင်ရေးများ ဆင်နွှဲ၍ ခြေမှုန်းသည်။ ထိုစဉ်က အစိုးရစာရင်းအရ သူပုန်အမျိုးမျိုး ၁၅၀၀၀ ရှိသည်ကို ကျေးရွာများမှ နှင်ထုတ်နိုင်ခဲ့သည်။ သို့သော် ရှမ်းသူပုန်ဆိုသည့် သူပုန်အသစ် ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၉ ခု၊ ဧပြီလတွင် ရှမ်းစော်ဘွားများ အာဏာစွန့်ပြီးနောက် ပေါ်ပေါက်လာသည့် ဂယက်ဖြစ်၏။

စစ်ဆင်ရေးအပြင် မြေပေါ်ရှိ ကွန်မြူနစ်ဝါဒီများ နှိမ်နင်းရေးကိုလည်း ပြင်းထန်စွာ ဆောင်ရွက်ခဲ့သည်။ ကွန်မြူနစ်ဝါဒီဟု မသင်္ကာသူများကို စစ်စုံထောက်တို့၏ စာရင်းအရ ဒလကြမ်း ဖမ်းဆီးသည်။ သတင်းစာဆရာများ၊ စာရေးဆရာများကိုလည်း ဖမ်းဆီးသည်။ စုစုပေါင်းနိုင်ငံရေးအကျဉ်းသား ၄၀၀ ကို ဖမ်းဆီးခဲ့သည်ဟု အစိုးရစာရင်းက ဆိုသော်လည်း ထိုထက်အဆများစွာ အဖမ်းခံကြရသည်ဟု အဖွဲ့အစည်းများက ယူဆ၏။

ငြိမ်ဝပ်ပိပြားရေး ဥပဒေပုဒ်မ (၅)အရ ကွန်မြူနစ်ဟု ယိုးစွပ်၍ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသား ၄၀၀ အနက် ၁၅၃ ဦးကို ရန်ကုန်မြို့နှင့် ပင်လယ်ခရီးမိုင် ၂၆၀ ကွာဝေးသော ကိုကိုးကျွန်း အကျဉ်းထောင်သို့ ပို့ဆောင်ချုပ်နှောင်ခဲ့သည်။ စာရေးဆရာ မြသန်းတင့်၊ သခင်မြသန်း၊ သတင်းစာဆရာ ရန်ကျော်၊ ဦးအုံးမြင့်၊ ကိုစောလွင်၊ ဗိုလ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း၊ ပါလီမန်တွင် စစ်တပ်ကို ပြင်းထန်စွာ ဝေဖန်လေ့ရှိသူ အမတ်ဗိုလ်မြသွေး၊ သခင်ခင်ဇော်၊ သခင်ဗမောင်၊ ဗိုလ်မျိုးမြင့်၊ ကိုကိုလေး၊ ကိုတင်စော၊ ရဲဘော်လှဝင်း၊ ကျောင်းသားခေါင်းဆောင် ကိုတင့်ဇော် စသည်တို့မှာ ပင်ပန်းကြီးစွာ ခံကြရရှာသည်။

အလျား ၇ မိုင် အနံ ၇ မိုင်သာရှိသော ကိုကိုးကျွန်းသို့ တနှစ်လျှင် ၆ လသာ သင်္ဘောဆိုက်ကပ်နိုင်သဖြင့် အစားအသောက် ရှားပါးပြီး ပင်ပန်းလှသည်။ အစိုးရက ခန့်ထားပို့ဆောင်ထားသည့် ကိုကိုးကျွန်း ထောင်ဆရာဝန် ဒေါက်တာဟာဘန်းဆင်မှာ အကျဉ်းသားတို့ကို ကုသပေးရင်း သူတို့ဘဝအတွက် ရင်နာသဖြင့် စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားသည် အထိ ထိုထောင်စခန်းသည် ကြမ်းတမ်းလှသည်။



ပုသိမ်ဖက် လိပ်ကျွန်းတွင်လည်း အလားတူ အကျဉ်းထောင်တခု ဆောက်လုပ်၍ ကွန်မြူနစ်ဟု မသင်္ကာသူများကို ပို့ဆောင်ချုပ်နှောင်သေးသည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်မောင်မောင်တို့က လက်ဝဲဝါဒီမှန်သမျှကို ပြင်းထန်စွာ ညှဉ်းဆဲသော်လည်း မိမိတို့ယုံကြည်ချက်ကို စွန့်လွှတ်သူ မရှိခဲ့ပေ။ မည်သို့ ဖိနှိပ်စေကာမူ ခံရဲကြသည်။ နှိပ်စက်သူကို အရှုံးမပေးဘဲ အနိုင်ယူကြသည်။ ဥပမာ မစွမ်းမသန် ဖြစ်နေသူ ကိုအုန်းမောင်အား ကိုကိုးကျွန်းသို့ပို့၍ နှိပ်စက်ခဲ့သည်။ စစ်အတွင်းက ဂျပန်တော်လှန်ရေးအတွက် လေထီးနှင့် ခုန်ဆင်းစဉ်တွင် ခြေကျိုးခဲ့သည်။ ထိုမှတဆင့် ဖဆပလကို တော်လှန်စဉ်က စစ်တပ်က ဖမ်းမိစဉ်တွင် ရရှိသည့် ခြေထောက်မှဒဏ်ရာကို ကုခွင့်မပြုသဖြင့် ထပ်မံခြေကျိုးရပြန်သည်။ သူ့အား ဗိုလ်နေဝင်းနှင့် ဗိုလ်မောင်မောင်တို့က ရန်ငြိုးသိုကာ ကိုကိုးကျွန်းသို့ပို့၍ ညှဉ်းဆဲသည်။ ကိုကိုးကျွန်းစခန်းသိမ်းရသောအခါ လိပ်ကျွန်းထောင်သို့ ထပ်ဆင့်ပို့သည်။ အလားတူပင် ငယ်စဉ်က မြင်းပေါ်မှလိမ့်ကျသဖြင့် လမ်းလျှောက်ခြင်း မပြုနိုင်သည့် သာမက တည့်မတ်စွာပင် မထိုင်နိုင်သော သခင်ဖေဒွေးကိုလည်း တကျွန်းထောင်များသို့ပို့ကာ ညှဉ်းဆဲသည်။ သူတို့နှစ်ဦးက ဦးမကျိုးဘဲ ညှဉ်းသမျှကို ရဲဝံ့စွာခံကြသည်။

အင်္ဂလိပ်အစိုးရလက်အောက်ခေတ်မှ မြန်မာစစ်အာဏာရှင်ခေတ် အထိ ထောင်သက် စုစုပေါင်း ၁၄ နှစ် ခံခဲ့ရသည့် သခင်ဖေဒွေးသည် ထောင်တွင်းတွင် ခေါင်းငုံ့နေလေ့မရှိဘဲ ရသင့်ရထိုက်သော အခွင့်အရေးကို အစာငတ်ခံ တိုက်ပွဲဆင်ကာ အနိုင်ရယူလေ့ရှိသည်။ အချို့တိုက်ပွဲတို့တွင် အသက်သေအံ့မူးမူး အခြေအနေရောက်မှ အာဏာပိုင်များက လျှော့ပေးခဲ့သည်။ ထောင်သက် ၁၄ နှစ်ကျခံရစဉ်တွင် အစာငတ်ခံသော တိုက်ပွဲဝင်ရက် ၁၅၁ ရက်ရှိခဲ့သည်။

နောက်ဆုံးတိုက်ပွဲအဖြစ် ထောင်မှလွှတ်မပေးရင် သေသည်အထိ အစာငတ်ခံမည်ဟု ကြေညာကာ ၁၉၆၁ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့က စတင်၍ အစာမစားဘဲ ဆန္ဒပြခဲ့သည်။ ၂၆ ရက်အကြာတွင် သေအံ့မူးမူးဖြစ်မှ စစ်တပ်က လွှတ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်အားကြီးမားသော လက်နက်ကိုင် စစ်တပ်ကြီးကို ပိုင်ဆိုင်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ကွန်မြူနစ်မုန်းသမျှ အပြတ်ရှင်းလိုသော ဗိုလ်မှူးချုပ်မောင်မောင်တို့နှင့် သူတို့၏တပ်မတော်ကြီးကို ငုတ်တုပ်ထိုင်၍ မရ၊ မတ်တတ်လည်း မရပ်နိုင်သော ဒုက္ခိတတဦးက သတ္တိ၊ စိတ်ဓာတ်နှင့် အစာငတ်ခံ တိုက်ပွဲနှင့် အနိုင်တိုက်ယူသည်မှာ မော်ကွန်းထိုးရမည့် အောင်ပွဲပါပေ။

ရာသီဥတုဆိုးဝါး ကြမ်းတမ်းသော တကျွန်းဒေသများတွင် အကျဉ်းထောင်ဆောက်လုပ်၍ ညှဉ်းဆဲရန် စီမံကိန်းကို ရေးဆွဲပြီး ကိုယ်တိုင် ကွပ်ကဲသူမှာ ဗိုလ်မှူးကြီးမောင်မောင် ဖြစ်သည်။ သူသည် ကွန်မြူနစ်တို့ကို လွန်ကျူးစွာ မုန်းတီးသူဖြစ်သည်။ သူစီစဉ်သည့် ကွန်မြူနစ်တို့အား ညှဉ်းဆဲရေးစီမံကိန်းကို ဗိုလ်ချုပ်ကြီးနေဝင်းက များစွာနှစ်သက်သဖြင့် ဗိုလ်မှူးကြီးရာထူးမှ ဗိုလ်မှူးချုပ်အဖြစ် တဆင့်တက်ပေးခဲ့သည်။

ဗိုလ်မှူးချုပ်မောင်မောင်သည် ပြည်ထဲရေးဝန်ကြီးမဟုတ်၊ အထူးအရာရှိသာဖြစ်သော်လည်း ဝန်ကြီးထက် အာဏာပြင်းသည်၊ လက်စောင်းထက်သည်၊ အိမ်စောင့်အစိုးရခေတ်တွင် အာဏာအပြင်းဆုံးနှင့် ပိုင်ဆိုင်သည့် အာဏာကို ရက်ရောစွာ အသုံးပြုဆုံးသော စစ်ဗိုလ် ဖြစ်သည်။ ပုံနှိပ်တိုက်များ အုပ်ချုပ်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည် ထဲရေးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းယူသည်၊ ပုံနှိပ်ထုတ်ဝေသူများ ထုတ်ဝေခွင့်လိုင်စင် တကြိမ်ရရှိလျှင် အဆက်မပြတ် ထုတ်ဝေခွင့်ရှိခဲ့ကြသည်ကို ပုံနှိပ်ထုတ်ဝေခွင့်အတွက် တနှစ်တကြိမ် နှစ်စဉ်လျှောက်ရမည်ဟု ဥပဒေကို ပြင်သည်။ အယ်ဒီတာများ ထုတ်ဝေသူများအဖို့ နောက်တနှစ်တာကာလတွင် ထုတ်ဝေခွင့် ရမှရပါမည်လောဟု အမြဲကြောက်ရွံ့နေစေရန် သူ့က ဖန်တီးသည်။ ပုံနှိပ်မှုဥပဒေပြစ်မှုကျူးလွန်သူများအား ဒဏ်ရိုက်သည့် နှုန်းထားကိုလည်း အဆများစွာ တိုးမြှင့်ခဲ့သည်။ လွတ်လပ်စွာ ရေးသားခွင့်ကို သူက ကြီးမားပြင်းထန်စွာ ဆန့်ကျင်၍ ဖိနှိပ်ခဲ့သည်။

ထိုစဉ်က စောင်ရေအများဆုံးဖြစ်သော ကြေးမုံသတင်းစာနှင့် ရန်ကုန်သတင်းစာအပြင် နိုင်ငံရေးဩဇာရှိသည့် ဗိုလ်တထောင်သတင်းစာတို့က စစ်အစိုးရကို တာဝန်ကျေအောင် ထောက်ခံခြင်းမပြုဘဲ ဝေဖန်



ရေးသားကြသောကြောင့် ထိုသတင်းစာသုံးစောင်ကိုပိတ်စေ၍ အယ်ဒီတာများကို ထောင်ချခဲ့သည်။

အိမ်စောင့်အစိုးရသည် ၁၉၄၇ ခု ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အာဏာရယူထားသည်နှင့်အညီ အရပ်သားအစိုးရဌာနများသို့ ဝင်ရောက်ရာထူးယူသော စစ်ဗိုလ် ၁၀၀ တို့သည် သူတို့ပြုသမျှကို ဥပဒေကြီးနှင့် အညီညီကာ လုပ်ဆောင်လေ့ရှိသည်။

ဗိုလ်မှူးချုပ်မောင်မောင်သည် အခြေခံဥပဒေကြီးကို ရိုကျိုးကိုးကွယ်မှု အပြုဆုံးအရာရှိ ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပုံနှိပ်လေသမျှ သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်းများ၊ ဘာသာရေးကျမ်းများ အားလုံးတို့သည် မျက်နှာဖုံးတွင် "ယခုထုတ်ဝေသူသည် ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို သစ္စာခံယူပါသည်၊ စောင့်ထိန်းပါမည်"ဟု ကတိသစ္စာပြုကြောင်းကို ပုံနှိပ်ဖော်ပြရသည်။ ဥပဒေကို သစ္စာခံကြောင်း ဖော်ပြခြင်း မပြုမိသော စာအုပ်များကို ဘုရားဟော ကျမ်းစာဖြစ်စေကာမူ သိမ်းဆည်းပိတ်ပင် အရေးယူခဲ့သည်။

အိမ်စောင့်အစိုးရ၏ ရွေးကောက်ပွဲ ကတိရှိစေကာမူ စစ်အစိုးရအသွင်နှင့် ရာသက်ပန် အာဏာယူထားနိုင်ရန်အတွက် ဗိုလ်မှူးချုပ်မောင်မောင်က အားထုတ်ကြိုးစားသေးသည်။ အစိုးရအဖို့ ကျောထောက်နောက်ခံလူထုလူတန်းစား အဖွဲ့အစည်းရှိရသည်ဟု လမ်းစဉ်ချကာ "ကြံ့ခိုင်ရေးအဖွဲ့"အမည်နှင့် အဖွဲ့ကြီးတရပ် ဖွဲ့စည်းသည်။ အစိုးရ၏ အမိန့်အရ အစိုးရဝန်ထမ်းများက ကြံ့ခိုင်ရေးအဖွဲ့သို့ ဝင်ကြရသဖြင့် အဖွဲ့ဝင်အင်အားကြီးမားလာသည်။ သို့သော်လည်း လူထုက လက်မခံသောကြောင့် အိမ်စောင့် အစိုးရ ဖယ်ရှားပေးရချိန်တွင် အဖွဲ့ဝင်တဦးမှ ရှာမရတော့ပဲ အဖွဲ့ပျက်သွား ခဲ့၏။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ သက်တမ်းနှစ်လမျှကြာကြာစေခဲ့သော်လည်း ငြိမ်ဝပ်ပိပြားမှု စစ်ဆင်ရေးကို ဆက်တိုက်ဆောင်ရွက်နေသောကြောင့် ၁၉၅၉ ခု၊ ဧပြီလတွင် ရွေးကောက်ပွဲကျင်းပရန် အခြေအနေ မရှိသည်ကို တွေ့ကြရသောအခါ ပမညတနှင့် သန့်ရှင်းဖဆပလ

www.burmeseclassic.com

www.burmeseclassic.com



တို့က ဝေဖန်မှု ပြုလုပ်ကြသည်။

တည်မြဲဖဆပလတို့ကမူ ဗိုလ်ချုပ်အစိုးရက ဆက်လက်အုပ်ချုပ်၍ ကွန်မြူနစ်သူပုန်များကို အပြတ်ရှင်းပေးစေလိုကြသည်။ ဗိုလ်ချုပ်အစိုးရ နောက်ထပ် ၆ လဆက်လက် အုပ်ချုပ်ရန်လိုအပ်၍ ပါလီမန်သို့တောင်း ဆိုလျှင် မိမိတို့က လုံးဝကန့်ကွက်မည် မဟုတ်ကြောင်း တည်မြဲဥက္ကဋ္ဌ ဦးဗဆွေက ၁၉၅၉ ခု၊ ဇန်နဝါရီလတွင် ကြေညာသည်။

ပမညတတို့က ဦးဗဆွေ၏ထုတ်ဖော်ချက်အရ ဗိုလ်ချုပ်အစိုးရက ရွေးကောက်ပွဲကျင်းပရန် ရက်ချိန်းရွှေ့ဆိုင်းမည်ဟု သံသယရှိကြောင်း ထုတ်ဖော်၍ ကတိအတိုင်း ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုသည်။

၁၉၅၈ ခု၊ ဒီဇင်ဘာလ သန့်ရှင်းညီလာခံတွင် ဥက္ကဋ္ဌသခင်တင်က မိန့်ခွန်းပေးရာတွင် ပြည်သူတို့မှာ "ဖက်ဆစ်ဝါဒကို ယခု မျက်မှောက် ရင်ဆိုင်နေရပါကြောင်း၊ လူထုအား ဒီမိုကရေစီ အခွင့်အရေးမပေးဘဲ သေနတ်နှင့်ပစ် ခြိမ်းခြောက်၊ အာဏာနှင့်ညှဉ်းဆဲပြီး နိုင်ငံရေးအာဏာ လုသည့် လမ်းစဉ်ပေါ်နေကြောင်း ထိုလမ်းစဉ်ကို အပြင်းအထန် ချေမှုန်းပြီး ဒီမိုကရေစီ ကျောက်တိုင်ထူရန် လိုအပ်ကြောင်း" စစ်တပ်အစိုးရကို ဦးတည် ဝေဖန် ပြစ်တင်သည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း မန္တလေးမြို့ ဟောပြောပွဲ၌ "ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခုအခါ လမ်းသုံးခွရောက်နေကြောင်း၊ ဒီမိုကရေစီလမ်း၊ ကွန်မြူနစ်လမ်းနှင့် ဖက်ဆစ်လမ်းဖြစ်ကြောင်း၊ နိုင်ငံကို ကွန်မြူနစ်နှင့် ဖက်ဆစ်မဖြစ်ရန် ရွေးကောက်ပွဲကို ကျင်းပရန်လိုအပ်ကြောင်း" ဟောပြောသည်။

အိမ်စောင့်အစိုးရခေတ်တွင် ဒုတိယ ခြေအသွက်ဆုံး စစ်ဗိုလ်မှာ အမျိုးသားစီမံကိန်းဝန်ကြီးဌာနတွင် အထူးအရာရှိအဖြစ် ရာထူးပြပြီး ဘဏ္ဍာ တော်မွဲတေ သုံးစွဲမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ ဗိုလ်မှူးကြီး အောင်ကြီးဖြစ်သည်။ သူက စစ်တပ်၏လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ကို စစ်တပ်အာဏာရခိုက်တွင် စွမ်းအားရှိသမျှ တိုးချဲ့ခဲ့လေသည်။

မြန်မာနိုင်ငံတပ်မတော် သက်သာချောင်ချိရေးအဖွဲ့ကို ပြည်တွင်း



စစ်ဦးကာလကပင် ဖွဲ့စည်းခဲ့သည်။ အင်းစိန်ကို ကရင်သူပုန်များ တိုက်ခိုက် စဉ်က ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ ဦးစီး၍ တပ်ဦးရှိ တပ်သားများထံ ထမင်းထုပ်၊ မုန့်သရေစာ၊ ငှက်ပျောသီးစသည့် လက်ဆောင်များ ပေးခဲ့သည်။ ထို့ပြင် စစ်တပ်ပိုင်သော ဆိုင်များတွင် အရာရှိများအတွက် ဖိနပ်၊ ဆေးဘူး၊ သွားတိုက်ဆေး စသည့် နိုင်ငံခြားလုပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ရောင်းချခဲ့သည်။ ထိုဆိုင်များကို တိုးချဲ့၍ စစ်သားများ စားသုံးသည့် ငါးပိ၊ ငံပြာရည် စသည်တို့ကို လျှော့ဈေးနှင့် ရောင်းချခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနက တပ်မတော်ထောက်ပံ့ရေးအဖွဲ့ အမည်နှင့် ဖွဲ့စည်းကာ အစိုးရကချေးသော ငွေကျပ် ၆၀၀၀၀၀ ကို အရင်းပြု၍ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သည်။ ပြည်တွင်း ပြည်ပ ကုန်စည်များကို ဝယ်ယူပြီး တပ်မတော်သားတို့အား ဖြန့်ချိခဲ့သည်။ ထိုမှတဆင့် တိုးချဲ့ကာ စာအုပ်တိုက်တခု (ပညာလက်ရုံးစာပေတိုက်)ကို တည်ထောင်ခဲ့သည်၊ ထိုနောက် စစ်ဖိနပ်ချုပ်လုပ်ငန်း၊ မြဝတီမဂ္ဂဇင်း ထုတ်ဝေမှု လုပ်ငန်း စသည်တို့ကို တိုးချဲ့ခဲ့သည်။

၁၉၅၈ ခုနှစ်၌ အိမ်စောင့်အစိုးရတက်လာချိန်တွင် တပ်မတော် ထောက်ပံ့ရေးအဖွဲ့က ဟီးနိုးဘတ်စ်ကား အသစ်စက်စက် ၂၄ စီးကို ဝယ် ယူ၍ ရန်ကုန်မြို့တွင်း၌ ခရီးသည် ပြေးဆွဲခဲ့သည်။ ခရီးတိုများ ပြေးဆွဲရန် သုံးဘီးကားများကို တင်သွင်းပြီး စစ်ဗိုလ်များနှင့် စစ်ဗိုလ်လူထွက်များကို လျှော့ဈေးနှင့် ဖြန့်ချိခဲ့သည်။ ထိုလုပ်ငန်းတို့အတွက် အစိုးရက သွင်းကုန် လိုင်စင်များ ထုတ်ပေးရစေကာမူ အကောက်တော်ခွန် စသော အခွန်အတုတ် များ မပေးရသဖြင့် အဖွဲ့တွင် အမြတ်ကြီးစွာ ရရှိကာငွေပင် ငွေရင်းများစွာ တိုးပွားလာခဲ့သည်။ ဘတ်စ်ကားကြီးများကို မှောင်ခိုရောင်းစားသည်။

အစိုးရဌာနများအတွက် နိုင်ငံခြားမှ တင်သွင်းသော ကုန်စည်များ ကိုလည်း တပ်မတော်ထောက်ပံ့ရေးအဖွဲ့မှသာတဆင့် တင်သွင်းရမည်ဟု ...ပိန့်ထုတ်ကာ ကန်ထရိုက်လုပ်ငန်းများကို သိမ်းယူသည်၊ ဥပမာ မီးရထား ဌာနနှင့် လျှပ်စစ်ဓာတ်အားပေးဌာနအတွက် မီးသွေးတန်ချိန် သုံးသန်းနီးပါး ကို အိန္ဒိယမှဝယ်ယူတင်သွင်းရာ ဟဲလဂါးစ်အမည်ရှိ ဂျူးကုမ္ပဏီတခုက

www.burmeseclassic.com

www.burmeseclassic.com



ကန့်ထရိုက်ရထားသည်ကို အဖွဲ့သို့လွှဲပြောင်းပေးစေသည်။ တပ်မတော်ထောက်ပံ့ရေးအဖွဲ့က တိုက်ရိုက်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်သူ မရှိသဖြင့် မူလကုမ္ပဏီကိုပင် တဆင့်ခံအဖြစ် ဆက်လက်တင်သွင်းစေခဲ့သည်။ "မူလကုမ္ပဏီကို ပေးရတဲ့ အမြတ်အပြင်၊ တပ်ထောက်ပံ့ရေးအဖွဲ့အတွက်ပါ အမြတ် နှစ်ထပ်ကွမ်းပေါင်းစပ်ပေးရတော့ အစိုးရဌာနတွေအဖို့ မီးသွေးစရိတ် ပိုပေးပြီး ဝယ်ကြရတယ်"ဟု မီးရထားဌာနမှ အရာရှိကြီးတဦးက ထုတ်ဖော်ပြောရှာသည်။

ယင်းလုပ်ငန်းများမှ အမြတ်ကြီးစွာ ရလာသောအခါ ဘဏ်လုပ်ငန်း၊ ပင်လယ်ကူးသင်္ဘောလုပ်ငန်းများအထိ တိုးချဲ့ခဲ့သည်။ အဖွဲ့ကိုလည်း မြန်မာပြည် စီးပွားရေး ကော်ပိုရေးရှင်းဟု ဖွဲ့စည်း၍ စီးပွားရေးလုပ်ငန်း ၄၀ ကို လက်ဝါးကြီးအုပ် လုပ်ကိုင်လေတော့သည်။

ဘီပီအိုင် ဆေးထုတ်လုပ်ရေးလုပ်ငန်း၊ မန္တလေး ဗျစ်စက်ရုံ၊ အင်းယားလိတ်ဟိုတယ်၊ ပြည်တွင်းဖြစ် အရက်ဖြန့်ချိရေး၊ ဆောက်လုပ်ရေးလုပ်ငန်း စသည်ဖြင့် အလွယ်မြတ်သော လုပ်ငန်းမှန်သမျှကို လွှဲပြောင်းသိမ်းယူ၍ လုပ်ကိုင်သည်။ အပေါင်ဆိုင်လုပ်ငန်းကိုလည်း အဖွဲ့က တာဝန်ယူလုပ်ဆောင်ရာတွင် အပေါင်ဆိုင်များကို မူလတရုတ်များက အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ဆက်လက် လုပ်ကိုင်ပြီး လုပ်ငန်းအမြတ်ခွဲဝေယူသည်သာဖြစ်၏။ လူထုအဖို့ အမြတ်နှစ်ဆ ပေးကြရပေသည်။

တဖက်မှလည်း အစိုးရက နိုင်ငံခြားမှ ကုန်ဝယ်ခွင့် သွင်းကုန်လိုင်စင်ကျပ်သုံးသန်းဖိုး (၃၀၀၀၀၀၀) နှစ်စဉ်ထုတ်ပေးရသေးသည်။ ထိုအချိန်က နိုင်ငံခြား သွင်းကုန်လိုင်စင်တန်ဖိုးမှာ ၁၀၀%/တန်လျှင် ၃၀၀%/ မြတ်သည်။ ရာခိုင်နှုန်းအားဖြင့် သုံးဆယ်ရာခိုင်နှုန်းအထိ အမြတ်ရှိပြီး အဖွဲ့အဖို့ အခွန်တော်မှန်သမျှ ကင်းလွတ်ခွင့်ကလည်း ရရှိသေးသောကြောင့် စစ်ဗိုလ်ကြီးများအဖို့ ငွေများကို သဲ့ယူနေခဲ့ကြသည်။ ယင်းကဲ့သို့ လုပ်ငန်းကြီးများစတင်ခြင်းမပြုမီ စစ်စုံထောက်များက စုံစမ်းပြီး အမြတ်ကြီးစားသည်ဟု တွေ့ရှိသည်ဆိုသော ကုန်သည်ကြီးများကိုလည်း ဖမ်းဆီးကာ ကုန်စည်များကို သိမ်းယူသေးသည်။



အိမ်စောင့်အစိုးရခေတ်တွင် လူထု၏ပြုံပြင်မှုကို ခံရဆုံး စစ်ဗိုလ်မှာ ဗိုလ်မှူးကြီးထွန်းစိန်ဖြစ်သည်။ သူသည် ရန်ကုန်မြို့ပေါ်ရှိ ကျူးကျော်တဲအိမ်များကို အပြုတ်ရှင်းအောင် ဖျက်ပစ်ရမည်ဟု ဗိုလ်ချုပ်ကြီးနေဝင်း၏ အမိန့်အတိုင်း တဲများကို ဆွဲဖျက်ပေးခဲ့သူဖြစ်သဖြင့် လူထုက မုန်းတီးခြင်းခံရသည်။

ရန်ကုန်မြို့တော်မှ တဲအိမ်ပေါင်း ၁၆၇၀၀၀ ကိုဖျက်ကာ ရေမရှိ၊ လမ်းမရှိ၊ မီးမရှိသော ဒေသတို့တွင် မြို့သစ်တည်စေသည်။ လွန်တီးခေါင်ရှိနေခဲ့သည့် သာကေတ၊ ဥက္ကလာပ တောင်နှင့်မြောက်တို့မှာ သူတည်ဆောက်သည့်မြို့များ ဖြစ်လာသည်။

မြို့တော်မှ နှင်ထုတ်လိုက်သဖြင့် ဟင်လင်းပြင်ဖြစ်သွားသော မြေကွက်များကို ဗိုလ်မှူးကြီးထွန်းစိန်ကပင် စစ်ဗိုလ်များအား စနစ်တကျ နေရာချထားပေးရလေသဖြင့် လူထုကထပ်ဆင့် ပြုံပြင်သည်ကို ခံရပြန်သည်။

စစ်ဗိုလ်တို့သည် တရားဝင် ပိုင်ဆိုင်ခွင့်မြေကွက်ဂရန်ရသည်နှင့် တစ်ပြိုင်နက် ဗိုလ်မှူးကြီးအောင်ကြီးတို့ ဖွင့်ထားသည့် အင်းဝဘဏ်သို့ မြေကွက်ကို အပေါင်ပစ္စည်းအဖြစ် အပ်နှံကာ ငွေချေးနိုင်ကြသည်။ ဘဏ်က ရသောချေးငွေနှင့် အိမ်ဆောက်၍ တိုက်အိမ်ပိုင်ဆိုင်သူများ ဖြစ်လာကြသည်။ စစ်ဗိုလ်ကြီးများသည် မိဘဆွေမျိုးသားမယားအမည်နှင့် မြေကွက်များလျှောက်ထားရယူကာ ဘဏ်မှငွေချေး၍ အိမ်များဆောက်လုပ်ကြသည်။ မြေကွက်ကောင်းရသူက အိမ်ကောင်းဆောက်ကာ နိုင်ငံခြားသားများကို ငှားကြသည်။

မြေလွတ်မြေကွက်ရှာ၍ လျှောက်လွှာတင်ပြီး လျှောက်လွှာကျသည်နှင့် ငွေမလိုပဲ အင်းဝဘဏ်ချေးငွေနှင့် အိမ်ပိုင်ဖြစ်နိုင်လေရာ စစ်ဗိုလ်ကြီးငယ်တို့သည် စုပြီးဆောင်းပြီး ငွေမရှိတဲ့နှင့် အိုးအိမ် လေးငါးလုံး ပိုင်ဆိုင်သူများ ဖြစ်လာကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ ဇနီးဒေါ်ခင်မေသန်းကိုယ်တိုင် ဝေစုဝင်ယူသည်။ သားသမီးရှိသမျှအတွက် သားသမီးများအမည်နှင့် တဦးလျှင် မြေတကွက်စီ လျှောက်ထားခဲ့သည်။ ထိုမြေကွက်များကို အင်းဝဘဏ်သို့

www.burmeseclassic.com



ပေါင်ကာ အိတ်ထဲမှ ငွေတပြားမှ မသုံးဘဲ အိမ်ဆောက်သည်။ နိုင်ငံခြားသံရုံးများသို့ ငှားထားကာ ကလေးများအဖို့ အရင်းမရှိသော ဝင်ငွေကို ငယ်စဉ်ကပင် ခံစားစေခဲ့သည်။

ဗိုလ်ချုပ်ကြီးစန်းယု ဦးစီး၍ စစ်ဗိုလ်ကြီးများ နေထိုင်ရန်လျာထားသော ချင်းချောင်းခြံကွက်သစ်ကို ဖျက်စဉ်က ကြေးမုံသတင်းထောက်ကိုရွှေမောင်က သတင်းဓာတ်ပုံတစုံကို ရိုက်ကူးနိုင်ခဲ့သည်။ တဲကလေးတခုတွင် ဆင်းရဲသားမိသားစုလေးဦး ထမင်းစားနေကြပုံ၊ စစ်တပ်မှ စစ်ကားကြီးများ ရောက်လာပုံ၊ စစ်သားများက မြေညှိစက်ကြီးများနှင့်ထိုး၍ တဲကိုဖျက်ကြသဖြင့် ထမင်းပွဲ ပျက်သွားပုံ၊ ထမင်းအိုး ဟင်းအိုးများ မြေကြီးထဲပါသွားပုံတို့ကို အဆင့်ဆင့် ပေါ်လွင်အောင် ရိုက်ကူးဖော်ပြနိုင်ခဲ့သည်။

ထိုသတင်းဓာတ်ပုံကို မြင်ရသော သန့်ရှင်းခေါင်းဆောင် ဦးနုက "ပြည်သူတို့မှာ ဘာမှ ပြန်မပြောဝံ့တဲ့ ဒူးနှင့် မျက်ရည် သုတ်နေရပါပြီ"ဟု ရာဇဝင်တင်ရမည့် ဟောပြောချက်ကို ပြောဆိုပြီး စစ်တပ်က ကတိအတိုင်း ရွေးကောက်ပွဲ ကျင်းပပေးပါတော့ဟု ကျယ်လောင်ပြင်းထန်စွာ တောင်းဆိုတော့သည်။

တိုတောင်းသည့် အချိန်ကာလအတွင်း၌ပင် ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရသည် ဖက်ဆစ်လမ်းစဉ်ကျင့်သုံးသည်ဟု လူထုက သိသောသဖြင့် စစ်တပ် လက်ဝါးကြီးအုပ် အာဏာရှင်စနစ်ကို နိုင်ငံရေးရပ်ကွက်က အတိအလင်း ဝေဖန်ကြကာ သူတို့လက်အောက်မှ လွတ်မြောက်ရန် အားထုတ်ကြလေတော့သည်။

■



(၁၀)

## ရွေးကောက်ပွဲ ကျင်းပပေးရန် ဆုံးဖြတ်ရခြင်း

ဗိုလ်နေဝင်းသည် အိမ်စောင့်အစိုးရအဖြစ်မှ ပြန်မဆင်းတော့ဘဲ ရာသက်ပန် စစ်အစိုးရ တည်ဆောက်ရန် ကြိုးစွာ အားထုတ်ခဲ့သည်။ ရွေးကောက်ပွဲကို တဖြည်းဖြည်း ရွှေ့ဆိုင်းကာ ကျင်းပခြင်း မပြုတော့ရန် အမျိုးမျိုးကြံစည်ခဲ့သည်။ ကြံ့ခိုင်ရေးအဖွဲ့ကို လူထုလူတန်းစားအဖွဲ့အဖြစ် အမာခံထား၍ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ရန် စီစဉ်သော်လည်း ကြံ့ခိုင်ရေးအဖွဲ့သည် သကြံန်အမြောက်သာ ဖြစ်နေသည်၊ စစ်ဗိုလ်ကြီးများက ဖွဲ့စည်းသဖြင့် အစိုးရအလိုကျ ပါဝင်ကြသောကြောင့် အဖွဲ့ဝင်ဦးရေ များပြားသော်လည်း ဟန်ပြအဖွဲ့ဝင်များသာ ဖြစ်နေသည်။

လူထုကလည်း အိမ်စောင့်စစ်အစိုးရကို မုန်းတီးလာလေပြီ၊ သန့်ရှင်းနှင့် ပမညတတို့ကလည်း စစ်အစိုးရ ဆန့်ကျင်ရေးကို အမျိုးမျိုး ဝေဖန်၍ ပွင့်ပွင့်လင်းလင်း ရဲရင့်စွာ ဟောပြောနေကြသည်။

တနေ့တွင် ပမညတအမတ်သခင်ချစ်မောင်က ရာဇဝင်တင်မည့် ပန့်ခွန်းကြီးတခုကို လွှတ်တော်၌ ပြောကြားသည်။ သူက ဝိဓုရဇာတ်ကို ဥပမာပြုသည်။ ကောရဗျမင်းနှင့် ပမာတူသော ဦးနုနှင့် ပုဏ္ဏက ဘီလူးနှင့်တူသော ဗိုလ်နေဝင်းတို့နှစ်ဦးကြွေအံ ကစားသောအခါ ဘုရင်ကရှုံးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိဝိဓုရအမတ်ကို ဘီလူးလက်သို့ အပ်ခဲ့သည်။ ဝိဓုရအမတ်ကို ပုဏ္ဏက ဘီလူးက မြင်းမိုးတွင် ချိတ်ဆွဲကာ တောင်စဉ်ခုနစ်ထပ်ကို စိုင်း၍ တောင်စွယ် တောင်ထွဋ်များနှင့်တိုက်ကာ နှိပ်စက်သည်။ မိမိတို့ ပမည္ဍတများနှင့် လူထုမှာ ဝိဓုရအမတ်ကဲ့သို့ သွေးအလူးလူးနှင့် ခံစားကြရကြောင်း၊ ဘီလူးက ရက်စက် ကြမ်းကြုတ်စွာ ညှဉ်းဆဲကြောင်းကို ဖတ်ကြီးဆေယတွဲမှ ဆရာတော် မင်းဘူး ဦးသြဘာသ၏ ဘာသာရေး ရသစာပေမှ အဖွဲ့အနွဲ့ကို ထပ်ကွန့်၍ ပြောင် မြောက်စွာ တင်စားပြောကြားလေသည်။

စကားပြောကောင်းလှသဖြင့် သခင်ချစ်မောင်အား "ဝိဓုရသခင် ချစ်မောင်"ဟု ဘွဲ့သစ်ရသွားသည်။

ထိုမိန့်ခွန်းကို ဗမာ့အသံမှ လွှင့်သဖြင့် ကြားရသူ တနိုင်ငံလုံးမှ လူထုကြီးက မိမိတို့ခံစားနေရသော ဖက်ဆစ်စစ်တပ် နှိပ်စက်မှုများအတွက် မျက်ရည်မဆည်နိုင်ပဲ နားထောင်ပြီး မိန့်ခွန်းကိုထောက်ခံကြသည်။ လွှတ်တော်အစည်းအဝေးတခုလုံးမှာလည်း ငြိမ်သက်သွားခဲ့တော့သည်။ မူလက ရွှေကောက်ပွဲ ကျင်းပခြင်းမပြုပဲ ရာသက်ပန် စစ်အစိုးရတည်ဆောက်ရန် လုပ်ဆောင်နေသည့် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းသည်ပင် သခင်ချစ်မောင်၏ မိန့်ခွန်းကိုနားထောင်ရင်း သတိတရားရကာ ရွှေကောက်ပွဲ ကျင်းပပေးရန် ဆုံးဖြတ်လိုက်သည်ဟု အတွင်းသတင်းများ ထွက်လာသည်။ သို့သော် မြန်မာလူထုအား အတိအလင်း အသိမပေးဘဲ နှုတ်ပိတ်ထားခဲ့သည်။

၁၉၅၉ ခု၊ ဖွန်လ ၇ ရက်နေ့တွင် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်နေဝင်း အိန္ဒိယသို့ ခရီးထွက်ရာ ကုလားသတင်းစာဆရာများက ရွှေ ကောက်ပွဲကို ကျင်းပပေးပါမည်လောဟု ဖိ၍မေးကြသဖြင့် ဗိုလ်နေဝင်းက "ရွှေကောက်ပွဲ ကျင်းပပေးမည်မှာ အမှန်ဖြစ်ပါသည်။ ဧပြီလထဲ၌ ကျင်းပ ပါမည်"ဟု ဖြေခဲ့သည်။

ထိုဖြေကြားချက်ကို အကြောင်းပြုကာ မြန်မာလွှတ်တော် အစည်း အဝေးတွင် အမတ်များက မေးခွန်းထုတ်ကြသဖြင့် နိုင်ငံခြားဌာနနှင့် တရား ဌာနဝန်ကြီးဦးချန်ထွန်းအောင်က "အထွေထွေ ရွှေကောက်ပွဲကြီးကို ၁၉၆၀ ပြည့်၊ ဇန်နဝါရီလ နောက်ဆုံးပတ်သို့မဟုတ် ဖေဖော်ဝါရီလ ပထမအပတ် တွင် ကျင်းပပေးပါမည်"ဟု တရားဝင်ထုတ်ဖော်သည်။ ကျင်းပမည့် ရွှေ ကောက်ပွဲကြီးအတွက် မဲဆန္ဒပေးခြင်းကို တနေ့တည်းနှင့် ပြီးပြတ်အောင် ကျင်းပမည်ဟုလည်း ရှင်းပြ၏။

ရွှေကောက်ပွဲ ကျင်းပရန် နိုင်မာသော ကတိကို ရရှိသောအခါ အမတ်မင်းများက တရားမျှတသော ရွှေကောက်ပွဲ ဖြစ်မြောက်ရန် လိုအပ် ကြောင်း၊ ဗိုလ်နေဝင်း၏ အိမ်စောင့်အစိုးရက ဘက်မလိုက်ဘဲ သမာသမတ် မျှတသော ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အကျယ် တဝင့် ဆွေးနွေးကြပြီး အကြံပေးကြလေသည်။

နောက်ဆုံးတွင် ပြည်သူ့လွှတ်တော်အမတ် အထွေထွေ ရွှေ ကောက်ပွဲ ကြီးကို ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက် စနေနေ့တွင် တနိုင်ငံလုံး တချိန်တည်း ကျင်းပပါမည်ဟု ကြေညာပြင်ဆင်ရတော့သည်။

ရွှေကောက်ပွဲ ကျင်းပပေးရန် ဆုံးဖြတ်ရသည့် အကြောင်းတခု ရှိသေးသည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုက အနုနည်းရော အကြမ်းနည်းပါ အသုံးပြု၍ ဗိုလ်နေဝင်း၏ အိမ်စောင့်အစိုးရကို အပြီးအပြတ် တိုက်ရန် စီစဉ်သည့် သတင်းကိုဗိုလ်နေဝင်း သိရှိသောကြောင့် နောက်ဆုတ်ပေးခြင်း လည်း ဖြစ်သည်။

အကယ်၍ ဦးနုက စစ်တပ်အစိုးရကို အပြတ်တိုက်ပါလျှင် ထိုစဉ်က လူထု၏စိတ်ဓာတ်မှာ အုံကြွနေပြီဖြစ်သဖြင့် စစ်တပ်ရှုံးမှာ သေချာသည်ကို ဗိုလ်နေဝင်းက ကောင်းစွာသိရှိသည်။ မိမိ၏နောက်တွင်ရှိသော စစ်တပ်ကြီး၏ အရည်အသွေးနှင့် သတ္တိကိုလည်း ဗိုလ်နေဝင်း ကောင်းစွာ သိရှိသည်။ ပြည်တွင်းစစ်တလျှောက်လုံး စစ်တပ်မှ စစ်ဗိုလ်အများစုသည် ရန်သူမလာမီ က တပ်ဆုတ်၍ ပြေးလေ့ရှိကြသည်။

ဦးနုကလည်း တပ်မတော်ဟု သိဒ္ဓိတင်ထားသော စစ်တပ် အကြောင်းကို ကောင်းစွာ သိရှိသည်။ ပြည်တွင်းစစ်ခေတ်က ဦးနုသည် ...ပ်ဦးသို့ ကိုယ်တိုင်သွားခဲ့သဖြင့် စစ်ဗိုလ်များ၏ သတ္တိကြောင်ပုံများကို ကိုယ် တွေ့မျက်မြင် မြင်တွေ့ခဲ့ရသည်။ နယ်မြို့များတွင်ရှိသော စစ်တပ်တို့ လည်း ကရင်သူပုန်၊ ကွန်မြူနစ်သူပုန်နှင့် ရဲဘော်ဖြူသူပုန်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင် သူပုန်သုံးမျိုးတို့မှ တမျိုးမျိုးရောက်လာသည်ဟု သတင်းရသည်နှင့် မိမိတို့ တပ်စွဲထားသည့်မြို့မှ လျင်မြန်စွာ ထွက်ပြေးလေ့ရှိကြသည်။

စစ်ဗိုလ်တို့သည် နယ်မြို့များမှ ထွက်ပြေးရသည့်အခါများတွင် သူပုန်တို့ ဖောက်ဖျက်ယူမည်ကို တားဆီးရမည်ဟု အကြောင်းပြကာ ငွေတိုက်များကိုဖွင့်၍ ငွေများကိုယူဆောင်ကာ ပြေးလေ့ရှိသည်။ စစ်ဗိုလ်များ ဖွင့်ယူသွားသည့် ငွေများသည်လည်း ပျောက်ပျက်သွားကြသည်။ သူပုန် ဖောက်သည်ဟုပင် ပြောကြသေးသည်။ မြို့ကြီးတမြို့မှ ဆုတ်ခွာလာသော စစ်ဗိုလ်ကြီးက ရန်ကုန်တွင် ရာတန် အထပ်လိုက်ကိုင်ပြီး မဂ္ဂဇင်းတိုက် တည်ထောင်သဖြင့် စာရေးဆရာများပင် ရာတန်များ ဝေစုရသူတို့ ရှိကြသေးသည်။

ဗမာ့တပ်မတော်သည် ဘီအိုင်အေခေတ်က အကျင့်များကို ကျင့်သုံးကြဆဲပင် ရှိနေသည်။ စိတ်ဓာတ် ဖောက်ပြန်နေကြသည်။

ထိုအထဲတွင် စစ်ဗိုလ်များသည် နိုင်ငံခြားသို့ သွားရောက်ကာ စစ်သင်တန်းတက်ခွင့်ကိုသာ ရှေးရှုနေကြသည်။

ဦးနုကလည်း ကောင်းစွာသိသည်။ မန်းကို ကရင်များ သိမ်းစဉ်က ဝန်ကြီးချုပ်ကိုယ်တိုင် စစ်ကိုင်းမြို့၌ ရုံးထိုင်၍ သူပုန်များကို ပြန်တိုက်ရန် ကွပ်ကဲခဲ့သည်။ မုံရွာဘက်တွင် စစ်တပ်က ပြေးသဖြင့် ရဲတပ်နှင့်အရပ်သား အရာရှိများ စုရုံးကာ ခုခံခဲ့ရသည်။ စစ်တပ်မှစစ်ဗိုလ်အများစုမှာ တိုက်ရဲသူများ မဟုတ်ကြပဲ အပြေးသန်သူများသာ ဖြစ်ခဲ့သည်ကို ဦးနုသိသည်။ ကိုယ်တိုင် မြင်တွေ့ခဲ့ရသည့် လူထုက ပိုသိကြသည်။ လက်နက် မရှိသူကိုသာ ညှဉ်းဆဲ သတ်ဖြတ်ရဲသည့် စစ်တပ်၏သတ္တိကို သိကြသဖြင့် လူထုကစစ်တပ်ကို ရွံ့ရှာနေကြသည်။ ထိုစဉ်က လူထုက ၎င်းတို့အား မကြောက်။

သို့သော် ဦးနုက အိမ်စောင့်အစိုးရကို ပထမနည်းအဖြစ် အနုနည်း နှင့်တိုက်ရန် လမ်းစဉ်ချခဲ့သည်။ လက်ရွေးစင် သန့်ရှင်းခေါင်းဆောင်များနှင့် ညှိကာ ငြိမ်းချမ်းစွာ အာဏာဖီဆန်သောနည်းနှင့် တိုက်ပွဲဆင်ရန် စီစဉ် ကြသည်။ အာဏာဖီဆန်ရေးတိုက်ပွဲတွင် (၁) အကြမ်းမဖက်ဖြစ်စေရန် (၂) စည်းကမ်းသေဝပ်ရန်နှင့် (၃) တဗိုလ်ကျလျှင် တဗိုလ်တက်ရန် ဗိုလ်



လောင်းများ စုဆောင်းပြီးသင်တန်းများဖွင့်၍ ဒီမိုကရေစီတိုက်ပွဲ နိုင်ငံရေး လမ်းစဉ်ကို လှုံ့ဆော်လေ့ကျင့်ပေးခဲ့သည်။

ထိုအခါ အိမ်စောင့်အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပါရစေဟု အဖွဲ့ဝင်အချို့တို့က ဦးနုအား တင်ပြကြသည်။ "ဗြိတိသျှအစိုးရကို အာဏာ ဖီဆန်ရတာ လွယ်သည်။ ဗြိတိသျှအစိုးရက လူထုဆန္ဒကို လေးစားသည်။ ဥပဒေကို စောင့်သိရိုသေသည်။ အာဏာဖီဆန်သော လူထုကို ကြီးစွာ အန္တရာယ်ပြုမည် မဟုတ်။ ဗမာစစ်တပ်သည် ဥပဒေကို ရိုသေသူများ မဟုတ်၊ လက်နက်မပါသော လူထုကို သတ်ဖြတ်မည်မှာ သေချာသည်။ သူတို့ကို လက်နက်နှင့် ပြန်တိုက်မှ ကြောက်မည်ဖြစ်သည်၊ လက်နက်နှင့်သာ ပြန်တိုက်ပါက သူတို့ ပြေးကြမည်မှာ သေချာပါသည်"ဟု တင်ပြကြသည်။

ဦးနုက လက်ခံပြီး အနုနည်းတိုက်ပွဲအပြင် လက်နက်ကိုင် တော်လှန်ရေးကိုပါ ပြင်ဆင်သည်။ အင်အားစုခဲ့သည်။ ဤသို့ ဝန်ကြီးချုပ်ဟောင်း ဦးနုက စီစဉ်နေသည်ကို ဗိုလ်နေဝင်းသိသောအခါ လူထုက စစ်တပ်ကို မုန်းတီးမှု ပြင်းထန်နေချိန်ဖြစ်သဖြင့် စစ်တပ်ရှုံးလေမည်ကို သိသောကြောင့် လူထုလိုလားသော ရွေးကောက်ပွဲကို ကျင်းပပေးပါမည်ဟု ရက်ချိန်းပေးကာ ခြေလှမ်းတလှမ်း နောက်သို့ဆုတ်ပေးခဲ့သည်။

ဗိုလ်နေဝင်းက နောက်ဆုတ်ပေးခဲ့သည်မှာ မှန်၏။ အားမတန် မာန်မလျှော့ဘဲ စစ်တပ်က ရွေးကောက်ပွဲ ကျင်းပခြင်း မပြုပါက လူထု အင်အားနှင့် စစ်တပ် ပျက်ရပေမည်မှာ မုချဖြစ်သည်။ ထိုစဉ်က စစ်တပ်ပြုတ် လျှင် စစ်ဝါဒ နာလံထူနိုင်မည် မဟုတ်ပေ။ ယခုရွေးကောက်ပွဲ ကျင်းပပေးရန် ကြေညာ၍ ပြင်ဆင်ရစေကာမူ ဗိုလ်နေဝင်းက "နေသေးတပ်ါ ချုံထဲက၊ မျိုသွေးတမြမြ"ဟူသော စကားပုံကဲ့သို့ ချိသွေးနေခဲ့သည်။

စစ်တပ်သည် ရွေးကောက်ပွဲ ကျင်းပပေးရစေကာမူ စစ်တပ်က မကြိုက်သူများ လက်မခံနိုင်သူများကို လူထုက မဲဆန္ဒနှင့် ရွေးကောက် ???ြောက်လျှင် စစ်တပ်က တမျိုးတဖုံ တုံ့ပြန်မည်ဟု လှုံ့ဆော်အမိန့်ထုတ် ခဲ့သည်။

၁၉၅၉ ခု နိုဝင်ဘာလ ၁၀ ရက်နေ့စွဲနှင့် စာအမှတ် ၁၆၉ ချုပ်စောင်း

www.burmeseclassic.com

www.burmeseclassic.com



အစရ မျဉ်းစောင်း၊ စဆရ ကို တပ်မတော် ကြည်း၊ ရေ၊ လေ အရာရှိ အားလုံးတို့ထံ ပေးပို့ခဲ့သည်။ ဤအမိန့်ကို ရရှိကြောင်း အရာရှိ အားလုံးက စာပြန်ရမည်ဟု ညွှန်ကြားချက်နှင့် ဒုကာကွယ်ရေးဦးစီးချုပ် (ထိုစဉ်က ဗိုလ်မှူးကြီးအောင်ကြီး)ကိုယ်စား ဗိုလ်မှူးကြီးတဦးက လက်မှတ်ရေးထိုး၍ အောက်ပါအတိုင်း ထုတ်ပြန်ခဲ့လေသည်။

<u>လျှို့ဝှက်</u>

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ကာကွယ်ရေး ဝန်ကြီးဌာန၊**
**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)**
**အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍**
**သတိကြီးစွာဖြင့် လုပ်ဆောင်ရမည့်အချက်များနှင့်**
**ရှောင်ကြဉ်ရမည့်အချက်များကို ထုတ်ဖော်ညွှန်ပြသည့်အမိန့်**

**ရည်ရွယ်ချက်**

၁။ ဤအမိန့်ထုတ်ဆင့်ရခြင်း၏ ရည်ရွယ်ချက်မှာ...

(က) အဖြစ်နိုင်ဆုံး တရားမျှတသော အထွေထွေ ရွေးကောက်ပွဲဖြစ်စေရန်နှင့်

(ခ) တပ်မတော်က ရရှိနေသော ပြည်သူလူထု၏ ယုံကြည်လေးစားမှုကို ဆက်လက်ရရှိနေရန် ဖြစ်သည်။

ဆင်ခြင်သုံးသပ်ရန် အရေးကြီးသည့်အချက်များ–

၂။ ပြည်သူလူထုအများစုသည် ဒီမိုကရေစီတွင် ခေတ်နောက်ကျလျက်ပင် ရှိသေးသည်။ အရှည်အဝေးကို ဝေဖန်နိုင်စွမ်းရှိသော လူထုမျိုး မဟုတ်သေးချေ။ ပြောတတ်လျှင် ယုံလွယ်သည်။ မေ့မေ့ပျောက်ပျောက်လည်း နေတတ်ကြသည်။ မုန်းလွယ်ချစ်လွယ်တတ်သည်။ အတိတ်တွင် အဘယ်မျှပင် အပြစ်တွေ အမှားတွေ တွေ့ရှိ



ခဲ့စေ၊ ကျူးလွန်ခဲ့စေကာမူ မျက်စိရှေ့တွင် အဖိနှိပ်ခံလာရသည်ကို မြင်လာလျှင်ဖြစ်စေ၊ မတရားမှု အပြုခံရသည်ဟု ထင်လာကြလျှင် ဖြစ်စေ၊ ထိုခံရသူများဘက်သို့ ကရုဏာသက်၍ တိမ်းညွတ်တတ်သည်။ ရံဖန်ရံခါတွင်လည်း အာဏာပြလွန်းသော အာဏာပိုင်များအား အရွဲ့တိုက်လေ့ရှိသည်။

၃။ ပြီးခဲ့သော တပ်မတော်ညီလာခံ၌ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြောကြားချက်များကို နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြထားသည်။

**လုပ်ဆောင်ရမည့်အချက်များ–**

၄။ တပ်မတော် အရာရှိ အရာခံ အကြပ်တပ်သားတိုင်းသည် အောက်ပါအတိုင်း လုပ်ဆောင်ကြရမည်–

(၁) တစ်ဦးချင်းစီအနေဖြင့် မိမိ၏မဲဆန္ဒကို မိမိကြိုက်သော အမတ်လောင်းကို မဲပေးပါ။

(၂) မိမိ၏နိုင်ငံရေး အယူအဆကို မိတ်ဆွေအချင်းချင်း ပြောဆိုဆွေးနွေး နိုင်သော်လည်း၊ ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြဆွေးနွေးခြင်းပြုပါ၊ တဖက်သတ်ဖိနှိပ်၍ ခြိမ်းခြောက်ပြောဆိုခြင်းမျိုးကို မလုပ်မိရန် သတိထားရမည်။

(၃) ပြောဆိုဆွေးနွေးသင့်မှသာလျှင် ပြောဆိုဆွေးနွေးရမည်၊ မှန်မှန်ကန်ကန် နည်းလမ်းပြပါ၊ ပြောဖန်များလျှင်လည်း နားခါးတတ်သည်၊ နားငြီးတတ်သည်ကို သတိပြုရမည်။

(၄) ပြည်သူလူထု ထောက်ခံမှုနှင့် ယုံကြည်လေးစားမှုကို ထာဝစဉ် ရရှိနေအောင်၊ အမြဲသဖြင့် တရားသဖြင့် ဆောင်ရွက်နေကြောင်း လူထုယုံကြည်မှုရအောင် ကျင့်ကြံနေထိုင်ရမည်။

(၅) တပ်မတော်၏ ဂုဏ်သိက္ခာနှင့်အညီ စည်းလုံးညီညွတ်စွာ နေကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၆) အရာရာတွင် တပ်မတော်၏ ရေရှည်အကျိုးစီးပွားကိုသာ အဓိကထားကြရမည်။

(၇) ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လုပ်စရာကိုမလုပ်မီနှင့် လုပ်ပြီးနောက် "ပါတီတခုအတွက် တဖက်သတ်ကြီး မတရားသဖြင့် လုပ်ပေးနေ မိသလား"ဟူသော မေးခွန်းကို ကိုယ်ကိုယ်ကို မေးပါ။

(၈) နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို မိမိမျက်ဆန်ကဲ့သို့ စောင့်ထိန်းပါ။ ဖျက်ဆီးသူများ ပေါ်လာလျှင် မညှာမတာ ချေမှုန်းပစ်ကြရမည်။

**ရှောင်ကြဉ်ရမည့်အချက်များ–**

၅။ အောက်ပါတို့ကို လုံးဝရှောင်ကြည်ရမည်–

(၁) ဒီမိုကရေစီကို ပျက်စီးစေမည့် အပြောအဆို အပြုအမူများကို ရှောင်ရှားရမည်။

(၂) မည်သည့်နိုင်ငံရေး လှုပ်ရှားမှုတွင်မှ မပါပါနှင့်။

(၃) နိုင်ငံရေးပါတီများ၏ ခတုံးဘဝသို့ မကျရောက်စေနှင့်။

(၄) မည်သည့်နိုင်ငံရေးပါတီဘက်ကိုမှ မပင်းပါနှင့်။

(၅) အတင်းအဓမ္မ မဲဆွယ်သော အပြောအဆိုနှင့် အပြုအမူကို ရှောင်ကြဉ်ရမည်။

(၆) တပ်မတော်၏ စေတနာနှင့် အမြင်များသည် မည်မျှပင် မှန်ကန်နေပေစေ၊ ထိုစေတနာနှင့် ထိုအမြင်များအတိုင်း ပြုလုပ်ဆောင်ရွက်ရာတွင် ပြည်သူတို့ အမြင်နှင့် ဆန့်ကျင်သော လုပ်ဟန်များ မဖြစ်စေရ။

(၇) လက်နက်နှင့်ခြိမ်းချမ်းမှုမျိုးကိုလည်းကောင်း၊ သွယ်ဝိုက်သော ခြိမ်းခြောက်မှုမျိုးကို လည်းကောင်း၊ လုံးဝမရှိစေရန် တိကျစွာရှောင် ကြဉ်ကြရမည်။

(၈) နားငြီးအောင် ပြောဆိုခြင်းကို ရှောင်ကြဉ်ကြရမည်။

(၉) အမတ်လောင်းများအား တရားဥပဒေကို ချိုးဖောက်ခြင်း၊



မရှိလျှင် မည်သည့် အနှောင့်အယှက်မျိုးမှ မပေးရ၊ ရွေးကောက်ပွဲ မဝင်ရဟူ၍ မပြောဆိုရ။

**ပျက်ကွက်လျှင် ကျရောက်မည့် အန္တရာယ်များ–**

၆။ အဆိုပါလုပ်ဆောင်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များတွင် ပျက်ကွက်လျှင် ကျရောက်မည့် ဘေးအန္တရာယ်များသည် အောက်ပါအတိုင်း တထစ်ချဖြစ်လိမ့်မည်ကို တပ်မှူးတိုင်း သိမြင်ထားကြရမည်–

(က) တပ်မတော်လည်း ဤပုတ်ထဲမှဤပဲဟု ထင်မြင်လာပြီး နီးရာဓားကို အားကိုးလိုစိတ် ပေါ်လာလိမ့်မည်။ ဤသို့ ဖြစ်လျှင် တရားဥပဒေ စိုးမိုးရေး ပျက်စီးမည်။

(ခ) တပ်မတော်သည် ဒီမိုကရေစီကို ဖျက်ဆီးသူ တရားခံဖြစ်မည်။ ရာဇဝင်တွင် ချေဖျက်၍မရသော အမဲစက်ကြီး ထင်ရစ်မည်။ နောင် အဖတ်ဆည်၍ ရနိုင်မည်မဟုတ်။ ပြည်သူတို့ ယုံကြည်ခြင်းမှ ကင်းဝေးမည်။ ပြည်သူတို့က တပ်မတော်ကို မည်သည့်အခါမှ ယုံကြည်တော့မည် မဟုတ်ပေ။

(ဂ) တပ်မတော်အတွင်းတွင်လည်း လူကြီးများအပေါ် လူငယ်များက အရိုအသေ တန်လာမည်၊ နိုင်ငံရေးပါတီတခုခု၏ ခတုံးလုပ်ခံရခြင်းထက် ဤအတိုင်းပင် ဆက်လက် အုပ်ချုပ်သွားခြင်းသည် ပို၍ ကောင်းသေးသည်ဟု အချင်းချင်း သဘောကွဲလွဲလာလိမ့်မည်။ နောက်ဆုံးတွင် တပ်သားက အကြပ်ကို မရိုသေ၊ အကြပ်က အရာရှိကို မရိုသေဖြစ်ပြီး တပ်မတော်သည် ရစရာမရှိအောင် ပျက်စီး ပြိုကွဲသွားလေမည်။

(ဃ) ဤခေတ် ဤအခါမျိုး၌ပင် ခြိမ်းခြောက်မှု ရှိနေသေးလျှင် နောင် ဘယ်သောအခါမျှ ခြိမ်းခြောက်မှုကင်းသော ရွေးကောက်ပွဲသည် ဖြစ်နိုင်တော့ အံ့နည်း ဟူ၍ ပြည်သူအများ၌ အရှုံးပေးလိုက်သော စိတ်မျိုးဖြစ်ပေါ်၍ နိုင်ငံတော်၏

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် ဒီမိုကရေစီကို မရှုမလှကြီး ဖုတ်သွင်းသဂြိုဟ်ပြီး ဖြစ်လိမ့်မည်။ မစိုးရိမ်လင့်။

၇။ အကယ်၍ ဖွဲ့စည်းပုံဥပဒေကို ထိပါးဖျက်ဆီးပစ်မည့်သူများကို တိုင်းပြည်က အကြောင်းကြောင်းကြောင့် ရွေးကောက်တင်မြှောက်မိလေသော် တပ်မတော်သည် စိုးစိမ့် မစိုးရိမ် မတုန်လှုပ်သင့်ချေ။ ထိုအခါမျိုးတွင် အခြေအနေကို ရဲရဲရင့်ရင့်ဆိုင်၍ ဖြေရှင်းသွားကြရန်သာရှိသည်။ တိုက်ပွဲပေါင်းမျိုးစုံ အမြောက်အများကြားထဲမှ ပေါက်ဖွားကြီးရင့်လာသော တပ်မတော်သည် အတိတ်ကလည်း အောင်ခဲ့ပြီး အနာဂတ်တွင်လည်း အောင်လိမ့်မည်သာ ဖြစ်သည်ကို တထစ်ချ ယုံကြည်စိတ်ချထားရမည်။

အမိန့်တရပ်လုံးသည် သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်စေရန် အချက်အများကို ရေးသားသည်ဆိုစေကာမူ တပ်မတော်ခေါင်းဆောင်များက သန့်ရှင်းများ၊ ပမည့တများကိုသာမက တည်မြဲတို့ကိုပါ မလိုလားသည့် လေသံများ တွေ့မြင်ကြရသည်။ နောက်ဆုံးအပိုဒ်သည် ဗိုလ်နေဝင်းနှင့် စစ်ခေါင်းဆောင်များ၏ ခံယူချက်ဖြစ်လေသည်။

ဤနောက်ဆုံးအပိုဒ်တွင် ပါရှိသော တပ်မတော်က လက်မခံသူများကို လူထုက ရွေးကောက်တင်မြှောက်လျှင် တပ်မတော်က ဖြေရှင်းမည်ဆိုသည့် စကားပိုဒ်တွင် တပ်မတော်သည် လူထုတင်မြှောက်သူများကို နှစ်သက်မှု မရှိက ဖယ်ရှားမည်ဆိုပြီး လျှို့ဝှက်ဆုံးဖြတ်ထားသည်ကို သိသာထင်ရှားစွာ မြင်တွေ့ရပေ၏။

မည်သို့ဆိုစေ ရွေးကောက်ပွဲကို ကျင်းပပေးရမည်ဖြစ်ပြီး ဗိုလ်နေဝင်းအဖို့ ဝန်ကြီးချုပ်ရာထူးမှ ထွက်ပေးရန် သေချာသောအခါ သမိုင်းတွင် နာမည်ကောင်းတင်သည်ကို လိုချင်သောကြောင့် တရုတ်ပြည်သို့ အခေါ တလျှန်သွားကာ တရုတ်ဗမာနယ်နိမိတ် သဘောတူချက်စာချုပ်ကို မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် လက်မှတ်ထိုးခဲ့လေသည်။

တရုတ်ဗမာနယ်ခြား ပြဿနာမှာ ရာဇဝင်တလျှောက် ဖြစ်ပေါ်ခဲ့သည့် အမှုဖြစ်သည်။ ချန်ကေရှိတ် ကူမင်တန်ခေတ်ကရော၊ ကွန်မြူနစ်



တရုတ်အစိုးရခေတ်တွင်ပါ အကြောင်းကိစ္စရှိသဖြင့် မြေပုံကိုကိုးကားရန်ကိစ္စကြုံသောအခါ တရုတ်ဖက်ကတင်ပြသည့် မြေပုံနှင့်မြန်မာက လက်ခံထားသည့် မြေပုံတို့မှာ တူညီခြင်း မရှိသည်ကို တွေ့ကြရလေသည်။ တရုတ်မြေပုံတွင် မြစ်ကြီးနားနယ်တဝက်ကို တရုတ်ပိုင်မြေဟု ဖော်ပြထားသည်။ အိန္ဒိယ တရုတ်နယ်ခြားမျဉ်းကြောင်းမှာလည်း အလားတူဖြစ်ခဲ့သည်။ ၁၈ ရာစုခေတ်က အင်္ဂလိပ်များ သိမ်းပိုက်စဉ်တွင် အင်္ဂလိပ်တို့က တရုတ်မြေများကို ဖဲ့ယူသည်ဟု တရုတ်တို့က စွပ်စွဲခဲ့သည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံ လွတ်လပ်သောအခါ တရုတ်တို့က ရှေးခေတ် မြေပုံအတိုင်း ပုံသေခံယူသဖြင့် ပြဿနာပေါ်လေ့ ရှိသည်။

ဥပမာ ၁၉၅၆ ခုနှစ် ဝန်ကြီးချုပ် ဦးဗဆွေလက်ထက်က တရုတ်စစ်သား ၁၅၀၀ ခန့် မြန်မာ့နယ်မြေ (ဝ)ပြည်နယ်တွင်းသို့ ဝင်ရောက်တပ်စွဲခဲ့သည်။ တရုတ်ပြည် ဗဟိုအစိုးရက မိမိတို့ မသိပါဟု ဆိုသည်။ မြန်မာနယ်စပ်ရှိ တရုတ်နယ်မြေမှ တရုတ်အာဏာပိုင်တို့က ထိုဒေသကို သူတို့၏ နယ်မြေအဖြစ် ယူဆခဲ့၍ ပြဿနာပေါ်ခဲ့ရသည်။

ထိုသို့ ဖြစ်ပွားပြီးနောက် ရက်အနည်းငယ်အတွင်း နယ်စပ်ကိစ္စ ဆွေးနွေးရန် တရုတ်ခေါင်းဆောင်များက ဖိတ်သဖြင့် ဝန်ကြီးချုပ်ဟောင်းဦးနုသည် ဖဆပလအဖွဲ့ဥက္ကဋ္ဌအဖြစ် တရုတ်ပြည်သို့ သွားခဲ့သည်။

ဝန်ကြီးချုပ်ချောင်နှင့် ဆွေးနွေးကြသောအခါ ချောင်က ရှည်လျားစွာ မပြောဘဲ တိုတိုနှင့်ရှင်းရှင်း တင်ပြသည်။ မြောက်ပိုင်းမြန်မာ တရုတ်နယ်စပ်ကို မက်မဟွန်မျဉ်းကြောင်းအတိုင်း တရုတ်အစိုးရက လက်ခံပါမည်ဟု စကားကတိခံပြီးနောက် တရုတ်တို့က လိုလားချက်နှစ်ရပ်ကို ပြောပြသည်။

မြန်မာနယ်စပ်မျဉ်းကို ယခုတရုတ်ပြည်က လက်ခံစေကာမူ ၁၉၁၃ ခုနှစ်က တရုတ်နယ်မြေဖြစ်သော ဗီမော်၊ ဂေါ်လံနှင့် ကန်ဖန်အမည်ရှိ ရွာသုံးရွာကို အင်္ဂလိပ်တို့က ဖဲ့ယူ၍ ကချင်ပြည်နယ်မြေထဲ ထည့်ခဲ့ပါသည်။ ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်ကို ဆန္ဒပြပွဲများနှင့် တရုတ်လူထုက ကန့်ကွက်ခဲ့ပါသည်။ မိမိကိုယ်တိုင် ကျောင်းသားတဦးအဖြစ် ကန့်ကွက် ဆန္ဒပြပွဲ ဝင်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ထိုရွာသုံးရွာကို ပြန်ပေးစေလိုပါသည်။

ထို့ပြင် အင်္ဂလိပ်တို့က နမ့်ဝမ်လမ်းကြောင်းနယ်မြေကို သိမ်းယူပါသေးသည်။ အပိုင်သိမ်းခြင်း မဟုတ်။ အမြဲတမ်း ငှားသည်ဆိုပါသည်။ အင်္ဂလိပ်တို့က တနှစ် ကျပ်တထောင်ပေးမည်ဟု ငှားသော်လည်း တရုတ်တို့က ငွေလက်မခံသဖြင့် တရုတ်မြေဖြစ်ပါသည်။ ယခုအခါ ထိုမြေပေါ်တွင် ရှမ်းပြည်နယ်နှင့် ကချင်ပြည် ဆက်သွယ်သော လမ်းကြီးဖောက်ထားသဖြင့် မြန်မာအစိုးရက ပြန်ပေးလိုမည် မဟုတ်ပါ။ ထို့ကြောင့် အငှားဆိုသော မြေကို မြန်မာပြည်သို့ အပိုင်ပေးပါမည်။ ထိုမြေအစား ဝနယ်မြေတွင်းမှ ပန်းဟန်နှင့် ပန်းလောမြေကို လဲလှယ်ရယူပါရစေဟု ချောင်က တင်ပြလေသည်။

မက်မဟွန်နယ်နိမိတ်မျဉ်းမှာ ၁၉၁၃ ခုနှစ်က အင်္ဂလိပ်အစိုးရနှင့် တိဘက်ပြည်တို့ ဆွေးနွေး၍ သဘောတူကြသော မျဉ်းကြောင်းဖြစ်သည်။ အင်္ဂလိပ်တမန် ဆာဟင်နရီမက်မဟွန်ကို အမှီပြု၍ မက်မဟွန်မျဉ်းကြောင်းဟု ခေါ်ဝေါ်ကြသည်။ ထိုစဉ်က တိဘက်ပြည်သည် မန်ချူးမင်းဆက်ကျဆုံးချိန်တွင် သီးခြားပြည်နယ် တည်ထောင်ထားစေကာမူ တရုတ်ပြည်၏ နယ်မြေသာဖြစ်သည်။ တိဘက်တို့တွင် နယ်နိမိတ်စာချုပ် ချုပ်ခွင့်မရှိဟု နယ်စပ် ဆွေးနွေးပွဲတက်သော တရုတ်ပြည်မ အစိုးရက ကန့်ကွက်ပြီး ငြင်းဆိုခဲ့သည်။ (ဤရပ်တည်ချက်ကို စွဲကိုင်ထားသဖြင့် ၁၉၆၂ ခုနှစ်က တရုတ် အိန္ဒိယနယ်စပ် ပဋိပက္ခဖြစ်ခဲ့သေးသည်။)

တရုတ်ပြည်က လက်မခံဟု အစဉ်တစိုက် ငြင်းခဲ့သော နယ်နိမိတ်ကို သဘောတူလက်ခံသည်မှာ ကောင်းသော လိုက်လျောမှုဖြစ်သည်။ ကျန်နယ်မြေကိစ္စမှာ ရွာနှင့်လမ်း လဲလှယ်သည့် သဘောဖြစ်သဖြင့် တရားမျှတသော အဆိုပြုချက်ဖြစ်သည်ဟု ယူဆကာ ဦးနုကသဘောတူခဲ့လေသည်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးဗဆွေ၏ ဝန်ကြီးအဖွဲ့ကလည်း သဘောတူခဲ့၏။

သို့သော် ဖဆပလဥက္ကဋ္ဌဦးနုနှင့် ဖဆပလဝန်ကြီးချုပ် ဦးဗဆွေတို့မှာ နယ်နိမိတ်စာချုပ်ကို လက်မှတ်ရေးထိုးခြင်း မပြုနိုင်ခဲ့ပေ။ ကချင်



ပြည်နယ် ခေါင်းဆောင် ဦးဇန်ထားဆင်က ပြည်နယ်အတွင်းရှိ ရွာသုံးရွာကို ပြန်မပေးနိုင်၊ သဘောမတူနိုင်ဟု ကန့်ကွက်သဖြင့် ဆိုင်းငံ့ထားခဲ့ရလေသည်။

ထိုသို့ သဘောတူညီထားသည်ကို သိရှိသော ဗိုလ်နေဝင်းက ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်း မပေးရမီတွင် မိမိအား ဖိတ်ပါဟု တရုတ်အစိုးရထံ တောင်းဆိုကာ သွားရောက်ခဲ့လေသည်။

ဖဆပလ ဥက္ကဋ္ဌ ဦးနုနှင့် ဝန်ကြီးချုပ် ဦးဗဆွေ သဘောတူထားသော စာချုပ်မူကြမ်းကို စာတလုံးမှမပြင်ပဲ လက်မှတ်ထိုးပြီး တရုတ်မြန်မာ စာချုပ်ကို ချုပ်ဆိုသည်။ တရုတ်နယ်စပ်ကိစ္စသည် သူ၏လက်ရာဖြစ်သည်ဟု အမှတ်ယူခဲ့သည်။ (မူလ ဒီမိုကရေစီအစိုးရ၏ ခေတ်က ကန့်ကွက်သည် ဆိုသော ကချင်ပြည်နယ်ခေါင်းဆောင်ကိုလည်း ညှိနှိုင်းခြင်း မပြုခဲ့ပေ)

ထို့ပြင် မပြီးမပြတ်ဖြစ်နေသော ရှမ်းစော်ဘွားများ အာဏာစွန့်ရေးကိုလည်း မိမိ၏လက်ထက်၌ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ဗိုလ်နေဝင်းက အမှတ်ယူခဲ့သေးသည်။

မြန်မာပြည်ထောင်စုကြီး လွတ်လပ်သောကာလသို့ရောက်သော အခါတွင် ရှမ်းစော်ဘွားတို့မှာ မူလရှိပြီးသော ပြည်နယ်ကို အုပ်ချုပ်ခွင့် အာဏာ၊ အခွန်ကောက်ခွင့်အာဏာနှင့် တရားစီရင်ခွင့် အာဏာအပြင် လူထုက ရွေးကောက်တင်မြှောက်သူများ မဟုတ်ပါပဲနှင့် လွှတ်တော်အမတ်များအဖြစ် ဥပဒေပြုပိုင်ခွင့်အာဏာကိုပါ ယှဉ်ပြိုင်ရရှိနေခဲ့သည်။ ထိုနှစ်ထပ်ကွမ်း အာဏာကို စွန့်လွှတ်ရမည်ဟု ရှမ်းလူထုက ပြင်းထန်စွာ လှုပ်ရှားတောင်းဆိုခဲ့ကြသည်။

ရှမ်းစော်ဘွားများကလည်း အာဏာစွန့်ရန်အတွက် လျော်ကြေးပေးရမည်ဟု တောင်းဆိုသဖြင့် လျော်ကြေးကျပ်သိန်း ၅၀ ပေးရန် ၁၉၅၆ မှ လွှတ်တော်တွင် ဆုံးဖြတ်ခဲ့သည်။ တဖန်နောက်ထပ် ကျပ်သိန်း ၅၀ ထပ်လောင်းဆုံးဖြတ်သည်။ ဖဆပလ ဒီမိုကရေစီ အစိုးရက စုစုပေါင်း ကျပ် ၁ ကုဋေပေးရန် ဆုံးဖြတ်စီစဉ်ခဲ့လေသည်။

သို့သော် စော်ဘွားများငွေပို၍ တောင်းပြန်ခြင်းနှင့် ပြည်တွင်းစစ် ကြောင့် ရှမ်းပြည်နယ်မှာ စစ်အုပ်ချုပ်ရေး အောက်သို့ရောက်ရှိနေခြင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ဖဆပလအစိုးရအဖို့ အပြီးအပြတ် မလုပ်နိုင်ပဲ ဆိုင်းငံ့နေခဲ့ရသည်။

အိမ်စောင့်အစိုးရခေတ်တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်နေဝင်းက စေ့စပ်ရာမှ လျော်ကြေး စုစုပေါင်း ကျပ်နှစ်ကုဋေနှင့် ကျပ်လေးသန်း (၂၄၀၀၀၀၀၀) နှင့် ဈေးတည့်ကြလေသည်။ ထိုအချိန်က ကော်ဖီတခွက် ၅ ပြားနှုန်းသာရှိသဖြင့် စော်ဘွားကြီးများက ဗိုလ်ချုပ်နေဝင်း ပေးသောဈေးသည် အရတော်သောကြောင့်လျှင် မြန်စွာလက်ခံကြသည်။ လွှတ်တော်တွင် လိုအပ်သော ဥပဒေများ ပြုလုပ်၍ ၁၉၅၉ ခု၊ ဧပြီလ ၂၄ ရက်နေ့တွင် စော်ဘွား ၃၃ ဦးတို့က လက်မှတ်ရေးထိုး၍ အာဏာစွန့်ခဲ့ကြလေသည်။ ကျိုင်းတုံစော်ဘွားတဦးတည်း ကျပ် ၅ သန်းခန့်ရရှိခဲ့သည်။ ရန်ကုန်မြို့ရှိ မြေကောင်း အိမ်ကောင်းများ ဈေးနှုန်းနှစ်ဆတက်သွားခဲ့သည်။ ဗိုလ်နေဝင်းသည် ဖဆပလ ဒီမိုကရေစီ လွှတ်တော်က ဆုံးဖြတ်ထားသည်ထက် လျော်ကြေးငွေ နှစ်ဆခွဲခန့် တိုးတက်ပေးသည်မှာ ရက်ရောလွန်းသည်ဟု သတင်းစာများက ဝေဖန်ခဲ့ကြသည်။

ဗိုလ်နေဝင်းသည် သူ၏လက်ထက်၌ ပြဿနာ ပြေလည်သည်ဟု သမိုင်း၌ အသားယူလိုသဖြင့် တိုင်းပြည်ငွေကို ဖြုန်းတီးခြင်းသာဖြစ်၏။

■



(၁၁)

## မဲပေးသူကို သေနတ်နှင့်ချိန်ရွယ်သော ရွေးကောက်ပွဲ

ပြည်သူတို့ အာဏာဟု ဆိုအပ်သောလူထုက ဆန္ဒမဲပေးရသည့် ရွေးကောက်ပွဲစနစ်ကို ၁၈၈၉ ခုနှစ်က မြန်မာများရရှိ၍ ဒီမိုကရေစီ အရသာကို စတင်ခံစားခဲ့ရလေသည်။ အင်္ဂလိပ်အစိုးရက မြန်မာပြည် မြူနီစီပယ်အက်ဥပဒေကို အတည်ပြုသဖြင့် မြို့ ၄၂ မြို့တို့တွင် မြို့ပြစည်ပင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့် လူကြီးများကို မြို့ရွာလူထုက ရွေးကောက်တင်မြှောက်ခွင့်ရရှိခဲ့သည်မှ စတင်ခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ အမတ် ၁၃၀ ပါဝင်သော ဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းရာ အမတ် ၇၉ ဦးကို လူထုက ရွေးကောက်တင်မြှောက်ခွင့် ရရှိခဲ့သည်။ ထိုသို့ စတင်စဉ်က မဲပေးခွင့်ရှိသူ ၁၇ သိန်းခန့် (၁၇၆၇၂၂၇) ရှိခဲ့သော်လည်း လူထုကစိတ်ဝင်စားမှုနည်းပါးသဖြင့် မဲပေးသူနှစ်သိန်းခွဲခန့်သာ မဲရုံသို့လာကြလေသည်။ မဲပေးခွင့်ရှိသူမဲစာရင်း၏ ၂ ဒသမ ၆၈ ရာခိုင်နှုန်းသာ မဲပေးကြ၏။

နောက်ပိုင်းတွင်မူ လူထုကနိုးကြားလာကြသဖြင့် ရွေးကောက်ပွဲများတွင် မဲပေးသူ ဦးရေ များပြားတိုးတက်လာခဲ့သည်။ ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလ ရွေးကောက်ပွဲသည် လူထုက စိတ်ဝင်စားမှု အကြီးဆုံး ရွေးကောက်ပွဲဖြစ်ခဲ့သည်။ ၁၉၅၈ ခုမှ ၁၉၆၀ ခုနှစ်အထိ လပေါင်း ၂၇

www.burmeseclassic.com

www.burmeseclassic.com



လခန့် စစ်အာဏာရှင် အမိုးရလက်အောက်၌ ခေါင်းငုံ့ကာ "ခံ"နေကြရသော လူထုကြီးက စစ်ဗိုလ်တို့၏ စစ်ဖိနပ်အောက်မှ လွတ်မြောက်ရေးအတွက် အားတက်သရော စိတ်ဝင်စားစွာ ပါဝင်လှုပ်ရှားကြသည်။ (လူထုက မိမိတို့၏ မဲပေးပိုင်ခွင့်အာဏာကို ရဲရဲ့စွာ အသုံးပြုခဲ့သည့် ရွေးကောက်ပွဲမှာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲဖြစ်ပြီး ၇၀ ရာခိုင်နှုန်းကျော် မဲပေးခဲ့သည်။)

ရွေးကောက်ပွဲ ကျင်းပမည့် ရက်စွဲသတ်မှတ်ချိန်မှစပြီး နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများက အကြိတ်အနယ် မဲဆွယ်ကြသည်။ လူထုအစည်းအဝေးများ၊ ဟောပြောပွဲများကို နေ့ရောညပါ ဆက်တိုက်ကျင်းပကြသည်။

သတင်းစာကြီး တစောင်နှစ်စောင်မှအပ၊ သတင်းစာများသည် ငွေရေးကြေးရေးအရလည်းကောင်း၊ ဝါဒရေးရာအရလည်းကောင်း၊ မိမိတို့ထောက်ခံလိုသော အမတ်လောင်း၏ဘက်သို့ ဘက်လိုက်ကာ ရေးသားကြသည်။ အထူးသဖြင့် တည်မြဲနှင့်သန့်ရှင်းအဖွဲ့ကြီးနှစ်ခုတို့ကို ထောက်ခံရေးသားကြသည်။ တည်မြဲတို့ပါတီပိုင် မဏ္ဍိုင်သတင်းစာနှင့် သန့်ရှင်းတို့ပိုင်သည့် ပြည်ထောင်စု သတင်းစာတို့သည် ပါတီအာဘော်များအဖြစ် ပြတ်သားစွာ တဖက်ကိုနှိမ်၍ ရေးသားကြသည်။ တည်မြဲတို့ဘက်မှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများရှိသောကြောင့် ငွေပုံကာ လှူကြသဖြင့် ခါတော်မီထွက်လာသည့် သတင်းစာအသစ်များလည်း ရှိသည်။ ပမညတတို့အဖို့ ဦးသိန်းဖေမြင့်ပိုင်သော ဗိုလ်တထောင်သတင်းစာသာရှိသော်လည်း လက်ဝဲနိုင်ငံရေးစာပေဂျာနယ်များ ရှိခဲ့သည်။

နိုင်ငံရေးလမ်းစဉ်ကို ဝါဒဖြန့်ကြရင်း ပုဂ္ဂိုလ်ရေးနာမည်ဖျက်မှုများကိုလည်း ရေးသားဟောပြောမိကြသည်။ စာနယ်ဇင်းတို့အပြင် ရဟန်းသံဃာတော်များကလည်း ဝင်ရောက်ဆွေးနွေးမှု ပြုကြပြန်သည်။

ရွေးကောက်ပွဲအတွက် တာစူချိန်မှ စတင်ကာ သန့်ရှင်းတို့ဘက်ကခြေသာနေသည်။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလက မြူနီစီပယ်ရွေးကောက်ပွဲများကျင်းပစဉ်ကပင် သန့်ရှင်းများ အရွေးခံရပြီး တည်မြဲတို့ အရေးနိမ့်ခဲ့သည်။

မြူရွေးပွဲကျင်းပစဉ်က မန္တလေးမြို့တွင် ရဟန်းတော်များက ဝင်



ရောက်ဟောပြောကာ နိုင်ငံရေးနယ်တွင်းသို့ ဝင်ရောက်လာကြသည်။ ထို့ကြောင့် ဒုတိယဝန်ကြီးချုပ် ဦးလွန်းဘော်သည် မန္တလေးမြို့သို့ သွားရောက်၍ ဆရာတော်များအား လျှောက်ထားတောင်းပန်သဖြင့် ဆရာတော်ကြီးများက ထိန်းချုပ်ပေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် မန္တလေးမှ အင်အားကြီးမားသော ရဟန်းပျိုအဖွဲ့က တည်မြဲတို့ဖက်သို့ အားပေးနေကြောင်း ဗမာ့ခေတ်သတင်းစာက စွပ်စွဲရေးသားသည်။

ဦးနုက လူထုဆန္ဒအရ နိုင်ငံတော်ဘာသာကို ဗုဒ္ဓဘာသာပြုလုပ်မည်ဟု ဟောပြော မဲဆွယ်သည်။ ဝန်ကြီးဦးလွန်းဘော်က ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၁(၄)အရ နိုင်ငံရေးအတွက် ကိုးကွယ်ရာဘာသာကို အလွဲသုံးစားမပြုရန် တိုက်တွန်းပြီး "နိုင်ငံရေးအရ မဲရရှိရန်သော်လည်းကောင်း၊ မဲမပေးဘဲနေစေရန်လည်းကောင်း စတဲ့ ဖြားယောင်းသွေးဆောင်မှုများသည် ရွေးကောက်ပွဲ ဥပဒေများနှင့် ဆန့်ကျင်သဖြင့် ရွေးကောက်ပွဲကို ပျက်ပြယ်စေနိုင်သည်"ဟု သွယ်ဝိုက်၍ သတိပေးလေသည်။

ရွေးကောက်ပွဲအတွက် မဲဆွယ်တရားများ ဟောကြရာတွင် တည်မြဲဦးဗဆွေက "ခင်ဗျားတို့ မဲပေးမှားကြလျှင် မမျှော်လင့်တဲ့ အခြေအနေဆိုးတွေ တွေ့ရမည်"ဟုလည်းကောင်း၊ "ရှုံးရင်လည်း နိုင်ရမည်၊ နိုင်ရင်လည်း နိုင်ရမည်"ဟုလည်းကောင်း စသည်ဖြင့် တည်မြဲ ရှုံးလျှင် စစ်တပ်ဝင်မည်ဆိုသည့် အဓိပ္ပာယ်နှင့် ဟောပြောသောကြောင့် စစ်တပ်ကိုကြိုးစွာ မုန်းတီးနေသော လူထုက မကျေမနပ်ဖြစ်ကာ သန့်ရှင်းတို့အား မဲပေးကြသည်။

ကျင်းပမည့် ရွေးကောက်ပွဲကို လူထုက အထူးစိတ်ဝင်စားကြသည်။ မဲပေးခွင့် ရှိသူများ၏ မဲစာရင်းကို မြို့တော်ခန်းမ၌ ချိတ်ဆွဲထားရာ ရန်ကုန်သားတို့သည် မိမိအမည် မဲစာရင်း၌ ပါ၏၊ မပါ၏ကို သွားရောက်၍ ဖတ်ရှုကြသည်။ မဲစာရင်း မပါသူတို့က မဲပေးချင်လွန်းသဖြင့် ရွေးကောက်ပွဲမင်းကြီးရုံးသို့ အပြေးအလွှား သွားရောက်ကာ စာရင်းသွင်းကြသည်။ စာရင်းပျောက်နေသည့် မဲဆန္ဒရှင် ၁၂၀၀၀ ကျော်က တဦးလျှင် ငွေငါးကျပ်ပေးဆောင်ကာ စာရင်းသွင်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပြည်လုံးမှ မဲဆန္ဒရှင် ၉၉၅၈၆၇၅ အတွက် မဲရုံ ၇၀၀၀ ကျော်တွင် အစိုးရဝန်ထမ်း ၄၂၀၀၀ ကို တာဝန်ချထားရာ ၄င်းနေရာများတွင် စစ်တပ်နှင့် ရဲတပ်က တာဝန်ယူသည်။ သူတို့က မဲဆန္ဒရှင်တို့အား တည်မြဲ အမတ်လောင်းများကို မဲပေးကြရန် ဘက်လိုက်ကြသည်။

ဘက်မလိုက်ရဟု အမိန့်ထုတ်ထားသည် ဆိုပါလျက် စစ်တပ်က ကြီးစွာ ဘက်လိုက်သည်။ တည်မြဲတို့ အနိုင်ရရှိရေးကို အနုနည်းရော အကြမ်းနည်းနှင့်ပါ လုပ်ဆောင်ကြသည်။

သန့်ရှင်းမဲပုံးကိုဖောက်ပြီး မဲများကို ထုတ်ယူကာ တည်မြဲဘက်ပုံးတွင်းသို့ ပြောင်းလဲ၍ထည့်သည့် စစ်ဗိုလ်များ ရှိသည်။ သူတို့က သူတို့ စွက်ဖက်မှုဖြင့် တည်မြဲနိုင်ရမည်ဟု ယုံကြည်ကာ ပြောင်လုပ်ကြသည်။ မဲပုံးဖောက်ရာတွင် ဝက်အူလှို့ စသည်တို့ကို မသုံးပဲ လုံ့စွပ်နှင့် ဖောက်ကြသည်။ စစ်တပ်၏ လက်ရာကို လူထု သိစေသည်။

စစ်တပ်က ပင်းလေလေ လူထုက ဒေါသူပုန်ထကာ စစ်တပ်ဆန့်ကျင်သော သန့်ရှင်းတို့အား ပိုမိုအားပေးကြလေလေ ဖြစ်ရသည်။ ကျောက်ဆည်နယ်တွင် ရွာငယ်ကလေးတခု၏ မဲရုံသို့ ရောက်လာသော စစ်တပ်မှ စစ်ဗိုလ်က လျှို့ဝှက်မဲစနစ်အရ မဲပုံးများကို လုံခြုံစွာကာထားသော အကာအရံများကိုဖွင့်၍ မဲပုံးများကို လူမြင်ကွင်း၌ တန်းစီကာ ချထားပြီး မဲပေးစေသည်။ ထိုမျှမကသေး မဲဆန္ဒရှင်များ မဲပေးသည်ကို စစ်သားတို့က တန်းစီ၍ လုံ့စွပ်သေနတ်များနှင့် ချိန်ရွယ်ထားလျက် မဲပေးစေသည်။ စစ်ဗိုလ်၏ ယုတ်ကမ်းပုံကို မြင်ရသဖြင့် မခံမရပ်ဖြစ်နေကြသော ကျေးရွာသားတို့က လုံ့စွပ်များ ချိန်ရွယ်ထားသည်ကိုပင် မကြောက်ကြတော့ဘဲ တရွာလုံးလိုလို သန့်ရှင်းနှင့် ပမညတကို မဲပေးကြလေသည်။ အသဲကြားက မဲတပြား ဟူသော ဝေါဟာရအသစ်ပေါ်လာခဲ့သည်။

နောက်ပိုင်းတွင် သတင်းစာဆရာများက သုံးသပ်ရာတွင် ဗိုလ်နေဝင်းသည် မကြာမီ လအနည်းငယ်အတွင်း အာဏာကို လုံးဝသိမ်းယူရန် အစီအစဉ် ရှိသည်။ အကယ်၍ တည်မြဲနိုင်ပါက စစ်တပ်၏ မဟာမိတ်များ ထံမှ သိမ်းယူရန် မသင့်သဖြင့် သန့်ရှင်းတို့ နိုင်စေလိုသည်။ စစ်တပ်က



လူထုကခါးသီးစွာ မုန်းတီးနေကြသဖြင့် စစ်တပ်က တည်မြဲဘက်သို့ ပင်းသည်နှင့်အမျှ သန့်ရှင်းအနိုင်ရနိုင်သည်ဟု မြင်းသမား တွက်ကိန်းနှင့် စစ်တပ်က စွက်ဖက်သည်ကို ထိရောက်စွာ တားမြစ်ခြင်းမပြုဟု ယူဆကြသည်။

သို့သော် ရွေးကောက်ပွဲအပြီးတွင် တည်မြဲတို့ မဲရရှိရန် လူသိထင်ရှား ဘက်လိုက်ကြသည်ဟု အကြောင်းပြကာ မိမိ မလိုလားသူ စစ်ဗိုလ်ကြီးအချို့ကို လျှို့ဝှက်အစည်းအဝေးသို့ ဗိုလ်နေဝင်းကိုယ်တိုင် တင်သွင်း၍ ရာထူးမှ ထုတ်ခဲ့သည်။ ဗိုလ်မှူးချုပ်အောင်ရွှေ (ကြည်း ၃၅၀၅)၊ ဗိုလ်မှူးကြီးအေးမောင် (ကြည်း ၃၅၁၂)၊ ဗိုလ်မှူးကြီးတင်မောင် (ကြည်း ၃၅၁၇)၊ ဗိုလ်မှူးကြီးလှမော် (ကြည်း ၃၅၇၀)၊ ဗိုလ်မှူးကြီးကြည်ဝင်း (ကြည်း ၃၅၇၂)၊ ဗိုလ်မှူးကြီးသိန်းဒုတ် (ကြည်း ၃၆၄၇)၊ ဗိုလ်မှူးကြီးချစ်ခိုင် (ကြည်း ၃၆၄၉)တို့အား ပင်စင်လစာပေး၍ တပ်မှ အနားယူကြစေသည်။

စစ်ဗိုလ်ချုပ်ကြီးများသည် ကြံ့ခိုင်ရေးအဖွဲ့ကို အင်အားပြုကာ စစ်ဝတ်စုံချွတ်၍ ရွေးကောက်ပွဲဝင်ရန် လေးနက်စွာ စဉ်းစားခဲ့ကြသေးသည်။ သို့သော် ကြံ့ခိုင်ရေးအဖွဲ့ကြီးမှာ အာဏာနှင့် စည်းရုံးထားသည်ဖြစ်သောကြောင့် မဲပေးသည်မှာ မသေချာဟု ဆုံးဖြတ်ကာ နောက်ဆုတ်ကြလေသည်။ သူတို့တွက်ချက်သည်မှာ မှန်၏။ အင်အားကြီးသော ကြံ့ခိုင်ရေး အဖွဲ့ကြီးသည် စစ်အစိုးရ ဆင်းပေးသည်နှင့်တစ်ပြိုင်နက် တကောင်တမြီးမှ မမြင်ကြရတော့ပေ။ စစ်တပ်က ထုတ်ထားသော ဗိုလ်မှူးချုပ်ကျော်ဇော တဦးတည်းသာ ဝင်ရောက် အရွေးခံခဲ့သည်။

ရွေးကောက်ပွဲ မဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူ ၉၉၅၈၆၇၅ ရှိသည့်အနက် ၆၆၃၃၈၀၂ မဲပေးကြသည်။ မဲပေးခွင့်ရှိသူ စာရင်း၏ ၆၆ ဒသမ ၆ ရာခိုင်နှုန်း မဲပေးခဲ့ကြသည်။ သန့်ရှင်းက မဲ ၃၄၈၀၅၈၈ ရသည်။ မဲပေးသူ အားလုံး၏ ၅၂.၇ ရာခိုင်နှုန်းက သန့်ရှင်းအမတ်လောင်းတို့ကို မဲပေးကြသည်။ တည်မြဲတို့က မဲ ၁၉၇၄၄၆၉ ရသည်။ ၂၉.၈ ရာခိုင်နှုန်းက တည်မြဲကို ပေးကြသည်။ ပမညတတို့က မဲ ၃၆၂၄၉၅ ရရှိပြီး မဲ ၅.၄ ရာခိုင်နှုန်း ရရှိလေသည်။

ဤသို့ဖြင့် ၁၉၆၀ ပြည့်၊ ဧပြီလ ၄ ရက်နေ့တွင် ဦးနုအား

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်အဖြစ် လွှတ်တော်မှ ရွေးကောက်တင်မြှောက်နိုင်ကြပြန်သည်။

ဗိုလ်နေဝင်းသည် ရာထူးမှ ထွက်ပေးပြီးနောက် ဝန်ကြီးချုပ်ဦးနု၏ ရုံးခန်းကို မျက်ခြေမပြတ် စောင့်ကြည့်ခဲ့သည်။ မိမိယုံကြည်ချက်ကို လျင်မြန်စွာ ဆုံးဖြတ်လုပ်ကိုင်လေ့ရှိသော ဦးနုသည် နိုင်ငံရေးအမှားကို ပြုမိမှာ သေချာသည်ဟု ယူဆ၍ စောင့်ကြည့်နေခဲ့သည်။ အမှားတခု တွေ့သည်နှင့် တစ်ပြိုင်နက် ထိုအမှားကို အကြောင်းပြ၍ အာဏာလုရန် အသင့်ပြင်ထားသည်။ ထာဝရ စစ်အာဏာရှင်စနစ်ကို တည်ဆောက်ရန် အသင့်ပြင်ဆင်မှုများပြုသည်။

စစ်အာဏာရှင်စနစ် တည်ထောင်ရေးအတွက် နိုင်ငံရေး အင်အားစုကို သတ်ဖြတ်ခြေမှုန်းနိုင်ရန် တပ်မတော်ကိုလည်း ပြုပြင်ဖွဲ့စည်းရန် လိုသည်။ တပ်မတော်တွင်း၌ သူကတင်သွင်းပြောဆိုချက်ကို ကန့်ကွက်ခဲ့သူ စစ်ဗိုလ်ကြီးများ ရှိနေသည်။ ထိုစစ်ဗိုလ်ကြီးများသည် ဗိုလ်နေဝင်း၏ မျက်နှာကို ပြန်ကြည့်ရဲပြီး ငြင်းခုံသမှု ပြုလုပ်ကြသည်။ ဗိုလ်နေဝင်းက သူ့အား အန်တုနိုင်ကြသည့် ထိုစစ်ဗိုလ်ကြီးများကို မကြိုက်သဖြင့် တပ်မှဖယ်ရှားရန် ဆုံးဖြတ်ထားသည်။

မြင်းသမားတို့၏ အရည်အသွေးမှာ နှုတ်လုံမှုဖြစ်သည်။ ထိပ်သီး မြင်းသမားကြီးဖြစ်သူ ဗိုလ်နေဝင်းက သာမန်မြင်းသမားတို့ထက်ပင် နှုတ်လုံ၏။ သူ၏ ပစ်မှတ်ဖြစ်သော ရာထူးမှဖယ်ရှားခံရမည့် စစ်ဗိုလ်ကြီးများကို ဆက်လက်၍ ရင်းနှီးစွာ ဆက်ဆံသဖြင့် သူ၏သားကောင်တို့ပင် သူ၏အကြံကို ကြိုတင် မသိခဲ့ကြပေ။ သူက စစ်စုံထောက်ရုံးကိုသာ စစ်ဗိုလ်ကြီးများကို စောင့်ကြည့်ရန် အထူးတာဝန်ပေးထားသည်။ စစ်စုံထောက်တို့က ၁၁တင်းကောင်းရော သတင်းဆိုးပါ အသေးစိတ်တင်ပြကြရသည်။ စစ်ဘက်နှင့် စစ်စုံထောက်ရုံးတို့၏ လုပ်နည်းလုပ်ဟန် အစဉ်အလာမှာ အရာရှိတိုင်းအတွက် အမှုတွဲနှစ်ခု ဖွင့်ထားရလေ့ရှိသည်။ အရာရှိတဦးအား အထက်လူကြီးက အရေးယူအပြစ်ပေးလိုပါက ထိုအရာရှိ ကျူးလွန်ထားသည့် မကောင်းမှုများကို စုဆောင်းမှတ်သားထားသော "ခွေးရေပရပိုက်" ဖိုင်တွဲကို တင်ပြသည်။ ရာထူးမြှင့်ပေးလိုပါက ကောင်းမှုများကို တန်းစီ၍ မှတ်သားထားသည့် "ရွှေပေပရပိုက်"ကို တင်ပြကြရလေ့ရှိသည်။



ဗိုလ်နေဝင်းသည် ဗိုလ်မှူးကြီးများ၏ မှတ်တမ်းနှစ်ခုလုံးကို သေချာစွာ လေ့လာဖတ်ရှုရင်း အချိန်ကိုစောင့်နေခဲ့သည်။ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလ တပ်မှူးများ ညီလာခံတွင် ဗိုလ်နေဝင်းက လျှို့ဝှက်စွာ သူထောင်ထားသည့် မိုင်းဗုံးကိုခွဲလိုက်သည်ဟု ထိုစဉ်က စစ်ဗိုလ်လောကတွင် ပြောစမှတ် ဖြစ်ကျန်ရစ်ခဲ့လေသည်။

မင်္ဂလာဒုံစစ်ရုံးချုပ်တွင် ကျင်းပသော သုံးရက်တာ တပ်မှူးညီလာခံ ပထမနေ့ အစီအစဉ်၌ ထူးထူးခြားခြား အမှုကိစ္စမရှိသဖြင့် ဤညီလာခံသည် ပြုရိုးပြုစဉ် တပ်ကိစ္စများနှင့်သာ ပြီးဆုံးလေမည်ဟု စစ်ဗိုလ်ကြီးများက ယူဆခဲ့ကြသည်။

ဒုတိယနေ့တွင် စစ်ဗိုလ်အားလုံး စုံညီချိန်တွင် ဝင်မလာပဲ အားလုံးနေရာယူပြီးမှ ဗိုလ်နေဝင်းသည် ထူထဲသော စာတွဲဖိုင်ကြီးများ တပွေ့တပိုက်ကို ကိုယ်တိုင်သယ်ယူ၍ ခန်းမတွင်းသို့ဝင်လာပြီး သဘာပတိနေရာ၌ ဝင်ထိုင်လိုက်သည်။ အားလုံးက အလေးပြုသည်ကို ခံယူပြီးနောက် မည်သူကိုမှ မကြည့်ဘဲ "ဒီနေ့တော့ ရာထူးခန့်ထားရေး အဖွဲ့ရဲ့ဆုံးဖြတ်ချက်တွေကို ဗိုလ်အစည်းအဝေးက အတည်ပြုဖို့ တင်ပြရပါမယ်"ဟု ပြောဆိုကာ ထိပ်သီး စစ်ဗိုလ်ကြီး ၁၃ ဦးတို့အား တဦးစီအမည်ကို ခေါ်လိုက်သည်။

အခေါ်ခံရသူ စစ်ဗိုလ်ကြီးက သတိအနေအထားနှင့် မတ်တတ်ရပ်၍ နေစဉ်မှ ဗိုလ်နေဝင်းက "မင်းက စစ်ဆင်ရေး ရန်ပုံငွေတွေကို စာရင်းဖျောက်ပြီး ကိုယ်ကျိုးအတွက် သုံးစွဲခဲ့တယ်"ဟုဆို၍ အမှုများကို အသေးစိတ် ဖတ်ပြသည်။ အခြားတဦးကိုမူ တပ်၏ရန်ပုံငွေနှင့် ကိုယ်ပိုင်အိမ်ဆောက်လုပ်သော တိကျသည့် အမှုတွဲကို ဖတ်ပြသည်။ ငွေရေးကြေးရေး လာဘ်စားမှုနှင့် အရေးယူသူ ၅ ဦးတို့အပြင် ဗိုလ်မှူးကြီး ၆ ဦးနှင့် ဗိုလ်မှူးချုပ် မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ရွှေတို့အား "ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီဘက်ကိုမှ ဘက်လိုက်ခြင်း မပြုရဟု တပ်မတော်က ပြဋ္ဌာန်းထုတ်ထားသည်ကို မနာခံဘဲ ဘက်လိုက်သည်ကို တွေ့ရှိရသည်"ဟု စွပ်စွဲချက်တင်ပြီး အားလုံးကို တပ်မှ ထုတ်ပယ်လိုက်ကြောင်း ကြေညာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိအနေအထားနှင့် မတ်တတ်ရပ်၍ နားခံကြရသည့် ဗိုလ်မှူးကြီးတို့မှာ တဦးမှ ပြန်လှန်ချေပခြင်း မပြုနိုင်ဘဲ ချမှတ်သော ပြစ်ဒဏ်ကို ခံကြရသည်။ "အရင်က မင်းတို့တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့တာတွေ ထောက်ထားပြီး၊ ပင်စင်လစာနဲ့ ရသင့်ရထိုက်တဲ့ ငွေကြေး အခွင့်အရေးတွေ ပေးမယ်၊ ကိုယ့်တပ် ကိုယ်ပြန်ပြီး မင်းတို့နေရာမှာ ဆက်ခံမယ့်သူကို အလုပ်လွှဲပေးလိုက်ကြပေတော့။ မင်းတို့ အလုပ်လွှဲပေးတဲ့ အစီအစဉ် မပြီးမခြင်း အခုလို အရေးယူတာကို လျှို့ဝှက်အဖြစ် ထားရှိကြရမယ်"ဟု ပြောဆိုကာ အစည်းအဝေးခန်းမှ ထွက်သွားသည်။

ထိုအချိန်တွင်မှ ရာထူးဖယ်ရှားခံရသူ စစ်ဗိုလ်တို့နေရာတွင် ဗိုလ်နေဝင်း၏စိတ်ကြိုက် စစ်ဗိုလ်တို့အား ကြိုတင်၍ အစားထိုးခန့်ထားပြီး ဖြစ်နေသည်ကို သိကြရသည်။ အစားထိုးခန့်ထားခံရသူများလည်း ကြိုတင် မသိခဲ့ကြရပေ။

ဗိုလ်နေဝင်းက လျှို့ဝှက်ထားရမည်ဟု ညွှန်ကြားခဲ့ပါလျက် ရာထူးမှ ဖယ်ရှားခံရသူ စစ်ဗိုလ်ကြီးများ၏ အမည်စာတပ်ပုံနှင့်တကွ သတင်းအပြည့် အစုံကို ကြေးမုံသတင်းစာ၌ အသေးစိတ် ပုံနှိပ်ဖော်ပြလိုက်သဖြင့် ဗိုလ်နေဝင်းက ကြီးစွာ ဒေါသူပုန်ထရသည်။ ယခုကဲ့သို့ အရေးယူသည့် ကိစ္စကို ထိုအချိန်က ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သော ဝန်ကြီးချုပ်ဦးနု အား ကြိုတင် တင်ပြမှု မပြုရသေးချိန်တွင် သတင်းစာမှ သတင်းပါလာသဖြင့် ဗိုလ်နေဝင်းအဖို့ ဦးနုအပေါ် မျက်နှာပျက်ရသည်။

ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်း စစ်တပ်သည် အစိုးရအဖွဲ့၏ လက်အောက်ခံဌာန တခုသာဖြစ်သဖြင့် အကြီးအကဲက သူတဦးတည်းသဘောနှင့် အရေးယူပုံကို မကျေနပ်ကြောင်း၊ ယင်းကိစ္စကို အစိုးရအဖွဲ့က ကြိုတင်မသိရဘဲ သတင်းစာက ဖော်ပြမှ သိရသည်မှာ အစိုးရအဖွဲ့ရဲ့မျက်နှာကို အိုးမည်း သုတ်သည်နှင့်တူကြောင်း ဝန်ကြီးများ အစည်းအဝေးက ဝေဖန်ဆွေးနွေးကာ ဗိုလ်နေဝင်းအား ပြစ်တင်ကြသည်။

ထိုသတင်းကို သိရှိသောအခါ ဗိုလ်နေဝင်းက အစိုးရ စည်းကမ်း ဘောင်ကို ကျူးကျော်၍ မိမိပြုသော အမှုကို အပြစ်မပြုနိုင်ဘဲ သတင်းစာကို



သာ "မဲ"ကာ လျှို့ဝှက်သတင်းကို မည်သူ့ထံမှ ပေါက်ကြားသနည်းဟု စစ်စုံထောက်များကို မီးခိုးကြွက်လျှောက် စုံစမ်းစေသည်။ သို့သော် သတင်း ပေါက်ကြားသူကို သူ မသိနိုင်ရှာပေ။

ငါးလခန့်ကြာသောအခါ ၁၉၆၁ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့ မိုးကြိုးသတင်းစာတွင် "ကြည်းတပ် ဒုတပ်မှူး ၆၀ ကျော်လျော့မည်"ဟု သတင်းဖော်ပြသဖြင့် အယ်ဒီတာ ဦးအုန်းခင်အား ဖမ်းဆီး၍ အစိုးရလျှို့ဝှက် ချက် ဥပဒေပုဒ်မ ၃ (၁)(ဂ)အရ တရားစွဲခဲ့သည်။

ရာထူးမှ ဖယ်ရှားသော စစ်ဗိုလ်ချုပ်ကြီးများအနက် ဗိုလ်မှူးချုပ် မောင်မောင်နှင့် ဗိုလ်မှူးကြီးအောင်ရွှေတို့အား သံအမတ်ရာထူးများပေးရန် အစိုးရအဖွဲ့သို့ ဗိုလ်နေဝင်းက မေတ္တာရပ်သဖြင့် ဗိုလ်မှူးချုပ်မောင်မောင် အား အစ္စရေးနိုင်ငံသို့လည်းကောင်း၊ ဗိုလ်မှူးချုပ်အောင်ရွှေအား ဩစတြေးလျ သို့လည်းကောင်း မြန်မာသံအမတ်ကြီးများအဖြစ် အစိုးရက ခန့်ထား ပို့ဆောင်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

## ကောက်ကျစ်သော ဝံပုလွေက ချောင်း၍ စောင့်နေခြင်း

လူထုက ရွေးကောက်တင်မြှောက်သော သန့်ရှင်းအစိုးရ၏ ဝန်ကြီးချုပ် ဦးနု ရာထူးလက်ခံသောနေ့မှ စတင်၍ ဗိုလ်နေဝင်းက ရန်ငြိုးရှိခဲ့လေသည်။

ဝန်ကြီးချုပ်အဖြစ် ဦးနုပြန်တက်သည်နှင့် အမိန့်တခုကို ထုတ်ပြန်လိုက်ဖို့လသည်။ ထိုအမိန့်မှာ နွားသတ်ခွင့်ကို ပိတ်ပင်သောအမိန့်ဖြစ်၏။ ဦးနုသည် ငါးပါးသီလ လုံခြုံအောင် ကြိုးစားထိန်းသိမ်းနေသူဖြစ်သဖြင့် "ပါဏာတိပါတ"သူ့အသက်သတ်ခြင်းကို ရှောင်သည်။ ထို့မျှမက အခြားမြန်မာဗုဒ္ဓဘာသာဝင် အများစုတို့နည်းတူ အမဲသားကို ရှောင်သည်။ ထို့မျှမက နွားသတ်ခြင်းကိုလည်း ပိတ်ပင်လိုသည်။ အင်္ဂလိပ်အစိုးရက ထားရှိခဲ့သော အမဲသတ်လိုင်စင်ကို လေ့လာသောအခါ "နွားပျိုများကို မသတ်ရ အရွယ်လွန်သော နွားအိုများကိုသာ သတ်နိုင်သည်"ဟု ပါရှိသည်ကို သူက မကျေနပ်၊ နွားများကို လူတို့က ခိုင်းစားကြပြီး အိုမင်းချိန်တွင် နွားသတ်ရုံသို့ ပို့သည်ကို သူက လက်မခံ၊ ထို့ကြောင့် ၁၉၄၇ ခုနှစ်က ဝန်ကြီးချုပ်ရာထူးကို လက်ခံချိန်မှ စတင်ကာ ရာထူးသက်တမ်းတလျှောက်လုံး လယ်ယာလုပ်ငန်း၏ အကျိုးကိုအကြောင်းပြု၍ နွားမသတ်ရဟု အမိန့်ထုတ်ပြန်ထားခဲ့သည်။



အစိုးရက ထုတ်ပြန်သည့် နွားမသတ်ရအမိန့်ကို လက်မခံနိုင် မကျေနပ်နိုင်သူတဦး ရှိသည်။ ထိုသူမှာ ဗိုလ်နေဝင်း ဖြစ်သည်။ ဖဆပလ အစိုးရ ခေတ်တခေတ်လုံး နွားမသတ်ရ အမိန့်ရှိနေသည်ကို ဗိုလ်နေဝင်းက မကြည်မသာ ဖြစ်နေခဲ့သည်။ ၁၉၅၈ ခုနှစ် အာဏာသိမ်းစဉ်က ဝန်ကြီးချုပ် ရာထူးကို လက်ခံသောနေ့တွင်ပင် ဗိုလ်နေဝင်း ပထမဆုံး လက်မှတ်ထိုး၍ ထုတ်ပြန်သောအမိန့်မှာ နွားများကို သတ်ကြစေဟုဆိုသည့် အမဲပေါ်ခွင့်အမိန့် ဖြစ်လေသည်။

ဗိုလ်နေဝင်းနှင့် သူ၏စစ်တပ်က အာဏာလုသဖြင့် အာဏာလွှဲပေးရစေကာမူ ဦးနုက ဗိုလ်နေဝင်းတယောက် ငဲကြီးရှာလေမည်ကို သနားသည်။ ဦးနုက မရှုရက်နိုင်သဖြင့် ဝန်ကြီးချုပ်သစ် ဗိုလ်နေဝင်းထံ စာတစောင် ရေးပြီး ငရဲကြီးနိုင်သဖြင့် ယင်းအမိန့်ကို ပြင်ပေးပါဟု မေတ္တာရပ်စာ ပေးပို့ခဲ့သည်။ ဗိုလ်နေဝင်းက ဦးနုပေးပို့သော ထိုစာကို ဆုတ်ဖြဲပစ်လိုက်သည်ဟု သတင်းထောက်များ သိရှိကြရ၏။

ယခု နှန်းကျဝန်ကြီးချုပ်ဦးနု ရာထူးပြန်ရသောအခါ ဦးနုသည် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမှု မပြုရစဉ် ဝန်ကြီးချုပ် မဖြစ်မီ ၃ ရက်အလိုကပင် အတွင်းဝန်ဦးဝင်းဖေအား ခေါ်ယူ၍ နွားမသတ်ရအမိန့်စာ ဥပဒေကို ကြိုတင်ရေးသားထားစေပြီး အသင့်ထားရှိစေခဲ့သည်။ ဦးနု တရားဝင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် အတွင်းဝန် ဦးဝင်းဖေက ထိုအမိန့်ကို ရန်ကုန်တွင် အမိန့်ထုတ်ပြီး နယ်များ၌လည်း တချိန်တည်း အာဏာတည်စေရန် ကြိုးမဲ့ကြေးနန်းနှင့် ထပ်ဆင့်အမိန့်ထုတ်ခဲ့စေသည်။

ရာထူးမှ ဆင်းပေးရသူ ဗိုလ်နေဝင်းက ဦးနုပြန်အတက်တွင် အမဲမသတ်ရ အမိန့်ပြန်၍ လာမည်လောဟု စောင့်ကြည့်ခဲ့သည်။ သူမျှော်လင့်သည့်အတိုင်း ဦးနုက နွားမသတ်ရအမိန့်ကို မဆိုင်းမတွ ထုတ်ပြန်ရန် ကြိုတင်စီစဉ်သည်ကို သိရသောအခါ လွန်စွာ မခံချိမခံသာ ဖြစ်ရလေသည်။ သူ့အား ကလဲ့စားချေသည်ဟု ယူဆ၏။ "ငါ့အလှည့် လာဦးမှာပါကွ"ဟု ဖက်ကြိတ်ကာ စောင့်ဆိုင်းနေခဲ့ရသည်။ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့က

www.burmeseclassic.com

www.burmeseclassic.com



အာဏာသိမ်းသောအခါ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး အာဏာဖြင့် ဗိုလ်နေဝင်း ပထမဆုံးထုတ်ပြန်သောအမိန့်မှာ နွားသတ်ခွင့်အမိန့်ပင် ဖြစ်ရပြန်သည်။

ထိုအမိန့်ကို နားကလောစေကာမူ ဦးနု၏ ခေါင်းမာမှုနှင့် နိုင်ငံရေးလမ်းစဉ်သည် သူ့အတွက် အခွင့်အလမ်းပေါ်လေမည်ဟု ကျေနပ်ခဲ့ပြန်သည်။ ဝန်ကြီးချုပ်ဦးနုသည် ၁၉၆၀ ပြည့်နှစ်၊ မတ်လထဲတွင် အစိုးရသစ်ဖွဲ့စည်းသောအခါ ထူးခြားသော ပြောင်းလဲမှုနှစ်ခုကို ပြုလုပ်ခဲ့သည်။ ပြောင်းလဲပုံမှာ အစိုးရအဖွဲ့ဝင်ဝန်ကြီး အဖွဲ့ ဦးရေကို လျှော့လိုက်သည်၊ ဖဆပလ မကွဲမီက ဝန်ကြီး ၂၆ ဦးနှင့် ပါလီမန်အတွင်းဝန် ၃၂ ဦးရှိခဲ့သည်။ ယခုအစိုးရ အဖွဲ့၌ ဝန်ကြီးချုပ် အပါအဝင် ဝန်ကြီး ၉ ဦးသာ ခန့်ထားပြီး ပါလီမန် အတွင်းဝန် ၁၃ ဦးခန့်ထား ဖွဲ့စည်းခဲ့သည်။ ဦးနုက အရေးကြီးသော ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးဌာနတို့အပြင် အခြားဌာနနှစ်ခုကိုပါ တာဝန်ယူသေးသည်။

ယင်းသို့ဝန်ကြီးနှင့် အတွင်းဝန်ဦးရေကို လျှော့လိုက်သောအခါ မူလက ဝန်ကြီးနှင့်အတွင်းဝန် ဖြစ်ခဲ့သူတို့မှာ ရာထူးပြန်မရသဖြင့် လွန်စွာရင်အောင့်သွားကြသည်။ ထိုအထဲတွင် ပါလီမန်အတွင်းဝန် ၁၃ ဦးအနက် ရာထူးမှထွက်၍ နိုင်ငံရေးလောကသို့ ဝင်လာသူ အစိုးရ အရာရှိ နောက်ပေါက် အမတ်ဦးချစ်ဖေ၊ ဦးချမ်းသာနှင့် ဦးလှကျော်တို့သုံးဦး ပါဝင်လာသဖြင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ ကျောထောက်နောက်ခံရှိသူများအဖို့ ရာထူးအတွက် စိတ်ကွက်မှုများ ဝင်လာကြသည်။

ထို့ပြင် နိုင်ငံရေးအဖွဲ့ကြီး၏ ဖွဲ့စည်းပုံကိုလည်း ပြောင်းလိုက်ပြန်သဖြင့် မူသစ်နှင့်လူဟောင်းများတို့ အံဝင်ခွင်ကျ ဖြစ်မလာခဲ့ပြန်ပေ။

ရွေးကောက်ပွဲ ကျင်းပစဉ်က တည်မြဲဖဆပလနှင့် သန့်ရှင်းဖဆပလ ဟူသော အဖွဲ့အမည်များနှင့် မူလ ဖဆပလအဖွဲ့ချုပ်ကြီး၏ အမည်ကို အစွဲပြု၍ ရွေးကောက်ပွဲသို့ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲ ပြီးစေကာမူ တည်မြဲတို့က အမည်မပြောင်းသော်လည်း ဦးနုက သန့်ရှင်းဖဆပလ၏ အရေကိုခွာ၍ အမည်သစ်သို့ ပြောင်းသည်။



"ဒီမိုကရေစီဘဝ ထူထောင်ရေးမှာ ကျွန်တော်တို့အတွက် ညီညွတ်ရေးကို အဓိက အရေးထားတယ်ဆိုတာ ထင်ရှားစေချင်တဲ့အတွက် ဖဆပလအဖွဲ့ဟောင်းကို ဖျက်ပြီး၊ ပြည်ထောင်စုအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ပါသည်"ဟု ဦးနုက ထုတ်ဖော်၍ ၁၉၆၀ ခု၊ မတ်လ ၁၇ ရက်နေ့ သန့်ရှင်းဖဆပလ ညီလာခံတွင် အဖွဲ့သစ်ကို ဖွဲ့လိုက်လေသည်။ သတင်းစာတို့က အတိုကောက် ပထစဟု ကင်ပွန်းတပ်ကြ၏။

အဖွဲ့သစ်ဖွဲ့သည်နှင့် တစ်ပြိုင်နက် နိုင်ငံရေးပြဿနာသည်လည်း ပူးတွဲပေါက်ဖွားလာခဲ့သည်။ အဖွဲ့သစ်သည် ဖဆပလအဖွဲ့ချုပ်ကဲ့သို့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ လူငယ်ဟူ၍ လူထုလူတန်းစား အဖွဲ့ခွဲများ မရှိဘဲ အားလုံး သည် ပထစအဖွဲ့ဝင်များအဖြစ် ပါဝင်ကြရမည် ဖြစ်လေသည်။ ထို့ကြောင့် ဖဆပလခေတ်က ဗတလစ လယ်သမား ခေါင်းဆောင်၊ တီယူစီဘီ အလုပ်သမား သမဂ္ဂခေါင်းဆောင်၊ ပြည်ထောင်စု လူငယ်ခေါင်းဆောင် ဟူသော အဖွဲ့ခွဲတို့မှ ခေါင်းဆောင်များသည် ကျောထောက်နောက်ခံ အင်အားကင်းမဲ့သွားကြရသည်။

ထိုအခါ မူလက ဗတလစခေါင်းဆောင်အဖြစ် အမတ်အရွေးခံရသူအမတ်များက သီးခြားအစည်းအဝေးတရပ် ကျင်းပကြပြီး ပထစအဖွဲ့သစ်၏ စည်းမျဉ်းကို ဆွေးနွေးကြရာမှ စတင်ကာ မူလအဖွဲ့အစည်းများကို ဖျက်သင့်၏။ မဖျက်သင့်၏ ပြဿနာပေါ်လာသည်။

ပထစအဖွဲ့ကို အဖွဲ့ဝင်အဖြစ် ပါဝင်သူတို့သည် မူလမိမိတို့ပါတီများတွင် ပါဝင်ရပ်တည်နိုင်စေကာမူ ပထစတွင် အမှုဆောင်အဖြစ် တာဝန်ယူရလျှင် မူလအဖွဲ့၏ အမှုဆောင်ရာထူးမှ ထွက်ပေးရမည်ဟု ဆို၏။ ထိုအခါ မူလမိမိတို့၏ အဖွဲ့ကို အားကိုးပြုထားသူတို့က ပိုမို၍ မကျေမလည် ဖြစ်ကြရပြန်သည်။

ဤတွင် မည်သူသည် မည်သည့်အဖွဲ့မှ ဖြစ်သနည်းဟု နိုင်ငံရေးနောက်ခံအဖွဲ့ကို ဆန်းစစ်မှုများ ပြုကြလေတော့သည်။ မူလဖဆပလအဖွဲ့ချုပ်တွင် အများစုသော ခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဗမာလွတ်မြောက်ရေး တပ်မတော်မှ ပေါက်ဖွားလာသည့် ပြည်သူ့ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ဟောင်းများနှင့် အလုပ်သမားလယ်သမား အဖွဲ့များကို ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးဝင်သခင်များ ဖြစ်ခဲ့ကြသည်။ သူတို့နှစ်စုကို သခင်အစုနှင့် ဗိုလ်အစုအဖြစ် သတ်မှတ်ခဲ့ကြသည်။ ဗိုလ်အစုတွင် ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်မှူးဗလ၊ ဗိုလ်မှူးတာရာ၊ ဗိုလ်မှူးမြင့်ဆွေ၊ ဗိုလ်မှူးဇင်ယော်၊ ဗိုလ်ဘတင်၊ ဗိုလ်သောင်းထိုက်နှင့် ဗိုလ်မှူးထင်ပေါ်တို့ ပါဝင်ကြသည်။ သခင်အစု၌ သခင်တင်၊ သခင်ကျော်ဒွန်း၊ သခင်ပန်းမြိုင်၊ သခင်သိန်းမောင်၊ ဗိုလ်တင်မောင်ကြီး၊ သခင်ချန်ထွန်း၊ ဦးအုန်းညွန့်၊ သခင်ထွန်းအုံ၊ သခင်ထွန်းစိန်နှင့် ကျိုက်မရော ဦးသွင်စသည်တို့ ဦးစီးကြလေသည်။

အစိုးရအုပ်ချုပ်ရေး စက်ယန္တရားကြီးတွင် အထက်တန်းရာထူးများ ထမ်းရွက်ခဲ့ပြီးနောက် အငြိမ်းစားယူကာ တည်မြဲသန့်ရှင်းအကွဲတွင်မှ နိုင်ငံရေးလောကသို့ ဝင်ရောက်လာသူတို့ကလည်း အင်အားတစု ဖြစ်လာပြန်သည်။ အိန္ဒိယအစိုးရ ပဋိညာဉ်ခံအတွင်းဝန်ရာထူးမှ အနားယူလာသူ ဦးချမ်းသာ၊ အငြိမ်းစား တရားသူကြီးဦးလှကျော်၊ သံအမတ်ဟောင်း ဦးဝင်း၊ ဦးချစ်မေစသည့် နိုင်ငံခြားတက္ကသိုလ်ပြန် ပညာတတ်များသည်လည်း အမတ် အရွေးခံခဲ့ကြရသည်။

"ပထစ အဖွဲ့ချုပ်တွင် လူထုလူတန်းစား အဖွဲ့အစည်းများကို ဆက်လက်ထားရှိလိုသော အုပ်စုနှင့် ထိုအဖွဲ့အစည်းများကို ဖျက်သိမ်း၍ ပထစအဖွဲ့ တဖွဲ့တည်းသာ ထားရှိလိုသော အုပ်စုဟူ၍ အုပ်စုနှစ်ခု ကွဲခဲ့သည်။ ဤသို့ ကွဲခဲ့ကြရာမှ အစပြု၍ အုပ်စုများပေါ်လာပြီး ပုဂ္ဂိုလ်အရ တိုက်ခိုက်မှုများ ပေါ်လာလေသည်"ဟု ထိုစဉ်က နိုင်ငံရေးအခြေအနေကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာခေါင်းကြီးပိုင်းမှ သုံးသပ်သည်။

ပထစအဖွဲ့ကြီး ဖွဲ့လိုက်ပြီးနောက်တွင် ဦးဗိုလ်နှင့် သခင်အုပ်စုတို့သည် အဖွဲ့သစ်၌ အထိုင်မကျနိုင်ဘဲ ဣန္ဒြေမရ ဖြစ်နေခဲ့ရာမှ လအနည်းငယ်အတွင်း အဖွဲ့ကြီး ကွဲအက်ရလေသည်။

သခင်အုပ်စုဝင်တို့က မကျေနပ်သည်မှာ မိမိတို့သည်သာ နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခဲ့သူများဖြစ်သည်ဟု ယူဆခြင်းနှင့် ဖဆပလခေတ်



တလျှောက်လုံး ဝန်ကြီးနှင့် အတွင်းဝန်ရာထူးများကို ထမ်းရွက်ခဲ့သူများ ဖြစ်ခဲ့ရာမှ အကျဉ်းရုံးသော ဝန်ကြီး ၁၁ ဦးအစိုးရတွင် နေရာမရကြခြင်းတို့ ကြောင့်ဖြစ်သည်ဟု အချို့က ယူဆကြသည်။

သခင်တို့က ဦးအုပ်စုအပေါ် မကြည်နိုင်သည်မှာ ဦးအုပ်စုဝင်များသည် နယ်ချဲ့ခေတ်က အင်္ဂလိပ်လက်ပါးစေ ပညာမတတ်များ ဖြစ်ကြသည်။ သခင်တို့သည် အမျိုးနှင့်တိုင်းပြည်အတွက် ရုန်းကန်လှုပ်ရှားနေသူများ ဖြစ်သဖြင့် အထက်တန်းပညာ တက်မြောက်သူ ရှားပါးသောကြောင့် ဖြစ်ရသည်။ နိုင်ငံခြားပြန်ဘွဲ့ကြီးရှင်များကလည်း ဘွဲ့မရှိသူတို့ကို အထင်သေးသည်။ နှစ်ဖက်စလုံးတွင် လူတန်းစားညဉ်ရှိသဖြင့် အစေးမကပ်နိုင်ဟုလည်း ယူဆနိုင်သည်။ ဗိုလ်အစုသည် ဦးသခင်နှစ်စုလုံးနှင့် လိုက်လျောညီထွေ ဖနိုင်ကြသော်လည်း အရာရှိလောကမှလာသော ဖြူရိုကရက်ဟောင်းများကို ကြည့်မရခဲ့သည်လည်း ရှိ၏။

ဇာတ်စင်၏အပြင်ဖက်မှ စောင့်ကြည့်နေသူ ဗိုလ်နေဝင်းသည် မိမိ၏ အိမ်စောင့်အစိုးရခေတ်က စတင်၍ သွေးခွဲခဲ့သည့် ဤအသီးအပွင့်ကို မြင်တွေ့ရသဖြင့် ပြုံးမိသည်။ စစ်တပ်က အာဏာလုရန် အားထုတ်စဉ်က စတင်၍ သွေးခွဲခဲ့သည်။ ဖဆပလတွင် အတွင်းရေးမှူးနေရာအထိ အဆင့်တက်လာသူ သခင်ကျော်ဒွန်းအား ဓားပြတဦးသာဖြစ်သည်ဟု စစ်ဗိုလ်ကြီးများက မလိုလားနိုင်သဖြင့် စွပ်စွဲပြောဆိုခဲ့သည်။ အာဏာသိမ်းရန် ဖဆပလ အစိုးရကို တိုက်စဉ်က သခင်ကျော်ဒွန်း၏ နယ်မြေမှ လယ်သမား ခေါင်းဆောင်များအား ဖမ်းဆီးပြီး ထိုနိုင်ငံရေးအစုကို စတင်ဖြိုခွဲခဲ့ကြသည်။

အိမ်စောင့်အစိုးရခေတ်တွင်မူ ဆပ်ပြာစက်သူဌေး မူဆာမဒါးအား ပြန်ပေးဆွဲမှုတွင် ခေါင်းဆောင်ခဲ့သည်ဟု ယိုးစွပ်၍သခင်ကျော်ဒွန်းအား ရာဇသတ်ပုဒ်မ ၃၆၅၊ ၁၂၀(ခ)အရ ၁၉၅၉ ခု ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဖမ်းဆီးရန်ဗိုလ်နေဝင်းက အမိန့်ပေးခဲ့သည်။

သခင်ကျော်ဒွန်း အဖမ်းခံရခိုက်တွင် သံအမတ်ဟောင်းဦးဝင်းအား သန့်ရှင်းဖဆပလအဖွဲ့၏ အတွင်းရေးမှူးအဖြစ် အစားထိုးခန့်ထားရန် ဦးနုကစီစဉ်ခဲ့သည်ကို သခင်များက ကန့်ကွက်ကြသည်။ စစ်တပ်က တရား

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထားခိုက် ဦးဝင်းအား အစားထိုးလျှင် စစ်တပ်အစိုးရ၏ စွပ်စွဲချက်ကို သန့်ရှင်းအဖွဲ့က လက်ခံသည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ သခင်ကျော်ဒွန်းသည် အပြစ်မရှိပါဟု အကြောင်းပြကြသည်။ ထို့ကြောင့် ယာယီအတွင်းရေးမှူးအဖြစ် ဗိုလ်မင်းခေါင်အား ခန့်ထားခဲ့ရသည်။

ဗိုလ်မင်းခေါင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခိုက်တွင် အမတ်လောင်းများ ရွေးချယ်စဉ်က လယ်သမားခေါင်းဆောင်များအား ဖယ်ချခဲ့သည်ဟုဆိုကာ သဘောကွဲလွဲမှု စတင်ခဲ့၏။

ရွေးကောက်ပွဲ၌ သန့်ရှင်းတို့အနိုင်ရသောအခါ သခင်ကျော်ဒွန်း၏အမှုမှာ အလိုအလျောက် ပေါ့သွားခဲ့သည်။ သက်သေခိုင်လုံမှုမရှိပဲ စစ်ဗိုလ်ကြီးများ ယူဆချက်သာ ဖြစ်နေသည်။ ထို့ကြောင့် ၁၉၆၀ ခု မတ်လ ၈ ရက်နေ့တွင် သခင်ကျော်ဒွန်းသည် မအူပင်ထောင်မှ အာမခံနှင့် လွတ်မြောက်လာသောအခါ အတွင်းရေးမှူးရာထူးကို ပြန်လည်ရယူသည်။ မိမိ အဖမ်းခံရချိန်တွင် မိမိ၏ရာထူးကို လုယူကြပြီး လွတ်လာသောအခါ၌ ရာထူးကို ပြန်မပေးလိုကြသဖြင့် သန့်ရှင်းအဖွဲ့တွင် အုပ်စုကွဲနေပါသည်ဟု အစည်းအဝေး၌ ပြောကြားသည်အထိ အက်သံထွက်ခဲ့၏။

အင်းစိန်ခရိုင်ထန်းတပင်မြို့သား သခင်ကျော်ဒွန်းသည် သာယာဝတီမြို့ အတက်တန်းကျောင်းတွင် ပညာသင်ချိန်မှစတင်၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အင်းစိန်ခရိုင် တောင်သူလယ်သမားအစည်းရုံး၏ အတွင်းရေးမှူးအဖြစ် ခေါင်းဆောင်ခဲ့စဉ်က အသက် ၂၃ နှစ်သာရှိသေးသည်။ ဂျပန်ခေတ်တွင် အင်းစိန်ခရိုင်တို့ဗမာ ဆင်းရဲ သားအစည်းအရုံးတွင် စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ရင်း ဖက်ဆစ်တော်လှန်ရေးကာလတွင် တောင်သူလယ်သမား ပြောက်ကျားများနှင့်အတူ လှုပ်ရှားခဲ့သည်။ စစ်ပြီးခေတ် ဆိုရှယ်လစ်ပါတီ တည်ထောင်သောအခါ တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့၏။ ၁၉၄၇ ခု တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ၌ အင်းစိန်မြောက်ပိုင်း အမတ်အဖြစ် အရွေးခံခဲ့ပြီး ၁၉၅၀ ခုနှစ်မှစကာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဆင့်သို့ တက်ခဲ့သည်။ ထိုမှ ဖဆပလ



အစိုးရ၏ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးအဖြစ် ဆက်တိုက် ခန့်ထားခံခဲ့ရသည်။

သခင်ကျော်ဒွန်းအား စစ်ဗိုလ်ကြီးအများစုက တိုက်ခိုက်ရန်ပြုခဲ့ကြသော်လည်း သူသည် ဗိုလ်နေဝင်းနှင့် လျှို့ဝှက်ဆက်သွယ်မှု ရှိခဲ့သည်။ သူသည် ဦးနုက ယုံကြည်သူဟု အများက သိကြသည်။ ဗိုလ်နေဝင်းနှင့် ဆက်သွယ်မှုကိုမူ သတင်းထောက်များပင် မသိခဲ့ကြ။ ဗိုလ်နေဝင်း၏ စစ်အစိုးရခေတ်တွင် ဗိုလ်နေဝင်းက သခင်ကျော်ဒွန်းအား မြှောက်စားခဲ့သည်။ မဆလ အစိုးရခေတ်တွင် ဖဆပလခေါင်းဆောင်များကို ရာထူးပေးလေ့မရှိသော်လည်း သခင်ကျော်ဒွန်းနှင့် ဦးဘစောတို့နှစ်ဦးကို သံအမတ်ရာထူးများ ပေးခဲ့၏။ ဗိုလ်နေဝင်းက လင်ရှိမယားဖြစ်သူ ဒေါ်ခင်မေသန်းအား လက်ထပ်သဖြင့် စစ်သေနာပတိရာထူးမှ ဖြုတ်ချရန် ဝန်ကြီးချုပ်ဦးနုက အစိုးရဝန်ကြီးအဖွဲ့တွင် အဆိုတင်၍ ဆုံးဖြတ်စဉ်က ဝန်ကြီးများ၏ အစည်းအဝေးပြီးသည်နှင့် ဝန်ကြီးဦးဘစောက ဗိုလ်နေဝင်းထံသို့ သွားရောက်သတင်းပေးသည်။ ဗိုလ်နေဝင်းက မိမိရာထူးတည်မြဲရန် ဦးကျော်ငြိမ်း၊ ဦးဗဆွေနှင့် သခင်ချစ်မောင်တို့အား “ကပ်”နိုင်ရန် အချိန်ရခဲ့သောကြောင့် ကျေးဇူးရှိသဖြင့် ကျေးဇူးဆပ်သည်ဟု ဆိုကြသည်။ သခင်ကျော်ဒွန်းကိုမူ ဗိုလ်နေဝင်း၏ အိမ်စောင့်အစိုးရခေတ်က ဓားပြဗိုလ်အဖြစ် ဖမ်းဆီးခဲ့ပါလျက် မဆလအစိုးရခေတ်တွင် မြှောက်စားခံရခြင်းကို သတင်းစာတို့က လိုက်လံစုံစမ်းကြသော်လည်း အဖြေမရကြပေ။

မည်သို့ဆိုစေကာမူ သခင်ကျော်ဒွန်းက သခင်အုပ်စုကို ခေါင်းဆောင်၍ ဦးအုပ်စုများကို တိုက်ကြသဖြင့် ပထစအဖွဲ့ကြီးသည် စလယ်ဝင်ပင်မမည်းမီ ကွဲခဲ့ကြလေသည်။ ပထစအကွဲသည် နယ်များသို့ပါ ကူးစက်သဖြင့် အကွဲတန့်သွားစေရန် အငြင်းပွားမှုရှိသော ခရိုင်နှင့်မြို့နယ်ညီလာခံအချို့ကို ကျင်းပခြင်းမပြုဘဲ ရပ်ဆိုင်းထားခဲ့ရသည်။

ပထစညီလာခံကြီး ကျင်းပရမည့်အချိန်တွင် အုပ်စုကွဲသော ရောဂါပိုမိုပြင်းထန်လာသဖြင့် ဥက္ကဋ္ဌဦးနုက မိမိသည် ဥက္ကဋ္ဌရာထူးမှ ထွက်တော့မည်ဟု ထုတ်ဖော်လိုက်သည်။ ထိုအခါ ဥက္ကဋ္ဌရာထူးကို ဝင်ရောက် အရွေး

www.burmeseclassic.com

www.burmeseclassic.com



ခံရန် သခင်တင်က ပတလစအဖွဲ့ ဥက္ကဋ္ဌရာထူးမှ ထွက်လိုက်သဖြင့် ပထစအဖို့ သခင်အုပ်စု၏ လက်အောက်သို့ ရောက်ရလေတော့မည်ဟု ဦးအုပ်စုက ဗိုလ်အစုနှင့် ပူးပေါင်း၍ ဟန့်တားရန် အားထုတ်ကြလေသည်။ ဤတွင် ဗဟိုအဖွဲ့မှစတင်၍ နယ်ဘက်သို့ ပြင်းထန်စွာ ကူးစက်လာလေတော့၏။

သို့သော် ပထစအဖွဲ့ကြီးကို ဦးဆောင်ရန် ဦးနုကဲ့သို့ လူထုက လက်ခံသည့် ခေါင်းဆောင်မရှိသောကြောင့် မည်သူကမှ သူ၏နေရာကို ယူရန် မရဲသဖြင့် ပထစအမှုဆောင် ၂၄ ဦးစလုံးက နုတ်ထွက်စာတင်ကြသည်။ "ဥက္ကဋ္ဌကြီးသည် ပထစကို စတင်ပျိုးထောင်ခဲ့ပါသည်။ ပါတီတွင်း သန့်ရှင်းရေး၊ ဒီမိုကရေစီ အုတ်မြစ်ချရေးကို ဆောင်ရွက်ရဦးမည်ဖြစ်သဖြင့် ဥက္ကဋ္ဌကြီးက ဆက်လက်အကောင်အထည် ဖော်ရန်အတွက် အလုပ်အမှုဆောင်တဖွဲ့လုံး နုတ်ထွက်ပါသည်"ဟု စာတင်ကြသော်လည်း ဦးနုက လက်မခံပဲ သာမန်အဖွဲ့ဝင်အဖြစ်နေမည်ဟု ကြေညာခဲ့သည်။

၁၉၆၂ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကိုယ်စားလှယ် ၇၂၂ ဦး တက်သော ပထစညီလာခံ ကျင်းပသောအခါ သခင်တင်အား ပထစအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြပြီး နှစ်ဖက်အုပ်စုများ ညီမျှသည့်ဗဟိုချုပ်အမှုဆောင် ၁၆ ဦးနှင့် အရံ ၁၅ ဦးကို ရွေးကောက်နိုင်ကြသဖြင့် အဖွဲ့ကြီးမှာ အစိတ်စိတ် မကွဲတော့ပဲ ညီညွတ်ရေးကို ထိန်းသိမ်းနိုင်ခဲ့သေးသည်။

သို့သော် တဖက်နှင့်တဖက် ရန်စောင်မှုများ ဆက်လက်ကျန်ရစ်ခဲ့သေး၏။ အစိုးရစက်ယန္တရားကြီးကမူ ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ဝန်ကြီး ၉ ဦးနှင့် ဆက်လက်စခန်းသွားကာ နိုင်ငံကို အုပ်ချုပ်နိုင်ခဲ့လေသည်။

ပထစကြီးအပိုင်းပိုင်း ကွဲပါက ထိုအကွဲကိုအကြောင်းပြု၍ အာဏာသိမ်းရန် စောင့်ဆိုင်းနေသူ ဗိုလ်နေဝင်းအဖို့ မချင့်မရဲ ဖြစ်နေရရှာသည်။

■



(၁၃)

## ဝံပုလွေကြီး အားတက်လာလေပြီ

ပထစအစိုးရတက်လာပြီး လအနည်းငယ်အတွင်း ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ဘာသာအဖြစ် အသိအမှတ်ပြုရန် ဝန်ကြီးချုပ်ဦးနုက စီစဉ်သောအခါ ဘာသာရေးကိစ္စသည် ပြဿနာအကြီးဆုံးအမှုဖြစ်သောကြောင့် ပဋိပက္ခလာတော့မည်ဖြစ်ပြီး မိမိ အခွင့်အရေးလည်း လာလေပြီဟု ယူဆကာ ဗိုလ်နေဝင်း လက်ခမောင်း ခတ်လေတော့သည်။

မြန်မာဗုဒ္ဓဘာသာခေါင်းဆောင်တို့သည် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးအတွက် အရေးဆိုစဉ်ကပင် လွတ်လပ်သော မြန်မာနိုင်ငံ တည်ထောင်ချိန်၌ နိုင်ငံတော်၏ ဘာသာကို ဗုဒ္ဓဘာသာအဖြစ် သတ်မှတ်ရန် စိတ်ကူးယဉ်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ မေလက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန် ဖဆပလအဖွဲ့ချုပ်၏ ပဏာမညီလာခံကျင်းပရန် စီစဉ်စကာလကပင် ရဟန်းတော်အချို့နှင့် နိုင်ငံရေးခေါင်းဆောင်များက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်စေရန် ရေးသားဟောပြော လှုံ့ဆော်ခဲ့ကြသည်။

အဖွဲ့ချုပ်၏ခေါင်းဆောင် ဥက္ကဋ္ဌဦးအောင်ဆန်းကမူ "သမ္မတဟာ ဗုဒ္ဓဘာသာဖြစ်ရမယ်ဆိုလျှင် မှားတယ်၊ ဒီလိုလုပ်ကြရင် နိုင်ငံတော် ကွဲပြိုးမှေးမှောင်ကျတာပဲ"ဟု ပြတ်သားစွာ ပြောဆိုဆန့်ကျင်ခဲ့သည်။ ဘာသာ

www.burmeseclassic.com



ကိုင်းရှိုင်းသူ ဦးဘချိုက နိုင်ငံတော်ဘာသာအဖြစ် ဗုဒ္ဓဘာသာဖြစ်ရမည်ဟု ညီလာခံတွင် တရားဝင် အဆိုတင်သောအခါတွင်လည်း ဦးအောင်ဆန်းက ပြင်းထန်ပြတ်သားစွာ ကန့်ကွက်ပြန်၏။

"သည်လိုမဟုတ်မဟတ် လျှောက်လုပ်နေကြရင် ကျွန်တော်တို့ တိုင်းပြည်ဟာ မကြာမီ ပျက်စီးပြိုကွဲပြီး ကျွန်သဘောက် ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အလောင်းဘုရား လက်ထက်ကတည်းက မွတ်ဆလင်တွေ ရှိတယ်၊ ဘရင်ဂျီတွေ ရှိတယ်၊ အစတုန်းက ရှိခဲ့တဲ့ နတ်ကိုးကွယ်တဲ့ တောင်တန်းသားတွေ ရှိတယ်၊ အဲဒီတောင်တန်းသားတွေဟာ အင်္ဂလိပ်လက်အောက်တုန်းက အချို့ခရစ်ယာန်တွေဖြစ်ပြီး အရိုးစွဲနေကြတာရှိတယ်။

"သူတို့တတွေဟာ အားလုံး နိုင်ငံသားတွေပဲ၊ တိုင်းပြည်ကို ကျွန်တွင်းကလွတ်အောင် တိုက်ထုတ်ကြတုန်းက ကျွန်တော်တို့ချည်း မဟုတ်ဘူး၊ သူတို့တတွေ ပါကြပါတယ်။ အခု ကျွန်တွင်းက လွတ်မယ်မကြံသေးဘူး၊ သူတို့အပေါ်မှာ အနိုင်ကျင့်ပြီး ငါတို့လူများစုရဲ့ဘာသာကို နိုင်ငံတော်ဘာသာဖြစ်ရမယ်လို့ လုပ်လိုက်လျှင် ကျွန်တော်တို့ဟာ ခွေးလောက်တောင် အသုံးမကျတဲ့ အကောင်တွေ ဖြစ်သွားမှာပေါ့ဆရာ၊ တိုင်းပြည်ကို တိုင်းပြည်ရေးလို့ တွေးစမ်းပါ၊ တိုင်းပြည်တခုလုံး စည်းရုံးကြဖို့လိုတယ်၊ နိုင်ငံတော်ဘာသာကို ဗုဒ္ဓဘာသာလုပ်ချင်လျှင်... ဗုဒ္ဓဘာသာ နိုင်ငံတော်လို့ ဆရာကြေညာ ကျွန်တော် မပါဘူး"ဟု ဦးအောင်ဆန်းက ကန့်ကွက်ခဲ့သဖြင့် ဆရာတော်ကြီးတို့ပါ ဝင်ရောက်ဆွေးနွေး ဟောပြောရေးသား လှုံ့ဆော်ကြပြန်သည်။

နိုင်ငံရေးလောကကို ခေါင်းဆောင်သူအများတို့က ကန့်ကွက်ကြသည်။ ဖဆပလအဖွဲ့ချုပ် အတွင်းရှိ ဖဆပလခေါင်းဆောင်အချို့ကလည်း သဘောမတူကြောင်း ဆန္ဒပြကြသည်။ ဘာသာခြားတို့သာမက ဗုဒ္ဓဘာသာဝင်များကလည်း ကန့်ကွက်ကြသည်။ ကန့်ကွက်သူများတွင် ခေါင်းဆောင်ဖြစ်သူ ဦးအောင်ဆန်းက သူများထက်ပြင်းထန်စွာ ကန့်ကွက်သည်။ စကားပြောလေတိုင်း လိုရင်းကို ထိမိုက်အောင် ရှင်းရှင်းပြောလေ့ရှိသဖြင့် မကျေနပ်သူများ ပေါ်လာသည်။



တချို့တွင် ဦးအောင်ဆန်းက ဆူညံစွာရေးသား ဝေဖန်ကြသော သတင်းစာတို့အား "ခွေးဟောင်တိုင်း ထကြည့်မနေနိုင်ဘူး" ပြောမိသဖြင့် သာသနာရေးရပ်ကွက်တွင် ပြင်းစွာဂယက်ရိုက်ခဲ့သည်။ ထိုအခါ ဘုရင်ခံဆာဟူးဘတ်ရန့်စ်က ဒုတိယဥက္ကဋ္ဌသခင်နုအား တိုးတိုးတိတ်တိတ် ဖိတ်ခေါ်၍ ဘာသာရေးကိစ္စကို ကိုင်တွယ်လျှင် သတိကြီးစွာထား၍ ပြောဆိုသင့်ကြောင်း ထောက်ပြပြီး သတိပေးကာ အကြံပြုသည်။

ဘုရင်ခံက အခြေခံဥပဒေတွင် ဘာသာရေးကိစ္စကို ချွင်းချန်ထားလျှင် ဗုဒ္ဓဘာသာဝင်များ မကျေမနပ် ဖြစ်နိုင်သဖြင့် အိုင်ယာလန်ဥပဒေကဲ့သို့ ရေးဆွဲသင့်သည်ဟု တိုက်တွန်းပြီး အိုင်ယာလန်ပြည်၏ အခြေခံဥပဒေစာအုပ်ကိုပေး၍ အကြံပြုသည်။ ဗုဒ္ဓဘာသာသည် နိုင်ငံတော်၌ လူအများစုတို့က ကိုးကွယ်သောဘာသာ ဖြစ်သည်။ သို့သော် အခြားဘာသာများလည်း ရှိပေသည်ဟူ၍ ဥပဒေပြုသင့်ကြောင်း အကြံပေး၏။

ဦးနုက ထိုစာအုပ်ကို ဦးအောင်ဆန်းအားပေး၍ ရှင်းပြသည်ကို ဦးအောင်ဆန်းက လက်ခံသဘောတူသဖြင့် ဘာသာကိစ္စကို ဆက်လက်ဆွေးနွေးမှုမပြုဘဲ ဥပဒေမူကြမ်းမှာ ချောမောစွာ ရေးနိုင်ခဲ့ကြလေသည်။

၁၉၄၇ ခု မြန်မာနိုင်ငံ၏ အခြေခံဥပဒေ၌ ဘာသာရေးနှင့် ပတ်သက်၍ ပုဒ်မ ၂၁(၁)တွင် ပြေလည်စွာ ရေးသားချက်ကို အဆင့်ဆင့်သဘောတူခဲ့ကြလေသည်။

(၁) ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော် နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာကြီးဟု ပြည်ထောင်စု မြန်မာနိုင်ငံတော်က အသိအမှတ်ပြုသည်။

(၂) နိုင်ငံတော်သည် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သောဘာသာ စသည့် ဘာသာတို့ကို ဤနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အတည်ပြုသော အချိန်၌ နိုင်ငံတော်တွင်း ရှိနေကြသော ဘာသာအချို့ဟူ၍ အသိအမှတ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေမှ ဤစာပိုဒ်ကို မှီငြမ်းပြု၍ ဖဆပလအစိုးရက ဗုဒ္ဓဘာသာ သာသနာရေးကိစ္စရပ်များကို စွမ်းဆောင်နိုင်ခဲ့ကြသည်။ အစိုးရအဖွဲ့၌ပင် သာသနာရေးဝန်ကြီးဌာနကို ဖွဲ့စည်း၍ ဝန်ကြီးတဦးက တာဝန်ယူ လုပ်ဆောင်နိုင်ခဲ့သည်။ သံဃာ့ဝိနိစ္ဆယအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေများကို လွှတ်တော်မှ ပြဋ္ဌာန်းနိုင်ခဲ့သည်။ ဗုဒ္ဓသာသနာကောင်စီ ကိုလည်း အစိုးရက တာဝန်ယူ၍ ဖွဲ့စည်းပေးနိုင်သည်။

ဗုဒ္ဓဘာသာဝင်တို့အတွက် သာမက၊ အခြားဘာသာဝင် နိုင်ငံခြားသားများအတွက်လည်း အစိုးရက လိုအပ်သလို ကူညီထောက်ပံ့ လုပ်ဆောင်ပေးခဲ့သည်။ သက်ဆိုင်ရာဘာသာများသို့ ဘာသာဝင်ဦးရေအလိုက် ငွေကြေးလှူဒါန်းခဲ့သည်။ ထိရောက်သော လုပ်ငန်းတခုမှာ အစ္စလာမ်ဘာသာ၏ အရေးပါသော ကိုရန်ကျမ်းကို မူရင်းအာရေဗျဘာသာမှ မြန်မာဘာသာဖြင့် ပြန်ဆိုရေးအတွက် ရန်ပုံငွေကို အစိုးရက မတည်ပေးခဲ့သည်၊ ရန်ကုန်မြို့၌ ပရိုတက်စတင့်ကိုဏ်းပေါင်းစုံ ညီလာခံကျင်းပစဉ်က သမ္မာကျမ်းစာ စာအုပ်များကို အစိုးရက ဝယ်ယူဝေငှခဲ့သည်။

အီတလီပြည် ဗာတီကန်မြို့တော်ရှိ ပုတ်ရဟန်းမင်းကြီးအား ဂါဝရပြုရန်အတွက် မြန်မာကက်သလစ်ဘာသာ ခေါင်းဆောင်များ၏ အဖွဲ့တဖွဲ့ကို အစိုးရစရိတ်ဖြင့် ပို့ဆောင်ပေးခဲ့ပြီးအလားတူ မွတ်ဆလင်ဘာသာဝင်များအတွက် အာရေဗျနိုင်ငံ၊ မက္ကာသို့ ဝတ်ပြုရန် အဖွဲ့တခုကို အစိုးရက စေလွှတ်ပေးခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက နိုင်ငံခြားခရီးထွက်စဉ်တွင် ဗာတီကန်မြို့တော်သို့ သွားရောက်၍ ပုတ်ရဟန်းမင်းကြီးအား ဂါဝရပြုပြီးအပြန်တွင် ခရစ်ဝင်ပုံတော်ကားများ၊ ပုတ်ရဟန်းမင်းကြီး၏ ပုံတော်များ၊ စာအုပ်များ သယ်ဆောင်၍ မြန်မာ–ခရစ်ယာန်များသို့ ဝေငှသည်။ ဂျော်ဒန်သို့ သွားရောက်ကာ ဂျော်ဒန်မြစ်ရေနှင့် လက်ဝါးကပ်တိုင်ပုံများ သယ်ယူဝေငှခဲ့၏။

ဖဆပလ အစိုးရက ဘာသာရေးကို အားပေးစေကာမူ ဘာသာရေးကို အခြေပြု၍ နိုင်ငံရေးလုပ်ဆောင်မှုကိုမူ အားမပေးခဲ့ပေ။

ဖဆပလအဖွဲ့ကြီး တည်ဆောက်စဉ် နေသူရိန်ညီလာခံခေတ်က



အဖွဲ့ချုပ်အတွင်းရှိ လူထုလူတန်းစားအဖွဲ့များတွင် "ဗမာမွတ်ဆလင် ကွန်ဂရက် (ဗမက)"အမည်နှင့် တက်ကြွသော နိုင်ငံရေးအဖွဲ့တခု ပါဝင်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်က ဗမကတို့သည် အခြားအဖွဲ့အစည်းများထက်ပင် ပိုမိုတက်ကြွစွာ လှုပ်ရှားခဲ့သည်။

လွတ်လပ်ရေးရရှိပြီး ဖဆပလအစိုးရ တက်လာသောအခါ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမပြုဘဲ တသီးတခြားစီ တည်နေကြရန် မူချမှတ်ထားခဲ့သော်လည်း ဗမကအဖွဲ့ကို သတိမမူမိကြဘဲ ပူးတွဲလက်ခံထားခဲ့သည်။ နောက်ပိုင်းတွင် ဖဆပလအဖွဲ့ကြီး၏ အဖွဲ့တခုသည် ဘာသာရေးအဖွဲ့တခု ဖြစ်နေသည်ကို သတိပြုမိသောကြောင့် အဆိုပါ ဗမာမွတ်ဆလင်အဖွဲ့ ဗမကကို ဖျက်သိမ်းရန် ၁၉၅၅ ခု၊ ဒီဇင်ဘာ ၂၉ ရက်နေ့က ညွှန်ကြားခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက "ဗမကတွေက ဗမာတွေပါ၊ မွတ်ဆလင်ဘာသာ ယူထားတဲ့ ဗမာတွေပါ၊ မွတ်ဆလင်ဘာသာယူထားတာမို့ သီးခြားဖွဲ့သင့်တယ်လို့ ခင်ဗျားတို့က ပြောလာရင် ဗမာခရစ်ယာန်တွေလည်းဖွဲ့၊ ဗမာဟိန္ဒူတွေကလည်း ဖွဲ့လာလိမ့်မယ်၊ ဗမာဗုဒ္ဓဘာသာတွေကလည်း ဖွဲ့လာလိမ့်မယ်။

"ပြည်တော်သာ လုပ်ငန်းတွေပြုပြီး စည်းရုံးတာနဲ့ ဘာသာကိုပြုပြီး စည်းရုံးတာက ပိုပြီးလွယ်ကူပါတယ်။ ဘာသာကိုပြုပြီး စည်းရုံးတဲ့ အဖွဲ့အစည်းတွေ ပေါ်လာရင် တိုင်းပြည်အတွက် မကောင်းပါ။ ဘာသာရေးကို လွတ်လပ်စွာ ကိုးကွယ်နိုင်ပေမဲ့ ဘာသာရေး မျှတမှုမရှိလျှင် အဓိကရုဏ်းတွေဖြစ်ပြီး တိုင်းပြည်အတွင်း သွေးချောင်းစီးပါလိမ့်မယ်။ အခြားဘာသာရေးအဖွဲ့အစည်းတွေ မှိုလိုပေါက်လာပြီး လွတ်လပ်ရေးကို ထိခိုက်နိုင်ပါတယ်။ ၁၉၄၈ ခု၊ လွတ်လပ်ရေးရပြီးကတည်းက ဗမက မရှိသင့်ကြောင်း ကျွန်တော် ပြောခဲ့ပါတယ်"ဟု ရှင်းပြသည်ကို ဗမကအဖွဲ့က လက်ခံကာ အဖွဲ့ကို ဖျက်သိမ်းပေးခဲ့သည်။

ယင်းသို့ ဘာသာပေါင်းစုံ လွတ်လပ်စွာ ထွန်းပနေသော်လည်း ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန်ကိစ္စမှာ ရပ်တန့်

www.burmeseclassic.com

www.burmeseclassic.com



မိသွားဘဲ ဆက်လက် အားထုတ်ခဲ့ကြပြန်သည်။

၁၉၅၁ ခု၊ ဒီဇင်ဘာ ၂၆ ရက်နေ့က ပြည်သူ့လွှတ်တော် အစည်းအဝေး၌ "ပြည်ထောင်စု မြန်မာနိုင်ငံကို ဗုဒ္ဓနိုင်ငံတော်အဖြစ် အတိအလင်း ကြေညာပါရန် အစိုးရအား ပါလီမန်က အကြံပေး ထောက်ခံကြောင်း" အဆိုကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အမတ် ဒေါ်ခင်လှက တင်သွင်းသည်။ သွားလေသူ ဒီးဒုတ်ဦးဘချို၏ သမီးက ဖခင်၏ဆန္ဒ လက်စကို ထပ်မံ အားထုတ်ပြန်သည်။ ထိုအဆိုကို ပဲခူးကျေးလက်မြောက်ပိုင်း အမတ် ဗိုလ် ခင်မောင်က ထောက်ခံခဲ့၏။

ထိုအဆိုကို သာသနာရေးဝန်ကြီးဦးဝင်းက ခေါင်းဆောင်ကန့်ကွက် ခဲ့သဖြင့် ပျက်ပြယ်သွား၏။ ဦးဝင်းက "ဗမာတွေ လွတ်လပ်ရေးရလျှင် ဘာသာရေး ချုပ်ချယ်မှုပြုကြလေမည်ဟု အင်္ဂလိပ်တွေက ခြေထိုးခဲ့ပါတယ်။ ကျွန်တော်တို့ လူအများစုက ဘာသာကိုးစွကို အတိုင်းအရှည် မညီအောင် လုပ်ရန်မသင့်ပါ"ဟု အကြောင်းပြခဲ့သည်။

သို့သော် ၁၉၆၁ ခု၊ ဩဂုတ်လတွင်မှ အခြေခံဥပဒေပုဒ်မ ၂၁(၁) ကို "ဗုဒ္ဓဘာသာ သာသနာသည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာ ဘာသာကြီးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာ ဖြစ်စေရမည်"ဟု ပြင်ဆင်ချက်ဥပဒေကို တင်သွင်း အတည် ပြုခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှင့် သာသနာ ၂၅၀၀ ပြည့်ပွဲကို ၁၉၅၆ ခုနှစ်က ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပစဉ် ဆရာတော် ကြီးများက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုရန် တိုက်တွန်းကြစဉ်က အခြားဘာသာဝင် နိုင်ငံသားများ အထင်အမြင်မှားလျှင် အမျိုးသား စည်းလုံး ရေးကို ပျက်ပြားနိုင်သဖြင့် မပြုသင့်သေးကြောင်းနှင့် ဝန်ကြီးချုပ် ဦးနုက ငြင်းဆိုလျှောက်ထားခဲ့သည်။

သုံးနှစ်ခန့်ကြာသော ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ တွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲအတွက် သန့်ရှင်းဖဆပလ၏ ရွေး ကောက်ပွဲလမ်းစဉ်ကို ကြေညာသောအခါတွင်မှ ဦးနုက "ဗုဒ္ဓဘာသာကို



နိုင်ငံတော်ဘာသာဖြစ်ရန် ဘာသာခြားခေါင်းဆောင်များနှင့် ညှိနှိုင်း၍ လုပ် ဆောင်မည်"ဟု ရွေးကောက်ပွဲ ကတိတခုအဖြစ် ဆုံးဖြတ်ထုတ်ဖော်ခဲ့ လေသည်။

ဝန်ကြီးချုပ်ဦးနုသည် သူ့အာဏာပြန်ရသောအခါတွင် ရွေးကောက်ပွဲ ကတိအတိုင်း အားထုတ်လုပ်ဆောင်ခဲ့လေသည်။ သံဃာတော် ၂၃ ပါးနှင့် လူပုဂ္ဂိုလ် ၂၁ ဦး ပါဝင်သည့် "ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော် ဘာသာ သာသနာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရေးဆိုင်ရာ အကြံပေးအဖွဲ့"ကို ၁၉၆၀ ခု၊ ဧပြီလ ၄ ရက်နေ့တွင် ဖွဲ့စည်းလိုက်လေသည်။

ဥက္ကဋ္ဌရိက္ခာတော်ရ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိန်းမောင် ဦးစီးသောအဖွဲ့သည် ဗုဒ္ဓဘာသာဝင်များထံမှ အကြံပေးချက်များနှင့် အခြား ဘာသာဝင်များ၏ စိုးရိမ်ကြောင့်ကြမှုများကိုပါ စုံစမ်း၍ ၎င်းတို့၏ လွတ် လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးကို ထိုးစဉ်းမှ မထိခိုက် အောင် လုပ်ဆောင်မှုအတွက် အကြံပေးကြရန် တာဝန်ကို လုပ်ဆောင်ကြ ရသည်။

တိုင်းပြည်မှာ အကြံပေးအဖွဲ့ကို ဖွဲ့စည်းချိန်မှ စတင်ကာ တုန်လှုပ် ဆူပွက်သွားတော့သည်။ ဘာသာခြားများသာမက ဗုဒ္ဓဘာသာဝင် မြန်မာ များကလည်း ကန့်ကွက်သူများ ရှိသည်။

၁၉၆၀ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က မြစ်ကြီးနားမြို့သို့ သွားရောက်သော အကြံပေးအဖွဲ့ကို အင်အား ၅၀၀၀ ခန့်ရှိလူထုက ဆန္ဒပြ ကန့်ကွက်ကြသည်။ မီးရထားနှင့် သံတဲကို ခဲများနှင့် ပေါက်ကြသဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက အခြားဘာသာဝင်များနှင့် တွေ့ဆုံရှင်းလင်း ပြောဆိုရာတွင်လည်း အများစုတို့က ကန့်ကွက်ငြင်းဆိုကြသည်ကို တွေ့ ရသည်။

ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုရေး အစီအစဉ်ကို ဗုဒ္ဓဘာသာ ဝင်ဖြစ်သော သမ္မတဟောင်းစပ်ရွှေသိုက်၊ ဝန်ကြီးဟောင်း ဦးထွန်းဖေ စသော ပုဂ္ဂိုလ်များကလည်း အစည်းအဝေး အမျိုးမျိုးကျင်းပ၍ ကန့်ကွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်း (သို့မဟုတ်) ပထစအစိုးရကို နိုင်ငံရေးကိစ္စ အထွေထွေတို့၌ ထောက်ခံခဲ့သော ပမညတအဖွဲ့ကြီးကလည်း နိုင်ငံတော်ဘာသာပြုသဖြင့် မုန်းတီးခြင်း၊ ရန်ပြုခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း စသည့် မလိုလားအပ်သော ပြဿနာများပေါ်လာနိုင်သည်ဟု အကြောင်းပြ၍ ကန့်ကွက်လေသည်။ တည်မြဲဖဆပလကမူ ယင်းကိစ္စကို သဘောမတူနိုင်ကြောင်း ပြင်းထန်စွာ ကန့်ကွက်သည်။

အဆိုကို လွှတ်တော်သို့ တင်သွင်းသောအခါ နိုင်ငံတွင်းရှိ ဘာသာသာသနာ အားလုံးညီညွှန်းရပါမည်။ ပြည်ထောင်စုကြီး ပြိုကွဲပါမည်ဟု အကြောင်းပြ၍ တည်မြဲခေါင်းဆောင်သခင်သာခင်က ကန့်ကွက်သွား၏။ ပထစအစိုးရအဖွဲ့ဝင် ဦးရာရှစ်နှင့် ဝန်ကြီးဦးဇာရဲလှျံတို့ကလည်း လွှတ်တော်တွင် ဆန့်ကျင်တင်ပြ ကန့်ကွက်ကြသည်။

ယင်းသို့ ကန့်ကွက်ကြသော်လည်း လွှတ်တော်၌ အဆိုကို မဲခွဲဆုံးဖြတ်သောအခါ ဥပဒေကြမ်းကို ထောက်ခံမဲ ၃၂၄ မဲရရှိ၍ ကန့်ကွက်မဲက ၂၈ မဲသာရှိသဖြင့် တတိယမြောက် အခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေမှာ ငြိမ်းချမ်းစွာ အတည်ဖြစ်သွားခဲ့လေသည်။

နိုင်ငံတခုလုံး အယူအဆ ကွဲပြားကြသဖြင့် တဖက်နှင့်တဖက် ဝေဖန်ဆွေးနွေးကြရင်း သွေးပူလာကြသော်လည်း မြစ်ကြီးနားမြို့ ဆန္ဒပြပွဲမှ တပါး ပဋိပက္ခကြီးစွာ မဖြစ်ခဲ့ပဲ ငြိမ်းချမ်းစွာ ပြီးမြောက်ခဲ့သည်။

တဖန် နိုင်ငံတော်ဘာသာကို အတည်ပြုပြီးသည့်နောက် ဗုဒ္ဓဘာသာ မဟုတ်သော အခြားဘာသာများ၏ အခွင့်အရေးကို တိုးမြှင့်ခြင်း၊ ဘာသာတိုင်း ဘာသာရေးရာ သင်ကြားမှု အားပေးရေး၊ ပြည်သူ့ဘဏ္ဍာမှ ငွေကြေးထောက်ပံ့ရေးစသည့် အချက်များကို အစိုးရက လုပ်ဆောင်ရန်အတွက် စတုတ္ထမြောက် အခြေခံဥပဒေကို ရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းသောအခါ၌ တမျိုးဆူပွက်ကြပြန်သည်။ ဤတချိတွင် သံဃာအသင်းအဖွဲ့များတို့က ဆန့်ကျင်ကန့်ကွက်ကြသည်။

စတုတ္ထပြင်ဆင်ချက်၌ "လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ



သင်ကြားနိုင်သော အခွင့်အရေး ရရှိစေရမည်"ဟု ပါရှိသည်မှာ ဘာသာတိုင်း၏ အခွင့်အရေးဖြစ်သဖြင့် "ဘာသာတိုင်းသည် နိုင်ငံတော်ဘာသာဖြစ်သွားလေပြီ"ဟုဆိုကာ ရဟန်းအဖွဲ့အစည်းများက ပြင်းထန်စွာ လှုပ်ရှားကန့်ကွက်ကြပြန်သည်။

တနေ့တွင် ရာပေါင်းများစွာသော သံဃာထုကြီးက အတွင်းဝန်ရုံးဝင်းအတွင်းဝင်ကာ ဆန္ဒပြကြသည်။ ရုံးတဝိုက်တွင် စုရုံးကြသည့် သံဃာတော်များသည် ပြင်းထန်စွာ ဒေါသထွက်နေကြသည်။ သတင်းထောက်များကို "မင်း ဘယ်သတင်းစာကလဲ"ဟုမေး၍ ပြင်ဆင်ချက်ကို ထောက်ခံသည့် သတင်းစာမှ ဖြစ်ပါက ဆဲဆို၍ရိုက်မောင်း ပုတ်မောင်းပြုသဖြင့် သတင်းထောက်တို့မှာ သံဃာထုအနီး မကပ်ဝံ့ ဖြစ်နေ၏။

ထိုဆူပွက်နေသော သံဃာထုကြီးနှင့် မိမိဆွေးနွေးမည်ဆိုကာ ဝန်ကြီးချုပ် ဦးနုသည် ဗိုလ်အောင်ကျော်လမ်းမှ အတွင်းဝန်ရုံးသို့ တဦးတည်း မျိုတက်သောအခါ လမ်းအပြည့်ရှိသော သံဃာတို့အား လက်အုပ်ချီ၍ ပြုံးရွှင်စွာ ဝင်ရောက်ခဲ့၏။ သူ၏ဘေးတွင် အကြံပေးအရာရှိတဦးမှတပါး လက်နက်ကိုင် အစောင့်မပါဘဲ ရဲရင့်စွာ ဝင်လာသောအခါ အကြောက်လွန်နေသည့် သတင်းထောက်များပါ ဝန်ကြီးချုပ်၏နောက်မှ စုရုံးလိုက်ပါမိကြသည်။ ဆူပူနေသည့် သံဃာများသည် လက်အုပ်ချီထားသော ဝန်ကြီးချုပ်အား ရှဲခနဲ လမ်းပေးမိကြသည်။

သံဃာကိုယ်စားလှယ်များနှင့် တွေ့သောအခါ ဦးနုက ဘာသာတိုင်း မျှတညီညွတ်သော အခွင့်အရေးရရှိရန် ဆောင်ရွက်ရကြောင်း အချိန်ကြာမြင့်စွာ လျှောက်ထား၍ တောင်းပန်ခဲ့သည်။ ဆရာတော်များက လက်မခံ။

"အရှင်ဘုရားတို့ ရာဇဝင်ကို ပြန်ကြည့်ပါ၊ မင်းတုန်းမင်း လက်ထက်က ခရစ်ယာန်ဘာသာ၊ မွတ်ဆလင်ဘာသာတွေကို ထောက်ပံ့လှူဒါန်းခဲ့ပါတယ်"ဟု လျှောက်ထားသောအခါ ဆရာတော်ဘုရားက "အဲဒီ ...တ်တုန်းက ငါတို့ မရှိလို့ပေါ့ကွ၊ ငါတို့ရှိလျှင် မင်းတုန်းကိုလည်း ကန့်ကွက်မှာပဲဟေ့"ဟု ဖြေဆိုသည်အထိ တင်းမာခဲ့သော်လည်း နေဝင်၍ မိုးချုပ်သောအခါ သံဃာတော်များသည် တပ်ရုပ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စတုတ္ထအကြိမ် ဥပဒေပြင်ဆင်ချက်မှာလည်း အတည်ဖြစ်သဖြင့် မြန်မာနိုင်ငံသည် ဘာသာမှန်သမျှကို အားပေးသော နိုင်ငံဖြစ်လာခဲ့၏။ တနည်းအားဖြင့် ငြိမ်းချမ်းစွာ ပြီးပြတ်သွားသဖြင့် စစ်တပ်က အကြောင်းပြကာ အာဏာလုခြင်း မပြုနိုင်ပြန်။ ဗိုလ်နေဝင်းက အားမလျှော့ ဆက်ရန်ရှိသေးသည်ကို စောင့်ကြည့်နေခဲ့သည်။

ပထမအစိုးရသည် တိုတောင်းသောကာလကိုသာ အုပ်ချုပ်ခွင့်ရ ခိုက်တွင် ပြဿနာအများဆုံးကို ရင်ဆိုင်ဖြေရှင်းရသည့် အစိုးရဖြစ်၏။ နိုင်ငံတော်ဘာသာအတည်ပြုပြီး အချိန်အနည်းငယ်အတွင်း ပြည်နယ်တောင်းဆိုမှုများ အရေးကို ဖြေရှင်းရပြန်သည်။

"လွတ်လပ်သော ဗမာပြည်သစ်ကို ထူထောင်ရာမှာ တိုင်းရင်းသားလူနည်းစု၊ လူများစု၊ အားလုံးသဘောတူတဲ့နည်းနဲ့ လွတ်လပ်စွာ တည်ထောင်ရန် ကတိပေးပါသည်"ဟု ၁၉၄၆ ခု၊ ဇန်နဝါရီ ၁၇ ရက် ရွှေတိဂုံစေတီ အလယ်ပစ္စယံ ဖဆပလ ပထမညီလာခံတွင် တိုင်းရင်းသားလူမျိုးစုများအရေး အဆိုကို ဒီးဒုတ်ဦးဘချို တင်သွင်းခဲ့၏။ ရှေ့ခေါင်းဆောင်များသည် အမြင်ကျယ်စွာ စီစဉ်ခဲ့ကြသည်။

ထိုမူအရ ၁၉၄၇ ခု ပဏာမညီလာခံမှ အခြေခံဥပဒေ ရေးဆွဲစဉ်က လူမျိုးစုများအတွက် (က) ပြည်ထောင်စုပြည်နယ် (ခ) ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်နှင့် (ဂ) လူမျိုးစုပြည်နယ်ဟု သတ်မှတ်ခဲ့သည်။

(၁) ပထဝီနယ်နိမိတ် ထင်ရှားရှိခြင်း (၂) မြန်မာစကား မဟုတ်သည့် ဘာသာစကားရှိခြင်း (၃) ယဉ်ကျေးမှုတမျိုးတည်းရှိခြင်း (၄) ရာဇဝင်စဉ်လာတမျိုးတည်း လူစုရှိခြင်း (၅) စီးပွားရေးလုံလောက်ခြင်း (၆) လူဦးရေအတော် အတန်ရှိခြင်း (၇) ပြည်ထောင်စုအဖွဲ့ဝင် သီးခြားနေလိုသည့် ဆန္ဒရှိခြင်းတို့ကို "စံ"ပြု၍ သတ်မှတ်ခဲ့ရာ ရှမ်းပြည်နယ်ကို ပြည်ထောင်စုပြည်နယ်၊ ကချင်နှင့် ကရင်နီမျိုးစုတို့ကို ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်နှင့် ချင်းအမျိုးသားတို့အား လူမျိုးစုပြည်နယ်ဟု သတ်မှတ်ခဲ့ကြသည်။

ထိုစဉ်က ရခိုင်နှင့်မွန်တို့အား မြန်မာများဟု ယူဆခဲ့၏။ သို့သော် ရခိုင်ခေါင်းဆောင်အချို့က ရခိုင်ပြည်ကို သီးခြားပြည်နယ်ပေးရန် ၁၉၃၀



ခုနှစ် အင်္ဂလိပ်အစိုးရခေတ်ကပင် တောင်းဆိုခဲ့ကြသည်။ အင်္ဂလိပ်တို့က ရခိုင်ဒေသကို မြန်မာပြည်မနှင့် တစပ်တည်းထားခဲ့သည်ကို သူတို့က လက်မခံလို၊ အခြေခံဥပဒေဆွဲကြစဉ်ကလည်း ရခိုင်ခေါင်းဆောင်များက တောင်းဆိုခဲ့သေးသည်။ ရခိုင်ကိစ္စကို ဆွေးနွေးပါက ဥပဒေကြီးနှောင့်နှေးပြီး လွတ်လပ်ချိန် စောင့်ဆိုင်းရမည်စိုးသဖြင့် ရခိုင်တို့က လျှော့ပေးခဲ့၏။ အခြေခံဥပဒေတွင် ပြည်နယ်သစ်များ သတ်မှတ်ခွင့်ကို ခွင့်ပြုထားသည်နှင့် ကျေနပ်ခဲ့ရသည်။ အခြေခံဥပဒေတွင် ပြည်နယ်သစ်များ သတ်မှတ်ခွင့်ကို ဖော်ပြပေးအပ်ထားချက်အရ တနေ့တွင်မှ တောင်းဆိုကြမည်ဟု အားသွန်ထားခဲ့သည်။

လွတ်လပ်ချိန်တွင် ရခိုင်ပြည်နယ်ရရှိရေး လှုပ်ရှားမှုများပြုသဖြင့် ရခိုင်တိုင်းဒေသအလိုက် အုပ်ချုပ်မှုစုံစမ်းရေး ကော်မရှင်ကို ဝန်ကြီးဦးညိုထွန်းအား ဥက္ကဋ္ဌပြု၍ ဖွဲ့ခဲ့သည်။ ကြားဖြတ်အစီရင်ခံစာတွင် ရခိုင်တိုင်း အုပ်ချုပ်မှု ပြုပြင်ရေးကိစ္စများကိုသာ ထောက်ခံထားခဲ့သဖြင့် ပြည်နယ်ကိစ္စ ပျောက်သွားခဲ့ပြန်သည်။ ပြည်နယ်ပေးရန် တောင်းဆိုမှုသည် ရပ်တန့်မသွားဘဲ လွှတ်တော်သို့ မကြာခဏတက်လာခဲ့သဖြင့် "ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်"ကို ၁၉၄၈ ခု၊ အောက်တိုဘာတွင် ဖွဲ့ခဲ့သည်။ လေးနှစ်ကြာမှ ထွက်လာသည့် အစီရင်ခံစာတွင် ရခိုင်ပြည်နယ်ကိစ္စနောက်ထပ် စုံစမ်းသင့်သည်ဟု ဖော်ပြထားခဲ့သဖြင့် ဆိုင်းရပြန်သည်။

ပထစခေတ်တွင် တဖန် ပြည်နယ်ရရှိရေး တောင်းဆိုမှုများ ထွက်လာသဖြင့် မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ် အကောင်အထည်ဖော်ရေးကို အကြံပေးရန် သမ္မတဟောင်းဒေါက်တာဘဦး ခေါင်းဆောင်သည့် အဖွဲ့ကို ပထစအစိုးရက ၁၉၆၀ ခု၊ ဧပြီလတွင် ဖွဲ့ခဲ့ပြီး စုံစမ်းစေခဲ့သည်။

ရခိုင်ပြည်နယ်ဟု သတ်မှတ်သင့်၏၊ မသင့်၏ကို ရခိုင်လူထု၏ စိတ်ဆန္ဒနှင့် ဆုံးဖြတ်ရန် လူထု၏ဆန္ဒခံယူပွဲ ကျင်းပသင့်ကြောင်းနှင့် အကြံပေးလွှာကို ၁၉၆၁ ခု၊ ဇန်နဝါရီလတွင် အစိုးရထံ တင်သွင်းသောအခါ ရခိုင်ခေါင်းဆောင်အချို့က မဲပုံးထောင်၍ ဆုံးဖြတ်ခြင်းမပြုပါနှင့်ဟု ကန့်ကွက်ကြပြန်သည်။

အလားတူပင် မွန်ခေါင်းဆောင်တို့ကလည်း မွန်ပြည်နယ် ပေးသင့်

www.burmeseclassic.com

www.burmeseclassic.com



မသင့်ဆိုတာကို လူထုထံမဲဆန္ဒနှင့် မေးမြန်းခြင်းမပြုပါနှင့်ဟု ကန့်ကွက်ကြပြန်သည်။ ဒေါက်တာဘဦးကမူ မဲပုံးထောင်၍ လူထုအား ဆုံးဖြတ်စေသည်မှာ ပါလီမန် ဒီမိုကရေစီဖြစ်ကြောင်း၊ အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၌ ရှင်းပြခဲ့သည်။

ထိုအခါ ပမညတအဖွဲ့က ပြီးခဲ့သော ရွေးကောက်ပွဲတွင် ပြည်နယ်ရအောင် လုပ်ဆောင်မည်ဟု ကတိပေးခဲ့သော အမတ်လောင်းများ အရွေးခံခဲ့ရသဖြင့် လူထုဆန္ဒခံယူမှု ပြီးခဲ့ပြီဖြစ်သောကြောင့် ဆန္ဒခံယူပွဲ နောက်ထပ်ကျင်းပရန်မလိုဟု အကြံပေးပြန်သည်။

စင်စစ်အားဖြင့် ရခိုင်နှင့်မွန်လူထုအဖို့ ပြည်နယ်ရရှိရေးထက် စားဝတ်နေမှု ဖွံ့ဖြိုးတိုးတက်ရေးသာ အဓိကဖြစ်သည်။ သူတို့၏စိတ်တွင် ပြည်မကြီးနှင့် အတူနေမှ တိုးတက်မည်ဟု ယူဆလျှင် ပြည်နယ်ရရှိရေးကို ကန့်ကွက်ကြမည်သာ ဖြစ်သည်။ ပြည်နယ်ရရှိပါလျှင် ဦးစွာပထမ အခွင့်အရေးရကြမည့်သူတို့မှာ ခေါင်းဆောင်များသာ ဖြစ်သည်။ ထိုခေါင်းဆောင်များက မိမိတို့အကျိုးစီးပွားအတွက် လူထုဆန္ဒကို မယူရဲပဲ ကြောက်ရွံ့နေကြသည်ဟု တုံ့ပြန်ပြောဆိုသူများက ဝေဖန်ကြသည်။

ဆန္ဒခံယူပွဲကို ကြောက်ရွံ့သူများနှင့် လူထုဆန္ဒအမှန်ကို မဲပုံးနှင့်ဆုံးဖြတ်ပါဟူသော အင်အားစုနှစ်ခုတို့ ငြင်းခုန်နေကြပြန်သဖြင့် မူရင်းကိစ္စလျင်မြန်စွာ ပြီးပြတ်ရေးအတွက် တနည်းစီစဉ်ရပြန်၏။ မွန်ရေးရာဝန်ကြီးတဦးနှင့်ရခိုင်ရေးရာဝန်ကြီး တဦးခန့်ထားမည်။ ပြည်နယ်ပြင်ဆင်ရေးကော်မတီကိုပါ ဖွဲ့စည်း၍ အချိန်ယူပြင်ဆင်ကြစေမည်ဟု အစိုးရက ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် တိုင်းရင်းသားညီညွတ်ရေးအဖွဲ့နှင့်ညီကာ ရွေးချယ်ရာတွင် ရာထူးအဝေမညီသဖြင့် ဝန်ကြီးတဦးအစားနှစ်ဦးခန့်ထားရလေသည်။ ပထမရှစ်လတွင် ဦးဘမြိုင်က ဝန်ကြီးအဖြစ်ဆောင်ရွက်ပြီး ဒုတိယရှစ်လတွင် ဦးကျော်မင်းက ဝန်ကြီးရာထူးကို ပြောင်းလဲထမ်းရွက်ရန် ခန့်ထားခဲ့လေသည်။ ရှစ်လကြာသောအခါ၌ ပထမကာလဝန်ကြီးက ရာထူးမှ နုတ်ထွက်မပေးသဖြင့် ဒုတိယကာလ ဝန်ကြီးရာထူး



ဆက်ခံမှု မပြုနိုင်သည့် ပြဿနာပေါ်သေးသဖြင့် ဆူညံဆူညံနှင့် ညှိနှိုင်းဖြေရှင်းကြရပြန်လေသည်။

ရခိုင်ရေးရာဝန်ကြီးနှင့် အဖွဲ့က ပြည်နယ် ပြင်ဆင်ရေး အစီအစဉ်များနှင့် ရခိုင်ပြည်နယ်အတွက် အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်နေကြလေသည်။

မွန်ပြည်နယ်အတွက် မွန်ရေးရာဝန်ကြီးအဖြစ် နိုင်အောင်ထွန်းအားခန့်ထား၍ ပြည်နယ်ဖွဲ့ရေးကို ဆောင်ရွက်ကြသောအခါ နယ်မြေကိစ္စမှာကြီးမားသော အခက်အခဲ ဖြစ်နေလေသည်။ အချို့ခေါင်းဆောင်များကပဲခူးမြို့ကို မွန်ပြည်နယ်၏နယ်မြေဟု သတ်မှတ်လိုကြသည်။ မော်လမြိုင်မြို့နယ်ကိုလည်း မွန်ပြည်နယ်၏ မြို့နယ်အဖြစ် သတ်မှတ်ရန် တောင်းဆိုသောအခါ မြို့သူမြို့သား ၂၀၀၀၀ ကျော် တက်ရောက်သော လူထုအစည်းအဝေးက မိမိတို့မြို့ကို မွန်ပြည်နယ်တွင်းသို့ မထည့်ရန်ကန့်ကွက်ကြသည်။ မြိတ်နှင့်ထားဝယ်မြို့နယ်များကို မွန်ပြည်နယ်တွင်း ထားရှိရန် တောင်းဆိုချက်ကို မြိတ်မြို့လူထုနှင့် ထားဝယ်လူထုက လက်မခံသဖြင့် ခက်ခဲသွားသည်။

တဖန်မွန်ပြည်နယ်၏ မြို့တော်အဖြစ် သထုံမြို့ကို ရွေးချယ်၍ သထုံခရိုင်နှင့် ကျိုက္ကမီခရိုင်ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်သည်ကိုပင် လူထုကကန့်ကွက်ကြပြန်၏။

၁၉၆၁ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့က သထုံမြို့ရွှေစာရံစေတီတော် ပရဝုဏ်တွင် လူထုအစည်းအဝေး ကျင်းပရာမြို့သူမြို့သား ၅၀၀၀ ကျော် တက်ရောက်သည်။ အစည်းအဝေး၌ သထုံမြို့ကို မွန်ပြည်နယ်တွင်းသို့ မထည့်ရန် ကန့်ကွက်ကြရာတွင် သထုံမြို့တွင် လူဦးရေ ၃၁၈၇၅၆ ဦး ရှိသည့်အနက် မွန်အမျိုးသားမှာ ၃၆၈၆၄ သာရှိသဖြင့် လူနည်းစုသာဖြစ်ပါသည်ဟု အကြောင်းပြကြလေသည်။ မွန်ပြည်နယ်အရေးတွင် သထုံဒေသရှိ ပအို့လူမျိုးစုက ဝင်ရောက်စွက်ဖက်ပြန်သည်။ အနော်ရထာက ပုဂံသို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် မနူဟာဘုရင်သည် ပအို့လူမျိုးဘုရင်သာဖြစ်ကြောင်းနှင့် ရှေးသမိုင်းကပင် သွေးကွဲမှုများ ဖြစ်ခဲ့ကြကြောင်းဝေဟာပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မွန်ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်ပြင်ဆင်ရေးအဖွဲ့မှာ တိကျသောနယ်မြေ သတ်မှတ်မှု မရှိနိုင်သေးသဖြင့် နှောင့်နှေးနေပြန်လေသည်။ တဖန် ချင်းအမျိုးသားခေါင်းဆောင်များကလည်း ချင်းပြည်နယ် ဖွဲ့စည်းပေးရန် တောင်းဆိုကြပြန်သဖြင့် အစိုးရမှာ ဆက်လက်ညှိနှိုင်းနေရသည်။

ပြည်နယ်ကိစ္စသည် ကျယ်ပြန့်လာသည်။ ကိစ္စအဝဝကို မွန်၊ ရခိုင်နှင့် ချင်းတို့သာမက ရှမ်းပြည်ခေါင်းဆောင်များပါ စုပေါင်းဖြေရှင်းကြရန် ဝန်ကြီးချုပ် ဦးနုနှင့် လူမျိုးစုခေါင်းဆောင်များ ညှိနှိုင်းအားထုတ်ကြရန် ဆုံးဖြတ်သောအခါ ဗိုလ်နေဝင်းက အားတက်သွားသည်။ ပြည်နယ်များကိစ္စကို ဝန်ကြီးချုပ်ဦးနု ပြေလည်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟု သူက ယူဆသဖြင့် အကြောင်းပြ၍ အာဏာလုရန် အခွင့်ပေါ်ပြီဟု ဗိုလ်နေဝင်း အားတက်မိခဲ့လေသည်။ သို့သော် သူ၏တွက်ချက် လွဲမှားသွားခဲ့ပြန်သော၏။

■



(၁၄)

## ခေါင်းဆောင်များ၏ နောက်ဆုံးညစာစားပွဲ

ပြည်နယ်တောင်းဆိုမှု ပြဿနာများကို ဖော်ခဲ့သူမှာ ဗိုလ်နေဝင်းနှင့် သူ၏စစ်တပ်ဖြစ်၏။ ဗိုလ်နေဝင်း ကာကွယ်ရေးဝန်ကြီးဖြစ်စဉ်က ကွန်မြူနစ်နှင့် ကရင်သူပုန်များ၏ လက်နက်ကိုင်ပုန်ကန်ထကြွမှုကို တိုက်ခိုက်နှိမ်နင်းရန်အတွက် တိုင်းပြည်နယ်မြေများကို အစိုးရ၏လက်နက်ကိုင် စစ်တပ်များ၏ လက်အောက်သို့ အပ်နှင်းရသည်မှ စတင်ခဲ့သည်။

"လူမသမာများ ပါဝင်သည့် အဖွဲ့အစည်းများ၏ ထကြွ သောင်းကျန်းမှုကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လုံခြုံရေးကို လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအာဏာ လွှမ်းမိုးမှုကို လည်းကောင်း ထိခိုက်မည့် အရေးကြီးသည့် အခြေအနေသို့ ရောက်ရှိနေသည် တကြောင်း"

"ဤသို့ ထကြွသောင်းကျန်းမှုကြောင့်၊ များလှစွာသော တိုင်းသူပြည်သားတို့သည် သတ်ဖြတ်ခြင်းခံရသည့်ပြင်၊ ဥစ္စာပစ္စည်းလည်း အမြောက်အမြား ဖျက်ဆီးခြင်းခံရသည် ဖြစ်သောကြောင့်လည်း တကြောင်း"။

"ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လုံခြုံမှုအတွက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တည်မြဲရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် စစ်ဥပဒေထုတ်ပြန်ကြေညာရန် လိုအပ်သည်ကလည်း တကြောင်း"

"ထိုအကြောင်းများကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတ ကျွန်ုပ်စပ်ရွှေသိုက်က ကျွန်ုပ်အား အပ်နှင်းထားသည့် အာဏာများအရ အမိန့်ထုတ်ပြန်သည်"ဟု ကြေညာ၍ ၁၉၄၈ ခုနှစ်၊ အမှတ် ၁ စစ်ဥပဒေ ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

"စစ်ဥပဒေနဲ့ အုပ်ချုပ်တယ်ဆိုတာ စစ်ဗိုလ်ကြီးရဲ့ သဘောအတိုင်း ထင်သလို အုပ်ချုပ်တာ"ဟု နဝတခေါင်းဆောင် ဗိုလ်စောမောင် ဖွင့်ဆို သကဲ့သို့ စစ်တပ်မှစစ်ဗိုလ်များက မိမိတို့ထင်သလို အုပ်ချုပ်သောစနစ်ဖြစ် သည်။ စစ်ဥပဒေထုတ်ထားချိန်တွင် နိုင်ငံသားတို့အား ပေးအပ်ထားသည့် အခြေခံဥပဒေ၌ပါရှိသော လူ့အခွင့်အရေးကို ရုပ်သိမ်းထားသဖြင့် ပြည် ထောင်စု နယ်မြေတခုလုံး စစ်ဗိုလ်များပြုသမျှ ခံခဲ့ကြရသည်။ မြန်မာစစ်သား များ စခန်းချထားသည့် ပြည်မနယ်မြေများတွင် ဘာသာစကား ကွဲပြားမှု မရှိသဖြင့် ပြဿနာများစွာ ကြီးမားမှုမရှိဟု ဆိုနိုင်စေကာမူ ဘာသာခြား စကား ပြောဆိုသော ပြည်နယ်ဒေသများတွင် လာရောက်စခန်းချကြသည့် စစ်တပ်များမှာ ဒေသခံများနှင့် ကြီးမားသောပြဿနာများ ပေါ်ပေါက်ခဲ့သည်။

လူမျိုးစုများ မှီတင်းနေထိုင်သော ပြည်နယ်ဒေသတွင် မြန်မာစစ် တပ်များ တပ်စွဲကာ စခန်းချကြသောအခါ ဟင်းသီးဟင်းရွက်၊ ဆန်၊ ဆီ၊ ကြက်၊ ဝက်မှ သမီးကညာများအထိ စစ်သားတို့၏ သိမ်းပိုက်မှုများကို ခံနေကြရသည်။ ရှမ်းပြည်နယ်မြို့များတွင် မြန်မာစစ်ဗိုလ်များက အာဏာပိုင် စော်ဘွားများ၏ အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်သည်လည်း ရှိသည်။ ရုံးခန်းများ သိမ်းယူခြင်း၊ ကားများကို ချောဆွဲခြင်းတို့ကိုလည်း ပြုကြသည်။ အချို့စစ်ဗိုလ်များက ဘုရားပွဲများတွင် စော်ဘွားများ ကစားဝိုင်း ဖွင့်လေ့ရှိ သည်နှင့်နည်းတူ အကြောင်းရှာကာ ပျော်ပွဲကျင်းပ၍ လောင်းကစားဝိုင်းများ ဖွင့်ပြီး ငွေရှာသည်လည်း ရှိသည်။

"ရှမ်းပြည်နယ် စစ်အုပ်ချုပ်ရေးသည် နိုင်ငံရေးစွက်ဖက်မှုကြီးပင် ဖြစ်ပေသည်။ စစ်အုပ်ချုပ်ရေးကာလ၏ ဆောင်ရွက်ချက်များသည် ဘဖက် သတ်ကျပြီး တာဝန်ခံ(စစ်ဗိုလ်)များ၏ မကျွမ်းကျင် မလိမ္မာမှုများကြောင့် ရှမ်းပြည်



ကောင်းကျိုးအတွက် ဘာတကွက်မှ အရာမထင်၊ လူထုကလည်းမုန်း၊ စော်ဘွား ကလည်းမုန်း၊ နောက်ဆုံးတွင် အရှုံးနှင့်ရုတ်သိမ်းခဲ့ရပေသည်။ စစ်အုပ်ချုပ်ရေး ကာလအတွင်း စစ်စုံထောက်လှမ်းရေးဌာန တာဝန်ခံများ၏ ခြေရှုပ်မှု ခလောက်ဆန်မှုကို ပြည်သူလူထုက အောနှလုံးနာမဆုံး ဖြစ်ခဲ့သည်။ "ဗမာ တပ်"၊ "ဗမာစစ်သား"ဟူသော အသုံးအနှုန်းသည် မေးငေါ့မုန်းတီးသော အသုံးအနှုန်း ဖြစ်လာသည်" စသည်ဖြင့် လူထုခေါင်းဆောင် ဦးထွန်းမြင့်က ရှမ်းပြည်ဘယ်လဲ စာအုပ်တွင်ပြတ်သားစွာ ရေးခဲ့ရသည့်တိုင် စစ်တပ်က လူမျိုးစုများကို ပြင်းထန်စွာ ညှဉ်းဆဲခဲ့ကြပေသည်။

မြန်မာစစ်သား စစ်ဗိုလ်များ၏ ရမ်းကားမှုကို ခံနေရသည့် လူမျိုးစု ခေါင်းဆောင်များက ဝန်ကြီးချုပ်ဦးနုနှင့် ဖဆပလအစိုးရ ခေါင်းဆောင်များ အား အရေးယူပါရန် တိုင်ကြားညည်းညူနေကြသည်မှာ ကာလ အတန် ကြာပြီဖြစ်သည်။ သူပုန်ခေတ်တွင် လက်နက်ကိုင်သူများ ဈေးကောင်းနေသည့် ခေတ်ဖြစ်သဖြင့် ဦးနုနှင့်တကွ အားလုံးသော ခေါင်းဆောင်တို့သည် စိတ် မချမ်းမသာနှင့် လက်ပိုက်၍ ကြည့်နေခဲ့ကြရသည်။

စစ်တပ်မှ စစ်ဗိုလ်များ၏ ရမ်းကားမှုကို မခံလိုလျှင် အရပ်သား အားလုံးတို့ ညီညွတ်မှဖြစ်မည်။ လူမျိုးစုခေါင်းဆောင်များနှင့် ပြည်မ ခေါင်းဆောင်များ ညီညွတ်ကြရန် အထူးလိုအပ်သည်။ ထိုလိုအပ်ချက်ကို အကောင်အထည်ဖော်ရန်နှင့် လူမျိုးစုများ အရေးကိစ္စအရပ်ရပ်ကို ဖြေရှင်း ပေးရန်အတွက် အခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်သည်ဆိုသည့် အဖြေ ကို တွေ့ကြသည်။

ထိုကြောင့် ကွန်မြူနစ်သူပုန်များ အားပျော့သွားချိန်တွင် ပေါ်ပေါက် လာနေသည့် ပြဿနာများ ပြေလည်ရေးအတွက် အခြေခံဥပဒေ ပြင်ဆင် ရေးကို အားသွန်ခဲ့ကြသည်။

ဥပဒေကြီး ပြင်ဆင်ရေးအတွက် လုပ်ဆောင်ကြရန် အစိုးရ၏ ကြိုးပမ်းချက်အရ ၁၉၆၀ ခု၊ စက်တင်ဘာ ၂၂ ရက်နေ့တွင် လွှတ်တော် ဖစည်းအဝေးသို့ အဆိုတရပ်တင်သွင်းပြီး ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ အဖွဲ့ဝင် ၂၉ ဦးပါသော အဖွဲ့ကိုအစိုးရက ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့၌

www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံ ပါတီဖြစ်သော တည်မြဲဖဆပလ ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေးအင်အားစု အားလုံးတို့ကို စုစည်းထားသည်။ ဥပဒေပြင်ဆင်ရေးကို လျှို့ဝှက်လုပ်ဆောင်ကြသည်မဟုတ်၊ လူမျိုးစုများသာ လှုပ်ရှားသော လုပ်ငန်း မဟုတ်၊ ပြည်သူအားလုံး၏ ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်က ဦးစီး၍ လူသိရှင်ကြား အားထုတ်ကြသော လုပ်ငန်းကြီး ဖြစ်သည်။

ထိုအဖွဲ့သည် အကြိမ်ကြိမ် ဆွေးနွေးဆန်းစစ်ကြပြီးနောက် မူကြမ်း တခုကို အများသဘောတူ ရေးသားအတည်ပြုနိုင်ခဲ့သည်။ ၁၉၆၁ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့က အတည်ပြုကြသည့် မူကြမ်းမှာ...

**<u>ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင် ရေး ကြိုးကိုင်ကော်မတီ (ရှမ်းပြည်)၏ ဆုံးဖြတ်ချက်။</u>**

လက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပြည်နယ်နှင့် လူမျိုးစုတိုင်း တန်းတူညီမျှမှုအတွက် လုံလောက်စွာ ပြဋ္ဌာန်းထားခြင်း မရှိကြောင်း။

ထို့ကြောင့် ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှစေရန်အတွက် အခြေခံဥပဒေအား ပြည်ထောင်စု စစ်စစ်မူကြမ်း ပြန်လည်ရေးဆွဲရန် ဤ ကြိုးကိုင်ကော်မတီက သဘောတူကြောင်း၊ ယင်းသို့ အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မူကြမ်းနှင့် ပြုပြင်ရေးဆွဲသည့်အခါ၊ အောက်ပါတန်းတူ ညီမျှမှု၏ အခြေခံအကြောင်းရင်းများကို ထည့်သွင်းရေးဆွဲ ဆုံးဖြတ်ကြ ကြောင်း။

(၁) ဗမာပြည်နယ်ဖွဲ့စည်းရေး။

(၂) ပြည်ထောင်စု ပါလီမန်လွှတ်တော် နှစ်ရပ်အား အာဏာ တူပေးရေး။

(၃) လူမျိုးစု လွှတ်တော်သို့ ပြည်နယ်တိုင်းညီမျှသော ကိုယ် စားလှယ် စေလွှတ်ရေး။

(၄) ဗဟိုပြည်ထောင်စုအား အောက်ပါဌာနများ လွှဲအပ်ပြီး ကျန်ရှိ သော ဌာနများနှင့် အခွင့်အရေးများကို ပြည်နယ်များသို့ လွှဲအပ်ရန်။



(က) နိုင်ငံခြားဆက်သွယ်ရေး

(ခ) ပြည်ထောင်စုကာကွယ်ရေး

(ဂ) ပြည်ထောင်စုဘဏ္ဍာရေး

(ဃ) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ရေး

(င) စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေး

(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး

(ဆ) ပြည်ထောင်စု တရားစီရင်ရေး

(ဇ) ပင်လယ်ဆိပ်ကမ်းခွန် ကောက်ယူရေး

(ဈ) ပြည်ထောင်စုဘဏ္ဍာတော်များ မျှတစွာခွဲဝေရေး။

ဤမူကြမ်းပါ အချက်အလက်များကို ဆွေးနွေးကြရန်အတွက် ပြည်နယ်များနှင့် ပတ်သက်သော နီးနှောဖလှယ်ပွဲကို အစိုးရက ဦးစီး၍ ရန်ကုန်မြို့ အသံလွှင့်ခန်းမတွင် ၁၉၆၂ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက် စနေနေ့က စတင်ကျင်းပကြသည်။ ပြည်မလူထုရော လူမျိုးစုလူထုပါ အများ သဘောတူ လက်ခံမည့်မူကို ရရှိရန် စစ်မှန်သော ဒီမိုကရေစီနည်းနှင့် အားထုတ်ကြမည်ဟု ဝန်ကြီးချုပ်ဦးနုက အသေးစိတ် အစီအစဉ်ကို တင်ပြခဲ့ သည်။

"ဒီနေ့ အစည်းအဝေးဖွင့်ပွဲ မိန့်ခွန်းကို ပြောပြီးတဲ့နောက် ရှမ်းပြည် နယ် ဥက္ကဋ္ဌကြီးစဝ်ခွန်ချိုက ဖက်ဒရယ်မူကို တင်သွင်းပါလိမ့်မယ်။ ဒီ ဖက်ဒရယ်မူကို (၁) ဒူးဝါးဇော်လွန်း (၂) ကပ္ပတိန်မန်တုံးနုံး (၃) ဦးစိန် (ကယားပြည်နယ်ကိုယ်စားလှယ်) (၄) ဦးထွန်းမြင့် (တောင်ကြီး) ရှမ်း ပြည်နယ် ကိုယ်စားလှယ်တို့က ထောက်ခံကြလိမ့်မယ်။

ဒီမိန့်ခွန်းနှစ်ရပ်ကို ပြောကြားပြီးတဲ့နောက် ဆွေးနွေးပွဲကို မတ်လ ၁ ရက် ကြာသပတေးနေ့ ညနေ ၆ နာရီအထိ ရွှေ့ဆိုင်းထားမယ်။ ဒီလို ရွှေ့ဆိုင်းရတာက အခြားမဟုတ်ပါဘူး၊ ဖက်ဒရယ်မူနှင့် ပတ်သက်ပြီး ပြည်နယ်ဥက္ကဋ္ဌကြီး စဝ်ခွန်ချို (၁) ဒူးဝါးဇော်လွန်း (၂) ကပ္ပတိန်မန်တုံးနုံး (၃) ဦးစိန် (၄) ဦးထွန်းမြင့်တို့ တင်ပြပြောကြားသွားတဲ့ အချက်တွေကို ပမညတ၊ ဖဆပလ၊ ပထစခေါင်းဆောင်များနဲ့ နိုင်ငံတော်အစိုးရ အတိုင်ပင်ခံ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်များတို့က သေသေချာချာ လေ့လာနိုင်ဖို့အတွက် အချိန်ပေးချင်တာကြောင့် ဖြစ်ပါတယ်။

မတ်လ ၁ ရက်၊ ကြာသပတေးနေ့ ညနေ (၆)နာရီ ဒီနေရာမှာပဲ ဒီအစည်းအဝေးကို ပြန်စတဲ့အခါမှာ (၁) ပမညတ (၂) ဖဆပလ (၃) ရပလစ (၄) ပထစ အဖွဲ့တွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တဦးစီက ယခုဖော်ပြထားတဲ့ အစီအစဉ်အတိုင်း ဖက်ဒရယ်မူနှင့် ပတ်သက်ပြီး ထားရှိတဲ့ အဖွဲ့ရဲ့သဘောများကို တင်ပြကြပါမယ်၊ ဒီနိုင်ငံရေးအဖွဲ့များ၊ ကိုယ်စားလှယ်များ ပြောကြားပြီးတဲ့နောက်၊ အစိုးရအတိုင်ပင်ခံ အဖွဲ့ရဲ့ကိုယ်စား အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက အတိုင်ပင်ခံအဖွဲ့၏ သဘောထားကို တင်ပြပါလိမ့်မယ်။

ဒီကိုယ်စားလှယ်ကြီးများ ပြောလို့ပြီးတဲ့အခါ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ၆ ဦး၊ ပမညတကိုယ်စားလှယ် ၃ ဦး၊ ဖဆပလ ကိုယ်စားလှယ် ၃ ဦး၊ ပထစကိုယ်စားလှယ် ၃ ဦးစတဲ့ အတိုင်ပင်ခံ အဖွဲ့ဝင် လူကြီးများပါတဲ့ ကော်မတီတခုကို ဖွဲ့ပေးပါမယ်၊ ဒီကော်မတီမှာ ကျွန်တော်က နာယက လုပ်ပါမယ်။

"အဲဒီကော်မတီက ဖက်ဒရယ်မူနဲ့ ပတ်သက်လို့ ဆွေးနွေးစရာရှိတဲ့ အချက်တွေကို ဆွေးနွေးပြီးတဲ့အခါ ရရှိတဲ့ သဘောတူညီချက်တွေကို ဒီဆွေးနွေးပွဲမှာ အစီရင်ခံပါလိမ့်မယ်၊ စေ့စပ်လို့မရနိုင်တဲ့ သဘောကွဲလွဲချက်များ ရှိလျှင်လည်း ဒီဆွေးနွေးပွဲမှာပဲ အစီရင်ခံပါလိမ့်မယ်။ ဒီအစီရင်ခံစာများကို ကြည့်ပြီးမှပဲ နောက်ထပ်ဘာတွေများ ဆက်လုပ်ကြရဦးမယ်ဆိုတာတွေကို ဒီဆွေးနွေးပွဲမှာ ဆက်လက်ပြီး တိုင်ပင်ဆွေးနွေးပါမယ်"

ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးအတွက် အခြေခံဥပဒေကြမ်း ပြင်ဆင်ရေးမှာ ရေပက်မဝင်အောင် အသေးစိတ် စီစဉ်ထားသည်။ မြန်မာနိုင်ငံတွင် ရှိသမျှသော လူမျိုးစုကိုယ်စားလှယ်များနှင့် နိုင်ငံရေးအဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များတို့ မျက်နှာစုံညီ ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်သောကြောင့် ချွတ်ယွင်းမှုမရှိသလောက် နည်းပါးသော ဥပဒေကြမ်း ပေါ်ပေါက်လာတော့မည်ဟု ယုံကြည်အားတက်ခဲ့ကြသည်။



ရန်ကုန်အသံလွှင့်ရုံ၌ တည်မြဲဖဆပလနှင့် ပမညတတို့ပါ ညီညွတ်စွာ အတိုင်းအဖောက်ညီ ဆွေးနွေးနေကြသည်ကို အင်ယား ကန်စောင်းနေအိမ်မှ နားထောင်နေသူ ဗိုလ်နေဝင်း ကြားသိရသောအခါ တုန်လှုပ်ချောက်ချားသွားသည်။ အကယ်၍သာ ပြည်နယ်ခေါင်းဆောင်များနှင့် ပြည်မ ဝန်ကြီးချုပ်တို့အပြင် လက်ဝဲလက်ျာ နိုင်ငံရေးပါတီများ ညီညွတ်စွာ စည်းရုံးဖြေရှင်း၍ အောင်မြင်ပါက ပြည်ထောင်စုကြီး ခိုင်မြဲသွားမည်။ လူမျိုးစုသူပုန်များ ပေါ်ပေါက်တော့မည် မဟုတ်။ ကွန်မြူနစ်သူပုန်များလည်း အားပျော့နေလေပြီ။ ထိုအခါစစ်တပ်ကို မလိုအပ်တော့သဖြင့် သာမန် လက်နက်ကိုင်တပ်အဖြစ် ပြည်ပအရေးပေါ်မှသာ အသုံးဝင်တော့မည့် နိုင်ငံတခုက အခြားတနိုင်ငံကို တိုက်ခိုက်သိမ်းယူသော ခေတ်မှာလည်း ကုန်ဆုံးနေပြီ၊ ထို့ကြောင့် စစ်တပ်၏ဩဇာကျဆင်းသွားချေမည်။ စစ်တပ်အဖို့ လက်နက်နှင့် အာဏာ လုရန် အကြောင်းပြချက် မရှိတော့ပြီ။

ထို့ကြောင့် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးရသူ ဗိုလ်နေဝင်းက သူ၏လက်ကိုင်တုတ် စစ်တပ်ကို အသုံးပြု၍ တကြော့ပြန် လက်နက်နှင့် အာဏာသိမ်းပွဲ ဆင်နွှဲရန် ဆုံးဖြတ်တော့သည်။

နှီးနှောပွဲကိုဖျက်ရန် အရေးတကြီး လိုအပ်ပြီဖြစ်သဖြင့် မတ်လ ၂ ရက်နေ့တွင် အာဏာလုရန် ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ချက်ကို မည်သည့်စစ်ဗိုလ်ကြီးများကိုမှ ဖွင့်ဟခြင်းမပြုပဲ မော်တော်တွင် စခန်းချထားသည့် သံချပ်ကာ ယန္တရားတပ်မှ ဒုတိယဗိုလ်မှူးကြီးလှမြင့်ကိုသာ စစ်ဆင်ရေးတခုအတွက် အသင့်ပြင်ထားရန် တပ်ကိုနှိုးစေခဲ့၏။ ထိုမှတဆင့် ရန်ကုန်ပတ်ဝန်းကျင်ဒေသများရှိ တပ်များကိုလည်း လိုအပ်က အသုံးပြုရန် အသင့်ရှိရမည်ဟု ဗိုလ်နေဝင်းကိုယ်တိုင် လျှို့ဝှက်စွာ ညွှန်ကြားခဲ့သည်။

ဝန်ကြီးချုပ်ဦးနုနှင့်တကွ လူမျိုးစုခေါင်းဆောင်များ၊ ပမညတခေါင်းဆောင်များတို့သည် စစ်တပ်ကို ကြောက်လန့်နေရသည်၊ ပြည်ထောင်စုစနစ်အား ဒီမိုကရေစီ အခွင့်အရေး ပြည့်ဝစွာရကြမည့် ပြည်ထောင်စုစစ်စစ် နိုင်ငံတော်အတွက် အားတက်နေကြသည်။ ပထစကို ရန်ပြုနေကြသည့် ဖထပလခေါင်းဆောင်များပါ အားတက်နေကာ နှီးနှောပွဲကို ပူးပေါင်းပါဝင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။

မတ်လ ၁ ရက်နေ့ ညနေ ၆ နာရီက ဆွေးနွေးပွဲကို ပြန်လည်ကျင်းပသောအခါ ပမညတကိုယ်စားလှယ် သခင်ချစ်မောင်က ပြည်ထောင်စု စစ်စစ် ဖွဲ့စည်းနိုင်ရေးကို တနာရီကြာ တင်ပြဆွေးနွေးရာ၌ "ပြည်နယ် ပြည်မအားလုံး တန်းတူညီမျှ အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် ဆိုရှယ်လစ် သမ္မတနိုင်ငံတော်ကို တည်ဆောက်ရန် လိုအပ်ပါသည်"ဟု အရင်းရှင်စနစ်ကို ဖယ်ရှားရန် တိုက်တွန်းထုတ်ဖော်ခဲ့၏။

ဒုတိယတင်ပြသူ တည်မြဲဖဆပလ ခေါင်းဆောင်ဦးဗဆွေကမူ "မိသားစုနည်းနဲ့ ရင်းရင်းနှီးနှီး ချစ်ချစ်ကြည်ကြည်နဲ့ တွေ့ဆုံဆွေးနွေးရန် လိုအပ်ပါတယ်။ မိသားစုနည်းနှင့်သာ ဖြေရှင်းလျှင် ကျွန်တော်တို့ ပြည်ထောင်စု ဗမာနိုင်ငံအတွင်းမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာ မရှိဘူးလို့ ဖွဲ့ဖွဲ့မြဲမြဲ ယုံကြည်ပါတယ်"ဟု ညီညွတ်ရေးကို ရှေ့တန်းတင်ကာ ဖဆပလ၏ သဘောထားကို တင်ပြလေသည်။

ဆွေးနွေးပွဲကို မတ်လ ၇ ရက်နေ့သို့ ရွှေ့ဆိုင်းကြောင်း ကြေညာ၍ အခမ်းအနားပြီးသည်နှင့် သဘာပတိဝန်ကြီးချုပ် ဦးနုက ဦးဗဆွေထံသွားကာ လက်ဆွဲပြီး ဦးဗဆွေ၏မိန့်ခွန်းကို များစွာကျေနပ်ကြောင်း ပြောပြ၍ ပြုံးရွှင်စွာ နှုတ်ဆက်သည်။

ဝန်ကြီးဒေါက်တာအေးမောင်၊ ရှေ့နေချုပ်ဦးဘဆွေ၊ ဖဆပလ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ဗိုလ်ခင်မောင်ကလေးတို့ကလည်း ပမညတ သခင်ချစ်မောင်အား တင်ပြပုံကောင်းကြောင်း ချီးကျူးစကား ပြောကြသည်။

ဦးကျော်ငြိမ်းက "ခင်ဗျားတို့ ကွန်မြူနစ်တွေမှာလည်း လူမျိုးကြီး ဝါဒရှိသကိုး"ဟု ရယ်သွမ်းသွေးသည်။ "သခင်ချစ်မောင်ရဲ့ မိန့်ခွန်းကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ထုံးစံအတိုင်း ကျွန်တော်တို့ကို ဆော်တာ နက်တာ တော့ ပါသေးတာပဲနော်"ဟု ဗိုလ်ခင်မောင်ကလေးက ခနဲ့၏။

"ဩော် ဒါက ဖြစ်ရတာပါ။ ကျွန်တော်တို့ ပြည်မဘက်ကချည်းပဲ ခြောက်ပြစ်ကင်းလုပ်လို့ ဘယ်ဖြစ်မလဲ၊ အမှားရှိလျှင် ဝန်ခံလိုက်တာ



အကောင်းဆုံးပေါ့ဗျာ"ဟု သခင်ချစ်မောင်က ဖြေကြားသည်ကို ဦးဗဆွေက "ဟုတ်တယ် ဟုတ်တယ်"ဟု သခင်ချစ်မောင်၏ဘက်မှ ထောက်ခံ၏။

ညီလာခံပရိသတ်အား အသံလွှင့်ရုံမှ ခေါက်ဆွဲ၊ ကော်ဖီနှင့် ဧည့်ခံရာ သူတို့ခေါင်းဆောင်တစုသည် စားသောက်ခန်းသို့ စုရုံးသွားကြကာ ပျော်ရွှင်စွာ စကားပြောရင်း စားသောက်ကြလေသည်။

ထိုညစာစားပွဲသည် သူတို့အဖို့ နောက်ဆုံးလွတ်လပ်သော ညစာ စားပွဲဖြစ်သည်ဟု မည်သူမှ အိပ်မက်မက်မိကြမည် မဟုတ်ပေ။ ရာထူး မရှိခဲ့သူ သခင်ချစ်မောင်မှတပါး အခြားသူတို့သည် နာရီအနည်းငယ်အတွင်း အကျဉ်းသားများအဖြစ် တိုက်တိုက်ဆိုင်ဆိုင် ဤအသံလွှင့်ခန်းဆောင်သို့ပင် ရောက်ရှိလာကြရမည်ဟူသော နိုင်ငံရေးကံကြမ္မာကို သူတို့ မမြင်နိုင်ကြရှာ။ စကားကောင်းနေသဖြင့် ည ၈ နာရီ ၄၅ မိနစ်တွင်မှ လူစုခွဲကြသည်။ သာယာသော အနာဂတ်ပြည်ထောင်စုကို စိတ်ကူးယဉ်ရင်း မိမိတို့အိမ်များ သို့ ပြုံးရွှင်စွာ ပြန်သွားကြလေသည်။

ဦးဝိစာရလမ်းမှ ပြန်သူတို့ကားများအဖို့ ရွှေတိဂုံစေတီအနောက် မုခ်ကို ဖြတ်သန်းစဉ်တွင် လေဟာပြင်ရုံတော်ကြီးမှ ပျံ့လွင့်လာသည့် တရုတ် ဘဲလေးကပွဲမှ တေးတူရိယာသံများကို သာယာစွာ ကြားမိကြသည်။ မူလ ထက်တိုး၍ ကြည်နူးမိကြသည်။

ထိုညက ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်၏ နေအိမ်၌ အိပ်စက်ခြင်း မပြုဘဲ ပြည်ထောင်စုလမ်းသွယ်ရှိ ကိုယ်ပိုင်အိမ်တွင် အိပ်ရန်စီစဉ်ထားသဖြင့် ဦးနုသည်လည်း ဦးဝိစာရလမ်းမှ ပြန်ခဲ့သောကြောင့် တရုတ်ကပွဲမှ တေးဂီတ သံကို ကြားလိုက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင် ကြုံကြုံဖန်ဖန် ဦးနုအား လိုက်ပို့သူ ဦးအုန်းက စကားမစပ် ပြောရှာသည်။ "ကိုကြီးနုက နောက်လာမည့် အထွေထွေ ရွေးကောက်ပွဲအပြီးမှာ နိုင်ငံရေးက အနားယူတော့မယ်ဆိုပေမဲ့ စစ်တပ်က ကိုကြီးနုကို လက်လွှတ်ပါ့မလားဆိုတာ ကျွန်တော် သံသယဝင်မိတယ်။ သူတို့က ကိုကြီးနုဆက်နေဖို့ ပြောမှာသေချာတယ်"ဟု ပြောသည်ကို ကားပေါ်တွင် ပါလာသော သက်တော်စောင့် ဗိုလ်ကြီးလှမြင့်က "ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီအတိုင်းပဲ ထင်မိတယ်”ဟု ထောက်ခံသေးသည်။

ဦးနုက မည်သို့မှ အဖြေမပေးမိပဲ တရုတ်ကပွဲမှ ဂီတသံကိုသာ နားထောင်နေမိသည်။

ထိုစဉ် ဗိုလ်နေဝင်းတယောက်သည် ထိုကပွဲကြီး ထိုင်ခုံများ၏ ရှေ့ဆုံးတန်းသို့ ရောက်နေသည်။ ထိုညတွင် ကပွဲကြည့်ရှုရန် တရုတ်သံရုံး၏ ဖိတ်စာကို လက်ခံထားမိသဖြင့် ရွှေပွဲလာတဦးအဖြစ် နိုင်ငံခြားအဖွဲ့ကို ချီးမြှင့်နေရသည်။

စင်စစ်အားဖြင့် တရုတ်နီကပွဲသို့ သွားရောက်ကြည့်ရှုနေသည် မှာလည်း သူ၏သေနင်္ဂဗျူဟာ ဖြစ်သည်။ ပွဲကြည့်နေသူ ဗိုလ်ချုပ်ကြီးအား စစ်လက်နက်နှင့် အာဏာသိမ်းလုဆဲဆဲ ကြံစည်နေထိုင်သူဟု မည်သူကမှ သင်္ကာမကင်း မဖြစ်နိုင်။

လူကသာ ပွဲခင်း၌ ထိုင်နေသော်လည်း သူ့အဖို့ တေးဂီတသံများကို မကြားနိုင် အရသာ မခံနိုင် ငေးနေခဲ့၏။ ကချေသည်များ ကပြနေသည်ကို လည်း သူ မမြင်မိ။ သူသည် နိုင်ငံတော်တခုလုံးကို မိမိလက်ခုပ်တွင်းမှ ရေကဲ့သို့ ထင်သလို ချေမှုန်းနိုင်တော့မည့် အာဏာစက်ကို စိတ်ကူးဖဲ့ရိုက်ကာ မိန်းမော့နေမိ၏။

■



(၁၅)

## ဗိုလ်နေဝင်းက အပြီးအပိုင်အာဏာ သိမ်းပိုက်လိုက်ပြီ

တရုတ်ကပွဲက ရှည်လှသည်။ ဗိုလ်နေဝင်းသည် ဇာတ်ခုံကို ငေး ကြည့်နေစေကာမူ စိတ်က အာဏာသိမ်းပွဲ စစ်မျက်နှာသို့ ရောက်နေ၏။ အရေးထဲ၌ မိမိအတွက် အထူးလာရောက် ဧည့်ခံသော တရုတ်သံအမတ်ကြီးက တေးဂီတတို့၏ အဖွဲ့အနွဲ့နှင့် ကကွက်တို့အကြောင်းကို ဘာသာပြန်မှ တဆင့် အသေးစိတ် ရှင်းပြသည်ကို စိတ်ဝင်စားနေဟန်နှင့် “ဟုတ်ကဲ့” လိုက်နေရသဖြင့် စိတ်တိုမိသေးသည်။ စောစောထပြန်မည် စိတ်ကူးသေး၏။ ပွဲသိမ်းလျှင် ကချေသည် အနုပညာရှင်တို့အား ပန်းခြင်းပေးရမည့် တာဝန်က ရှိသေးသဖြင့် မပြန်နိုင်သောကြောင့် သက်ပြင်းချမိသည်။ သံအမတ်ကြီး မသိစေရန် ကပွဲကို စိတ်ဝင်စားဟန် ကြည့်ရသေးသည်။

အိမ်ထောင်ပြုအံ့ဆဲဆဲ သတို့သားကဲ့သို့ ရင်တလှုပ်လှုပ် ဖြစ်နေမိသည်။ နိုင်ငံရေးနယ်သို့ ရောက်ချိန်မှစတင်၍ မိမိ၏လက်ခုပ်ထဲသို့ ဆုပ်ကိုင်ရရှိ ပိုင်ဆိုင်လိုသော နိုင်ငံရေးအာဏာမှာ ရရှိရန်သေချာနေပြီ။ မဝေးတော့ပြီ။ တက္ကသိုလ်ကျောင်းဝင်စဉ် ထိုခေတ်က ဝင်ငွေ အကောင်း ဆုံးဖြစ်သော ဆရာဝန်ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချခဲ့သော်လည်း စာမေးပွဲ ကျရှုံးသဖြင့် ကျောင်းမှ ထွက်ခဲ့ရသည်။ နိုင်ငံရေးအာဏာသည် ဆရာဝန် တို့ထက် အဆ အထောင်အသောင်း ဝင်ငွေကောင်းသည်။ ဤတချီတွင် မုချအနိုင် ရရှိရန် လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ရာထူး ယူထားစဉ်က လူယုံတော်ကြီး စစ်စုံထောက်ဌာန ညွှန်ကြားရေးဝန် ဗိုလ်မှူးလွင်က နိုင်ငံတော် ကောက်ပဲသီးနှံအဖွဲ့မှ နိုင်ငံခြားဆန်ရောင်းချရာတွင် အလျှင်းသင့်က ချက်ခြင်းပင် အမေရိကန်ဒေါ်လာ တသောင်းထုပ်ကို လာဘ်လက်ဆောင်အဖြစ် ရရှိနိုင်ပုံကို အစီရင်ခံခဲ့သဖြင့် နိုင်ငံရေးအာဏာ၏ ဝင်ငွေကိုပိုမို၍ အာသီသဖြစ်ခဲ့သည်။ အလုံးအခဲလိုက် ထင်သလို ဝင်ငွေရှိနိုင်သည့် နိုင်ငံရေးအာဏာကို တမ်းတနေစဉ် ဖနီးခင်မေသန်းက ငွေရပေါက်ကလေးတခုကို တီထွင်သဖြင့် စိတ်ဆိုးရသေးသည်။ ဆင်းဒွစ်လမ်းထိပ်မှ အောတိုကားကုမ္ပဏီနှင့် စကားပြောလာခဲ့သည်။ တပ်မတော်မှ စစ်ဗိုလ်များကို ဟီးလ်မင်းမှန်ကားများ လဆိုင်းနှင့် အကြွေးရောင်းမည်။ လစာထဲမှ လစဉ်ငွေထုတ်ပေးရန် တပ်၏စာရင်းဌာနက ဆောင်ရွက်ပေးရမည်။ လွှယ်လွှယ်ကလေးနှင့် ကားတစင်းလျှင် ကျပ် ၅၀၀ိ/နှုန်းဖြင့် ခင်မေသန်းအားလျှို့ဝှက်ကော်မရှင်ပေးမည်ဟု ဆိုသည်။ ရွှေအိုးကြီးကို ရရှိရန် ပြင်ဆင်နေစဉ် တမူးတပဲ ကော်မရှင်ကလေးကိုမက်ပါက သတင်းထောက်များ သိသွားလျှင် ရွှေအိုးကြီးရရှိရန် လမ်းပိတ်သွားမည်ဖြစ်သဖြင့် ခင်မေသန်းအား ပါးကို ရိုက်ကာ ဆုံးမလိုက်ရသေးသည်။

မိန်းမများ အလွန်ခက်သည်။ ခင်မေသန်းသည် အရှည်ကို မမြင်မျက်စိတဆုံးသာ မြင်သည်။ တပ်မတော်သေနာပတိ နေထိုင်ရန် အိမ်အဖြစ် အင်းယားကန်စောင်းတွင် အိမ်ကြီးဆောက်စဉ်က "တို့တသက်လုံးနေဖို့ ဆောက်တာ၊ မင်းကြိုက်သလိုဆောက်"ဟုဆိုခဲ့သဖြင့် ဟိုင်ဖိုင်အသံဖမ်းစက်မှ အိမ်အမိုးနှင့် ဝက်အူ၊ မူလီအထိ ဟောင်ကောင်သို့ ခင်မေသန်း ကိုယ်တိုင်သွားရောက်ဝယ်ယူစေခဲ့သည်။ လိုသမျှ နိုင်ငံခြားသုံးငွေကို တပ်မှထုတ်ပေးသည်။ ရန်ကုန်မြို့တွင် ဤအိမ်ထက်ကောင်းသောအိမ် မရှိခဲ့ပေ။ အိမ်ပြီးသွားအခါတွင် ခင်မေသန်းက "ဒီအိမ်ကို စိတ်တိုင်းကျပါတယ်၊ ဒါပေမယ့် ကျွန်မတို့ ရာထူးက အနားယူတဲ့အခါ ဖယ်ပေးရမှာ မဟုတ်လား၊ ဒီတော့ ကိုယ်ပိုင်အိမ်စစ်စစ် ဆောက်ကြရအောင်ပါ"ဟု ပူစာပြန်သည်။ "ငါ့မှာ ရာထူးရှိရှိ မရှိရှိ ငါတသက်လုံး ဒီအိမ်က မဆင်းဘူး"ဟုပြောလျှင် လူကြား



မည် စိုးသဖြင့် မပြောဘဲနေခဲ့သည်။ ဖနီးသည် ကျေနပ်အောင် သားသမီးအားလုံးအတွက် တယောက်လျှင် မြေကွက်တကွက်စီ ဂရန် ထုတ်ပေးစေခဲ့သည်။ ဂရန်ကို အင်းဝဘဏ်သို့ပေါင်ကာ တိုက်များ ဆောက်ပေးခဲ့သည်။ တိုက်များပြီးသောအခါ သံရုံးများသို့ အငှားချထားသဖြင့် အလိုလို ဝင်ငွေရနေကြမှ ခင်မေသန်းက နှုတ်ဆိတ်သွားသည်။

"ဗိုလ်ချုပ်ကြီးခင်ဗျား ကချေသည်တွေကို ပန်းခြင်းလက်ဆောင်ပေးရန် ကြွပါ"ဟု ခေါ်မှ အတွေးမျှင် ရပ်သွားသည်။ ကဗျာကယာ ဓာတ်စင်ပေါ်တက်ပြီး ပန်းခြင်းများ ပန်းစည်းများပေးပြီး အိမ်သို့ ပြန်ခဲ့သည်။ ၁၁ နာရီ ၄၅ မိနစ် ပြန်ရောက်၏။

တိတိကျကျ ည ၁၂ နာရီတိတိတွင် မော်ဘီစခန်းရှိ ဒုဗိုလ်မှူးကြီးလှမြင့်က အစစ အသင့်ရှိကြောင်း အစီရင်ခံသည်။

ဘဇူကာစိန်ပြောင်း သေနတ်တင်ဂျစ်ကား ၂၀၊ ရိုးရိုးဂျစ် ၃၀၊ အပေါ့စားသံချပ်ကာကား ၁၅ စင်းတို့သည် မင်္ဂလာဒုံ လေယာဉ်ပျံကွင်းထဲသို့ ရောက်နေကြပြီ။ ပြည်လမ်းရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ဦးဘရီစစ်သုံးကား၊ ကန်ထရိုက်၏ ဝင်းထဲ၌ ကားမျိုးစုံ ၃၀ အသင့်ရှိနေကြပြီ။ ကားအားလုံးတို့ကို ဝိုင်ယာလက်ဆက်သွယ်ရေး တယ်လီဖုန်းများ တပ်ဆင်ထားသည်။

ဗိုလ်လှမြင့်နှင့် တာဝန်ကျစစ်ဗိုလ်များသည် စစ်ဆင်ရေးသေနဂ်ကို ညနေ ၃ နာရီက လေ့လာခဲ့ကြပြီး ဖြစ်နေသည်။ စစ်ဆင်ရေး အစီအစဉ်မှာ ၁၉၅၈ ခုနှစ်က ဗိုလ်ကြည်ဝင်းနှင့် ဗိုလ်အောင်ရွှေတို့ ရေးခဲ့သည့် အစီအစဉ်ကို အနည်းငယ်သာ ပြင်ဆင်ထားသည်။ ထိုစဉ်က မန္တလေးမှတပ်များ ရန်ကုန်သို့ချီတက်၍ နံနက်စောစောတွင် ဝင်ရောက်ပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ဖမ်းဆီးရန် လိပ်စာမြေပုံနှင့်တကွ ရေးသားထားသည့် စစ်ဆင်ရေးအာတိုင်းပင် ချီတက်ကြသည်။

မတ်လ ၂ ရက်နေ့သို့အဝင် နံနက် ၉ မိနစ်တိတိတွင် တပ်အားလုံး ချီတက်ပြီး မြို့တွင်းသို့ ဝင်ရောက်ကြရန် ဗိုလ်နေဝင်းက အမိန့်ပေးလိုက်သည်။ ပေဒင်ယတြာအရ ၉ မိနစ်စွန်းတွင် စတင်ချီတက်ကြရမည်၊ အသင့်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသော ယာဉ်များက ချက်ခြင်းပင်မင်္ဂလာဒုံမှ ရန်ကုန်ဘက်သို့ ချီတက်ကြသည်။

လေယာဉ်ကွင်းတွင်ရှိသည့် ဆက်သွယ်ရေးစခန်းကို ပထမ သိမ်းသည်။ ဆက်လက်၍ အသံလွှင့်ရုံ၊ ကြေးနန်းရုံးချုပ်၊ အတွင်းဝန်များ ရုံးနှင့် ပါလီမန်အဆောက်အဦ၊ ရဲမင်းကြီးရုံးနှင့် ရဲဌာနများ၊ စစ်ရဲဌာနချုပ်၊ ပြည်ထောင်စုဘဏ်၊ ရန်ကုန်ဘူတာရုံ၊ ဝန်ကြီးများ နေထိုင်သော ဝင်ဒါမီယာဝင်းအနီးရှိ ရှမ်းဂေဟာ၊ ဖရေဇာလမ်းရှိ ကယားဂေဟာ စသည့်နေရာများကို စစ်သားများက စောင့်သိမ်းလိုက်သည်။

ည ၂ နာရီ ၉ မိနစ်တိတိအချိန်တွင် ဝန်ကြီးချုပ်အား ဖမ်းမိပြီဟု တာဝန်ကျဗိုလ်မှူးက ကြိုးမဲ့စကားပြောစက်နှင့် ဗိုလ်နေဝင်း၏ အိမ်သို့ အကြောင်းကြားလိုက်သည်။

ဦးနုသည် ထိုညက အိပ်ရာဝင် နောက်ကျနေသည်။ အခြေခံဥပဒေ ပြင်ဆင်ရေး နီးနှောဖလှယ်ပွဲမှ ပြန်လာပြီးနောက် အကြံပေးအရာရှိဦးချန်းတို့ နှုတ်ဆက်ကာ ပြန်သွားသည်နှင့် ရှည်လျားသော မိန့်ခွန်းတခုကို ပြန်လည် ဖတ်ရှု၍ တည်းဖြတ်နေမိသည်။

ပြည်နယ်ပြည်မ ခေါင်းဆောင်အများတို့ တညီတညွတ်တည်း အခြေခံဥပဒေကို ပြင်ဆင်ပြီးစီးချိန်တွင် ပြည်ထောင်စုကြီး တခုလုံးတွင် ဒီမိုကရေစီ ခိုင်မာရေးအတွက် မျိုးစေ့ချရန် အဖွဲ့အစည်းကြီးတခု လိုအပ်သည်။ ၁၉၅၈ ခုနှစ်တွင် ဦးနုက အကြံရသဖြင့် ပြန်ကြားရေးဌာန အတွင်းဝန်အား ပြောပြသည်ကို ဦးသန့်က လက်ခံပြီး ဒီမိုကရေစီ ပြန့်ပွားရေးအသင်း အမည်နှင့် အဖွဲ့အစည်းတခုကို တည်ထောင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာရှိများက ပါဝင်အားထုတ်ကြသည်။ အဖွဲ့အစည်း မဖြစ်မြောက်နိုင်ဘဲ ဦးသန့်နှင့် စာရေးဆရာ အောင်လင်းတို့ ရုံးပေါင်းကာ ဒီမိုကရေစီဂျာနယ်ကို ထုတ်ဝေနိုင်ခဲ့သည်။ အင်အားနည်းသာရှိသဖြင့် အလုပ်တွင်ကျယ်သည်။ ဂျာနယ်ကို လစဉ်မှန်ကန်စွာ ထုတ်ဝေနိုင်ခဲ့သည်။

ထိုအဖွဲ့ကလေးကို တိုးချဲ့ရန် သို့မဟုတ် အင်အားကြီးသော



အဖွဲ့အသစ်ကို အစိုးရက ဦးစီး၍ ဖွဲ့စည်းရန် စဉ်းစားပြီး အစိုးရဌာနများနှင့် ပြင်ပလောကမှ ဒီမိုကရေစီ ယုံကြည်သူများကို ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။

အသင်းကို အချိန်ပြည့် လုပ်ကိုင်နိုင်သူများ ပေါ်ပေါက်စေရန် ခိုင်မာသော ရန်ပုံငွေရှိရန် လိုအပ်သဖြင့် အစိုးရက ငွေကျပ် တကုဋေကို မတည်ပေးမည်။ ထိုငွေနှင့်အသင်းကို တည်ဆောက်မည်။ နောင်ကာလတွင် မည်ကဲ့သို့သော အစိုးရတက်လာသည်ဖြစ်စေ ထိုအသင်းကြီးက ဒီမိုကရေစီ ပညာရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် စည်းမျဉ်းရေးဆွဲမည်။ အသင်းကို ပါလီမန်မှ ဥပဒေနှင့် အကာအကွယ်ပေးပြီး တည်ဆောက်စေမည် စသည်ဖြင့် အသေးစိတ် သဘောတူထားကြသည်။

ထိုဒီမိုကရေစီပြန့်ပွားရေး အသင်းကြီးအတွက် စတင်ဆွေးနွေးရန် ညစာ စားပွဲတစ်ခုကို မတ်လ (၂)ရက်နေ့ညတွင် ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်အိမ်၌ ကျင်းပရန် အစိုးရအဖွဲ့ဝင်များ၊ ပါလီမန်အမတ်များနှင့် ပြင်ပမှ ပုဂ္ဂိုလ်များကို ဖိတ်ကြားထားသည်။

ဦးနုသည် မနက်ဖြန်ညတွင် ပြောရန်ရေးသားထားသော ဒီမိုကရေစီ မိန့်ခွန်းကို ပြန်လည်ဖတ်ရှု တည်းဖြတ်နေသဖြင့် အိပ်ရာဝင် နောက်ကျခဲ့၏။

ည ၂ နာရီခန့်တွင် အိမ်ဝင်းထဲမှ ရုတ်ရုတ်သဲသဲ အသံကြားရသဖြင့် အိပ်ရာမှနိုးလာသောအခါ ခြောက်လုံးပြူးသေနတ်ကို ကိုင်ဆောင်ထားသော တပ်မတော်အရာရှိငယ်တဦးကို အိပ်ရာဘေးတွင် တွေ့ရသည်။

"မင်း ဘာလိုချင်လို့လဲ"

"ကျွန်တော်တို့ တပ်မတော်က အာဏာသိမ်းလိုက်ပါပြီ"

"ဟုတ်လား ဒါဆိုရင် ငါ ဘာလုပ်ရမလဲ"

"ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ဦးနုက အိပ်ရာမှထပြီး အပေါ်အင်္ကျီဝတ်ကာ ရေချိုးခန်းတံခါးကို မှင့်လိုက်သည်။

"ဦးလေး ဘာလုပ်မလို့လဲ"

"သေးပေါက်မလို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



စစ်ပိုလ်က ရေချိုးခန်းသို့ ဝင်ခွင့်မပေးဘဲ၊ အိမ်ရှေ့ဝါရန်တာ၌ပင် ကိစ္စပြီးစေသည်။ ဦးနုအား ကားပေါ်တင်လိုက်သောအခါ ဂျစ်ကားပေါ်မှ ကြိုးမဲ့စက်ဖြင့် စကားပြောနေသော စစ်သားက "လောက်ကောင် မိထားပြီ"ဟု အကြောင်းကြားသံ ကြားရသောအခါ ဝန်ကြီးချုပ်ဘဝမှ လောက်ကောင်ဘဝသို့ ကြီးမားစွာ ရာထူးလျှော့ကျလေပြီဟု တွေးမိသောကြောင့် ပြုံးမိ၏။

စစ်ပိုလ်ခေါ်ရာသို့ လိုက်ပါသွားခဲ့စဉ်တွင် ယခုအရေးအခင်းမှာ စစ်ပိုလ်များ၏ သူပုန်ထမှုသာ ဖြစ်သည်။ ပိုလ်နေဝင်းပါမည် မဟုတ်ဟု ဦးနုက ယူဆခဲ့သည်။ ကိစ္စပြီးစီးက ပိုလ်နေဝင်းသည် သူထံ လာရောက်တွေ့လေမည်ဟု ယူဆခဲ့သဖြင့် မင်္ဂလာဒုံရှိ အိမ်တအိမ်မှ အခန်းတခုတွင်းသို့ ပို့လိုက်သောအခါ စိတ်အေးချမ်းစွာနှင့် အိပ်ပျော်နေမိခဲ့လေသည်။

နောက်တနေ့ ညနေ ၅ နာရီတွင်မှ သမ္မတကြီးမန်းဝင်းမောင်က တွေ့လိုပါသည်ဟု အစောင့်စစ်ပိုလ်တဦးက ပြောသဖြင့် အိမ်အောက်သို့ ဆင်းခဲ့သည်။

"ဝန်ကြီးချုပ်ခင်ဗျား ဒီမနက် ပိုလ်ချုပ်ကြီးနေဝင်းရဲ့ အသံလွှင့်ကြေညာချက်ကို ကြားပြီးပြီလား"

"မကြားလိုက်ဖူး ဘာတွေများ ပြောသွားသလဲ"

"တိုတိုပဲ ပြောပါတယ်၊ နိုင်ငံပျက်စီးယိုယွင်းလာတဲ့အတွက် စစ်တပ်က အာဏာသိမ်းလိုက်ရတယ်လို့ ပြောပါတယ်"

"ဩော် လက်စသတ်တော့ ဒီလိုကိုး"ဟု နှုတ်မထိန်းနိုင်ဘဲ ပြောမိကာ တမိနစ်တိတိ စကားမပြောနိုင် ဖြစ်ခဲ့ရသည်ဟု ဦးနုက သူ၏ မှတ်တမ်းတွင် ရေးသားခဲ့လေသည်။

ပိုလ်နေဝင်းသည် ဦးနု၏လူယုံတော် ဖြစ်သည်။ ဝန်ကြီးချုပ်သက်တမ်းတလျှောက်လုံးတွင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ထိပါးရန်ကြံစည်မှုမှန်သမျှကို စစ်စုံထောက်များ ရရှိသည့် သတင်းများအဖြစ် နှစ်ကိုယ်ကြား အစီရင်ခံလေ့ရှိသည်။ လူကွယ်ရာတွင် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ ပြောသမျှ ကြံစည်သမျှကိုလည်း ပိုလ်နေဝင်းက ဦးနုအား ပြောပြလေ့



ရှိသဖြင့် ဒီမိုကရေစီဘက်သား အပြည့်အဝ မဟုတ်စေကာမူ အစိုးရအဖွဲ့ကို သစ္စာရှိသူဟု ဦးနုက ယုံကြည်ခဲ့မိသဖြင့် ဦးနုသည် စကားမဆက်နိုင်တော့ဘဲ ငြိမ်သက်နေမိတော့၏။

ဦးနုအား ဖမ်းဆီးနေချိန်တွင် အာဏာသိမ်း စစ်ဆင်ရေးတပ်တို့သည် အခြားခေါင်းဆောင်များကိုလည်း ဖမ်းနိုင်ခဲ့ကြသည်။ ဦးနုနှင့်တကွ၊ သမ္မတဦးဝင်းမောင်၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ သခင်တင်၊ စပ်ခွန်ချို စပ်ဝဏ္ဏနှင့် ဦးရာရှစ်တို့ကို အထူးအရေးကြီးသူများအဖြစ် ထူထပ်စွာ အစောင့်ချ၍ မင်္ဂလာဒုံမှတဆင့် ရေကြည်အိုင်စစ်တပ်၏ အချုပ်စခန်းသို့ တိုက်ရိုက်ပို့ခဲ့၏။

ကမ္ဘာအေးဘုရားလမ်းရှိ တရားဝန်ကြီးချုပ် ဦးမြင့်သိန်းအား ဖမ်းစဉ်တွင် ဦးမြင့်သိန်းက ဖမ်းဆီးရန်လာသူအား တရားဥပဒေအရ ဝရမ်းပြရမည်ဟု တောင်းဆိုသဖြင့် နှောင့်နှေးခဲ့ရသည်။ တာဝန်ကျ စစ်ပိုလ်က အကြောင်းကြားသဖြင့် အရာရှိကြီးတဦး သွားရောက်၍ စစ်တပ်က အာဏာသိမ်းကြောင်း ရှင်းပြမှ ဦးမြင့်သိန်းမှာ အဖမ်းခံလေသည်။ ဂွတ်လစ်လမ်းရှိ သမ္မတဟောင်း စပ်ရွှေသိုက်၏အိမ်ကို စစ်သားများဝိုင်းစဉ်က အိမ်ရှိ တာဝန်ကျအစောင့်များက ခုခံပစ်ခတ်သဖြင့် စစ်သားများ ပစ်သောကြောင့် အသက် ၁၇ နှစ်ရှိ သားဖြစ်သူ စပ်မိမိသိုက် သေဆုံးခဲ့ရသည်။ ထိုသွေးမြေကျမှုမှတပါး အခြားသွေးထွက်သံယိုမှု မရှိခဲ့ပေ။

ထိုနေ့က ဖမ်းဆီးလိုက်သူတို့မှာ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးသခင်တင်၊ ဒေါက်တာအေးမောင်၊ ဦးရာရှစ်၊ ဦးဘစော၊ သခင်တင်မောင်၊ ဦးသွင်၊ စပ်ခွန်ချို၊ ဒေါက်တာစောလှထွန်း၊ ဦးဇာရဲလျှံ၊ ဦးဘမြိုင်၊ နိုင် အောင်ထွန်း၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ မန်းဘခိုင်၊ လူမျိုးစုလွှတ်တော် ဥက္ကဋ္ဌစပ်ခွန်ကြည်၊ ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်၊ မိုးနဲစော်ဘွား၊ စစ်ပြည်လဲချားစော်ဘွား စပ်နွံ၊ သာမိုင်း စော်ဘွား စပ်ထွန်းအေး၊ ကျိုင်းတုံစော်ဘွား စပ်ဆိုင်းလုံ၊ မိုင်းလွန်းစော်ဘွား စပ်ခွန်ကိုး၊ မိုင်းခွန်စော်ဘွား စပ်ကြည်၊ ကျေးသီးမန်းစံစော်ဘွား စပ်ရွှေမုံ၊ ပော်စော်ဘွား စပ်ခွန်အောင်၊ လွိုင်လင်စော်ဘွား စပ်မိုးကျော်၊ ပင်းဒယစော်ဘွား စပ်ခင်ကြည်၊

www.burmeseclassic.com



ရှင်စော်ဘွား စပ်ခမ်းနီ၊ မိုင်းပန်စော်ဘွား စပ်ရွှေကြည်၊ စကားစော်ဘွား စပ်ကခွန်ညွန့်၊ မိုင်းလုံစော်ဘွား စပ်မန်လစ်၊ စပ်ခွန်ထီး၊ အမတ်စပ်မန်ဖ၊ စပ်အောင်ဖူး၊ ဦးစံမြတ်၊ စပ်ကျော်ခေါင်၊ ဦးချစ်၊ ဦးရီရောင်း၊ ဦးခွန်နော်၊ ဦးဖြူ၊ ဦးကျော်စိန်၊ ဦးလွန်း၊ ဦးအန်ဖော်လှ၊ ဦးစိန်၊ ဦးထွန်းမြင့်၊ ဦးကြာပု၊ ဦးမြတ်ဖူး၊ ဦးစိုးမောင်၊ ဦးချစ်ဦး၊ ဦးသန်းတင်နှင့် ဦးတင်အောင်တို့ ဖြစ်ကြသည်။

ဗိုလ်မှူးအောင်နှင့် ဆမားဒူးဝါးဆင်ဝါးနောင်တို့မှာ ဖမ်းဆီးရန်စာရင်း၌ပါသော်လည်း နယ်များသို့ရောက်နေသဖြင့် ထိုနေ့က အဖမ်းမခံရပေ။

ဖမ်းထားသူများကို အသံလွှင့်ရုံ၌ ယာယီချုပ်နှောင်သောအခါ ယမန်နေ့က ကျင်းပသော အခြေခံဥပဒေ ပြင်ဆင်ရေး နှီးနှောဖလှယ်ပွဲခန်းမတွင်ပင် ထားရှိခဲ့လေသည်။ ဆိုင်းဘုတ်ကြီးပင် ရှိသေးသည်၊ မိုးလင်းမှ မင်္ဂလာဒုံသို့သယ်၍ တပ်မတော်၏ ရန်ကြီးအောင် ရုပ်ရှင်ရုံတွင် ခေတ္တထားသည်။ ထိန်းသိမ်းခံတို့မှာ ဆာလောင်ကြပြီ ဖြစ်သဖြင့် နံနက်စာ လက်ဖက်ရည် နံပြားများနှင့် ပြုစုသည်။

ထိုဖမ်းထားသူများအနက် မန်းဘဆိုင်၊ စပ်ခွန်ကြည်၊ ဒေါက်တာစောလှထွန်းဦး၊ ဦးဖာရဲလျှံ၊ ဦးဘမြိုင်၊ စပ်မန်ဖနှင့် ဦးဘစောတို့အား ရန်ကုန်သို့ ပြန်ခေါ်ကာ ဒဂုံရိပ်သာ၌ ဗိုလ်နေဝင်းက တွေ့ဆုံပြီး လူများ၍ ဖမ်းခဲ့ပါသည်ဟုပြောကာ ပြန်လွှတ်ခဲ့သည်။ ဦးဘစောမှာ ဗိုလ်နေဝင်းက လင်ရှိသူ ဒေါ်ခင်မေသန်းနှင့် လက်ထပ်သဖြင့် ရာထူးမှဖယ်ရှားရန် ဦးနုက ဝန်ကြီးအဖွဲ့သို့ အဆိုတင်သွင်း ဆုံးဖြတ်စဉ်က အစည်းအဝေးပြီးလျှင်ပြီးခြင်း ဗိုလ်နေဝင်းအား သွားရောက်တွေ့ကာ ပြောပြသတိပေးသူဖြစ်၏။

ဖမ်းထားသူ အားလုံးတို့အား အမည်ဝှက်များ ပေးထားကြသည်။ တာဝန်ကျစစ်ဗိုလ်တို့က ဖမ်းမိသည်နှင့် နာမည်ဝှက်ကို ရွတ်ဆိုဖော်ညွှန်း၍ ဖမ်းမိကြောင်း ဗိုလ်နေဝင်းကိုယ်တိုင် ထိုင်သည့်ကွပ်ကဲရေးရုံးသို့ အကြောင်းကြားရသည်။ "ပုစွန်တုပ်" အမည်ပေးထားသည့် ဝန်ကြီးကို ဖမ်းဆီးရာတွင် ပြဿနာပေါ်သဖြင့် အနည်းငယ် နှောင့်နှေးခဲ့ရသည်။



တာဝန်ကျစစ်ဗိုလ်သည် ပုစွန်တုပ်ကြီး၏ အိမ်သို့သွားရောက်ကြပြီး တံခါးခေါက်သောအခါ ပုစွန်တုပ်ကြီးမှာ အိမ်တွင်မရှိဘဲ ဝန်ကြီးကတော်ကိုသာ တွေ့ရသဖြင့် အကျိုးအကြောင်း ရှင်းပြရသည်။

"မောင်ရင်တို့ အင်မ်အိုင်က ညှံ့လှချည်းလား"

"ခင်ဗျာ..."

"အဘိုးကြီးက အိမ်မှာ မအိပ်တာ ၄ လနဲ့ ၁၃ ရက်ရှိပြီ"ဟု တိတိကျကျပြောပြပြီး ပုစွန်တုပ်ကြီးအိပ်သော မယားငယ်ကလေး၏ အိမ်ကို လမ်းနံပါတ် အိမ်နံပါတ်ကိုပါ ပြောပြသဖြင့် တပ်ခေါက်ရသည်။ ကားဦးလှည့်နေစဉ် ဝန်ကြီးကတော်က "နေပါဦး၊ နေပါဦး မောင်ရင်ရယ်"ဟု ခေါ်သဖြင့် ပြန်၍ နားထောင်ရပြန်သည်။

"အသေမိသလား အရှင်မိသလားဆိုတာတော့ ဒေါ်ဒေါ့ကို ပြန်ပြောပြပါကွယ်"ဟု မှာကြားသဖြင့် ပြန်ပြောရသေးလေသည်။

ဤသို့ဖြင့် ဇာတ်ကွက်အမျိုးမျိုး အဖုံဖုံဖြစ်ပေါ်ခဲ့သည်တို့ကို ပြည်ဖုန်းကားချလိုက်ပြီး နောက်တနေ့နံနက်တွင် ဗမာ့အသံမှ ဗမာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ကြေညာချက်နှင့် ဗိုလ်နေဝင်းက သမိုင်းဇာတ်ကွက်သစ်ကို ခင်းကျင်းပြသလေတော့သည်။

**နိုင်ငံသူနိုင်ငံသားများခင်ဗျား–**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အစီရင်ခံပါသည်။**

**အရပ်ရပ်ရှိ တိုင်းသူပြည်သား ရဟန်းရှင်လူအများသည် ကြောင့်ကြ စိုးရိမ်မှုပန်ခြင်း မဖြစ်ကြဘဲ ခါတိုင်း သာမန်အချိန်ကဲ့သို့ စိတ်အေးလက်အေး ငြိမ်းချမ်းစွာ မိမိတို့လုပ်ငန်း ဆောင်တာများကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါသည်။**

**အစိုးရအမှုထမ်းများသည်လည်း မိမိတို့တာဝန်ဝတ္တရားများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်ကြစေလိုပါသည်။ အထူး**

www.burmeseclassic.com

www.burmeseclassic.com



**သဖြင့် ပညာရေးဆိုင်ရာ တာဝန်ခံများနှင့် ကျောင်းသူကျောင်းသားများသည် မိမိတို့ စစ်ဆေးဖြေဆိုနေဆဲကိစ္စများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။**

**တိုင်းသူပြည်သားအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးအတွက် ကျွန်တော်တို့ အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ပါမည်။**

၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့ နံနက် ၈ နာရီ ၂၅ မိနစ်တွင် ဗိုလ်နေဝင်းက ညက်ညောပြေပြစ်သော အသံဖြင့် မြန်မာ့အသံမှ လွှင့်ကြားလိုက်လေသည်။

ဦးနုသည် အငိုက်မိသွားခဲ့သည်။ ဗိုလ်နေဝင်းအား ရိုးသားစွာ ယုံကြည်သဖြင့် အငိုက်မိရသည်မှာ အဆန်းမဟုတ်၊ ပန်ကာထိပ်သီး ငမွတ်ကြီး သတင်းစာများ အငိုက်မိရသည်မှာ ဆန်းနေသည်။

၁၉၅၈ ခုနှစ် အာဏာသိမ်းပွဲ ဖြစ်ပွားစဉ်က သတင်းစာဆရာတို့သည် တပတ်ခန့် ကြိုတင်သိကြသည်။ အာဏာလုမည့် စစ်ဗိုလ်ကြီးနှစ်ဦးက "ဦးနုအိမ်ကိုသွားပြီး အာဏာတောင်းမယ်"ဟု အချိန်နာရီနှင့် တိကျစွာပေးသဖြင့် သတင်းထောက်များက ဓာတ်ပုံသတင်းထောက်နှင့် အတူ သွားရောက်စောင့်ကာ သတင်းကို ဓာတ်ပုံနှင့် ဖော်ပြနိုင်ခဲ့သည်။

သတင်းကို ရေးနိုင်သည်ဖြစ်စေ မရေးနိုင်သည်ဖြစ်စေ သတင်းမှန်သမျှကို ကြိုတင်သိနိုင်လေ့ရှိသော သို့မဟုတ် ဤအမှုကြီးဖြစ်ပွားမည်ဟု ကြိုတင်ဟောနိုင်လေ့ရှိသော သတင်းထောက်များ၊ သတင်းစာဆရာကြီးများသည် အငိုက်မိခဲ့ကြသည်။ နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးခြင်းခံရသော လူမျိုးစုခေါင်းဆောင်တဦး၏ အပါးတော်မြဲက "ဦးနုက လူမျိုးစုတွေကို ဖမ်းနေပါတယ်"ဟု သတင်းများကိုပေးမှ စတင်သိကြရရှာ၏။

■



(၁၆)

## ဆိုရှယ်လစ်လမ်းစဉ်ကို ဖုတ်ပူမီးတိုက်ရှာတော်ပုံ

အာဏာသိမ်း စစ်ဆင်ရေးမှာ မတ်လ ၂ ရက်နေ့ နံနက် ၄ နာရီတွင် အောင်မြင်စွာ ပြီးဆုံးလေပြီဟု စိတ်ချလက်ချ ဆုံးဖြတ်နိုင်သောအခါ ဗိုလ်နေဝင်းက ရန်ကုန်ရှိ စစ်ဗိုလ်ကြီးများကို ကာကွယ်ရေး ဦးစီးချုပ်ရုံးသို့ ဆင့်ခေါ်လိုက်သည်။

နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်များဖြစ်သော (ကြည်း)ဗိုလ်မှူးချုပ်အောင်ကြီး၊ (ရေ)ဗိုလ်မှူးချုပ်သန်းဖေ၊ (လေ)ဗိုလ်မှူးချုပ်တီကလစ်၊ စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်တင်ဖေ၊ စစ်ဦးစီး ဗိုလ်မှူးကြီးသန်းစိန်၊ စစ်ရာထူးခန့်အတွင်းဝန် ဗိုလ်မှူးကြီးကျော်စိုး၊ နယ်ခြားဒေသ အုပ်ချုပ်ရေးမှူး ဗိုလ်မှူးကြီးစောမြင့်၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးဘနီတို့နှင့် စစ်ပစ္စည်းဝယ်ယူရေး ညွှန်ကြားရေးမှူး ဦးသီဟန်တို့ ရောက်ရှိလာကြသည်။

စစ်တပ်၏ ထိပ်သီးအရာရှိကြီး ၉ ဦးတို့ ရောက်ရှိသည်နှင့် တပ်မတော်က တိုင်းပြည်ကို ထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း ဗိုလ်နေဝင်းက ပြောပြကာ တိုင်းပြည်သို့ အလျင်အမြန် ကြေညာရန်ကိစ္စကို ပထမ ဆွေးနွေးကြရန် အမိန့်ပေးသည်။ ထိုအခါ ဗိုလ်သန်းစိန်က အသင့် ရေးယူလာသည့်

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းကိုတင်ပြသည်။ ဗိုလ်နေဝင်းက ကြိုက်ပုံမပေါ်သဖြင့် အားလုံး အကြံပြုကာ ပြင်ဆင်ရေးသားကြသည်။ ပြင်ဆင်ကြသည့် စာမူကို မိမိကြိုက်ပြီဆိုကာ ဗိုလ်နေဝင်းက ချက်ခြင်း အသံသွင်း၍ အသံလွှင့်ရုံသို့ ပို့စေသည်။

"တို့အဖွဲ့ တို့အစိုးရအမည်ကို ဘယ်လိုခေါ်မည်လဲ စဉ်းစားကြရအောင်"ဟု ဗိုလ်နေဝင်းက ပြောသောအခါ ဗိုလ်တင်ဖေက "တပ်မတော်အဖွဲ့၊ တပ်မတော်အစိုးရ"ပေါ့ဟု လျှင်မြန်စွာ အကြံပြုသည်။ ဗိုလ်တင်ဖေသည် အရပ်သားများ၏ ပါလီမန်အစိုးရကို များစွာ ရွံရှာမုန်းတီးနေသူဖြစ်သည်။ သန့်ရှင်းအစိုးရလက်ထက်က သူ့ပုန်အင်အား ကျဆင်းနေချိန်တွင် အနာဂတ် တပ်မတော်၏ ဖွဲ့စည်းပုံကို နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရ ဥပဒေနှင့် ဖွဲ့စည်းရန် ဆွေးနွေးကြသည်။ ထိုကိစ္စကို အခြားစစ်ဦးစီးများက လုပ်ဆောင်သင့်သော ဥပဒေဖြစ်သည်ဟု သဘောတူကြပါလျက် တပ်မတော်ကို နိုင်ငံရေးသမားများက ဖျက်ဆီးနေပါပြီဟု ဟောပြောတိုက်ခိုက်သူဖြစ်သည်။

ဗိုလ်တင်ဖေ၏ အဆိုကိုလက်မခံသေးခင်တွင် ဗိုလ်သန်းစိန်က အဆိုသစ်တင်သည်။ ထိုအချိန်က ဗိုလ်နေဝင်း၏ အတွင်းလူတဦး ဖြစ်နေသူ ဗိုလ်သန်းစိန်က "ကျွန်တော်တို့ တပ်မတော်က နိုင်ငံရေးအစိုးရကို တော်လှန်ခဲ့ပြီ မဟုတ်လား၊ တော်လှန်ရေး အစိုးရပေါ့"ဟု တင်ပြသည်ကို ဗိုလ်နေဝင်းက လက်ခံလိုက်သဖြင့် အတည်ဖြစ်သွားသည်။

တော်လှန်ရေးကောင်စီကို ဗိုလ်မှူးကြီးအဆင့်၏ အထက်တွင်ရှိသော စစ်အရာရှိများကို ပါဝင်စေ၍ ဖွဲ့ရမည်ဟု ဗိုလ်နေဝင်းက အမိန့်ပေးသည်။ ထိုအခါ ဗိုလ်နေဝင်းက ဦးသီဟန်အား လှမ်း၍ပြောသည်။

"ခင်ဗျား ထွက်မသွားပါနဲ့။ လက်ရှိ အရာရှိတွေနဲ့ ဖွဲ့ရပေမယ့် ကျုပ်တို့မှာ ခင်ဗျားက အတွင်းမှာရှိမှ ဖြစ်မှာ"ဟု ဦးသီဟန်အား အမည်မဖော်ဖော်ဘဲ ကောင်စီဝင်သဘောမျိုး သတ်မှတ်ခဲ့သည်။

(၁) ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်နေဝင်း ဦးစီးသော တော်လှန်ရေးကောင်စီတွင် အဖွဲ့ဝင်များအဖြစ် (၂) ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး (၃) ဒုတိယ ကာကွယ်ရေးဦးစီး



ချုပ် (ရေ) ဗိုလ်မှူးချုပ်သန်းဖေ (၄) ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်မှူးချုပ် တီကလစ် (၅) စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်တင်ဖေ (၆) အနောက်မြောက်ပိုင်း စစ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စန်းယု (၇) အလယ်ပိုင်းတိုင်း ဗိုလ်မှူးချုပ်စိန်ဝင်း (၈) အရှေ့တောင်တိုင်း ဗိုလ်မှူးကြီးသောင်းကြည် (၉) အနောက်တောင်ပိုင်း ဗိုလ်မှူးကြီးကြည်မောင် (၁၀) အရှေ့တောင်ပိုင်း ဗိုလ်မှူးကြီးမောင်ရွှေ (၁၁) စစ်ဦးစီးဗိုလ်မှူးကြီး သန်းစိန် (၁၂) စစ်ရာထူးခန့်အတွင်းဝန် ဗိုလ်မှူးကြီးကျော်စိုး (၁၃) နယ်ခြားဒေသ အုပ်ချုပ်ရေးမှူး ဗိုလ်မှူးကြီးစောမြင့် (၁၄) တွဲဘက်စစ်ထောက်ချုပ် ဗိုလ်မှူးကြီးချစ်မြိုင် (၁၅) လေ့ကျင့်ရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညို (၁၆) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှဟန်နှင့် (၁၇) ပြည်စောင့် ရဲတပ်ဌာနချုပ် ဒုတိယရဲတပ်ချုပ် ဗိုလ်မှူးကြီးတန်ယုဆိုင်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီဖွဲ့စဉ်က အဖွဲ့ဝင် ၁၀ ဦးကို အစည်းအဝေးမှ ဖွဲ့စည်းခဲ့သည်။ ကျန်အဖွဲ့ဝင် ၇ ဦးတို့မှာ အစည်းအဝေးတွင် မရှိသဖြင့် ကာယကံရှင်တို့က လက်ခံ၏၊ လက်မခံ၏ဆိုသည့် သူတို့၏သဘောထားကို မေးမြန်းမှုမပြုဘဲ ဗိုလ်ချုပ်ကြီးနေဝင်းက ကာကွယ်ရေးဦးစီးချုပ် အာဏာအရ ခန့်ထားသည်သာ ဖြစ်သည်။

ယင်းသို့ ခန့်ထားစဉ်က ရောက်ရှိနေသူ ဗိုလ်မှူးချုပ် တီကလစ်သည် မိမိအားကောင်စီ အဖွဲ့ဝင်ခန့်ထားမှုကို လက်မခံလိုပါဟု ငြင်းဆိုရန် စကားပြောမည်အပြုတွင် သူနှင့်ရင်းနှီးသူ ဗိုလ်မှူးချုပ်အောင်ကြီးက မျက်ရိပ်ပြသဖြင့် နှုတ်ပိတ်နေလိုက်ရသည်။ ဗိုလ်မှူးချုပ် တီကလစ်သည် မြန်မာနိုင်ငံသားဖြစ်သော်လည်း စစ်အတွင်းက အင်္ဂလန်ပြည် ဘုရင့်လေတပ်မတော်မှ အရာရှိတဦးဖြစ်ခဲ့သည်။ စစ်ပြီးခေတ်တွင် အင်္ဂလိပ်အစိုးရ၏ စစ်တပ်မှာ အမှုထမ်းနေစဉ် ဗမာ့တပ်မတော်ကို သိမ်းသွင်းဖွဲ့စည်းချိန်၌ ဆက်လက်ပါဝင်ခဲ့သူဖြစ်သည်။ သူသည် ဒီမိုကရေစီကို ယုံကြည်သူဖြစ်သဖြင့် ၁၉၅၈ ခုနှစ် စစ်တပ်အာဏာသိမ်း လုပ်ရှားမှုကို ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။ စစ်မှုထမ်းဘဝကိုပင် ညည်းငွေ့နေသည်။ ယခုမူ ဗိုလ်နေဝင်းက လက်လွှတ်ခြေလွှတ် လုပ်ဆောင်မိနေပြီကို သတိပြုမိသဖြင့် နှုတ်ဆိတ်နေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လူစု တပ်မတော်မှာ ရှိနေသရွေ့ စစ်တပ်က အာဏာသိမ်းတာမျိုး မဖြစ်စေရပါ"ဟု သတင်းစာဆရာများအား ကတိပေးလေ့ရှိသူ ဗိုလ်မှူးချုပ်အောင်ကြီးသည်လည်း ယခုအာဏာသိမ်းပွဲကို ထောက်ခံသူ မဟုတ်ခဲ့ပေ။ ဗိုလ်နေဝင်းကလည်း သူ့ကို မယုံကြည်သဖြင့် အာဏာသိမ်း စစ်ဆင်ရေးကို အသိမပေးဘဲ ထားခဲ့သည်။ ထိုနေ့မတိုင်မီကပင် စစ်ရုံးအရာရှိရိပ်သာတွင် တည်းခိုနေခဲ့သောကြောင့် အာဏာသိမ်းသည်ကို မြင်သိရသောအခါ ဝမ်းနည်းလာသဖြင့် ဗိုလ်မှူးဘသန်း၏ မျက်မှောက်၌ ငိုကြွေးမိသည်ဟုပင် ထုတ်ဖော်ခဲ့သည်။

ဗိုလ်အောင်ကြီးက စစ်တပ်အာဏာသိမ်းပွဲကို မမြင်လိုသည်မှာ သူရည်မှန်းသော ပန်းတိုင်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ဖြစ်၏။ အစိုးရငွေကို ရင်းနှီး၍ အစိုးရသို့ အခွန်အထုပ်မပေးရဘဲ စစ်တပ်ပိုင် စီးပွားရေး လုပ်ငန်းကြီးတည်ထောင်ခွင့်ကို အိမ်စောင့်အစိုးရ ပါလီမန်က ဥပဒေနှင့် ခွင့်ပြုချက်ကို ရရှိခဲ့ပြီဖြစ်သဖြင့် ကုမ္ပဏီများစွာတန်သော စီးပွားရေး လုပ်ငန်းများကို ပိုင်ဆိုင်လည်ပတ်နေပြီဖြစ်သည်။ အလုပ်ပျက်မခံလိုပဲ ရသောအခိုက်တွင် စီးပွားရေးကို အားသွန်လိုသဖြင့် အာဏာသိမ်းမှုကို မလိုလား။

သို့သော် စစ်တပ်တွင်း စတင်ဝင်ရောက်ချိန်မှစကာ ဗိုလ်နေဝင်း၏ ကိုယ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့ရသောကြောင့် ဗိုလ်နေဝင်း၏ အကြောင်းကို ကောင်းစွာ သိသည်။ မည်သည့်ကာလတွင်မှ ဗိုလ်နေဝင်းအား ထိပ်တိုက်ဆန့်ကျင်မှု မပြုရဲသူဖြစ်သည်။ ထို့ကြောင့် နံနက်စောစောက စစ်တပ် အာဏာသိမ်းမှုအတွက် ဝမ်းနည်းသဖြင့် ငိုပွဲဆင်ခဲ့သည်ဆိုစေကာမူ ယခု အစည်းအဝေးတွင် ဗိုလ်နေဝင်း၏ အာဏာလုပွဲ အောင်မြင်ရေးအတွက် အဖက်ဖက်မှ ကြိုးစားပြခဲ့လေသည်။

"ပထမဆုံး အရေးကြီးတာက နိုင်ငံခြားတိုင်းပြည်များက တော်လှန်ရေး အစိုးရကို လက်ခံကြဖို့၊ အသိအမှတ် ပြုကြဖို့ပဲ၊ နိုင်ငံခြားရေးဝါဒကို ကြေညာဖို့ လိုပါတယ်"ဟု ဗိုလ်အောင်ကြီးက တင်ပြသောအခါ ဗိုလ်နေဝင်းက စကားဖြတ်၍ "ကြားနေနိုင်ငံခြားရေးဝါဒပဲပေါ့ကွ"ဟု တမုဟုတ်ချင်းပြောသဖြင့် တိကျသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမည်ဟု အချက် ၄ ချက်ကို ရေးဆွဲအတည်ပြုကြ လေသည်။ ထိုအခါ ဗိုလ်နေဝင်းက ဦးသီဟန်အား "တော်လှန်ရေး ကောင်စီဝင် မဟုတ်ပေမဲ့ ဝန်ကြီးအဖွဲ့မှာ ကိုသီဟန် တာဝန်ယူပါ။ ခင်ဗျား နိုင်ငံခြားရေး ဝန်ကြီးဌာနကို ကိုင်ဗျာ"ဟု ရာထူးပေးသည်။



ထိုနောက် အစိုးရအဖွဲ့ကို ဖွဲ့သောအခါ ဗိုလ်နေဝင်းကပင် တဦးပြီး တဦး အမည်များကိုခေါ်၍ ရာထူးများ ခန့်ထားလေသည်။

(၁) ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် တရားရေးဝန်ကြီးဌာန
ဗိုလ်နေဝင်း

(၂) ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန
ဗိုလ်အောင်ကြီး

(၃) လယ်ယာ၊ သစ်တော၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေး
ဗိုလ်တင်ဖေ

(၄) ပညာရေးနှင့် ကျန်းမာရေး ဗိုလ်မှူးချုပ်သန်းဖေ

(၅) နိုင်ငံခြား၊ အလုပ်သမား၊ ဆောက်လုပ်ရေးနှင့် သတ္တုတွင်း
ဦးသီဟန်

(၆) ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဗိုလ်ကျော်စိုး

(၇) ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဗိုလ်စောမြင့်

(၈) လမ်းပန်းဆက်သွယ်ရေး ဒုတိယဗိုလ်မှူးကြီးဘနီ

ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာချက်ကို ရေးသောအခါ ဝန်ကြီးဟု မသုံးဘဲ တာဝန်ခံများဟု သုံးစွဲကြရန် ဆုံးဖြတ်ကြသော်လည်း လအနည်းငယ်အတွင်း ဝန်ကြီးဟုပင် ခေါ်ဝေါ်ကြသည်။

အရေးကြီးတာက သတင်းစာတွေနဲ့ နိုင်ငံရေးသမားတွေက ပွစိပွစိမဖြစ်အောင် အာဏာသိမ်းရတဲ့ နိုင်ငံရေးအကြောင်းပြချက်တွေကို ရေးဖို့ လိုပါတယ်ဟု ဗိုလ်အောင်ကြီးက တင်ပြပြီး "ဗိုလ်စောမြင့် ဒီနေ့လက်ငင်း သတင်းစာ ဆရာအသင်းက လူတွေကိုခေါ်ပြီး လွတ်လပ်စွာ ရေးသားခွင့် ပေးမယ်လို့ ကတိပေးပါ"ဟု ဗိုလ်အောင်ကြီးကပင် အမိန့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်ရယ် ကျွန်တော်တို့ရယ်က နိုင်ငံရေးသမားတွေကို ဖိတ်ပြီး ရှင်းပြကြတာပေါ့"ဟု ဗိုလ်အောင်ကြီးက ပြောသောအခါ "ဘယ်လိုင်းကို အခြေခံမလဲ"ဟု ဗိုလ်နေဝင်းက မေးသည်။ "ရှမ်းစော်ဘွားတွေက ဖက်ဒရယ်မူကိုတောင်းပြီး ပြည်ထောင်စုကြီးက ခွဲထွက်ဖို့ ကြံစည်နေတာ ကြောင့် အာဏာကို တပ်မတော်က ထိန်းသိမ်းရတယ်လို့ အကြောင်းပြရ မှာပဲ"ဟု ဗိုလ်အောင်ကြီးက ပြောသည်ကို ဗိုလ်နေဝင်းက သဘောကျသဖြင့် "မင်းပဲ စာတမ်းတစောင်ရေးကွာ၊ တိုတိုရေးဟေ့"ဟု တာဝန်ပေးပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

စစ်စုံထောက်ရုံးမှ အရာရှိကိုခေါ်ပြီး စာတမ်းကိုချက်ခြင်း ရေး သည်။ တပ်မတော် ထောက်လှမ်းရေးမှူး၏ တာဝန်ပေးချက်အရ အမှတ် (၂)ထောက်လှမ်းရေးမှူးက ရေးသားပြုစုထားသည့် "ရှမ်းပြည်နယ် နိုင်ငံရေး လှုပ်ရှားမှုများနှင့် ဖက်ဒရယ်မူ စတင်ဖြစ်ပေါ်လာပုံ"ဟု ခေါင်းစဉ်တပ် ထား သည်။ ၁၉၅၉ ခုနှစ်မှ စတင်ကာ မိုင်းရယ်မြို့တွင် စော်ဘွားတစု လျှို့ဝှက် စည်းဝေး၍ ရှမ်းပြည်နယ်က ပြည်ထောင်စုမှခွဲကာ ရှမ်းသမ္မတနိုင်ငံ တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ သမ္မတဟောင်း ညောင်ရွှေစော်ဘွား ကတော် ပါဝင်ကြောင်း၊ ထိုဖက်ဒရယ် လှုပ်ရှားမှုအတွက် ရှမ်းသောင်းကျန်း သူ ၄၀၀၀ ရှိနေပြီဖြစ်ကြောင်း ရေးသားထားသည်။

ထိုသို့ရေးစေကာမူ ဗိုလ်အောင်ကြီး ကောင်းစွာသိသည်။ ရှမ်းပြည်က စော်ဘွားများ ခွဲထွက်ရန် ကြံစည်ကြသည် ဆိုခြင်းသည် လုံးဝ မဟုတ်၊ တည်မြဲဖဆပလခေါင်းဆောင်များ၏ နိုင်ငံရေးခြေထိုးမှုသာ ဖြစ်သည်။ ယမန် နေ့က ကျင်းပခဲ့သော အခြေခံဥပဒေ ပြင်ဆင်ရေး နှီးနှောဖလှယ်ပွဲတွင် အစိုးရပါတီဖြစ်သော ပထစအဖွဲ့နှင့် လက်ဝဲလက်ျာ နိုင်ငံရေးအဖွဲ့များနှင့်အတူ လူမျိုးစုခေါင်းဆောင်များ၊ ရှမ်းစော်ဘွားများ အားလုံးညီညွတ်စွာ ဥပဒေ ပြင်ဆင်ရေးကိုသာ စိတ်ဝင်စားနေကြသည်။ ဥပဒေကြီး ပြင်ဆင်ရေးမှာ ဒီတိုင်းပြည်ကို ကွန်မြူနစ်နိုင်ငံမဖြစ်၊ ဖက်ဆစ်နိုင်ငံမဖြစ်၊ အာဏာရှင်နိုင်ငံ မဖြစ်လျှင် တော်ပြီ ကြိုက်သလိုသာ ပြင်ကြပါ။ နီဒါန်းက နိဂုံးအထိ ပြင် ကြပါ"ဟု တရားရေးဝန်ကြီး ဒေါက်တာ



အေးမောင်က လွှတ်လပ်စွာ ပြင်ဆင် ခွင့်ကို ကြေညာထားသဖြင့် မိမိတို့ နယ်မြေ၌ ဗမာစစ်တပ်များ လာရောက် စခန်းမချရေးကို ဦးတည်သည့် စော်ဘွားများက အထူးကျေနပ်အားတက် နေကြသည်။ ခွဲထွက်ရေးပြဿနာ လုံးဝမရှိတော့သည်ကို ဗိုလ်အောင်ကြီး ကောင်းစွာ သိရှိသည်။ သို့သော် အရေးကြီးပြီဖြစ်သဖြင့် စစ်တပ်ဖက်မှ နေရမည့်တာဝန်ရှိသည်။ ဗိုလ်နေဝင်း ကိုလည်း ကြောက်သည်။ ထိုကြောင့် ရှမ်းပြည်နယ် ခွဲထွက်မည်ဟူသည့် မှသားကိုပြဿနာပြုကာ ပုံကြီးချဲ့၍ ရှင်းလင်းပွဲများကို ဟောပြောခဲ့သည်။

နောက်တနေ့ မတ်လ ၃ ရက်နေ့တွင် မြန်မာ့လွှတ်လပ်ရေးကို ရယူရာတွင် အဓိကပြမ်းလက်နက်ဖြစ်သော အခြေခံဖွဲ့စည်းပုံဥပဒေကြီး ဖျက်သိမ်းရေးကို စတင်ဆွေးနွေးလုပ်ဆောင်ကြသည်။ ဥပဒေကြီး၏ အခက် အလက်များဖြစ်သော အဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းကြောင်း ကြေညာ ချက်ကို မတ်လ ၃ ရက်နေ့တွင် ထုတ်ပြန်သည်။ ပါလီမန်လွှတ်တော် နှစ်ရပ်နှင့် ပါလီမန်က ခန့်ထားသော အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ ပြည်နယ်ကောင်စီများနှင့် တရားလွှတ်တော် နှစ်ရပ်တို့ကို ဖျက်သိမ်းလိုက် သည်။ ပြည်နယ်ကောင်စီများကိုမူ အသစ်ဖွဲ့သည်။ စစ်တပ်နှင့်နီးစပ်သည့် လူမျိုးစုခေါင်းဆောင်သစ်များကို ခန့်ထားဖွဲ့စည်းခဲ့သည်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့က ပြည်သူ့လွှတ်တော် အစည်းအဝေးမှ အခြေခံဥပဒေအရ ဆုံးဖြတ်ချက် ချမှတ်သဖြင့် ဗိုလ်နေဝင်း အား အိမ်စောင့်အစိုးရ၏ ဝန်ကြီးချုပ်ရာထူးကို ခန့်ထားခဲ့သည်။ ထိုအခါ ဗိုလ်နေဝင်းက သူ့အား ရာထူးရရှိရေးကို ထောက်ပံ့သည့် ဥပဒေကြီးကို ကျေးဇူးတင်၍ မဆုံးဖြစ်ခဲ့ကာ "မိမိသည် ပြည်ထောင်စုသားတယောက် အနေနှင့်လည်းကောင်း၊ စစ်သားတယောက်အနေနှင့် လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ဒီမိုကရေစီကို အသက်ပေးပြီး ကာကွယ် ရန် တာဝန်ယူပါသည်"ဟု လွှတ်တော်တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့၏။ နိုင်ငံ၏အာဏာပိုင် လွှတ်တော်ထက်၌ ခိုင်မာစွာ ပြုခဲ့သော သစ္စာကတိကို ၃ နှစ် ၄ လနှင့် ၂ ရက်အကြာတွင် မိမိကိုယ်တိုင် ချိုးဖျက်လိုက်၏။

လူထုက ရွေးကောက်တင်မြှောက်သော လွှတ်တော်အမတ်များ

www.burmeseclassic.com

www.burmeseclassic.com



တွင် တည်သောအာဏာသုံးရပ်ကို ဗိုလ်နေဝင်းက သူတဦးတည်း၏ လက်တွင်းသို့ အပ်နှင်းကြောင်း ဆုံးဖြတ်ကြေညာသည်။ တော်လှန်ရေးကောင်စီသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှုအာဏာဟူသော အာဏာသုံးရပ်ကို အပ်နှင်းကြောင်းနှင့် ၁၉၆၂ ခု မတ်လ ၉ ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် (၂၀)ကို ထုတ်ပြန်လိုက်သဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် သူ၏လက်တွင်းသို့ ရောက်ရှိသွားလေတော့သည်။

မတ်လ ၄ ရက်နေ့တွင် ဝန်ကြီးရှစ်ဦးအဖွဲ့ကို ပြင်ဆင်သည်။ ဌာနများ အပြောင်းအလဲပြုကြသောအခါ ရေတပ်ဗိုလ်မှူးချုပ်သန်းဖေအား ဖယ်ထုတ်ခဲ့သည်။ အကြောင်းမပြပေ။

ဗိုလ်နေဝင်းက မတ်လ ၄ ရက်နေ့မှ စတင်ကာ ဖဆပလ၊ ပထစနှင့် ပမညတအဖွဲ့အား ဖိတ်ခေါ်ရှင်းလင်းရာတွင် တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်မည်ဖြစ်ရာ လက်ရှိ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းလုပ်ဆောင်လိုပါသည်ဟု ဖိတ်ကြားသောအခါ နိုင်ငံရေးပါတီများ ကွဲပျက်သွားတော့သည်။ ပထစခေါင်းဆောင်များက မိမိတို့၏ ခေါင်းဆောင်များကို ဖမ်းထားသဖြင့် ဆုံးဖြတ်မှုမပြုနိုင်ပါဟု ဖြေကြားသည်။ ပမညတအဖွဲ့က တော်လှန်ရေးကောင်စီ၏ သဘောထားနှင့် အနာဂါတ်လုပ်ငန်းစဉ်ကို ထောက်ခံကြောင်း ကြေညာတော့သည်။ ဖဆပလ တည်မြဲတို့တွင် ဦးဗဆွေက ထောက်ခံစေကာမူ ဦးကျော်ငြိမ်းက ပါလီမန် ဒီမိုကရေစီကိုသာ ယုံကြည်သဖြင့် ထောက်ခံမှုမပြုသောကြောင့် တော်လှန်ရေးကောင်စီကို ပူးပေါင်းမည်ဟုသာ တိုတိုထုတ်ဖော်၏။

တောတွင်းမှ လက်နက်ကိုင်ပုန်ကန်နေသော အလံနီကွန်မြူနစ်တို့က တော်လှန်ရေးကောင်စီသည် စစ်အစိုးရသာဖြစ်သည်ဟု ပယ်ချသည်။ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း စစ်အစိုးရကို ဆန့်ကျင်လှုပ်ရှားကြရမည်ဟု တပ်လှန့်သည်။

ထိုအခါ ဗိုလ်နေဝင်းက မြေပေါ်ရှိ ဗကပများကို ဖိတ်ခေါ်သည်။ တပ်နီဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်အောင်သူခေါ် သံမဏိကိုမောင်မောင်နှင့်



ဗိုလ်သိန်းတန်တို့ကို ဖိတ်ခေါ်တွေ့ဆုံပြီး ဆိုရှယ်လစ်နိုင်ငံ ထူထောင်မည်ဖြစ်သဖြင့် ပူးပေါင်းကူညီပါဟု တင်ပြသောအခါ သူတို့က တော်လှန်ရေးကောင်စီ၏ လက်ကမ်းချက်ကို လက်ခံကြသည်။

ရွှေတိဂုံရင်ပြင်တွင် ညပိုင်းလူခြေတိတ်ချိန်၌ ကျင်းပလေ့ရှိသော လက်နက်ချဗကပများ အစည်းအဝေးမှ စစ်တပ်နှင့်ပေါင်းရန် ဆုံးဖြတ်လိုက်ကြ၏။ သူတို့ရင်တွင်း၌ မုချကေန်သိကြသည်။ ဗိုလ်နေဝင်းနှင့် သူ၏လက်နက်ကိုင်စစ်တပ်သည် ဆင်းရဲသားလူထု အကျိုးစီးပွားရေးအတွက် မှန်ကန်သော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်ရန် စေတနာရှိသူများမဟုတ်။ လူထုအတွက် ကောင်းကျိုးပြုနိုင်သော အစိုးရအဖွဲ့ မဟုတ်သည်ကို ကောင်းစွာ သိရှိသည်။ သူတို့သည် စစ်တပ်နှင့်ပေါင်းခြင်းဖြင့် ရာထူးရနိုင်သည်ကို မက်မောမိကြသည်။ ထို့ကြောင့် စစ်တပ်နှင့်ပေါင်းပြီး ရနိုင်သမျှ အခွင့်အရေးကို ယူကြမည်။ အခွင့်သာချိန်တွင် စစ်ဗိုလ်များကို ကန်ထုတ်နိုင်မည်ဟု အတွင်းစကားဖြင့် နားလည်မှုယူကြသည်။

တဖက်မှလည်း ဗိုလ်နေဝင်းက သူ၏စစ်ဗိုလ်များကို ချော့ရသည်။ ၁၉၅၈ ခု၊ အာဏာသိမ်းရန် ခလောက်ဆန်စဉ်က "ကွန်မြူနစ်သူပုန်တွေ အစိုးရစည်းဝိုင်းတွင် ဝင်လာမည်ကို တပ်မတော်က လက်မခံနိုင်သဖြင့် အာဏာလုရသည်"ဟု တပ်တွင်း၌ ဒါဒြဖြန့်ခဲ့ကြရသည်။ ယခု ဗိုလ်နေဝင်းက လက်နက်ချဗကပများကို အစိုးရစည်းဝိုင်းအတွင်းသို့ ဖိတ်ခေါ်နေလေပြီ။ ထို့ကြောင့် မတ်လ ၁၆-၁၇ တော်လှန်ရေးကောင်စီ အစည်းအဝေး ကျင်းပစဉ်တွင် စစ်ဗိုလ်များက မေးမြန်းကြသဖြင့် "အပြင်ကလူတွေ လက်ခံတာကို မင်းတို့က နည်းနည်းဟိုဒင်းဖြစ်တယ် ဆိုပါတော့ကွာ၊ စိုးရိမ်တယ်ဆိုပါတော့ ဟုတ်လား၊ လုပ်ငန်းတွေကို ဒို့ချည်းလည်းဘဲ လုပ်လို့မရဘူး၊ တတိုင်းပြည်လုံး ဝိုင်းလုပ်ရမယ်၊ အဲဒါကြောင့်မို့လို့ဟာ ဘယ်သူဖြင့် လက်မခံဘူး၊ တယ်သူ့ကိုဘယ်အထိ လက်ခံမယ်ဆိုတာ မဖြစ်စေချင်ဘူး" စသည်ဖြင့် ပျည့်လျားစွာ ဟောပြော၍ ချွေးသိပ်ခဲ့ရသည်။

ထိုအစည်းအဝေးတွင် ဗိုလ်နေဝင်းက ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရေးအတွက် တပ်မတော်ဦးစီးများ ရိုးသားကြရန် အထူးလိုအပ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကျယ်တဝင့် သတိပေးသည်။ ထိုအစည်းအဝေး မတိုင်မီကပင် စစ်ဗိုလ်များက ဆိုရှယ်လစ်စနစ်သည် ကွန်မြူနစ်စနစ်နှင့် ထူးမခြားနားသာ ဖြစ်သည်ဟု နားလည်ကြသဖြင့် မေးခွန်းများ ထွက်လာသောကြောင့် "စစ်မှုထမ်းတိုင်း ဆိုရှယ်လစ်စနစ်ကို နားလည်အောင် တော်လှန်ရေးကောင်စီက ဦးဆောင်၍ ဆောင်ရွက်မည်"ဟု ကတိပေးခဲ့လေသည်။

အမှန်အားဖြင့် ဆိုရှယ်လစ်လမ်းစဉ်နှင့် ချီတက်မည်ဟု ပြောခဲ့စဉ်က ထိုအချိန်တွင် ဆိုရှယ်လစ်လမ်းစဉ်နှင့် ချီတက်သော အစိုးရများ ကြာမြင့်စွာ ရာထူးတည်မြဲနိုင်ခြင်းနှင့် ကမ္ဘာနိုင်ငံများတွင် ဆိုရှယ်လစ်ဝါဒ ရေပန်းစားနေခြင်းတို့ကြောင့် ရွေးချယ်ခဲ့သည်။ နားလည်သိရှိသော ခံယူချက်နှင့် ရွေးခြင်း မဟုတ်ခဲ့သောကြောင့် တော်လှန်ရေးကောင်စီမှ ချီတက်မည့် ဆိုရှယ်လစ်လမ်းစဉ်အကြောင်းကို ဗိုလ်နေဝင်းကပင် မသိနိုင်ဖြစ်ခဲ့သည်။ ပြောမိသည့် လမ်းစဉ်ကိုဖော်ထုတ်ရန် လိုအပ်သဖြင့် ပြန်ကြားရေးဝန်ကြီး ဗိုလ်စောမြင့်အားခေါ်၍ တိုင်ပင်ပြီး စစ်တပ်က မွေးထားသော "ကွန်မြူနစ်ပျက်"နှစ်ဦးတို့အား ဆင့်ခေါ်၍ ဆိုရှယ်လစ်လမ်းစဉ်ကို ရေးသားပေးရန် တာဝန်လွှဲလိုက်၏။ ကဗျာကယာ အလျင်အမြန် မတ်လ ၆ ရက်နေ့တွင်ပင် ခေါ်ဆောင်ပြီး "ဒီလိုရှိတယ်ကွာ၊ ဆိုရှယ်လစ်ဖင်းပေါ့ကွာ"ဟု ဗိုလ်နေဝင်းက သူ၏ဆန္ဒကို တိုတိုပြော၍ ထိုဆန္ဒကို စာတမ်း ရေးပေးပါဟု တာဝန်ပေးအပ်ခဲ့သည်။

ကြီးခင်းသားဦးစောဦးသည် စစ်မဖြစ်မီက မြန်မာအလင်းသတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင် တဦးအဖြစ် စာနယ်ဇင်းလောကသို့ ဝင်လာသည်။ ဦးချစ်မောင်က ဂျာနယ်ကျော် စာစောင်ထုတ်သောအခါတွင် အယ်ဒီတာတဦး ဖြစ်လာခဲ့သည်။ ဝတ္ထုတိုများ ရေးခဲ့သည်။ စစ်ပြီးခေတ်တွင် ဦးချစ်မောင် ကွယ်လွန်သောအခါ ပြည်သူ့ဟစ်တိုင် သတင်းစာအဖြစ် တိုးချဲ့ထုတ်ဝေသည်ကို အယ်ဒီတာချုပ်အဖြစ် ခေါင်းဆောင်ခဲ့၏။ သခင်သန်းထွန်းနှင့်တကွ ဗကပခေါင်းဆောင်များနှင့် များစွာနီးစပ်သည်။ စာပေလောကကို လက်ဝဲဝါဒီများ သိမ်းသွင်းရေးလုပ်ငန်းများအတွက် ဗကပ၏ကိုယ်စားလှယ်အဖြစ် ဦးဆောင်သည်။ ဆိုရှယ်လစ်များက သတင်းစာတိုက်များကို ဖျက်ဆီးစဉ်တွင်



ပါတီက ဦးစောဦးအတွက် လက်နက်ကိုင်ဗကပ သက်တော်စောင့်များကိုပင် ပေးထားသည့် ပါတီ၏အရေးပါသော ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။

၁၉၄၈ ခု မတ်လ ၂၇ ရက်ညတွင် ဗကပများ တောခိုသောအခါ တောတွင်းသို့ လိုက်ပါသွားခဲ့သည်။ ၁၅ ရက်ခန့်ကြာသောအခါ တောထဲမှပြန်ထွက်လာခဲ့သော်လည်း အစိုးရက သူ့ကို အရေးယူခြင်းမပြုပဲ မကြာမီတွင် စစ်တပ် စိတ်ဓာတ်စစ်ဆင်ရေး ရုံးအရာရှိတဦးအဖြစ် ရာထူးပေးသည်။ ကွန်မြူနစ်ဆန့်ကျင်ရေး စာပေများရေးပြန်သည်။ တည်မြဲသန့်ရှင်းကွဲကြစဉ်၌ တည်မြဲတို့၏ မဏ္ဍိုင်သတင်းစာ အယ်ဒီတာချုပ်တာဝန်ကို ယူသည်။ အိမ်စောင့်အစိုးရခေတ်၌ ဗိုလ်နေဝင်းက ဝဏ္ဏကျော်ထင်ဘွဲ့ပေးသည်အထိ မြှောက်စားခဲ့သည်။ တော်လှန်ရေး အစိုးရခေတ်တွင် ဆိုရှယ်လစ်စာတမ်း ပြုစုနိုင်သဖြင့် ဝါဒရေး စာပေရေး အကြီးအကဲအဖြစ် တင်မြှောက်ထားခဲ့ပြီး ၁၉၇၅ ခုနှစ် မဆလ ပြည်သူ့လွှတ်တော်၌ စစ်ကိုင်းခရိုင်၊ ဒီပဲရင်းမြို့နယ် အမတ်အထိ အဆင့်တက်လာခဲ့၏။

မိုးကုတ်မြို့သား ကိုချစ်လှိုင်သည် အလံနီခေါင်းဆောင်တဦး ဖြစ်ခဲ့သော်လည်း စောစောကာလကပင် နောက်ပြန်ဆုတ်နေသည့် ကွန်မြူနစ်ပျက်ဖြစ်သည်။ ၁၉၄၈ ခုနှစ်က မော်စကိုမြို့တွင် ကျင်းပသော လူငယ်ပွဲသဘင်သို့ ကျောင်းသားကိုကြည်ညွန့်နှင့်အတူ မြန်မာအစိုးရ၏ စရိတ်နှင့် တက်ရောက်ခဲ့သည်။ ထိုညီလာခံသို့ ဖိတ်ကြားသော မြန်မာလက်ဝဲလူငယ်များအား နိုင်ငံကူးလက်မှတ် ထုတ်မပေးပဲ သူတို့နှစ်ဦးကိုသာ အစိုးရပါတီဖြစ်သည့် ဆိုရှယ်လစ်ပါတီ၏ ကိုယ်စားစေလွှတ်ပုံကို ရုရှားတို့က မကျေနပ်သဖြင့် သူတို့နှစ်ဦးအား မော်စကိုမြို့ လူငယ်ပွဲတော်ကိုသာ တက်ခွင့်ပြုသည်။ အခြားနိုင်ငံမှ လူငယ်များကဲ့သို့ ရုရှားပြည်အနှံ့ ခရီးထွက်ခွင့်မပြုဘဲ နှင်ထုတ်သဖြင့် ပြင်သစ်ပြည်ပဲရစ်မြို့သို့သွားကာ မြန်မာသံရုံး၌ပင် လအတန်ကြာ သောင်တင်နေခဲ့သည်။ ဤတွင် ရုရှားကွန်မြူနစ် ဆန့်ကျင်သူ ပာဦး ဖြစ်လာခဲ့သည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ပဲရစ်မြို့တော်၏ လိုဏ်ဘုံမြနန်းစာပေများကို ပြုစုခဲ့သည့် ကလောင်အမည် ကိုကိုမောင် ဖြစ်သည်။ သူသည် အလံနီပါတီတွင် သခင်စိုး၏ မှာက်စ်သင်တန်းများကို

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်စွာ တက်ခဲ့သောကြောင့် သဘောတရား ကြေညာခဲ့သူ ဖြစ်သည့် အလျောက် ဆိုရှယ်လစ် သဘောတရား၏ အနှစ်၊ အညမညစာတမ်းကိုပါ တင်ပြသဖြင့် ဗိုလ်နေဝင်းက အထူးနှစ်ခြိုက်သောကြောင့် ပါတီ၏ သဘောတရား ပါရဂူအဖြစ် နိုင်ငံရေး သင်တန်းကျောင်းအုပ်ကြီးရာထူး ခန့်ထားခဲ့သည်။

ဗိုလ်စောမြင့်၊ ဦးစောဦးနှင့် ကိုချစ်လှိုင်တို့ သဘောတရား ရေးသားရေး သုံးဦးကော်မတီတွင် ဗိုလ်စောမြင့်နှင့် ဦးစောဦးတို့က အလုပ်တာဝန်များ ပိနေသဖြင့် ကိုချစ်လှိုင်တဦးတည်းက ရေးသားရသည်။ နှစ်ပတ်အကြာ မတ်လ ၂၁ ရက်နေ့တွင် "ဗမာ့နည်းကျသော ဆိုရှယ်လစ်ဝါဒ" ခေါင်းစဉ်နှင့်စာတမ်းကို ဝန်ကြီးဗိုလ်စောမြင့်လက်သို့ အပ်နိုင်ခဲ့သည်။

ဖဆပလနှင့် ဗမာကွန်မြူနစ်တို့ အားထုတ်ခဲ့ကြသည့် ဆိုရှယ်လစ်လမ်းစဉ်တို့သည် လက်ဝဲလက်ျာသွေဖီကြသဖြင့် မြန်မာနိုင်ငံနှင့် လျော်ညီသော ဆိုရှယ်လစ်လမ်းစဉ်ကို ရွေးကြရမည်ဟု ဖွဲ့ဆိုထားသော စာတမ်းကို ဗိုလ်နေဝင်းက "ကြိုက်ပြီဟေ့"ဟုဆိုပြီး လက်ခံသည်။ ပြင်သင့်သည် ထင်သော စကားလုံးများကို ပြင်ဆင်ရန် ဧပြီ ၈ ရက်နေ့တွင် ကော်မတီဝင် သုံးဦးနှင့် ထပ်မံတွေ့ဆုံ၍ ညွှန်ကြားသည်။ တဖန် ဗကပဟောင်း ဗိုလ်အောင်မင်း၊ ဗိုလ်အောင်သူ၊ သံမဏိမောင်မောင်နှင့် ဗိုလ်သိန်းတန်တို့ကိုပါ ဖိတ်ခေါ်၍ ဧပြီ ၁၁ မှ ၁၃ ရက်အထိ ထပ်မံပြင်ဆင်ကြသည်။

တဖန် ယင်းစာတမ်းကို ဧပြီ ၃၀ ရတနာပုံ ရေတပ်စခန်း တပ်မှူးများ ညီလာခံသို့ တင်ပြသောအခါ ဒုတိယဗိုလ်မှူးကြီးသန်းညွှန့်၏ အကြံပြုချက်ကို မူတည်ကာ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်"ဟု အမည်အတည် ဖြစ်သွားခဲ့လေသည်။

အာဏာသိမ်းစဉ်က မည်သို့သောလမ်းစဉ်နှင့် ချီတက်မည်ဟု ဦးတည်ချက်မရှိခဲ့သူ ဗိုလ်နေဝင်းအဖို့ မတ်လ ၇ ရက်နေ့မှစတင်၍ လမ်းစဉ်စာတမ်းရေးစေခဲ့ရာ ဧပြီလ ၃၀ ရက်နေ့တွင် ခိုင်မာသော သဘောတရားဝါဒရေးရာ စာတမ်းကြီးကို လက်ကိုင်ရရှိသွားလေတော့သည်။ တပ်မှူးများက စာတမ်းကြီးကို လက်ခံလိုက်ပြီဖြစ်သဖြင့် နာရီမဆိုင်းတော့ဘဲ ထိုည ၈



နာရီတွင် ဗမာ့အသံမှ နိုင်ငံသို့ ကြေညာခဲ့သည်။

ရက်သတ္တ ၇ ပတ်အတွင်း သဘောတရား စာတမ်းကြီးတခုကို ပြီးမြောက်အောင် ပြုစုနိုင်မှုအတွက် ဦးစောဦး၊ ကိုချစ်လှိုင်တို့နှင့် ရင်းနှီးသူ တည်မြဲပြန်ကြားရေး ဝန်ကြီးဟောင်း မြန်အောင် သခင်ချစ်မောင်က "မင်းတို့နှစ်ယောက်ကတော့ လူတော်တွေပေါ့ကွ၊ စကော့ဈေးက ဈေးအိမ်သာမှာ ယောက်ျားသွားရန် မိန်းမသွားရန် ရေးတဲ့ဆိုင်းဘုတ်ရေး ဆရာတွေထက် သာပါပေတယ်"ဟု သရော်လေ့ရှိလေသည်။

သခင်ချစ်မောင်သည် ကာကွယ်ရေးဌာန ပါလီမန်အတွင်းဝန်က ထွက်လာသည်ဖြစ်သဖြင့် သူတို့ ၂ ဦး၏ အထက်အရာရှိ ဖြစ်ခဲ့သောကြောင့် ပြောရဲဆိုရဲသည်။ စာပေလောကတွင်မူ မည်သည့်စာရေးဆရာကမှ ပျက်ရယ် မပြုဝံ့ကြ။ သူတို့၏ အာဏာပါဝါသည် အစွမ်းထက်သည်။ ဆိုရှယ်လစ် ဒီမိုကရေစီခေတ်ကြီးတွင် အာဏာပါဝါရှိသူများကို ပါးစပ်ကိုဖြဲကာပြုံး၍ နှုတ်ဆက်မှသာ ဘေးကင်း ရန်ကင်းနေနိုင်သည်။

ကိုကိုမောင်၊ ကိုချစ်လှိုင်သည် စာပေလောကသို့ ဝင်ကာစသာ ရှိသေးသဖြင့် ပြဿနာမကြီးခဲ့ပေ။ ဦးစောဦးသည် ဝါရင့်သက်ရင့် စာရေးဆရာကြီးဖြစ်နေသဖြင့် ပြဿနာကြီးကြရသည်။

ဦးစောဦးသည် သတင်းစာလောက၊ စာပေလောက၌ရှိစဉ်က အရေးပါသော လက်ဝဲခေါင်းဆောင်ကြီး ဖြစ်ခဲ့သောကြောင့် လက်ဝဲစာပေလောကသားများနှင့် သိခဲ့ကြသည်။ ရင်းနှီးခဲ့ကြသည်။ အချို့သော တိုက်ပွဲတို့ကို အတူဆင်နွှဲခဲ့ကြသည့် ရဲဘော်ရဲဘက်များ ဖြစ်ခဲ့သည်။ ယခုတပ်မတော် လက်ဝဲဆန့်ကျင်ရေး အင်အားစုတွင် အရေးပါသည့်နေရာမှ ရပ်တည်သော အခါ သူ၏မိတ်ဆွေဟောင်းများ ရဲဘော်ဟောင်းများသည် သူနှင့် ဆက်ဆံရန် ခက်ခဲနေကြသည်။

ဦးစောဦးကလည်း တဖက်စွန်းသို့ ရောက်သွားသဖြင့် လက်ဝဲစာပေသမားများကို ဖြစ်စေ၊ ဒီမိုကရေစီ စာပေသမားများကို ဖြစ်စေ ဆက်ဆံမှုမပြုလိုပဲ ရှောင်လေ့ရှိသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

## တကသမျက်မှု၌ ဗိုလ်နေဝင်း သူရဲဘောကြောင်ပုံ

တော်လှန်ရေးကောင်စီ ဖွဲ့စည်းကြောင်း၊ လူထုအကျိုးစီးပွား အတွက် တပ်မတော်က တာဝန်ယူကြောင်း ကြေညာချက်များနှင့်အတူ အများပြည်သူတို့အား စိတ်အေးလက်အေး နေထိုင်ကြရန် စိတ်ဓာတ်တည်ငြိမ်စေရန် ဆန္ဒပြပွဲများ မပြုကြရန် မေတ္တာရပ်ခံချက် စာတိုကလေးများကို သတင်းစာတိုက်များတွင် ဖော်ပြပါ ရှိခဲ့လေသည်။ ဆန္ဒပြလျှင် အရေးယူမည်ဟုလည်း နောက်ဆက်တွဲ သတိ ပေးထားခဲ့၏။ စစ်တပ်က အာဏာသိမ်းကြောင်း ကြေညာချက်ကို ဆန့်ကျင် မှုများ ပေါ်ထွက်လာလေမည်ကို ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်ကြီးများ ကြောက်ရွံ့ ကြသည်မှာ သိသာထင်ရှားသည်။

အိမ်စောင့်အစိုးရခေတ်တွင် ကိုကိုးကျွန်းအကျဉ်းထောင်ကြီးကို ဆောက်လုပ်ကာ ဒီမိုကရေစီဝါဒီများနှင့် ကွန်မြူနစ်ဟု ယူဆသူများအား ဒလကြမ်း ဖမ်းဆီးနှိပ်စက်ခဲ့သည့် သင်ခန်းစာရှိသဖြင့် ကန့်ကွက်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခြင်း မရှိစေကာမူ စစ်အစိုးရ အလိုမရှိကြောင်း ကန့်ကွက်သော စာတမ်းများသည် မတ်လ ၂ ရက်နေ့မှစတင်၍ မြောက်များစွာ ပေါ်ထွက် လာခဲ့သည်။ လူငယ်တဦးနှင့် မဟာမိတ်အဖွဲ့ ၁၀ ဖွဲ့၊ ရခိုင်သံဃာတပ်ဦး၊ ရခိုင် သောတုဇနအဖွဲ့ချုပ်စသော အဖွဲ့အများက ဆန့်ကျင်ကန့်ကွက်စာများ

www.burmeseclassic.com



ထုတ်ပြန်ကြသဖြင့် အစိုးရသစ်၏ ပြည်ထဲရေးဝန်ကြီးဌာနအဖို့ ပထမ လုပ်ငန်းအဖြစ် ဆန့်ကျင်စာတမ်းများကို လိုက်လံသိမ်းဆည်းနေကြရသည်။ လက်ဝဲနိုင်ငံရေးပါတီကြီးဖြစ်သော ဗမာပြည်အလုပ်သမားပါတီက စစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း၊ လက်မခံနိုင်ကြောင်း ကြေညာသည်။

ရဲရဲပြတ်သားစွာ ကြေညာသော အဖွဲ့အစည်းများမှာ ကျောင်းသား အဖွဲ့အစည်းများ ဖြစ်ကြသည်။ တက္ကသိုလ်တပ်ဦးသစ်၊ ရန်ကုန် ခရိုင် ကျောင်းသားများ သမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတို့က စစ်တပ်က အာဏာသိမ်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ကြောင်း ကြေညာကြသည်။ ကြေညာချက်နှင့်အညီ စစ်တပ်အစိုးရအား ပြင်းထန်စွာ ဆန့်ကျင်ကြသဖြင့် တော်လှန်ရေး အစိုးရနှင့် ထိပ်တိုက်တွေ့ကြရလေသည်။

တပြည်လုံးရှိ တက္ကသိုလ်ကျောင်းသားများသည် စစ်အစိုးရ ဆန့်ကျင်ရေး အစည်းအဝေးများကို မတ်လဆန်းကပင် ကျင်းပ၍ ဆန္ဒပြကြ သဖြင့် ရန်ကုန်တက္ကသိုလ် အာဏာပိုင်များက ကျောင်းဆောင်များအတွက် စည်းကမ်းသစ် အမိန့်များကို ထုတ်ပြန်သောအခါ လှုပ်ရှားမှုများမှာ ပိုမို ကျယ်ပြန့်လာခဲ့သည်။ ဇူလိုင် ၃ ရက်နေ့မှစတင်ကာ "စည်းကမ်းသစ်ကို အလိုမရှိ"ဟု ကြွေးကြော်သံများကို အော်ဟစ်သော ရန်ကုန်တက္ကသိုလ် ကျောင်းသားများသည် တက္ကသိုလ်ပရိဝုဏ် ပတ်ဝန်းကျင်ဒေသများသို့ လှည့်လည်ဆန္ဒပြကြသည်။

ဇူလိုင် ၅ ရက်နေ့တွင် ကမာရွတ်ရဲဌာနရှေ့တွင် ငြိမ်းချမ်းစွာ စိတ်ဆန္ဒပြကြသည့် ကျောင်းသားများကို ရဲတို့ကသေနတ်နှင့် ပစ်ခတ် လူစုခွဲကြသည်။ ကျောင်းသားတဦးဒဏ်ရာ ရရှိသဖြင့် ဆေးရုံသို့ပို့ရသော အခါတွင် လှုပ်ရှားမှု ပြင်းထန်လာခဲ့တော့၏။ ဇူလိုင် ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျောင်းသားများသည် တက္ကသိုလ်ပရိဝုဏ်တခုလုံးမှ တံခါးများ ကို သော့ခတ်ပိတ်ဆို့ပြီး "ဒီမိုကရေစီခံတပ်ကြီး"ဟု ဆိုင်ဘုတ်များတင်ကာ ဒီမိုကရေစီ တရားပွဲများကို အသံချဲ့စက်နှင့် ဟောပြောကြသည်။

မကျေမနပ် ဖြစ်နေသော ကျောင်းသားများသည် စစ်တပ် ဆန့်ကျင်ရေးကို အမျိုးမျိုး ဟောပြောနေကြရာ တော်လှန်ရေးကောင်စီဝင်

www.burmeseclassic.com



"ဗိုလ်မှူးကြီးများသည် ၃ ယောက်ပေါင်းမှ ၇ တန်းသာ အောင်သူများ ဖြစ်ကြသည်"စသည်ဖြင့် စိတ်တွင်းရှိသမျှ ပြောပြောကြလေသည်။ ထိုအချိန်တွင် တက္ကသိုလ်တခုတွင် တာဝန်ချထားသည့် ရဲအဖွဲ့ကို ရုတ်သိမ်းကာ စစ်သားများကို တပ်စွဲထားလေပြီ။ စစ်ကားတစင်းတွင် အသံဖမ်းစက်တခု တပ်ဆင်ထားသည်။ ထိုအသံဖမ်းစက်က ကျောင်းသားတို့၏ အသံချဲ့စက်မှ ဟောပြောသမျှကို ဗိုလ်နေဝင်း၏ အိမ်တော်သို့ တိုက်ရိုက်အသံလွှင့်ပေးရသည်။ ဇူလိုင်လ ၇ ရက်နေ့တွင်မူ ပြင်းထန်စွာ ဟောပြောသော ကျောင်းသားများ၏ ဟောပြောချက်များကို နားမခံနိုင်သဖြင့် ဒေါသအမျက် ချောင်းချောင်းထွက်ကာ စစ်တပ်က ပစ်ခတ်သတ်ဖြတ်ရန် ဗိုလ်နေဝင်းက ကြိုးမဲ့ အသံလွှင့်စကားဖြင့် ကိုယ်တိုင် အမိန့်ပေးခဲ့သည်။

တက္ကသိုလ်တဝိုက် တပ်စွဲထားသော စစ်တပ်များကို ကွပ်ကဲသူ ဒုတိယဗိုလ်မှူးကြီးစိန်လွင်က တပ်သားများအား အဆင့်ဆင့် အမိန့်ပေးသဖြင့် လက်နက်မပါပဲ မိမိတို့အဆောင်တွင်း၌ စုရုံးဆန္ဒပြကြသည့် ကျောင်းသားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။ ဆန္ဒပြရာတွင် ပါဝင်ခြင်းမရှိသည့် အဆောင်နေကျောင်းသားများတို့ကိုပါ တွေ့ရာသချိုင်း ခေါမခိုင်း ပစ်ခတ်သတ်ဖြတ်ကြသည်။

စစ်သားတို့သည် ဂျီသရီးသေနတ်သစ်များကို ပထမ စတင် အသုံးပြုကာ လက်တည့်စမ်း သတ်ဖြတ်ကြသည်။ ထိုသေနတ်သစ်များမှာ အနောက်ဂျာမနီမှ ပစ္စည်းကိရိယာများကို ရန်ကုန်စက်ရုံတွင် တပ်ဆင်ထားခြင်း ဖြစ်သည်။ ဂျီသရီးသေနတ်သစ်များကို အာဏာသိမ်းစဉ်က တပ်အချို့သို့ ထုတ်ပေးခဲ့ရာ၌ ခုခံမှုမရှိသဖြင့် အသုံးမပြုခဲ့ရပေ။ ထိုလက်နက်သစ်များကို စမ်းသပ်ရန် လက်ယားနေသူ ဗိုလ်နေဝင်းအဖို့ အခွင့်အရေး ရရှိသွားတော့ သည်။ ကျောင်းသား ၁၅ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာ ရရှိသည်ဟု အစိုးရက ကြေညာ၏။ သေစာရင်းအမှန်မှာ ကျောင်းသား တရာကျော် ရှိသည်။

ကျောင်းဝင်းတွင်းသို့ ပစ်ခတ်သတ်ဖြတ်ပွဲ ပြီးသောအခါ တကာသ အဆောက်အဦကို စစ်တပ်က ဝိုင်းထားပြန်၏။



တက္ကသိုလ်သမဂ္ဂ အဆောက်အဦကြီးသည် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင် အဆောက်အဦကြီး ဖြစ်သည်သာမက မြန်မာ့နိုင်ငံရေး သမိုင်းတွင် နယ်ချဲ့ဆန့်ကျင်ရေး ခံတပ်ကြီးအဖြစ် လူထုက အမှန်အမြတ် အသိအမှတ်ပြုထားသည့် ဗိမာန်ဖြစ်သည်။

၁၉၂၂ ခုနှစ် တက္ကသိုလ်ကျောင်းသားများ၏ သပိတ်မှ စတင်ကာ နိုးကြားလာသည့် မြန်မာလူထုကို ကျောင်းသားခေါင်းဆောင်များက နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများဆီသို့ ခေါင်းဆောင်ခဲ့သည်။ တက္ကသိုလ် ကျောင်းသားများသမဂ္ဂကို ၁၉၂၇ ခုနှစ်က ဖွဲ့စည်းခဲ့သည်။ သမဂ္ဂရုံး အဆောက်အဦကို မျိုးချစ်မြန်မာသူဌေးဦးညိုက တည်ဆောက်လှူဒါန်းခဲ့သည်။

အဆောက်အဦကို ကျောင်းသားများ၏ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးကိစ္စများတွင် အသုံးပြုရန် ဦးတည်သဖြင့် အင်္ဂလိပ်တက္ကသိုလ် အာဏာပိုင်များကပင် အားပေးခဲ့ကြသည်။ ကျောင်းသားများက စကားရည်လုပွဲများ ကျင်းပလေ့ရှိရာတွင် မြန်မာနိုင်ငံအဖို့ အိန္ဒိယပြည်နှင့် ခွဲရေးတွဲရေး ပြ သနာ ပေါ်လာသောအခါ သမဂ္ဂခန်းမဆောင်မှာ နိုင်ငံရေး ခေါင်းဆောင်များ၏ စကားစပ်ထိုးရာ ဗိမာန်ဖြစ်လာခဲ့သည်။ ဦးဘဘေ၊ ဒေါက်တာ ဗမော် စသောခေါင်းဆောင်များသည် တကာသခန်းမမှာ ဟောပြောကြရင်း စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

နောက်ပိုင်း တကာသအသင်းကို ကျောင်းသားခေါင်းဆောင်အဖြစ် ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေနှင့် ကိုရာရှစ်တို့ တက်လာချိန်မှ စတင်ပြီး နယ်ချဲ့တိုက်ပွဲ စစ်မြေပြင်၏ ခံတပ်အဆောက်အဦကြီး ဖြစ်လာခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံမှ စတင်ပြီး အင်္ဂလိပ်တို့အား လက်နက်နှင့် တိုက်ခိုက်နှင်ထုတ်မှုအထိ အရှိန်အဟုန် ပြင်းထန်ခဲ့သဖြင့် လွတ်လပ်ရေးတိုက်ပွဲများ၏ အောင်ဗိမာန်ကြီးအဖြစ် မြန်မာတမျိုးသားလုံးက ဂုဏ်ယူခဲ့ကြသည်။

ဗိုလ်နေဝင်း တက္ကသိုလ်ရောက်ရှိချိန်တွင် တကာသလှုပ်ရှားမှုများ ကြီးစွာ ဖြစ်ပေါ်ခဲ့သော်လည်း ကျောင်းသားများ၏ လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုပဲ ကျောခိုင်းနေခဲ့သည်။ "ပြောကြဟောကြတာတွေက လေကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နားထောင်ရတာ နားညီး၍ အချိန်ကုန်သည်။ သူ့အဖို့ လည်ပတ်ရန် ဘောလုံးကစားရန်ပင် အချိန်မလောက်။ သူ့လမ်းနှင့်သူ မှန်မှန်ချီတက်လျက် ရှိခဲ့ပေသည်"ဟု ဒေါက်တာမောင်မောင်ရေးသည့် ဗိုလ်နေဝင်း အတ္ထုပ္ပတ္တိ စာအုပ်ကြီးတွင် သူကပြောခဲ့သည်။

ဤတကာသ အဆောက်အဦကြီးမှ ကိုနုနှင့် ကိုအောင်ဆန်းတို့ လူငယ်တစုမှာ နိုင်ငံက ကိုးစားသော ခေါင်းဆောင်များ ဖြစ်ခဲ့သည်ကို သူက အမြင်မနာလို ဖြစ်နေခဲ့သည်။ နယ်ချဲ့တော်လှန်ရေး အရေးတော်ပုံကြီး၌ သူမပါ ခဲ့သဖြင့် ခေါင်းဆောင်တဦးအဖြစ်သာမဟုတ် ယဲသားတဦးအဖြစ် လည်း မပါခဲ့သောကြောင့် မကျေမနပ် ဖြစ်နေခဲ့သည်။ ထို့ကြောင့် လွတ်လပ် ရေးတိုက်ပွဲဝင်တကာသ အဆောက်အဦကြီးကို သူက မကြည့်လို။

ထို့ပြင် ဇူလိုင်လ ၇ ရက်နေ့က ကျောင်းသားများကို ပစ်ခတ် သတ်ဖြတ်စဉ်တွင် ကျောင်းသားခေါင်းဆောင်များ သေဆုံးခြင်း မရှိ။ အချို့မှာ ဖမ်းဆီး၍ပင် မမိသေးဘဲ တကာသအဆောက်အဦ မျက်နှာကြက်တွင် ပုန်းအောင်းနေသည်ဆိုသည့် သတင်းကို ဗိုလ်နေဝင်း သိရှိသောအခါ တကာသ ခေါင်းဆောင်မှန်သမျှကို သတ်ဖြတ်ရန်ရည်ရွယ်ချက်နှင့် တကာသ အဆောက်အဦကြီးကိုပါ အပြီးအပြတ် ဖျက်စီးရန် အမိန့်ပေးခဲ့ပြန်သည်။

သမဂ္ဂရုံးကို ဖြိုပြီးနောက် ဗိုလ်နေဝင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တော်လှန်ရေးကောင်စီက "စည်းမဲ့ကမ်းမဲ့ဘဝကို ပြင်ရမည့် တာဝန်သည် မိမိတို့အပေါ် ကျရောက်နေသဖြင့် တပ်မတော်၏အား တစိတ်တဒေသကို သုံး၍ ဖြေရှင်းလိုက်ရခြင်းဖြစ်သည်"ဟု ကြေညာခဲ့၏။ ထိုကြေညာချက်မှာ စစ်တပ်ကိုအံတုကြလျှင် ယခုထက်ကြီးမားသော လက်နက်အင်အားနှင့် ဖြေရှင်းမည်ဟု ရာဇသံပေးသည့်သဘော အသက်ဝင်၏။

ထိုမျှမကသေး တကာသအဆောက်အဦကို ဖျက်ပြီးနောက် လူထု အား အသံလွှင့်မိန့်ခွန်းမြွေ့ရာတွင် သူကသတ်ဖြတ်လိုက်သော ကျောင်းသား ငယ်ကလေးများသည် လက်နက်ဟူ၍ အပ်တိုတစ်ချောင်းမျှ မရှိကြသည်ကို သူသိပါလျက်နှင့် လက်နက်ကိုင်သူပုန် အဖွဲ့ကြီးများကို ရင်ဆိုင်နေသည့် သဖွယ် ပုံကြီးချဲ့၍ "ဓားကို ဓားခြင်း၊ လှံကိုလှံခြင်း ရင်ဆိုင်ဖို့ အသင့်ရှိပါ



တယ်"ဟု ဒေါသဟုန် ဒေါသသံနှင့် အသံလွှင့်၍ ပြောခဲ့ပြန်သည်။

ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်ကြီးတစုသည် ဇူလိုင်လ ၇ ရက်နေ့က ကျောင်းသားများကို သတ်ဖြတ်မှုကြီးနှင့် နိုင်ငံက အမှန်အမြတ်ထားသည့် တကာသအဆောက်အဦကြီးကို ဗုံးခွဲဖျက်စီးမှုကြီးတို့ကို ဒေါသဖြစ်သဖြင့် စိတ်လိုက်မာန်ပါ ကျူးလွန်ခဲ့ခြင်းသည် သူတို့၏စစ်တပ်အဖို့ မတရားကြီးမား သော ရာဇဝတ်မှုကြီး ဖြစ်နေသည်ကို စဉ်းစားမိကြသည်။ နူးညံ့သိမ်မွေ့သော လိပ်ပြာကလေးကို အမြောက်နှင့်ပစ်ခတ် သတ်ဖြတ်သကဲ့သို့ "ရာဇဝင် ရိုင်း"နေသည်ကို တစိမ့်စိမ့်တွေးတော၍ မြင်တွေ့မိကြသောအခါ တနေ့တွင် လူထုက ဒဏ်ခတ်လေမည်ကို ကြောက်သွေးဖြာလာကြသည်။

မတရားကျူးလွန်ခဲ့သော ရာဇဝတ်မှုကြီးအတွက် တစိမ့်စိမ့် ကြောက် ဖူးတုံလာကြသောအခါတွင် တရားခံသည် မိမိမဟုတ်ပါဟု တဦးကိုတဦးက လက်ညှိုးထိုး၍ အပြစ်ဖို့ရင်း မိမိအပြစ်မရှိကြောင်း ထုချေမှုများကို အကြိမ် ကြိမ်ပြုကြသည်။

တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒုတိယ ဥက္ကဋ္ဌဗိုလ်မှူးချုပ်အောင်ကြီးတို့သည် တဦးကိုတဦး တရားခံဖြစ်လေဟန် ဖော်ကောင်လုပ်ကြသည်။ ဗမာ့တပ်မတော်ကြီး၏ ထိပ်သီးကြီးများသည် သာမန်သူခိုးလူဆိုး အဖွဲ့ကလေးမျှပင် ညီညွတ်မှုမရှိ၊ အမှားကို ဝန်ခံရန် သတ္တိ တစက်မှမရှိ သူရဲဘောကြောင်သူများဖြစ်ကြောင်း ပေါ်လွင်လာတော့ သည်။

ထိုစဉ်က ဒုတိယကာကွယ်ရေး ဦးစီးချုပ်ဖြစ်သူ ဗိုလ်အောင်ကြီးက "တကယ်အမိန့်ပေးတဲ့ စာယူလာပြီး မရမ်းကုန်းကိုပေးလာသူမှာ ဗိုလ် သန်းစိန် ဖြစ်ပါတယ်။ သမဂ္ဂဖြိုဖို့ ဒိုင်းနမိုက်တွေ(ဂျီအီးဖိုး) အင်ဂျင်နီယာ တပ်ခွဲကို မှာ၊ အဲဒီမှာ မလုံလောက်လို့(စီအိုဒီ) ပင်မစစ်ပစ္စည်း သိုလှောင်ရေး သွားယူနိုင်း သူဟာ ဗိုလ်ကျော်စိုးပါ။ စီအိုဒီတပ်မှူးဗိုလ်ဝင်းကို လိုက်ရှာပြီး အင်းတိုင်ကို သွားရောက်ယူရတာပါ။ ခွဲဖို့အမိန့်ပေးသူတွေဟာ ပြည်ထဲရေး ဝန်ကြီး၊ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ကျော်စိုး ဖြစ်ပါတယ်။ တကယ် ဒိုင်းနမိုက်တွေ ဆင်ရတဲ့တပ်က အင်ဂျင်နီယာတပ် ဗိုလ်မှူးထွန်းရီ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဒိုင်းနမိုက်တွေ ဆင်ရတာဟာ နံနက်လင်းအားကြီးမှ ဖြစ်ပါတယ်။ လက်မှတ်ထိုးမည့် အရာရှိကြီးကြီးမားမား မရှိလို့ ဒုက္ခရောက်နေတုန်း လမ်းလျှောက်ရင်း ရောက်လာတာက ဗိုလ်မှူးကြီးမင်းသိန်း ဖြစ်ပါတယ်။ သူကဝင်ပြီး ခွဲတဲ့အမိန့်လက်မှတ်ထိုးပေးဖို့ ဗိုလ်ထွန်းရီက ပြောလို့ သူက လက်မှတ်ဝင်ထိုးပြီး ဒိုင်းနမိုက်ခွဲတာ ဖြစ်ပါတယ်။

"တရားခံဖြစ်ရှာတဲ့ ဗိုလ်အောင်ကြီးဆိုသူဟာ ဗိုလ်မှူးကြီးလှဟန်နှင့် ဗိုလ်ချုပ်အိမ်လိုက်အသွား ပါမောက္ခချုပ် ဆရာကြီးဦးကာကို ဗိုလ်လှဟန်က သမဂ္ဂဖြိုဖို့ အမိန့်ရတယ်လို့ ပြောတာထပ်ကြားရတော့ အရဲစွန့်ပြီး ဗိုလ်ကျော်စိုးရှိရာ အသံလွှင့်ရုံကို တယ်လီဖုန်းဆက်ပြီး အဲဒီကိစ္စကို ရပ်ထား ပေးပါ။ ဗိုလ်ချုပ်ကို ကျွန်တော်ပြောပါမယ်ဆိုပြီး၊ ဟိုရောက်တော့လည်း ဘာမှမပြောဘဲ မလိမ့်တပတ်နည်းနဲ့ ထားခဲ့သူဖြစ်ပါတယ်"ဟု သူ၏စာတမ်း တွင် ဝေ့လည်ကြောင်ပတ် ရေးသားကာ ဖြေရှင်းသည်။

ဗိုလ်နေဝင်းကလည်း အကြိမ်ကြိမ် ဖြေရှင်းသည်။ သူ၏နောက်ဆုံး နေ့လူထုက လက်မခံတော့သဖြင့် မဆလဥက္ကဋ္ဌကြီး ရာထူးမှထွက်ပေးရ သောနေ့တွင်ပင် "လူစုလူဝေးရှေ့မှာ ကျွန်တော်စကားပြောတာ ယခု အကြိမ်ဟာ နောက်ဆုံးအကြိမ် ဖြစ်နိုင်တာမို့ ကျောင်းသားများက ကျွန်တော်နှင့် တော်လှန်ရေးကောင်စီ တဖွဲ့လုံးအပေါ် အထင်လွဲနေသည့် အဖြစ်အပျက်တခု တင်ပြပါရစေ"ဟု ပါတီညီလာခံမှ ထပ်မံရှင်းပြန်၏။

"တက္ကသိုလ်သမဂ္ဂ အဆောက်အဦကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နံနက်တွင် ဖောက်ခွဲဖျက်စီးခဲ့သည်ကို အများသိပြီး ဖြစ်ပါသည်။ ပထမဇူလိုင်လ ၇ ရက်နေ့ညနေတွင် ကျွန်တော် ဆောင်ရွက်ခဲ့သည့်အပိုင်း ကိုဖော်ပြမှ ပြည့်စုံမည်ဖြစ်၍ ဖော်ပြပါမည်။

"ထိုနေ့ ညနေ ၅ နာရီခန့်တွင် သေနတ်ပစ်သံကြား၍ ကျွန်တော်က တယ်လီဖုန်းဖြင့် ဗိုလ်ကျော်စိုးကို အခြေအနေမေးရာ ဆရာကြီးဦးကာတို့ မိသားစုအား ဘေးကင်းသည့်နေရာသို့ ပို့ထားပြီးဖြစ်ပါကြောင်း၊ ကျောင်းသား အချို့နှင့် ရဲ ၈ ဦး ၉ ဦးခန့် ဒဏ်ရာရခဲ့ကြောင်း ပြောပါသည်။ ဆူပူသူ ကျောင်းသားများကို ဖမ်းမိပြီလားဟုမေးရာ မမိသေးကြောင်း သမဂ္ဂ



အဆောက်အအုံတွင်း အချို့ရှိကြောင်းပြောသဖြင့် ကျွန်တော်က ရဲများ၊ တပ်မတော်သားများ နောက်ထပ် အနာတရမရှိရအောင် အောက်ပါအတိုင်း ဆောင်ရွက်ရန် အကြံပေးညွှန်ကြားပါသည်။

"(က) သမဂ္ဂအဆောက်အဦအတွင်းရှိ သူများကို အဆောက်အဦ တွင်းမှထွက်ကာ အဖမ်းခံရန် အသံချဲ့စက်ဖြင့် ပြောရန်၊ ထွက်မလာပါက လက်နက်ကြီးများ သုံးမည်ဆိုသည့် အချက်ထည့်ပြောရန် (ခ)အသာတကြည် ထွက်၍ အဖမ်းမခံပါက ရိုက်ဖွိုင်လက်နက်ဖြင့် ပစ်ဖမ်းရန် လိုအပ်ပါက ရိုက်ဖွိုင်လက်နက်သုံးရန် အထက်ပါအချက်တို့ကို မမှောင်ခင်ပြီးအောင် ဆောင်ရွက်ရန်...။

"ဒီနေရာမှာ အရေးကြီးတာ ကျွန်တော် ပြောပါမယ်။ ဖောက်ခွဲ ဖျက်စီးရန်အတွက် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် ကျွန်တော်နှင့်တကွ တော်လှန်ရေးကောင်စီဝင်အချို့တို့ မပါခဲ့ပါ။ ဇူလိုင်လ ၈ ရက်နေ့ နံနက်တွင် ဗုံးကြီးကြီးတလုံး ပေါက်ကွဲသကဲ့သို့ အလွန်ပြင်းထန်သော မြည်ဟီးသံကြီး ကြားရသဖြင့် စုံစမ်းတော့မှ သမဂ္ဂအဆောက်အဦကို (ဒိုင်းနမိုင်း)တို့နှင့် ဖျက်စီးလိုက်ကြောင်း ကျွန်တော် သိရပါသည်။ အခြားတော်လှန်ရေး ကောင်စီဝင် အတော်များများလည်း ထိုပေါက်ကွဲသံကြားပြီးမှ သိကြရပါ သည်။

"သို့သော် အသံလွှင့်ရုံတွင် တော်လှန်ရေးကောင်စီအချို့တို့ဖြင့် ဖွဲ့စည်းထားသော လုံခြုံရေးကောင်စီဝင်အားလုံးနှင့် လုံခြုံရေးတာဝန်ယူ ရသော လုံခြုံရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးဘနီ၊ ထောက်လှမ်းရေး ဗိုလ်မှူးကြီး မောင်လွင်၊ ရဲမင်းကြီးဦးဘအေးတို့ ရောက်နေကြပါသည်။ ထိုဇူလိုင်လ ၈ ရက်နေ့ သမဂ္ဂအဆောက်အဦကို ဖြိုလိုက်ကြောင်း သိပြီးနောက် ဗိုလ် ကျော်စိုးကိုခေါ်၍မေးရာ ၇ ရက်နေ့ ညနေက ကျွန်တော်က သမဂ္ဂအတွင်း ဝင်ရောက်နေသည့် ဆူပူသူခေါင်းဆောင်များကို ဖမ်းဆီးရာတွင် လိုအပ်လျှင် ရိုက်ဖွိုင်းလက်နက်ကို သုံးနိုင်သည်ဆိုသည့်အချက်ကို သမဂ္ဂ အဆောက်အဦ ကို ဖျက်နိုင်းသည်ဟု ယူဆသဖြင့် ဖျက်လိုက်သည်ဟု ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်လည်း ဓားဓားချင်း၊ လှံလှံချင်းဆိုသည့် စကားလုံးများပါသည့် ကြေညာချက်ကို အသံလွှင့်လိုက်ပါသည်။

"နောက်သုံးလေးလကြာပြီးနောက် ကျွန်တော် အရက်မူးမူးနှင့် သမဂ္ဂ အဆောက်အဦကိုဖျက်ဖို့ အမိန့်ပေးသည်ဟု နိုင်ငံခြားသတင်းစာဆရာများ အသိုင်းအဝိုင်းတွင် ပြောဆိုနေသည်ကို ကြားရ၍ ဗိုလ်ကျော်စိုးကို ကျွန်တော် အရက်မူးပြီး ဖျက်ဖို့အမိန့်ပေးတယ်လို့ ကျွန်တော်တယောက်တည်းကို တရားခံလုပ်ထားတယ်။ အဲဒါကြောင့် ဇူလိုင်လ ၇ ရက်နေ့က အဖြစ်အပျက်ကို ပြောပြနိုင်းပါတယ်။ အဲဒီတော့မှ ဗိုလ်ကျော်စိုးက အဖြစ်အပျက်ကို ပြောပြပါတော့သည်။ အရင်က တော်လှန်ရေးကောင်စီတက်ခါစတွင် စိတ်ဝမ်းကွဲကြတာတွေ မပေါ်အောင်လို့ ဖုံးဖုံးဖိဖိပြေခဲ့ခြင်း ဖြစ်ပါသည်။

"အဖြစ်အပျက်အမှန်မှာ ထို ၇ ရက်နေ့က အသံလွှင့်ရုံရှိ လူစုထဲမှ တဦးတယောက်က ဒီသမဂ္ဂအဆောက်အဦကြီးဟာ သူပုန်ဌာနချုပ်ကြီး ဖြစ်နေတယ်။ ဖျက်ပစ်လျှင် ကောင်းမည်ဟု ပြောရာမှ ဖျက်သင့်မဖျက်သင့်ကို ဆွေးနွေးကြပါသည်။ နောက်ဆုံး ဗိုလ်ချုပ်ကို အသိပေးပြီး ဗိုလ်ချုပ်သဘောတူလျှင် ဖျက်မည်ဟု ဆုံးဖြတ်ကြပါသည်။

"ဗိုလ်အောင်ကြီးက ဗိုလ်ချုပ်ထံသူသွားပြီး တင်ပြမည်။ သဘောတူမတူ အဖြေကို သူယူခဲ့မည်ပြောပြီး ကိုလှဟန်ကိုခေါ်၍ ကားနှင့်ထွက်သွားပါသည်။ ထို့နောက် ဗိုလ်အောင်ကြီးသည် အသံလွှင့်ရုံသို့ ပြန်လာပြီး ဗိုလ်ချုပ်က သဘောတူလိုက်ပြီဟု ပြောသဖြင့် အသံလွှင့်ရုံရှိ လူသိုက်တို့က သမဂ္ဂအဆောက်အဦကို ဖျက်ဖို့ပစ္စည်းများစုပြီး ဖျက်ပစ်လိုက်ပါသည်။

"ထိုအဖြေကို ရပြီးနောက် ဗိုလ်အောင်ကြီးမပါဘဲ ကျွန်တော်လှန်ရေးကောင်စီဝင်များကိုခေါ်၍ ဗိုလ်အောင်ကြီးက ကျွန်တော့်ကို မတင်ပြဘဲနှင့် ကျွန်တော်၏သဘောကို မမေးပဲနှင့် အသံလွှင့်ရုံရှိ လူသိုက်ကို ကျွန်တော်သဘောတူလိုက်သည်ဟု ပြောသည့်အကြောင်း တင်ပြခဲ့ပါသည်"

ဟု ဗိုလ်နေဝင်းက တိုင်းပြည်သို့ ရှင်းပြသည်။

ဗိုလ်နေဝင်း၏ နောက်ဆုံးနေ့ မျက်ဖြေလက်ာစာတန်းကြီးမှာ ကာရန်မပါ စာသားမချောပါ။ အဖြစ်မှန်ကို ကိုယ်တွေ့မျက်မြင် သိရှိခဲ့သော



သတင်းထောက်များအဖို့ စာရှည်ကြီးကို လုံးစေ့ပတ်စေ့ဖတ်ပြီး ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးနှင့် တော်လှန်ရေးကောင်စီဝင် စစ်ဗိုလ်ကြီးများသည် လမ်းကြိုလမ်းကြားမှ ခါးပိုက်နှိုက်အဖွဲ့၏ အဆင့်ပင်မရှိ။ အရေးကြုံက မိမိကိုယ်လွတ်ရုံးကာ လွယ်ကူစွာ လုပ်ဖော်ကိုင်ဖက်ကို တရားခံဟု လက်ညှိုးထိုး၍ ဖော်ကောင်လုပ်ကြသည်ကို သိသာထင်ရှားစွာ မြင်တွေ့ကြရပေသည်။

ဇူလိုင် ၇ ရက် သွေးချောင်းစီး လူသတ်ပွဲကြီးနှင့် ပတ်သက်၍ (က) ဗိုလ်နေဝင်းက စောစောက မသိ၊ သေနတ်သံကြားမှ သိရသည်ဟု ဖြေရှင်းခြင်းသည် လိမ်ညာသောမုသားဖြစ်သည်။ ကျောင်းသားတို့ ဟောပြောချက်ကို သူ့ထံသို့ ကြိုးမဲ့အသံလွှင့်စက်နှင့် လွှင့်ကြားပေးသောကြောင့် ကျောင်းသားများ၏အသံကို စိတ်ဆိုးကာ သတ်ဖြတ်မိန့်ထုတ်သည်မှာ ဗိုလ်နေဝင်းကိုယ်တိုင်ဖြစ်သည်။ (ခ)ထိုစဉ်က တပ်ဦးမှ ပစ်မိန့်ပေးရသူ ဗိုလ်စိန်လွင်က မိမိသည် ဗိုလ်နေဝင်း၏ အမိန့်အရ ပစ်မိန့်ပေးခဲ့ပါသည်ဟု မဆလပါတီပျက်သောအခါတွင် ဖြေရှင်းထုတ်ဖော်ခဲ့သည်။ (ဂ) ကျောင်းသားများ လက်ချက်နှင့် ရဲ ၇ ဦး ၈ ဦးဒဏ်ရာရရှိသည်ဟု ဗိုလ်နေဝင်းက ပြောသည်မှာလည်း လိမ်ညာသောမုသားဖြစ်သည်။ အဆောင်ဝင်းတံခါးမှန်သမျှကို ကျောင်းသားများက ပိတ်ထားခိုက် ပြင်ပရှိ စစ်တပ်က ပစ်ခတ်သတ်ဖြတ်ချိန်တွင် တက္ကသိုလ်ပတ်ဝန်းကျင်တွင် ရဲတယောက်မှမရှိ၊ ကျောင်းသားတို့က ရဲတို့အား ရန်ပြုရန် မဖြစ်နိုင်။ (ဃ) တကာသအဆောက်အဦ မျက်နှာကြက်တွင် ကျောင်းသားခေါင်းဆောင်များကို သတ်ဖြတ်ရန် ဦးတည်ချက်ဖြင့် အဆောက်အဦကြီးကို ဖျက်စေအမိန့်ပေးသူမှာ ဗိုလ်နေဝင်း ဖြစ်သည်။ မဖျက်ရန် ဟန့်တားလေဟန်ပြောသော ဒုတိယစစ်ဦးစီးချုပ် ဗိုလ်အောင်ကြီးလည်း တာဝန်ရှိသည်။ (င) တကာသကို ဖျက်စီးပြီး နောက်တနေ့နံနက်မှာ ဘာကြောင့် ဖျက်ရသည်ဆိုပြီး တော်လှန်ရေးကောင်စီ၏ ကြေညာချက်တွင် တော်လှန်ရေးကောင်စီသည် "စည်းမဲ့ကမ်းမဲ့တာဝကို ပြင်ရမည့်တာဝန်သည် မိမိတို့အပေါ်တွင် ကျရောက်နေသဖြင့် တပ်မတော်၏ အားတစိတ် တဒေသကိုသုံး၍ ဖြေရှင်းလိုက်ရခြင်းဖြစ်သည်"ဟု သတင်းစာတို့မှာ ထုတ်ပြန်ခဲ့ပါလျက် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက

www.burmeseclassic.com

www.burmeseclassic.com



မိမိ မသိပါ၊ မိမိပါဝင်ခြင်း မရှိပါဟု ပြောသည်မှာလည်း မဟုတ်မမှန်သော မှသားဟု ထင်ရှားသည်။ (စ) "ယခုဖြစ်ပျက်သည့်ကိစ္စသည် ကျောင်းသား ကိစ္စ တခုတည်းမဟုတ်ဘဲ နိုင်ငံရေးအမှောင်ပယောဂများ ဖွမ်းစားတယ် ဆိုတာ ကျွန်တော်တို့ ရိပ်စားမိပါတယ်"ဟု ဗိုလ်နေဝင်း၏ သမဂ္ဂဖျက်ရ ကြောင်း ကိုယ်တိုင်အသံလွှင့်ချက်၌ ကျောင်းသားတို့နောက်မှာ ဗကပများ ပါလေဟန် ပြောသည်မှာလည်း လိမ်ညာလီဆယ်ချက်ဖြစ်သည်။ ထိုအချိန်က ဗိုလ်နေဝင်းမှာ မြို့ပေါ်ရှိ လက်နက်ချ ဗကပများကို သိမ်းသွင်းကာ တောတွင်းရှိ ဗကပများ အလုံးဝင်ရန် စကားကမ်းလှမ်းနေချိန် ဖြစ်သည်။ ကျောင်းသားများ လှုပ်ရှားမှုသည် ပြင်ပယောဂမပါသည်ကို သိပါလျက် သတ်ဖြတ်မှုကြီးနှင့် ဖျက်စီးမှုကြီးကို လူထုကလက်ခံအောင် လီဆယ် ပြောဆိုချက်သာ ဖြစ်သည်။ (ဆ) ကျောင်းသားများအား သတ်ဖြတ် ပြီးနောက် "ကျွန်တော်တို့ကို အပြောဘဝမှာ နစ်မွန်းစေခြင်းအားဖြင့် အလုပ် ပျက်ကွက်အောင် ရည်ရွယ်ပြီး တမင်လုပ်နေကြတယ်ဆိုရင်တော့ ကျွန်တော် နောက်ထပ် ဘာမှ မပြောလိုတော့ပါဘူး၊ အနည်းဆုံး ဓားကို ဓားချင်း၊ လှံကို လှံချင်း ရင်ဆိုင်ဖို့သာ ရှိပါတော့တယ်"ဟု ပြောသည်မှာ ဒေါသသံဖြင့် တုန်နေသည်ကို ကြားရသူလူထုက သိရှိနားလည်ကြသည်။ ဗိုလ်နေဝင်း ရာထူးမှဆင်းပေးရသော ၈၈ ခုနှစ်က "စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင် ပစ်တယ်၊ မိုးပေါ်ထောင်ပြီး ဖောက်တာမပါဘူး၊ နောင်ကို ဆူဆူပူပူ လုပ်တဲ့ သူတွေတော့ မသက်သာဘူးလို့သာ မှတ်ပေတော့"ဟုပြောသော မိန့်ခွန်းနှင့် အသံတမျိုး တည်း ရှိသည်ကို လူထုက သတိရကြသည်။ (ဇ) ထိုစဉ်က လက်တွေ့ သတ်ဖြတ်ရုံမျှမက နှုတ်မှလည်း စစ်ကြေညာခဲ့ပါလျက် နောက် ပိုင်းမှ သူသတ်သည် ငါသတ်သည် သူဖျက်သည် ငါဖျက်သည်ဟု တဦးကို တဦးက လက်ညှိုးထိုး၍ ဖော်ကောင်လုပ်ကြစေကာမူ ခေါင်းရှောင်ကြ စေကာမူ ဗိုလ်နေဝင်းသည် အဓိကတရားခံဖြစ်သည်ကို လူထုက မေ့မရနိုင်ပေ။

ဤအချက်များကို ထောက်ရှု၍ တပ်မတော်ကြီးကို ဦးစီးကြသော ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်ကြီးများသည် ဘိန်းစားခါးပိုက်နှိုက် အဖွဲ့ဝင်တို့မျှပင် သတ္တိမရှိ လွန်စွာသူရဲဘောကြောင်ကြသည်ကို သိသာထင်ရှားစွာ မြင်သိ



နိုင်ကြပေသည်။ ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်တစုသည် အင်္ဂလိပ်နယ်ချဲ့ကို တိုက်ခဲ့သော ကျောင်းသားနိုင်ငံရေး လှုပ်ရှားမှုများတွင် သူတို့ပါဝင်ခဲ့ခြင်း မရှိသဖြင့် ကျောင်းသားများ၏ လွတ်လပ်ရေးတိုက်ပွဲကဏ္ဍကို သမိုင်းမှ ဖျောက်လိုကြသည်။ သမဂ္ဂအဆောက်အဦကို အယူသီးဘာသာခြားတဦးက အခြားဘာသာအဆောက်အဦကို မမြင်လိုသကဲ့သို့ ဖျက်ဆီးခဲ့သည်။ ကျောင်းသားခေါင်းဆောင်များသည် သမဂ္ဂ၌ ပုန်းနေကြသည်ဟု သတင်းရ သဖြင့် သတ်ဖြတ်ရန် သွေးဆာနေသောကြောင့် ဖျက်စီးကြသည်။

နိုင်ငံတည်စမှ စတင်ပြီး တပ်မတော်သည် သူတို့ကဲ့သို့ သူရဲဘော ကြောင်ပြီး ဗိုလ်နေဝင်းနှယ် လောဘရမ္မက်လွန်ကဲသူတို့၏ လက်တွင်းသို့ ကျရောက်ရသည်မှာ နိုင်ငံ၏ကံကြမ္မာသာ ဖြစ်ချေတော့၏။

ဗိုလ်နေဝင်းသည် လူသတ်ပွဲကြီးအပြီးတွင် ခေါင်းရှောင်သဖြင့် အပန်း ဖြေဦးမည်ဟုဆိုကာ ဥရောပသို့ ဇူလိုင် ၉ ရက်နေ့က အပန်းဖြေခရီး ထွက်သောအခါ ဗိုလ်အောင်ကြီးအား တိုင်းပြည်ကိုအပ်၍ "မင်းပဲ ကြည့်လုပ် တော့ကွာ"ဟု တာဝန်ပေးခဲ့သည်။

ဥရောပသွား ဗိုလ်နေဝင်းသည် အမှန်တကယ် အပန်းဖြေသွားခြင်း ဖြစ်၏။ မြန်မာနိုင်ငံတွင် မြင်းပွဲများကျင်းပခြင်း မပြုရဟု တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌအာဏာဖြင့် သူကိုယ်တိုင် အမိန့်ထုတ်ခဲ့သည်။ သို့သော် ငယ်စဉ်ကပင် လောင်းကစားဝါသနာထုံခဲ့သောကြောင့် လောင်းကစားပွဲ မသွားရသဖြင့် ပျင်းရိငြီးငွေ့နေသည်။ အပန်းဖြေခရီးကို အင်္ဂလန်ပြည် လန်ဒန်မြို့သို့သွားကာ မြင်းပြိုင်ပွဲ၊ ခွေးပြိုင်ပွဲများသို့ သွားရောက် လောင်း ကစားခြင်းဖြင့် အပန်းဖြေခဲ့သည်။

ထိုခရီးပြီးနောက် နောက်နှစ်များတွင်လည်း တနှစ်လျှင် ငါးကြိမ်နှုန်း ခန့် ဥရောပသို့သွားကာ လောင်းကစားပွဲများတွင် အပန်းဖြေလေ့ရှိခဲ့သည်။

ကျောင်းသားများကို သတ်ဖြတ်၍ သမဂ္ဂကို ဖျက်စီးပြီး ဥရောပသို့ အပန်းဖြေခရီး မထွက်မီကလေးတွင် ဗိုလ်နေဝင်းက ကျောင်းသားများအား မအေနှမရိုင်းစိုင်းစွာ ဆဲဆိုကာ အမိန့်ပေးခဲ့သေးသည်။ "မအေ×××တွေ၊ ကျောင်းမတက်ကြစေနဲ့၊ တက္ကသိုလ်အားလုံး ပိတ်ထား..."ဟု အားသီး

www.burmeseclassic.com



ချင်း မစာမနာ အမိန့်ထုတ်ခဲ့သည်။ သူ၏ခေတ်တလျှောက်လုံး ကျောင်းသား လှုပ်ရှားမှုပေါ်တိုင်း တက္ကသိုလ်များကို နှစ်ရှည်လများပိတ်ရန် အမိန့်ထုတ်လေ့ရှိရာ သူ၏တပည့်စစ်အစိုးရများကလည်း ယင်းလမ်းစဉ်ကိုဆက်လက်ကျင့်သုံးကြသဖြင့် စစ်အစိုးရများခေတ်၌ ပေါက်ဖွားသည့် မြန်မာလူငယ်များ အထက်တန်းပညာမတတ်ကြဘဲ လူညွန့်တုံးကြရရှာလေသည်။

■



(၁၈)

## ပြည်သူပိုင်ပြုရင်း ဗိုလ်နေဝင်းက ငါပိုင်ပြုပုံ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ပြီးသည်နှင့် တစ်ပြိုင်နက် မဆလအစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို စောလျင်စွာ တည်ဆောက်လေတော့သည်။

ပွဲဦးထွက်အဖြစ် ဘီအိုစီရေနံလုပ်ငန်းကို ၁၉၆၃ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်သူပိုင်ပြုသည်။ စင်စစ်အားဖြင့် ဘီအိုစီရေနံလုပ်ငန်းမှာ ဒီမိုကရေစီအစိုးရခေတ် ၁၉၅၄ ခုနှစ်က မြန်မာအစိုးရနှင့် အင်္ဂလိပ် အရင်းရှင်များ စပ်တူ တည်ထောင်ထားသည့် ဖက်စပ်လုပ်ငန်းဖြစ်သည်။ မြန်မာအစိုးရက ၅၁ ရာခိုင်နှုန်း ငွေပင်ငွေရင်း ထည့်သွင်းမြှုပ်နှံပြီး ဖြစ်သည်။ အင်္ဂလိပ် အရင်းရှင်များပိုင်သည့် ၄၉ ရာခိုင်နှုန်းတစုအတွက် မြန်မာငွေစုစုပေါင်း ကျပ် ၆၂၅ သိန်းကို နိုင်ငံခြားငွေနှင့် ပေးချေကာ ဝယ်ယူသည် ဖြစ်၏။

မူလက မြန်မာကျပ်ငွေဈေးနှုန်းမှာ အမေရိကန် တဒေါ်လာကို ၄ ကျပ် ၇၆ ပြားနှုန်းရှိခဲ့သော်လည်း စစ်အစိုးရသက်တမ်း တနှစ်ရှိသောအခါတွင် မြန်မာကျပ်ငွေဈေးနှုန်းသည် ကျဆင်းစပြုလာခဲ့သည်။ အစိုးရ၏ နိုင်ငံခြားသုံး လက်ကျန်ငွေစာရင်းမှာလည်း လျော့ပါးစပြုနေသည်။ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်တော့မည်ဟုလည်း ဆိုနေသည်။ ဤအခြေအနေအရကြာလျှင် ဖက်စပ်လုပ်ငန်း၏ အစုငွေများကို သိမ်းယူလေ

www.burmeseclassic.com

www.burmeseclassic.com



မည်ကို ရိပ်စားမိသောကြောင့် ပြည်သူပိုင်သိမ်းပါတော့ဟု မျက်နှာဖြူဘီအိုစီ မန်နေဂျာက သူ၏အိမ်သို့ ညနေတိုင်းလာရောက်၍ တင်းနစ်ရိုက်လေ့ရှိသူ ဗိုလ်နေဝင်းအား အပူကပ်သဖြင့် သိမ်းပေးသည်ဟု သတင်းဖြစ်ခဲ့သည်။ ထိုငွေများမှ အချို့အဝက်ကို ဗိုလ်နေဝင်းက ပွဲခရရှိသည်ဟုလည်း ယူဆကြသည်။

စောစီးစွာ ပြည်သူပိုင်အသိမ်းခံရသဖြင့် ငွေထုပ်ကြီးကိုပိုက်၍ ပြည်တော်ပြန်နိုင်သောကြောင့် ဘီအိုစီမန်နေဂျာကြီးအား လန်ဒန်ရုံးက ရာထူးတိုးပေးသည်ဟု သတင်းရသည်။ ထိုမန်နေဂျာကြီးနှင့် ဗိုလ်နေဝင်းတို့၏ သံယောဇဉ်ကြီးသည် ခိုင်မာသည်။ နောက်ပိုင်းတွင် ဗိုလ်နေဝင်းက လန်ဒန်မြို့၌ တိုက်အိမ်ကြီးတလုံး ဝယ်သောအခါ မဆလဥက္ကဋ္ဌကြီးအဖြစ် လူသိသူသိ ဝယ်ရန်မသင့်သဖြင့် ပင်စင်စားမန်နေဂျာကြီးက အမည်ခံစေ၍ ဝယ်ခဲ့သည်။

သို့သော် ကံအကြောင်းမလှသဖြင့် ထိုမန်နေဂျာကြီး ရုတ်တရက် ကွယ်လွန်သွားရှာသောအခါ မန်နေဂျာကတော်က မိမိခင်ပွန်းပိုင် အိမ်ဖြစ်သည်ဟု စာချုပ်စာတမ်းများကို တရားရုံးသို့တင်ပြ၍ အမွေဆက်ခံသဖြင့် ဗိုလ်နေဝင်းမှာ အိမ်လက်လွတ်ဖြစ်ရရှာသည်။ သူ့ခမြာ ခံရခက်၊ လွန်စွာနာရှာသည်။ မိမိအိတ်ထဲမှ မိမိပိုင်ငွေနှင့် ဝယ်သည်မဟုတ်ဘဲ မြန်မာအစိုးရပိုင်ငွေကို နှိုက်၍ အိမ်ကြီးကို ဝယ်ခဲ့သည်။ သူ့နိုးလက်မှ သူဝှက်လှသွားလေပြီ။

အိမ်နီးချင်း၏ကြက်ကို ခိုးသတ် ချက်ထားသည့် ကြက်သားဟင်းအိုးကို လူခိုးခံရသူကဲ့သို့ "ဟဝါကို ဟဝါပြုမလို့ ဟိုဒင်းပြုထားတာ၊ ဟဝါဖြစ်နေပြီ" ဟုသာ ငြီးတွားနိုင်သည်။ မြန်မာလူထုကြီးတရပ်လုံးအပေါ် ဗိုလ်ကျနေနိုင် ပါလျက် လန်ဒန်မှာ လူလုခံရသည်။ ပြည်တွင်းစစ်ဦးကာလတွင် ကာကွယ်ရေးဝန်ကြီးအဖြစ် လန်ဒန်သို့ လက်နက်ဝယ်ရန် လာစဉ်က အသံလွှင့်ဌာနတွင် အလုပ်လုပ်နေသော မြန်မာမိတ်ဆွေ ကိုပန်ကာက သူ့အား ပြည်သွင်ကုန်ဆာများနှင့် လွှတ်ပေးထားပြီး ပါသမျှ နိုင်ငံခြားငွေများကို လိမ်ယူသွားသည်ကိုလည်း ခံခဲ့ရဖူးသည်။

ခံပြင်းလှသော်လည်း မည်သို့မှမတတ်နိုင်သဖြင့် ကြီးမားသော



မာန်ကိုလျှော့ခဲ့ရသည်။ ယခုအခါ ဆိုရှယ်လစ်စီးပွားရေးစနစ်သည် အောင်မြင်မည်မှာ မုချဖြစ်သဖြင့် ငွေအတွက် ပူရန်မလို၊ နောက်ထပ် အိမ်တလုံး ဝယ်သည်။

ဤတချိတွင် တခါသေဖူးသဖြင့် ပျဉ်ပိုးနားလည်နေပြီ။ လန်ဒန်တွင် တတုံးမက နှစ်တုံးစားရဖူးသောကြောင့် အနံ့ကို မသိသေးစေကာမူ အရသာကို သိနေပြီ။ လန်ဒန်ကို စိတ်ချ၍ မဖြစ်။ နောက်ထပ် ဖယ်ယူသော အိမ်တော်ကို တပ်မတော်မှ တပ်သားများကို အစောင့်ချထားလိုက်သည်။ ရဲဘော်များကို တပ်မတော်စရိတ်နှင့် လန်ဒန်သို့ အလှည့်ကျပို့ကာ အိမ်တော်ကို စောင့်စေ၏။ သတင်းထောက်တဦးက ရဲဘော်ကလေးများအား တွေ့စဉ်က "ဘိလပ်မြေမြို့တော်မှာ မင်းတို့ကတော့ ဖိမ်ပေါ့ကွ"ဟု မှတ်ချက်ပြုသောအခါ "ဆရာရယ် ဖိမ်မကျပါဘူး၊ အင်္ဂလိပ်လိုမတတ်၊ ဟိုဟိုဒီဒီလည်း မသွားတတ်တော့ ချမ်းကလည်း အလွန်ချမ်းတာမို့ ငရဲမှာ တာဝန်ကျနေတာပါ"ဟုဖြေရှာသည်။ ဗိုလ်နေဝင်းက ဂျာမနီပြည်တွင်လည်း ရဲတိုက်ကြီးတခုကို ဝယ်ထားသေးသည်။

ဘီအိုစီကို သိမ်းပြီးနောက် နောက်တဆင့်အဖြစ် ဘဏ်များကို သိမ်းသည်။ ဒီမိုကရေစီခေတ်က စီးပွားရေးလုပ်ငန်းများ၏ သွေးချက်ဖြစ်သော ဘဏ်များသည် ဆိုရှယ်လစ်ခေတ်နှင့် လျော်ညီခြင်း မရှိဆိုကာ ၁၉၆၃ ခုနှစ် တချက်လွှတ်ဥပဒေအမှတ် ၁ အရ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မြန်မာပြည်တွင် ဖွင့်လှစ်ထားသော ဘဏ်တိုက် ၃၁ ခုကို ပြည်သူပိုင် ပြုလုပ်သည်။

ဘဏ်လုပ်ငန်းကြီး ၃၁ ခုကို သိမ်းရာတွင် လျော်ကြေးပေးချေမည်ဟု ကြေညာသော်လည်း မြန်မာတိုင်းသားများပိုင်သည့် ဘဏ်တိုက် ၁၇ ခုတို့ကို လျော်ကြေးငွေ တပြားတချပ်မှမပေးဘဲ စာရင်းပျောက် သိမ်းယူခဲ့သည်။ နိုင်ငံခြားပိုင်ဘဏ်တိုက်ကြီး ၁၄ ခုတို့ကိုမူ နိုင်ငံခြားသုံးငွေနှင့် လျော်ကြေးများ ထုတ်ပေးခဲ့သည်။ "ငါက အင်္ဂလန်နဲ့ ဥရောပကို မကြာခဏသွားရတာ ဒီတော့ ငါရဲ့ခရီးစဉ်များတလျှောက် အိမ်ရှင်နိုင်ငံများနဲ့ မျက်နှာ မပျက်သင့်ဘူး"ဟု အကြောင်းပြကာ လျော်ကြေးငွေကို မူလတန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နိုင်ငံခြားသုံးငွေများနှင့် တိကျစွာ လျင်မြန်စွာ ထုတ်ပေးရမည်ဟု သူက အမိန့်ပေးခဲ့၏။

သိမ်းပိုက်သော ဘဏ်များတွင် မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှု ကော်ပိုရေးရှင်း (ဘီအီးဒီစီ)ပိုင် အင်းဝဘဏ်လည်း ပါဝင်၏။ ဘဏ်ကိုသိမ်းပြီး နောက် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းကြီးများကို စီစစ်သောအခါ မြစ်ဝ ကျွန်းပေါ်ချောင်းငယ်မြောင်းငယ်များမှ အင်းလုပ်ငန်းများကို မိရိုးဖလာ အင်းသူကြီးများထံမှ လုယူထားခြင်းမှစတင်ကာ နိုင်ငံခြားသွား ပင်လယ်ကူး သင်္ဘောလုပ်ငန်းကြီးများအထိ လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်သော စစ်တပ်ပိုင် အဖွဲ့ကြီးသည်လည်း ပြည်သူတို့အတွက် ကုန်ဈေးနှုန်းတိုးမြှင့်စေမှုကို ဖြစ်စေသည့် အမြတ်ကြီးစား လုပ်ငန်းသာဖြစ်သည်ဟု တွေ့ရှိရသည်ဆိုကာ ထိုစစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းကြီးများကို အောက်တိုဘာလ ၂၃ ရက်နေ့ တွင် ပြည်သူပိုင် သိမ်းပြန်သည်။

တပ်မတော် သက်သာချောင်ချိရေး အဖွဲ့ငယ်ကလေးမှ နိုင်ငံ၏ အကြီးဆုံးစီးပွားရေး ကော်ပိုရေးရှင်း ဖြစ်လာစေရန် လုပ်ပိုင်ခွင့်များကို မတရားရယူ၍ တိုးချဲ့ခဲ့သူ တပ်မတော်ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ် အောင်ကြီး အား ဖေဖော်ဝါရီလကပင် နုတ်ထွက်စေခဲ့ပြီ ဖြစ်သည်။ စစ်တပ် ၏ နံပါတ်နှစ် ဗိုလ်ချုပ်၏စာရင်းများကို နံပါတ်တစ်က အပြတ်ရှင်းလိုက်သည်။

ထို့နောက်ပိုင်းတွင် ပြည်သူပိုင်ပြုသည့် လုပ်ငန်းများ အရှိန်အဟုန် ပြင်းလာ၏။

စီးကရက်ကုမ္ပဏီများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ဆပ်ပြာချက် လုပ်ငန်း၊ ထီးစက်လုပ်ငန်းစသည့် စက်မှုလုပ်ငန်းများ၊ ပုံနှိပ်စက်များ၊ အရပ်သားပိုင်ကျောင်း ၈၁၄ ကျောင်း၊ သာသနာပြုဆေးရုံ ၉ ရုံ၊ ရုပ်ရှင်ရုံ ၁၈၂ ရုံစသည်ဖြင့် အားလုံးကို ပြည်သူပိုင် ပြုလုပ်သည်။

အကြီးဆုံး ပြည်သူပိုင်သိမ်းပွဲကြီးကို ရန်ကုန်မြို့နှင့်တကွ နယ်များ တွင်ပါ ၁၉၆၄ ခု၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည်။ အသိမ်းခံရမည့် သူများ မသိကြစေရန် လျှို့ဝှက်စီစဉ်သည်။ ထောင်သောင်းချီသော ပါတီ မိတ်ဆွေဆိုသူများနှင့် စစ်ဗိုလ်စစ်သားများကို သန်းခေါင်တိတိတွင်



အောင်ဆန်း အားကစားကွင်းကြီး၌ စုထားသည်။ မိုးမလင်းမီ လူစုခွဲကြပြီး၊ ရန်ကုန်မြို့အနှံ့အပြား သွားရောက်ကြကာ ပွဲရုံများ၊ လက်လီလက်ကား ဆိုင်များ၊ သမဝါယမဆိုင်များပါမကျန် စီးပွားရေးလုပ်ငန်းမှန်သမျှကို ပြည်သူပိုင် သိမ်းယူသည်။

ပြည်သူပိုင်သိမ်းရာတွင် လုပ်ငန်းကြီးပါက ဗိုလ်မှူးက ကွက်ကဲ သည်။ အလတ်စားလုပ်ငန်းကို ဗိုလ်ကြီး၊ အငယ်စားလုပ်ငန်းကို တပ်ကြပ်ကြီး တို့က ကွက်ကဲပြီး သိမ်းယူသည်။ လက်နက်ကိုင်စစ်သားများက စောင့် ကြပ်ပေးရသည်။ ပါတီမိတ်ဆွေများက မူလပိုင်ရှင်များ၏နေရာတွင် အရောင်း စာရေးအဖြစ် အစားထိုးပြီး အရောင်းအဝယ်လုပ်ငန်းကို ဆက်လက် လုပ် ကိုင်ကြရသည်။

ဆိုင်ကြီးများနှင့် လက်လီဆိုင်ကလေးများ၏ ပိုင်ရှင်များမှာ နံနက်စောစော ဆိုင်ဖွင့်ရန် သွားကြသောအခါတွင်မှ မိမိတို့ဆိုင်ရှေ့များတွင် စစ်အစောင့်ရှိနှင့် ပါတီမိတ်ဆွေဆိုသူများကို တွေ့ကြရသည်။ ပြည်သူပိုင် အမိန့်ကိုဖတ်ပြပြီး လုပ်ငန်းကို သိမ်းယူသောအခါတွင် ဆိုင် သို့မဟုတ် လုပ်ငန်း၏သော့နှင့်ငွေများကို အပ်ကြရသည်။ အရေးတကြီး တောင်းကြ သည်မှာ လုပ်ငန်းပိုင် မော်တော်ယာဉ်များနှင့် ကားသော့များ ဖြစ်၏။ ထိုနေ့နံနက်က စတင်ပြီး ထိုဆိုင် ထိုလုပ်ငန်းမှ မော်တော်ယာဉ်သည် ဗိုလ်ကြီး သို့မဟုတ် တပ်ကြပ်ကြီးပိုင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ပြည်သူပိုင်သိမ်းပွဲတွင် စစ်ဗိုလ်များအား ကားမအပ်သူများကို ကြီး လေးသောအပြစ်များ ပေးလေ့ရှိသည်။ အင်္ဂလိပ်စာရေးဆရာကြီး ဂျော့အိုဝဲလ် ၏ မြန်မာပြည်မှနေ့များ ဝတ္ထု၌ပါရှိခဲ့သည့် စမတ်နှင့်မုကာရမ်ဒမ်စာအုပ် ဆိုင်သည် ဆူးလေဘုရားလမ်းတွင် ရှိသည်။ စာအုပ်ဆိုင်ကို စစ်ဗိုလ်က လာရောက်သိမ်းစဉ် ပိုင်ရှင်အဘိုးကြီးတွင် ကားပျက်ကြီးတစီး ရှိပါလျက် ကားမအပ်သော အမှုအတွက် ထောင်လေးနှစ် အပြစ်ပေးခဲ့သည်။ အဘိုး ကြီးမှာ အသက် ၇၂ နှစ်ရှိရာပြီ။

လုပ်ငန်းရှင်များ၊ ဆိုင်ရှင်များထံမှ လုယူထားသည့် ကားကို ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက် သုံးကြသည်။ ကုန်စည်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



နိုးဝှက်ကြသည်။ အဖိုးတန်သော ကုန်ဆိုင်များကို သိမ်းရန် တာဝန်ကျသူ စစ်ဗိုလ်များသည် ချက်ခြင်း ချမ်းသာလာကြတော့သည်။

ကားများ၊ ကုန်များကိုသာမက ဆိုင်ခန်းများကိုပါ စစ်ဗိုလ်များက နိုးကြသည်။ ရန်ကုန်တွင်ရော နယ်တို့တွင်ပါ လက်လီလက်ကားဆိုင် ၁၂၇၆၄ ဆိုင်ကို သိမ်းပြီးသည့်နောက်တွင် အမျိုးတူကုန်များ ပူးပေါင်း ရောင်းချမည်ဟု မူချမှတ်ကာ ကုန်များကို ဆိုင်ကြီးများရှိရာသို့ ပြောင်းသော အခါတွင် ရန်ကုန်၌ ဆိုင်နေရာ တသောင်းခန့် လစ်လပ်သွားသည်။ အောက်ထပ် လမ်းဘေးများမှ ဆိုင်ခန်းများအပြင်၊ အိန္ဒိယသို့ အပြီးပြန် သွားသူ ကုလားများ၏ အိမ်ခန်းများအပါအဝင် စုစုပေါင်း အိမ်ခန်း တသိန်း ခန့်ကို စစ်ဗိုလ်များနှင့် ပါတီဝင်လက်နက်ချ ကွန်မြူနစ်များကို နေရာချ ထားသည်။

စစ်ဗိုလ်များရော ကွန်မြူနစ်ပျက်များပါ မိမိတို့ရရှိသည့် အိမ်ခန်း များကို ပြန်ရောင်းစားကြသည်။ အချို့စစ်ဗိုလ်များက အိမ်ခန်းရော ဆိုင်ခန်းပါ လေးငါးလုံးရယူပြီး တဆင့်ရောင်းစားသည်။ တရုတ်ကုလား စီးပွားရေး ဈေးကွက်ကို ဖျက်သိမ်းရန် ရည်ရွယ်ချက်နှင့် ဆိုင်များကို သိမ်းခဲ့စေကာမူ စစ်ဗိုလ်များက ပြန်လည်ရောင်းစားကြသောကြောင့် တရုတ်ကုလားတို့၏ လက်ထဲသို့ပင် ပြန်ရောက်သွားပြန်လေသည်။

ဘဏ်တိုက်များ၊ ဆိုင်များနှင့် လုပ်ငန်းများကို သိမ်းရာတွင် စာရင်း မရှိ အင်းမရှိ နိုးယူကြသည်။ အများစုဖြစ်သော မြန်မာပိုင် လုပ်ငန်းမှန်သမျှကို လျော်ကြေးမပေးတော့ပေ။ ဗိုလ်ချုပ်ကြီးနေဝင်းကတော် ဒေါ်ခင်မေသန်း၏ ဆွေမျိုးများပိုင်သော လုပ်ငန်းများကို တိတ်တိတ်ပုန်း လျော်ကြေးပေးသည်။ အထပ်သားစက်လုပ်ငန်းကို သိမ်းစဉ်က လုပ်ငန်းတန်ဖိုးအားလုံးကို နိုင်ငံခြား သုံးငွေနှင့် လျော်ကြေးပေးသည်သာမက မိသားစုတခုလုံး အင်္ဂလန်သို့ သွားရောက်နေထိုင်နိုင်ရန် ခဏတာမျှ မြန်မာသံရုံးသို့ တွဲဖက်ရာထူး ခန့်ထားပြီး စေလွှတ်သည်။

ပြည်သူပိုင် အသိမ်းခံရသော သတင်းစာတိုက်များမှာ ပြောရဲဆိုရဲ နားပူနားဆာ တောင်းရဲလာသောကြောင့် မူလတန်ဖိုး၏ ၄ ရာခိုင်နှုန်းခန့်



လျော်ကြေးရကြသည်။ နှစ် ၂၀ ငွေစုစာချုပ်နှင့် လျော်ကြေးပေးပြီး နောက်ပိုင်းအစိုးရကို ဝေဖန်ရေးသားသည့် သတင်းစာဆရာများကိုမူ ငွေစု လက်မှတ်များကို လက်ခံ၍ ငွေလဲပေးခြင်းမပြု၊ ငွေမပေးပဲ ဒဏ်ခတ်သည်။

ယင်းကဲ့သို့ ပြည်သူပိုင်ပြုခြင်းမှာ အရပ်သားများပိုင်သော ပစ္စည်း များကို မတရားလုယက်ကြသည်သာ ဖြစ်ပါလျက် ပစ္စည်းသိမ်းခြင်း ခံရသူ များက ဆန့်ကျင်ကြသည်ဟုဆိုကာ အရေးယူအပြစ်ပေးရန် ဥပဒေပြုသေးသည်။

၁၉၆၈ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသော ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် "လုပ်သားပြည်သူတို့အား တော်လှန်ရေးကောင်စီက စာနာထောက်ထား၍ ယင်းတို့ကျူးလွန်သည့် ပြစ်မှုများအတွက် ပညာပေးခြင်းအပိုင်းနှင့် ပစ္စည်း သိမ်းခြင်းအပိုင်းသာ ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် လုပ်သားပြည်သူအချို့တို့ သည် ဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါ။ တော်လှန်ရေးကောင်စီ၏ သက်ညှာမှုကို ပျော့ကွက်အနေဖြင့် ယူဆကာ ပိုမိုဆိုးရွားလာခြင်းကြောင့် ဤဥပဒေအရ ပြစ်မှုကျူးလွန်သူများအား ဟန့်တားစေမှု ဖြစ်စေရန်အတွက် အနည်းဆုံး ထောင်ဒဏ် ၆ လ ကျခံစေရန်အတွက် သတ်မှတ်ခဲ့ပါသည်"ဟု စစ်တပ်က လုယက်ခြင်းကို ခံရသူတို့အား ခေါင်းငုံ့၍ မခံပါက အလုပ်ကြမ်း နှင့် ထောင်ချရန် ဥပဒေပြုသေး၏။

ကုန်ထုတ်လုပ်ငန်းနှင့် ကုန်သွယ်လုပ်ငန်းများကို သိမ်းယူခဲ့သည့် ဂယက်အဖြစ် ကုန်စည်များ ရှားပါးသည်ကို ရင်ဆိုင်ကြရသည်။ ရှားပါးသဖြင့် ကုန်ဈေးနှုန်းများတက်နေချိန် ၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် အစိုးရက ထုတ်ဝေ သုံးစွဲထားသဖြင့် လူထု၏လက်ထဲတွင် လှည့်လည်သုံး စွဲနေသော ကျပ် တရာတန်နှင့် ငါးဆယ်တန်ငွေစက္ကူများကို တရားမဝင်ဟု ကြေညာ လိုက်သဖြင့် လူထုကြီးတရပ်လုံး မွဲသွားရှာသည်။ လူထုလက်၌ လှည့်လည် နေသည့် ငွေ၏ ၂၂ ရာခိုင်နှုန်းကို သုံးစွဲခွင့် ပယ်ဖျက်သော ကြောင့် အစိုးရမှာ ကျပ် ၉၁၅.၈ သန်း အမြတ်ရသွားသည်။ လူထုအဖို့မူ ကျပ် ၉၁၅.၈ သန်း မွဲကြရရှာသည်။

ဗိုလ်နေဝင်းသည် အစိုးရက ပုံနှိပ်ပြီး အသုံးစရိတ်များအဖြစ် ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ဝေထားသည့် တရားဝင် ငွေစက္ကူများကို တရားမဝင်တော့ဟု ကြေညာသဖြင့် ငွေထုပ်ကြီး အစုလိုက် အပြုံလိုက် ရရှိသည်ကို အရသာ တွေ့သွားသည်။ ကျပ် ၁၀၀ ငွေစက္ကူများကို တရားမဝင်ဟု ၁၉၈၅ ခု၊ နိုဝင်ဘာ ၃ ရက်နေ့တွင် အမိန့်ထုတ်ပြန်သည်။ တဖန် ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၇၅ ကျပ်တန် ငွေစက္ကူများကို တရားမဝင်ဟု ၁၉၈၇ ခု၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကြေညာပြန်သည်။ ကမ္ဘာပေါ်တွင် အစိုးရက မိမိတို့ ထုတ်ဝေထားသည့် ငွေစက္ကူများကို ပြန်လည်၍ ငွေထုတ်ပေးရန် တာဝန်မယူတော့ဘဲ သုံးကြိမ်သုံးလီ ဖျက်သိမ်းသည့်အစိုးရဟူ၍ မရှိခဲ့ဘူးပေ။

လူထု မည်သို့ခံရစေကာမူ အစိုးရက အနည်းငယ်မှ လျှော့မပေးဘဲ ၁၉၆၆ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကုန်သွယ်ရေး အမိန့်သစ်ထုတ်ကာ ချုပ်ကိုင်ပြန်သည်။ ကုန်စည်အမျိုးအစား ၄၆၀ ကို အရပ်သားများမထိရဘဲ အစိုးရကသာ ရောင်းဝယ်ခွင့်ရှိသည်ဟု ကန့်သတ်ပြန်သည်။ ဖွဲ့နှုဆန်ကွဲမှ စတင်ပြီး နှင်းတက်အထိ တော်လှန်ရေးအစိုးရကသာ သိုလှောင်ခွင့် ရောင်းဝယ်ခွင့်ရှိတော့သည်။

ထိုကဲ့သို့ ပုဂ္ဂလိက အရပ်သားပိုင်လုပ်ငန်းများကို စစ်ဗိုလ်များက လုယက်သည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ထူထောင်သောကြောင့် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများ ကျဆင်းပျက်ပြားသွားသည်။ ၁၉၆၄–၆၅ ခုနှစ်က လယ်ယာကုန်ထုတ်လုပ်မှု တန်ဖိုး ၂၅၂ ကုဋေရှိခဲ့ရာမှ ၁၉၆၅–၆၆ ခုနှစ်မှာ ၂၄၁ ကုဋေအထိ ကျဆင်းသွားသည်။

အထူးသဖြင့် ဆန် ရှားသွားသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် စပါးခင်းများအကြားတွင်ရှိသော ရန်ကုန်မြို့ကြီး၌ ဆန်ပျောက်သွားသောကြောင့် လူထုကြီး မျက်သလဲဆန်ပြာ ဖြစ်ကြရသည်။ ရန်ကုန်မြို့တမြို့လုံးမှ လူအများသည် ဆန်ထွက်ရှာနေကြရသဖြင့် ရုံးများ၊ ဆိုင်များ ပိတ်သွားသည်။

ထိုအခါ စစ်စုံထောက်များက တရုတ်အမျိုးသားများကို လိုက်လံ ရိုက်နှက်ကြပြီး တရုတ်ဗမာ အဓိကရုဏ်းကို ဖန်တီး၍ လူထုကြီး၏ သွေးနှင့် ဆန်ပြဿနာကို ဖြေရှင်းသည်။

တရုတ်အမျိုးသား ၁၃၂၈ ဦးကို ဖမ်းသည်။ ရာပေါင်းများစွာသော



တရုတ်များကို သတ်ဖြတ်သည်။ များစွာရက်စက်ယုတ်မာလှသည်။ လူထုကြီးမှာ ကျောကော့ပြီး ခံကြရသည်။

ဗိုလ်နေဝင်း အာဏာလုသည့် အကြောင်းတရားမှာ နိုင်ငံပိုင်လူထုပိုင်ငွေများကို ခိုးဝှက်လုယက်ရရှိမှု အကျိုးတရားအတွက် ဖြစ်သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ရွေးသည်မှာ ရာသက်ပန်အာဏာရရှိ သိမ်းပိုက်ထားလိုသဖြင့် ဖြစ်သည်။ သူ၏ထီးနန်းသက်တလျှောက်လုံး နည်းအမျိုးမျိုးနှင့် ခိုးခဲ့သည်။ သူ့အတွက်သာမဟုတ် သားသမီးများအတွက်လည်း ခိုးပေးသည်။ သားသမီးတို့ကလည်း ခိုးရာပါပစ္စည်းများ ဖြစ်သည်ကို သိနိုင်လျက် မြိန်ရှက်စွာ စားသုံးကြသည်။

ပြည်သူပိုင် အင်းယားလိတ်ဟိုတယ်မှာ နိုင်ငံခြားခရီးသည် မရှိသဖြင့် အရှုံးများစွာ ပေါ်နေစဉ်တွင် ဟိုတယ်အဝင်ပေါက် တနေရာတွင် အထူး ကော်ဖီဆိုင်တခု ဖွင့်စေသည်။ ကိတ်မုန့်အကောင်းစား၊ အသားညှပ်ပေါင်မုန့်အကောင်းစား၊ အခါး၊ အပူ၊ အအေး၊ ကော်ဖီအကောင်းစားများ ရောင်းချသည်။ ဈေးကြီးမြင့်သဖြင့် တကြောင်း၊ မြို့နှင့်ဝေးသဖြင့် တကြောင်း၊ မြန်မာများ သွားရောက် မစားနိုင်ပေ။ ထိုဆိုင်မှာ တက္ကသိုလ်ရောက်နေသော သူ၏ သမီးများ မုန့်စားဆင်းရန် အထူးအစီအစဉ်နှင့် ဖွင့်ထားသည့်ဆိုင်သာ ဖြစ်၏။ သူ၏သမီး စန္ဒာဝင်း ကျောင်းသူဘဝက သူတို့ညီအစ်မသာမက သူငယ်ချင်းများကိုပါ အစိုးရကားနှင့် တပြုံကြီးတင်လာပြီး နေ့စဉ် စားသောက်သည်။ ကျသင့်ငွေကို တကြိမ်တခါမှ ပေးခြင်းမပြုပေ။ စားသောက်ပြီး လက်မှတ်ပင် မထိုးဘဲ ထသွားကြသည်။ သူ၏သားသမီးများသည် ငယ်စဉ်ကပင် ပြည်သူ ပိုင်ဆိုင်မှန်သမျှ၊ ပြည်သူ့ပစ္စည်းမှန်သမျှ သူတို့ ဘိုးဘွားပိုင်ပစ္စည်းများအဖြစ် သုံးစွဲခဲ့ကြသည်။ ကြီးပြင်းလာသောအခါ လုပ်ငန်းရှင်ကြီးများအဖြစ် ခိုးဝှက်ကြပြန်သည်မှာ မဆန်း။

စစ်ဗိုလ်များသာ ပိုင်ဆိုင်ခွင့်ရှိသည့် ဦးပိုင်စီးပွားရေးကော်ပိုရေးရှင်းကြီးတွင် ဗိုလ်နေဝင်းနှင့် မိသားစုက အစုအများဆုံး ပိုင်ဆိုင်သည်။ နောက်ပိုင်းတွင် စန္ဒာဝင်းက ခွဲထွက်ကာ စင်ပြိုင်ထောင်သည်။

ဗိုလ်နေဝင်း၏ မိသားစုသည် မကောင်းသော အသက်မွေးမှုများ၌

www.burmeseclassic.com

www.burmeseclassic.com



မွေ့လျော်ကြသည်။ အစ်ကိုသခင်လှထွန်းနှင့် ညီ ကိုသိန်းညွန့်တို့က ဖဲဒိုင်ခံလုပ်ငန်းနှင့် အသက်မွေးကြသည်။ ညီ ကိုသိန်းညွန့်ကို လန်ဒန်သံရုံးသို့ စီးပွားရေး သံတမန်အဖြစ် ရာထူးပေးသည်။ ဆွစ်ဇာလန်မှ နာရီများကို လန်ဒန်သို့ ခိုးသွင်းသဖြင့် မှောင်ခိုလုပ်ငန်း လုပ်ကိုင်မှုနှင့် ဖမ်းဆီးမည်ဟု အင်္ဂလိပ် အစိုးရက ဆုံးဖြတ်သဖြင့် ပြန်ခေါ်ရသည်။ ပထမ မယားကြီး ဒေါ်တင်တင်ကလည်း ကြီးမားသည့် ဖဲဝိုင်းကြီးထောင်ပြီး ဖဲဒိုင်ခံသည်။ စန္ဒာဝင်းကလည်း သူပိုင်ဟိုတယ်ကြီးတွင် လောင်းကစားဒိုင်တည်ထောင်ရန် စီစဉ်သေး၏။ တဆွေလုံးတမျိုးလုံး မကောင်းမှုတွင် မွေ့လျော်ကြသည်။

ဒေါ်ခင်မေသန်းရှိစဉ်ကလည်း ရဲဝံ့စွာ လာဘ်စားလေ့ရှိသည်။ နိုင်ငံခြားသို့ သိန်းသန်းတန်သော ကျောက်များခိုးထုတ်သည်သာမက အပြန်တွင် ကျပ်တရာနှစ်ရာတန် ကက်စက်များ၊ ရေဒီယိုများကိုပင် ဝယ်ယူသယ်ဆောင်ကာ မြန်မာမှောင်ခိုဈေးတွင်တင်၍ ရောင်းချသည်။

ဒေါ်ခင်မေသန်း ပထမဦးစွာ မျက်မျက်ကလေး စားလိုက်ရသော လုပ်ငန်းမှာ ပုလိပ်မြို့တွင် တည်ဆောက်သော ချည်စက်ကြီးဖြစ်သည်။ စက်ရောင်းသူ ဂျာမနီကုမ္ပဏီက ကော်မရှင် ၂၅ ရာခိုင်နှုန်း ပေးရသည်ဟု သတင်းတရပ်က ဆိုသည်။

နိုင်ငံခြားမှ ဝယ်ယူသော စက်ကိရိယာများ၊ ကုန်စည်များမှ ကော်မရှင်ပွဲခရရှိသည့် လုပ်ငန်းကို ဗိုလ်နေဝင်းကိုယ်တိုင် အရသာ တွေ့သွားသည်။ မဆလခေတ်တွင် နိုင်ငံခြားမှ ဝယ်ယူတည်ဆောက်သမျှ စက်ရုံအလုပ်ရုံ ပစ္စည်းများအပေါ်မှ ကော်မရှင်ကို ကိုယ်တိုင်ယူသည်။ မည်သည့်ဝန်ကြီး မည်သည့်စစ်ဗိုလ်မှ နိုင်ငံခြားမှ စက်ရုံနှင့်ကုန်ကြမ်းဝယ်ခွင့်မပြု။ တချို့တွင် စက်မှုလက်မှုဌာနက ပျဉ်းမနားဘက်တွင် စက္ကူစက်တည်ရန် စီမံကိန်းကို သဘောတူသဖြင့် ပြည်တွင်းသုံးငွေ သိန်းနှင့်ချီကာ အသုံးပြုပြီးမှ ဂျပန်ကုမ္ပဏီက ကော်မရှင်ပေးနည်းသဖြင့် စီမံကိန်းကို ဖျက်လိုက်သည်။

စစ်အတွင်းက စစ်တပ်၏သူလျှိုများအဖြစ် မြန်မာပြည်တွင် အမှုထမ်းခဲ့သူ ဂျပန်စစ်ဗိုလ်ဟောင်းများသည် သူတို့၏ သတင်းပေးဖြစ်သူ ဗိုလ်နေဝင်းနှင့် ဆက်သွယ်ကြသည်။ သူတို့က ဂျပန်တွင် နေရာကောင်း



များကို ရရှိနေကြသဖြင့် ဗိုလ်နေဝင်းအတွက် အောင်သွယ်ပေးကြသည်။ ဂျပန်အစိုးရက မြန်မာနိုင်ငံသို့ အကူပိုမိုပေးရေးကို ကုလားဖန်ထိုးပေးကြသည်။ ဂျပန်အစိုးရက စီးပွားရေးအကူ ငွေ ၁၀၀ ဖိုးပေးပါလျှင် သူတို့က ၂၅ ကျပ်ဖြတ်သည်။ ဗိုလ်နေဝင်းက ၂၅ ယူပြီး အခြားဝေစုများပါ ပေးရလေ့ရှိသဖြင့် မြန်မာနိုင်ငံမှာ ကျပ် ၃၀ တန်ပစ္စည်းအတွက် ကျပ် ၁၀၀ ကြွေးတင်ကြရသည်။ ဂျပန်အခွန်ထမ်းတို့၏ အခွန်တော်များမှ ကျပ် ၁၀၀ ထွက်ရသည်။ ဤသို့သောနည်းနှင့် ဂျပန်အစိုးရ၏ အကူအညီကို ရရှိသဖြင့် အကူများများရလေ နိုင်ငံမှာတိုးတက်မှုမရှိဘဲ ကြွေးများများတင်လေ ဖြစ်ခဲ့ရသည်။

၁၉၈၆ ခုနှစ်တွင် ဂျပန်အစိုးရက နိုင်ငံခြားသို့ ကူညီသမျှငွေ၏ ၆.၃ ရာခိုင်နှုန်းကို မြန်မာနိုင်ငံသို့ ကူညီလေရာ အမေရိကန်ဒေါ်လာ ၂၄၄ သန်းဖိုး ကူခဲ့ပါလျက် ၁၉၈၇ ခု ဒီဇင်ဘာလထဲတွင် မြန်မာနိုင်ငံသည် ကမ္ဘာ၏ အမွဲဆုံးနိုင်ငံများစာရင်းသို့ ဆင်းသက်ရသည်မှာ မဆန်းပါပေ။

ဗိုလ်နေဝင်းသည် ရွှေတိဂုံစေတီတော်ကြီးထီးတော်မှ ကျောက်သံပတ္တမြားကို ခိုးခဲ့သည်ဟု အမေရိကန်တက္ကသိုလ်တခုမှ စာအုပ်တအုပ်တွင် ရေးခဲ့သည်။ ပုဂံမြို့မှ နှင်ထုတ်ခြင်းခံရသူ ပုဂံသားတို့ကမူ ပုဂံဘုရားများမှ ဌာပနာရတနာများကို ဗိုလ်နေဝင်းတို့က လွတ်လပ်စွာ ခိုးလိုသဖြင့် ဖယ်ရှားခံရသည်ဟု ပြောကြသည်။ ဗိုလ်နေဝင်းနှင့်သမီးတို့ ပုဂံသို့လာလျှင် စစ်သားများက အဝေးမှ စောင့်ကြရသည်။ စေတီဘုရားများပေါ်၌ သူတို့နှစ်ဦးသာ ရှိသဖြင့် ထင်သလို ခိုးနိုင်သည်ဟု ထောက်ပြကြသည်။

ဗိုလ်နေဝင်းဆင်းရချိန် မတိုင်မီကလေးတွင် ကျောက်လုပ်ငန်းကို ကြီးစွာ လုပ်ကိုင်သည်။ ဥရောပတွင် ကျောက်ဆိုင်များ ဖွင့်ထားသည်။ စိတ်အချရဆုံးသော လူယုံတော်စစ်ဗိုလ်ကြီးကို မသိမသာ ရာထူးမှ ထွက်စေကာ ဥရောပ ကျောက်ဆိုင်များကို ကွပ်ကဲရန် တာဝန်ပေးထားသည်။ ဆိုင်များတွင် တင်ရန်အတွက် ကျောက်များကို ဝယ်သည်ဟု မကြားရဘူးပေ။ ကျောက်ပြပွဲမှ မိုက်ကြေးခွဲပြီး လုယူရောင်းချသည်။

ကျောက်ပြပွဲများတွင် ပထမဦးစွာ ဦးနေဝင်းနှင့် ဒေါ်ခင်မေသန်း

www.burmeseclassic.com

www.burmeseclassic.com



တို့က လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညွှန်ကြားခဲ့ကြောင်း သတင်းထုတ်လွှင့်ရှိသည်။

ဦးနေဝင်းကရော ဒေါ်ခင်မေသန်းတို့ကပါ သူတို့အထူး မျက်စိကျသော ကျောက်များကို လှေ့လာဟန်ကြည့်ပြီး ထပ်မံ၍ ဆက်လက်ကြည့်လိုဟန်နှင့် အိမ်တော်သို့ ယူသွားလေ့ရှိသည်။ ထိုကျောက်များကို မည်သည့်အခါမှ ပြန်မပေးတော့ပေ။

တချိန်တွင် ပြင်သစ်ပြည် ပဲရစ်မြို့လေဆိပ်တွင် ဒေါ်ခင်မေသန်း၏ ကိုယ်ကို အကောက်အရာရှိများက ရှာဖွေရာမှ ကျောက်များမိသွားသဖြင့် ကျောက်မှောင်ခိုမှုနှင့် အရေးယူခံခဲ့ရသည်။ ထိုသတင်းကို ဖော်ပြသော နိုင်ငံခြားသတင်းစာဂျာနယ်များကို မြန်မာအစိုးရ ပြန်ကြားရေးဌာနက ပိတ်ထားရသည်။

ရွှေတိဂုံထီးတော်မှ စိန်ကျောက်များ၊ ပုဂံဘုရားများမှ ရတနာများကို ခိုးသည်မှာ ရှေးဟောင်းရတနာကို မက်မောသော ဝါသနာရှိသဖြင့် ခိုးယူသည် မဟုတ်။ ရှေးဟောင်းရတနာကို မက်မောသော နိုင်ငံခြားသူကြွယ်များထံသို့ ဈေးကောင်းနှင့် ရောင်းချရန် ခိုးသည်ဖြစ်၏။

[!] မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ရာဇဝင်တွင်ပါ ဤရွေ့ဤမျှ ခိုးဝှက်ဆိုးယုတ်သော အစိုးရအကြီးအကဲ မကြုံဘူးခဲ့ပေ။

■



(၁၉)

## တပါတီအာဏာရှင်စနစ်နှင့် မဟာမိတ်ရှာတော်ပုံ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပီပြင်စွာလုပ်ဆောင်ပါလျက် သန့်ရှင်းဖဆပလ အမည်ပြောင်း ပထစ၊ တည်မြဲ ဖဆပလ၊ ပမညတ စသောမြေပေါ်၌ တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီကြီးများက ပူးပေါင်းခြင်း မပြုသည်သာမက လူထုကပါ အားပေးမှုမပြုသည်ကို သတိပြုမိသောအခါ ဗိုလ်ချုပ်ကြီးနေဝင်းက တပါတီအာဏာရှင်စနစ်ကို ပြတ်သားစွာ တည်ထောင်လေသည်။

၁၉၆၄ ခု၊ မတ်လ ၂၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ပထစမှ သခင်တင်၊ သခင်ပန်းမြိုင်၊ သခင်တင်မောင်၊ တည်မြဲဖဆပလမှ ဦးထွန်းဝင်း၊ ဦးတင်ညွှန့်၊ ဦးမောင်မောင်၊ အလုပ်သမားညီညွတ်ရေးပါတီမှ သခင်ချစ်မောင်၊ သခင်လွင်နှင့် ဗိုလ်ညွှန့်မောင်တို့အား စစ်ရုံးတည်ရှိရာ ဒဂုံရိပ်သာသို့ ဖိတ်ခေါ်တွေ့ဆုံသည်။

စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်များအရ အစိုးရလုပ်ငန်းများအဖြစ် လည်ပတ်စပြုချိန်ဖြစ်သဖြင့် နိုင်ငံရေးပါတီများအား ညီညွတ်ရေးခေါ်ရန် ဖိတ်ကြားသည်ဟု ခေါင်းဆောင်များက ယူဆမိကြသည်။ ပထစနှင့်တည်မြဲဖဆပလ ခေါင်းဆောင်များကမူ

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကောင်စီက ထိန်းသိမ်းထားသည်ဟု ကြေညာထားသည့် ထောင်ကျခံနေရသူ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်တကွ လူမျိုးစုခေါင်းဆောင်များကို လွှတ်ပေးတော့မည်ဟု ယူဆခဲ့သည်။

သူတို့ခန့်မှန်းသကဲ့သို့ မဟုတ်ပဲ ပိုမိုတင်းကြပ်မည့် အနာဂတ်ကို သူတို့တွေ့ရသည်။ ဗိုလ်နေဝင်းက ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးဥပဒေကို တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမိန့်နှင့် အတည်ပြုထုတ်ပြန်လိုက်ပြီဟုပြောကာ ဥပဒေစာတမ်းနှင့် ကျိုးကြောင်းဖော်ပြချက်ကို ထုတ်ပေးလိုက်သည်။

တော်လှန်ရေးကောင်စီသည် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ဆောက်ကာ ဆိုရှယ်လစ်စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစနစ်များကို ထူထောင်ရန် ကြိုးပမ်းခဲ့ပါသည်။ ယင်းသို့ ကြိုးပမ်းရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ မျက်မှောက်အခြေအနေ အရပ်ရပ်က ဆိုရှယ်လစ်စနစ်မှအပ အခြားစနစ်ကို တည်ဆောက်ရန် မဖြစ်နိုင်ဟု ယုံကြည်ပါသည်။

"ဆိုရှယ်လစ်စနစ်သည်သာလျှင် တောင်သူလယ်သမား၊ အလုပ်သမား၊ တိုင်းပြည်အတွက် အလုပ်လုပ်သော အတတ်ပညာရှင် အသိပညာရှင်စသည်တို့ ပါဝင်သည့် လုပ်သားပြည်သူတရပ်လုံးအတွက် အကျိုး ဖြစ်ထွန်းစေနိုင်သည်ဟု သမိုင်းကလည်း သက်သေပြခဲ့သည်နှင့်အမျှ ယုံကြည်ပါသည်။ ယင်းသို့ဆိုရှယ်လစ်စနစ် တည်ဆောက်ရာတွင် လုပ်သားပြည်သူတရပ်လုံး စည်းလုံးညီညွတ်စွာ လုပ်ကိုင်မှသာ အချိန်တိုတိုနှင့် အကောင်းဆုံးသော အောင်မြင်မှုရရှိနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

"နောက်ကြောင်းနှင့် မျက်မှောက်အခြေအနေကို ကြည့်ပါက နိုင်ငံရေးပါတီ ဦးရေရှိသည်နှင့်အမျှ တောင်သူလယ်သမားများ၊ အလုပ်သမားများ၏အဖွဲ့အစည်းများ အစိတ်စိတ် အမြွှာမြွှာကွဲ၍ တောင်သူလယ်သမား၊ အလုပ်သမားတို့သည် အချင်းချင်း ညီညွတ်မှု မရကြဘဲ ပြည်ထောင်စုအကျိုးကို ထိရောက်စွာ မဆောင်ရွက်နိုင်ရုံသာမက ပဋိပက္ခကြောင့် ငွေရှင်ကြေးရှင် မြေရှင်များလက်သို့ ကျရောက်ခြင်း ခံခဲ့ရပါသည်။ ထို့ပြင် နိုင်ငံရေး



အဖွဲ့အစည်းများ မဟုတ်သော အခြားအဖွဲ့အစည်းများကလည်း ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကျိုးကိုလည်းကောင်း၊ စည်းလုံးညီညွတ်ရေးကိုလည်းကောင်း ထိပါးလာခြင်းတို့ကြောင့် ဤဥပဒေကို အချိန်မီပြဋ္ဌာန်းခဲ့ရခြင်းဖြစ်ပါသည်"ဟု ကျိုးကြောင်းဖော်ပြသော ဥပဒေကိုဖတ်ရှုနေကြစဉ် ထိုခေါင်းဆောင်များ၏ အသင်းအဖွဲ့ပါတီမှန်သမျှ ဖျက်ပေးရမည်ဆိုသည့် အမိန့်ကို ပြောပြသည်။

"နိုင်ငံတွင်းမှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်း အားလုံးကိုဖျက်သိမ်းလိုက်ပါပြီ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို တပါတီစနစ်နှင့် အကောင်အထည်ဖော်ပါမည်။ ယခုဖျက်သိမ်းလိုက်သော ပါတီအဖွဲ့အစည်းများက လမ်းစဉ်ပါတီနှင့် လက်တွဲစေလိုပါသည်"ဟု ချိုသာစွာ ဖိတ်ခေါ်ပြန်ပြီး "အဲ... အဲ... အနှောင့်အယှက် မပေးကြဖို့ မေတ္တာရပ်ခံပါတယ်"ဟုလည်း ရာဇသံပေးလိုက်သည်။

နိုင်ငံရေးအဖွဲ့အစည်းများ ပိုင်ဆိုင်သော ပစ္စည်းများ၊ ရန်ပုံငွေများနှင့် စာရွက်စာတမ်းများကို ၇ ရက်အတွင်း ဧပြီလ ၅ ရက်နေ့ နောက်ဆုံးထား၍ ဒေသ၏အနီးဆုံးမှ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများသို့ ပေးအပ်ကြရမည်ဟုလည်း စစ်ဗိုလ်ကြီးများက ရှင်းပြကြသည်။ (မှတ်ချက်– နဝတအစိုးရက မဆလပါတီဖျက်သိမ်းစေသောအခါတွင် ရန်ပုံငွေသိန်းပေါင်းများစွာနှင့် မော်တော်ယာဉ်များ၊ ရုံးသုံးပစ္စည်းများကို တစညပါတီဟု နာမည်ပြောင်း၍ ဖွဲ့စည်းသည့် နိုင်ငံရေးပါတီမှ စစ်ဗိုလ်လူထွက်များကို လွှဲပြောင်းပေး၏)

နိုင်ငံတွင် မဆလပါတီ တခုတည်းရှိသောအခါတွင် လူထုလူတန်းစားအဖွဲ့များကို ဆက်လက်ဖွဲ့စည်းရေး လုပ်ငန်းများကို ပိုမိုအားစိုက်သည်။ ၁၉၆၂ ခု၊ ဒီဇင်ဘာလက စစ်ကိုင်းခရိုင်အုန်းတောရွာ၌ ပထမနှီးနှောဖလှယ်ပွဲ ကျင်းပသည်။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဟင်္သာတခရိုင် ဒူးယားရွာ၊ ၁၉၆၄ ခု၊ မတ်လတွင် မြင်းခြံခရိုင် ပုပ္ပါးတောင်ခြေ၊ ၁၉၆၄ ခု၊ မတ်လတွင် ကောင်ဂူခရိုင် ခပေါင်းရွာတို့တွင် တောင်သူ လယ်သမား နှီးနှောဖလှယ်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပသည်။ နောက်ပိုင်းတွင် တောင်သူလယ်သမားကောင်စီ ဖွဲ့စည်းပြီးသောအခါ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် မတ်လ ၂ ရက်နေ့တိုင်း တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်၍ လယ်သမား နှီးနှောပွဲများကို ကျင်းပသည်။

နှီးနှောပွဲကြီးများမှ တဆင့်တက်ပြီး ပြည်သူ့လယ်သမားကောင်စီများကို ၁၉၆၇ ခု၊ မတ်လ ၂ ရက်နေ့မှ စတင်ဖွဲ့စည်းသည်။ တောင်သူလယ်သမားများက လယ်သမား ၁၂၀၀ ပါဝင်သော အဖွဲ့ခွဲတွင် အဖွဲ့ဝင်ဆန္ဒမဲနှင့် ရွေးကောက်တင်မြှောက်ရသည့် အမှုဆောင်နေရာ ၂၂ နေရာ ရရှိစေကာမူ အစိုးရသို့မဟုတ် ပါတီကစေလွှတ်ခဲ့သူ ၁၁ ဦးတို့က ပူးပေါင်း ဆောင်ရွက်မည်ဟု စည်းကမ်းသတ်မှတ်ထားသဖြင့် အမှုဆောင်သုံးဦးကို စစ်ဗိုလ် သို့မဟုတ် တပ်ကြပ်ကြီး သို့မဟုတ် ကွန်မြူနစ်ပျက်တဦးက အမြဲထိန်းသိမ်းထားလေသည်။ ထွက်သမျှ လယ်ယာထွက်ကုန်ပစ္စည်းများကို ဒီမိုကရေစီခေတ်ကလို လွတ်လပ်စွာ ရောင်းချခွင့်မရှိပဲ အစိုးရသို့သာ ရောင်းချရန် စစ်တပ်က ထိန်းကျောင်းပေးသည့် အဖွဲ့သာဖြစ်နေသည်။

ဗဟိုပြည်သူ့ တောင်သူလယ်သမားကောင်စီတွင် ဥက္ကဋ္ဌဗိုလ်မှူးကြီးသျှောင်းကြည်၊ အတွင်းရေးမှူး ဒုဗိုလ်မှူးကြီးကျော်ဇောနှင့် အမှုဆောင် ၃၁ ဦးတို့မှာ စစ်ဗိုလ်များ၊ စစ်ဗိုလ်လူထွက်များနှင့် လက်နက်ချကွန်မြူနစ်ပျက်များသာ ဖြစ်ကြပြီး လယ်သမားတဦးမှ မပါပေ။

အလားတူပင် ကျိုက္ကဆံကွင်း အလုပ်သမားနှီးနှောပွဲ၌ ပြည်သူ့အလုပ်သမားကောင်စီကို ၁၉၆၈ ခုမေလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့၏။ အဖွဲ့ဝင် ၃၅ ဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ခန့်ထားဖွဲ့စည်းခဲ့သည်။ အလုပ်သမားများ ပါဝင်ခြင်းမရှိပဲ ဥက္ကဋ္ဌဗိုလ်မှူးကြီးမောင်ရွှေ၊ အတွင်းရေးမှူး ဗိုလ်မှူးကိုကြီးနှင့် စစ်ဗိုလ်များ၊ စစ်ဗိုလ်လူထွက်များနှင့် ကွန်မြူနစ်ပျက်များသာ ပါဝင်လေသည်။

ဆက်လက်၍ လမ်းစဉ်လူငယ်အဖွဲ့၊ စာပေလုပ်သား၊ ဂီတကောင်စီ၊ သဘင်ကောင်စီ၊ ရုပ်ရှင်ကောင်စီ၊ ပန်းချီပန်းပုကောင်စီတို့ကိုလည်း ဖွဲ့စည်းခဲ့သည်။



နိုင်ငံရေးအခြေအနေနှင့် အင်အားကို စာရွက်ပေါ်တွင် ကြည့်ပါက ဗိုလ်နေဝင်းအဖို့ တော်လှန်ရေးကောင်စီနှင့် မဆလပါတီကြီးရော၊ လူထုလူတန်းစားအဖွဲ့များပါ စည်းရုံးဖွဲ့စည်း တည်ထောင်ထားနိုင်သဖြင့် အင်အားကြီးမားသည်။ သို့သော် လက်တွေ့ အမှန်အားဖြင့် ဗိုလ်နေဝင်း၏ ခေါင်းဆောင်မှုကို လူထုကထောက်ခံ အားပေးမှုမပြု။ နိုင်ငံရေးအဖွဲ့ကြီးများကလည်း တပါတီအမိန့် ဥပဒေအရ သူတို့၏အဖွဲ့များကို ဖျက်သိမ်းပေးစေကာမူ မဆလပါတီအတွင်းသို့ မဝင်ကြဘဲ ငုတ်တုတ်ထိုင်နေကြသည်။

ဗိုလ်နေဝင်း၏ ခေါင်းဆောင်မှုအောက်တွင် စစ်ဗိုလ်များနှင့် ကွန်မြူနစ်ပျက်များသာ ရှိသည်။ အားလုံးတို့သည် လခစားနိုင်ငံရေးသမားများသာဖြစ်သည်။

ဗိုလ်နေဝင်းသည် ဖြစ်ရပ်များကို စဉ်းစားရင်း ဆုံးဖြတ်ချက်တခုကို ချလိုက်သည်။ သူသည် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ပီပြင်အောင် လုပ်ဆောင်နေပြီဖြစ်သောကြောင့် တောတွင်းမှ လက်နက်နှင့် ပုန်ကန်ခြားနားနေကြသော အလံနီ၊ အလံဖြူ၊ ရဲဘော်ဖြူ စသော သူပုန်သူကန်များကို လက်ကမ်းလျှင် သူနှင့်မဟာမိတ်ပြုကြပေမည်ဟု ယုံကြည်မိသဖြင့် သူတို့အား ဖိတ်ခေါ်ရန် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ၁၉၆၃ ခု၊ ဧပြီလ ၁ ရက်နေ့က ထုတ်ပြန်လိုက်သည်။

“ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဖက်ဖက်မှ ယိုယွင်းနေသော အခြေအနေ အရပ်ရပ်ကို တော်လှန်ရေးကောင်စီက ထိန်းသိမ်းပေးခဲ့ပြီးနောက် ဆိုရှယ်လစ်လမ်းစဉ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်နေချိန်တွင် ပြည်ထောင်စုကြီးတခုလုံး၏ စည်းလုံးညီညွတ်မှု ရရှိရေးမှာ မလွဲမသွေလိုအပ်လှသော အချက်ကြီးတရပ်ဖြစ်ပါသည်”ဟု ပဏာမပျိုးကာ အမိန့်ကို ကြေညာခဲ့၏။

အမိန့်အရ နိုင်ငံတခုလုံးတွင်ရှိသော အကျဉ်းထောင်များမှ ရာဇဝတ်မှုနှင့် အပြစ်ပေးထားသည့် အကျဉ်းသား အားလုံး လွတ်မြောက်ကြသည်။ လူသတ်မှုနှင့် မုဒိမ်းမှု ကျူးလွန်ခဲ့သူများ မပါစေကာမူ ကြိုးဒဏ်စီရင်ထားသူများကို ထောင်ဒဏ် ၁၀ နှစ်သို့ လျှော့ပေါ့အပြစ်ပေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသော အကျဉ်းသားများ စုစုပေါင်း ၁၂၀၀၀ လွတ်ငြိမ်းခွင့်ကို ခံစားရကာ ထောင်မှ လွတ်ကြသည်။

လက်နက်ကိုင်၍ အစိုးရအား ပုန်ကန်တိုက်ခိုက်မှုအတွက် ဖမ်းဆီးထားသူများ၊ သူပုန်မှုနှင့် ပြစ်ဒဏ်စီရင်ပြီးသူများကိုလည်း လွှတ်ပေးသည်။ သို့သော်အာဏာသိမ်းစဉ်က ထိန်းသိမ်းထားသော ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရဝန်ကြီးများ၊ ပထစနှင့်လူမျိုးစု ခေါင်းဆောင်များကိုမူ "ထိန်းသိမ်းထားသူများသာဖြစ်သည်"ဟုဆိုကာ လွှတ်မပေးဘဲ ဆက်လက်ဖမ်းဆီးထားခဲ့သည်။

ဗိုလ်နေဝင်းသည် သူထုတ်ပြန်သော လွှတ်ငြိမ်းခွင့်ကို များစွာစိတ်ဖြစ်ခဲ့သည်။ ရန်ကုန်ထောင်ကြီးမှ အကျဉ်းသားအားလုံး လွှတ်ကြလေရာ သူကိုယ်တိုင် ထောင်တွင်းဝင်၍ ထောင်လွှတ်ပွဲကို ကျင်းပသည်။ အကျဉ်းသားတို့အား ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရေးတွင် တတပ်တအားပါဝင်ကြပါဟု မိန့်ခွန်းပေးကာ လွှတ်ပေးသည်။

ထောင်တွင်း၌ မိန့်ခွန်းပေးနေသည့် အခိုက်အတန့်ကလေး၌ပင် ဗိုလ်နေဝင်းသည် စိတ်ကူးယဉ်အိပ်မက်ကြီးတခု မြင်မက်မိရှာသည်။ သူတည်ဆောက်နေသော ဆိုရှယ်လစ် လောကနိဗ္ဗာန်ကြီးတွင် လူတိုင်း လူတိုင်း တော်တ်နိုင်သမျှ အလုပ်လုပ်ကြကာ လိုသမျှခွဲဝေရယူသုံးစွဲနေကြတော့မည်။ "ဘုံ"ခေတ်သစ်သို့ ရောက်တော့မည် မုချဟုယုံကြည်မိရှာသည်။ ထိုခေတ်ကြီးတွင် လူတိုင်း သူတော်ကောင်းများ ဖြစ်နေကြတော့မည်ဖြစ်သဖြင့် ထောင်ဟူသည်မှာ အရုပ်ရေး၍ ကြည့်ရမည့်အရာ ဖြစ်နေလေတော့မည်ဟု သူက တွေးမိရှာသည်။ ထို့ကြောင့် "ထောင်မှူး၊ ထောင်ကြပ်၊ ထောင်ဝန်ထမ်းများကို ကျွန်တော်ပြောပြပါရစေ။ အကျဉ်းသားများ မရှိတော့တာကြောင့် အလုပ်ပြုတ်ကြလေမလားလို့ တွေးတောပြီး ပူပန်မှု မရှိကြပါနှင့်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုတာ အလုပ်ပေါပါတယ်။ ခင်ဗျားတို့ကို တခြားလိုအပ်တဲ့နေရာတွေမှာ အလုပ်အကိုင် ပေးပါ့မယ်"ဟု မိန့်ခွန်းပေးလေသည်။

လွှတ်ပွဲပြီးလျှင်ပြီးခြင်း နယ်ချဲ့အင်္ဂလိပ်တို့ ဆောက်လုပ်ခဲ့သော ရန်ကုန်ထောင်ကြီးမှာ အပိုဖြစ်နေသောကြောင့် ချက်ခြင်းဖျက်ရမည်ဟု



အမိန့်ထုတ်ခဲ့သေးသဖြင့် နောက်တနေ့မှစတင်၍ ထောင်ကြီးကို ဖျက်ကြရသည်။ ထိုထောင်နေရာကွက်လပ်ကြီးကို ထောင်ခြံကွက်သစ် လေဟာပြင်ဈေးအဖြစ် ရက်အနည်းငယ်အတွင်း ပြောင်းလဲခဲ့သည်။

ဗိုလ်နေဝင်း၏ စိတ်ကူးယဉ်အိပ်မက်မှာ လွန်စွာတိုတောင်းသည်။ ပြီလတွင် ရန်ကုန်ထောင်ကြီး ဖျက်ပြီးနောက် ၇ လကြာသောအခါတွင် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားသည်ဆိုကာ ထောင်ပေါင်းများစွာသော နိုင်ငံရေးခေါင်းဆောင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများကို ဖမ်းရသဖြင့် လူ ၆၀၀၀ ဆန့်သော အင်းစိန်ထောင်တွင် လူနှစ်သောင်းခန့် ချုပ်နှောင်ရသည်အထိ ထောင်လျှံသွားခဲ့၏။

လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၏နောက်ဆက်တွဲအဖြစ် "တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းကို လိုက်လှဲစွာ လိုလားတောင့်တလျက်ရှိသည့်အလျောက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်း လက်ကမ်းလိုက်ပါသည်"ဟု စာပိုဒ် ၆ ပိုဒ်ပါသည့် ကြေညာချက်ကို ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့စွဲနှင့် ထုတ်ပြန်လိုက်သည်။

"တော်လှန်ရေးကောင်စီ၏ လက်ကမ်းချက်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်း ပါရှိသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီက အကြိမ်ကြိမ် တင်ပြခဲ့ပြီး (လမ်းစဉ်)ဖြစ်သည်"ဟု သခင်သန်းထွန်းက ရေးသားကာ ပါတီ၏ ကိုယ်စားလှယ်အဖွဲ့တခု စေလွှတ်သည်။

သခင်စိုးကြီးကမူ ကွန်မြူနစ်ပါတီ (ဗမာပြည်)၏ ငြိမ်းချမ်းရေးအဖွဲ့ကို သူကိုယ်တိုင်ခေါင်းဆောင်ပြီး ရန်ကုန်သို့ ချီတက်လာခဲ့၏။

(၁) ကွန်မြူနစ်ပါတီဗမာပြည် (အလံနီ) (၂) ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ) (၃) ရှမ်းအမျိုးသားတပ်ပေါင်းစု (၄) ကချင်လွတ်လပ်ရေးကောင်စီ (၅) ရခိုင်ပြည်ကွန်မြူနစ်ပါတီ (၆) ကရင်သုံးပါးပါတီကိုယ်စားလှယ်အဖွဲ့ (မန်းဘဇံခေါင်းဆောင်) (၇) အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (မဒညတ)နှင့် (၈) ကရင်တော်လှန်ရေးကောင်စီ (မုဆိုးကောက ဆော်မဲတ

www.burmeseclassic.com

www.burmeseclassic.com



ဟန်တာသာမွေးခေါင်းဆောင်)တို့ ရန်ကုန်သို့ လာရောက်၍ ဆွေးနွေးကြသည်။

"အလံနီပါတီက ခံယူထားတဲ့ လီနင်သွန်သင်ချက်တရားလေးရပ်မှာ (၁) လူထုတွေမပါဘဲ ခေတ်သစ်အဖွဲ့အစည်းတခု ပြုပြင်ပြောင်းလဲ၍မရ။ (၂) လူထုတွေရဲ့ ရွေးကောက်ပွဲမပါဘဲ ဘာမှမလုပ်နိုင် (၃) လူထုတွေရဲ့ အခြေခံအကျိုးစီးပွားရေးကို ဆောင်ရွက်ပေးမယ့် လူထုဆန္ဒနဲ့ ကိုက်ညီတဲ့ ပါတီတပ်ပေါင်းစုကြီး ဖွဲ့စည်းခွင့်ရှိရမယ် (၄) အဲဒီလိုရွေးချယ်ခွင့်နဲ့ တည်ထောင်ခွင့်ကို မပေးလျှင် လူထုဆန္ဒနဲ့ ကင်းလွတ်သွားမယ်"ဟု အခြေခံပြီး ဒီမိုကရေစီရွေးကောက်ပွဲနှင့် လွတ်လပ်စွာ စည်းရုံးခွင့်ကို ငြိမ်းချမ်းရေးလမ်းစဉ်အဖြစ် တောင်းဆိုသည်။ ဒီမိုကရေစီဟူသော ဝေါဟာရကိုတချွေတို့က ဣတိပိသော ကြောက်သကဲ့သို့ ကြောက်လန့်သော ဦးနေဝင်းမှာ နားခါးသွားသည်။

၃ ရက်မျှသာ ဆွေးနွေးပြီး ဆက်လက်ဆွေးနွေးခြင်း မပြုနိုင်ဟုဆိုပြီး အစိုးရက ရပ်ဆိုင်းလိုက်သည်။ အလံနီတို့သည် ငြိမ်းချမ်းရန် ရိုးသားမှုမရှိဟု ကြေညာသည်။ အလံနီတို့က အစိုးရနှင့်ဆက်လက်ညှိလိုပါသေးသည် ရန်ကုန်တွင် ဆက်လက်စခန်းချပြီး အားထုတ်လိုပါသည်ဟု တောင်းဆိုသည်ကို လက်မခံပဲ ချက်ခြင်းနှင်ထုတ်၏။

ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်ကလည်း ဒီမိုကရေစီ အခွင့်အရေးများ ပြည်သူတို့အား ပေးအပ်ပါဟု တောင်းဆိုပြန်သည်ကို မဆလ အစိုးရက လောလောဆယ်အားဖြင့် ဒီမိုကရေစီ အခွင့်အရေးများ ပေးထား ပြီးဖြစ်သဖြင့် နောက်ထပ်ပေးရန်မလိုဟု အစိုးရဘက်မှ ငြင်းရသည်။ "ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ရတာဟာ စစ်အစိုးရက အကြွင်ကိုင်ပြီးတော့ အတင်းအဓမ္မ အညှံ့ခံခိုင်းလို့ဖြစ်တယ်"ဟု သခင်သန်းထွန်းက ကြေညာ၏။

အလားတူပင် အခြားတောတွင်း အဖွဲ့များနှင့် ဗိုလ်ချုပ်ကြီးနေဝင်းပါဝင်သော အစိုးရကိုယ်စားလှယ်များတို့ ဆွေးနွေးကြသည့် အစည်းအဝေးများမှာလည်း ဒီမိုကရေစီသာ တောင်းကြသောကြောင့် အောင်မြင်မှုမရ



သဖြင့် တောမှလာရောက်သူများသည် မိမိတို့ခိုလှုံရာ တောရပ်ဒေသသို့ ပြန်ကြရသည်။

အဖွဲ့ ၈ ဖွဲ့ လာရောက်ဆွေးနွေးရာတွင် စောဟန်သာ တာမွေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီက ကရင်ပြည်နယ်ကို ကရင်ဘာသာနှင့် "ကော်သူလေး"ဟု ပြောင်းလဲခေါ်ဝေါ်ရေးကို အဓိကတောင်းဆိုသောကြောင့် အစိုးရဖက်မှ လိုက်လျောသဖြင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့၏။ (ကရင်ပြည်နယ်ကို ကော်သူလေးပြည်နယ်ဟု ခေါ်ဝေါ်ရန် အစိုးရက ၁၉၆၄ ခုဧပြီလ ၃ ရက်နေ့တွင် ကြေညာလိုက်လျော၏။)

ငြိမ်းချမ်းရေး ဆွေးနွေးရန် လာရောက်သောအဖွဲ့များ ပြန်သွားသည်နှင့် ရှုပေါ်ကြီးများစွာကို စစ်စုံထောက်များက အစောကြီး ဖမ်းဆီးသည်။ တောမှ တက်လာသည့် သူပုန် ကိုယ်စားလှယ်များသည် မြို့သို့ရောက်ခိုက် ဆွေမျိုးညာတိများ၏ အိမ်များသို့ ဝင်ထွက်နှုတ်ဆက်ကြသည်၊ စစ်စုံထောက်များရှေ့တွင် ဆက်ဆံကြကာ နိုင်ငံရေးစကားမပြောဘဲ လူမှုရေးနှင့် ဆွေမျိုးကိစ္စကိုသာ ပြောကြသော်လည်း ဖမ်းသည်။ သူပုန်နှင့် ရင်းနှီးသူ မှန်သမျှကို ဖမ်းသည်၊ သခင်စိုးက သူနှင့် ကွာရှင်းပြီး အိမ်ထောင်သစ်ထူသူ ဇနီးဟောင်း၏အိမ်သို့ သွားရောက်နှုတ်ဆက်သည်။ သခင်စိုး၏ ဇနီးဟောင်းကို လက်ထပ်မိသူလည်း အဖမ်းခံရသည်။ သူပုန်၏ အစ်ကို၊ သူပုန်၏ညီ၊ သူပုန်၏မိတ်ဆွေများကိုလည်း ဖမ်းသည်။ စာရေးဆရာ မြသန်းတင့်၊ ဒေါင်းနွယ်ဆွေ၊ စိန်ခင်မောင်ရီတို့စသော စာရေးဆရာများကိုလည်း ထိန်းသိမ်းသည်။

ဆွေးနွေးပွဲ သတင်းယူရင်း တောသူပုန်တို့နှင့် စကားပြောမိသော သတင်းထောက်များ အယ်ဒီတာများကိုလည်း ဖမ်းသည်။ သူပုန်တို့ကို ဟိုတယ်ထမင်းပွဲနှင့် ဧည့်ခံမိသည့် အယ်ဒီတာအထောက်တော်လှအောင်လည်း ထောင်သို့ သွားရသည်။ နေရှင်းသတင်းစာ အယ်ဒီတာ ဦးလောရုံ၏ ရေးသားမှုတို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ရသည်ဟု ငြိမ်းချမ်းရေးပျက်ရသည့် တရားခံအဖြစ် ယိုးစွတ်ကာဖမ်းသဖြင့် "ဦးလောရုံ၏ ရေးသားမှုကြောင့် ဆွေးနွေးပွဲပျက်ရသည်ဟုဆိုလျှင် ယင်းရေးသားချက်ကို ယက်သေ

www.burmeseclassic.com

www.burmeseclassic.com



ပြလျက် တရားရုံးသို့တင်ကာ စစ်ဆေးပြီး အပြစ်ပေးပါ”ဟု သတင်းစာဆရာအသင်းက ပန်ကြားသည်ကို အကြောင်းပြန်ကြားမှုမပြု။

ဆွေးနွေးပွဲနှင့် သက်ဆိုင်ခြင်းမရှိသော တည်မြဲဖဆပလ ခေါင်းဆောင် ဦးကျော်ငြိမ်း၊ ဦးဗဆွေနှင့် အဖွဲ့ကိုလည်း ဖမ်းသည်။ ပထစမှ ဦးဝင်း၊ ဗိုလ်မင်းခေါင်၊ ဦးချမ်းသာ၊ ရွှေနေချုပ်ကြီးဦးချန်ထွန်း စသော မားမားမတ်မတ် ရှိသူများကိုလည်း ဖမ်းဆီးသည်။

မကြာမီကမှ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ထားစဖြစ်သဖြင့် နောက်ထပ်ဖမ်းသူများကို တရားရုံးသို့မတင်ပဲ ပုဒ်မ ၅ နှင့် ထိန်းသိမ်းသည်ဟု အစိုးရက ကြေညာသည်။ တရားရုံးသို့တင်၍ အမှုစစ်ဆေးခြင်း မပြုစေကာမူ အဖမ်းခံရသူတို့မှာ ၅ နှစ်မှ ၈ နှစ်အထိ ခံကြရသည်။

အဖမ်းခံထိသူများတွင် အစိုးရအမှုထမ်းများလည်း ပါဝင်ရာ ထိုမှုထမ်း ရာထမ်းတို့ကို အစိုးရဝန်ထမ်းအဖြစ်မှ ရာသက်ပန်ထုတ်ပယ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၈ ရက်နေ့က ကြေညာသည်။

ဗိုလ်နေဝင်းသည် ဆင်းရဲသားများ အကျိုးရှိစေရန် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အားထုတ်လုပ်ဆောင်နေပါလျက် လူထုကလက်မခံ။ မြို့ပေါ်နိုင်ငံရေးအဖွဲ့များက ကျောခိုင်းသဖြင့် တောတွင်းမှ သူပုန်များကို ဖိတ်ခေါ်သောအခါတွင် ဒီမိုကရေစီစနစ်ကိုသာ တောင်းဆိုနေကြသောကြောင့် ဒေါသူပုန်ထကာ မဲမဲမြင်သမျှ ဖမ်း၍ထောင်သွင်း ညှဉ်းဆဲပွဲကြီးသည်၊ ခံရသူတို့အဖို့ နှစ်နာလှတော့၏။

■



(၂၀)

## ဗိုလ်နေဝင်း၏ နိုင်ငံရေး ကလိန်ခြုံထတ်ပွဲကြီး

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဦးချစ်လှိုင်၊ ဦးဘဘော၊ ဒေါက်တာဗမော်၊ ဦးစောစသည်ဖြင့် နိုင်ငံရေးခေါင်းဆောင်အများရှိသည့်တွင် ဦးနေဝင်းကဲ့သို့ နိုင်ငံရေး ကလိန်ကျနိုင်သူ မရှိပေ။ သူသည် နိုင်ငံရေး ကလိန်ခြုံကြီးဖြစ်သည်ကို သူ့အာဏာရချိန်တွင် အာဏာကို ကာလရှည်ကြာစွာ ဆွဲကိုင်ထားနိုင်ခြင်းဖြင့် သက်သေပြနေသည်။

“သူက မြင်းသမား၊ နိုင်ငံရေးကို မြင်းလောင်းသလို ပိုင်အောင်လုပ်ပြီး တကယ်စိတ်ချလက်ချ နိုင်ခြေရှိမှသာ လောင်းတာမို့ အမြဲအနိုင်ရတာ”ဟု သတင်းစာဆရာတဦးက ပြောသည်။ မှန်၏။ တက္ကသိုလ်ကျောင်းသားဘဝက စတင်ပြီး မြင်းပွဲတွင် ကျက်စားခဲ့သည်၊ လောင်းကစားဝါသနာထုံသောကြောင့် စာမေးပွဲကျရသဖြင့် ဆရာဝန်မဖြစ်ပဲ စစ်ဗိုလ်ဖြစ်လာသည်။

သူ၏ဝသီနှင့် ကိုက်ညီစွာ “ဘဖုကာ”ဟု အမြောက်လက်နက်အမည်ကို ပေးထားသည့် သူပိုင်မြင်းသည် ရန်ကုန်မြင်းပွဲတွင် မကြာခဏအနိုင်ရသော မြင်းဖြစ်သည်။ သို့သော် ထိုမြင်းကို ရန်ကုန်သားတို့က စိတ်ချလက်ချ မထိုးဝံ့ကြဘဲ ရှောင်ကွင်းလေ့ရှိကြသည်။ သူက ညစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာကား ဖေးဘရိပ်ဖြစ်နေပြီး လောင်းသူများနေလျှင် အနိုင်မစီးဘဲ ချိုထားကာ တခြားပြိုင်ဘက်မြင်းကို သူက ပံ့အော၍ အနိုင်ယူလေ့ရှိသည်။ ဘဏ္ဍာကိုအထင်သေးကာ လောင်းသူနည်းချိန်တွင်မှ လျော်ငွေများများ ရနိုင်ချိန်တွင် သူက များစွာပုံလောင်း၍ အနိုင်စီးသည်။ အနိုင်ယူသည်။ ဘဏ္ဍာသည် သူ့ တဦးတည်းကိုသာ အကျိုးပြုစေသည်။

စစ်တုရင်ကစားသောအခါ သူ၏အကွက်တို့သည် ပိုင်နိုင်သည်။ သူ၏ အဓိက အားထုတ်ချက်မှာ ဘုရင်ကို လုံခြုံအောင် ထိန်းသိမ်းမှု ဖြစ်သည်။ ပွဲစတင်ရွှေ့သည်နှင့် နယ်များ၊ စစ်ကဲများကို တဖက်ရန်သူသို့ ရက်ရောစွာ ကျွေးပြီး ဘုရင်ကိုရန်မရှာနိုင်အောင် လုံခြုံသော အကာအကွယ် နှင့်ထားသည်။ ဘုရင်၏ လုံခြုံရေးကို စိတ်ချရမှသာ တဖက်ကိုပြန်၍ တိုက်စစ်ဆင်သည်၊ ရွှေ့နောက်ဝဲယာခုံပေါက် ကျော်သွားနိုင်သော မြင်းကွက် ကို သူက ပိုင်၏။ မြင်းကိုသူက အားကိုးပြု၍ အစားမခံရအောင် ဂရုစိုက် လေ့ရှိသည်။ မြင်းကွက်နှင့်ပင် တဖက်ရန်သူ၏ ဘုရင်ကို သတ်ဖြတ်၍ အနိုင်ယူလေ့ရှိသည်။

မြင်းပွဲသွားတိုင်း ဗိုလ်နေဝင်းသည် နောက်ဆုံးတန်းတွင် ထိုင်လေ့ ရှိသည်။ ရှေ့တန်းများကို ရှောင်သည်၊ သူ၏နောက်တွင် အုတ်နံရံသာ ရှိစေသည်။ စိတ်ချရသည့် အုတ်နံရံကိုသာ ကျောခိုင်းသည်၊ စစ်တုရင်ကစား ရာ၌ ဘုရင့်လုံခြုံရေးကို အဓိကထားသကဲ့သို့ သူ၏လုံခြုံရေးကို အရေး ထားသည်။

ဗိုလ်နေဝင်းသည် သူပိုင်သည့် စစ်တုရင်ကွက်နှင့် မြင်းသမားနည်းကို အသုံးပြု၍ နိုင်ငံရေး၌ အနိုင်ရရှိစေရန် ကစားလေ့ရှိသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်များနှင့် မြန်မာလူထုက သူ့ အပေါ်တွင် "အကောင်းမြင်" ထင်မြင်ချက်ကို ရရှိစေရန် ဖန်တီးနိုင်ခဲ့သည်။ ထို့အတူ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များကိုလည်း အကောင်းမြင်စေရန် ဖန်တီးမှုများ အောင်မြင်ခဲ့၏။

ဗိုလ်နေဝင်း၏ တော်လှန်ရေးအစိုးရသည် တက်လာချိန်မှ စတင် ကာ ကွန်မြူနစ်နိုင်ငံများသို့ လက်ကမ်းပြီး အနောက်နိုင်ငံများ၏ ဩဇာ



ဖယ်ရှားရေးကို လုပ်ဆောင်ခဲ့သည်။ မြန်မာကျောင်းများတွင် အစဉ်တစိုက် အင်္ဂလိပ်ဘာသာကို ဒုတိယအဓိက ဘာသာအဖြစ် သင်ကြားနေရာမှ ရုပ် ဆိုင်းခဲ့သည်။ (မှတ်ချက်။ ။ သမီး စန္ဒာဝင်း အဆင့်မြင့်ဆေးပညာ သင်ကြား ရေးအတွက် ဘိလပ်သို့လွှတ်ရန် အားထုတ်သောအခါတွင် အင်္ဂလိပ်ဘာသာ ညံ့ဖျင်းသဖြင့် အင်္ဂလန်က လက်မခံမှ မြန်မာကျောင်းများ၌ အင်္ဂလိပ်စာ သင်ခွင့်ပေးရန် အမိန့်ပေး၏) အမေရိကန်မှ အကူအညီ အမျိုးမျိုး ပေးနေ သော ဖူးလ်ဘရိုက်အဖွဲ့၊ အေရှဖောင်ဒေးရှင်းအဖွဲ့၊ ဖိုဒ်ဖောင်ဒေးရှင်းအဖွဲ့ တို့ကို မြန်မာနိုင်ငံမှ နှင်ထုတ်သည်။ အမေရိကန်သံရုံးက ဖွင့်လှစ်ထားသည့် ပြန်ကြားရေးစာကြည့်တိုက်ကိုပင် ဖွင့်ခွင့်မပြုဘဲ ပိတ်ခဲ့သည်။ ရန်ကုန်- မန္တလေး လမ်းမကြီးကို ဖောက်လုပ်ပေးရန်အတွက် အမေရိကန်အကူကို လည်း သူက ပယ်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၂၈ သန်းတန် အကူအညီကို ဒီမိုကရေစီအစိုးရခေတ်က လက်ခံ၍ မြေတိုင်းခြင်း၊ လမ်းအတွက် ဗိသုကာပုံ များ ရေးဆွဲခြင်းတို့ လုပ်ခဲ့သည်၊ စီမံကိန်းကို အပြီး အကောင်အထည်ဖော်ရန် ပြင်ဆင်နေစဉ် အစည်းအဝေး၌ "ဟ ဒီလမ်းကြီးခင်းလို့ရှိလျှင် အရေးကြုံ တော့ အမေရိကန်စစ်လေယာဉ်ပျံတွေ ဆင်းနိုင်မှာပေါ့။ ဒါကြောင့် တရုတ် အစိုးရက ကြိုက်မှာ မဟုတ်ဘူး၊ ဖျက်လိုက်၊ ဖျက်လိုက်၊ ဒီအကူကို လက်မခံနဲ့"ဟု ဗိုလ်နေဝင်းက နှုတ်မိန့်ပေးကာ ဖျက်ခဲ့၏။ ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် အကူငွေဒေါ်လာ ၂ သန်းကိုလည်း အဆောက်အဦပုံစံကို သူ မကြိုက်ဟုဆိုကာ ပယ်၏။ အသိဉာဏ်နည်းပြီး သူ့ရဲဘောကြောင်သူ အာဏာရနေသဖြင့် နိုင်ငံမှာ နစ်နာခဲ့ရသည်။

ထိုသို့ အမေရိကန် အထောက်အကူများ ဖျက်စေကာမှ အမေရိကန်ထံမှ မြန်မာကျပ်ငွေစက္ကူနှင့် စစ်လက်နက်ကိရိယာများ ဝယ်ယူခွင့် အကူ၊ မြန်မာနိုင်ငံရှိ အမေရိကန်အစိုးရပိုင် ဒေါ်လာ ၁၇ သန်းတန် ကျပ်ငွေ စက္ကူများကို စီးပွားရေးဖွံ့ဖြိုးမှု၌ အသုံးပြုရန်အကူနှင့် ဘိန်းလုပ်ငန်း နှိမ်နင်းရန်အတွက် ရဟတ်ယာဉ် ၁၈ စီးနှင့် မြန်မာလေသူရဲများကို ရဟတ် ယာဉ်မောင်း လေ့ကျင့်ပေးရေး စီမံကိန်းအကူများကို ရယူနိုင်ခဲ့၏။

၁၉၆၆ ခုနှစ်တွင် အမေရိကန်သို့သွားကာ သမ္မတဂျွန်ဆင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိနိုင်ငံတွင် မိမိကြိုက်ရာ အစိုးရတည်ထောင်ခွင့် သဘောတူညီချက် စာတမ်းကိုပင် လက်မှတ်ထိုးနိုင်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို လုပ်ဆောင်နေသူဖြစ်ပါလျက် ကွန်မြူနစ်ဆန့်ကျင်ရေးခေါင်းဆောင်ဟု ထင်မြင်စေရန် သရုပ်ဖော်နိုင်သူ ဖြစ်သည်။ ပြည်တွင်းတွင်လည်း မျက်လှည့်ပြနိုင်သည်။

"တော်လှန်ရေးကောင်စီသည် မလွဲမရှောင်သာ၍ နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော်လည်း အမှန်စစ်စစ်အားဖြင့် အာဏာပိုင်သည့် မူလပိုင်ရှင်အစစ်သည် ပြည်သူလူထုပင်ဖြစ်ရာ လူထုထံ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှံရန် တော်လှန်ရေးကောင်စီက ရည်ရွယ်ကြောင်း"စသည်ဖြင့် ၁၉၆၆ ခုနှစ် ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် ကျင်းပ သော တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲတွင် ဗိုလ်နေဝင်းက စတင် ဟောပြောသည်။ နိုင်ငံရေးကွက်တကွက် တီထွင်ပြန်ပြီ။

ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် စစ်တပ်အစိုးရကို လူထုက ရွံရှာစပြုစဉ်တွင် အာဏာကိုလူထု လက်သို့ပြန်အပ်ပါမည်ဟု လေသံပစ်သည်။ လူထုအဖို့ စားဝတ်နေရေး တစတစ ကြပ်တည်းလာသည်ကို သူသိသည်။ လူထုပစ္စည်းကို နိုးဝှက်ရန် အာဏာသိမ်းထားသူ ဖြစ်သဖြင့် လူထုကြီးပွားဖြစ်အောင် သူမလုပ်နိုင်သည်ကိုလည်း သူသိသည်။ ထို့ပြင် သူ၏အစိုးရသည် လူထုကရွေးကောက် တင်မြှောက်ထားသည်မဟုတ်၊ လက်နက်နှင့် အာဏာသိမ်းထားသည့် အစိုးရသာဖြစ်သဖြင့် တော်လှန်ရေးအစိုးရအသွင်နှင့် ကြာမြင့်စွာ ရပ်တည်လျှင် ကမ္ဘာက လက်မခံတော့မည်ကိုလည်း သူသိသဖြင့် အာဏာပြန်အပ်ရေး လေသံပစ်သည်။

ထိုမိန့်ခွန်းကို လူထုက သာယာမိကြသည်။ ဓားစာခံအဖြစ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတဦးပြီး တဦးဖြုတ်ပယ်စဉ်က စစ်အစိုးရ၏ ဖိနှိပ်မှုကို ခံရပြီး စားဝတ်နေရေး ခက်ခဲလာသော လူထုက "ဗိုလ်ချုပ်ကြီးက ကောင်းပါတယ်၊ သူ့လူတွေက သူညွှန်သလို မလုပ်ကြတာကြောင့် တို့တတွေ ခံကြရတာ"ဟု ညည်းညူစေရန် သူက ဖန်တီးခဲ့သည်။ ယခု တဖန် "ဗိုလ်ချုပ်ကြီးက နိုင်ငံရေးရာထူးကို မက်ရာတာမဟုတ်ပါဘူး"ဟု



လူထုက ယူဆရန် ဖန်တီးပြန်သည်။

အာဏာကို လူထုလက်သို့ လွှဲပြောင်းပေးပါမည်ဟူသော ကတိကို ပေးပြီးနောက် စစ်တပ်အုပ်ချုပ်ရေးကို ၃ နှစ်ခန့် ဆွဲထားသည်။ လူထုက မျှော်တလင့်လင့် စောင့်ကြည့်နေသော ထိုကတိကို ၁၉၆၉ ခုနှစ်တွင်မှ အစပြန်ဖော်သည်။ ၁၉၆၆ ခုနှစ် စတုတ္ထအကြိမ် မဆလပါတီ နှီးနှောဖလှယ်ပွဲတွင်မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီမှ ပြည်သူ့ပါတီ အဖြစ်သို့ ကူးပြောင်းဖွဲ့စည်းရန်နှင့် ပြည်သူလူထုလက်သို့ နိုင်ငံတော်အာဏာ ပြန်အပ်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေအသစ် ရေးဆွဲရန် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်ကို ချမှတ်ခြင်းမပြုမီ ထောင်မှလွှတ်ပေးလိုက်သော ဝန်ကြီးချုပ်ဦးနု၊ ဖဆပလဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ပမညတသခင် ချစ်မောင် စသော နိုင်ငံ၏ခေါင်းဆောင် ၃၃ ဦးကို ဖိတ်ခေါ်ကာ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းသည်။

"တိုင်းပြည်တွက်ကယ် အကျိုးပြုမယ့် အလုပ်တွေကို လုပ်နေတဲ့ အခါ တတ်နိုင်သမျှ ညီညွတ်ရေးရအောင် ဘယ်လိုများ ဆောင်ရွက်ရမယ်၊ ဆောင်ရွက်ရင် ကောင်းမယ်ဆိုတာကို အကြံဉာဏ်ပေးဖို့ ကျွန်တော်က မေတ္တာရပ်ခံပါတယ်"ဟု အစချီ၍ သူကပြောပြီး "နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူနည်းအစုအရေး အကုန်ခြုံပြီးတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ တခု ပေါ်ထွန်းလာတဲ့အထိပဲ"ဟု သူလိုချင်သည်ကို ဆိုသည်။

နိုင်ငံ၏ခေါင်းဆောင်များသည် ဗိုလ်နေဝင်းမှ အာဏာသက် လေးနှစ်တာအတွင်း စီးပွားရေး ကသောင်းကနင်း ကျဆင်းနေသဖြင့် စစ်မှန်သော စေတနာနှင့် အကြံတောင်းသည်ဟု ယူဆကြကာ အားတက်သရော ဆွေးနွေးကြံဆကြလေသည်။ ဗိုလ်နေဝင်းက စေတနာရှိနှင့် ခေါ်သည်ဟု ထင်မှားကြသဖြင့် ကြိုးစားအားထုတ်ကြသည်။

၁၉၆၈ ခု၊ ဒီဇင်ဘာလမှ ၆ လအတွင်း အစည်းအဝေး ၉၃ ကြိမ် ဆွေးနွေးကြသည်။ ပါတီစုံဝါဒစုံ ဖြစ်နေသဖြင့် အများသဘောတူ အကြံပြုချက်တခုတည်း ထွက်မလာနိုင်ပေ။ အများစုဖြစ်သော အဖွဲ့ပေါင်း ၁၈

www.burmeseclassic.com

www.burmeseclassic.com



ဦးတို့က (၁) ဒီမိုကရေစီစနစ်ကို ထူထောင်ပါ (၂) ပါတီစုံစနစ် ကျင့်သုံးပါ (၃) ခြေလေးချောင်းထောက် စီးပွားရေးစနစ်ကို လုပ်ဆောင်ပါဟု အကြံပြုသည်။ အဖွဲ့ဝင် ၁၁ ဦးတို့ကလည်း ဆိုရှယ်လစ် ဒီမိုကရေစီစနစ် ထူထောင်ရန်အတွက် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုဖွဲ့ပါဟု အကြံပြုသည်ကို ဦးကျော်ငြိမ်းနှင့် ၃ ဦးတို့က ထိုမူကိုပင် ယေဘုယျ သဘောတူကြောင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တည်ထောင်ရန်၊ ထို့ပြင် မည်သည့်ပြည်နယ်မှ ခွဲထွက်ခွင့်မပေးရန် ဖော်ပြထားသည်။

ဦးနုကမူ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ဗိုလ်နေဝင်းအိမ်စောင့်အစိုးရကို ခန့်ထားခဲ့သည်နည်းတူ တော်လှန်ရေးအစိုးရကို တရားဝင် အစိုးရဖြစ်စေရန်၊ အာဏာကို မိမိအား ပြန်အပ်ရန် လွှတ်တော် အစည်းအဝေးချက်ချင်းခေါ်ယူပြီး အစည်းအဝေးမှ ဗိုလ်နေဝင်းအား ခန့်ထားပြီး အာဏာပေးအပ်ရန်၊ သို့မှသာ ဗိုလ်နေဝင်းအစိုးရအဖို့ ဥပဒေနှင့် ညီညွတ်သည့်အစိုးရဖြစ်စေမည်ဟု အကြံပြု၏။

၃၃ ဦးကော်မတီဝင်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အသေးစိတ် ကျယ်ပြန့်စွာ ရေးသားကြသည်ကို ဗိုလ်နေဝင်းက တလုံးတပါဒကိုမှ လက်မခံပေ။ အားလုံးက ဒီမိုကရေစီ စကားပြောကြသည်ကို သူကနားခါးသည်။ မည်သည့်အချက် မည်သည့်လမ်းစဉ်ကိုမှ သူကသဘောမတူဘဲ အားလုံးကို ပယ်ချသည်။

"မြို့ကြည့်လိုက်တဲ့အခါ အရေးကြီးဆုံးက ဘယ်လူတန်းစားကို အခြေပြုမလဲ။ အဲဒီလူတန်းစားကို အကျိုးပြုမဲ့ ကိစ္စကတော့ ကျွန်တော်တို့နဲ့ ဗီလာပဲ"ဟု ပါတီနှီးနှောဖလှယ်ပွဲတွင် ပြောသည်။ ၃၃ ဦးတို့သည် မြေရှင်ငွေရှင်တို့၏ လက်ပါးစေများ ဖြစ်ဟန်သရုပ်ဖော်၍ သူ့ကိုယ်သူ အလုပ်သမား လယ်သမားထုကြီး၏ အကျိုးကိုသာ အားထုတ်ပြုလုပ်ဆောင်ရွက်နေသော ဆင်းရဲသားတို့၏ ခေါင်းဆောင်ကြီးအဖြစ် ဖန်တီးသည်။

၁၉၇၁ ခုနှစ်၊ ဇွန် ၁၊ ပထမပါတီညီလာခံတွင် "ပြည်တွင်းညီညွတ်ရေးအဖွဲ့သည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့် ပတ်သက်၍ ထိရောက်သည့် အကြံဉာဏ်များကို



ပေးနိုင်ခြင်းမရှိခဲ့ပေ"ဟု ဗဟိုကော်မတီက အစီရင်ခံကာ ဆွေးနွေးချက်များ အကြံပြုချက်များကို အပြီးအပြတ် ပယ်လိုက်၏။

ပထမပါတီညီလာခံ၏ အဓိကဦးတည်ချက်မှာ နိုင်ငံတော်အာဏာကို ပိုင်ရှင်အစစ်ဖြစ်သည့် လူထုလက်သို့ ပြန်အပ်ရန်ဖြစ်သည့်အတိုင်း ဗိုလ်နေဝင်းက အာဏာအပ်ပွဲ ကျင်းပသည်။

သို့သော် ရွေးကောက်တင်မြှောက်ထားသော လူထုကိုယ်စားလှယ်မရှိသဖြင့် ပါတီကိုပင် လူထုကိုယ်စားလှယ်အဖြစ် ပြန်အပ်ရ၏။

"တကယ့်တိုင်းပြည်အုပ်ချုပ်တဲ့ အာဏာပိုင်ဖြစ်တဲ့ လူထုလက်ထဲကိုတော့ ရောက်အောင်ပြန်အပ်မှာပါပဲ။ ဒါကျွန်တော်တို့ အစကတည်းက ယုံကြည်ခဲ့တယ်။ အဲဒီယုံကြည်တဲ့အတိုင်းလည်းပဲ ကျွန်တော်တို့ အစဉ်တစိုက်လုပ်ခဲ့တယ်။ လုပ်ခဲ့လို့လည်းပဲ ကနေ့အစပျိုးပြီးတော့ တပြည်လုံးရဲ့ကိုယ်စားလှယ်တွေရဲ့ လက်ထဲတော့ ကျွန်တော်တို့ မအပ်နိုင်သေးဘူးပေါ့ခင်ဗျာ၊ သို့သော်လည်းပဲ တပြည်လုံးလူထုရဲ့ တစိတ်တဒေသဖြစ်တဲ့ ကျွန်တော်တို့ပါတီကိုတော့ဖြင့် ကျွန်တော်က ပြန်အပ်ပါပြီ"ဟု ဗိုလ်နေဝင်းက မိန့်ခွန်းပေး၍ အာဏာကိုပြန်လည်အပ်နှင်းပါကြောင်းဖြင့် ထုတ်ဖော်ကြေညာလိုက်သည်။

ထိုအခါ နိုင်ငံတော်၏ စစ်သေနာပတိ၊ စစ်ဗိုလ်ချုပ်ကြီးက တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအဖြစ် သူ လုယူရရှိထားသည့် အာဏာကို ပါတီသို့ ပြန်အပ်သည်ဆိုသည့် ဗိုလ်နေဝင်းရေးသားသော ဇာတ်ညွှန်းကို နားမလည်နိုင်ကြသည့် ပါတီဝင်အတော်များများမှာ မျက်စိလည်သွားကြရသည်။

ပါတီ၏ လက်တွင်းသို့ ဗိုလ်ချုပ်ကြီးက အာဏာကိုပြန်အပ်လိုက်ပြီဆိုသဖြင့် ထိုအာဏာကို ပါတီက မည်သို့လက်ခံပြီး မည်သည့်နှယ်လည်ပတ် ခုတ်မောင်းမည်နည်း ဟူသောကိစ္စအတွက် ပါတီဗဟိုကော်မတီအစည်းအဝေးကို တံခါးပိတ်ကျင်းပနေသောအခါတွင်လည်း ညီလာခံကိုယ်စားလှယ်များ နားမလည်နိုင်သေးသဖြင့် အပြင်ဖက်မှ ခေါင်းရှုပ်စွာစဉ်စားစောင့်ဆိုင်းခဲ့ကြရသည်။ လွှဲအပ်သည့် အာဏာဆိုသောအရာကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အထိုပ်အထည်နှင့် မမြင်ကြရစေကာမူ နိုင်ငံရေးအာဏာဟူသည်မှာ တန်ခိုးအကြီးဆုံးပစ္စည်း ဖြစ်သည်ကို သိရှိနားလည်ကြသဖြင့် ရင်ဖိုစွာ စောင့်ကြည့်ကြသည်။

ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော ဗဟိုကော်မတီအစည်းအဝေးမှ စဉ်းစားပြီးနောက် ပါတီညီလာခံအစည်းအဝေးကို ဆက်လက်ကျင်းပတော့မှ ဖာတ်ကွက်လည်ကြရသည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်မှာ...

လက်ငင်းအားဖြင့် ပြည်သူတို့က ရွေးကောက်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များ၏ ပြည်သူ့လွှတ်တော် မရှိသေးပါ။ ထို့ကြောင့် တော်လှန်ရေးကောင်စီ၏ ဥက္ကဋ္ဌ (ဗိုလ်နေဝင်း)က လွှဲအပ်ပေးလေသော အာဏာကို ပါတီဥက္ကဋ္ဌကြီး (ဗိုလ်နေဝင်း)က လက်ခံ၍ ပြန်ယူပြီး ပြည်သူ့လွှတ်တော် ပေါ်ပေါက်သည်အထိ တာဝန်ယူပါဟု (ဗိုလ်နေဝင်းမှ ဗိုလ်နေဝင်းသို့) လွှဲအပ်ရန် ဆုံးဖြတ်ကြလေသည်။ ယင်းတာဝန်အတွက် တော်လှန်ရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းပါဟုလည်း တာဝန်ပေးသည်။

ဤသို့ဖြင့် တော်လှန်ရေးကောင်စီ အစိုးရသည် မြန်မာ့လမ်းစဉ် ဆိုရှယ်လစ်ပါတီက လွှဲအပ်ထားသော တော်လှန်ရေးကောင်စီအသစ် အစိုးရ ဖြစ်လာသည်နှင့်အညီ တော်လှန်ရေးကောင်စီ (အသစ်)အစိုးရအား အကြံပေးရန်အတွက် တော်လှန်ရေးကောင်စီ အတိုင်ပင်ခံအဖွဲ့ကို ဖွဲ့စည်းရန် ညီလာခံတွင် ဆုံးဖြတ်ပြီး ဥက္ကဋ္ဌဦးကြည်မြ၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဖေမြင့်တို့ ဦးစီးသော အဖွဲ့ဝင် ၃၀ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတင်မြှောက်ကြရသည်။

ဤတွင် နိုင်ငံရေးပါရဂူတဦးဖြစ်သော ဦးသိန်းဖေမြင့်က တော်လှန်ရေးကောင်စီ တင်ပြသောအစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းကိစ္စ၊ စီးပွားရေး စီမံကိန်းကိစ္စနှင့် နိုင်ငံခြားဆက်သွယ်ရေးကိစ္စတို့ကို အကြံပေးနိုင်ရန် လိုအပ်ပါက အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးသို့မဟုတ် အရာရှိများနှင့် ဆွေးနွေးပြီး အကြံပေးစာတင်ရန်ဆိုသည့် အဆိုကိုတင်သွင်းလေ၏။ တော်လှန်ရေးကောင်စီက အတိုင်ပင်ခံအဖွဲ့သည် တင်ပြသော အချက်အလက်များကို လေ့လာ၍ အကြံပေးရန်သာ တာဝန်ရှိသည်။ အကြံပေး



အဖွဲ့က ဒုဝန်ကြီးများ၊ အတွင်းဝန်ကြီးများကိုခေါ်၍ မေးမြန်းမည်ဆိုပါက မလိုလားအပ်သော ပြဿနာပေါ်လာနိုင်သည်ဟုဆိုကာ တော်လှန်ရေးကောင်စီအသစ်က ပယ်ချသည်။

ဦးသိန်းဖေမြင့်က အသက်ရှိပြီး အဆိပ်ပါသော အကြံပေးအဖွဲ့ကို ဖွဲ့စည်းရန် အားထုတ်သည်ကို သူ့ထက်နိုင်ငံရေးပညာရင့်သူ ဗိုလ်နေဝင်းက လွယ်ကူစွာ ရှောင်ရှားလိုက်သည်။ ဗိုလ်နေဝင်းသည် သူတဦးတည်းသာ အာဏာရှင်ဖြစ်စေပြီး သူပိုင်စစ်တပ်က သူ၏လက်နက်သာဖြစ်စေလိုသည်။ အခြားအဆိပ်အတောက်ရှိသည့် အဖွဲ့အစည်းများကို လက်မခံနိုင်။

အာဏာကို ပြည်သူ့လက်သို့ လွှဲအပ်ရေးအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သည်။ တော်လှန်ရေးကောင်စီဝင် စစ်ဗိုလ်များက ဝန်ကြီးအဖွဲ့အား တာဝန်ယူခြင်းကို ပြင်ဆင်သည်။ ပြင်ဆင်ပုံမှာ ထိုစစ်ဗိုလ်ကြီးများ စစ်ဗိုလ်ဝန်ကြီးအဖြစ် အမှုထမ်းခြင်းမပြုဘဲ အရပ်သားများအဖြစ် အစိုးရအဖွဲ့ဝန်ကြီးရာထူးများကို အမှုထမ်းကြရန် စီစဉ်သည်။

ဗိုလ်နေဝင်းပြသော မျက်လှည့်မှာ ရှင်းသည်။ ၁၉၇၂ ခုနှစ်၊ ဧပြီ ၂၀ ရက်နေ့တွင် (၁) ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးတာဝန်ကို ထမ်းရွက်နေကြသော (၂) ဗိုလ်မှူးချုပ်စိန်ဝင်း (၃) ဗိုလ်မှူးကြီးသောင်းကြည် (၄) ဗိုလ်မှူးကြီးမောင်ရွှေ (၅)ဗိုလ်မှူးကြီးကျော်စိုး (၆) ဗိုလ်မှူးကြီးသန်းစိန် (၇) ဗိုလ်မှူးကြီးလှဟန် (၈) ဗိုလ်မှူးကြီးမောင်လွင် (၉) ဗိုလ်မှူးကြီးကိုတိုး (၁၀) ဗိုလ်မှူးကြီးမောင်လွင် (၁၁) ဗိုလ်မှူးကြီးအောင်ဖေ (၁၂) ဗိုလ်မှူးကြီး စိန်မြ (၁၃) ဗိုလ်မှူးကြီးလှဘုန်း (၁၄) ဗိုလ်မှူးကြီး မောင်မောင် (၁၅) ဗိုလ်မှူးကြီး ထင်ကျော် (၁၆) ဗိုလ်မှူးကြီး ချစ်ခင် (၁၇) ဗိုလ်မှူးကြီး ဗန်ကူးလ် (၁၈) ဗိုလ်မှူးကြီးထွန်းတင် (၁၉) ဒုတိယဗိုလ်မှူးကြီးသိန်းအောင် (၂၀) ဒုတိယဗိုလ်မှူးကြီးစန်ဝင်းနှင့် (၂၁) ဒုတိယဗိုလ်မှူးကြီးရဲခေါင်တို့သည် တပ်မတော်မှထွက်ကာ အငြိမ်းစားယူကြသည်။

ဗိုလ်နေဝင်းက မီးသေသည်။ သူ၏လက်ကိုင်တုတ် စစ်ဗိုလ်ကြီးများအား "ဟေ့ကောင်တွေ ရာထူးက ထွက်ကြဟေ့"ဟု အမိန့်ပေးသည်ကို နှုတ်မှ အမိန့်ကိုရွတ်ဆို၍ မဆုံးသေးမီ လူဝတ်လဲပြီး ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစုလိုက်အပြုံလိုက် ထွက်ပြီးသား ဖြစ်နေကြသည်။ စစ်ဝတ်စုံကို ချွတ်ကြသည်သာမက မြန်မာပီသစေရန် စစ်ဗိုလ်လူထွက်အားလုံးတို့သည် အခမ်းအနားများတွင် တောင်ရှည်ပုဆိုးကြီးများ ဝတ်ကြရသည်။

တပ်မှ အားလုံးထွက်ကြချိန်၌ နောက်ပေါက်စစ်ဗိုလ်များနှင့် တပ်ကို စိတ်မချသဖြင့် "စန်းယု မင်းကတော့ မထွက်နဲ့၊ တပ်ကို ထိန်းပေါ့ကွာ"ဟု အမိန့်ပေးသည်ကိုလည်း တပ်မတော် သေနာပတိ ဗိုလ်ချုပ်ကြီးဖြစ်လာသူက ပင်စင်စားကြီး ဦးနေဝင်းအား အလေးပြုကာ စစ်ဗိုလ်လူထွက် အရပ်သားကြီး၏ နှုတ်မိန့်ကို တိကျစွာ နာယူသည်။

ပင်စင်စားကြီး ဦးနေဝင်းက ဝန်ကြီးချုပ်အဖြစ် ဦးစီးသော အရပ်သားတော်လှန်ရေးကောင်စီ အစိုးရအဖွဲ့ကို သူတို့ ပင်စင်ယူသောနေ့တွင်ပင် ဖွဲ့စည်းကြောင်း ကြေညာသည်။ စစ်တပ်မှ ဗိုလ်ချုပ်ကြီးစန်းယုက ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတာဝန်ကို ယူသည်။ စစ်ဗိုလ်တဦး ပါဝင်နေစေကာမူ အသွင်ပြောင်းတော်လှန်ရေးကောင်စီကို စစ်အစိုးရဟု ခေါ်ဆိုခြင်းမပြုနိုင်။ အရပ်သားအစိုးရအဖွဲ့အဖြစ် ခေါ်ဆိုနိုင်ကြပြီဖြစ်သော်လည်း နိုင်ငံရေးအာဏာမှာ မူလပိုင်ရှင်အရပ်သား လူထု၏လက်သို့ ရောက်ရှိပြီဟု မဆိုနိုင်သေးပေ။ ထို့ကြောင့် လူထုကိုယ်စား ပြည်သူလူထုက ရွေးချယ်သည့် ကိုယ်စားလှယ်များ၏ ပြည်သူ့လွှတ်တော် ဖွဲ့စည်းရန် ဆက်လက် ကြိုးပမ်းရပြန်သည်။

လူထုပိုင်သော အာဏာကို လူထုလက်ကို အပ်ရန်အတွက် အခြေခံဥပဒေကို လူထုနည်းနှင့် ရေးသားကြရပြန်သည်။

"ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ မပါမဖြစ်တဲ့ အချက်နှစ်ရပ်ကတော့ လူနဲ့လူချင်း ခေါင်းပုံမဖြတ်ရေး၊ အညွန့်မခူးရေး၊ လူတမျိုးနဲ့တမျိုး ခေါင်းပုံမဖြတ်ရေး၊ အညွန့်မခူးရေးပါပဲ။ နောက်တချက်ကတော့ လူတိုင်း မွေးရာပါ ပဋိသန္ဓေက ပါလာတဲ့ လူ့အခွင့်အရေးကို အပြည့်အဝရရေးကတော့ ဥပဒေမှာ မိမိရရ သေသေချာချာ ထည့်ဖို့လိုပါတယ်"ဟု လမ်းညွှန်မှုမိန့်ခွန်းကို ဦးနေဝင်းက ပြောသည်။ ၁၉၆၂ ခုနှစ် သူတက်လာချိန်မှ စတင်ကာ နိုင်ငံသားတို့၏ လူ့အခွင့်အရေးများကို



သူကိုယ်တိုင်က ချေမွဖျက်စီးခဲ့သည်ကို သူ၏ ရင်တွင်းမှ သိသည်။ သူကိုယ်တိုင် နိုင်ငံသားတို့၏ပစ္စည်းများနှင့် နိုင်ငံပိုင် သယံဇာတများကိုခိုးပြီး နိုင်ငံခြားသို့ပို့ခဲ့သည်။ သူ့စိတ်တိုင်းကျ ခိုးဝှက်နိုင်ရန်အတွက် သူ၏ လက်ကိုင်တုတ် စစ်တပ်ကို အရပ်သားတို့အပေါ် လူပေါ်လူညွှန့် ခူးစေခဲ့သည်။ ယင်းသို့ သူကျူးလွန်သမျှ ရာဇဝတ်မှုများကို ဆန့်ကျင်သည့် ဥပဒေကို ရေးဆွဲစေပြီး ခိုးဝှက် ခေါင်းပုံဖြတ်မှုများကို ဆက်လက်၍ ကျူးလွန်ကြမည် ဖြစ်ပါလျက် စကားလုံးလှပသော ဥပဒေကို ရေးသားရန် ညွှန်ကြားနိုင်သည်မှာ သူ၏ ကလိန်ကျ နိုင်ငံရေးလုပ်ရပ်ဖြစ်၏။

၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဥပဒေ ပထမ မူကြမ်းကို စတင်ရေးသည်။ တတိယမူကြမ်းအထိ ရေးသားရာတွင် လူထုကို အဆင့်ဆင့်တင်ပြကာ အကြံပေးစေသည်။

စစ်ဗိုလ်လူထွက်နှင့် ကွန်မြူနစ်ပျက်ပါတီခေါင်းဆောင်များ ရေးသမျှကို လူထုက ဆန့်ကျင်မှု မပြု၊ လုပ်ချင်ရာလုပ်ကြပေစေဟု မျက်စိမှိတ်၍ ထောက်ခံကြသည်။ နိုင်ငံတော်၏ အလံတော်တွင် ကြယ် ၅ လုံးမှ ၁၄ လုံးအထိ တိုးစေသည်ကိုလည်း ဝင်မပြော၊ အလုပ်သမားလောကကို ကိုယ်စားပြုရန် စက်ဘီးသွားပုံ ထည့်သည်ကိုလည်း ကန့်ကွက်မှု မပြုကြ၊ ထိုစက်ဘီးသွားကို "ခွေးသွားစိတ်"ဟု ခေါ်ကြောင်း ထောက်ပြသူ မရှိကြည့်နေကြသည်။

"တပ်မတော် တပ်မတော် ဒို့တပ်မတော်ကြီး ချီတက်လာပါပြီ"ဟူသောတေးနှင့် နိုင်ငံတော်သီချင်းကို ပြောင်းလဲရန် အဆိုပြုသည်ကိုမူ ပြင်းထန်စွာ ကန့်ကွက်ကြလေသည်။ လူထုကြီးက တပ်မတော်ဟူသော အသံကိုပင် မကြားလိုကြ၊ လူထုက "တကောင်းအဘိရာဇာတို့ ဗမာသာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ"အစရှိသော ဝဏ္ဏကျော်ထင် ဆရာတင်နှင့် သခင်ဘသောင်းတို့ရေးသည့် တို့ဗမာသီချင်းကို လွှတ်လပ်ရေး၏ ကိုက်ပွဲသံဟု မှတ်ယူထားကြသည်။ ကမ္ဘာမကြေ ဗမာတွေဟု ထန်နှင့်မာန်နှင့်သီဆိုရသော ရသကို နှစ်သက်ကြသည်။ ၁၉၄၇ ခုနှစ် ဒီမိုကရေစီ လွှတ်တော်မှ ပြုပြင်ရေးသားထားသည် တရားမျှတလွှတ်လပ်ခြင်းကို အဦး

www.burmeseclassic.com

www.burmeseclassic.com



ပြုသောတေးကိုသာ ဆက်လက်သုံးစွဲပါဟု တညီတည်း တောင်းဆိုကြသည်။

ဆိုရှယ်လစ်နိုင်ငံတော် တေးရေးကော်မတီသည် လူထု၏ ကန့်ကွက်မှုကို ဦးနေဝင်းထံ တင်ပြခြင်းမပြုဝံ့သဖြင့် အချိန်ဆွဲနေကြရသည်။ ဥပဒေကြီး ပြီးစီးရမည့် အချိန်နီးကပ်မှ ဦးနေဝင်းထံ တင်ပြကြသည်။ သူက စိတ်ဆိုးသည်။ နိုင်ငံတော်တေးသည် တပ်မတော်တေး ဖြစ်ရမည်ဟု သူက ဆိုသော်လည်း အချိန်မရှိတော့ပြီမို့ "အေးကွာ နောက်မှ ပြင်တာပေါ့" ဟု သူက လက်ခံရသည်။ သူ့အဖို့ နိုင်ငံတော်တေးကိစ္စကို အလျှော့ပေးရသည်မှာ လူထုအား ပထမဆုံး ဦးညွှတ်ရသည့် လူထုအောင်ပွဲကြီး ဖြစ်တော့သည်။

ရေးသားပြီးစီးသော အခြေခံဥပဒေကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် လူထုဆန္ဒခံယူပွဲ ကျင်းပသည်။ ယင်းဥပဒေကြမ်းကို လက်ခံမှုပြု၏ မပြု၏ကို မဲပုံး ၂ ပုံး(အနက်နှင့်အဖြူ) ထောင်၍ လူထုအား မဲပေးစေသည်။ ဆန္ဒမဲပေးသူ ၁၃၄၆၁၄၄၈ ရှိသည်။ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်း၏ ၉၅ ရာခိုင်နှုန်းက မဲပေးကြသဖြင့် ကမ္ဘာပေါ်တွင် နိုင်ငံရေးတက်ကြွမှုအရှိဆုံး နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်မှ မဲပေးသော ဆန္ဒရှင်စာရင်းထက် အဆများစွာသာ၏။ မဲဆန္ဒရှင် ၁၂၇၀၉၁၉၁ တို့က ထောက်ခံကြသဖြင့် ကမ္ဘာပေါ်တွင် ထောက်ခံသူ အချိုးအစား ၉၀.၁၉ ရာခိုင်နှုန်း ရရှိသည်။ ထောက်ခံသူ အများဆုံးအခြေခံဥပဒေကြီးအဖြစ် အတည်ဖြစ်သွားသည်။

ဥပဒေအရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကို ၁၉၇၄ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ လူထုအဖို့ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရသည်မှာ လွယ်ကူသည်။ ပါတီက ရွေးချယ်သူအား ကြိုက်၏ မကြိုက်၏ မဲပေးရုံသာ။

လူထုက ဆန္ဒမဲနှင့် တင်မြှောက်လိုက်သော အမတ်မင်း ၄၅၀ တို့သည် တဦးတလေမှ ပျက်ကွက်ခြင်းမရှိဘဲ ၁၉၇၄ ခု၊ မတ်လ ၂ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ စုံညီစွာ တက်ရောက်ကြသည်။



အစည်းအဝေးဖွင့်သည်နှင့်တစ်ပြိုင်နက် မရမ်းကုန်းမဲဆန္ဒနယ် အမှတ် (၁)မှ ပြည်သူ့ကိုယ်စားလှယ် အမတ်မင်းဦးနေဝင်းက "ယနေ့ ယခုအချိန်မှစ၍ နိုင်ငံတော် အချုပ်အခြာအာဏာကို မူလပိုင်ရှင်အစစ်ဖြစ်သူ တိုင်းရင်းသားပြည်သူများက ကိုယ်စားပြုသည့် ဤပြည်သူ့လွှတ်တော်ကို တော်လှန်ရေးကောင်စီမှ ပြန်လည်အပ်နှင်းကြောင်း တော်လှန်ရေးကောင်စီ၏ ကိုယ်စား ကြေညာအပ်ပါသည်"ဟု အာဏာထုပ်ကြီးကို အပ်နှင်းသည်။

ဆက်လက်၍ "ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာပြီ ဖြစ်သဖြင့် တော်လှန်ရေးကောင်စီမှာ ဆက်လက်တည်ရှိရန် မလိုအပ်သောကြောင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ပြောင်းလဲအပ်နှံပြီးသည့် အချိန်မှစ၍ တော်လှန်ရေးကောင်စီအား ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်"ဟုလည်း ကြေညာရသေးသည်။

အခြေခံဥပဒေ (သစ်)နှင့်အညီ အဖွဲ့ဝင် ၂၈ ဦးပါဝင်သော နိုင်ငံတော်၏ နိုင်ငံတော်ကောင်စီကို လွှတ်တော်မှ ရွေးချယ်တင်မြှောက်ရသည်။ နိုင်ငံတော်ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ဦးနေဝင်းကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးကြီးစန်းယုကိုလည်းကောင်း၊ အခြားအဖွဲ့ဝင် ၂၆ ဦးတို့ကိုလည်းကောင်း လျှို့ဝှက်ဆန္ဒမဲနှင့် ရွေးချယ်တင်မြှောက်ကြရသည်။ ထိုနိုင်ငံတော်ကောင်စီဝင် ၂၈ ဦးတို့က အစိုးရအဖွဲ့(သစ်)ကို ဖွဲ့စည်းကြသည်။

ဤသို့ဖြင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၆၆ အရ ဦးနေဝင်းသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ နိုင်ငံတော်၏ ပထမ သမ္မတ ဖြစ်လာခဲ့တော့လေသတည်း။

အခမ်းအနားမှာ ပြောင်လက်လှပသည်။ လွှတ်တော်ခန်းဆောင်ကြီးတခုလုံး ပိုးဖဲရောင်အမျိုးမျိုးနှင့် ဝင်းလက်နေကြသည်။ လွှတ်တော်တွင်းတွင် စစ်ဝတ်စုံဝတ်ဆင်ထားသူတဦးမှ မတွေ့ရ၊ ဝန်ထမ်းများပါ တိုက်ပုံအင်္ကျီဝတ်ပြီး ခေါင်းပေါင်းများ ဆောင်းထားကြရသည်။ အမတ်မင်းအားလုံးက ဘန်ကောက်ပိုးလုံချည် အရောင်မျိုးစုံ ဝတ်လာကြသည်။ မန္တလေး ကျင်ပိုးအပေါ် အင်္ကျီကို အဝတ်များသည်။ အချို့က သက္ကလတ်၊ ပင်နီစည်းများ၏။ ခေါင်းပေါင်းမှန်သမျှ မောင့်ကျက်သရေခေါင်းပေါင်းများနှင့် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးတို့သည် ခေါင်းပေါင်းစကို တညီတညာတည်း ညာဘက်သို့ ချထားကြသည်၊ ထောင်ထားကြသည်။

နိုင်ငံတော်ကောင်စီ အရွေးခံရမည်ဟု သေချာသူ ၂၈ ဦးသော စစ်ဗိုလ်လူထွက် ပင်စင်စားကြီးများက အချိန်တလခန့် ကျင့်သားယူထားရသည့် တောင်ရှည်ပုဆိုးကြီးများ တဖားဖားနှင့်...

ဦးနေဝင်းကမူ ပန်းရောင်အဝါစင်း ကြိုးကြိုးချိုင် တောင်ရှည်ပုဆိုးကြီးဝတ်ဆင်ထားပြီး တိုက်ပုံမှာ သာမန်တိုက်ပုံအင်္ကျီကို မဝတ်ဘဲ၊ ပန်းရောင်ရင်ဖုံးတိုက်ပုံအင်္ကျီကြီး ခပ်ဖားဖားကို ဝတ်ဆင်ထားသည်။

ဗိုလ်ချုပ်ကြီးနေဝင်းအဖြစ် ၁၉၆၂ ခုနှစ်က အာဏာသိမ်းစဉ်မှစတင်ကာ သူထိုင်ရန်အတွက် အထူးကုလားထိုင်ကြီးတလုံး ဆောက်လုပ်ထားသည်။ ထိုကုလားထိုင်သည် အခြားကုလားထိုင်များထက် ၉ လက်မမြင့်သည်။ ရန်ကုန်မြို့မှ နယ်သို့ခရီးထွက်လျှင်လည်း ထိုကုလားထိုင်ကို သယ်ဆောင်သွားကာ ထို ၉ လက်မမြင့်သော ကုလားထိုင်နှင့်သာ ထိုင်သည်။ မကြာခဏသွားသော နယ်တို့တွင် ၉ လက်မမြင့် အထူးကုလားထိုင်တလုံး ဆောက်လုပ်ထားရန် စီစဉ်သောအခါ မလုပ်ရဟု သူကတားသည်။ သူ မရှိနိုက် တခြားသူများ ဝင်ရောက်ထိုင်လေမည်ကို သူကလက်မခံ။ ယခု လွှတ်တော်ခန်းမဆောင်ကြီးတွင် တင်းကျေနဝင်းကျေကုလားထိုင် ၉၀၀ ရှိသည်။ ဆိုရှယ်လစ်အစိုးရဖြစ်သဖြင့် တပြေးညီတရွယ်တည်း ဆောက်ထားသည်။ သို့သော် ရှေ့တန်းတွင် သူထိုင်မည့်ကုလားထိုင်မှာမူ ၉ လက်မမြင့်သည်ကို သိသာထင်ရှားစွာ မြင်ကြရသည်။

ကုလားထိုင်မြင့်ကြီးပေါ်တွင် ပန်းရောင်ဝတ်စုံနှင့် ထိုင်နေသူ ဦးနေဝင်း၏ ခေါင်းပေါင်းမှာ မောင့်ကျက်သရေတံဆိပ် မဟုတ် ကိုယ်တိုင်ပေါင်းဟန် အထူးပြုလုပ်ထားသည်။ ခေါင်းပေါင်းကြီးမှ ညာဘက်ချ ခေါင်းပေါင်းစကြီးသည် အခြားခေါင်းပေါင်းများထက် ပို၍ရှည်သဖြင့် တလွင့်လွင့်...

ပြည်သူ့ကိုယ်စားလှယ် ဆိုရှယ်လစ်အမတ်မင်းများသည် ရှိုးလက်နာရီများမှ စိန်လက်စွပ်များအထိ ဝတ်ဆင်ကြသောကြောင့် လွှတ်တော်ခန်းမကြီးတခုလုံး ဝင်းလက်နေသည်။ ရှေ့တန်းကုလားထိုင်မြင့်ကြီးမှ ထိုင်



နေသူ သမ္မတကြီးသည် ကျက်သရေအရှိဆုံး ဖြစ်သည်။

သတင်းထောက်တို့ကို နောက်ဆုံးတန်းတွင် ထိုင်ကြစေသည်။ သူတို့လည်း ခေါင်းပေါင်းတလူလူနှင့် ဖြစ်သည်။ သတင်းထောက် တဦးနှစ်ဦးက ဘယ်ဘက်ချသည့် ခေါင်းပေါင်းစကို တမင်ဝယ်ယူ၍ ဆောင်းလာကြသည်။ သူတို့မှတပါး ပရိသတ်အားလုံး၏ ခေါင်းပေါင်းများသည် ခေါင်းပေါင်းစ ညာချများသာ ဖြစ်ကြသည်။

နှုတ်မစောင့်ထိန်းနိုင်သူ သတင်းထောက်တဦးက လူ့ရွှင်တော်ဆရာဇာဂနာ၏ ပျက်လုံးတခုကို တီးတိုးပြောသည်။ "ဟေ့ တို့ခေါင်းဆောင်ကြီးက ညာချနေတာပဲ၊ တို့လည်း ညာချမှာပေါ့ကွ"ဟု ပြောသည်ကို အသံတိတ် ရယ်ကြသည်။

သတင်းထောက်များအဖို့ သူတို့ မျက်မှောက်၌ တခုတည်းသော ဇာတ်လမ်းကို ဇာတ်ကွက်အမျိုးမျိုး ခင်းကျင်းပြသထားတဲ့ နိုင်ငံရေးဇာတ်တော်ကြီးကို ဇာတ်ကွက်လည်အောင် ကြည့်မြင်ကြရသည်။

၁၉၅၈ ခုနှစ်က ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ဒီမိုကရေစီလွှတ်တော်မှဝန်ကြီးချုပ်ခန့်စဉ်က အခြေခံဥပဒေကြီးကို စစ်သားတယောက်အနေနှင့် အသက်ပေးကာကွယ်မည်ဟု သစ္စာခံခဲ့ပြီး မကြာမီတွင် ထိုအခြေခံဥပဒေကို ဖျက်သိမ်း၍ အာဏာသိမ်းခဲ့သည်။

တော်လှန်ရေးကောင်စီအနေနှင့် အာဏာကိုကြာမြင့်စွာ ဆုပ်ကိုင်မထားလိုသဖြင့် လူထုလက်သို့ အာဏာပြန်အပ်ရန် ပင်ပန်းတကြီးအားထုတ်ကြိုးပမ်းခဲ့သည်။

ပထမအကြိမ် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကပါတီဥက္ကဋ္ဌစစ်ဗိုလ် လူထွက်ဦးနေဝင်းလက်သို့ အာဏာကို ပြန်အပ်ခဲ့သည်။ ယခုမှ စစ်ဗိုလ်လူထွက် ဦးနေဝင်းက ပြည်သူ့ကိုယ်စားလှယ် အမတ်မင်းဦးနေဝင်း၏လက်သို့ အာဏာလွှဲအပ်ခြင်းဖြင့် အာဏာသည် မူလပိုင်ရှင်အစစ် လူထု၏လက်သို့ ပြန်ရောက်သွားခဲ့လေပြီ။ အာဏာပိုင်အစစ်ဖြစ်သော လူထုကိုယ်စားလှယ်ကြီးသည် အာဏာထုပ်ကြီးကို ထားစဉ်ရာသက်ပိုင် ရရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်များအဖို့ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့မှ ယနေ့ ၁၉၇၄ ခု၊ မတ်လ ၂ ရက်နေ့အထိ ၁၂ နှစ်တာ ကာလအတွင်း ဗိုလ်ချုပ်နေဝင်းမှ ဦးနေဝင်းသို့ တဖန် ဦးနေဝင်းမှ ဦးနေဝင်းသို့ အာဏာထုပ်ကြီး လက်ဆင့်ကမ်းပုံကို ဇာတ်ကွက်ပေါ်အောင် ရှင်းလင်းစွာ ရေးသားရမည့် တာဝန်မှာ မသေးလှရှာပေ။

■



(၂၁)

## ဗိုလ်နေဝင်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်

တော်လှန်ရေးအစိုးရနှင့် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် နိုင်ငံတော်၏ အာဏာမှန်သမျှကို မိမိလက်ဝယ်သို့ ရောက်ရှိလာသော အချိန်မှစတင်၍ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး၊ တော်လှန်ရေး အစိုးရနှင့် မဆလဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးဦးနေဝင်းသည် မိမိသဘော မတွေ့သူမှန်သမျှကို ကောင်စီဝင်အဖြစ်မှလည်းကောင်း၊ ဝန်ကြီးအဖြစ်မှလည်းကောင်း ဖြုတ်ထုတ်သော လုပ်ငန်းများကို ဆက်တိုက် လုပ်ဆောင်ခဲ့လေသည်။

၁၉၆၂ ခုနှစ်က စစ်ဗိုလ်ကြီး ၁၇ ဦးဖြင့် ဖွဲ့စည်းသော တော်လှန်ရေးကောင်စီကို ကောင်စီဝင် ၂၄ ဦးအထိ တိုးချဲ့ခန့်ထားခဲ့သော်လည်း ကောင်စီဝင်စစ်ဗိုလ်ကြီး ၁၆ ဦးကို ရာထူးမှဖြုတ်ချခဲ့သည်။

ဂျပန်ခေတ် ဘီအိုင်အေခေတ်တွင် သူ၏ကိုယ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့သဖြင့် တော်လှန်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တပ်မတော် ဒုတိယကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဒုတိယအမြင့်ဆုံးရာထူးကို အပ်နှင်းထားသော ဗိုလ်မှူးချုပ်အောင်ကြီးအား ကောင်စီသက်တမ်း တနှစ်ကြာ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရာထူးမှဖြုတ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁

ဗိုလ်အောင်ကြီးကို ဖယ်ပြီးနောက် တပ်ရင်း (၄) တည်ထောင်ချိန်မှ စတင်ပြီး ဗိုလ်နေဝင်းနှင့်အတူ ရှိခဲ့သည့် လူယုံတော် ဗိုလ်တင်ဖေကိုလည်း သူကောင်းပြုပြီးမှ ဖယ်ရှားသည်။ ဗိုလ်တင်ဖေနှင့် ဗိုလ်ချစ်မြိုင်တို့သည် ကုန်သွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ပေးခံရသည်။ ကနဦးက ဗိုလ်နေဝင်း ချမှတ်သော မြန်မာ့လမ်းစဉ် ဆိုရှယ်လစ်စီးပွားရေးစနစ်က မှန်ကန်သော မူလမ်းစဉ်မဟုတ်သဖြင့် လက်တွေ့အောင်မြင်မှု မရသော ကြောင့် စီးပွားရေး ကြပ်တည်းခက်ခဲမှုကို ပြည်သူတို့က ညည်းညူးကြသည်ကို ဖြေသိမ့်ရန် အတွက် ကုန်သွယ်ရေးဝန်ကြီးနှစ်ဦးတို့အား အငှားတရားခံအဖြစ် စတေး သည်သာ ဖြစ်၏။ စီးပွားရေးပြဿနာပေါ်သည့်အတွက် ရာထူးချရမည် ဆိုလျှင် ဗိုလ်နေဝင်းကို ပြုတ်ချရမည်သာ ဖြစ်သည်။

ဗိုလ်နေဝင်း အစိုးရများ၏ ခေတ်တလျှောက်လုံး "ဗိုလ်နေဝင်းက တော်ပါတယ်၊ သူ့ရဲ့လက်အောက်က ဝန်ကြီးတွေရမ်းလို့ လူထုနစ်နာရ သည်"ဟူသော အတွေးအခေါ်မျိုး ပေါ်ပေါက်ရန်သူက ဖန်တီးသည်။ သူ နာမည်ကောင်းရရှိရန် ရဲဘော်ရဲဘက်များကို စတေးသည်သာဖြစ်သည်။

စတေးခံရသူ စစ်ဗိုလ်ကြီးများမှာ အထက်ပါသုံးဦးအပြင် ဗိုလ်မှူး ကြီးမော်င်ရွှေ၊ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးကြည်မောင်၊ ဗိုလ်မှူးကြီး စောမြင့်၊ ဗိုလ်မှူးကြီးခင်ညို၊ ဗိုလ်မှူးကြီးတန်ယုဆိုင်၊ ဗိုလ်မှူးကြီးတင်ဦး တို့ကိုလည်း ဖယ်ရှားခဲ့သည်။ ရေတပ်မှ ဗိုလ်ချုပ်သန်းဖေမှာ ကွယ်လွန် သည်။ ဗိုလ်မှူးကြီးဘနီက ကျန်းမာရေးအခြေအနေကြောင့် အနားယူခွင့် တင်သည်။ လေတပ်မှ ဗိုလ်မှူးချုပ်တီကလစ်ဖ်က ရဲရင့်ပြတ်သားစွာ ရာထူး မှထွက်စာတင်သည်။ နိုင်ငံခြားရေး ဝန်ကြီးဦးသီဟန်ကိုလည်း ချမ်းသာမပေး။

ကောင်စီဝင်နှင့် ဝန်ကြီးရာထူးမှ ဖယ်ရှားခံရသူ အချို့မှာ အဖမ်း ခံကြရသည်။ မြန်မာ့ဆိုရှယ်လမ်းစဉ်လစ်ပါတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး စောမြင့်အစည် ခိုးယူသောအစိုးရငွေနှင့် မိမိပိုင်တရားမဝင် ရာတန်ငွေစက္ကူ များကို ပြည်သူတို့ထံ လိမ်လည်သုံးစွဲမှုနှင့် ထောင်ဒဏ် အပြစ်ပေးခံရသည်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တခုနှင့် လွတ်လာသောအခါ ဗိုလ်နေဝင်းထံ စာရေးအသနားခံသဖြင့် အစိုးရအိမ်၊ အစိုးရကားနှင့် မဂ္ဂဇင်းထုတ်ဝေခွင့်



လိုင်စင်ကို ပေးသည်။ ဗိုလ်ချစ်မြိုင်သည်လည်း ဗိုလ်နေဝင်းထံ အသနားခံ သဖြင့် သံအမတ်ရာထူးအထိပေးသည်။ စစ်ဗိုလ်ကြီးမှန်သမျှတို့အဖို့ မည်သို့ သောရာဇဝတ်မှုကို ကျူးလွန်သည်ဖြစ်စေ အရပ်သားတို့အလယ်တွင် မျက်နှာ မငယ်စေရဟူသောမူကို ဗိုလ်နေဝင်းက လက်ကိုင်ထားသည်။ ရာထူးကျ စစ်ဗိုလ်မှန်သမျှကို ဝင်ငွေကောင်းသော စီးပွားရေးအခွင့်အရေးများကို ပေးလေ့ရှိသည်။ ဖယ်ထုတ်လိုက်သော အရပ်သားအရာရှိများမှာမူ ဗိုလ်နေဝင်းက မျက်နှာတော်လွှဲလျှင် စစ်အစိုးရစဉ်ဆက်အထိ ဝိုင်းပယ် ရန်ပြုခံကြရလေ့ရှိ၏။

ဦးနေဝင်းက မလိုလားသဖြင့် ဖမ်းဆီးညှဉ်းဆဲမှုများအပြင် ဦးနေဝင်း လိုလားဟန် မတူဟုယူဆသူများကို "ဗောင်းတော်ငြိမ့် စိတ်တော်သိ" ဖမ်းရသူများလည်း အများအပြားရှိသည်။ ဂျူစက်ပိုင်ရှင်ဦးကြွင်သည် ပြည်လမ်းပေါ်တွင် အိမ်ကောင်းကောင်းနှင့် နေထိုင်သည်၊ ရေကူးကန်လည်း ရှိသည်။ သူတပါးကို မနာလိုစိတ်ကြီးမားသူ ဦးနေဝင်းသည် အေဒီလမ်း နေအိမ်မှ ရန်ကုန်မြို့သို့ ထွက်လေတိုင်း ဦးကြွင်၏အိမ်ကိုကြည့်ကာ "လမ်း ပေါ်မှာ နန်းတော်ဆောက်နေတဲ့ အကောင်တွေ"ဟု လက်ညှိုးထိုး၍ အမြဲ မအေနှင့် နှမကို မဖွယ်မရာ ဆဲရေးကြိမ်းမောင်းလေ့ရှိသည်။ သူနှင့်အတူ လိုက်ပါစောင့်ကြပ်ရသော စစ်စုံထောက်အရာရှိများက နားအေးစေရန် ဦးကြွင်အပေါ် အပြစ်ရှာကြသည်။ မည်သည့်အမှုမှ မတွေ့ကြချေ။ ထို့နောက် ဦးကြွင်သည် ဆီစက်ပိုင်ရှင် ဆီကုန်သည်တဦးဖြစ်သည်ကို သိသောအခါ ဆီဈေးတက်ချိန်တွင် အကြောင်းရှာ၍ဖမ်းမှ ဦးနေဝင်း၏ ဆဲဆိုကြိမ်းမောင်းမှု ရပ်တန့်သွားသည်။ ဦးကြွင်သည် အင်းစိန်တွင် ၈ နှစ် ခံလိုက်ရရှာ၏။

တချိန်တွင် မြေနီကုန်းဖက်၌ ကားနှင့်လိုက်ပါလာရင်း ဦးနေဝင်းက အပေါင်းအသင်းဟောင်းတယောက်ကို မြင်သဖြင့် အမှတ်တမဲ့ "ဒီကောင် ရှိသေးသကိုး"ဟု မှတ်ချက်ချသည်။ စစ်စုံထောက်များက ထိုမှတ်ချက်ကို အဓိပ္ပာယ်ကောက်ကာ ထိုသူကို အင်းစိန်ထောင်သို့ ပို့လိုက်သည်။ လအတန်ကြာသောအခါ ဦးနေဝင်းက "ဟိုကောင်ကွာ တလောက မြေနီ ကုန်းမှာ တွေ့လိုက်လို့ မင်းတို့ကိုတောင် ပြောမိသေးတယ်လေ။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ငါတွေ့ချင်တယ် ခေါ်ခဲ့စမ်း”ဟု အမိန့်ပေးသည်။ စစ်စုံထောက်ကြီးများ ခေါင်းကြီးသွားကြရသည်။ အကြံရကြပ်သွားကြသည်။ နောက်ဆုံးအမိန့်ကို နာခံရမည်ဖြစ်သောကြောင့် ထောင်တွင်း၌ ချုပ်ထားသူကို သွားရောက်ထုတ်ယူပြီး ရှိခိုး၍ တောင်းပန်ကြရသည်။ “ကျွန်တော်တို့လူများပြီး ဖမ်းမိတာပါ။ ဗိုလ်ချုပ်ကြီး မသိပါစေနဲ့၊ ထောင်ထဲရောက်နေတယ် မပြောလိုက်ပါနှင့် တောင်ကြီးဘက် ရောက်နေတယ်ပြောပါ”ဟု စည်းဝါးရိုက်ပြီးမှ ရှေ့တော်သို့ သွင်းကြရသည်။

ဦးနေဝင်းထံ နီးကပ်စွာ အမှုထမ်းကြရသည့် စစ်စုံထောက်ကြီးများလည်း သက်သာသည်မဟုတ်။ ခြေလှမ်းတချက်မှားရုံမျှနှင့် ထောင်တွင်းသို့ ရောက်သွားနိုင်သည်။

တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်တင်ဦးကို ဖြုတ်သည့်မှာ ခွာရာခြင်းတိုင်းမိသဖြင့် အမှုရှာကာ ထောင်တွင်းသို့ သွင်းသည်ဖြစ်၏။ ဗိုလ်နေဝင်းအဖို့ ရန်သူများနေစဉ်က ရန်သူများကို ဖယ်ရှားရန် ဗိုလ်တင်ဦးက ကြိုးစားခဲ့ရင်း အာဏာစောင်းထက်လာခဲ့သည်။ ဦးနေဝင်းအား နံပါတ်တစ်ကြီးဟု အရပ်က ခေါ်ကြသည်။ ဗိုလ်တင်ဦးကို နံပါတ်တစ်ခွဲဟု ခေါ်ကြသည့်တိုင် တန်ခိုးကြီးလာသဖြင့် ဗိုလ်တင်ဦးနှင့် စစ်ထောက်လှမ်းရေး ထိပ်ပိုင်းအရာရှိများကို တသီတတန်းကြီး ဖြုတ်သည်။ ဗိုလ်ဘနီပါ ဗိုလ်တင်ဦးနှင့်အတူ ထောင်ထဲသို့ ရောက်သွားရသည်။

တော်လှန်ရေးကောင်စီ လူဟောင်းများသာမက မဆလပါတီတွင်လည်း ဗိုလ်နေဝင်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်က ပါတီခေါင်းဆောင်များအား ကန်ထုတ်ဖယ်ရှားသေးသည်။

၁၉၆၂ ခုနှစ်၊ ဇူလိုင် ၄ ရက်က တော်လှန်ရေးကောင်စီဝင်များသာ ပါဝင်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် တည်ထောင်ခဲ့ရာမှ တိုးချဲ့ရန်အတွက် အရန်ပါတီဝင်များ လက်ခံတော့မည်။ ၁၉၆၃ ခု၊ မတ်လ ၃ ရက်နေ့တွင် မိမိတို့ဒေသရှိ ရဲဌာနများသို့ လာရောက်ကာ လျှောက်လွှာပုံစံများ တောင်းယူနိုင်သည်ဟု ကြေညာလိုက်သည်။

ပြည်သူလူထုကြီးက ပါတီဝင်ရန် အထူးစိတ်ဝင်စားနေကြသဖြင့်



ပါတီဝင်လိုသူများ အစုလိုက်အပြုံလိုက် ထောင်သောင်းချီကာ လာကြပါက ထိန်းသိမ်းရန် ခက်ခဲပြီး အဓိကရုဏ်းများပင် ဖြစ်နိုင်သည်ဟု ပါတီ ခေါင်းဆောင်များက စိုးရိမ်ကြသဖြင့် ရဲဌာနတို့တွင် လူစုခွဲရန် ရေပိုက်ပါသော မီးသတ်ကားများပင် အသင့်ထားရှိခဲ့သည်။

သို့သော် ထိုနေ့က လျှောက်လွှာတောင်းရန်လာသူ အနည်းငယ်သာရှိခဲ့သဖြင့် ရဲဌာနတို့မှာ ကျီးနှင့်ဖုတ်ဖုတ်ချောက်သွေ့နေသည်ကို သတင်းထောက်များ တွေ့မြင်ကြရလေသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလတွင် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းကို ပြည်သူပိုင်ပြုချိန်တွင် အရန်ပါတီဝင်များ အလွယ်တကူ အလုပ်ရနိုင်သည်ဟု သိရှိကြသဖြင့် နိုင်ငံသား အမြောက်အမြား လျှောက်ထားကြလေသည်။ အလုပ်လက်ရှိ အစိုးရမှုထမ်းရာထမ်းများနှင့် တပ်မတော်သားများတို့ပါ အင်တိုက်အားတိုက် ပါတီဝင်ကြသဖြင့် ၁၉၆၅ ခု၊ စက်တင်ဘာ ၃ ရက်နေ့တွင် ပါတီဝင်ရန် လျှောက်ထားသူ ၆၈၁၉၀၆ ဦးရှိခဲ့သည်။ နောက်တနှစ်အကြာ ၁၉၆၆ ခု၊ စက်တင်ဘာလတွင် အရန်ပါတီလျှောက်ထားသူ ၈၁၂၆၁၁ အထိ တိုးတက်ခဲ့၏။

ပါတီဝင်လျှောက်သူများကို ပထမပါတီ၏ မိတ်ဆွေအဆင့်ကိုပေးပြီး ထိုမှအရည်အသွေးအရ အရန်ပါတီဝင်အဖြစ် တိုးမြှင့်ပေးသည်၊ ထိုမှ တဖန် တင်းပြည့်ပါတီဝင်အဖြစ် ရွေးချယ်ခန့်ထားသည်။

လျှောက်ထားသူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ရန် တာဝန်ကို ပါတီကလပ်စည်းနှင့် ပါတီယူနစ်များကို တာဝန်လွှဲထားသော်လည်း တာဝန်ကျေပွန်မှု မရှိသဖြင့် ပြုပြင်ရန် နှိုးဆော်ခဲ့ကြရလေသည်။

“လမ်းစဉ်ပါတီ၏ စည်းရုံးမှုခိုင်မာရေးသည် ပါတီယူနစ်များ၏ စည်းရုံးရေးစွမ်းအားအပေါ်တွင် များစွာတည်ပေသည်။ သို့သော် ပါတီယူနစ် အတော်များများတို့သည် မိမိတို့ဒေသတွင်းရှိ ပါတီဝင်များကို ပါတီကလပ်စည်းများအတွင်း ဖွဲ့စည်းထားနိုင်ခြင်း မရှိပေ”ဟု ၁၉၆၆ ခု၊ ပါတီနှီးနှောဖလှယ်ပွဲသို့ တင်သွင်းသော အတွင်းရေးမှူး အစီရင်ခံစာ၌ ဖော်ပြထားသည်။

၁၉၆၈ ခုနှစ် အတွင်းရေးမှူး၏ အစီရင်ခံစာတွင်မှု “ပါတီယူနစ်

www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်ကော်မတီများသည် အစည်းအဝေးများ မှန်ကန်စွာ ကျင်းပရန် ညွှန်ကြားခဲ့သော်လည်း ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၆၈ ခု၊ ဇွန်လ ၃၀ ရက်နေ့အထိ ၁၈ လတာ ကာလအတွင်း ပါတီယူနစ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို ၂၇ ရာခိုင်နှုန်းသာ ကျင်းပနိုင်ခဲ့သည်။ ပါတီတွင်း စုပေါင်း ဦးဆောင်မှု စနစ်အားနည်းနေသည့်အတွက် တဦးကောင်း တယောက်ကောင်း ဆန္ဒအလျောက် ခေါင်းဆောင်မှု လွှမ်းမိုးနေသည်။ အချို့က မလိုလားအပ်သော အမိန့်ပေးစနစ်ကို ဆက်လက်ကျင့်သုံးနေပေသည်”ဟု ဖော်ပြထားသည်။

“အမိန့်ပေးစနစ်က အားကောင်းနေသည်။ ပါတီယူနစ်ဥက္ကဋ္ဌ တဦးတည်း၏ ဩဇာအာဏာသက်သက်ဖြင့် စီမံဆောင်ရွက်နေမှုများသည် ပါတီအတွက် မလိုလားအပ်သဖြင့် ထိုလုပ်နည်းလုပ်ဟန်များကို ဖယ်ရှားရန်လိုသည်။ ပါတီတွင်း၌ စုပေါင်းခေါင်းဆောင်မှု အားနည်းပြီး တဦးချင်းခေါင်းဆောင်မှု ဖြစ်ပေါ်နေသည်။ သို့ဖြစ်ရသည့် အကြောင်းရင်းမှာ ပါတီစည်းရုံးရေးလုပ်ငန်းတွင် တာဝန်ယူကြသော ကေဒါအများစုမှာ တပ်မတော်သားများ ဖြစ်နေကြသဖြင့် တပ်မတော်၏ အဆင့်ဆင့်အမိန့်ပေး အလေ့အထကို ပါတီစည်းရုံးရေးတွင် မှားယွင်းစွာ ကျင့်သုံးမိခြင်း၊ ပါတီဝင်များအတွင်း စုပေါင်းခေါင်းဆောင်မှုကို ကောင်းစွာမကျင့်သုံးတတ်ခြင်း၊ နိုင်ငံရေးနှင့် စည်းရုံးရေး အမြင်မရင့်ကျက်သေးခြင်းတို့ ဖြစ်ပေါ်သည်။

“ပါတီတွင်းစုပေါင်း ခေါင်းဆောင်မှု မထူထောင်နိုင်ပါက တဦးချင်း အမိန့်ပေးစနစ် လွှမ်းမိုးလာပြီး အမှားနှင့်အမှန်ကို လွတ်လပ်စွာ ခွဲခြားတင်ပြရဲသည့် စိတ်များခေါင်းပါးလာလေမည်။ အမှားနှင့်အမှန်ကို ခွဲခြားတင်ပြဆွေးနွေးဝံ့သော စိတ်ဓာတ်ဖွံ့ဖြိုးလာရန် လိုအပ်သည်”ဟု ၁၉၆၈ ခုနှစ်အတွင်းရေးမှူး၏ အစီရင်ခံစာတွင် ဝေဖန်ထားခဲ့သည်။

ယည်သို့သော အမှားများရှိသည်ဟု ဆိုစေကာမူ ၁၉၇၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အမြုတေပါတီမှ ပြည်သူ့ပါတီအဖြစ် ပြောင်းလဲသောအခါတွင် ပါတီအင်အား ငါးသိန်းရှိသည်ဟု ကြေညာနိုင်ခဲ့သည်။



ပါတီဝင်တို့ကို ပါတီဝင်ဖြစ်ကြောင်း လက်မှတ်ကတ်ပြား ထုတ်ပေးရာတွင် အရေးကြီးဆုံးမှာ ပါတီဝင်အမှတ်စဉ် နံပါတ်ဖြစ်သည်။ အမှတ်စဉ်ငယ်သူက စောစီးစွာ ဝင်သူဖြစ်သဖြင့် ပို၍ တန်ဖိုးကြီးသည်။ အမှတ်စဉ်ငယ်သူကကြီးသူထက် ဝါရင့်သူအဖြစ် သတ်မှတ်သည်။ အမှတ်စဉ်နံပါတ်ကြီးသူသည် ပါတီတွင်းသို့နောက်မှ ဝင်လာသူဖြစ်သည်ဟု အဆင့်ခွဲသည်။ အလုပ်လျှောက်ထားလျှင် အရည်အချင်းထက် ပါတီနံပါတ်ငယ်သူကို ဦးစားပေးကာ ခန့်ထားလေ့ရှိသည်။

အမှတ်စဉ်နံပါတ်ကို ၁၀၀၀၀၀၁ ကစတင်သည်။ ပါတီဝင်အမှတ် ၁၀၀၀၀၀၁ ကို ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ယူထားပြီး ထိုမှ တဆင့်ပြီးတဆင့် အမှတ်စဉ်ပေးသည်။

အမှတ်စဉ် ၁၀၀၀၂၀၀ အထိကို လူကြီးများအတွက် ကန့်သတ်၍ဖယ်ထားသည်။ ပါတီတိုးချဲ့မှုဝင်လာသူမှန်သမျှကို ၁၀၀၀၂၀၁ မှစတင်၍ နံပါတ်ပေး၏ လူကြီးများ၏ ပါတီဝင်အမှတ်စဉ်နံပါတ်များကို သုတေသနပြုသောအခါ...

| | |
|---|---|
| ဦးနေဝင်း | ၁၀၀၀၀၀၁ |
| ဦးစန်းယု | ၁၀၀၀၀၀၃ |
| ဦးသောင်းကြည် | ၁၀၀၀၀၀၅ |
| ဦးမြင့်မောင် | ၁၀၀၀၀၂၅ |
| ဦးရဲခေါင် | ၁၀၀၀၀၃၇ |
| ဦးမောင်မောင်ခ | ၁၀၀၀၀၄၂ |
| ဦးသာကျော် | ၁၀၀၀၀၄၇ |
| ဒေါက်တာမောင်မောင် | ၁၀၀၀၀၆၀ |
| ဗိုလ်ချုပ်မင်းခေါင် | ၁၀၀၀၀၈၆ |
| ဦးကျော်ငြိမ်း | ၁၀၀၀၁၂၈ |
| ဦးစိန်လွင် | ၁၀၀၀၁၃၇ |

စသည်ဖြင့် ကနဦးပါတီကို စတင်ဖွဲ့စည်းချိန်က ရာထူး၏ အဆင့်အလိုက် နံပါတ်စဉ်အမှတ် ပေးထားသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာရင်းတွင် ဦးနေဝင်း ၁၀၀၀၀၀၁ နှင့် ဦးစန်းယု ၁၀၀၀၀၀၃ အကြားတွင် အမှတ် ၁၀၀၀၀၀၂ ပျောက်နေသဖြင့် စုံစမ်းရာ စာရင်းအစအနကိုပင် မတွေ့နိုင်တော့ပေ။ သမိုင်းကို ပြန်၍လှန်မှ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့က တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီးအား ရာထူးမှ ထုတ်ပယ်သဖြင့် ထိုရာထူးရှင်အတွက် ရည်ရွယ်လျာထားသော အမှတ် ၁၀၀၀၀၀၂ မရှိဘဲ ပါတီတွင် အုတ်တချပ် လပ်နေသည်ဟု တွက်ဆရပေသည်။

အလားတူပင် ရာထူးမှ နုတ်ထွက်သူ ဗိုလ်မှူးချုပ် တီကလစ်၏ ပါတီဝင် နံပါတ် ၁၀၀၀၀၄ နှင့် ရာထူးမှ ဖယ်ရှားခံရသော စစ်ဗိုလ်များ၏ ယာယီအမှတ်များမှာလည်း ပျောက်ကွယ်နေသည်။ မော်ကွန်းတိုက်တွင် ထိုနံပါတ်ရှင်များ မည်သူမည်ဝါ ဖြစ်ခဲ့သည်ဟုပင် မှတ်တမ်းများ မထားတော့ဘဲ လက်စပျောက်ထားသည်။ တပ်မတော်နှင့် ပါတီက ဖယ်ရှားသူများကို လူလောက၌ ရှိခဲ့သူများမဟုတ်ဟုဆိုပြီး သမိုင်းပါ ဖျောက်ဖျက်လေ့ရှိသည်။

ပြည်သူ့ပါတီကြီးဟု ကြေညာခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် စစ်တပ်ပါတီသာ ဖြစ်သည်မှာ သိသာထင်ရှားပေ၏။

ပါတီတွင် တာဝန်ပေးချက်အရ ပါတီဌာနချုပ်၌ တာဝန်ထမ်းဆောင်ကြရင်း အလုပ်သဘောအရ ပါတီဝင်အများနှင့် ရင်းနှီးချစ်ခင်မိသဖြင့် ပြုံတ်ရသည်လည်း ရှိသည်။ ပါတီညီလာခံတခုတွင် ကော်မတီရွေးပွဲကျင်းပရာ ဗိုလ်ချုပ်ကြီးစန်းယုက မဲအများဆုံးရရှိပြီး ဦးနေဝင်းက စတုတ္ထမဲအများဆုံး ရသူဖြစ်နေသည်။ ဒုတိယ မဲအများဆုံးရသူ ဗိုလ်ထွန်းလင်းနှင့် ဗိုလ်သန်းစိန်တို့အား သူ့ထက် မဲပိုမိုရရှိရပါမည်လောဟု ဦးနေဝင်းက လွန်စွာစိတ်ဆိုးကာ လူစုမွှေးသည်၊ မဲဆွယ်သည်ဟု အကြောင်းပြကာ ပါတီမှ ထုတ်သည်။ ထုတ်ရုံနှင့်အားမရ သမီးဖြစ်သူ၏ မင်္ဂလာဆောင်တွင် ဧည့်ခံရန် ပြည်သူ့ဆိုင်မှ နို့ဆီဘူး ခိုးဝယ်သည်ဟူသောအမှုနှင့် ထောင်ချသေးသည်။ နောင်ကာလ ပါတီတွင်း ရွေးကောက်ပွဲများတွင် ပါတီ ခေါင်းဆောင်ငယ်များမှာ မဲများများမရအောင် ကြံဖန်ကြရရှာကြသည်။

မဆလပါတီတွင်း အရေးယူမှုကလည်း များပြားလှသည်။ "ချီလီ



နိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ထောင်နေသည်။ ထို့ကြောင့် ဒီမိုကရေစီနည်းနှင့် ဆိုရှယ်လစ်နိုင်ငံ တည်ထောင်နိုင်သည်"ဟု ပြောမိသူလည်း အရေးယူခံရသည်။ စစ်ဖက်နှင့်အရပ်သားဘက် သွေးခွဲသူဟု စွပ်စွဲ၍ ဖြုတ်ချသူလည်း အများရှိ၏။

၁၉၆၈ ခုနှစ်က ပါတီဝင် ၂၃၁, ၉၅၁ ရှိရာတွင် ၅၂၁ ဦးကိုပါတီမှ ထုတ်ပယ်ခဲ့သည်။

၁၉၇၁ ခုနှစ်က ပါတီညီလာခံသို့ တင်သွင်းသော စည်းရုံးရေးဗဟိုကော်မတီ အစီရင်ခံစာတွင် ပါတီကေဒါပေါင်း ၃၇၅ ဦးတို့ကို တာဝန်မှ ရပ်သိမ်းခဲ့ကြောင်း၊ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ရသူ ၁၆၂၉ ဦး ရှိကြောင်း ဖော်ပြထား၏။

"ပါတီဗဟိုကော်မတီဝင် ၄ ဦးနှင့် ပါတီယူနစ် အမှုဆောင်ကော်မတီဝင် ၇ ဦးတို့သည် ပါတီစည်းကမ်းကို ချိုးဖောက်သည့်ပြင် နိုင်ငံတော် လုံခြုံရေးအတွက် ထိန်းသိမ်းထားခြင်း ခံနေရသည်ဖြစ်သဖြင့် ပါတီတာဝန်များ ရပ်ဆိုင်းထားကာ ပါတီစည်းကမ်းအရ အရေးယူနေပါသည်"ဟု ၁၉၇၃ ခု၊ ဧပြီလ အရေးပေါ် ပါတီညီလာခံ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၉၄၈ ခု၊ ပြည်တွင်းစစ် စတင်စဉ်က ဗိုလ်နေဝင်း အတည်ပြုခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ဥပဒေ (ပုဒ်မ ၅) သည် သူ၏ရာထူးသက်တသက်လုံး အသုံးဝင်သော ဥပဒေဖြစ်ခဲ့သည်။

ဦးနေဝင်းသည် ပြည်သူလူထုများ ရဲဘော်ရဲဘက် တပ်မတော်ခေါင်းဆောင်များနှင့် ပါတီခေါင်းဆောင်များကိုပါ ခြင်ကောင်ယင်ကောင် ကလေးများသဖွယ် ဖျတ်ကနဲဖျတ်ကနဲ သတ်ဖြတ်နေသည်ကို အင်အားကြီးလှသော ဗမာ့တပ်မတော်ကြီး တခုလုံးတုတ်တုတ်မှ မလှုပ်ရဲပဲ သတိအနေအထားနှင့် ပါးရိုက်ခံနေခဲ့ကြသည်။

တပ်မတော်သည် ပြည်သူတို့၏ သားသမီးများ ဖြစ်ကြသဖြင့် အမှန်တရားကို သိကြမည်ဖြစ်သည်။ သို့သော်လည်း အခွင့်အရေးကို မကြော်သဖြင့်လည်းကောင်း၊ တင်းကြပ်သည့် ဖက်ဆစ်တပ်အုပ်ချုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



စနစ်ကို ကြောက်ရွံ့သဖြင့်လည်းကောင်း၊ လက်ရှိပက်ဆစ်စနစ်ကို တော်လှန်ရဲသူတပ်မတော်အတွင်း၌ တယောက်မှမရှိ။ သူတို့သည် ဦးနေဝင်းက နိုင်ငံတခုလုံးကို စားပြဲတိုက်နေခြင်းကို သိရှိပါလျက် ကြောက်ရွံ့ခြင်း၊ သူရဲဘောကြောင်ခြင်း၊ စားကြွင်းစားကျန်ဝေစု ရနိုင်ခြင်းတို့ကြောင့် မည်သူ တဦးတယောက်မှ ဦးနေဝင်းကို ပြန်မလှန်ပေ။

တပ်မတော်တွင် အမှန်ကိုလုပ်ရဲသူ တဦးသာရှိသည်။ သူကားသူရဲကောင်း ဗိုလ်ကြီးအုန်းကျော်မြင့် ဖြစ်ပါသည်။

ဗိုလ်ကြီးအုန်းကျော်မြင့်သည် တော်လှန်ရေး အစိုးရနှင့် မဆလအစိုးရခေတ်တွင် တပ်မတော်တာဝန်ကို ထမ်းဆောင်ရင်း တပ်မတော်အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်နှင့် နိုင်ငံ၏အကျိုးစီးပွားကို လျစ်လျူရှုကာ သူနှင့်သူ၏မိသားစု ကိုယ်ကျိုးအတွက်နိုင်ငံပိုင်ပစ္စည်းများကို ခိုးဝှက်နေသည့် သူခိုးကြီးသာ ဖြစ်သည်ကို လေ့လာသိရှိမိရှာသည်။

တပ်မတော်ကြီး လမ်းစဉ်မှားနေပြီဟု သိလျှင်၊ သိခြင်း သူခိုးဗိုလ်ချုပ်ကို လုပ်ကြံမှသာ တပ်မတော်ကို အမှန်လမ်းကြောင်းသို့ ပြင်ဆင်ပို့ဆောင်နိုင်မည်ဟု ယူဆကာ နိုင်ငံပိုင်ပစ္စည်းများကို မတရားခိုးဝှက်ပြီးတပ်မတော်၏ သိက္ခာကိုဖျက်သူ ဗိုလ်ချုပ်ကြီးအား လုပ်ကြံရန် အားထုတ်ခဲ့သည်။

သူ၏အကြံကို ထိပ်ပိုင်းရှိ တပ်မတော်ခေါင်းဆောင်များကို လျှို့ဝှက်တင်ပြခဲ့သည်။ ထိုစစ်ဗိုလ်ခေါင်းဆောင်ကြီးများက ဗိုလ်ကြီးအုန်းကျော်မြင့်အားတားဆီးခြင်း မပြုကြပေ။ ထိုပြင်ကြံစည်မှုရှိနေကြောင်းကိုလည်း ဗိုလ်နေဝင်းအား အသိပေးရန် တာဝန်ရှိပါလျက် တင်ပြခြင်း မပြုကြ၊ ဗိုလ်နေဝင်းလုပ်ကြံခံရလျှင် သူတို့လည်း အသက်ရှုချောင်မည်ဟု ယူဆကြသည်။

သို့သော် စစ်စုံထောက်ကြီး ဗိုလ်တင်ဦး သိသွားသဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်မှာ အောင်မြင်မှုမရခဲ့ရှာပေ။ သူနှင့်တကွ စစ်ဗိုလ် ၁၄ ဦးတို့ကို ၁၉၇၆ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့က ဖမ်းဆီးခဲ့သည်။ ထိုစဉ်ကတပ်မတော် စစ်ဦးစီးချုပ်သေနာပတိ ဗိုလ်ချုပ်ကြီးတင်ဦးကိုပါ ဦးနေဝင်းက



ဖမ်းဆီး ခဲ့သည်။ သူရဲကောင်း ဗိုလ်ကြီးအုန်းကျော်မြင့်အား သေဒဏ်ပေးကာ ကွပ်မျက်ခဲ့သည်။

ဦးနေဝင်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်အောက်မှ တပ်မတော်တွင် ယောကျ်ားပီသသူဟူ၍ ဗိုလ်ကြီးအုန်းကျော်မြင့်တဦးသာ ရှိသည်ဟုဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၂)

## ဗိုလ်နေဝင်း၏ အကြီးဆုံးသော ရာဇဝတ်မှု

ဗိုလ်နေဝင်းသည် နိုင်ငံသားများကို ထောင်သွင်းခြင်း၊ ကိုကိုးကျွန်း အကျဉ်းထောင်ဆောက်၍ ညှဉ်းဆဲခြင်း၊ ဝင်ငွေကောင်းသော အသက်မွေးမှု လုပ်ငန်းမှန်သမျှကို စစ်သားများကိုသာ လုပ်ပိုင်ခွင့်ပေးခြင်းတို့ဖြင့် လူထုအား အမျိုးမျိုး ညှဉ်းဆဲခဲ့သည်။

ဇူလိုင် ၇ တွင် ကျောင်းသားများကို သတ်ခဲ့သည်နှင့် အားမရသေးသဖြင့် "စစ်တပ်ဆိုတာ ပစ်လျှင် မှန်အောင်ပစ်တယ်"ဟု ပြည်သူလူထုကြီးအား တီဗီမှန်သားပြင်မှ မျက်မှောင်ကြုတ်၍ မာန်မဲပြောဆိုပြီး စစ်တပ်လက်သို့ လွှဲအပ်ခဲ့သဖြင့် စစ်တပ်က ထောင်နှင့်ချီသော ဒီမိုကရေစီ ဆန္ဒပြသူများအား ပစ်သတ်ခဲ့သည်။

ရွှေတိဂုံစိန်ဖူးတော်မှ ရတနာများမှ စတင်ကာ တိုင်းပြည်ချမ်းသာသမျှ သယံဇာတနှင့် ရတနာများကို နိုးဝှက်ကာ နိုင်ငံခြားသို့ သွားရောက်သုံးဖြုန်းခဲ့သည်သာမက နိုင်ငံတခုလုံး မွဲပြာကျစေသည်အထိ နိုးဝှက်၍ သားစဉ်မြေးဆက် စားနိုင်အောင် နိုင်ငံခြားသို့ ပို့ခဲ့သည်။

သူကျူးလွန်သော ရာဇဝတ်မှုများသည် ကြီးမားများပြားလှသည်။ သူ၏ရာဇဝတ်မှုများတွင် အကြီးဆုံးသော အမှုမှာ သူ၏လက်ထက်မှ သူ



လွန်သောခေတ်အထိ စစ်တပ်မင်းဆက် တလျှောက်လုံးတွင် နောက်ပေါက်လူငယ်မှန်သမျှ ပညာမတတ်အောင် တက္ကသိုလ်အထက်တန်း ပညာသင်ကျောင်းများကို ပိတ်ထားခဲ့မှုဖြစ်သည်။ ထို့ပြင် မြန်မာစာကို ဖျက်စီးခဲ့သည့် ရာဇဝတ်မှုကလည်း ကြီးမားလှသည်။

"ထိုမင်း၏ ပါယ်မယားတယောက်သော်ကား တြိလောကဝဋ်သကာဒေဝီမည်၏။ ထိုပါယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏"ဟု သက္ကရာဇ် ၄၇၄ ခုက ပုဂံမြို့တွင် ထွင်းထု၍ မှတ်တမ်းတင်ခဲ့သော မြစေတီကျောက်စာ ခေတ်မှ စတင်၍မြန်မာစာ ပေါ်ပေါက်ထွန်းကားခဲ့သည်။

ထိုမှတဆင့် "သိုးကလေး၊ ပုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌ နံ့ရှားကြိုင်လှိုင့်၊ ခါတန်ပွင့်သည်။ ရွှေနှင့်ယိုးမှား၊ ပန်းစကား" စသော ကြည်နူးသာယာ ရသဖြာစေသည့် ကဗျာလင်္ကာများ ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံသည် စာပေဖွံ့ဖြိုးသဖြင့် ယဉ်ကျေးမှုတိုးတက်ကာ စီးပွားရေးပါ တောင့်တင်းခိုင်မာသော နိုင်ငံတခုအဖြစ် ရပ်တည်ကြီးပွားထွန်းကားလာခဲ့သည်။

ယင်းသို့ နိုင်ငံတိုးတက်ကြီးပွားမှု၏ အဓိကအင်အားဖြစ်သော မြန်မာစာပေအင်အားသည် မျိုးခြားသူအင်္ဂလိပ်တို့၏ ကျွန်ဘဝသို့ ရောက်ရှိကြသောအခါ နိမ့်ကျယိုယွင်းသွားခဲ့သည်။

မြန်မာမင်းများခေတ်က အစဉ်အဆက် ထွန်းကားခဲ့သော ပျို့၊ ကဗျာ၊ ရတု၊ ရကန် စသည်တို့မှ စကားပြေအထိသော မြန်မာစာပေသည် ပေစာ၊ ပရပိုက်များပေါ်တွင်သာ တည်ရှိလေသဖြင့် အင်္ဂလိပ်တို့၏ ကျွန်ဘဝသို့အရောက်တွင် တိမ်ကောပပျောက်ရမည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ အညွန့်တလူလူ ဝေဆာပွင့်လင်းခဲ့သော မြန်မာစာပေ နိမ့်ကျပျက်ပြားပါလျှင် မြန်မာတို့အဖို့ ချစ်မြတ်နိုးရန် စာပေယဉ်ကျေးမှု ရှိတော့မည် မဟုတ်သဖြင့် နိုင်ငံရေး မျိုးချစ်စိတ်ဓာတ်သည်လည်း အားလျော့ ပျော့ပြောင်းနေခြေမည်၊ လွတ်လပ်ရေးတိုက်ပွဲ အားမာန်မှာလည်း တင်းမာမှုရှိမည် မဟုတ်ပေ။

လူမျိုးတမျိုးအဖို့ စာပေမြင့်မှသာ လူမျိုးတင့်ပေသည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



သဘောတရားကို ဆင်ခြင်မိသူတဦးသည် မြန်မာစာပေ ပြန်လည်ဖော်ထုတ်၍ မြှင့်တင့်ရေးကို အားထုတ်ကြိုးပမ်းခဲ့လေသည်။ ထိုသူမှာ မြန်မာမဟုတ် အင်္ဂလိပ်အစိုးရ၏ ဝန်ထမ်းအရာရှိကြီး တဦးဖြစ်သည်။

ဒေါက်တာဂျေအက်စ်ဖာနီဗယ် (၁၈၇၈–၁၉၆၀)သည် ၁၉၀၂ ခုနှစ်တွင် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (အိုင်စီအက်) အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံအရပ်ရပ်တွင် ကြေးတိုင်မင်းကြီးအဖြစ် အမှုထမ်းခဲ့ရာမှ မြန်မာနိုင်ငံကို ချစ်ခင်မြတ်နိုးသူ မျိုးချစ်တဦး ဖြစ်လာခဲ့သည်။ မြန်မာရှမ်းအမျိုးသမီးတဦးနှင့် အိမ်ထောင်ပြုကာ မြန်မာတဦးအသွင် နေထိုင်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စီးပွားရေးအခြေအနေ ကျဆင်းနေသဖြင့် မြန်မာအမျိုးသားတို့အဖို့ မြန်မာစာပေ ထွန်းကားမှု မရှိပါက လက်ရှိဉာဏ်ထက် အောက်ကျနောက်ကျဖြစ်ကာ နစ်မြုပ်နေသော ကျွန်တွင်းမှ ထွက်နိုင်မည် မဟုတ်သဖြင့် စာပေဖွံ့ဖြိုးရေးကို ကူညီပါဟု မစ္စတာဖာနီဗယ်က ပြည်ထဲရေးဝန်ကြီး ဦးမေအောင်အား ချဉ်းကပ်ခဲ့ရာမှ မြန်မာနိုင်ငံ သုတေသန အသင်းကြီးကို ၁၉၁၀ ခုတွင် တည်ထောင်နိုင်ခဲ့သည်။

အသင်းကြီးဖြစ်ပေါ်လာသောအခါ ပညာကျော်ဆရာကြီး ဦးဖေမောင်တင်နှင့် ပူးပေါင်းကာ ဂန္ထလောကဂျာနယ်ကို တည်ထောင်ထုတ်ဝေခဲ့သည်။ "မြေအုတ်များပြိုလေသော် ကျောက်အုတ်များနှင့် တည်ဆောက်အံ့"ဟူသော ဆောင်ပုဒ်ကိုချမှတ်ကာ မြန်မာစာပေဟောင်းများ တည်းဖြတ်ပုံနှိပ်ရေးကို စတင်အားထုတ်ခဲ့သည်။

ဂျီစီဘီအေအဖွဲ့ကြီးက မြန်မာများ ကိုယ်ပိုင်အုပ်ချုပ်ရေး မှတဆင့် လွတ်လပ်ရေးကိုပေးရန် တောင်းဆိုသောအခါ အင်္ဂလိပ်အစိုးရနှင့် အရာရှိကြီးများက မြန်မာများအရည်အသွေး မပြည့်သေးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မတန်သေးဟု ခေါင်းခါခဲ့ကြသည်။ ထိုစဉ်ခိုက်တွင် အင်္ဂလိပ်အမျိုးသား အင်္ဂလိပ်အစိုးရ အရာရှိတဦးဖြစ်သူ ဖာနီဗယ်က မိမိလူမျိုးနှင့် မိမိ၏ အစိုးရကို ဆန့်ကျင်ကာ "မြန်မာတို့သည် ရှင်သန်ကြီးထွားသော စာပေယဉ်ကျေးမှုအရ လွတ်လပ်ရေးနှင့် ထိုက်တန်နေပေပြီ"ဟု ဝိုက်



ကော်မတီ စုံစမ်းရေးအဖွဲ့၌ ထုတ်ဖော်ထွက်ဆိုကာ "မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးသင့်ပါပြီ"ဟု အကြံပေးခဲ့သည်။

မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် အင်္ဂလိပ်အစိုးရက နှောင့်နှေးနေသည်ကို မကျေနပ်သဖြင့် အမှုထမ်းသက် ၂၀ တွင် ရာထူးမှထွက်ခဲ့သည့်အထိ စေတနာကြီးခဲ့ပေသည်။

မြန်မာနိုင်ငံတွင်ပင် ဆက်လက်နေထိုင်ကာ လွတ်လပ်ရေး တိုက်ပွဲတွင် မြန်မာလူငယ်များ ပညာဗဟုသုတ ဖွံ့ဖြိုးရေးအတွက် စာအုပ်ဆိုင်ဖွင့်ကာ အားထုတ်ခဲ့သည်။ မြန်မာလူငယ်များ ကွန်မြူနစ်ဝါဒ၊ ဖေဘီယံဝါဒ၊ ဆိုရှယ်လစ်ဝါဒ စသည်တို့မှ အနောက်တိုင်းစာပေ ယဉ်ကျေးမှုများ နိုင်ငံရေးလမ်းစဉ်များကို လေ့လာဆည်းပူးနိုင်ကြရန် အားထုတ်ခဲ့သည်။

ဂျာနယ်အယ်ဒီတာမောင်ဘသောင်းသည် သခင်ပါတီ၏ ဗိသုကာ သခင်ဘသောင်း ဖြစ်လာခဲ့သည်။ သချာဘွဲ့ရကိုသိန်းမောင်အား စာအုပ်ရောင်းဝယ်မှု ပညာသင်ကြားရန် ဘိလပ်သို့စေလွှတ်ရာမှ အပြန်တွင် သခင်ပါတီကို အစဉ်တစိုက် ဦးစီးသော သခင်သိန်းမောင် ဖြစ်လာခဲ့သည်။ ဖာနီဗယ် မရှိလျှင် တို့ဗမာအစည်းအရုံးပင် ပေါ်ပေါက်လာကောင်းမှ ပေါ်ပေါက်ပေမည်။

၁၉၃၀ ခုနှစ်တွင်မှ ဖာနီဗယ်သည် အင်ဒိုနီးရှားသို့ ဆယ်နှစ်တိုင်သွားရောက်ကာ ကိုလိုနီလက်အောက် နိုင်ငံများ၏ စီးပွားရေးစနစ်ကို လေ့လာနေခဲ့စဉ် မြန်မာနိုင်ငံလွတ်လပ်သောခေတ်သို့ ရောက်သောအခါ ကြီးမားသော သူ့ကျေးဇူးကိုသိရှိသူ ဝန်ကြီးချုပ်သခင်နုက ပင့်ခေါ်၍ အစိုးရ စီမံကိန်း ပါရဂူအဖြစ် ရာထူးပေးခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် သတိုးသီရိသုဓမ္မဘွဲ့ကို ပေးအပ်သည်။ ရန်ကုန်တက္ကသိုလ်က ဒေါက်တာဘွဲ့ ချီးမြှင့်သည်။ "၁၈၆၂ ခုနှစ်မှ ၁၉၅၁ ခုနှစ်ခေတ်သစ် မြန်မာပြည်၏လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု"ကျမ်းကြီးကို ပြုစုခဲ့သည်။

"ဒေါက်တာဖာနီဗယ်သည် အင်္ဂလိပ်လူမျိုးတို့၏ ရုပ်အဆင်းသဏ္ဍာန်ရှိသော်လည်း သူ၏စိတ်ဓာတ်မှာ မြန်မာတယောက် အသွင်ထင်ပေါ်ကာ မြန်မာစကားကိုသာ ဝိသဇ္ဇာပြောသည်။ ပညာမာန၊ လူမျိုးမာန၊

www.burmeseclassic.com



ရာထူးမာနမရှိဘဲ သူ၏အတွေးအခေါ်တို့သည် သစ်တုံးဓားနှင့် ဖြတ်သကဲ့သို့ တိတိပိုင်းပိုင်း ရှိသည်။ သူသည် မထောက်မညှာ ပြောတတ်သော်လည်း အကြင်နာတရားအရှိဆုံး ဖြစ်သည်။ အစိုးရလောကၡ ဖြစ်စေ၊ သတင်းစာလောကၡဖြစ်စေ၊ ကုန်သည်လောကၡဖြစ်စေ၊ နိုင်ငံရေး လောကၡဖြစ်စေ၊ အယုတ်တရားကို တွေ့အံ့၊ သူသည် ပြစ်တင်ရှုံ့ချရန် ဝန်မလေးပေ”ဟု ပညာရှင်တဦးက ချီးကျူးသည်။

အယုတ်တရားအမှားကို မြင်လျှင် ပြစ်တင်ရန် ဝန်မလေးသူတို့တွင် ရန်ငြိုးသိုခြင်း ခံရမြဲမှာ ဓမ္မတာဖြစ်သည်။

အဘယ်အကြောင်းကြောင့်ဟူ၍ မသိရ။ ဗိုလ်ချုပ်ကြီးနေဝင်းက ဖာနီဗယ်ကို ကြီးမားစွာ မုန်းတီးခဲ့သည်။ ၁၉၅၈ ခု၊ အိမ်စောင့်အစိုးရ တက်သည်နှင့် ဗိုလ်နေဝင်းက အကြံပေးအရာရှိကြီး ဖာနီဗယ်အား ရာထူးမှ ဖြုတ်ချခဲ့သည်။ ဗိုလ်နေဝင်းတဦးမှတပါး မြန်မာခေါင်းဆောင်များ၊ စာပေပညာရှင်များက ဖာနီဗယ်ကို ချစ်မြတ်နိုးကြသည်။ မြန်မာ့စွယ်စုံကျမ်းကြီးတွင် မြန်မာနှင့် ကမ္ဘာခေါင်းဆောင်အရာအထောင်တို့၏ သမိုင်းကို ဖော် ပြရာတွင် ဖာနီဗယ့်အား ချီးကျူးသကဲ့သို့ ထောမနာသော အောက်ပါ စာပိုဒ်မျိုးကို မတွေ့ခဲ့ရသည့်တိုင် ထူးကဲစွာ ထောမနာထား၏။

“မြန်မာနိုင်ငံသားတို့အတွက် သူ၏အကျိုးဆောင်မှုလုပ်ငန်းတို့ကား အံ့ချီးဖွယ်ရာ ဖြစ်ပေသည်။ မြန်မာနိုင်ငံသုတေသနအသင်း၏ ကျေးဇူးကြောင့် မြန်မာပညာရပ်များ တိမ်ကောပပျောက်နေရာမှ မှိုဦး မြက်ခင်းပမာပြန်လည် လန်းဆန်းစိုပြည်လာခဲ့သည်။ မြန်မာပြည်စာအုပ်အသင်း၏ ကျေးဇူးကြောင့် မြန်မာတို့၏ စာဖတ်ဝါသနာသည် ရေထဦး ဒီရေပမာ တိုးတက်လာခဲ့ပေသည်။ ဂန္ထလောကစာစောင်၏ ကျေးဇူးကြောင့် မြန်မာစာပေသည် နွေဦးပေါက်တောအုပ်ပမာ ပန်းမျိုးစုံဝေဆာလာခဲ့သည်။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၏ ကျေးဇူးကြောင့် မြန်မာဘာသာပြန် ကမ္ဘာစာပေနှင့် သိပ္ပံပညာရပ်များသည် ဆန်းသစ်စ လပမာ တိုးတက် ပြည့်ဝလာခဲ့ပေသည်။ မြန်မာနိုင်ငံသည်လည်း အရှေ့တောင်အာရှတိုက်တွင် အိမ်တဆောင် မီးတပြောင်နှင့် လူတလုံးသူတလုံး နေနိုင်ခဲ့လေသည်။ ဒေါက်တာဖာနီဗယ်၏



ကျေးဇူးကား မြန်မာနိုင်ငံအပေါ် ကြီးမားလှပေသည်။

မြန်မာနိုင်ငံ၏ အကျိုးကို ဤမျှဆောင်ရွက်ခဲ့သဖြင့် ဗြိတိသျှနိုင်ငံသားတို့အတွက်လည်း လူမျိုးဂုဏ်မညှိုးရအောင် ဆောင်ရွက်ခဲ့သူ ဖြစ်သဖြင့် ဂုဏ်ယူဖွယ်ရာ ကောင်းသောယောကျ်ားထူး ယောကျ်ားမြတ် တယောက်ဖြစ်ပေသတည်း”

ဒေါက်တာဖာနီဗယ်နှင့် ဆရာကြီးဦးဖေမောင်တင်တို့ အားထုတ်ကြသည့် မြန်မာနိုင်ငံသုတေသန အသင်းကြီး၏ စာတမ်းဖတ်ပွဲများသို့ မြန်မာမှုကို စိတ်ဝင်စားသော အင်္ဂလိပ်များနှင့် ဦးကောင်း၊ ဦးကျော်ထွန်း၊ ဦးခင်ဇော်၊ ဦးချစ်သောင်း၊ ဦးစံရွှေဘု၊ တော်စိန်ခို၊ ဦးဖေ၊ ဦးဘကျား၊ ဦးဘသိန်း၊ ဒေါက်တာဘဟန်၊ ဦးဘိုးကျား၊ ဦးဘိုးဖြူ၊ ဦးမေအောင်၊ ဦးမြ၊ ဦးရွှေဖံအောင်၊ ဦးလင်း၊ ဆရာလွန်း၊ ဒေါက်တာလှဖေ၊ ဦးအောင်သိန်း၊ ဦးစောမောင်၊ ဦးစောကြွယ်၊ ဦးဝန်၊ ဦးသိန်းဟန်စသော ပညာရှင်ကြီးများ၏ စာတမ်းများတင်ကြသည်ကို စာစောင် ၄၅ စောင် ထုတ်ဝေကာ မှတ်တမ်းတင်နိုင်ခဲ့သည်။

ထို့ပြင် မြန်မာမင်းများလက်ထက်က သီကုံးခဲ့သော မြန်မာစာပေများ ပျောက်ကွယ်မသွားစေရန် ပေစာ၊ ပုရပိုက်စာများမှ ကူးယူတည်းဖြတ် ပုံနှိပ်သော လုပ်ငန်းကိုလည်း လုပ်ဆောင်ကြသည်။

ဩဝါဒထူးပျို့မှ စတင်ပုံနှိပ်ခဲ့သည်။ ဆက်လက်၍ ဒေဝကုမ္ဘာန်ပြဇာတ်၊ ဥတိန္နပျို့၊ မဟာသီလပျို့၊ မင်္ဂလသုတ်ပျို့၊ ရာဇောဝါဒကျမ်း၊ အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတား၊ ဂဝံပတိ၊ ရေစကြို၊ ခုံတော်ဖြတ်ထုံး၊ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ ဦးကုလား မဟာရာဇဝင်ကြီး လောကသာရပျို့၊ ကန်တော်မင်ကျောင်း မေတ္တာစာ၊ မဟာပညာကျော် လျှောက်ထုံး၊ ကျပင်းတရားစာပေ၊ ပဒေသာသီချင်းများ၊ ပါပဟိန်ပြဇာတ်၊ ရွှေပြည်စိုးဝတ္ထု၊ စံပယ်ပင်ဝတ္ထု၊ ဥမ္မာဒန္တီပျို့၊ သုတသောမပျို့၊ ဂါမဏိစန္ဒာပျို့၊ ကင်းဝန်မင်းကြီးသမိုင်း၊ ကျည်ကန်ရှင်ကြီး မေတ္တာစာ၊ နတ်ရှင်နောင်ဆိုရတုတရုတ်သံရောက်မော်ကွန်း၊ ရဲတင်းမော်ကွန်း၊ အာသံနိုင်မော်ကွန်း၊ ဦးပုညမေတ္တာစာ၊ ဦးပုညသာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း၊ အထူး

www.burmeseclassic.com

www.burmeseclassic.com



ကောက်နုတ်ချက်ဇာတ်ဝတ္ထု၊ ပြည်မြို့ဘွဲ့လက်ာညွန့်ပေါင်း၊ မာတောဝါဒဆုံးမစာ၊ စတုဓမ္မသာရ ကိုးခန်းပျို့၊ စိတ္တကျော်သူဆိုရတုများ၊ ဘိုးတော်ရှင်ချေင်းနှင့် မင်္ဂလာလူးတား၊ မွေ့နွန်းရကန်၊ ရာမရကန်၊ အသျှင်ဥတ္တမသမာလာ မေတ္တာစာ စသည်တို့ကို ပုံနှိပ်နိုင်ခဲ့သည်။

ထိုမြန်မာစာပေ အဆီအနှစ်များမှာ ကျောင်းကြိုကျောင်းကြား၊ ဖယက်ကြိုဇရပ်ကြားတို့တွင် အမှိုက်သရိုက်များအဖြစ် လေလွင့်ပျောက်ကွယ်လုဆဲဆဲတွင် အသင်းကြီးနှင့် ရှေးပညာရှိကြီးများက ရှာဖွေသုတ်သင်ပုံနှိပ်ကြသဖြင့် နောင်လာနောက်သားတို့ ဖတ်ရှုနိုင်ကြရသည်။

အသင်းကြီး၏ ကျေးဇူးကား အတိုင်းအဆမရှိ ကြီးမားလှသည်။ ဆရာတော်ရှင်ဥတ္တမကျော်သည် တောလားများကို ဖွဲ့ဆိုတော်မူခဲ့သည်။ သက္ကရာဇ် ၈၄၅ ခုကာလ အင်းဝ ဘုရင်ဒုတိယမင်းခေါင် သားတော် ရွှေနန်းကြော့ရှင်က ကျောင်းဆောက်လုပ် လှူဒါန်းသည်ကိုပင် လက်မခံပဲ တောတွင်သာ ပျော်ခဲ့သည်။ တောကိုသာ စာဖွဲ့ခဲ့ရာ တောလားများ ဖွဲ့ခဲ့ပေမည်ဟု ယူဆရသည်။ စာများပျောက်နေသည်။ အသင်းကြီးက အချိန်မီ ကြိုးစားရှာဖွေပါသော်လည်း တောလား ၉ ပုဒ်ကိုသာ တွေ့ရတော့သည်။

"သဘင်ဂီမာန်၊ တာသကြီန်ဟု လေပြန်လွှင့်ကျ၊ ဘုံသစ်ထူ၍၊ ဥဏှာဂူနတ်၊ ဖန်ရဟတ်လည်း၊ သဟာသရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာကာနှိမ်လျက်၊ ပြင်းရှိန်၊ အန္တ၊ ကုန်စွမ်းပြသော်၊ လေခမြေသက်၊ စျာန်ဝိတက်သို့၊ သစ်ရွက်ရောရီ၊ ဣန္ဒနီဝယ်၊ သီဂီတဝက်၊ ဖက်၍ဆေးစုံခြယ်သော ပုံသို့...."။

"တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောရှက်၊ မရန်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်၊ မှောင်ခဲ့တခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တလီ၊ ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယုဂန်ထက်က၊ လေးဘက်လုံခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေး ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့ ..."

စာလုံးများကို ဖွဲ့သီထားပါလျက် ဆေးရောင်စုံ ပန်းချီကားကို ရှုစားရသကဲ့သို့ ဖွဲ့ဆိုထားသည်။ ဤစာများပါ ပျောက်ကွယ်ခဲ့ပါလျှင် မြန်မာတမျိုးသားလုံး အကျိုးနည်းရချေမည်။



ယင်းကဲ့သို့ မြန်မာစာပေကို ဖော်ထုတ်ကာ စာပေချစ်ကြစေရန် မျိုးချစ်စိတ်ကိုနှိုး၍ မြန်မာ့လွတ်လပ်ရေးကို တိုက်ခိုက်ခဲ့သော အသင်းကြီးမှာ ၁၉၈၀ ခုနှစ်တွင် ရုတ်တရက် သတ်ဖြတ်ဖျက်ဆီးခြင်းခံခဲ့ရသည်။

မဆလအဖွဲ့ကြီး၏ ဥက္ကဋ္ဌကြီး၊ အာဏာရှင်ဗိုလ်နေဝင်းက ပညာရေးဝန်ကြီး ဒေါက်တာညီညီအား အိမ်တော်သို့ ဆင့်ခေါ်ပြီး "ဒီအသင်းကို ဖျက်လိုက်"ဟု တချက်လွှတ် အမိန့်ပြန်သည်။

ဒေါက်တာဖာနီဗယ် ဆရာကြီးဦးဖေမောင်တင်နှင့် မြန်မာပညာရှင်ကြီးများ နှစ်ပေါင်း ၇၀ တိုင်ပြန်လည် ဖော်ထုတ်ခဲ့သော မြန်မာစာပေအထောင်အသောင်းမှာ ဗိုလ်နေဝင်း၏ "ဒီအသင်းကို ဖျက်လိုက်"ဟူသော စကားလုံး ၆ လုံးနှင့် ကျူပြုန်းရရှာတော့သည်။

အဘယ်ကြောင့် အသင်းကြီးကို ဖျက်စေအမိန့်ချမှတ်သည်ကို ဒေါက်တာညီညီအဖို့ မမေးဝံ့ရှာပေ။ သုတေသီများ အကြောင်းရှာကြသော်လည်း မရကြ။

သတင်းထောက်တဦးကမူ သုတေသနအသင်းကြီးကို ဗိုလ်နေဝင်းက ဖျက်မိန့်ထုတ်ခဲ့သည်နှင့် ပတ်သက်၍ "ဗိုလ်ချုပ်ကြီးကတော် ဒေါ်ခင်မေသန်းက ဖင်တုံကြီးကြီးနဲ့ ဟိုတိုက်သည်တိုက် တိုက်လေ့ရှိတာကိုး"ဟု ပြောသည်။ သူ့တွင် မှတ်တမ်းရှိ၏။

၁၉၆၆ ခု၊ မတ်လနှောင်းက ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းကြီး၏ စာတမ်းဖတ်ပွဲမှာ ထူးခြားစွာအောင်မြင်ခဲ့သည်။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးဗိုလ်ချုပ်ကြီးနေဝင်းက သုတေသီများကို ဖိတ်ကြားကာ ညစာစားပွဲနှင့် ဧည့်ခံပြုစုသောအခါ အဖျော်ယမကာများ တိုက်ကျွေးသည်။ သုတေသီများမှာ တက္ကသိုလ်ဆရာများ ဖြစ်ကြသော်လည်း ထိုအချိန်တွင် အရပ်ထဲ၌ နိုင်ငံခြားဖြစ် အရက်များ ရှားပါးနေသည်ဖြစ်သဖြင့် ဧည့်သည်တော်တို့အဖို့ ရေငတ်နိုက်ရေတွင်းထဲသို့ ဆင်းမိကြသဖြင့် မူးယစ်သူများပြားသည်။

www.burmeseclassic.com

www.burmeseclassic.com



◆

အိမ်ရှင်ဗိုလ်နေဝင်းကိုယ်တိုင်ကလည်း ကြီးစွာထွေနေသည်။ ထိုစဉ်ခိုက်တွင် နိုင်ငံတော်၏ အကြီးအကဲကတော် ထိပ်သီးအမျိုးသမီးကြီး ဒေါ်ခင်မေသန်းသည် ဧည့်သည်တော်တဦးနှင့် တင်ပါးချင်း ပွတ်ထိမိကြသည်ဟု မှတ်တမ်းက ဆိုသည်။ ထိုအဖြစ်ကို ကွက်ခနဲမြင်လိုက်သော ဗိုလ်နေဝင်းက မိမိ၏ဇနီးကို အသားယူသည်ဟု ယူဆပြီး ဒေါသအိုး ပေါက်ကွဲခဲ့သည်။

ချက်ခြင်းပင် အိမ်တော်တံခါးကို ပိတ်လိုက်ပြီး ဇနီးသည်အား စော်ကားသူဟု သူက ထင်မြင်သူမှန်သမျှကို လိုက်လံရှာဖွေ၍ ကိုယ်တိုင် လက်ဝါးစောင်းနှင့် ရိုက်နှက်သည်။ ကန်ကျောက်သည်။ လက်ပါးစေ စစ်စုံထောက်များကလည်း ကျောင်းဆရာများကို ရိုက်နှက်ကြသည်။ ရိုက်သူများရော ခံရသူများပါ မူးယစ်နေကြသည်။ ဒေါ်ခင်မေသန်းနှင့် တင်ပါးချင်း ထိလိုက်သူဆိုသူ မည်သူဟူ၍လည်း သိသူ မရှိ၊ ဗိုလ်ချုပ်ကြီး၏ မျက်စိမှာလည်း ရီဝေနေသဖြင့် သဲကွဲစွာ မမြင်လိုက်ဟု ဆိုသည်။ ဧည့်ခံပွဲ ရုတ်သိမ်းသောအခါ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှ ဆရာ ၃ ဦးမှာ ဒဏ်ရာပြင်းသဖြင့် သတိလစ်နေကြရှာသည်။ အိမ်တော်မှကားနှင့် လိုက်ပို့ရသည်။ မျိုးချစ်ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် မန်းတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရင်မှာ ရက်အနည်းငယ်အတွင်း ကွယ်လွန်ရရှာသည်။

ကြာမြင့်ပြီဖြစ်သော ဖြစ်ရပ်ကို သတိရကာ စိတ်ဆိုးပြန်သဖြင့် အသင်းကြီးကို ဖျက်စေအမိန့်ထုတ်သည်ဟု ယူဆသူများရှိသည်။ ဤအတိုင်းမှန်ပါက ဗိုလ်နေဝင်းသည် သိမ်ဖျင်းလှတော့သည်။

ဗိုလ်နေဝင်းက သုတေသန အသင်းကြီးကို ဖျက်သည်မှာ သူ့ကိုယ်သူ မြန်မာစာပေ ပညာကျော်ကြီးဟု စိတ်ကြီးဝင်သောကြောင့်လည်း ဖြစ်နိုင်သည်။ ၁၉၆၅ ခုနှစ်က သူ၏အမိန့်နှင့် ဖွဲ့စည်းသော စစ်တက္ကသိုလ် မြန်မာစာဌာနမှူး ဗိုလ်မှူးဘသောင်းအား အတွင်းရေးမှူးခန့်ထားသည့် မြန်မာစာကော်မရှင်ကို ရှေ့တန်းတင်လိုသဖြင့် သုတေသနအသင်းကို ဖျက်သည်လည်း ဖြစ်နိုင်သည်။

သူသည် မည်သည့်စာအုပ်ကိုမှ အစမှအဆုံးအထိ ဖတ်လေ့မရှိဘဲ



အစအနည်းငယ်၊ အလယ်အချို့နှင့် အဆုံးကို လှန်ကာမျှနှင့် စာပေကြောင်း ပြောလေ့ရှိသည်။ မဆီမဆိုင် နိုင်ငံရေးညီလာခံမှ ရန်ကုန်တက္ကသိုလ်မှ မြန်မာစာ မဟာပညာကျော်ဆရာကြီး မင်းသုဝဏ်အား "မကျက်တကျက် ပေါင်မုန့်"ဟုဆိုပြီး ပုတ်ခတ်သည့်အထိ ပါးစပ်သရမ်းသူ ဖြစ်သည်။

စာပေကိစ္စမှန်သမျှ ဆရာကြီးလုပ်ချင်သည်။ အသေးအဖွဲက စပြီး ဝင်စွက်ဖက်လေ့ ရှိသည်။ ၁၉၆၅ ခုက နိုင်ငံတော်အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ လူကြီးတနေရာ လစ်လပ်သည်ကို စာအုပ်ဝေဖန်ရေး၌ အားသန်သူ ဆရာငွေဥဒေါင်းအား ခန့်ထားရန် စီစဉ်ထားသည်ကို တင်ပြသောအခါ "သူဝေဖန်တဲ့ စာအုပ်ကို ငါ ဝယ်ဖတ်တယ် မကြိုက်ဘူး၊ သူ့ကို မခန့်နဲ့"ဟု ပယ်သဖြင့် ထိုနေရာကို သူနှင့် မျက်နှာကျောတည့်နေသူ စာရေးသူအား ခန့်ထားခြင်းခံခဲ့ရသည်။

ခက်သည်မှာ သူက မြန်မာစာပေကို မြှင့်တင်လိုသည်ဟု ပြောကာ ဖျက်ဆီးနေမှုဖြစ်သည်။ ဒေါက်တာမောင်မောင်က ရေးပေးရသည့် သူ့အကြောင်းစာအုပ်တွင် "ဗိုလ်ချုပ်သည် မြန်မာစာပေ စကားသုံးနှုန်း ရေးသားခြင်းကို ညီညွတ်စေချင်သည်။ သတ်ပုံကလည်း ကိုးရိုးကားရား၊ အကြောင်းအရာကလည်း ကိုးရိုးကားရားဖြစ်ကာ၊ ပျက်နေပြီဖြစ်သဖြင့် စာပေကော်မရှင်ကို ဖွဲ့ပေးခဲ့သည်"ဟု ရေးသားထားသည်။

လက်တွေ့အားဖြင့် ကိုးရိုးကားရား သတ်ပုံများကို တီထွင်၍ အာဏာနှင့် အမိန့်ပေးသူမှာ ဗိုလ်နေဝင်းဖြစ်ပြီး အမှားကို အမှန်ပြုနေသူတို့မှာ သူ၏ စစ်တပ်ဖြစ်၏။

၁၉၇၈ ခုနှစ်က နေ့တနေ့တွင် ဗိုလ်နေဝင်းသည် စစ်ရေး၊ နိုင်ငံရေး ပြုဖွယ်ကိစ္စ တစုံတရာမှ မရှိသဖြင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ပုံနှိပ်ထုတ်ဝေသော **မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း**ကို လှန်လောကြည့်ရှုရာမှ ထောင်းခနဲ ဒေါသထွက်ပြီး တာဝန်ရှိသူ ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းအား ဆင့်ခေါ်၍ ဆူပူသည်။ ထိုကျမ်းတွင် တဝမ်းပူနှင့် စာလုံးပေါင်းရသည့် ဝေါဟာရ ၂၀၉ ခုကို ဖော်ပြထားသည်။ တဖောက်ကန်းဟူသော စာလုံးမှ

www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီး တမတ်၊ တကျပ်၊ တကြိ၊ တစုတအုပ်၊ စသောစာများကို မှန်ကန်မှုမရှိဟု သူက ယူဆသည်။

သူ၏ရွှေညာဏ်တော်ကွန့်မြူးချက်အရ မြန်မာစာတွင် တစ်ဟူသော ဂဏန်းအရေအတွက် စာလုံး၏ စာလုံးပေါင်းအမှန်မှာ တဝမ်းပူစသတ် တစ်ဖြစ်သည်ဟု ယူဆသဖြင့် "တစ်"ဟူသော စာလုံးမှန်သမျှ တဝမ်းပူ တလုံးတည်း မရေးရ၊ တဝမ်းပူကို စသတ်ရမည်"ဟု အမိန့်ထုတ်သည်။ ဝန်ကြီးအဖို့ မဆလပါတီ စတင်တည်ထောင်သော ကြေညာချက်၌ "နိုင်ငံ ရေးပါတီကြီးတရပ်"ဟု ရေးသားစဉ်က တဝမ်းပူက စသတ်ခြင်း မပြုပါဟု ပြန်လည်တင်ပြလိုသော်လည်း မဝံ့ရဲသဖြင့် ခေါင်းငုံ့၍ ခံခဲ့ကာ တဝမ်းပူကို စသတ်၍ ရေးကြရမည်ဟု ထပ်ဆင့်အမိန့်ထုတ်ပြန်ရသည်။ ထိုအချိန်မှ စတင်ပြီး မှားသည် မှန်သည်ကို စဉ်းစားရန်မလို ဗိုလ်ချုပ်ကြီး၏ အမိန့်ကိုသာ ဦးခေါင်းထက်၌တင်၍ လုပ်ဆောင်သည့် စစ်အစိုးရမင်းဆက်တလျှောက် လုံး အစိုးရထုတ်စာမှန်သမျှတို့တွင် တဝမ်းပူမှန်သမျှ စသတ်၍ ရေးသား ပုံနှိပ်ကြရသည်။

မြန်မာစာပေလောကတွင် မြန်မာစာညွှန့်ပေါင်းကျမ်းအမည်နှင့် အဓိကရကျမ်းကြီးတခု ရှိသည်။ ကျက်သရေဆောင် ရွှေစလွယ်ရပညာရှိ ဦးကျော်ထွန်းက တာဝန်ယူ၍ စုဆောင်းပြီး မြန်မာပညာကျော်များက ဝိုင်းဝန်းပြုစုသည့် ကျမ်းဖြစ်သည်။ ရှေးမြန်မာမင်းများခေတ်က ပြုစုရေးသား ခဲ့သော ရတုရကန်၊ လင်္ကာ၊ စကားပြေ၊ ဇာတ်စကား၊ ဆုံးမစာ စသည်ဖြင့် မြန်မာစာမျိုးစုံတို့ကို တည်းဖြတ်ပုံနှိပ်ထားသည်။ မြန်မာမှုကို အားပေးရန် အင်္ဂလိပ်အစိုးရ၏ အစိုးရပုံနှိပ်တိုက်က ၁၉၀၇ ခုနှစ်တွင် ပုံနှိပ်ခဲ့သည်။

ထိုကျမ်းကြီးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တာဝန်ပေးချက်အရ ၁၉၉၁ ခုနှစ်တွင် နအဖအစိုးရက ထပ်မံပုံနှိပ်သည်။ ဗိုလ်ချုပ်မှူးကြီးထက် ဩဇာကြီးရှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ အမိန့်အာဏာအရ ကျမ်းတခုလုံးတွင် ရှိသော တဝမ်းပူများကို စသတ်ကာ ပုံနှိပ်သဖြင့် ပျို့၊ ကဗျာ၊ စကားပြေ၊ ရတု ရကန်၊ တေးများအထိ မူလ ဆရာကြီးများက တဝမ်းပူတလုံးတည်း ရေးခဲ့သမျှကို စသတ်သဖြင့် မြန်မာစာမှန်သမျှ ပျက်စီးသွားသည်။



ဥပမာ ဂန္ဓမာတောင်သီချင်းကြီးတွင် မြဝတီဦးစက "တမျှော်မျှော် ညိုးလော့်ခွေပျောင်းညွတ်မျှလေး"ဟု ဖွဲ့ခဲ့သည်ကို တဝမ်းပူကို စသတ်၍ "တစ်မျှော်မျှော်"ဟု ရေးထားသဖြင့် ကာရန်ထောင့်နေကာ သီဆို၍ မရအောင် ပျက်စီးသွားသည်။

အရပ်သားပုဂ္ဂလိက စာပေလောကမှ တဝမ်းပူကို စသတ်ရမည့် အမိန့်အာဏာတည်စေရန်အတွက် မြန်မာစာလုံးပေါင်းကို မလေးမစား ပေါင်း၍ ဖော်ပြလျှင် စာပေစီစစ်ရုံးက စာတလုံးကို ဆယ်ပြားဒဏ်ရိုက် နေသည်။ ယနေ့ရန်ကုန်မြန်မာစာပေတွင် တဝမ်းပူတလုံးတည်း မည်သူမှ ပုံနှိပ်ခြင်း မပြုဝံ့ကြဘဲ တဝမ်းပူမှန်သမျှကို စသတ်၍ တစ်နေကြရသည်။ အချို့က တရုတ်ပြည်ကိုပင် တစ်ရုတ်ပြည်ဟု ပုံနှိပ်နေကြရရှာသည်။ ကြီးမား သောအမှားပါပေ။

ရှူးပေါ်ပေါ် ခေတ်ထဲ၊
"တစ်" ဆွဲတဲ့ မိုင်းနော်။
ခေတ်မဆွဲ စစ်ကိုင်းပေါ်မှာ၊
သမိုင်းနော် ထင်ရှား။

ဆရာမှိုင်းစာဖွဲ့သကဲ့သို့ တစ်ဟူသော ဂဏန်းအရေအတွက်ကို အထူးပြု၍ ရေးလျှင်သာ တဝမ်းပူကို စသတ်၍ ရေးသားရပါသည်။ သို့ မဟုတ်ပါက တဝမ်းပူကို စသတ်၍ ရေးသားသမှု မပြုရပေ။ စသတ်ကို ချေ၍ ရေးရသည်။

အမှန်အစ မြန်မာစာပေဦးဖြစ်သည့် မြစေတီကျောက်စာတွင် "ထို မင်း၏ ပါယ်မယားတယောက်သော်ကား" ဟု စမသတ်သော တဝမ်းပူနှင့် ရေးသည်။ ပထမမြန်မာကဗျာဖြစ်သော အနန္တသူရိယအမတ်ကြီး၏ ကဗျာတွင် "သူတည်းတယောက် ကောင်းဖို့ရောက်မူ၊ သူတယောက်မှာ၊ ပျက်လင့်ကာသာ"ဟု တဝမ်းပူကို စ မသတ်ဘဲ ရေးခဲ့သည်။

ခရစ်နှစ် ၁၀၄၄ ခု အနော်ရထာ၏ သားတော်ရာဇကုမာ၏ခေတ်မှ ၁၉၆၅ ခု၊ ဗိုလ်နေဝင်း၏ မြန်မာစာကော်မရှင်ခေတ်အထိ နှစ်ပေါင်း ၉၂၁ နှစ်တိုင် မင်းစဉ်မင်းဆက် စာပေခေတ်တလျှောက်လုံး တစ်ကို တဝမ်းပူ

www.burmeseclassic.com

www.burmeseclassic.com



စ မသတ်ဘဲ ရေးခဲ့သည်။ သူ၏ခေတ်တွင်မှ စသတ်ရမည်ဟု အမိန့်ထုတ်သည်ကို ဆရာမှိုင်းကြီးသာ ရှိသေးပါက "နေဝင်း ဉာဏ်တမိုက်တထွာ လောက်ကယ်နှင့်"ဟု စာချိုးပေမည်။ မြန်မာစာပေတွင် တစ်ဟူသော စကားလုံးကို "စသတ်"ကို "ချေ"ပြီး စ မသတ်ပဲရေးသားကြသည့် သာဓက အထောက်အထား အထောင်အသောင်းရှိသည်။

"လမင်းဖြူစင်၊ ထွန်းတင်ပြိုးပြိုး၊ တဆယ့်နှစ်ရက်၊ စနေနေ့ဝယ်" ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့-

"ချုံနွယ်ညွန့်၌၊ အတွန့်ရှောက်ရှောက်၊ ငြိလေမြောက်အံ့၊ မျှလောက်၊ မွေးသက်၊ တမျှင်ရွက်ကို" ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့မှ စာမရိုင့်ကိုအမြီးတပင်အတွက် အသက်စွန့်ကြောင်းကဗျာ-

"အဝါဘောင်ဝယ်၊ မှောင်ခဲ့တခါ၊ ပြာခဲ့တချို့၊ ညို့ခဲ့တလီ၊ ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယုဂန်ထက်က"ရှင်ဥတ္တမကျော်တောလားမှ တိမ်မိုလ္လာတွဲ-

"လျှပြတ်အောင်ဟောသော်လည်း၊ ဟောရင်းသာ ပြန်တော်မူရမည်၊ ဆန်ဖြူဖြူတခွက်မျှ၊ ထွက်နိုင်ပုံမရ" ဦးပုည-

"စက္ကေနကီ တပါဒေါ၊ တရာရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့် ကောင်းစွာ မှတ်အပ်သော ဘဝါးတော်ရှိသည်။ အဟောသိဖြစ်၏" ကျည်းကန်ရှင်ကြီးမေး၊ ကျီးသဲလေးထပ် ကျောင်းဆရာတော်ဘုရားဖြေ စွယ်စုံကျော်ထင်ကျမ်း-

"တဏှာ့ကျေးကျွန်၊ ကာမဝန်ကား၊ ဆုံကျည်ပွေ့ကြိုက်၊ တကျိတ်ကျိတ်သို့" မန်လည်ဆရာတော်ဘုရား၏ မာဃဒေဝလင်္ကာသစ်။

"ထိုမြို့တဝန်း၊ စုံတသွန်းတွင်၊ ချစ်ပန်းတညှိုး၊ ချစ်ညွန့်ပျို့သား" တွင်းသင်းမင်းကြီး၏ ဘဒ္ဒာတိယပျို့-

မြောက်များစွာသော စာကဗျာများ စကားပြေများတွင် တဝမ်းပုံကို စ မသတ်ဘဲ ရေးခဲ့ကြသည်။

ယနေ့ စစ်အစိုးရများခေတ်တွင် တစ်ကို စ မသတ်သူ စာနယ်ဇင်းများကို ပြစ်ဒဏ်ခတ်သည့် အမိန့်ဥပဒေပြု၍ တင်းကြပ်စွာ အရေးယူနေသည်မှာ ကြီးစွာမှား၏။



ဗိုလ်နေဝင်းသည် စာလုံးကို ပြင်သည်သာမက သဒ္ဒါကိုလည်း ပြင်ရဲသူ ဖြစ်သည်၊ သဒ္ဒါကိုလည်း ဖျက်ဆီးသည်။

"သဘာပတိကြီးမှ မိန့်ခွန်းပေးသည်လို့ ပြောရမယ် ရေးရမယ် ဒါမှ သဒ္ဒါမှန်တယ်"ဟု ဗိုလ်နေဝင်းက ညွှန်သဖြင့် မဆလအစိုးရခေတ် တလျှောက်လုံး "သဘာပတိကြီးမှ မိန့်ခွန်းပေးပါမည်" "ကျောင်းအုပ်ကြီးမှ ဆုချီးမြှင့်သည်" စသည့် သဒ္ဒါအသုံးအနှုန်းအမှားများကို နားကလောအောင် ကြားကြရသည်။ မဆလလုပ်ငန်းများသာမက ဒီမိုကရေစီ အင်အားစုများ၏ အစည်းဝေးအကြီးများ၊ ညီလာခံကြီးများတွင်ပါ "ဥက္ကဋ္ဌကြီးမှ မိန့်ခွန်းပေးသည်"ဟူသည့် အသုံးအနှုန်းကို သုံးစွဲနေကြသည်။ သဒ္ဒါစည်းအရ မှားယွင်းသည်။

အမှန်မှာ ဥက္ကဋ္ဌကြီးက မိန့်ခွန်းပေးသည်ဟု "က"ကို အသုံးပြုရမည်။ မှ၊ က၊ ကို၊ အား၊ များ၊ တို့၊တွေ စသည်တို့သည် သဒ္ဒါစကားလုံးများ ဖြစ်ကြသည်။

ပြုသူ၊ ဖြစ်သူ၊ ရှိသူကို ရည်ညွှန်းလိုသော် နှုတ်ပြောနှင့် အရေးပါမှ ကို မသုံးရ၊ ကကို သုံးရသည်။

တောင်တောရယ်သာ၊ မာလာကင့်ဖူး။

တောမြောက်က ကြိုးခွေ၊ ဒေါင်းကအိုးဝေ။

သဘာပတိကြီးက မိန့်ခွန်းပေးသည်ဟု စာရေးရာတွင်ရော နှုတ်မှ ပြောရာတွင်ပါ ကကို အသုံးပြုရသည်။

ထွက်ခွာရာကို ရည်ညွှန်းလိုလျှင် မှ ဟုရေးသားနိုင်စေကာမူ နှုတ်မှ ဖတ်လျှင်ကဟု အသံထွက်ရသည်။ "ရွှေမန်းမှ လာခဲ့သည်"ဟုရေးရုံသာ ရေးပြီး ဖတ်သောအခါ၌ "ရွှေမန်းက လာခဲ့သည်"ဟု ငါစကားနှင့် က အသံထွက်ရသည်။

ယင်းသို့ တိကျသော သဒ္ဒါစည်းရှိပါလျက် မဆလအစည်းအဝေးများက သဘာပတိကြီးမှ မိန့်ခွန်းပေးပါသည်ဟု အစဉ်သုံးစွဲသဖြင့် မြန်မာသဒ္ဒါပျက်ရသည်။

ဖြစ်ရပုံမှာ ဘိုးတော်ဘုရားခေတ်က နန်းမတော်မယ်နုမိဖုရား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာချိန်၌ မာန်မာနကြီးလှသဖြင့် "နဟူသော အမည်ကိုအရပ်သားတို့ ရွတ်ဖတ်ပြောဆိုခြင်းမပြုရ၊ မန်ကျည်းရွက်နုသည်ဟု ပြောဆိုခြင်း မပြုရ၊ မန်ကျည်းရွက် ထွတ်သည်ဟု ပြောဆိုရမည်"ဟု အမိန့်ထုတ်သည်နှင့် တူနေ၏။

ဗိုလ်နေဝင်းသည် မြန်မာလူထုကြီး၏ စားဝတ်နေမှုစနစ်မှ လူ့အဖွဲ့ အစည်းကြီးတရပ်လုံးကို ဖျက်ဆီးသည်ထက် လူငယ်များ အထက်တန်းပညာ သင်ခွင့်ကို ပိတ်ဆို့ခြင်းနှင့် မြန်မာစာကို ဖျက်ဆီးခြင်းတို့သည် အနာဂတ် မြန်မာနိုင်ငံကို ထိခိုက်စေသဖြင့် ပိုမိုကြီးမားသော ရာဇဝတ်မှုကြီးဖြစ်တော့ ပေသည်။

■



(၂၃)

## ဦးနေဝင်း၏ နောက်ဆုံးနေ့မှ ဆက်ရန်ရှိသေးသည်

ဦးနေဝင်းပြုသမျှကို တပ်မတော်က ခေါင်းငုံ့ဝပ်တွားနေသဖြင့် လူထုမှာ ခေါင်းမမော်နိုင်သောကြောင့် သူ၏ နန်းစံသက် ၂၅ နှစ်ကျော် လာသောအခါ တိုင်းပြည်မှာ ချွတ်ခြုံကျနေလေပြီ။ ပြည်သူတို့ စားဝတ်နေ ရေးကြပ်တည်း ငတ်မွတ်စပြုလာလေပြီ။

အစိုးရက ဖြန့်ချိသုံးစွဲနေသော ငွေစက္ကူများမှ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၂၅ ကျပ်တန်ငွေစက္ကူများကို တရားမဝင်ဟု ၁၉၈၇ ခု၊ စက်တင်ဘာ ၅ ရက်နေ့တွင် ကြေညာပြန်သည်။ ဒီမိုကရေစီ အစိုးရ ခေတ်က ပြည်တွင်းသုံးစွဲရန် အစိုးရက ပုံနှိပ်ဖြန့်ချိသော ကျပ်ငွေ စက္ကူများ အတွက် ကျောခံ ရန်ပုံငွေအဖြစ် နိုင်ငံခြားသုံးငွေ သို့မဟုတ် ရွှေများကို အာမခံထားရှိကြသည်။ ဗိုလ်နေဝင်းတက်လာချိန်မှ စတင်ကာ ရွှေတုံးများ ရော နိုင်ငံခြားသုံးငွေများကိုပါ ခိုးဝှက်ဖြုန်းတီးသဖြင့် ရွှေတိုက်တော်မှာ ဗလာဖြစ်နေသည်။ ကျောခံ နိုင်ငံခြားသုံးငွေနှင့် ရွှေအာမခံမရှိပဲ ကျပ်ငွေစက္ကူ ကို ရိုက်နှိပ်၍ သုံးစွဲပြီး ပြည်သူတို့လက်တွင် လည့်လည် သုံးစွဲငွေ များပြား

www.burmeseclassic.com

www.burmeseclassic.com



လာသည့်အခါတိုင်း အစိုးရကထုတ်သည့် ငွေစက္ကူကိုပင် တရားမဝင်၊ တန်ဖိုး မရှိတော့ဟုသူက ကြေညာလေ့ရှိသည်။ ယခင်က နှစ်ကြိမ် ဤသို့ ကြေညာသည်ကို ခံခဲ့ရသဖြင့် မွဲကျရသည်။ ဤတကြိမ် ကြေညာချက်ကြောင့် ပြည်သူတို့အဖို့ မိမိတို့ လက်တွင်းရှိ ငွေစက္ကူများ၏ ၇၅ ရာခိုင်နှုန်း ဆုံးရှုံးကြရသည်။ လူထုက မလှုပ်နိုင်သော်လည်း၊ ကျောင်းသားများက ဆူပူကန့်ကွက်ကြသဖြင့် တက္ကသိုလ်များကို ပိတ်ထားခဲ့သည်။ တလကြာမှ ဖွင့်ပေး၏။

ဦးနေဝင်းကမူ နိုင်ငံခြားအပန်းဖြေခရီးများ အကြိမ်ကြိမ်ထွက်ဆဲ ရှိသေးသည်။ ဧပြီလ ၁၁ ရက်နေ့တွင် အနောက်ဂျာမနီသို့ ခရီးထွက်သေးသည်။ ဥရောပဘဏ်များတွင် အပ်နှံထားသော နိုင်ငံခြားငွေ လျှို့ဝှက်ငွေထုပ်ကြီးမှာ များစွာကြီးမားနေလေပြီ။ သားသမီးများကိုပါ နိုင်ငံခြားသို့ခေါ်ယူပြီး ခိုးဝှက်ထုတ်ယူသည့် ကျောက်သံပတ္တမြားများဖြင့် ဥရောပတွင် ဖွင့်ထားသည့် ကျောက်ဆိုင်များမှ ဝင်ငွေများနှင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းသောကုန်များ၊ စက်ကိရိယာများမှ ကော်မရှင်ပွဲခများ စသောလာဘ်ငွေများကို သားသမီးများအတွက် အမွေအနှစ်အဖြစ် ဝေစုခွဲပေးခဲ့သည်။ !

ဦးနေဝင်းသည် ဆိုးယုတ်သော သူခိုးကြီးသာ ဖြစ်သည်ကို မြန်မာလူထုကကောင်းစွာ သိကြပြီးဖြစ်သော်လည်း နိုင်ငံခြားက မသိသေး။ ၁၉၈၈ ခုနှစ်နှစ်ဆန်းက ရန်ကုန်မြို့သို့ သွားရောက်သူအမေရိကန်မှ မူးယစ်ဆေးဝါးနှိမ်နင်းမှု ကော်မရှင်ဥက္ကဋ္ဌ အမတ်မင်းမစ္စတာချာလ်စ်ရင်ဂဲလ်က "မြန်မာအစိုးရသည် ဘိန်းနှိမ်နင်းရေးကို ထိရောက်စွာ လုပ်ဆောင်နေသည်။ နိုင်ငံတကာ၏ အကျိုးကိုသယ်ပိုးသော အစိုးရပါပေ"ဟု ဦးနေဝင်းအား ထောမနာပြုသည်။

ဗိုလ်နေဝင်းသည် မြန်မာနိုင်ငံတွင် ဘိန်းလုပ်ငန်း ကြီးကျယ်လာအောင် ပျိုးထောင်သူဖြစ်သည်။ ၁၉၅၀ ခုနှစ်က ဗိုလ်အောင်ကြီးအား ကိုးကောင်းဒေသ(ကိုးကန့်)သို့ စေလွှတ်ကာ ဂျင်မီယန်းတို့မောင်နှမအား စည်းရုံး၍ ကာကွယ်ရေးတပ် ဖွဲ့စေသည်။ လော်စစ်ဟန်နှင့် ခွန်ဆာတို့သည်



၁၉၅၀ ခုနှစ်ကစပြီး ဗိုလ်နေဝင်းကမွေးသည့် ကာကွယ်ရေးဗိုလ်များ ဖြစ်ကြသည်။ အစကနဦးကပင် သူတို့တပ်များအား လစာငွေလုံလောက်စွာ မပေးဘဲ ဘိန်းစိုက်ပျိုး၍ ငွေရှာရန်လိုင်စင်ပေးခွင့်ပြုသူမှာ ဗိုလ်ချုပ်ကြီးနေဝင်း။

ထိုအချိန်တွင် အမေရိကန်နှင့် နိုင်ငံခြားအကူ ရရှိဆဲဖြစ်ပါလျက် ပြည်တွင်းစီးပွားရေးအခြေအနေမှာ ပျက်ပြားလွန်းသဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ် နှောင်ကြိုးကို တစတစ လျှော့ပေးနေရသည်။ ဦးနေဝင်းကိုယ်တိုင် မိမိတို့ အစိုးရသည် အမှားများကို ပြုခဲ့မိပါသည်။ အခြေအနေနှင့် လျော်ညီသော ပြုပြင်မှုများ ပြုပါမည်ဟု ၁၉၈၇ ခု၊ ဩဂုတ်လ ၁၀ ရက်နေ့က တီဗီမှနေပြီး ကိုးမိနစ်ခွဲကြာ လူထုအား ချော့မော့သေးသည်။ အစိုးရကသာ ချုပ်ကိုင်ထားသော ဆန်နှင့်ဆန်ကွဲကို အရပ်သားများ နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့်ပေးမည်ဟု အစိုးရက ကြေညာရသည်။

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်တခုမှ ကျောင်းသားတစုနှင့် အရပ်သားတစုတို့သည် မည်သည့် တေးဂီတကို ဖွင့်သင့်သည်ဟုဆိုပြီး မိမိတို့နှစ်သက်ရာသီချင်းကို တောင်းဆိုရာမှ ဖြစ်ပွားသော ရန်ပွဲငယ်သည် ဦးနေဝင်း၏နောက်ဆုံးနေ့ကို သတ်မှတ်လိုက်သည်။ ၁၉၈၈ ခု၊ မတ်လ ၇ ရက်နေ့က ရန်ကုန်မြို့စွန်၊ ကြို့ကုန်းရပ်ကွက်ရှိ စန္ဒာဝင်း လက်ဖက်ရည်ဆိုင်တွင် တေးအတွက် အငြင်းပွားမှု ဖြစ်ပွားရာမှ လက်လွန်သွားကာ စက်မှုတက္ကသိုလ်ကျောင်းသားတဦး ဒဏ်ရာရရှိခဲ့သည်။

တရားခံအရပ်သားကို ရဲတို့က ဖမ်းဆီးခဲ့သော်လည်း ရပ်ကွက်ပြည်သူ့ကောင်စီဝင်၏ သားဖြစ်နေသဖြင့် ပြန်လွှတ်ပေးသည်။ နောက်တနေ့တွင် စက်မှုတက္ကသိုလ်ကျောင်းသားများက ရဲဌာနနှင့်ပြည်သူကောင်စီရုံးကို ဝိုင်း၍ ဆန္ဒပြကြရာမှ လုံထိန်းတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် မောင်ဖုန်းမော်အမည်ရှိ ကျောင်းသားတဦး သေဆုံးရပြန်သည်။

ပဋိပက္ခမှာ အခြားတက္ကသိုလ်များသို့ပါ ကူးစက်သွားသည်။ ကျောင်းသားများ ဆန္ဒပြကြသည်ကို ရဲတို့ကနှိမ်နင်းရာမှ ကျောင်းသား ၇ ဦးသေနတ်ဒဏ်ရာနှင့် သေကြရသည်။ ဦးနေဝင်းက သူ၏လက်သုံးနည်းအတိုင်း တက္ကသိုလ်များကို ပိတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေလ ၃၀ ရက်နေ့တွင် တက္ကသိုလ်များကို ပြန်ဖွင့်ပေးသောအခါတွင်လည်း ကျောင်းသားများက ဆက်လက်ဆူပူက် ဆန္ဒပြကြသဖြင့် ပြင်းထန်စွာ ရိုက်နှက်၍လူစုခွဲသည်။ စက်မှုတက္ကသိုလ်ကို စစ်တပ်က ဝင်ရောက်သိမ်းပိုက်ကာ ကျောင်းသားများကို ဖမ်းဆီးသည်အထိ နှိမ်နင်းသည်။ ကျောင်းသားတို့က ဆက်လက်ဆူပူက်သဖြင့် ဇွန် ၂၁ ရက်နေ့တွင် ကျောင်းများကိုပိတ်စေ အမိန့်ထုတ်ရပြန်သည်။

ဦးနေဝင်းက ကျောင်းသားလှုပ်ရှားမှုကို နှိမ်နင်းရန်အတွက် မြန်မာမှုတ်စလင်ရိုက်ပွဲများ ဖန်တီးသေးသော်လည်း အစိုးရဆန့်ကျင် ဆန္ဒပြသူများသည် နယ်များသို့ပါ ကူးစက်လာသည်။ ဤတွင်မှ ပြည်သူလူထုကို သူဆက်လက်၍ ထိန်းမရတော့ပြီဟု သိရှိပြီး နောက်သို့ဆုတ်ရန် ဆုံးဖြတ်သည်။

သူအဖို့ သား၊ မြေး၊ တီ၊ တွတ်၊ ဆွေ ခုနစ်ဆက်မျိုးခုနစ်ဆက်ကြွယ်ဝအောင် စုမိဆောင်းမိပြီဖြစ်သဖြင့် အနိုင်နှင့် ပိုင်းလိုသည်။

"မတ်လနှင့် ဇွန်လများမှာ ဖြစ်ပျက်ခဲ့တဲ့ သွေးထွက်သံယို အရေးအခင်းများဟာ အစိုးရအဖွဲ့နဲ့ ထိုအဖွဲ့ကို ဦးဆောင်နေတဲ့ ပါတီကို အယုံအကြည်မရှိကြောင်း ဖော်ပြနေပါတယ်"ဟု သူက ပြောကြားကာ တပါတီစနစ်နှင့် ပါတီစုံစနစ်ကို ရွေးချယ်ကြပါဟု ဇူလိုင်လ ၂၃ ရက်တွင် အရေးပေါ်ပါတီညီလာခံမှ ပြောသည်။

မာန်မာနကြီးမား ပြင်းထန်သော ဦးနေဝင်းက မိမိအရှုံးပေးရန် ဆုံးဖြတ်သော်လည်း ထိုအရှုံးပေးကြောင်း စကားလုံးများကို သူ၏နှုတ်မှ ပြောဆိုခြင်းမပြုဘဲ သူရေးထားသည့် မိန့်ခွန်းပါ စာပိုဒ်တပိုဒ်ကို အတွင်းရေးမှူး ဦးထွေးဟန်ကို ဖတ်စေသည်။

"ကျွန်တော်ဟာ မတ်လဇွန်လများအတွင်းက စိတ်မချမ်းမြေ့စရာဖြစ်ပျက်ခဲ့တဲ့ အဖြစ်တွေကြောင့် သွယ်ဝိုက်သောနည်းနှင့် တာဝန်မကင်းသူဟာ ယူဆတာကတကြောင်း အသက်အရွယ်အားဖြင့် ထောက်လာတာကတကြောင်းတို့ကြောင့် ပါတီဥက္ကဋ္ဌနှင့်ပါတီဝင်အဖြစ်မှ ထွက်ခွင့်ပေးကြပါလို့ ပါတီဝင်တွေကို မေတ္တာရပ်ခံပါတယ်"



ဦးနေဝင်းက သူရေးထားသည့် နုတ်ထွက်စာကို ဖတ်ပြစေပြီးနောက် စကားပြောခွက်ကို ပြန်ယူ၍ သူ၏နောက်လိုက် စစ်ဗိုလ်လူထွက်ဝန်ကြီးများလည်း နုတ်ထွက်ကြမည်ဖြစ်ကြောင်း တင်ပြသည်။ ဆက်လက်၍ ၁၉၆၂ ခု၊ ဇူလိုင်လတွင် ကျောင်းသားများ သတ်ဖြတ်မှုကြီးကို သေနတ်သံကြားရမှသိကြောင်း တကာသ အဆောက်အဦ ဖောက်ခွဲရန် မိမိ အမိန့်မပေးကြောင်း ဖြေရှင်းချက်ကြီးကို ရှည်လျားစွာ ပြောပြသည်။ ကျောင်းသားများကို သတ်ဖြတ်ရန်နှင့် တကာသဖျက်ရန် အမိန့်တို့ကို သူကိုယ်တိုင် အမိန့်ပေးသည်မှာ အမှန်ဖြစ်သောကြောင့် သူ၏မုသားဖြေရှင်းချက်မှာ လိပ်ပတ်မလည်။

နောက်ဆုံးစကားများကို ပြောသောအခါ သူ၏မျက်နှာထားကို လွန်စွာ တင်းမာလိုက်သည်။ မျက်မှောင်ကြုတ်လိုက်ကာ တပြည်လုံးမှ ဆူပူနေသော လူထုကြီးအား အစည်းအဝေးခန်းမှလှမ်း၍ သတိပေးပြီး စင်ပေါ်မှ ဆင်းသွားတော့သည်။

"နောက်ကို လူစုလူဝေးနှင့် ဆူဆူပူပူ လုပ်ခဲ့လို့ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင် ပစ်တယ်။ မိုးပေါ်ထောင်ပြီး ဖောက်တာမပါဘူး၊ အဲဒါနောင်ကို ဆူဆူပူပူလုပ်လို့ရှိရင်တော့ မသက်သာဘူးသာ မှတ်ပေတော့"

ဗိုလ်နေဝင်း သတိပေးသည့်အတိုင်း ဆန္ဒပြသူများမှာ မသက်သာပါ။ ရန်ကုန်မြို့နှင့် နယ်မြို့များတွင်ပါ ဆန္ဒပြသူများကို စစ်တပ်က မှန်အောင်ပစ်ခတ် သတ်ဖြတ်သဖြင့် ထောင်ပေါင်းများစွာ သေကြေကြရသည်။

သူ၏ညှဉ်းဆဲမှုများကို ငုံ့မခံပဲ ဆန္ဒပြသူများကို အသေပစ်ရန် စစ်သားများကို မြှောက်ပင့်ပေးပြီးနောက်၊ နိုင်ငံရေးအာဏာကို စစ်တပ်လက်ထဲ၌ ဆက်လက်ထိန်းထားရေးအတွက် သတ်ဖြတ်ရေး သေနင်္ဂဗြူဟာကို သူ၏အိမ်တော်၌ပင် အစည်းအဝေးများ ကျင်းပ၍ စစ်ဆင်ခဲ့သည်။ မူးယစ်ဆေး တိုက်ကျွေးထားသည့် စစ်စုံထောက်တို့ကို လူထုတွင်းသို့ စေလွှတ်ကာ စော်ကားစေခြင်းဖြင့် လူထုခေါင်းဖြတ်မှုများ ကျူးလွန်မိစေရန် အစီအစဉ် စသော ရက်စက်ယုတ်မာသည့် နည်းပရိယာယ်ကို ဆေးပညာတတ်သူ သမီးစန္ဒာဝင်းနှင့် သူက အသစ်ခန့်ထားသော စစ်စုံထောက်ဗိုလ်ချုပ် ခင်ညွန့်တို့က ကြံစည်ရေးဆွဲကြသည်ကို သူက အားပေးသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သတင်းများ ထွက်လာသည်။ အစုအဝေးချီတက် ဆန္ဒပြသူများကို မှန်အောင်ပစ်ခတ်သတ်ဖြတ်ရေးကို သူက ညွှန်ကြားသည်။ အာဏာရှင် ရာထူးမှ ထွက်ပြီးဖြစ်သော်လည်း ထွက်ပေးရသည်ကို နာကျည်းသဖြင့် လူထုသတ်ဖြတ်ရေးကို နည်းအမျိုးမျိုးနှင့် စီစဉ်ရာတွင် ဗိုလ်နေဝင်းကိုယ်တိုင်ကွပ်ကဲခဲ့သည်။

ထိုသို့ရက်စက်စွာ သတ်ဖြတ်နိုင်သဖြင့် နိုင်ငံတော်အာဏာသည် နောင်တက်လာသည့် စစ်ဗိုလ်များလက်သို့ ရောက်ရှိသွားသောအခါ အရင်းရှင်စီးပွားရေးစနစ် တည်ထောင်ရန် သူကပင် အကြံပေးသည်။ ဈေးကွက်စီးပွားရေးစနစ် တည်ထောင်ပြီး စစ်တပ်မှ စစ်ဗိုလ်များသာ ပိုင်ဆိုင်သော ဦးပိုင်စီးပွားရေး ကော်ပိုရေးရှင်းကြီး တည်ထောင်သောအခါ သူနှင့်သူ၏သမီးများက အစုအများဆုံး ရယူပိုင်ဆိုင်ခဲ့သည်။ အစိုးရသစ်အဖို့ နိုင်ငံခြားငွေ ပြတ်တောက်သွားသဖြင့် သစ်တောများကို ရောင်းချ၍ ငွေရှာရန် အကြံပေးသူမှာလည်း ဗိုလ်နေဝင်းပင်ဖြစ်၏။

ပါတီမှ နုတ်ထွက်လိုက်သည်ဆိုသော်လည်း စစ်တပ်ပင်စင်စားကြီး ဗိုလ်နေဝင်းသည် စစ်တပ်ပိုင်အိမ်တော်မှ ဆင်းမပေးပဲ လူထုအား ဆက်လက်ညှဉ်းဆဲနေသေးလေသည်။

ရာထူးမှဆင်းပေးရပြီးနောက် ၁၉၈၉ ခု၊ မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ ညစာစားပွဲသို့ တက်ရောက်ပြီး ကိုယ်ထင်ပြမှ ဗိုလ်နေဝင်းသာမက သူ၏တပည့်ရင်းများဖြစ်သော စစ်ဗိုလ်လူထွက်ဝန်ကြီးဟောင်းများသည်လည်း နဝတစစ်အစိုးရအပေါ် ဩဇာကြီးဆဲရှိသည်ကို လူထုက သိရှိလာကြရသည်။

ထို့နောက် ဧပြီလ သင်္ကြန်အခါတော်တွင် တက္ကသိုလ်ရိပ်သာလမ်း ရေပက်မဏ္ဍပ်တွင် ကျောင်းသားများက အာဏာရှင်ပြုတ်ဦးနေဝင်းအား သရော်သော သံချပ်များထိုးကြသောအခါ ဦးနေဝင်းက ကြီးစွာစိတ်ဆိုးသဖြင့် ထိုသင်္ကြန်အဖွဲ့ဝင်များကို နဝတစစ်အစိုးရက ဖမ်းဆီးလိုက်၏။ ရာထူးလက်ကိုင်မရှိတော့သော်လည်း ဦးနေဝင်းသည် အဆိပ်ရှိသေးသည်ကို သိကြရသည်။



သူ၏မကောင်းမှုများကို နောင်လာနောက်သားတို့ ပြောဆိုရစ်ကြမည်ကို အထူးကြောက်ရွံ့သူဦးနေဝင်းက သမိုင်းမှန်ပြုစုရေးဟူသော စီမံကိန်းကို အားထုတ်သည်။ တော်လှန်ရေးအစိုးရနှင့် မဆလအစိုးရတို့မှ ခေါင်းဆောင်ကြီးငယ်များသည် မှန်ကန်သောလမ်းစဉ်ကို ချမှတ်သော်လည်း အောင်မြင်မှုမရခြင်းမှာ အစိုးရစက်ယန္တရားမှ ရုံးအုပ်ကြီးအထက်ရှိ အရာရှိများ၏ တာဝန်မကျေမှုကြောင့် ဖြစ်ရသည်ဟု စာတမ်းတစောင်ထွက်လာသည်။

ထမင်းရေပူလာသဖြင့် လျှာကိုလွှဲချသည့် ထိုစာတမ်းကို တုံ့ပြန်ရန်လိုအပ်သဖြင့် ဖွဲ့စည်းပြီးစဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ချမ်းသာကြွယ်ဝသော မြန်မာနိုင်ငံသည် လူမွဲနိုင်ငံ စာရင်းဝင်အထိ စီးပွားရေး ချွတ်ခြုံကျရခြင်းတွင် အဓိကတာဝန်ရှိသူမှာ ဦးနေဝင်းဖြစ်သည်ဟု ပြတ်သားစွာ ဟောပြောစည်းရုံးသောအခါ ဇူလိုင်လ ၂၀ ရက်နေ့တွင် သူမအား နဝတအစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ ဦးနေဝင်း၏ အဆိပ်သည် ပြင်းထန်ဆဲ ရှိသေးသည်ကို သိကြ ရသည်။

ဦးနေဝင်းနှင့် သမီးစန္ဒာဝင်းတို့သည် သိန်းသန်းများစွာတန်သော စီးပွားရေးလုပ်ငန်းကြီးများကို ဦးပိုင်အဖွဲ့၏ ပြင်ပမှတည်ထောင် လုပ်ကိုင်ကြသဖြင့် ၁၉၉၇ ခုနှစ်က အင်ဒိုနီးရှားပြည်သို့ သွားကာ အာဏာရှင်ဆူဟာတို၏ သားသမီးများနှင့် ဆွေးနွေးရာ ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘတို့သည် ဦးနေဝင်းသားအဖနှင့် စီးပွားပြိုင်ဖက် ဖြစ်နေသည်ကို တွေ့ကြရသဖြင့် ဒေါသနှင့်ပြန်လာခဲ့သည်။

ဗမာပြည်သို့ ပြန်လာသည်နှင့် ဗိုလ်ထွန်းကြည်တို့ အုပ်စုအား ရာထူးမှ ဖယ်ရှားစေခဲ့သည်။

ဦးနေဝင်း၏ လှုပ်ရှားမှုများသည် ကမ္ဘာ့ပေါ်တွင် စံတင်လောက်ပေသည်။ ဦးနေဝင်းတသက်လုံးတွင် တကြိမ်တခါမှ အများပြည်သူအဝင်တို့ တက်ရောက်နိုင်သော လူထုအစည်းအဝေးတခုကိုမှ မတက်ခဲ့ဖူးပေ။

လယ်သမားထုကို စည်းရုံးရန်ကျင်းပသည့် တောင်သူလယ်သမား

www.burmeseclassic.com

www.burmeseclassic.com



နိုးနှောဖလှယ်ပွဲကဲ့သို့ ဖိတ်ကြားထားသူများသာ တက်ရောက်ခွင့်ရှိသည့် အစည်းအဝေးအချို့တွင်သာ တက်ခဲ့သည်။

တသက်တွင် တကြိမ်တခါမှ သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်း မပြုခဲ့ပေ။ လူထုနှင့်လွန်စွာ ဝေးကွာလှမ်းပါလျက် လူထုခေါင်းဆောင်ဖြစ်အောင် ကြံနိုင်သူ ကမ္ဘာတွင် မရှိနိုင်။

သူသည် လူထုကြီးကို ဆန့်ကျင်ပြီး လူအများကို သတ်ဖြတ်ခဲ့သော လူထု ရန်သူလူဆိုးကြီးသာဖြစ်၏။

ကမ္ဘာကျော်ကြီးဦးပုညက အလှဘွဲ့တခုဖွဲ့ဆိုခဲ့၏။ "ရှုမဝနိုင်ဘူး၊ လူတိုင်း တုနှိုင်းစံမရှာနှင့်၊ သံသရာရှည်သည့် နောက်တွင်မှ ဘယ်လောက်ပင် သူယဉ်လို့ဘယ်လောက်ပင် လှလေအုံးမည်လို့ ဆုံးမရှိသူ..."ဟု အတိုင်းအဆ မရှိ ရှည်လျားသော သံသရာတလျှောက်လုံး စံမတူအောင် လှလေဦးမည့်သူဟု ဖွဲ့၏။

ဦးနေဝင်းကိုသာ ဦးပုညက စာဖွဲ့ရလျှင်...

တုမရနိုင်ဘု၊ လူတိုင်းတုနှိုင်းစံမရှာနှင့် သံသရာရှည်တဲ့နောက်တွင်မှ ဘယ်လောက်ပင်သူထွင်လို့၊ ဘယ်လောက်ပင်၊ ဆိုးလေဦးမည်ဟု ဆုံးမရှိသူ...။

ပြီး၏။



## နိဂုံး

## ရာသက်ပန် အာဏာဆုပ်ကိုင်နည်း

ဗိုလ်နေဝင်းအား လူထုက လက်မခံသဖြင့် နိုင်ငံ၏အကြီးအကဲ အဖြစ်မှ ထွက်ပေးရစေကာမူ သူက တင်ပေးခဲ့သော စစ်တပ်အစိုးရကို အထိုက်အလျောက် ကြိုးကိုင်နိုင်သေးသဖြင့် ကမ္ဘာပေါ်တွင် အာဏာ သက်ရှည်ဆုံးသော အာဏာရှင် ဖြစ်နေသည်။

စစ်ဝါဒီကြီး ဗိုလ်နေဝင်းအဖို့ နိုင်ငံရေးအာဏာကို ကြာမြင့်စွာ သိမ်းပိုက်ထားနိုင်ခဲ့သည်မှာ ဘာကြောင့်နည်းဟု မေးခွန်းပေါ်နေသည်မှာ ကြာလေပြီ။

ဗိုလ်နေဝင်းသည် သတ္တိရှိသူမဟုတ်၊ သူရဲဘောကြောင်သူဖြစ်သည်။ နိုင်သူကိုဖိပြီး အနိုင်ယူ၍ မရသူကို အလျှော့ပေးသူဖြစ်သည်။

အိမ်စောင့်အစိုးရခေတ်က နေ့တနေ့တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ် နေဝင်း၏ သတင်းစာရှင်းလင်းပွဲသို့ ဖိတ်သဖြင့် ပြည်တွင်းပြည်ပ သတင်းထောက် ငါးဆယ်ခန့်စစ်ရုံးသို့ သွားကြသည်။

တာဝန်ခံစစ်ဗိုလ်ကြီးများက ကြိုဆိုပြီး သတင်းထောက်များကို အစည်းအဝေးခန်းမတွင် နေရာချပေးသည်။ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း မလာသေးသဖြင့် စောင့်နေကြရသည်။ ဖိတ်ခေါ်သော အချိန်ထက် ၂ နာရီနောက်ကျပြီးမှ ဗိုလ်ချုပ်နေဝင်း ရောက်လာသည်။

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးနေဝင်းသည် အစည်းအဝေးခန်းမထဲသို့ မလာသေးဘဲ အတွင်းခန်းထဲသို့ဝင်၍ သူ၏ဝန်ကြီး စစ်ဗိုလ်ကြီးများအား အော်ဟစ်ကြိမ်းမောင်းသံများကို သတင်းထောက်များ ကြားကြရသည်။ တဖြည်းဖြည်း ဒေါသတိုးတက်လာကာ စစ်ဗိုလ်ဝန်ကြီးအားလုံးကို အော်ကြီးဟစ်ကျယ် မအေ၊ နှမ ပယ်ပယ်နယ်နယ် ဆဲရေးသည်။ မအေတွေ နှမတွေကို ငါကိုင်တုတ်ပြီး "မင်းတို့က ဘာလို့ သတင်းစာ ရှင်းလင်းပွဲ လုပ်ချင်ကြတာလဲ"ဟု ဆူပူသံကိုလည်း ကြားနေရသည်။ ၁၅ မိနစ်ခန့် အားရအောင်ဆဲနေရာမှ အစည်းအဝေးခန်းမတွင်းသို့ ဝင်လာသည်။ စစ်ဗိုလ်ကြီးတို့မှာ ရှက်ပြုံး ကိုယ်စီနှင့် လက်များကို နောက်သို့ပစ်ကာ နောက်မှ လိုက်လာကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက စင်မြင့်ပေါ်ရှိ သူ၏ ကုလားထိုင်၌ နေရာယူသည်။ မိနစ်ခွန်းတခုမှ မပြောဘဲ ငူငူကြီးထိုင်နေသည်။ သတင်းထောက်အားလုံးတို့မှာလည်း မည်သို့မျက်နှာထားရမည်မသိ၊ အူကြောင်ကြောင်နှင့် ငိုင်ကြည့်နေမိကြသည်။

အတန်ကြာမှ "ခင်ဗျားတို့ကကော ဘာမေးချင်ကြတာလဲ"ဟု ကျယ်လောင်သော ဒေါသသံကြီးနှင့် ဗိုလ်ချုပ်နေဝင်းက နှုတ်ဆက်သည်။ ပြည်တွင်းပြည်ပ သတင်းထောက် ငါးဆယ်ကျော်တို့မှာ နှုတ်ပိတ်သွားသည်။ မည်သူကမှ မေးခွန်းမမေးဝံ့ဘဲ ငြိမ်နေကြသည်။ စောစောက ဆူပွက်နေသော အခန်းကြီးမှာ အပ်ကျသံကို ကြားရလောက်အောင် တိတ်ဆိတ်သွားတော့သည်။

"မေးချင်တာ မေးကြလေ"ဟု သူက နောက်တခွန်းထပ်ပြီး ဟောက်ပြန်သည်။ မေးခွန်းထုတ်ဝံ့သော သတင်းထောက်တယောက်မှ ထွက်မလာ။

ဤကဲ့သို့ လိပ်ခဲတည်းလည်း ဖြစ်နေချိန်တွင် ရှေ့ဆုံးတန်း၌ထိုင်နေသူ ဗမာ့ခေတ် ဦးအုန်းခင်က ယဉ်ကျေးစွာထိုင်နေရာမှ ခြေထောက်တဖက်ကို ကုလားထိုင်ပေါ် တင်လိုက်သည်။ လုံချည်လျှောကျသဖြင့် ပေါ်လာသည့် သူ၏ဒူးကို တဖြတ်ဖြတ် ဖြည်းဖြည်းလေး ပုတ်လေသည်။ ဖြတ်ဖြတ်နှင့် စည်းဝါးမှန်မှန်နှင့် ဒူးပုတ်သံကြီးက ခန်းမကို လွှမ်းမိုးသွားသောအခါ ဗိုလ်ချုပ်



နေဝင်းက ဦးအုန်းခင်ကို စိုက်ကြည့်တော့သည်။

"ဗိုလ်နေဝင်း"ဟု ဦးအုန်းခင်က ထိုင်နေရာမှ မထပဲခေါ်လိုက်သည်။ တွေ့ဖူးသူများ သိကြသည့်အတိုင်း ဦးအုန်းခင်က အသံအောင်သည်။ ဗိုလ်ချုပ်ကြီး သို့မဟုတ် ဝန်ကြီးချုပ်ဟု ခေါ်ဆိုခြင်း မပြုသည့်မှာ ဦးအုန်းခင်က သူ့ကို စိန်ခေါ်လိုက်သည်ဟု ဗိုလ်ချုပ်နေဝင်းနှင့်တကွ တခန်းလုံးက သိလိုက်သည်။ နားလည်လိုက်ကြသည်။

"ကျုပ်တို့တတွေ လာကြရတာက၊ ခင်ဗျားတို့က ပြောချင်တာရှိတယ်ဆိုပြီး ဖိတ်လို့လာကြတာ၊ မေးစရာမရှိဘူး၊ ခင်ဗျားတို့ပြောချင်တာရှိလျှင်ပြောပါ မရှိလျှင်ပြန်ရုံပဲ။ ကျုပ်တို့အချိန်ကုန် မခံနိုင်ဘူး"ဟု ဦးအုန်းခင်က အသံကျယ်ကျယ်နှင့် ပီပီသသ တလုံးချင်း တလုံးချင်း ပြောတော့သည်။

သူက ဒေါသမီးတောက်လာသော မျက်လုံးကြီးများနှင့် ဦးအုန်းခင်ကို စိုက်ကြည့်သည်။ လင်ရှိမယားနှင့် မင်္ဂလာဆောင်သောနေ့က ဓာတ်ပုံရိုက်မိသူ နေရှင်းသတင်းထောက်၏ ဂုတ်ပိုးကို တချက်တည်းနှင့် အလဲအုပ်ပြီး ကင်မရာကို ရိုက်ခွဲသည်ကို မြင်ဖူးကြသော သတင်းထောက်များမှာ ဦးအုန်းခင် အတွက် စိုးရိမ်မိကြသည်။ ပွဲကြီးပွဲကောင်း တခုကြည့်ရတော့မည်ဟုလည်း ထင်မိကြသည်။

ဗိုလ်ချုပ်နေဝင်းက ဦးအုန်းခင်၏ စကားလုံးများကို စဉ်းစားနေဟန်နှင့် ၅ မိနစ်ခန့် ထိုင်နေသေးသည်။ နောက်ဆုံးတွင် ဒေါသအိုး ဗိုလ်ချုပ်ကြီးသည် စကားတခွန်းမှ နောက်ထပ်မထွက်နိုင်ဘဲ စင်မြင့်ပေါ်မှ ဆင်းပြေးလေတော့သည်။

ဖဆပလခေတ်က တချိတ္တင်ကြိုကြိုက်သဖြင့် ဦးအုန်းခင်နှင့် နှစ်ယောက်ချင်း တွေ့ကြသောအခါ "ကိုအုန်းခင်၊ ဦးတင်ထွဋ် ဘာကြောင့် သေရတယ်ဆိုတာ ခင်ဗျားသိသလား"ဟု ခြိမ်းခြောက်ဖူးသည်။

သို့စဉ်ပါလျက် ဦးအုန်းခင်က သူ့ကို ရင်ဆိုင်သည်။ တပ်မတော် စစ်သေနာပတိ၊ ဝန်ကြီးချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးဦးနေဝင်းအဖို့ ရှမ်းနှင့်တင် လယ်ပြင်တွင် တွေ့ကြသောအခါ၌ သတင်းစာဆရာ ဦးအုန်းခင်ကို အညှံခံ

www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးရရှာလေသည်။

ထိုသတင်းစာရှင်းပွဲသည် ဗိုလ်နေဝင်း၏ ပထမဆုံးနှင့် နောက်ဆုံး သတင်းစာတွေ့ဆုံ ရှင်းလင်းပွဲဖြစ်တော့သည်။ သူ၏တသက်တာတွင် သတင်းစာရှင်းပွဲ မလုပ်ရဲတော့ပေ။ နိုင်ငံခြားသွားသောအခါများတွင် မြန်မာနိုင်ငံခြားရေးဌာနက အိမ်ရှင်နိုင်ငံထံ ပထမဆုံးမေတ္တာရပ်ခံချက်မှာ သတင်းထောက်များနှင့် မတွေ့ပါရစေနှင့်ဟူသော ပန်ကြားချက် ဖြစ်တော့သည်။

ဦးအုန်းခင်အား အရှုံးပေးရသောနေ့ကစပြီး ဗိုလ်နေဝင်းက သတင်းစာဆရာဟူသော ဝေါဟာရကို လုံးဝအသုံးမပြုတော့ပဲ "သတင်းရောင်းစားတဲ့ကောင်တွေ"ဟု ခေါ်ဝေါ်လေ့ရှိသည်။

ဇာတ်ပေါင်းပြန်တော့လည်း ဗိုလ်နေဝင်းကပင် အနိုင်ယူသည်။ ၁၉၆၂ ခုနှစ် စစ်တပ်ကအပြီးအပိုင် အာဏာသိမ်းသော တော်လှန်ရေး အစိုးရခေတ်တွင် ပထမဆုံး အဖမ်းခံထိသူမှာ ဦးအုန်းခင်ဖြစ်ရပြန်ရှာသည်။

ထိုသို့သတ္တိမရှိပါဘဲနှင့် အာဏာကို ထိန်းထားနိုင်သည်ကို "ဦးအုန်းခင်၊ ဦးညီပြ၊ ဦးလောရုံ၊ သခင်ဘသောင်း၊ ဦးစိန်ဝင်း၊ ဦးချစ်တွန်း စသော မြန်မာသတင်းစာ ဆရာများသည် အခွင့်ကြုံတိုင်း ဘာကြောင့် နေဝင်း စစ်ဝါဒအာဏာမြဲရသနည်း"ဟု ဆွေးနွေးလေ့ရှိရာ အောက်ပါ အချက်များကို သုံးသပ်မိကြသည်။

(၁) ကိုယ်ပိုင်စစ်စုံထောက်အဖွဲ့ သည် ဗိုလ်နေဝင်း၏ ကြီးမားသော အားတခုဖြစ်သည်။ အတိုက်အခံပြုမည့် ဆန့်ကျင်သူ နိုင်ငံရေးခေါင်းဆောင်များကို မျက်လုံးဒေါက်ထောက်ကာ ကြည့်ရှုစုံစမ်းနေသကဲ့သို့ မိမိလက်အောက်ခံ စစ်ဗိုလ်ကြီး များကိုလည်း အမြဲစုံစမ်းနေသကဲ့သို့ သူ့ကို လှန်ရဲသူ မရှိ၊ ၁၉၆၁ ခုနှစ်က တပ်မှူးများညီလာခံတွင် ဗိုလ်မှူးကြီး ၁၃ ဦးကို ရာထူးမှ ဖယ်ရှားစဉ်က စစ်စုံထောက်မှတ်တမ်း ဖိုင်တွဲကြီးများကို တရွက်ချင်းလှန်ကာ မည်သူကမည်သည့် စစ်ဆင်ရေးမှ စရိတ်ငွေ မည်မျှလာဘ်စားကြောင်း၊ မည်သူ



က မည်နှယ် လာဘ်ယူကြောင်း၊ အသေးစိတ် ဖတ်ပြသဖြင့် တရားခံများမှာ ဖြေရှင်းချက်မပေးနိုင်ပဲ ခံခဲ့ရသည်။ ၁၉၇၅ ခုတွင် တပန်မဆလ အစိုးရစစ်ဗိုလ်ဝန်ကြီး အားလုံးတို့ကို အိမ်တော်သို့ဆင့်ခေါ်ကာ၊ ဗိုလ်ချုပ်စန်းယု ကတော်က ရာထူးတက်သူ စစ်ဗိုလ်ကလေးများ၏ စာရင်းကို ကြိုတင် ရယူကာ ငွေတောင်းလေ့ရှိကြောင်းမှ စတင်ကာ ဝန်ကြီး အားလုံးတို့၏ ရာဇဝတ်မှုများကို မှတ်တမ်းတင်ထားသည့် စစ်စုံထောက်တို့၏ ခွေးရေပရပိုက်ကြီးကို ဖတ်ပြကာ ပြင်း ထန်စွာသတိပေးသဖြင့် ဝန်ကြီး အားလုံးတို့သည် သူ့ကို တုန်နေအောင် ကြောက်ကြရကာ သူခိုင်းသမျှ သစ္စာရှိစွာ လုပ်ဆောင်ကြရသည်။

(၂) ဗိုလ်ကြီးအဆင့်မှ စတင်ကာ စစ်တပ်တွင် ရာထူး အတက် အကျ အရွှေ့အပြောင်းအမိန့်များကို သူကိုယ်တိုင်ကြည့်၍ ပြင်ဆင်ခြင်း၊ စွက်ဖက်ခြင်း၊ ပိုမို၍ရာထူးမြှင့်ပေးခြင်း၊ လျှော့ ချခြင်းတို့ပြုကာ သက်ဆိုင်ရာ စစ်ဗိုလ်ကို သူက ရာထူး မြှင့်ပေးသည်၊ လျှော့ချသည်ဟု သိစေကာ သစ္စာခံစေ သည်။

(၃) ဗိုလ်ချုပ်ကြီးနေဝင်းသည် ထူးကဲစွာ မှတ်ဉာဏ်ကောင်း သည်။ စစ်ဗိုလ်စစ်သားများကိုသာမက တွေ့သိသမျှ လူ အားလုံးကို အမှုကိစ္စ၊ အကြောင်းအရာများ အသေးစိတ် မှတ်သားမိလေ့ရှိသည်။

(၄) ဇာတ်ခံရန်နှင့် သူ၏ဩဇာထက်ရန်အတွက် လူညံ့များကို သာ မွေးလေ့ရှိသည်။ တပ်တွင်ရာထူးကြီးများ တိုးမြှင့်ပေးရာ တွင် အနိမ့်မှလူကို သုံးဆင့်ခန့် တက်ပေးလေ့ရှိသည်။ မတန်မရာသော ရာထူးကိုရရှိသူက သူ့ကိုရှိခိုးနေသည်။ သူ၏အစိုးရအဖွဲ့တွင် ဝန်ကြီးခန့်ပါက ဆိုင်ရာဌာနတွင် ကျွမ်းကျင်မှုမရှိသူများကို တမင်ရွေးချယ်၍ ခန့်ထားလေ့

www.burmeseclassic.com



ရှိသည်။ စက်မှုကျွမ်းကျင်သူကို လယ်ယာသို့ပို့ကာ သတင်းစာပင် ဖတ်လေ့မရှိသူကို ပြန်ကြားရေး ဌာနသို့ ပို့သည်။ သို့မှသာ ဝန်ကြီးများတာဝန်ကို လုပ်ဆောင်ရသော စစ်ဗိုလ်တို့က သူ့ကို အားကိုးနေရသည်။ ဌာနကို သူ၏ စိတ်ကူးအတိုင်း ချယ်လှယ်နိုင်သည်။ ပြဿနာပေါ်လာပါက ထိုသူ၏အပြစ်ဖြစ်သည်ဟု ဓားစာခံပြုကာ ချနင်းလေ့ ရှိသည်။ နိုင်ငံ၏စီးပွားရေးစနစ်ကို ကွပ်ကဲရန် သူ့တွင် အရည်အချင်း မရှိသည်ကတကြောင်း၊ သူက လာဘ်စားခိုးဝှက်သဖြင့်တကြောင်း၊ မှန်ကန်သော စီးပွားရေးစနစ် မဟုတ်သဖြင့် တကြောင်းတို့ကြောင့် လူထု၏ စားဝတ်နေမှု တနေ့တခြား ခက်ခဲကြပ်တည်းလာတိုင်း ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ဓားစာခံစစ်ဗိုလ်ဝန်ကြီးများကို တဦးပြီးတဦး ဖြုတ်ပစ်သည်။ လူညံ့များကို ဓားစာခံဝန်ကြီး ခန့်သည်မှာ သူ၏ ကလိန်ဉာဏ် ဖြစ်သည်။

(၅) ထီးမွေနန်းမွေ ဆက်ခံရန် ဒုတိယလူ အိမ်ရှေ့မင်း ထားလေ့မရှိ၊ အမြဲတမ်းသူက နံပါတ်တစ်တွင် နေရာယူကာ လက်အောက်တွင် နံပါတ် ငါးအဆင့်ရှိသူကိုသာ ခန့်ထားလေ့ရှိသည်။ လက်အောက်အရာရှိတဦး အရည်အသွေး တက်လာလျှင်၊ လူထု၏ထောက်ခံမှုကို ရရှိလာလျှင်၊ သူ၏ ပလ္လင်ကိုထိုင်ရန် အရည်အသွေးတက်လာလျှင် ထိုသူကို ဖယ်ရှားသည်။ သူ ကမူ အမြဲတစေ နံပါတ်တစ်ရာထူးမှ လုံးဝမဆင်း။

(၆) တသက်လုံး နံပါတ်တစ်က မဆင်းလိုစေကာမူ လူထုကြီးက ဖြုတ်ချသဖြင့် ရာဇပလ္လင်ပေါ်မှ ဆင်းပေးရသည်။ ထိုသို့ ရာထူးမှ ထွက်ပေးရ သည့်တိုင် မာန်ကိုမလျှော့၊ မိမိ နုတ်ထွက်မည်ဖြစ်ကြောင်းနှင့် ၁၉၈၈ ခု၊ ဇူလိုင်လ ၂၃ ရက်နေ့က မဆလပါတီညီလာခံတွင် တင်ပြစဉ်က မိနစ် ၃၀ ကျော်ရှည်လျားစွာ စကားပြောခဲ့စေကာမူ "ရာထူးမှ ထွက်ပါမည်"ဟူသော စကားလုံးကို သူ၏နှုတ်မှပြောဆိုခြင်း မပြုဘဲ စကားပြောခွက်ကို အတွင်းရေးမှူး ဦးထွေးဟန်၏ လက်သို့ထိုးပေးကာ တဆင့်ဖတ်ပြစေသည်။ သူသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းစဉ်က မည်သူကမှ ခန့်ထားသည်မဟုတ်၊ မိမိဘာသာ ငါဘုရင်ဟု ကြေညာသူဖြစ်ပြီး ရာထူးမှထွက်ရ သောအခါတွင် ထွက်ပါမည်ဟူသော စကားကို မိမိနှုတ်မှ မပြောလေသည့်တိုင် မာန်မလျှော့သူ၊ မာန်မာနကြီးသူဖြစ်သည်။

ယင်းသို့ မာန်မာနလွန်စွာ ကြီးစေကာမူ အခြေအနေအရ လိုအပ်ပါက ဒူးထောက်ရန်၊ ရှိုးရန်ဝန်မလေးသည်မှာလည်း သူ၏အင်အားတခု ဖြစ်သည်။ လင်ရှိအမျိုးသမီးဖြစ်သူ ဒေါ်ခင်မေသန်းနှင့် လက်ထက်စဉ်က တပ်မတော် စစ်ဦးစီးချုပ်က ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သည်ဖြစ်သဖြင့် ဝန်ကြီးချုပ်ဦးနုက စိတ်ဆိုးရုံသာမက ကြီးစွာရှက်လှသဖြင့် သူ့အား ရာထူးမှဖြုတ်ချရန် ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ တင်ကာဆုံးဖြတ်ခဲ့သည်။ ထိုအခါတွင် မာန်မာနကို ဖုံးကွယ်ပြီး သူက ဒူးထောက်သည်။ ဝန်ကြီးချုပ် အားတွေ့ပါရစေဟု သူက အသနားခံသော်လည်း ဦးနုကအတွေ့မခံသဖြင့် ဗိုလ်ချုပ်နေဝင်းသည် မြန်အောင်သခင်ချစ်မောင်၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့အား တွေ့ဆုံကာ မျက်ရည်ခံထိုးသည်အထိ ဝန်ချတောင်းပန်သည်။ "ဒီကောင်ကတို့ကို ရှိုးဦးတင် တောင်းပန်တာကွ"ဟု သခင်ချစ်မောင်က ပြောသည်။ နိုင်ငံရေးတသက်တလျှောက်လုံး အထက်က နေခဲ့သူက ရှိခိုးဦးတင် တောင်းပန်သဖြင့် ဆွေငြိမ်းတို့က ဦးနုကိုဝိုင်းကာ တောင်းပန်သဖြင့် ရာထူးကို ပြန်လည်ရရှိခဲ့သည်။ အကြမ်းနည်း အနုနည်းနှင့် ရာထူးကိုရယူ ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သည်။

(၇) နိုင်ငံ၏ခနစွမ်းအားကို ရက်ရောစွာ ငယ်သားများကို ပေးဝေသည်။ စစ်ဗိုလ်မှန်သမျှ ရာထူးပြုတ်စေကာမူ သံအမတ်ရာထူးမှစကာ မဂ္ဂဇင်းထုတ်ဝေခွင့်အထိပေးခြင်း၊ ပါတီတွင်နိုင်ငံရေးသမားမှန်သမျှကို နိုင်ငံဂုဏ်ရည်ဆုပေးခြင်းစသည်ဖြင့် သူကိုအံမတုစေရန် ချွေးသိပ်သည် ဖြစ်၏။

ဤဗိုလ်နေဝင်း၏ အာဏာသိမ်းနည်းအချက် ၇ ချက်မှာ ဆရာဆရာများ၏အမြင် ဖြစ်သည်။ စာရေးသူမြင်တွေ့သော အချက် ၂ ချက်ရှိသေးသည်။ ဗိုလ်နေဝင်းသည် ရန်သူကို အသေမသတ်ခြင်းသည် သူ၏အာဏာသက်ကို ရှည်စေသော ဆေးကောင်းတလက် ဖြစ်နေသည်။ ကမ္ဘာ့အရပ်ရပ်လက်နက်နှင့် အာဏာသိမ်းမှုများတွင် သွေးထွက်သံယို သတ်ဖြတ်လေ့ရှိပါသည်။ အသက်သတ်ပါက လက်ငင်းရန်ရှင်းစေကာမူ ရန်သစ်"လူ" လာနိုင်သည်။ သူ၏အသက်ကို မသတ်သည့်နည်းက ပိုပြီးရက်စက်ယုတ်မာသည်။ သူအာဏာသိမ်းပြီးနောက် ဒီမိုကရေစီခေါင်းဆောင်များနှင့်အစိုးရဝန်ထမ်းကြီးများ၏ အသက်တို့ကိုမသတ်ပဲ အသက်မွေးမှု အခွင့်အရေးများကို သတ်ဖြတ်သည်။ သူ့ကိုရန်ပြုနိုင်သူများ၏ စီးပွားရေးရှာဖွေစားသောက်ခွင့်ကို သတ်ဖြတ်ချုပ်ကိုင်သည်။ သူ၏လက်အောက်သို့ ခေါင်းငုံ့ရသော သူ၏ကိုယ်ပိုင် အစိုးရဝန်ထမ်းအလုပ်မှတပါး လုပ်ပိုင်ခွင့် မရှိသည့်စနစ်ကို တီထွင်ထားသဖြင့် ရန်သူမှန်သမျှတို့က သူ့ကို "ကိုး"ကြရသည်။ ဤနည်းသည် သူ၏အာဏာမြဲမှု ဆေးတဖုံဖြစ်သည်။ ဥပမာ ထောင်မှအထွက် အလုပ်မရှိသဖြင့် သူ့လက်အောက်၌ မင်းမှုထမ်းအဖြစ် ၁၀ နှစ်တိတိလုပ်ကိုင်ခဲ့ရသည့် စာရေးသူတယောက်။

ဒုတိယအာဏာထိန်းနည်းမှာ ပိုမိုရက်စက်ယုတ်မာပြီး သူ၏နောက်လိုက် စစ်အစိုးရများက ဆက်လက်သုံးစွဲနေသည်။ ထိုနည်းမှာ အရပ်သားပြည်သူလူထုကြီး ဆင်းရဲငတ်မွတ်စေရန် တမင်အားထုတ်သည်။ လူအများငတ်မွတ်မှသာ စစ်တပ်ကို ဦးကျိုးကြမည် ခေါင်းငုံ့ကြမည်ဖြစ်သဖြင့်တမင် လူထုငတ်မွတ်စေမည့် လမ်းစဉ်ကိုလုပ်ဆောင်ကြသည်မှာ ဗိုလ်နေ



ဝင်းနှင့် စစ်အစိုးရများ၏ အာဏာချုပ်ကိုင်ထားရေး ဆေးကြီးဖြစ်သည်။

သူအာဏာထက်နေစဉ်က နိုင်ငံတွင်းတွင် အစစအရာရာရှားပါးကြသည်ကို သူသိသည်။ နိုင်ငံအခြေမှန်ကို တင်ပြသူများများ မရှိစေကာမူ လူထုကြီးရှားပါးနေသည်ကို သူကောင်းစွာ သိရှိသည်။ ဉာဏ်တုံးသူ မဟုတ်။ ထိုခေတ်က မကြာခဏ လူသုံးကုန်များ ပြတ်လေ့ရှိသည်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ရေ့တ်၊ ကြက်သွန်၊ မုတ်ဆိတ်ရိပ်ဓား စသည်ဖြင့် ပြတ်လပ်ပျောက်ကွယ်လေ့ရှိသည်။ ထိုအခါ ကမ္ဘာ့အရပ်ရပ်တွင်လည်း ထိုကုန်များရှားပါးနေသည်ဟု ပါတီကဟန်ပြဝါဒဖြန့်ရလေ့ရှိသည်။ ရုပ်ပြောင်ဆရာတဦးက "ရှင်မရေ ကမ္ဘာ့အရပ်ရပ်မှာ ကြက်သွန်တွေ ပြတ်နေကြပြီ ထင်တယ်ဟေ့"ဟု သရော်သည်ကို သူက နားလည်စွာ ရယ်မောသည်ကို ကြားရဖူးသည်။

နောက်တက်လာသော စစ်အစိုးရများလည်း လူထုကြီးငတ်ပြတ်ခက်ခဲသည်ကို သိကြသည်။ လူထုကြီးအဖို့ ခက်ခဲရှားပါးလေလေ စစ်တပ်ကိုဦးကျိုးကြလေလေဖြစ်သဖြင့် ဗိုလ်နေဝင်းနှင့် နောက်လိုက်စစ်ဗိုလ်များသည် လူထုကြီးအတွက် တမင်ငတ်ဆေးများ ဖော်ခဲ့ကြသည်။ လူထု မည်ရွေ့မည်မျှငတ်ပြတ်စေကာမူ သူတို့အာဏာစွဲကိုင်ရေးကို စောင့်ရှောက် ကာကွယ်ပေးမည့် စစ်တပ်မတော်ကိုသာ အလေးထား ဆောင်ရွက်ကြ၏။

ဗြိတိသျှ ယထာဘူတ ပညာရှင် သဘာဝ ဝတ္တုဆရာကြီးဘက်ထရွန်ရပ်ဆဲလ်၏ အဆိုအမိန့်တခုရှိသည်။ "သင့်အား လူတယောက်က ဒီမိုကရေစီကိုပေးကာ အခြားတယောက်က ဆန်တအိတ်ကို ပေးပါလျှင်၊ သင့်အဖို့ ဆန်အိတ်ကို ယူမည်လော ဆန္ဒမဲပြားကို ယူရမည်လောဟု ရွေးချယ်ရန်မှာ သင်သည် မည်ရွေ့မည်မျှ ငတ်နေသနည်းဟူသော ငတ်မွတ်မှုအတိုင်းအတာအရ ဆုံးဖြတ်ရပေမည်"ဟုဆိုသည်။ လမ်းစဉ်ပါတီဝင်တိုးတက်ခြင်း၊ ကြံ့ခိုင်ရေးအဖွဲ့ အင်အားတက်ခြင်းတို့မှာ လူထုငတ်ကြသဖြင့်ဖြစ်ရသည်။

ဦးနေဝင်းနှင့် နောက်လိုက်စစ်ဗိုလ်ကြီးများက လူထုကြီးငတ်လေလေဒီမိုကရေစီကို ကျောခိုင်းကာသူတို့ကို ရှိခိုးရလေလေဟု သိကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လူထုဝတ်စေသည့် လမ်းစဉ်ကို လုပ်ဆောင်နေကြသောကြောင့် လူထုကြီးမှာ မီးလောင်သစ်တုံးကဲ့သို့ တမြေ့မြေ့ ပျက်သုန်းနေသည်ကို ဟက်ဟက်ပက်ပက် ရယ်မောလုပ်ဆောင်ကြသည်မှာ အလွန်အကျူး ရက်စက်ယုတ်မာ ကြပါပေသည်။

■



## စာဖတ်သူသို့ မေတ္တာရပ်ခံချက်

ဤစာအုပ်ပါ သမိုင်းကြောင်းများကို ဖတ်ရှုခြင်းဖြင့် အချက်အလက်များကို မည်ရွေ့မည်မျှ ကြိုးစားရှာဖွေစုဆောင်း ရေးသားရသည်ကို သတိပြုမိပါမည်။ နေ့စွဲများ၊ ကိန်းဂဏန်းများ စသည်တို့ကို တိကျမှန်ကန်စွာ ဖော်ပြနိုင်ရန် စာအများကို မှီငြမ်းပြု အားထုတ်ပါသော်လည်း မှားယွင်းချက်များ ရှိကောင်း ရှိနိုင်ပါသည်။ ဤစာအုပ်ကို နောင်တခေတ်တွင် ကြိမ်ဖန်များစွာ ထပ်မံပုံနှိပ်ရမည်ဟု ယူဆပါသည်။ သို့ပါ၍ အမှားတွေ့ပါက စာရေးသူထံ အကြောင်းကြားပါရန် မေတ္တာရပ်ပါသည်။

ထို့ပြင် စာစီနှင့်စာရိုက် မရှိ၊ စာပြင် မရှိ မိမိတဦးတည်း အားထုတ်ရိုက်နှိပ်ရပါသောကြောင့် သတ်ပုံအမှားများရှိပါက ပြင်ဆင်ပါရန်၊ ညွှန်ပြပါရန်လည်း ပန်ကြားအပ်ပါသည်။

**စာရေးသူ**

■

ပထမအကြိမ် မူရင်းစာအုပ်မှ စာရေးသူ၏ စာဖတ်သူသို့ မေတ္တာရပ်ခံချက်ကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါသည်။ စာရေးသူမှာ ၂၀၀၈ ခုနှစ်၊ ဧပြီ (၃)ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ကွယ်လွန်ခဲ့ပါသည်။ ယခု စာအုပ်ကို မြန်မာနိုင်ငံအတွင်း ပြန်လည်ထုတ်ဝေသောအခါ သတ်ပုံအမှားများကို တတ်နိုင်သလောက် ပြင်ဆင်ထားပါသည်။ မမြင်မိသော အမှားများလည်း ရှိကောင်းရှိနိုင်ပါသည်။

နောင် ထပ်မံတွေ့ရှိရသော အမှားများကို ပြန်လည်ပြင်ဆင်၍ ထုတ်ဝေနိုင်ရန် ကြိုးစားအားထုတ်ပါမည်။

**ထုတ်ဝေသူ**

www.burmeseclassic.com

www.burmeseclassic.com

နေ့စားသတင်းထောက်ဘဝမှ
စောင်ရေအများဆုံး ဖြစ်လာခဲ့သည့်
ကြေးမုံသတင်းစာကို စတင်တည်ထောင်ခဲ့ရပုံများ၊
သတင်းလောက၏ စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များ၊
ဦးနေဝင်း အစိုးရနှင့် ထိပ်တိုက်တွေ့ဆုံရမှုများကို
ပွင့်ပွင့်လင်းလင်း တင်ပြထားသည့်စာအုပ်.......

ကြေးမုံ ဦးသောင်း
(အောင်ပလ)

# ဗမာ့ခေတ်မှ ကြေးမုံသို့

ဆက်လက်ထွက်ရှိလာပါမည်။

ဦးနေဝင်းမိသားစု နှင့်
အခြားစစ်ခေါင်းဆောင်တို့၏အကြောင်းကို
ဖြစ်ရပ်မှန်ရောယှက် သရော်ဟန် ရေးဖွဲ့ထားသည့် စာအုပ်

ကြေးမုံ ဦးသောင်း
(အောင်ပလ)

# ဦးနေဝင်း၏ပြာတာဆုပ်

ဆက်လက်ထွက်ရှိလာပါမည်။

www.burmeseclassic.com